
NDSP
ဒီတိုးစာပေ
ချယ်ရီပန်းအောက်မှာ

# တောင်ကြီးနှင်း

## ချယ်ရီလမ်းထက်မှာ

"လမ်းတစ်လမ်းဟာ

တစ်ချို့လူတွေအတွက်

ဆုံစည်းရခြင်းဖြစ်ပေမယ့်

လူတစ်ချို့အတွက်

ခွဲခွါရခြင်းလည်း

ဖြစ်နိုင်ပါတယ် ...

ဒီ ချယ်ရီလမ်းထက်မှာ ..."

CEM128

ငါတို့စာပေ

Yangon Book Plaza
5th floor, Tan Market , Lanmadaw Towbship, Yangon, Myanmar
Ph : 09 73055543
www.ndspbooks.com
facebook/ndspbooks

NDSP
ငါတို့စာပေ

**စာမူ မူပိုင် © ချောအိမာန် (မန္တလေး)**

ငါတို့စာပေမှ ပထမအကြိမ်အဖြစ် ၂၀၁၇ နိုဝင်ဘာလတွင် ထုတ်ဝေသည်။
ရန်ကုန်မြို့ ငါတို့စာပေ ပုံနှိပ်တိုက် (၀၀၇၁၇) တွင် အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။
မျက်နှာဖုံးဒီဇိုင်းကို မြင့်မောင်ကျော် က ပြုလုပ်သည်။

ယခု စာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အခန်းလိုက်ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည်ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

**(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)**

**တန်ဖိုး- ၄၅၀၀ ကျပ်**

Printed and Bound in Myanmar

# ယောက်ျားပုံနှင့်
# ချယ်ရီပန်းတောမှာ

NDSP
ဒီတို့စာပေ

# ခေတ်ရသကို မြည်းစမ်းခြင်း

ခေတ်ကို တုံ့ပြန်တဲ့ရသစာပေတွေ အုံနဲ့ကျင်းနဲ့ ပေါ်ထွက်သင့်ပြီလို့ ယူဆပါတယ်။ ကိုယ်တိုင်ကတော့ ခေတ်ရဲ့ဖိအားတွေကို နည်းစုံနဲ့ တုံ့ပြန်နေမိပေမယ့် ရသစာတစ်ပုဒ်ကို ရေးထုတ်နိုင်ဖို့ ခက်ခဲနေဆဲပါ။ ခုတော့ ဆရာမ ချောအိမာန်က ခေတ်ကိုတုံ့ပြန်တဲ့ ရသစာတစ်အုပ် မွေးထုတ်လိုက်ပါတယ်။ ချယ်ရီရောင် ပင်စည်ပါ ခေတ်ရဲ့အသွေးအရောင်တွေနဲ့ ပြည့်နေလေရဲ့။ ခေတ်လူငယ်အများစုဟာ သူ့ရဲကောင်းဆန်မနေကြပါဘူး။ သူတို့ကို စိန်ခေါ်လာတဲ့ အခင်းအကျင်းတွေကို သူတို့နည်းသူတို့ဟန်နဲ့ ဖြတ်သန်းဖို့ ကြိုးစားနေကြတာချည်းပါပဲ။ ဘဝကို လက်တွေ့ကျကျဖြတ်သန်းတဲ့အခါ လူငယ်တိုင်းဟာ စံပြဖြစ်မလာနိုင်ပေမယ့် အများစုကြီးဖြစ်တဲ့ လူငယ်တွေရဲ့ ခေတ်တုံ့ပြန်နည်းအပေါ် ရွေးချယ်မှုကပဲ အဲဒီခေတ်ရဲ့စံတစ်ခုလို ဖြစ်လာပြန်ပါတယ်။

ဆရာမချောအိမာန်က ချယ်ရီကိုရော ပင်စည်ကိုပါ ခေတ်လူငယ် စင်စစ်အဖြစ် မွေးထုတ်ထားပါတယ်။ သူတို့က ခေတ်ကြီးကို ထမ်းပိုးနေတယ်တို့၊ ဘယ်လိုစံပြလူငယ်မျိုးဖြစ်အောင် ဘယ်လိုနိုင်ငံရေးအသွေးအရောင်တွေကို ကိုယ်စားပြုတယ်တို့၊ ဘယ်လိုသင်ခန်းစာတွေယူနိုင်အောင် ဘယ်လိုပြုမူပြမယ်တို့ စတဲ့ ချိန်ပစ်ထားတဲ့ အခင်းအကျင်း၊ အကွက်အကွင်းတွေလည်း မရေးထားပါဘူး။ ခေတ်လူငယ်တွေအဖို့ ဘယ်လိုပဲ ကိုယ့်ဘဝကို ကိုယ်အကောင်းဆုံးဖြတ်သန်းဖို့ ကြိုးစားကြိုးစား ခေတ်ရဲ့အဖိတ်အစင်၊ အညစ်အကြေးတွေက ကိုယ့်ကို လာဖိတ်စင် စွန်းထင်းတာတွေကို မလွဲမသွေ ကြုံတွေ့ရတဲ့အခါ ချယ်ရီနဲ့ ပင်စည်က ဘာတွေကို ဘယ်လိုရွေးချယ်ပြီး ဘယ်လိုဖြတ်သန်းတယ်ဆိုတာကိုတော့ ဒီဇာတ်လမ်းက ပြောပြနိုင်ခဲ့ပါတယ်။

ပြည်တွင်းက အခင်းအကျင်းတွေအပြင် ပြည်ပက အခင်းအကျင်းတွေနဲ့ စိန်ခေါ်မှုတွေကိုပါ ခေတ်လူငယ်တွေက ဘယ်လိုတုံ့ပြန်သလဲ၊ ဘယ်လိုယဉ်ပါး ဖြတ်သန်းသလဲ။ ဘယ်လိုသင်ယူခံစားသလဲဆိုတာတွေကို ဒီစာအုပ်ထဲမှာ ဖတ်ရပါတယ်။ ဆရာမနဲ့အတူ ပြည်ပခရီးစဉ်ကိုသွားခဲ့တော့ ခရီးစဉ်တစ်လျှောက် ဖြတ်သန်းသမျှ အတွေ့အကြုံတွေကို အင်တိုက်အားတိုက် မှတ်တမ်းတင်နေခဲ့တဲ့ ဆရာမရဲ့အားထုတ်မှုတွေဟာ ဒီစာအုပ်မှာ အဖွဲ့အနွဲ့တွေအဖြစ် အသွင်ပြောင်းသွားတာကိုလည်း တခုတ်တရ သတိထားမိပါတယ်။ လတ်တလော အတွေ့အကြုံတွေကို ဇာတ်အခင်းအကျင်းအဖြစ် ရှောရှောရှူရှူ ဖန်တီးသွားတာကိုလည်း တွေ့ရပါတယ်။

တကယ်တော့ ဒီစာအုပ်မှာ ဖော်မြူလာအတိုင်း ဇာတ်အိမ်ကြီးကြီး ဇာတ်ကောင်စရိုက် ထူးထူးခြားခြားဆိုတာမျိုးဖြစ်အောင် ဖွတ်မလုပ်ထားတာကိုလည်း သတိထားမိပါတယ်။ အတတ်ပညာတွေ ကြွယ်ဝလွန်းလို့ ကိုယ်လိုချင်တဲ့ ပစ်မှတ်ရောက်အောင် ချိန်ရေးထားတာမျိုးလည်း ဒီစာအုပ်မှာ မတွေ့

နိုင်ပါဘူး။ ဒါဖြင့် ဒီစာအုပ်က ဘယ်လိုရသမျိုးပေးသလဲ။ ဘယ်လိုစာအုပ်မျိုးလဲ။ ကာယကံရှင်စာရေးသူသာ အသိဆုံးပါ။ ဒါပေမဲ့ စာဖတ်သူတစ်ယောက်အနေနဲ့ ရိပ်မိတာတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒါဟာ ခေတ်ကို တုံ့ပြန်လိုက်တဲ့ ရသတစ်ခုပါပဲ။ အဲဒီအတွက် ဆက်ကာ ဆက်ကာ တုံ့ပြန်ပါလို့ အားပေးလိုက်ပါတယ်။ နောက်ထပ် နောက်ထပ်သော ခေတ်ရဲ့ စိန်ခေါ်မှုတွေကို နောက်ထပ် နောက်ထပ်သော ရသလက်ရာများအဖြစ် မျှော်နေပါမယ်။ ထပ်မံ၍မွေးဖွား ရေးထုတ်နိုင်ပါစေ ဆရာမရေ...။

**မသီတာ-စမ်းချောင်း**

# ချယ်ရီလမ်းထက်က လူငယ်များ

ချောအိမာန် (မန္တလေး) ဆိုတာနှင့် 'မန္တလေးကို ပျံသွားသလား' ဝတ္ထုတိုတစ်ပုဒ်တည်းနှင့် အသိအမှတ်ပြုနိုင်ပါသည်။ ထို့ထက် ပိုပါက 'ကိုရင်ငပိန်'ကို ဖြည့်စွက်သတိရစေပြန်ပါသည်။ တစ်ပုဒ်ပဲရွေးပါဆိုလျှင်တောင် ဘယ်အပုဒ်ရွေးကြိုက်ရမည်မသိအောင် နှစ်သက်ချင်ခြင်းတပ်ခဲ့ရသော ဝတ္ထုတိုဆရာမအဖြစ် နှစ်ဆယ့်တစ်ရာစုစာပေနယ်ထဲက မန္တလေးက စာရေးသူကို သိရှိခင်မင်ခဲ့ရပြန်သည်။ ဤဝတ္ထုတိုဆရာမက "လုံးချင်းဝတ္ထုရေးထားတယ်၊ အစ်မဖတ်ကြည့်ပြီး အမှာရေးပေးပါ"လို့ ပြောတဲ့အခါ... "ဟင်...ချောက လုံးချင်းရေးပြီ" ဟုတောင် ပြောမိသည်အထိ ထိုသတင်းက သတင်းကောင်းမို့ ကျွန်မတစ်ယောက်တည်းထက်ပိုသော ဝမ်းသာခြင်းကို ရသစာပေသမားတွေ ခံစားနိုင်လိမ့်မည်ထင်ပါသည်။

ကျွန်မက လုံးချင်းဝတ္ထုဖတ်သည့်အခါ ဝတ္ထုတိုဖတ်ရတာထက် မြန်တတ်ပါသည်။ ပြန်ဖတ်ချင်သည့်နေရာများလည်း မှတ်ထားတတ်သည့်

င

ကျွန်မ ဒီလုံးချင်းဝတ္ထုကိုဖတ်ရင်းနှင့် ဒါအချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ရုံလောက် ရေးထားခြင်း မဟုတ်တာကို သတိထားမိရင်းကပင် စာရေးသူ ချောအိမာန်ကို အတွေးထဲက ဖယ်ထုတ်သွားနိုင်ခဲ့၏။ စာရေးသူက ပထမ 'ပင်စည်' ဆိုသော လူငယ်နှင့် မိတ်ဆက်ပေးပါသည်။ ပင်စည်နဲ့ ချယ်ရီနှစ်ဦးကြားမှာ သီချင်းလေးတစ်ပုဒ်က ဝတ္ထု၏အနှစ်အသားတစ်ခုပမာ...။

'ချယ်ရီလမ်းထက်မှာ' ဝတ္ထုတွင် ပင်စည်၊ ချယ်ရီဖူးမေ၊ လင်းမြတ် ဆိုသည့် လူငယ်သုံးဦးဖြင့်ဖွဲ့ပါသည်။ သုံးပွင့်ဆိုင် တွေ့နေကျ ရိုးရိုးအချစ် ဇာတ်လမ်းသက်သက်မဟုတ်။ သူတို့သုံးဦးက တစ်ဒေသဆီကနေ ဖြတ်သန်း လာကြသူတွေ...။

ချယ်ရီနဲ့ပင်စည်တို့နှစ်ဦးကြားကအချစ်သည် အချိုးအကွေ့များ၊ ရှုပ်ထွေးနက်နဲမှုများကြားက ခါးသီးနာကျင်ခဲ့ရတဲ့ အဖြစ်အပျက်တွေကို လူငယ်ဖြစ်တဲ့ ပင်စည်က ရန်းကန်ဖြေရှင်းပေးရင်း နာကျင်သော သဏ္ဍာရာဇ် များကို သူတို့ ဘယ်လိုဖြိုပစ်ခဲ့ကြမလဲ...။ ငြိမ့်ညောင်းသာယာမှုနည်းတဲ့ လူငယ်ဘဝရဲ့ ခါးသီးစရာနေ့ရက်တွေကို ဘယ်လိုကျော်ဖြတ်နိုင်ကြမလဲ...။

စာရေးသူက သဘာဝကျသော လူငယ်စရိုက်။ ခေတ်ဆိုးရဲ့ရလဒ်၊ ခေတ်ဆိုးရဲ့သားကောင်ဖြစ်ခဲ့ရပေမယ့် ဘဝကို အရှုံးမပေးဘဲ ရင်ဆိုင်ကျော် ဖြတ်နိုင်ဖို့၊ ဆင်ခြင်တုံတရားတွေကို ခံစားသိရှိနိုင်ဖို့ လူသတ်မှုဖြစ်စဉ်တစ်ခု ကနေ မက်ဆေ့ချ်ပေးရင်း လူငယ်နှစ်ဦးရဲ့ ကောင်းမွန်တဲ့စိတ်ဓာတ်ကို ဖတ်ရင်းနှင့် မြင်သာစေခဲ့ပါသည်။ ထို့နောက် ခါးသီးမှု၊ နာကျင်မှု ဒဏ်ရာ တွေက ဇာတ်ကောင် ချယ်ရီဖူးမေကို ဘယ်လောက်ထိ ရင့်ကျက်စေခဲ့ပါ သနည်း။ မိဘ၏ ဆိုးမွေကောင်းမွေကို သားသမီးက မျှယူရသော နေ့ရက် ဖြစ်စဉ်တို့ကို ဘယ်လိုကျော်ဖြတ်ခဲ့ပါသလဲ...။

ထိုမေးခွန်းများစွာအတွက် စာရေးသူက သူ့ဇာတ်ကောင်တွေက တစ်ဆင့် စေတနာကြီးစွာ အားထုတ်ဖြေဆိုပေးထားသလို၊ ခရီးသွားခြင်း၏ တန်ဖိုးကိုလည်း ကောင်းစွာထုတ်နုတ်သုံးစွဲထားသည်။ အနောက်ကမ္ဘာသို့

စာဖတ်သူကို ခေါ်ဆောင်သွားပြီး အနောက်နှင့်အရှေ့ကို ဒေသန္တရဗဟုသုတ အပြင် မြန်မာ့နိုင်ငံအရေး ဖြစ်စဉ်တွေကိုပါ သုံးသပ်နှိုင်းယှဉ်ပြပြီး တစ်စုံ တစ်ရာ မကသော စာပေရေချိန်ကို ချိန်ထိုးနိုင်သည်။ စမ်းသပ်ခံနိုင်သည့် ဝတ္ထုအဖြစ် မြင်မိပါသည်။ ဤနေရာတွင် စာရေးသူ၏ အနှစ်(၂၀)ရေးလက် က သွက်နေပြီး ခပ်မြိုင်မြိုင်ရေးဖွဲ့ပြီး ဖြိုးဖြိုးဖျတ်ဖျတ်နိုင်လှပါ၏။

'လင်းမြွတ်'ကို စာရေးသူက သူ့အချိန်ရောက်မှ စာဖတ်သူကို မိတ်ဆက်ပေးပါသည်။ ပင်စည်နှင့် ချယ်ရီဖူးမကြား လင်းမြွတ်ဝင်ရောက် လာပုံကလည်း နှစ်လိုဖွယ်ရှိလှပေ၏။

စာရေးသူက ချယ်ရီ ဘယ်ဘက်ကိုတိမ်းပြီး ဘယ်ဘက်ကိုယိမ်းမလဲ ဆိုတာ လျှို့ဝှက်အဖြေတစ်ခုကဖော်ထုတ်ပေးရင်း ကျွန်မကို ချယ်ရီလမ်းထက် ဆွဲခေါ်လာခဲ့တော့သည်။ စာရေးသူ၏ နောက်ဆုံးအတွေးဒဿနလေးက လည်း ကောင်းမွန်လှပပါသည်။ ချယ်ရီလမ်းထက်က လူငယ်သုံးဦးတို့သည် သည်ခေတ်၏ ဖြောင့်မတ်တော်တည့်သော လူငယ်များအဖြစ် ကျွန်မတို့၏ မျှော်လင့်ချက်တွေကို ဖြည့်စွက်နိုင်လိမ့်မည်ဟု ယုံကြည်နေမိပါသည်။

ဆရာမ ချောအိမာန် (မန္တလေး) ကို လုံးချင်းဝတ္ထုရေးဆရာမအဖြစ် ဤတစ်အုပ်တည်းနှင့် မရပ်စေချင်တော့ပါ။ ထပ်၍ ထပ်၍ ရေးစေချင် ပါသည်။ 'ချယ်ရီလမ်းထက်မှာ' သည် ရသလုံးချင်းတစ်ခေတ်မှာ မှန်ကန်စွာ လိုအပ်နေသောကွက်လပ်ကို ဖြည့်ပေးလိုက်သည့်ဝတ္ထုဟု ပြောချင်ပါသည်။

ဆရာမ ချောအိမာန် (မန္တလေး) ကို ရသလမ်းထက်ကနေ ချစ်ခြင်း ဖြင့် ကြိုဆိုလိုက်ပါသည်။

အောင်မြင်မှုများစွာရရှိပါစေ ... ဆရာမချော။

*ချစ်ခြင်းအားဖြင့်*

**နှင်းဝေငြိမ်း**

၇၊ ၇၊ ၂၀၁၇

# အမှတ်တရစကား

စာပေသက်တမ်း နှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် 'ချယ်ရီလမ်းထက်မှာ' ပထမဆုံးလုံးချင်းဝတ္ထုကို စာချစ်သူပရိသတ်များအတွက် ရေးဖြစ်ခဲ့ပါတယ်။ ဝတ္ထုတိုကနေ လုံးချင်းရေးရတဲ့အခါ စာရေးသူပြောချင်သလောက် ခရီးရောက်တယ်လို့ခံစားမိပါတယ်။

လူငယ်သုံးဦးရဲ့သစ္စာ ချစ်ခြင်းမေတ္တာတရား တန်ဖိုးတွေက ဒီကနေ့ရှားပါးလာပြီဖြစ်တဲ့ တန်ဖိုးနည်းချစ်ခြင်းမေတ္တာကို မြင်သာ သိသာစေလိမ့်မယ်လို့ထင်ပါတယ်။ အားနည်းချက် နာကျင်မှု၊ ခါးသီးမှုဘဝအချိုးအကွေ့တွေ ဘယ်လောက်ပဲရှိပါစေ။ လူတစ်ယောက်ပြန်လည်ရှင်သန်ဖို့ တစ်ထောင့်တစ်နေရာကနေ စာဖတ်ခြင်းအကျိုးသက်ရောက်မှုက များစွာပံ့ပိုးပေးတယ်လို့လည်း ပြချင်ပါတယ်။

ဒီဝတ္ထုကို ရေးဖို့ခက်ပြီး စဉ်းစားမရဖြစ်နေချိန်မှာ တိုက်ဆိုင်စွာ စာပေဆရာ၊ ဆရာမတို့နဲ့ Europe ခြောက်နိုင်ငံခရီးသွားဖို့ ပေါ်ပေါက်လာခဲ့တယ်။ နော်ဝေက Munch ပြတိုက်၊ နယ်သာလန်က ဗင်ဂိုးပြတိုက်ထဲမှာ ကျွန်မရေးချင်တဲ့ အကြောင်းအရာ ဆက်စပ်မှုတွေကို ရရှိခဲ့ပါတယ်။

ကျွန်မစိတ်ထဲ မှတ်သား ခံစားမှုတွေကို ခရီးသွားဗဟုသုတအဖြစ် ဇာတ်လမ်းနဲ့ပေါင်းစပ်ပြီး ရောက်တဲ့နိုင်ငံ အတွေ့အကြုံ ခံစားမှုတွေကို ထည့်ရေးခဲ့ပါတယ်။

ရန်ကုန်က ပန်းချီဆရာမင်းဝေအောင်ရဲ့ပြတိုက်အိမ်ကို ရောက်ခဲ့ပြီး ဆရာက ကျွန်မသိချင်တဲ့ပန်းချီပညာခံစားချက်တွေကို စိတ်ရှည် အချိန်ပေးစွာ ပြောပြခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ 'ချယ်ရီလမ်းလျှောက်သူ'သီချင်းကို ရေးသားခဲ့တဲ့ တေးရေးအောင်မြင့်ဦးကလည်း ဝတ္ထုထဲမှာ သီချင်းတစ်ပုဒ်လုံး အသုံးပြုခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

မျက်နှာဖုံးဒီဇိုင်းအတွက် လုံးချင်းတစ်အုပ်လုံး အသေးစိတ်ဖတ်ပြီး ရေးဆွဲပေးခဲ့တဲ့ ဆရာမြင့်မောင်ကျော်၊ ထုတ်ဝေသူ 'ငါတို့စာပေ' တို့ကိုလည်း ကျေးဇူးတင်ပါတယ်။ စာမျက်နှာများတဲ့ လုံးချင်းဝတ္ထုကို အချိန်ပေး သေချာဖတ်ပြီး အမှာစာရေးပေးခဲ့တဲ့ ဆရာမ မသီတာ (စမ်းချောင်း)၊ ဆရာမ နှင်းဝေငြိမ်း၊ စာစီစာရိုက်ကို စိတ်တိုင်းကျပြင်ဆင်ပေးခဲ့တဲ့ မမိုးသူဇာ (အောင်ပါစေစာပေ)တို့အား အထူးကျေးဇူးတင်မဆုံးပါ။

ဒီဝတ္ထုကို အချစ်သက်သက်ခံစားမှုတင်မဟုတ်ဘဲ လူငယ်တွေရဲ့ ဖြောင့်မတ်မှန်ကန်တန်ဖိုးထားစရာ စိတ်ထားတွေကို အချိန်ပေးပြီး ရေးဖွဲ့ထားတာဖြစ်ပါတယ်။ စိတ်ကူးအိပ်မက်ကနေ တကယ်ရေးဖြစ်ရင်း ပရိသတ်လက်ထဲ ဒီကနေ့ တိတိကျကျထည့်လိုက်ရတာ ကျွန်မအတွက် လွန်စွာကျေနပ်ပီတိဖြစ်မိပါတယ်။ ကျွန်မရဲ့ ဝတ္ထုတို၊ မဂ္ဂဇင်းဝတ္ထုရှည်တွေအပေါ် စွဲလမ်းနှစ်သက်ခဲ့ကြတဲ့ စာဖတ်ပရိသတ်များ ဝေဖန်အသံ အကြံပြုချက်များကို နားစွင့်မျှော်လင့်နေပါမယ်လို့ပြောရင်း...

*ချစ်ခင်လေးစားစွာ*

**ချောအိမာန် (မန္တလေး)**



၁

တရားသူကြီးက 'အမိန့်'ဆိုတဲ့အသံကို အရှိန်ထပ်မြှင့်ပြီး ပြောလိုက်စဉ် တစ်ခန်းလုံး အပ်ကျသံကြားရမတတ် တိတ်ဆိတ်ငြိမ်သက်သွားခဲ့တယ်။

... ... ... ... ... ... ... ... ... ... ... ... ... ...

အမိန့်ဖတ်အပြီးမှာတော့ မိန်းကလေးက ဖြူဖပ်ပျော့ခွေညွတ်ပြီး လဲကျသွားခဲ့တယ်။

အထိတ်တလန့်အသံတွေကြားမှာ ခေတ္တမှင်သက်သွားပြီးနောက် ရုတ်တရက် အသိဝင်လာချိန်မှာ မိန်းကလေးကို ငှက်မွေးတောင်လေး မ,သလို ပွေ့ချီရင်း...

ချယ်ရီ...မင်းဘာမှမဖြစ်ရဘူး

လူတွေအုံနေတဲ့ကြားထဲကနေ ရုပ်နာမ်ခန္ဓာပူးလျက် ချယ်ရီ့ကို လွတ်ထွက်သွားမတတ် ဖက်ထားရင်း...

ချယ်ရီ ကိုယ့်ကို မထားခဲ့ပါနဲ့

မင်းကို မဆုံးရှုံးလိုက်ပါရစေနဲ့...

# အပိုင်း (၁)

# ပင်စည်

## အခန်း (၁)

ချယ်ရီပန်းတွေရှိတဲ့ မြို့လှလှလေးဆီ ခရီးထွက်ခဲ့ပြီ။ ပေပေါင်း လေးထောင်ကျော် မြို့လေးဆီမှာ ဒီအချိန်ဆို ချယ်ရီတွေပွင့်ပြီပေါ့။ ရင်ထဲမှာ လွမ်းပြီး ဟာနေတယ်။ ခံစားချက်ကြီးက ပြင်းထန်လွန်းတယ်။ သေချာတာ ကတော့ ပထမအခေါက်တုန်းကလို မဟုတ်။ ရင်ထဲက အလွမ်းတွေကို ဘယ်နားမှာမှ ဖြေမချရက်လို့ ကျေနပ်စွာ ထမ်းပိုးသယ်ဆောင်ထားရတာနဲ့ တူနေတယ်။

ရက်ပေါင်း လပေါင်းများစွာ သိပ်သည်းနေတဲ့အရာတွေက ရင်ထဲမှာ ထုထည်အစိုင်အခဲဖြစ်နေသလိုပဲ။ အတိတ်ဟောင်းဆိုတာ မကောင်းရင် မေ့ပစ်ရမယ်ဆိုပေမယ့် အတိတ်တွေကို မကောင်းဘူးလို့ ဘယ်တော့မှ မယူဆမိပါဘူး။ သာမန်လူတစ်ယောက်ဖြစ်နေတဲ့အတွက် အရာမထင်ခဲ့တာ တော့ ဘာမှမတတ်နိုင်ခဲ့ဘူးလေ။

ဟိုး...မိုးကောင်းကင်က မိုးသားတိမ်လိပ်တွေကို မြင်နေသလို ယုံကြည်ချက်တော့ရှိတယ်။ ပြီးတော့ သစ္စာဆိုတာကို ကိုယ်တိုင်မြတ်နိုးပြီး တည်ဆောက်ထားလို့ ကိုယ့်သစ္စာကိုယ် ကိုယ်ကစောင့်ကြည့်ပြီး စောင့်ရှောက် နေခဲ့သူဖြစ်နေတာကို ဂုဏ်ယူကျေနပ်နေမိတယ်။ တစ်နေ့တခြား တချို့အရာ တွေက အားနည်းလာပေမယ့် အဲဒီသစ္စာတရားကတော့ အားကောင်းလာခဲ့ တယ်။ ဘယ်သူမှ သိစရာမလိုတဲ့ ကိုယ်ပိုင်အသိနဲ့ ထာဝရရှင်သန်ချင်မိ တယ်။

ခံစားမှုနည်းသွားတာ ကျဆင်းသွားတာတော့ လုံးဝမဟုတ်ပါဘူး။ ဒါကို ဝေဒနာလို့ ကင်ပွန်းတပ်ချင်ရင်လည်း ရပါတယ်။ ဒါပေမဲ့ ဝေဒနာ ဆိုတဲ့ စကားလုံးကို ကြာကြာသုံးစွဲဖြစ်မှာမဟုတ်ဘူး။ ခန္ဓာကိုယ်ကဝေဒနာ တွေတောင် ဘယ်လောက်စက်ဆုပ်ရွံရှာဖွယ် ကောင်းလိုက်သလဲ။ ကိုယ့် အတွက် လှပနေတဲ့ စိတ်ခံစားမှုလေးပဲ ဖြစ်ချင်တယ်။ ဝေဒနာတော့ မဖြစ် ချင်ဘူး။

ခုလာခဲ့တဲ့လမ်းမှာ ဆီးကြိုနေမယ့်သူ မရှိဘူးဆိုတာ အသိစိတ်က ကြိုသိပေမယ့် မသိစိတ်ကတော့ ပထမဦးဆုံး စောင့်ကြိုခဲ့တဲ့နေရာလေး မှာ ရှိနေမလားလို့ တိတ်တခိုး လှမ်းကြည့်မိတယ်။ ရင်ထဲမှာ စူးစူးနစ်နစ် နာကျင်သလို ခံစားလိုက်ရတယ်။ ခံစားမှုရော ဝေဒနာပါ ပေါင်းသွားပြီ ထင်ပါရဲ့။ ခေါင်းတွေ တဆစ်ဆစ်ကိုက်လာသလိုတောင် ခံစားလိုက်ရတယ်။

'လွမ်းလိုက်တာ ချယ်ရီရယ်'

အသံကို တိုးတိုးလေး ရေရွတ်လိုက်မိတဲ့အထိ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားတယ်။ ကားလေးကို လမ်းဘေးချရပ်လိုက်တယ်။ ချယ်ရီတွေ ခင်းထားတဲ့လမ်းမကြီးကို မြင်ရတော့ ချယ်ရီ့ကို အရမ်းသတိရမိလာတယ်။ နေ့တိုင်းမှာ အချိန်တိုင်းတော့မဟုတ်ပေမယ့် အချိန်တော်တော်များများမှာ တော့ လွမ်းနေဆဲပါ ချယ်ရီ...။

ချယ်ရီ ရှိမနေပါဘူးဆိုတဲ့ ဒီလမ်းမကြီးဘေးမှာ ကားရပ်ပြီး ဘယ်လောက်ကြာအောင် ငေးကြည့်နေမိတယ်မသိဘူး။ လမ်းမပေါ်နဲ့ မြေသားပေါ်မှာ ပန်းရောင်ချယ်ရီကော်ဇောခင်းထားသလို ကြွေကျပြီး မြေခနေလည်း လှနေတာပါပဲ ချယ်ရီ...။

အလွမ်းတွေက အရာရာတိုက်ဆိုင်လွန်းတယ်။ ကားထဲပြန်ဝင်လာတော့ FM ကလွှင့်တဲ့သီချင်းသံကြောင့် ......။

'× ×ချယ်ရီလမ်း လွမ်းသူ× ×တို့နှစ်ယောက်ရဲ့ ပျော်စရာအတိတ်တို့ အရင်လို ထုံအီမွှေးဖို့× ×တစ်နေ့ထက်တစ်နေ့ ပိုကာတိုး× ×အထပ်ထပ်ပေါ့ ခြေရာတို့× ×ချော့သိပ်မယ့်တေးသံချို× ×အကြိမ်ကြိမ်ငါဆိုနေဦးငို× ×မင်းအချစ်နဲ့ရင်ခုန်ဖို့ သံယောဇဉ်ငြိ ခဲ့ သူ× ×ဖြေနိုင်စွမ်းမရှိတဲ့နောက်အတူတူသာရှိချင် ထာဝရအတူရှိချင်× ×

ချယ်ရီလမ်း လွမ်းသူ× ×အရင်လို ပြန်ချစ်ခွင့်ပေးပါဦး× ×

ချယ်ရီလမ်း လွမ်းသူ× ×တို့နှစ်ယောက်ရဲ့ ပျော်စရာအတိတ်တို့အရင်လိုပြန်လည်မွှေးဖို့× ×စောင့်နေဆဲ ဒီချယ်ရီလမ်းထက်× ×ရင်ခုန်သံတွေရဲ့အစပြုရာ တည်နေရာလေးဝယ်× ×ငါ့အချစ်ရှိရာ မင်းမေတ္တာ ပြန်လာလိမ့်မယ်× ×

ချယ်ရီလမ်း လွမ်းသူ× ×အရင်လို ပြန်ချစ်ခွင့်ပေးပါဦး× ×'

နားထောင်နိုင်စွမ်းမရှိတော့ FM ကို ပိတ်ပစ်လိုက်တယ်။ ယောကျ်ားတန်မဲ့ မျက်ဝန်းကနေ ပူးနွေးတဲ့မျက်ရည်က ပါးပြင်ပေါ် စီးကျလာတယ်။ သီချင်းလေးထဲကအတိုင်း ကိုယ့်အချစ်ရှိရာ ကိုယ့်ရင်ခွင်ကို မင်းတစ်ယောက်ပြန်လာခဲ့ပါ ချယ်ရီရယ်...။

မိန်းကလေးတွေနဲ့ အရောတဝင် သိပ်မနေတတ်တဲ့ ကိုယ့်ဘဝထဲ 'ချယ်ရီဖူးမေ' ဆိုတဲ့ မိန်းကလေးတစ်ယောက်ကြောင့် အထိတ်တလန့်ဖြစ်ခဲ့ဖူးတယ်။ ပျော်ရွှင်ခဲ့ဖူးတယ်။

အမေ့ဆီက မထင်မှတ်တဲ့ နှစ်သိမ့်စကားတွေကြောင့် စိတ်ထဲမှာ လှိုက်ခနဲဖြစ်သွားပြီး စိတ်မကောင်းသလို ခံစားရတာမို့ မျက်ရည်တွေ ဝဲတက်လာတယ်။

"သားကိုစိတ်မပူပါနဲ့ အမေ…သား အမေ့ကို ပြောမပြချင်လို့ မဟုတ်ပါဘူး…သားအပူတွေကို မကူးစက်စေချင်လို့ပါ…ခု သား နေနိုင်အောင် ကြိုးစားနေပါတယ်အမေ"

"အေးပါ သားရယ်"

"သား ဦးပြည့်တို့အိမ် သွားလိုက်ဦးမယ်အမေ"

"အေး…ကားကို သေချာဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့အမေ"

အမေ့အနားကနေ ချက်ချင်းထလာမိတယ်။ မဟုတ်ရင် ငိုမိတော့မယ်။

ဦးပြည့်တို့အိမ်ကိုသွားဖို့ ဦးတည်လိုက်တယ်။ ကားမောင်းစဉ်တစ်လျှောက် ဦးပြည့်စုံဆိုတဲ့ ဦးလေးဦးပြည့်အကြောင်း စဉ်းစားလာတယ်။ ဘဝမှာ ကျောင်းစာအပြင် ဗဟုသုတရစေမယ့် သုတ၊ ရသစာပေတွေကို တန်ဖိုးထား ဖတ်တတ်လာအောင် သင်ကြားပေးခဲ့တာ ဦးပြည့်ပါ။ ငယ်စဉ် အဖေနဲ့အမေက အလုပ်တစ်ဖက်နဲ့ မအားတာကြောင့် ဦးပြည့်ကပဲ ထမင်းချိုင့်ဆွဲပြီး ကျောင်းလိုက်ပို့နေကျ။ ဆရာ၊ ဆရာမအများစုက ဦးပြည့်ကို သူ့အဖေလို့ပဲထင်ကြတာ။ ခင်မင်ရင်းနှီးသူတွေက သားက လူချောပဲ။ ကြီးလာရင် ဘာလုပ်မှာလဲလို့မေးတိုင်း ဦးပြည့်လို ရှေ့နေကြီးလုပ်မှာလို့ ဘယ်သူမှသင်မထားပဲ အမြဲပြောနေကျ။ ဒါကြောင့်လည်း သားသမီးမရှိတဲ့ ဦးပြည့်က အချစ်ပိုခဲ့တယ်။ ဦးပြည့်က စကားပြောလည်း ကောင်းတယ်။ စမတ်ကျကျနေတတ်သလို သူ့လက်အောက်က တပည့်တွေအပေါ်မှာလည်း နွေးထွေးမှုရှိပြီး ဘယ်တော့မှ အထက်စီးကမဆက်ဆံတတ်။ ဦးပြည့်

ချယ်ရီကို တကယ်ချစ်ခဲ့တယ်ဆိုတာ ဘယ်လိုပြောပြော မယုံခဲ့ဘူး။ မယုံနိုင်အောင်လည်း ချယ်ရီ့ရဲ့ စူးစမ်းတဲ့မျက်ဝန်းတွေက ကိုယ့်မျက်ဝန်းနဲ့ ခန္ဓာကိုယ်ပေါ် ဝုန်းဒိုင်းဆိုသလို ကျရောက်လာခဲ့တယ်လေ။

အာခေါင်တွေခြောက်သွေ့ပြီး ကလီစာတွေ ပြောင်းဆန်သွားအောင် တုန်လှုပ်သွားတာကို ချယ်ရီမရိပ်မိဘဲနေမှာလား။ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်ကောင်းသူ၊ တစ်ပါးသူအပေါ် ငဲ့ညှာသနားတတ်သူအဖြစ် သက်သက် ဟန်ဆောင်ခဲ့တာလား။ ဒါတော့ မဟုတ်ပါဘူး။

ချယ်ရီ့ကိုယ်သင်းရနံ့လေးကိုတောင် မက်မောရင် ကျန်တဲ့အရာတွေကိုလည်း မက်မောရမှာပေါ့။ လက်မခံနိုင်စရာ မရှိပါဘူး။ ဒါကတော့ စိတ်ကြောင့်လား၊ တည်ဆောက်ခဲ့တဲ့ သစ္စာတရားကြောင့်လားလို့ မေးရင် မညာတမ်း ဝန်ခံချင်ပါတယ် ချယ်ရီ။ ကိုယ်ဟာ သစ္စာတရားကို တန်ဖိုးထားချင်သူလေ။ အဲဒီ ကိုယ်တည်ဆောက်ထားတဲ့ သစ္စာတရား မပျက်ယွင်းချင်လို့သာ ချယ်ရီ့ကို ဆက်ချစ်နေဦးမှာလို့ ထင်ခဲ့တယ်မဟုတ်လား။ အဲဒီစကားကို မျက်နှာတည့်တည့်ကြည့်ပြောတော့ ခံရခက်လိုက်တာ ချယ်ရီ။

ကိုယ် တကယ်မသိခဲ့ပါဘူး။ ဘာကြောင့်ဆိုတာထက် လက်တွဲဖြုတ်ဖို့ ဘယ်တုံးကမှ မစဉ်းစားခဲ့ဘူး။ လက်ချင်းတွဲဖို့သာ ချယ်ရီ့ အနားအရောက်လာခဲ့တာ ယုံချင်မှလည်းယုံမယ်။ သနားတဲ့စိတ်ကြောင့် လက်တွဲမဖြုတ်ဘဲ အနားကပ်လာချစ်မှာကို မလိုလားခဲ့တာ မဟုတ်လား။

အိပ်မက်တိုင်း အကောင်းမက်တာမှမဟုတ်ဘဲ။ ဒါပေမဲ့ ဆက်မက်နေကြဦးမှာပဲ ချယ်ရီ...။

●

## အခန်း (၂)

တစ်ချိန်တုန်းက ဒီနေရာလေးမှာပဲ သိုးမွေးဦးထုပ်လေးဆောင်း၊ ဂျင်းဘောင်းဘီနဲ့လိုက်ဖက်စွာ အင်္ကျီဆွယ်တာပန်းရင့်ရောင်လေးအပေါ်က ဝါဖျော့ဖျော့ မာဖလာလေးပတ်ထားတဲ့ ချယ်ရီက လမ်းဘေးချယ်ရီပင်ကြီး အောက်ကနေ လက်ပြကြိုဆိုခဲ့တယ်။ ပထမဆုံးအကြိမ် မြင်တွေ့ရတဲ့ ပုံရိပ်လေးက ရင်ထဲ စီးမျောသွားတယ်။ ကားရပ်လိုက်တာနဲ့ ဦးညွှတ်ရင်း

"ကျွန်မက ချယ်ရီဖူးမေပါ...ရှင်က ပင်စည်လား"

လို့ လက်ကလေးနောက်ပစ်ရင်း ပြုံးပြုံးလေးမေးတယ်။

"ဟုတ်ကဲ့...ကျွန်တော် ပင်စည်ပါ"

လို့ဖြေတော့ ချယ်ရီက လက်ခုပ်လေး ခုပ်ဖွဖွတီးရင်း

"အိုကေ...ကျွန်မရောက်နေတာ ဆယ်မိနစ်လောက်တော့ရှိပြီ... ပင်စည့်ကိုစောင့်ရင်း ချယ်ရီပန်းလေးတွေကောက်နေတာ"

အကျီအိတ်ထဲက ချယ်ရီပန်းတွေထည့်ထားတဲ့ အထုပ်လေးကို ရမ်းပြရင်းပြောတယ်။

"နည်းနည်းနောက်ကျသွားတဲ့အတွက် ဆောရီးပါ ချယ်ရီ"

"နောက်မကျပါဘူး…အိမ်ရှင်ဆိုတော့ နည်းနည်းစောထွက်လာတာပါ…ကားကို ဖြည်းဖြည်းမောင်းတာပဲ သဘောကျပါတယ်… တောင်ပေါ်လမ်းဆိုတော့လေ…"

ကားပေါ်ကဆင်းပြီး ချယ်ရီနဲ့အတူရှိနေပေမယ့် စကားစရှာမရဘူး ဖြစ်နေတယ်။ မိတ်ကပ်မပါတဲ့ ပကတိမျက်နှာအသွင်အပြင်က နုနယ်ပြီး ချစ်စရာကောင်းနေသလိုပဲ။ အရပ်ကတော့ ၅ ပေ ၃ နဲ့ ၅ ပေ ၄ တစ်ခုခုပဲ။ ချယ်ရီ့ကိုပဲ လိုက်ငေးကြည့်နေမိတယ်။ သွယ်ဖြောင့်ဖြောင့် ဆံပင်လေးနဲ့ နှာတံလေးပေါ်တာ၊ စကားပြောရင် မျက်လွှာလေးချပြီး ပြောတတ်တာလေးတွေကို သတိထားမိတယ်။

Onlineမှာ မကြာခဏဆိုသလို ချယ်ရီ့မှာ အားနည်းချက်ရှိတယ်လို့ ပြောဖူးပေမယ့် အခုတွေ့ရတာတော့ ဘာချို့ယွင်းချက်မှမရှိတဲ့ မိန်းကလေး တစ်ယောက်လိုပါပဲ။ ချယ်ရီကိုတွေ့ရင် ဘာတွေပြောပြီး ဘယ်လိုတွေရင်ဆိုင်ရမလဲလို့ စိုးရိမ်စိတ်ဝင်ခဲ့မိတာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတယ်။

ကိုယ့်အတွေးနဲ့ကိုယ်လျှောက်ရင်း ရှေ့ကချယ်ရီကိုကြည့်ပြီး ပျော်ပျော်နေတတ်တဲ့ မိန်းကလေးလား၊ ဒါမှမဟုတ် အစအနောက်သန်တဲ့ မိန်းကလေးလား။ အဲလိုလည်း မဖြစ်နိုင်။ ဘာဖြစ်လို့လဲဆိုတော့ ချယ်ရီ့ဆီကနေ ရယ်ရွှင်ဖွယ်စကားတွေ သိပ်မကြားရတတ်။ ဒါပေမဲ့ စ,ချင်ပုံရတယ်။ တစ်ခါတစ်ရံမှာပေါ့။

ချယ်ရီက နောက်ကို တစ်ချက်လှည့်ကြည့်တယ်။ အတော်အားနာသွားတယ်။ မိန်းကလေးတစ်ယောက်ကို နောက်ကနေကြည့်နေမိတဲ့အနေ

အထား ဖြစ်သွားတယ်မဟုတ်လား။ ချယ်ရီနဲ့အတူ ယှဉ်လျှောက်ရင်း ချယ်ရီပင်ကြီးအောက်ရောက်ခဲ့တယ်။ ချယ်ရီပန်းနံ့သင်းသင်းလေးရနေတယ်။ ချယ်ရီပန်းတွေနဲ့ ဓာတ်ပုံရိုက်ပေးမယ်ဆိုတော့ ချယ်ရီ ငြင်းဆန်ခဲ့တယ်။

"ဟို ... ကောင်းကင်ပြာပြာအောက်က ချယ်ရီပန်းတွေကိုပဲ ရိုက်ပါ ... ကျွန်မကိုမရိုက်ပါနဲ့"

"ဘာလို့လဲ ... အမှတ်တရပေါ့"

"နောက်မှရိုက်ပါ ... ခု ကောင်းကင်ကြီး ပြာနေတုန်းအချိန်ရိုက်ပါ ... ခဏကြာရင် ပြန်ဖြူသွားလိမ့်မယ် ... လူပုံက ဘယ်တော့ရိုက်ရိုက် ရတယ်လေ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

ချယ်ရီစိတ်ကျေနပ်အောင် ကောင်းကင်ပြာအောက်က ချယ်ရီပန်းတွေကို ပုံတော်တော်များများရိုက်လိုက်တယ်။ ပန်းတွေကို ဓာတ်ပုံရိုက်ရင်း တိတ်တိတ်လေး ကင်မရာထဲကနေ ခိုးကြည့်နေမိတယ်။ ပကတိအသားအရောင်လေးက ဝင်းနေတယ်။ သိုးမွေးဦးထုပ်လေးမှာပါတဲ့ ပန်းပွားအမွေးလေးတွေက တလွင့်လွင့်နဲ့ ချစ်စရာ။

ချယ်ရီနဲ့ မျက်နှာချင်းဆိုင် ကပ်ရပ်လိုက်ပြီး ဘယ်ဘက်လက်ဖဝါးကို ကမ်းပေးလိုက်တယ်။ ရုတ်တရက် မော့ကြည့်တယ်။ စိုလဲ့နေတဲ့ မျက်ဝန်းတွေနဲ့ ရှက်သွေးဖြာနေတဲ့ ပါးနှစ်ဖက်ပေါ်က သွေးကြောမျှင်လေးတွေကို မြင်လိုက်ရတဲ့ခဏ အသက်ရှုဖို့တောင် မေ့သွားတယ်။ ကိုယ့်ရဲ့အကြည့်တွေကြောင့်လားမသိ စက္ကန့်ပိုင်းလောက်ထိ ချယ်ရီ ခေါင်းငုံ့နေတယ်။ နောက် ညင်သာအိစက်တဲ့ လက်ဖဝါးနဲ့ လက်ချောင်းအထိအတွေ့လေးတွေက ဘယ်လက်ဖဝါးပေါ် အုပ်မိုးလာတယ်ဆိုရင်ပဲ ရင်ထဲမှာ

နွေးထွေးရှိန်းမြသွားတယ်။ ချယ်ရီ့ရဲ့ လက်ချောင်းသွယ်လေးတွေကို ပြန်လည်ဆုပ်ကိုင်ထားမိတယ်။

ကျေးဇူးတင်တယ် ချယ်ရီ။ ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ချစ်တတ်တဲ့သွေးကြောတွေ စီးဆင်းနေတဲ့ လက်ချောင်းသွယ်လေးတွေကို ခွင့်မတောင်းဘဲ တစ်ကြိမ်လောက် ခပ်ဖွဖွငုံ့နမ်းချင်မိတဲ့စိတ်ကို မနည်းထိန်းထားရတယ်။ ချယ်ရီ့ကိုယ်သင်းရနံ့ သင်းသင်းလေးနဲ့ လေတိုက်တိုင်းလွင့်နေတဲ့ ချယ်ရီရဲ့ ပျော့ပျောင်းတဲ့ ဆံနွယ်လေးတွေက လူကို အသည်းယားစေတယ်။

ကိုယ့်ကို ပိုပြီးစိတ်လှုပ်ရှားစေတာတစ်ခုကတော့ နောက်ကျောက ဆံပင်တစ်ဝက်လောက်ကို ရှေ့ဆွဲချလိုက်ချိန် လည်ကုတ်သားဖြူဖြူပေါ်က နေရောင်ကြောင့် ရွှေရောင်ပြေပြေလေးသန်းနေတဲ့ မွေးညင်းနုလေးတွေနဲ့ လည်ကုပ်တည့်တည့်မှာ မှဲ့နက်လေးတစ်လုံး ထင်းခနဲ မြင်လိုက်ရတဲ့တစ်ခဏ ကိုယ့်နှလုံးခုန်သံတွေ ဖြောင်းဆန်ကုန်တော့တာပဲ ချယ်ရီ။

ချယ်ရီနဲ့ပတ်သက်ရင် ဒီလိုအသေးစိတ်အချက်တွေကအစ လိုက်မှတ်နေမိတယ်။ လူငယ်သဘာဝ မိန်းမလှလေးတွေမြင်ရင် ကြည့်မိတာတွေ ရှိပေမယ့် ခုလိုခံစားမှုမျိုးကိုတော့ ဘယ်မိန်းကလေးအပေါ်မှာမှ မဖြစ်ခဲ့ဘူး၊ လုံးဝမရှိခဲ့ဘူးဆိုတာ နှလုံးခုန်သံတွေကို တိုင်တည်ပြီး ပြောဝံ့ပါတယ်။

ဆိုင်ကယ်နဲ့လာတဲ့ချယ်ရီ့ကို တစ်ခုပူဆာဖို့ သတိရသွားတယ်။ ဒါကလည်း ဟိုးအရင်ကတည်းက စိတ်ကူးရှိခဲ့တာ။

"ချယ်ရီ…ကိုယ် ဆိုင်ကယ်စီးချင်တယ်"

"စီးတတ်လို့လား"

"မန္တလေးသားပါ"

တကယ်တော့ ချယ်ရီနဲ့အတူစီးချင်တာပါ။

"ချယ်ရီနဲ့ အတူစီးမယ်...ကားထားခဲ့မယ်လေ"

ချယ်ရီက မျက်စောင်းတစ်ချက်ထိုးရင်း

"ဒါဆို ဒီလိုလုပ်...ဆိုင်ကယ်နဲ့သွားရင်း မနက်စာစားကြမယ်လေ"

"ကောင်းတာပေါ့"

"ဗိုက်ဆာနေပြီလား"

"ဟင့်အင်း...မဆာသေးဘူး...စားဖို့ကို သတိမရတာ"

ချယ်ရီက ဆိုင်ကယ်နောက် ထိုင်လိုက်တယ်ဆိုရင်ပဲ ကိုယ့်နှလုံးသားလေး လှိုက်ခနဲဖြစ်သွားတယ်။ ပထမဆုံးအကြိမ်မို့ ထင်ပါရဲ့လို့ ကိုယ့်စိတ်ကိုယ်ထိန်းလိုက်ရပေမယ့် ကိုယ့်အတွက်တော့ မိန်းကလေးတစ်ယောက်နဲ့အတူ ဆိုင်ကယ်စီးဖူးတာ မင်းတစ်ယောက်တည်းပါပဲ ချယ်ရီ...။

အဲဒီအချိန်တုန်းက ကိုယ်တို့သွားခဲ့တဲ့လမ်းလေးကလည်း တကယ့်ကို အသက်ဝင်တဲ့ ချယ်ရီလမ်းလေးဖြစ်သွားခဲ့တယ်။ ချယ်ရီ့မေးစေ့လေးက ကိုယ့်ပခုံးပေါ် မထိတထိ လာတိုက်တိုင်း ရင်ခုန်မိတယ်။ ချယ်ရီရော ဘယ်လိုခံစားနေရလဲ။ အဲဒီမေးခွန်းကို မမေးဖြစ်ခဲ့ဘူးထင်တယ်။ ကိုယ့်စိတ်နဲ့ကိုယ် ရှင်သန်ခရီးသွားနေခဲ့သလိုမျိုး ပျော်ရွှင်မှုတွေပေးတဲ့ ဒီခရီးလေးက ကိုယ့်အတွက်တော့ အဓိပ္ပာယ်များစွာ ရှိနေခဲ့တယ်။ ချယ်ရီလက်လေးကို ဆွဲယူပြီး ကိုယ့်ခါးကို သိုင်းဖက်ထားတာမျိုး။ ပြီးတော့...ကိုယ့်ကျောကို ခေါင်းလေး မှီထားတာမျိုး ဖြစ်စေချင်ခဲ့တယ်။ တခြားချစ်သူတွေ ဆိုင်ကယ်စီးကြတဲ့ ပုံစံမျိုးလေးပေါ့။ ကိုယ် အများကြီးစိတ်ကူးယဉ်မိသွားလား ချယ်ရီ။

"ပင်စည်က ဆိုင်ကယ်စီးတာ ကျွမ်းသားပဲ"

"မန္တလေးအိမ်မှာ ကိုယ် ဆိုင်ကယ်စီးတယ်။ ဒါပေမဲ့ ဒီမှာတော့ လမ်းလေးတွေက ပိုစီးလို့ကောင်းတာပေါ့"

"ပင်စည် ဘာစားချင်လဲ…ရှမ်းတိုဖူးခေါက်ဆွဲနဲ့ဟင်းထုပ် ကြိုက်လား"

"ကြိုက်တယ်…ဘာဖြစ်ဖြစ်ရတယ်"

"ဒါဆို အဲဒါပဲစားရအောင်…ကျွန်မလည်းကြိုက်တယ်။ ရှေ့လမ်းကျ ညာကွေ့လိုက်…ရှေ့ခြံထဲမှာ ရောင်းတယ်"

"အိုကေ"

သိပ်မသွားလိုက်ရဘူး ခြံဝင်းကျယ်ကြီးတစ်ခုရှေ့ရောက်တော့

"ရောက်ပြီ ရောက်ပြီ…ရပ်တော့ ပင်စည်"

နှစ်ယောက်အတူ ခြံဝင်းထဲဝင်လိုက်တာနဲ့ ရှမ်းစာအနံ့သင်းသင်းကြောင့် လူက ပိုဆာသွားတယ်။ ဆိုင်လေးက သပ်သပ်ရပ်ရပ်လေး။ အပင်လေးတစ်ပင်အောက်ကခုံမှာ ထိုင်လိုက်တယ်။

ရာသီဥတုအေးအေးမှာ ရှမ်းတိုဖူးနွေးနွေးလေးကို အီကြာကွေးနဲ့စားရတာ အရသာရှိလိုက်တာ။ ဟင်းထုပ်ကလည်း စားလို့ကောင်းတာပဲ။ ဝက်ခေါက်ကြော်နဲ့ မုန်ညင်းချဉ်ကိုတော့ ချယ်ရီ တော်တော်ကြိုက်ပုံရတယ်။

"အဝစားနော် ပင်စည်…စားကောင်းလား"

"ကောင်းတယ်ချယ်ရီ…ကြိုက်တယ်။ ဒါနဲ့ မီးပုံးပျံပွဲက မနက်ဖြန်စမှာနော်"

"ဟုတ်တယ်…ဒီလောက်နာမည်ကြီးတဲ့ မီးပုံးပျံပွဲကို ပင်စည် ဘာလို့မရောက်ဖူးတာလဲ"

"ငယ်ငယ်တုန်းက အမေနဲ့ တစ်ခါပဲရောက်ဖူးတယ်။ ကြီးတော့ မရောက်ဖြစ်ဘူး။ တီဗွီထဲကတော့ အမြဲကြည့်ဖြစ်တယ်။ ခုတော့ အရမ်းကိုလာချင်ခဲ့တာ"

"ဘယ်နှရက်နေမှာလဲ"

"သုံးလေးရက်လောက်"

"သုံးနဲ့လေးပေါင်း ခုနစ်လား"

"ချယ်ရီလည်း နောက်တတ်သားပဲ။ စိတ်ထဲမှာ အကြာကြီး နေချင်တာ။ အမေက ကျန်းမာရေး သိပ်မကောင်းလို့"

"ဩော်...ဟုတ်လား။ အင်း...သုံးရက်လည်း တောင်ကြီးက နဲ့ပါတယ်"

"အင်းလေးသွားမယ်နော်"

"ဩော်...တောင်ကြီးလာမှတော့ အင်းလေးလည်း သွားရမှာပေါ့။ Show ပွဲရော ကြည့်ချင်လား...လေးဖြူတို့ပွဲရှိတယ်"

"ကိုယ်က Show ပွဲကြည့်တာထက် ချယ်ရီနဲ့အတူ ဘုရားဖူးချင်တယ်၊ လျှောက်လည်ချင်တယ်၊ မီးပုံးပျံ မီးပန်းတွေ အတူကြည့်ချင်တယ်"

ချယ်ရီကတော့ ဘယ်လိုထင်မလဲမသိ။ ပြောချင်တာတွေ ပြောချပစ်လိုက်တယ်။ အဲဒီတုန်းက ချယ်ရီကြည့်လိုက်တဲ့အကြည့်ကို အဓိပ္ပာယ်မဖော်တတ်ဘူး။ ရှက်တာလား၊ အံ့ဩတာလား၊ စကားတွေကို သံသယဖြစ်နေတာလား၊ မယုံကြည်သေးတာလား၊ ရင်ထဲကို စူးရှထိုးဖောက် မြင်နိုင်စွမ်းရှိတဲ့ နှလုံးသားနဲ့ ကြည့်နေတာလား၊ ဒါမှမဟုတ် ဦးနှောက်နဲ့ စူးစမ်းနေတာ

လား။ ဦးနှောက်နဲ့ စူးစမ်းနေတာကတော့ ပိုသေချာလိမ့်မယ်လို့ထင်တယ်။ အပြန်လမ်းက အသွားလမ်းနဲ့မတူ။

ကတ္တရာလမ်းမဟုတ်တဲ့ လူသွားလမ်းကြားက အပြန်လမ်းဖြစ်တဲ့အတွက် ဆိုင်ကယ်က ရမ်းသွားလို့ ချယ်ရီ့လက်က သူ့ခါးကို လှမ်းကိုင်လိုက်ချိန်မှာ ခန္ဓာကိုယ် ပိုကျုံ့သွားသလို ခံစားလိုက်ရတယ်။ ဘယ်လိုက ဘယ်လို ကတ္တရာလမ်းပေါ်ရောက်လာလည်း မသိတော့။ လေတိုးနေတဲ့ ဆံစလေးတွေ လွင့်နေတာကို မြင်နေရတယ်။

ကားနားရောက်တော့ ချယ်ရီက ဆိုင်ကယ်ပေါ်ကဆင်းလိုက်ပြီး ဂျင်းဘောင်းဘီလေးအောက်ခြေမှာ ကပ်ပြီးပါလာတဲ့ ဆူးသေးသေးတချို့ကို ကုန်းပြီးဖြုတ်နေတယ်။ ချယ်ရီ့လှုပ်ရှားမှုနဲ့ ကိုယ်နေဟန်ကို ငေးကြည့်မိတယ်။ ခန္ဓာကိုယ်လေးက ကျစ်လျစ်ပြေပြစ်ပြီး Smart ကျနေတာဟာ ရေကူးခဲ့လို့လားလို့ သိချင်ပေမယ့် မမေးဖြစ်ခဲ့။ ချယ်ရီမော့အကြည့်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်ရတယ်။

"ချယ်ရီ ကိုယ်လုပ်ပေးမယ်"

"ရတယ်…ဟိုလမ်းကြားလေးထဲမှာ ဆိုင်ကယ်က ရမ်းသွားလို့ ဘေးက ဆူးပင်ကအသီးတွေ လာငြိသွားတာ…ဒီအပင်တွေက ဒီအတိုင်းပဲ…ကပ်ရင် တော်တော်ခွာရတယ်"

ချယ်ရီ့ရှေ့မှာ ငုတ်တုတ်ထိုင်လိုက်ပြီး

"ကဲပါ ချယ်ရီရယ် ငြိမ်ငြိမ်နေပါ…စူးကုန်လိမ့်မယ်။ ဒီလောက်နေရခက်နေတာကို"

ကိုယ်ပြောတော့ ချယ်ရီက အားနာဟန်နဲ့ မတ်မတ်လေးရပ်နေတယ်။ ဂျင်းဘောင်းဘီအောက်ခြေမှာ တော်တော်များများကပ်နေတဲ့ ဆူးလေးတွေကို တစ်ခုချင်းခွာလိုက်တယ်။

"အားနာလိုက်တာ ပင်စည်…ကန်တော့ ကန်တော့နော်"

"ရပါတယ်"

ဆူးလေးတွေက အထဲထိ တော်တော်စိုက်ဝင်နေတယ်။ ဆူးတစ်ခု ချင်းစီ ခွာနေတုန်း စိတ်တွေ ကမ္ဘာ့အပြင်ဘက်ရောက်သွားသလို ခံစား နေရတယ်။ ရူးသွားနိုင်တယ်ထင်ပါရဲ့။

ဂျင်းဘောင်းဘီအောက်နားကိုခေါက်ထားတဲ့အတွက် အခေါက် လေးကို ဖြေချပေးလိုက်တယ်။ အဲဒီအခေါက်လေးထဲထိ ဆူးလေးတွေက ဝင်နေတယ်။ တော်တော်ဆိုးတဲ့ဆူးတွေပဲ။

တကယ်တော့ ဒီကိစ္စလေးက အမှတ်မထင်ဖြစ်ခဲ့ခြင်းပါ။ ဒီလို တစ်ယောက်အသက်ရှူသံကို တစ်ယောက်ကကြားနေအောင်ကို နီးကပ်နေတဲ့ အဖြစ်အပျက်လေးကို အသေးစိတ်ပြန်မြင်နေမိတယ်။ အဲဒီတုန်းကတော့ ဝေခွဲရခက်နေပေမယ့် ဘယ်အချိန်ပြန်တွေးတွေး တွေးလိုက်တိုင်း ရင်ခုန် နေတုန်းပါပဲ။ ချယ်ရီကရော ဘယ်လိုခံစားချက်မျိုး ရှိနေမလဲ။

ချယ်ရီ့ကို မော့ကြည့်တော့ ငုံ့ပြီး စိုက်ကြည့်နေတဲ့ မျက်ဝန်းတွေက ဖြူစင်လှတယ်။ ဒါနဲ့များ ဘာကြောင့် အမြဲတမ်း စိုးရိမ်စိတ်နဲ့ အားနည်းချက် ရှိတယ်ဆိုတဲ့စကားတွေ ပြောနေခဲ့ရတာလဲ ချယ်ရီ။

ကားရှေ့ကနေ ချယ်ရီက ဆိုင်ကယ်စီးပြီး ချယ်ရီကိုယ်တိုင် ဘိုကင် ယူထားတဲ့ Sweet Hotel ကို လိုက်ပို့ပေးခဲ့တယ်။ ဟိုတယ်ရှေ့ကိုရောက် တော့ ဆိုင်ကယ်ပေါ်ကနေမဆင်းဘဲ "အနားယူလိုက်ဦးနော်… ညနေကျမှ ပြန်တွေ့မယ်"လို့ပြောတော့ "ဟုတ်ကဲ့ပါ"ဆိုပြီး ချယ်ရီ့ရဲ့ အစီအမံအတိုင်း လိုက်ပါဆောင်ရွက်မယ့် အချစ်စက်ရုပ်ဖြစ်သွားခဲ့တယ်လေ။

အခန်းထဲရောက်တာနဲ့ အိတ်ကို ချက်ချင်းဖွင့်ပြီး ချယ်ရီ့ကို ညနေ မှာ လက်ဆောင်ပေးဖို့ ယူလာတဲ့ပစ္စည်းကို ထုတ်လိုက်တယ်။

ကိုယ့်တိုင် သတိမထားမိလိုက်ခင်မှာပဲ ကြည်နူးရင်ခုန်စရာ အလုပ်တစ်ခုကို လုပ်လိုက်တယ်။ လက်ဆောင်လေးကို မက်မက်မောမော နမ်းလိုက်မိတယ်ဆိုပါတော့...။

●

# အခန်း (၃)

ရေချိုးပြီး နေ့လယ်စာကို ဟိုတယ်ကနေ မှာစားလိုက်တယ်။ အချိန်ရသေးတာမို့ တစ်ရေးလောက်တော့ အိပ်လိုက်ဦးမယ်ဆိုတဲ့စိတ်နဲ့ အိပ်ရာပေါ် လှဲလိုက်ပေမယ့် ဘယ်လိုမှ အိပ်လို့မရ။ အတွေးထဲမှာ ချယ်ရီ အကြောင်းတွေပဲ စိုးမိုးနေတယ်။ အခန်းပြတင်းလိုက်ကာကို ဖွင့်လိုက်တော့ အပြင်က တောင်တန်းတချို့ကို မြင်ရတယ်။

ချယ်ရီ့အတွက် ယူလာတဲ့လက်ဆောင်တွေထဲမှာ စာအုပ်တွေလည်း ပါတယ်။ ဘာသာပြန်တချို့နဲ့အတူ စိတ်ကို ခွန်အားဖြစ်စေမယ့်စာအုပ်တွေက ချယ်ရီ့အကြိုက်ဖြစ်စေမယ်လို့ ယုံကြည်တယ်။ ချယ်ရီကြိုက်နိုင်မယ့် ရသ ဝတ္ထုတိုတွေကိုလည်း ရွေးဝယ်ခဲ့တယ်။

ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ခုလို လက်ဆောင်တွေ့ကျကျလုပ်ပေး ခြင်း မရှိခဲ့ပါဘူး။ ခု ကိုယ့်စိတ်ကိုလည်း အံ့ဩရတယ်။ ငယ်တုန်းက

ဆေးလိပ်သောက်ဖူးခဲ့တယ်။ လွတ်လွတ်လပ်လပ်တွေးရတာ လက်တွေ့ကျ တာကို နှစ်သက်လို့ သောက်ကြည့်ခဲ့တယ်။ ကိုယ့်အပေါ်မှာ လွှမ်းခြုံပြီး အချိန်အကြာကြီး နေရာယူမထားနိုင်တာမို့ ဖြတ်ဖို့လည်း လွယ်ကူခဲ့တယ်။ ရည်ရွယ်ချက်မရှိဘဲ သောက်ခဲ့လို့လည်းဖြစ်နိုင်တယ်။

ဘဝမှာ ချယ်ရီနဲ့ပတ်သက်မှ စိတ်ကူးနဲ့လက်တွေ့ တစ်ပြိုင်တည်း လုပ်မိနေတယ်လို့ထင်တယ်။ ရည်ရွယ်ချက်ရှိလားလို့ မေးခဲ့ရင် ရှိတယ်လို့ ပြောချင်တယ်။ ချယ်ရီ့ကို ပျော်စေချင်တယ်။ လိုအပ်တာတွေ အကုန်ဖြည့် ဆည်းပေးချင်တယ်။ အနားမှာ အရိပ်လို အမြဲကပ်လိုက်ပါချင်တယ်။ စိတ်အနှောင့်အယှက်ဖြစ်အောင် ထိန်းချုပ်ချင်တာမျိုးတော့ မဟုတ်ပါဘူး။ ချယ်ရီနဲ့ပတ်သက်လို့ ဘာကိုမှ ဆုံးဖြတ်ချက် အတိအကျကြီး ချမထား ချင်ဘူး။

ခုပဲကြည့်လေ…။ တစ်ချိန်လုံး ကိုယ့်ကို စိုးရိမ်ပူပန်မှုတွေ ပေးထား ခဲ့တယ်။ စိတ်ထဲမှာ ချယ်ရီ့ကို ဝိုးချဲလေးနဲ့များ တွေ့ရမလား၊ ဒါမှမဟုတ် ရုပ်ရှင်တွေထဲကလို လက်ချောင်းလေးတွေများ တစ်စုံတစ်ခု ဖြစ်နေတာ မျိုးလား၊ မိတ်ဆွေရဲ့သားလို နားရွက်လေးတစ်ဖက် မပါတာမျိုးလား၊ ဒါမှ မဟုတ် ခြေတစ်ဖက်များ နိမ့်နေတာလားနဲ့ အမျိုးမျိုးစဉ်းစားနေခဲ့ရတယ် လေ။ မပြောတဲ့အဖြေတစ်ခုအတွက် အရမ်းရင်မောခဲ့ရတယ်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်တည်ဆောက်ခဲ့ရသလဲဆိုတာ သိနိုင်ပါ့ မလား။ တောင်ကြီးကို ထွက်မလာခင်နေ့က စစ်ကိုင်းတံတားကြီးပေါ်မှာ ဧရာဝတီမြစ်ကြီးကိုကြည့်ရင်း အဝေးကမြင်ရတဲ့ မန္တလေးတောင် ဘုရားကို ဖူးရင်း၊ စစ်ကိုင်းတောင်ပေါ်ကဘုရားတွေကိုဖူးရင်း သစ္စာပြု တိုင်တည်ခဲ့ပါ တယ်။

ချယ်ရီ့မှာ ဘယ်လိုအားနည်းချက်တွေပဲရှိရှိ ချစ်မယ်လို့…။

ဒီလို ဘာဖြစ်လို့ သစ္စာဆိုခဲ့သလဲဆိုတော့ ချယ်ရီမေးတဲ့မေးခွန်း တစ်ခုကြောင့်ပေါ့ ချယ်ရီ။

ကိုယ့်ကိုမေးခဲ့တယ်လေ... ကျွန်မမှာ ဘယ်လိုအားနည်းချက်တွေပဲ ရှိရှိ တကယ်ချစ်နိုင်မှာလား၊ လက်ခံနိုင်မှာလားဆိုတာလေ။

ကိုယ်ဟာ ယောကျ်ားတစ်ယောက်ပါ ချယ်ရီ။ ဒီနေရာမှာ တွေးဆနေရင် ယောကျ်ားမပီသတော့ဘူးပေါ့။ ကိုယ့်မှာ ယုံကြည်တာတစ်ခုရှိတယ်။ အဲဒါက ကိုယ့်သစ္စာပဲ။ ကိုယ့်သစ္စာသာမှန်ခဲ့ရင် ချယ်ရီ့ကိုတွေ့တာနဲ့ ကိုယ့်ရင်ထဲကနေ နှစ်နှစ်ကာကာ ချစ်မြတ်နိုးနိုင်သူဖြစ်ပါစေလို့ ထပ်ဆုတောင်းခဲ့တယ်။ ရလိုမှုထက် ချယ်ရီ့အတွက်ကို ဦးစားပေးချင်နေတဲ့စိတ် ဖြစ်လာတာ သိပ်ချစ်လို့ဆိုတာ ပိုသေချာစေတယ် ချယ်ရီ။

* * *

မြင်ရတဲ့အားနည်းချက် ဒါမှမဟုတ် မမြင်ရတဲ့အားနည်းချက် ဘာပဲလာလာ ကိုယ့်စိတ်ကို ပြင်ဆင်ထားခဲ့တယ်။ သုံးနှစ်ကျော်ဆိုတဲ့ အတိုင်းအတာတစ်ခုကြားမှာ တွေ့ဖို့လုံလောက်သလို တစ်ယောက်စိတ် တစ်ယောက် သိခဲ့ကြမယ်လို့လည်း ထင်တယ်။

FB ပေါ်ကတစ်ဆင့် ချယ်ရီနဲ့ စသိကြတယ်။ အဲဒီတုန်းက ကိုယ်သိတဲ့ချယ်ရီက အသည်းကွဲနေတဲ့ မိန်းကလေးတစ်ယောက်။ အတော်လေး ကြေကွဲခံစားနေရတဲ့ စကားလုံးတွေကို ဖတ်ကြည့်ရင်း ဖေးမချင်စိတ် ဖြစ်ခဲ့တယ်။ ရေးတဲ့စာသားတွေထဲမှာ တချို့စကားလုံးတွေက ကြောက်ဖို့ကောင်းတယ်။ ခံစားချက်ပြင်းပြင်းနဲ့ ဖြစ်ချင်တာဖြစ် လုပ်ချင်ရာလုပ်ပစ်လိုက်မယ်ဆိုတဲ့ အရေးအသားတွေကိုဖတ်ရတော့ စိတ်မကောင်းဖြစ်မိတယ်။

ဒီလိုနဲ့ ရှေ့ကစာတွေပါ လိုက်ဖတ်ကြည့်တော့ ချယ်ရီ့ချစ်သူက ဆုများစွာရရှိထားတဲ့ ရေကူးချန်ပီယံတစ်ယောက်မှန်း သိခဲ့ရတယ်။ ခံစားချက်တူညီမှုနဲ့ တော်တော်လေးချစ်ခဲ့ကြတဲ့စုံတွဲပဲ။ ချယ်ရီ့ချစ်သူပုံကို တင်ထားတာ သိပ်မတွေ့ရ။ လက်၊ ဖိနပ်၊ ဦးထုပ်၊ ခန္ဓာကိုယ်အရိပ်နဲ့ ခပ်ဝေးဝေးက ပုံရိပ်တွေတင်တာ များတယ်။ နှစ်ယောက်ရိုက်ထားတဲ့ပုံတစ်ပုံတွေ့လို့ Save လုပ်ထားလိုက်တယ်။ နောက်နေ့တွေမှာ အဲဒီပုံ မတွေ့ရတော့ဘူး။ နောက်ပိုင်းမှာ 'ချစ်သူရဲ့ မလိုအပ်လို့ လွှင့်ပစ်လိုက်တဲ့ပစ္စည်းလေးတစ်ခုလိုပဲ' လို့ ရေးထားတဲ့ပို့စ်ကိုဖတ်ရပြီး မကြာခင်မှာ သူတို့ ပြတ်သွားကြတယ်။ ဒီ့နောက်ပိုင်း ချယ်ရီ အပြင်းအထန် နေမကောင်းဖြစ်လို့ ဆေးရုံတင်လိုက်ရတယ်။ ဆရာဝန်ဖြစ်ချင်လို့ ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်မီအောင် အသည်းအသန်ကြိုးစားခဲ့ပေမယ့် အမှတ်ကပ်ပြီးပြုတ်ခဲ့လို့ GTC ပဲ တက်ခဲ့ရတဲ့ အင်ဂျင်နီယာပေါက်စမလေးအနေနဲ့ ရည်းစားနဲ့ပြတ်ပြီး လုပ်ငန်းခွင်မှာလည်း အဆင်မပြေတော့ အထီးကျန်သလို ခံစားနေရတာပေါ့။ စိတ်ခွန်အားတွေ ယုတ်လျော့လာပြီး စိတ်ကျဝေဒနာတွေ ခံစားနေရတဲ့ချယ်ရီ့ကို သူငယ်ချင်းဖြစ်ဖို့ အကြိမ်ကြိမ် add ခဲ့ရတယ်။ နာမကျန်းကာလဟာ ရှည်လျားနေတာမို့ အားပေးချင်တယ်။ နှစ်သိမ့်ချင်တယ်။ ဘယ်မှာနေမှန်းမသိဘဲနဲ့ လိုက်ရှာချင်မိခဲ့တယ်။ အဲဒါ ကိုယ့်ရဲ့ လူမသိတဲ့ ချယ်ရီ့အပေါ်မှာမှ ဖြစ်မိတဲ့ ထူးဆန်းတဲ့အတွေးနဲ့ အပြုအမူတွေပေါ့။

နာလန်မထူနိုင်မှာကို စိုးရိမ်မိတယ်။ လောကကြီးမှာ ကိုယ်တို့လို ယောကျ်ားတွေကြောင့် ခုလို မိန်းကလေးတစ်ယောက် ဗုံးဗုံးကျဖြစ်နေတာကို စိတ်က မလိုလားခဲ့ဘူး။ နောက်ပိုင်း ချယ်ရီ စိတ်လျော့ပြီး သေချင်တဲ့ အကြောင်းအရာတွေပဲ နေ့စဉ်ရက်ဆက် ရေးတင်တော့ အရမ်းစိတ်ပူသွားတယ်။ ချယ်ရီ့ချစ်သူကရော ချယ်ရီရေးတင်တဲ့စာတွေကို မမြင်ဘူးလား။ ချယ်ရီ့မှာ စာနာနားလည်ပေးမယ့်သူငယ်ချင်းတွေ မရှိဘူးလား။ တကယ်

သေပစ် တော့မှာလား။ လားပေါင်းများစွာနဲ့ နေ့တိုင်းစိုးရိမ်ပြီး အတွေးတွေ ရောက်ယက်ခတ်နေခဲ့ရတယ်။

ကိုယ် ဒီလိုဖြစ်နေတာဟာ ချယ်ရီတင်တဲ့စာတွေအပေါ် လိုက်ခံစား နေလို့။ ကိုယ်နဲ့ဘာမှမဆိုင်ဘဲ လိုက်မခံစားနေနဲ့လို့ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ကြည့်ပါသေးတယ်။ မရခဲ့ဘူး။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတာလဲ လို့ အကြိမ်ကြိမ်စဉ်းစားနေခဲ့မိတယ်။

နေ့စဉ် ရှာဖတ်လာတဲ့အကြောင်းအရာတွေကပဲ ကိုယ်နဲ့ သိကျွမ်း ရင်းနှီးသူတစ်ယောက်လို သံယောဇဉ်ဖြစ်လာခဲ့တာလို့ပဲထင်တယ်။ ချယ်ရီ ကတော့ ဒါကို လုံးဝမသိပါဘူး။

ချယ်ရီ့စိတ်ကို တစ်စုံတစ်ဦးက ဖြေလျှော့ပေးဖို့ လိုနေတယ်ဆိုတာ ကို သိတယ်။ အခုချိန်မှာ ချယ်ရီဟာ ဝမ်းနည်းအားငယ်သူတစ်ယောက် ဖြစ်နေလို့ အဆိုးအကောင်း အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ဖို့ အသိမကပ်ဘဲ စိတ်ထင်ရာလုပ်လိုက်မှာကိုပဲ အစိုးရိမ်ဆုံးနဲ့ အကြောက်ဆုံးပါပဲ။ ဒီတော့ လူတစ်ယောက်ရဲ့ဘဝကို ကူညီကယ်တင်ချင်တာဆို ပိုမှန်ပါလိမ့်မယ်။ ဒါက အစပထမတုန်းက ခံစားချက်ပေါ့။

အတွေးတွေက ချယ်ရီနဲ့ပတ်သက်ပြီး ဘယ်တော့မှ ရပ်တန့် မသွားခဲ့။ ရေကူးချန်ပီယံကိုယ်တော်ကိုတောင် လိုက်ရှာချင်ခဲ့သေးတယ်။ ချယ်ရီရဲ့ခံစားချက် စာသားတွေက ဒီရေလို မြင့်တက်နေတယ်။ 'နေ့တစ်နေ့ ရဲ့ နောက်ဆုံးအချိန်' ဆိုပြီး အိပ်ရာပေါ် နှာခေါင်းပိုက်တပ် အောက်ဆီဂျင် ပိုက်လေးနဲ့ပုံ မြင်ရတော့ ကိုယ် ခေါင်းကို အကြိမ်ကြိမ်ခါရမ်းမိတယ်။

"မင်းမသေရဘူး ချယ်ရီဖူးမေ...လုံးဝမသေရဘူး"

ကိုယ်ဟာ ချယ်ရီ့ကိုကယ်တင်ဖို့ တာဝန်ပေးခြင်းခံထားရလို့ တာဝန်ရှိနေသလို ခံစားရတယ်။ ဒါပေမဲ့ လမ်းစကပျောက်နေတယ်။ com-

ment ထဲမှာ စိတ်မကောင်းတဲ့စာတွေ၊ အားပေးတဲ့စာတွေ တွေ့ရတယ်။ comment တွေ ဖတ်ရင်းနဲ့ အမှတ်မထင် ကိုယ့်သူငယ်ချင်းရဲ့ညီလေးက လည်း နှစ်သိမ့်တဲ့ comment ရေးထားတာ တွေ့လိုက်တော့ ကိုယ့်အတွက် အဆင်ပြေသွားတာပေါ့။ အဲဒီကနေ FB သူငယ်ချင်းအဖြစ် လက်ခံပေးဖို့ တောင်းဆိုရတော့တယ်။ အဲဒီညီလေးနဲ့ ဖုန်းပြောဖြစ်အောင် ကြိုးစားတော့

"အစ်ကို ချယ်ရီက နေမကောင်းဘူး။ သူ အခု FB တောင် ဖွင့်မသုံးနိုင်တော့ဘူး။ ဒါပေမဲ့ ကျွန်တော်ပြောပေးပါ့မယ်" တဲ့။

နောက်တစ်ပတ်လောက်ထိ ဘာပို့စ်မှ တက်မလာတော့သလို ချယ်ရီနဲ့ လိုင်းမှာ သူငယ်ချင်းဖြစ်ဖို့ ပိုဝေးလာသလို ခံစားရတယ်။

ရေစပ်လေးမှာ တစ်ယောက်တည်းထိုင်ပြီး ငေးချင်ရာငေးနေတဲ့ အရင်တုန်းက ပုံလေးကို ခဏခဏကြည့်ရင်း ကိုယ့်ရင်ထဲမှာ ပြင်းပြင်း ရှရှ တောင့်တမျှော်လင့်နေမိတာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ သူငယ်ချင်းဖြစ်ချင်တယ် ချယ်ရီ။ ကိုယ့်ရဲ့တောင့်တမှုက စိုးရိမ်မှုနဲ့ မနေ တတ်၊ သိလိုမှုလွန်ကဲတာတို့ကြောင့်ပဲလားမသိ တစ်စုံတစ်ခုကို ဆာလောင် မွတ်သိပ်နေသလို ခံစားရတယ်။

ချယ်ရီဖူးမေ လောကကြီးက စွန့်ခွာသွားတော့မယ်ဆိုတဲ့အတွေးက ရင်ထဲမှာတော့ မီးစတစ်စရှိနေသလို ပူလောင်မှုကို ခံစားနေရတယ်လို့ပြောရင် ပိုတယ်လို့ ထင်ကြမှာပဲ။ ထင်ချင်သလိုသာ ထင်ကြပါတော့။ နောက်ဆုံး ကျတော့ ကိုယ်တိုင်တောင် နားမလည်တဲ့ ပိုသာတဲ့ခံစားချက်မျိုး ရှိနေခဲ့တယ် ဆိုတာ သိလာခဲ့ရတယ်။

စက်တင်ဘာလရဲ့ ရက်တစ်ရက်...။ တိတိကျကျပြောရရင် စက်တင်ဘာလ (၁၀) ရက်နေ့မှာတော့ ချယ်ရီက သူငယ်ချင်းအဖြစ် လက်ခံ တာကို အံ့ဩစွာတွေ့လိုက်ရတယ်ဆိုရင်ပဲ ထခုန်မတတ် ပျော်သွားခဲ့တယ်။

ကျေးဇူးတင်ကြောင်း အရင်လှမ်းပြောတယ်။ လိုင်းပေါ် ပြန်ရောက်လာတဲ့အတွက် ကျန်းမာရေးအခြေအနေ ကောင်းမွန်လာတယ်လို့ ယူဆမိတယ်။ ဒီလောကကြီးမှာ ကိုယ့်လောက်ဝမ်းသာတဲ့သူ ရှိနိုင်ပါဦးမလားလို့တောင် တွေးမိတယ်။

FB ပေါ်မှာ သူငယ်ချင်းဖြစ်သွားပြီးနောက်မှာတော့ မိုးလင်းတိုင်း အမြဲနှုတ်ဆက်ဖြစ်တယ်။ ချယ်ရီကလည်း ပြန်နှုတ်ဆက်တယ်။ တဖြည်းဖြည်းနဲ့ စကားပြောကြည့်တော့ မဆိုးပါဘူး။ အဓိက ပြောဖြစ်ကြတာတွေကတော့ ကျန်းမာရေး။ နောက် စိတ်ဓာတ်ပိုင်းဆိုင်ရာ အတွေးအခေါ်၊ ပရဟိတလုပ်ငန်း၊ ကဗျာ၊ စာပေ၊ ယဉ်ကျေးမှု၊ ပညာရေးနဲ့ နိုင်ငံရေးအကြောင်းများကို မရိုးနိုင်အောင် ပြောဖြစ်လာကြတယ်။ အဲလိုပြောရင်းနဲ့ပဲ ရင်းနှီးလာကြတယ်။ ကိုယ့်အတွက်တော့ အတိုင်းအဆမဲ့ ပျော်ရွှင်မှုပေါ့။

တစ်ခါက ဓာတ်ပုံကို သီးသန့်ပို့ပေးပါလားလို့ပြောလို့ ဓာတ်ပုံပို့ပေးလိုက်တော့ "ရှင်က မင်းသားပဲ"ဆိုတဲ့အပြောလေးကို သဘောကျတယ်။ မင်းသားလို့ပြောတာကို သဘောကျခြင်းမဟုတ်ဘဲ ချယ်ရီ့စိတ်ထဲ မင်းသားလို့ ကင်ပွန်းတပ်ပြောတာကို နှစ်သက်တာပါ။ ဒါကလည်း ချယ်ရီ တမင်သက်သက်ပြောတာကို သိပါတယ်။ ကိုယ်က မင်းသားတစ်ယောက်လို ချောနေတာမှမဟုတ်ဘဲ။

ကိုယ်ပို့ပေးတဲ့ ဟာသကာတွန်းနဲ့ ရယ်စရာပုံဝတ္ထုတွေကြောင့် ချယ်ရီ ရယ်မောပျော်ရွှင်ရပါတယ်လို့ပြောတော့ ထပ်တူပျော်ခဲ့ရတာပါပဲ။ ကဗျာတွေကိုလည်း နှစ်သက်တယ်။ ဘဝမှာ တန်ဖိုးထားမှုပုံစံတွေ အမျိုးမျိုး ရှိတဲ့အကြောင်း အကြိတ်အနယ်ဆွေးနွေးရင်း အချစ်အကြောင်း ရောက်ရင်တော့ အငြင်းအခုံလေးတွေ ပါလာတတ်တယ်။

နားလည်ပါတယ်...။ ချယ်ရီ့ရဲ့နှလုံးသားက ခဲမှန်ဖူးတဲ့ စာသူငယ်လို ဖြစ်နေခဲ့မယ်ဆိုတာ ကိုယ်နားလည်တာပေါ့။

ချယ်ရီက ပဟေဠိဖွက်ပြီး အဖြေရှာရတာတွေကို စိတ်ဝင်စားတတ်လို့ ပဟေဠိဖွက်တမ်းပြိုင်ကြရင်တော့ ချယ်ရီက အခက်တွေဖွက်တတ်တယ်။ ကိုယ်မဖြေနိုင်ရင် သဘောတွေကျ ပျော်ရွှင်နေတာကို တွေ့ရတော့ ချယ်ရီ့ကိုပဲ အနိုင်ပေးချင်ခဲ့တယ်။ လောကကြီးမှာ အနိုင်အရှုံးဆိုတာ ဒွန်တွဲနေတာမျိုးလေ။ အချစ်ရေးမှာ ရှုံးနိမ့်ခဲ့ရလို့ စိတ်အားငယ်နေတဲ့ ချယ်ရီ့ကို ပျော်ရွှင်ခြင်းအရသာတွေ ခံစားစေချင်တာ ကိုယ့်စေတနာပါ။ ဒါကြောင့် ခက်ခဲတာတွေမဖွက်ဘဲ အလွယ်တွေပဲ ဖွက်ခဲ့တယ်။ ချယ်ရီ့ မေးခွန်းတွေကို သိရင်တောင် မသိချင်ဟန်ဆောင်ပြီး အရှုံးပေးလိုက်တာပါပဲ။ ဒါပေမဲ့ ချယ်ရီ့ရဲ့မေးခွန်းခက်ခက်တွေကို မသိတာက များပါတယ်။ တစ်ခါကဆို ဘယ်စာအုပ်ထဲကနေ ဖတ်ထားပြီး မေးတာလည်းတော့မသိဘူး။ မေးခွန်းက အတော်ခက်တယ်။

"ဆိုကရေးတီးက ၁၉၃၀ ခုနှစ်မှာ အမေရိကန်ကိုရောက်လာပြီး ဝိုက်ဒင်းနားတက္ကသိုလ် ပိဋကတ်တိုက်ကြီးမြောက်ဘက်မှာရှိတဲ့ မက်ဆာချူးဆက်ရိပ်သာလမ်းမပေါ်က အကျော်ကြားဆုံးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်လာတယ်။ အဲဒါ ဘာဆိုင်ပိုင်ရှင် ဖြစ်လာတာလဲ"တဲ့။

"မြတ်စွာဘုရား...တကယ်မသိပါဘူး"

"မသိရင် နောက်တစ်ခုထပ်ပြောမယ်။ အဲဒီဆိုင်ကို အဘိဓမ္မာဆရာတင်မဟုတ်ဘူး ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ ဘောဂဗေဒ၊ နိုဘယ်ဆုရသူတွေပါ လာကြတယ်။ အဲဒီဆိုင်မှာ ဆိုကရေးတီးရဲ့ ဇနီးလုပ်တဲ့ ရှောက်ရည်စိမ် သိုးကလေးသားကင်က အကောင်းဆုံးလို့ နာမည်ကြီးတယ်"

"ဟိုက်!...ရှည်လျားတဲ့ပဟေဠိကိုဖွက်တဲ့နေရာတော့ တော်ပါပေတယ်...ကျွန်တော်အရှုံးပေးပါတယ်။ လုံးဝကိုမသိတာပါ...ပြောပြပါ"

"ဟင်း...မာရသွန်ပျော်ပွဲစားရုံပိုင်ရှင်ဖြစ်လာတာ မှတ်ထား" လို့ ဆရာကြီးလေသံနဲ့ပြောရင်း တခစ်ခစ်နဲ့ သဘောကျနေတဲ့အသံကို ကြားယောင်နေမိတယ်။

အဲဒီလို ကလေးဆန်ဆန်အပြုအမူလေးတွေကိုပဲ နှစ်သက်သဘောကျရင်း ချယ်ရီ့ရဲ့ တခစ်ခစ်ရယ်သံလေးထဲမှာ နှလုံးသားက စီးမျောပျော်ဝင်သွားခဲ့တယ်လေ။

စာဖတ်တာကို ဝါသနာပါပြီး စာအုပ်စာပေကို မြတ်နိုးတန်ဖိုးထားတဲ့ ချယ်ရီဟာ စိတ်ဓာတ်ကျလွယ် တက်လွယ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တာမို့ စိတ်ကို ခွန်အားဖြစ်စေမယ့် ဘယ်လိုစာအုပ်စာပေတွေကို ဖတ်သင့်တယ်လို့ လမ်းညွှန်ပေးခဲ့တယ်။ ကိုယ့်လမ်းညွှန်မှုကို လက်ခံခဲ့ပြီး ချယ်ရီစိတ်ခွန်အားတွေ ပြန်လည်ရရှိဖို့ တစ်နှစ်ခွဲလောက်ထိ အချိန်ယူခဲ့ရတယ်။ မေ့ပျောက်ဖို့ဆိုတာ မလွယ်ကူပေမယ့် အတော်အတန်တော့ နေသားကျလာဖို့ မျှော်လင့်ခဲ့တယ်။ စိတ်ဓာတ်ကျနေသူတစ်ယောက်ကို ပြန်လည်မြှင့်တင်ဖို့ဆိုတာ ချက်ချင်းမလွယ်ကူပေမယ့် စာပေနဲ့မဝေးတဲ့ ချယ်ရီကတော့ သဘောပေါက်မြန်ဆန်လို့ ကိုယ့်ဘက်က ခက်ခက်ခဲခဲကြီးတော့ မဟုတ်ပေမယ့် လွယ်တော့လည်း မလွယ်ခဲ့ဘူး။

စိတ်တွေတစ်ထပ်တည်းကျရင် စကားပြောလို့ကောင်းလာတယ်။ အများအားဖြင့်တော့ ချယ်ရီ့ကို အငြင်းအခုံလုပ်ခဲပါတယ်။ ချယ်ရီသဘောတူတာ၊ ဆန္ဒရှိတာတွေကို မဆန့်ကျင်ဘဲ ကိုယ်တိုင်လိုက်လုပ်ပေးခဲ့တယ်။ ဘဝဟာ ပိုပြီးပျော်စရာကောင်းလာသလို ချယ်ရီ့အတွက် အဖော်တစ်ဦး

ဖြစ်လာတာကို အရမ်းကျေနပ်ခဲ့တယ်။ တစ်ခါတစ်ခါ ပြောင်စပ်စပ်ပုံရိုက်ပြီး ပို့ပေးတတ်တယ်။ ဒီလိုဆို ချယ်ရီ့စိတ်ခံစားချက် ပုံမှန်ပြန်ဖြစ်လာပြီလို့ ယူဆမိတယ်။

ဒီလိုနဲ့ သုံးနှစ်ကျော်ကာလကို ဖြတ်သန်းခဲ့တယ်။ မန္တလေးနဲ့ တောင်ကြီးဆိုတာ ဘာဝေးလို့လဲ အခုသွား အခုရောက်နိုင်တဲ့ခရီးမို့ အရမ်း သွားချင်ခဲ့ပေမယ့် ချယ်ရီက မလာသေးနဲ့ဦး၊ ခွင့်ပြုချက်ရမှ လာရမယ် ဆိုတာနဲ့ ခွင့်ပြုချက်အတိုင်း သုံးနှစ်နဲ့ နှစ်လမှ ရောက်လာခဲ့ရတယ်။ ဒါဟာ ချယ်ရီ့အပေါ် လိုက်နာခံစားပေးမှုတွေပဲ။

အခန်းအပြင်မှာ နှင်းဖွေးဖွေးလေးတွေကျလာတော့ ပိုပြီးအေးလာ သလိုပဲ။ တောင်ကြီးမြို့လေးရယ် ခံစားချက်အတိုင်း လှနေတာပါပဲလား…။

●

## အခန်း (၄)

ညနေ ချယ်ရီရောက်လာတော့ သူ့ကားလေးနဲ့ထွက်ပြီး ထမင်းသွားစားကြတယ်။ ထမင်းစားပြီး ကော်ဖီဆိုင်လေးတစ်ဆိုင် ပြောင်းထိုင်ကြတယ်။ ကော်ဖီသိပ်မကြိုက်ပေမယ့် ချယ်ရီကြိုက်တဲ့ကော်ဖီကို လိုက်သောက်တယ်။ ရာသီဥတုအေးအေးမှာ ကော်ဖီပြင်းပြင်းမွှေးမွှေး တစ်ခွက်ရဲ့အရသာနဲ့ စာအုပ်တစ်အုပ်က လူ့ဘဝရဲ့သက်တမ်းကို ပိုရှည်စေတယ်ဆိုတာ အမှန်ပဲဖြစ်နိုင်တယ်။ ချယ်ရီလည်း ဒီအတိုင်းပဲဖြစ်မယ် လို့ထင်တယ်။

"ချယ်ရီ…ရော့ လက်ဆောင်"

ချယ်ရီ့မျက်ဝန်းလေး အရောင်တောက်သွားတယ်။

"ဘာတွေလဲ"

"ကြည့်လေ"

"ဒီဘူးလေးက ဘာလဲ"

"ကြည့်ပါဆို"

ချယ်ရီက ဘူးအဖုံးလေးကိုဖွင့်လိုက်တယ်။

"ဟယ်…အရုပ်ကလေး"

"ဘိုမအရုပ်လေလေးလေ…ချယ်ရီနဲ့တူတဲ့ပုံကို ရွေးဝယ်လာတာ"

"အင်း…တူသလိုပဲ…ဒါပေမဲ့ အရုပ်က ပိုလှတယ်…ချစ်စရာကောင်းလိုက်တာ"

"ချယ်ရီကြိုက်လား"

"ကြိုက်တာပေါ့…ကျေးဇူးပင်စည်"

"ရော့…ဒီမှာကျန်သေးတယ်"

"ဟင်…အားနာစရာကြီး"

"စာအုပ်တွေပါ ချယ်ရီ"

"အိုး…ဒီလက်ဆောင်တွေအတွက် ကျေးဇူးတင်ပါတယ်…ကျွန်မဟိုးအရင်က သိပ်အများကြီး မဖတ်ဖြစ်ပေမယ့် ပင်စည်ပို့ပေးတဲ့စာအုပ်တွေကို အားလုံးဖတ်ဖြစ်တယ်။ နောက်ပိုင်း အားတဲ့အချိန်တိုင်း ဘဝအတွက် စာအုပ်တွေဖတ်ဖြစ်လာတယ်"

"ဒါပေါ့…ချယ်ရီ့ကို စိတ်ခတ်တွေကျဆုံးနေတဲ့မိန်းကလေး မဖြစ်စေချင်ဘူးလေ…နောက်တစ်ခုက ဖြစ်ချင်တဲ့ဆန္ဒနဲ့ဘဝ ထပ်တူမကျတာ…တချို့ဆို အရှုံးပေးလိုက်ရတာ…တချို့က အရှုံးထဲကနေ ပြန်ရုန်းထရတာ…ဒါတွေကိုလည်း သိစေချင်တယ်"

"ပင်စည်ပေးတဲ့ထဲက နိုဘယ်ဆုရတဲ့ ယူကေနိုင်ငံက John ရေးတဲ့ 'အရှုံး'ဆိုတဲ့ ဝတ္ထုတိုကို အရမ်းသဘောကျတယ်။ အရှုံးကိုပြောလို့ သတိရသွားတယ်...အဲဒီဝတ္ထုကို ပင်စည်ရော ကြိုက်လား"

"ပြည့်တန်ဆာဖြစ်သွားတဲ့ ဂျပန်ကတော်လေးအကြောင်းလား"

"ဟုတ်တယ်...မေထားလေ"

"ကိုယ်လည်းကြိုက်တယ်...သနားစရာကောင်းတယ်။ စစ်ကို မုန်းတီးနေပြီး စစ်ကြောင့် သူ ပြည့်တန်ဆာဖြစ်ခဲ့တယ်။ ဒုက္ခ ရောက်နေတုန်း ဗမာဗိုလ်လေးနဲ့တွေ့ပြီး သူ့ခံစားချက်တွေကို သူ့အခန်းကျဉ်းလေးထဲမှာ ရင်ဖွင့်ခဲ့တာ"

"ဟုတ်တယ်...မေထားနေရာကနေ ခံစားကြည့်တာပါ။ သူတော် ကောင်း ဂျပန်ဗိုလ်နဲ့ရတယ်...သားလေးတစ်ယောက်ရပြီး ယောကျ်ား စစ်ထွက်သွားတာ ပေါ်မလာတော့ဘူး...စစ်ကြောင့် ဆွေမျိုးတွေ အကုန်သေပြီး ဘဝပျက်သွားရှာတယ်...ကလေးက လေးငါးလသားအရွယ်မှာ အဖျားပိုးဝင်ပြီး သေသွားပြန်တယ်။ အင်္ဂလိပ်စစ်တပ်တွေ ဝင်လာတော့ မေထားကို ဂျပန်မယား စပိုင်မဆိုပြီး အင်္ဂလိပ်တပ်နဲ့ပါလာတဲ့ စစ်စုံထောက်တွေကို တွေ့ ပေးလိုက်ကြတယ်...စစ်စုံထောက်တွေက ရိုးရိုးမမေးဘူး။ လူကို လည်းယူတယ်၊ အနှောင့်အယှက်အမျိုးမျိုးလည်းပေးပြီး မေးခဲ့ တယ်။ သူတို့ရဲ့ စစ်လားဆေးလားအောက်မှာ မေထား ဘဝပျက် ခြင်း စတော့တာပဲနော်"

ချယ်ရီက စစ်နဲ့ပတ်သက်ရင် မုန်းတယ်ဆိုတာသိတယ်။ ချယ်ရီ့ အဘွားပြောပြတဲ့ စစ်ပွဲအကြောင်း၊ ဒုက္ခတွေ သေကျေပျက်စီးမှုတွေကို နားရည်ဝစွာနားထောင်ရင်း ကြီးပြင်းလာခဲ့သူလေ။ ဒါကြောင့် ဒီဝတ္ထုပေါ်

ခံစားလွယ်ပြီး သဲသဲမဲမဲဆွေးနွေးနေတာ။ ဒါကိုပဲ ကိုယ်က သဘောကျမိတယ်။ ဒီလိုပဲဖြစ်ရမယ် ချယ်ရီ။

"ကိုယ်က ဗိုလ်လေးနေရာကနေဝင်ပြီး စဉ်းစားမိတယ်။ သူက ဂျပန်ကတော်မှန်းလည်းမသိ။ လမ်းမှာတွေ့လို့ အကူအညီပေးရင်း ပါသွားတာ။ မေထားက သူ့ခံစားချက်တွေနဲ့သူပြောနေတာ။ နာကျည်းသံနဲ့ 'ဗိုလ်လေးတို့က ဒီစစ်ကြီးကို ဂျပန်တွေရှုံးသွားတဲ့ထိ တိုက်မှာပေါ့နော်' လို့ တိုးတိုးလေးမေးတော့ ဗိုလ်လေးက သူ့နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ထားတယ်။ 'ဒီစစ်ကြီးနိုင်ရင် တိုင်းပြည်ကောင်းစားမှာပဲလို့ ယုံကြည်ပြီးတိုက်နေတာ အသက်တွေ အသေခံပြီးတိုက်နေတာမဟုတ်လား' လို့ မေးထားမေးတဲ့အခန်း မှတ်မိနေတယ်"

ချယ်ရီက ခေါင်းညိတ်ရင်း...

"အမှန်တော့ ဂျပန်ဗိုလ် သူ့ယောကျ်ားက ဒီစစ်ကြီးကြောင့် သေသွားလို့ ယောကျ်ားအတွက် ရင်နာရသလို သားအတွက်လည်း နာကျင်နေတာ။ သူမေးလိုက်တော့ ဗိုလ်လေးဖြေလိုက်တာကို သူ့နားထဲကရော ရင်ထဲကပါ မကြားချင်ဘူး မခံစားနိုင်ဘူး ဖြစ်နေတာ။ ဖက်ဆစ်တွေကို တစ်ယောက်မကျန် ပျောက်သွားတဲ့အထိ တိုက်မှာလို့ ဗိုလ်လေးပြောလိုက်တာလေ"

"ဟုတ်တယ်၊ သူ့ယောကျ်ားက မီးရထားတပ်ကလေ။ တကယ်တော့ ဒီဝတ္ထုက စစ်ဆိုတာ ဘယ်ဘက်ကအနိုင်ရရ ပြီးသွားတယ် မရှိဘဲ ဆိုးကျိုးတွေပဲ ဘဝနာစွာ ကျန်ရစ်ခဲ့တာကို ပြောချင်တာ။ ဘယ်လိုစစ်မျိုးပဲဖြစ်ဖြစ် နောက်ဆုံးတော့ စစ်ကြောင့် ဘဝတွေ စုတ်ပြတ်သပ်ပြီး ခံစားရတာက အပြစ်မဲ့ ပြည်သူတွေပဲလေ"

"အဲဒီထဲမှာ မေထားဘဝမှာ လူကောင်းဆိုလို့ နောက်ပိုင်း ဗိုလ်လေးတစ်ယောက်ပဲ တွေ့ဖူးတယ်။ လူကြီးလူကောင်းဆိုတာကို ရှင်ယုံလားလို့ မေးတဲ့အခန်း ကျွန်မသိပ်သဘောကျတယ်"

"ဟုတ်တယ်...ကိုယ်လည်း သဘောကျတယ်။ အဲဒီအခန်းမှာ မေထားပြောတာ ထိတယ်။ ခေါင်းဆောင်ကြီးတွေဆိုတာ စစ်ကို ဖန်တီးတဲ့ တရားခံတွေပဲ။ သူတို့နာမည်ကျော်ကြားဖို့၊ ဂုဏ်ရှိဖို့၊ အာဏာရဖို့၊ ရာထူးရဖို့ စကားလေး တစ်ခွန်းနှစ်ခွန်း၊ စာလေး တစ်ကြောင်းနှစ်ကြောင်းနဲ့ ခုလိုစစ်ကြီးတွေဖြစ်ပြီး အပြစ်မဲ့တဲ့ဘဝ တွေကို သတ်ပစ်ခဲ့ကြတယ်။ လူတွေဟာ တိရစ္ဆာန်တွေနဲ့ ဘာမှ မခြားဘူးဆိုတဲ့ မေထားရဲ့စကားက ဖတ်သူတွေကို ထိစေတယ်"

"တကယ်လည်းဟုတ်နေတာပဲ ပင်စည်။ သူ့ဘဝလေးက နောက်ဆုံးတော့ ဆိုးသထက်ဆိုးလာတယ်။ လူကောင်းဖြစ်ပါတယ်ဆိုတဲ့ ဗိုလ်လေးတောင် သူ့ကို အသုံးစရိတ်ပိုက်ဆံပေးပြီး မေထားပြော တာတွေကို နားမထောင်ချင်တော့ဘူးလေ။ သူတို့ဗိုလ်တွေအားလုံး က အထက်အမိန့်နဲ့ အသက်ရှုနေကြရတာဆိုတော့ ဂျပန်တွေ လက်နက်ချပြီလည်းကြားရော ချက်ချင်းထွက်ပြေးသွားတယ်။ ရင်ဖွင့်ခံစားပေးဖော် တစ်ယောက်မှမရှိတဲ့ မေထားဆီ ထုံးစံအတိုင်း အပေးအကမ်းရက်ရောတဲ့ တရုတ်သူဌေးရောက်လာတော့ တံခါး ကိုပိတ်ပြီး မသထာရေစာလောက်နဲ့ ကိုယ်ခန္ဓာကို မပေးနိုင်တော့ ဘူးလေ။ ရန်ကုန်မြို့ကြီးတစ်မြို့လုံး ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ ပျော်နေကြချိန်မှာ မေထားကတော့ ဖုန်အလိမ်းလိမ်းတက်နေတဲ့ အခန်းကျဉ်းထဲမှာ အရှုံးတွေနဲ့ ငိုနေခဲ့ရတယ်"

"ချယ်ရီက အလွတ်နီးပါးရအောင်ကို 'အရှုံး'ကိုဖတ်ထားတာပဲ။ ၁၉၃၀ လောက်က ရေးခဲ့တဲ့ဝတ္ထုတိုပေမယ့် ခုချိန်ထိ ခေတ်မီနေတယ်…ခေတ်ကိုထင်ဟပ်နေတဲ့ ဝတ္ထုတိုတစ်ပုဒ်ပေါ့"

"မေထားလို ဘဝဆိုးမျိုး စစ်ကြောင့် ဒုက္ခတွေက အပေါ်ယံမဟုတ်ဘဲ စစ်ဒဏ်ရာအနာတရတွေ ရခဲ့ကြတာကို မြင်လာတယ်။ ဒါကြောင့် ကြိုက်တယ်။ စစ်ပွဲတစ်ပွဲပြီးဆုံးတိုင်း သားစဉ်မြေးဆက် မပြီးဘူးဆိုတာ ကိုယ်တွေ့ပဲ။ အဘွားရဲ့ဒဏ်ရာအနာတရဟာ ကျွန်မတို့တွေဆီပါ ကူးစက်တယ်။ အဘွားက အိပ်ရာဝင်တိုင်း စစ်ပွဲတွေအကြောင်း ပြောပြတယ်။ ပြည်တွင်းစစ် အကြာရှည်ဆုံးဖြစ်နေတာကို မုန်းနေမိတယ်"

"ဟုတ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရတာ အခက်ဆုံးလို့ ပြောကြတာပေါ့။ လူတွေကို မယုံကြည်တဲ့စိတ် သံသယများရာကနေ ဒုက္ခတွေဖြစ်ပေါ်လာတတ်တာပဲ"

"ကျွန်မကို စောင်းပြောနေတာလား ပင်စည်"

"မဟုတ်ပါဘူး ချယ်ရီရယ်"

"ဟုတ်တယ်လို့ပြောလည်း စိတ်မဆိုးပါဘူး ပင်စည်…ကျွန်မဘဝရဲ့ တစ်ဆစ်ချိုးအခြေအနေတွေကြောင့် လူတွေအပေါ် သံသယထားတာ အကျင့်လိုဖြစ်နေပြီ"

"ကိုယ့်ကိုရော သံသယထားတုန်းလား ချယ်ရီ"

"အချိန်က စကားပြောသွားမယ်ထင်တာပါပဲ"

"သုံးနှစ်ကျော်ပြီလေ"

"ဒါက အချိန်ကာလတစ်ခုကို သတ်မှတ်ခြင်းပါ။ ပင်စည့်ကို အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်။ ဘဝမှာ နေလို့

ထိုင်လို့ မပျော်ဦးတောင် အဆင်ပြေသလို နေတတ်လာတာ ပင်စည့်ကြောင့်ပါ”

“ကိုယ်လာတာ ချယ်ရီမပျော်ဘူးလားဟင်”

“ပျော်တာထက် ကျေနပ်နေတယ်ဆိုရင် ပိုမှန်မယ်။ ပြီးတော့ တွေ့ရတာ ဝမ်းသာပါတယ်”

“ဟုတ်ပါပြီ။ ဘာပဲဖြစ်ဖြစ် ကိုယ်လည်း ချယ်ရီ ခုလို ကိုယ်နဲ့ စကားတွေအကြာကြီးထိုင်ပြောပေးတာကို ကျေနပ်တယ်။ ချယ်ရီ့ မျက်နှာလေး မြင်နေရလို့လည်း စိတ်ချမ်းသာတယ်”

“ပင်စည်လည်း ဝတ္ထုထဲက ဗိုလ်လေးလိုလူမျိုးဖြစ်မှာပဲ။ စိတ်ကောင်းရှိတယ်”

“အမှန်အတိုင်းပြောရရင် ချယ်ရီမို့လို့လည်း ပိုမိနေတယ်ထင်တာပဲ”

“ကျွန်မသာ ဝမ်းနည်းနာကျင်မနေဘူးဆိုရင် ပင်စည် ကျွန်မအနား ရောက်လာမှာမဟုတ်ပါဘူး။ ကျွန်မနဲ့တွေ့တဲ့သူတိုင်း စိတ်ပျက်စရာတွေချည်းပဲ အဖတ်တင်သွားမှာကို စိုးရိမ်တယ်။ အဲဒီလို ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်”

“မဟုတ်တာ ချယ်ရီရယ်...အဲဒီလိုမပြောပါနဲ့”

ချယ်ရီ့မျက်နှာလေးက နေနဲ့ဝေးတဲ့ ကြာပန်းလေးလို ခပ်နွမ်းနွမ်း လေးဖြစ်သွားတာမို့

“ကဲ...ချယ်ရီ၊ စိတ်ကိုလွတ်လွတ်လပ်လပ်ထား...မနက်ဖြန် ကျွန်တော်မျိုးကြီးကို အင်းလေးလိုက်ပို့ပေးမှာလား”

"ပို့မှာပေါ့...အင်းလေးသွားမယ်။ အင်းထဲမှာ ရှမ်းထမင်းစားတာပေါ့...ကြိုက်လား"

"သိပ်ကြိုက်ပေါ့...ဈေးကိုလည်းသွားမယ်"

"ဘာဝယ်မလို့လဲ"

"ဒီလိုပေါ့ ကိုယ့်ချစ်သူအတွက် ဘာလေးညာလေး..."

ချယ်ရီက နှုတ်ခမ်းလေးစူရင်းကြည့်တော့ တစ်မျိုးလေးပဲ ရင်ထဲလှုပ်ခတ်သွားတယ်။ အပြန်ည အိမ်အထိလိုက်ပို့လိုက်တယ်။ အိမ်ထဲထိတော့ မဝင်တော့။ ဟိုတယ်ရောက်တော့ ဟိုတယ်မှာထားခဲ့တဲ့ ချယ်ရီ့ဆိုင်ကယ်လေးကိုမြင်တာနဲ့ တစ်ယောက်တည်း ပြုံးမိတယ်။

ကိုယ့်ချစ်သူရဲ့ဆိုင်ကယ်လေးပဲဆိုတဲ့အသိနဲ့ ဆိုင်ကယ်လေးကိုငေးကြည့်နေမိတယ်။

●

## အခန်း (၅)

အင်းလေးကန်ထဲရောက်တော့ ငယ်စဉ်က အသည်းစွဲဖြစ်ခဲ့ရတဲ့ 'အင်းလေးမှာရွာတဲ့မိုး' ဇာတ်ကားကို သတိရမိတယ်။ စက်လှေတစ်စီးလုံး ကိုယ်နဲ့ချယ်ရီ နှစ်ဦးတည်း။ ကိုယ့်အတွက်အချိန်ပေးတဲ့ ချယ်ရီ့ကို ကျေးဇူး တင်မိတယ်။ ဦးလေးရဲ့ဆိုဒ်ထဲမှာ အလုပ်လုပ်ရတာမို့ အချိန်ယူရတာ ကိုလည်း အဆင်ပြေနေတယ်။ ဗီဒီယိုကင်မရာနဲ့ အင်းလေးဝန်းကျင်တွေကို ရိုက်တယ်။ ပြီးတော့ လှနေတဲ့ ချယ်ရီ့ပုံတွေပေါ့။ ခုချိန်မှာတော့ ချယ်ရီ့ ကိုကြည့်ရတာ အတော်အတန် စိတ်သက်သာရာရသွားပြီထင်ပါရဲ့။

ကိုယ်သာဆိုရင် ပထမလူလို ချယ်ရီ့ကို ဘယ်တော့မှ ပစ်မသွား ဘူးလို့ စိတ်ထဲက အကြိမ်ကြိမ်ပြောမိတယ်။ ချယ်ရီ့ကိုပစ်ပြီး နောက် ကောင်မလေးတစ်ယောက် အသစ်ရသွားတယ်လို့ပြောတယ်။

'ကျွန်မ အားနည်းချက်ကြောင့်ပါ။ အပြစ်မတင်ချင်ပါဘူး။ ရင်ထဲမှာတော့ အရမ်းခံစားရတယ်' ဆိုတဲ့ ချယ်ရီ့စကားသံကိုကြားတော့ အဲဒီလူမိန်းကလေးတစ်ယောက်ကို တကယ်မချစ်ဘဲနဲ့များ ဘာလို့တွဲခဲ့တာလဲဆိုပြီး စိတ်တိုမိတယ်။

ချယ်ရီက အင်းတိန်ရွာ အရင်လိုက်ပို့တယ်။ ရွာကိုရောက်ဖို့ စက်လှေနဲ့ တော်တော်လေးသွားရတယ်။ ရွာမှာ ဈေးလည်းရှိတယ်။ ရိုးရာချည်ထည်၊ ငွေထည်လေးတွေလည်း အခင်းလေးတွေနဲ့ ဝါးကွပ်ပျစ်လေးမှာ ချရောင်းကြတယ်။ ချယ်ရီက လက်ဆောင်ဆိုပြီး ငွေလက်ကောက်လေး လက်ဆောင်ပေးတယ်။ ခုနစ်ရက်သားသမီးအကောင်စုံကို ရေးထိုးထားတဲ့ လက်ကောက်အပြားလေးကို ချက်ချင်းဝတ်ခိုင်းတယ်။ ပင်စည်နဲ့လိုက်တယ်လို့ပြောရင်း ဈေးတန်းတွေဘက်လျှောက်၊ အအေးသောက်ပြီး အင်းလေးဘုရားကို ဆက်သွားတယ်။ ဘုရားပေါ်မှာ ရွှေချပြီး လျှောက်လည်ကြတယ်။ နေ့လယ်စာကိုတော့ အင်းထဲက ရှမ်းထမင်းချဉ်ဆိုင်မှာ စားကြတယ်။ နိုင်ငံခြားသားအများစုကို တွေ့ရတယ်။ အပြန်မှာ အင်းထဲက နာမည်ကြီး ကြာသက်န်း ကြာပိုးထည်တွေလုပ်တဲ့နေရာ သွားကြတယ်။

ကိုယ်တို့နှစ်ယောက်လုံး ကြာပင် ကြာပိုးမျှင်ထုတ်တာကို စိတ်ဝင်စားကြတယ်။ ဒီလိုခက်ခဲလို့လည်း ကြာနဲ့ရက်တဲ့အထည်တွေ၊ သက်န်းတွေက အရမ်းဈေးကြီးတာနေမှာ။ ကျန်မာရေးနဲ့လည်း ညီညွတ်တာမို့ လူတွေက ဈေးကြီးပေမယ့် တန်ဖိုးထားဝယ်ကြတယ်။ ချယ်ရီ တခြားနေရာတွေ လျှောက်ကြည့်နေတုန်း စိတ်ကူးတစ်ခုရမိတယ်။

ကြာချည်နဲ့ရက်လုပ်ထားတဲ့တဘက်ကို တစ်သိန်းနဲ့ ခပ်မြန်မြန်ဝယ်လိုက်တယ်။ တဘက်ကို နှာဝကပ်ရှူကြည့်လိုက်တော့ ကြာနံ့သင်းသင်းလေးရတယ်။ မြေပေါ်မှာပွင့်တဲ့ပန်းတွေလိုတော့ တအားကြီးမမွှေးဘူး။ ဒါကို

ခေါင်းအုံးအောက် ထားအိပ်ရင် ကျန်းမာရေး အရမ်းကောင်းတယ်ဆိုတဲ့ ရောင်းတဲ့ကောင်မလေးရဲ့စကားကြောင့် ဝယ်ချင်သွားခဲ့တာ။

ချယ်ရီအိပ်တဲ့အချိန်တိုင်း အနားမှာထားအိပ်ပြီး ကျန်းမာရေးကောင်းစေချင်တယ်။ ကြာတဘက်လေး ချယ်ရီ့ကိုပေးတော့ အရမ်းအံ့ဩသွားတယ်။

"ဘာလို့ပေးတာလဲ ပင်စည်ရယ်...ဈေးကြီးတာကို"

"ဈေးကြီးတာ ဘာဖြစ်လဲ...ဒီချည်လေးတစ်ပင်ရဖို့ သူတို့လုပ်ယူရတာ အဆင့်တွေအများကြီးနဲ့ ဘယ်လောက်ခက်ခဲလဲ။ ကိုယ့်အနေနဲ့ဆို တန်တောင်တန်သေးတယ်"

"သူဌေးရယ် ဟုတ်မှာပေါ့"

"ကိုယ်က မချမ်းသာပါဘူး။ တန်ဖိုးထားတာပါ။ တန်ဖိုးရှိတဲ့အရာတစ်ခုကို ကိုယ်တန်ဖိုးထားတဲ့သူကိုပေးတာ။ ပြီးတော့ ခေါင်းအုံးအောက် ထားအိပ်ရင် ကျန်းမာရေးလည်း ကောင်းတယ်။ အင်း... ကိုယ့်ကိုလည်း သတိရပေါ့"

"ကျွန်မဝယ်ပေးတဲ့လက်ကောက်က တန်ဖိုးမရှိဘူး။ အားနာတယ်"

"တန်ဖိုးဆိုတာ ဘာနဲ့ပိုင်းဖြတ်တာလဲ ချယ်ရီ...ငွေက လဲလှယ်တဲ့ကြားခံပစ္စည်း။ တန်ဖိုးမဟုတ်ဘူး။ ဒီလက်ကောက်လေးက ကိုယ့်အတွက် သိန်းသန်းမကတန်တယ် သိလား ချယ်ရီဖူးမေ"

"ဟုတ်ပါပြီ။ ဒါဆိုရင်လည်း ပင်စည့်ကို နိုင်အောင်မပြောတော့ပါဘူး။ ဒီတဘက်လေးကို ခေါင်းအုံးအောက် ထားအိပ်ပါ့မယ်"

"thank so much"

ချယ်ရီ့မျက်နှာလေး ပြုံးနေတယ်။ အပြန်မှာ စင်ရော်တွေကို စက်လှေပေါ်ကနေ အစာတွေပစ်ပေါက်ကျွေးကြတယ်။

"တော်လိုက်တဲ့ စင်ရော်တွေ မိအောင်ဖမ်းနိုင်တယ်။ ချယ်ရီ ခပ်မြင့်မြင့်လေးရောက်အောင်ပစ်...ဗီဒီယိုရိုက်ပေးမယ်...စင်ရော်တွေနဲ့ အရမ်းလှတယ်"

ချယ်ရီ့ပုံလေးတွေ အများကြီးရိုက်ဖြစ်တယ်။ ဒီဘက်ပိုင်းရောက်တော့ စင်ရော်တွေ လိုက်မလာတော့ဘဲ ပြန်လှည့်ပြန်သွားကြတယ်။ ဆက်မလိုက်တော့ဘူး။ သူတို့စည်းကမ်းရှိပုံက အံ့သြစရာပဲ။

* * *

မနက်ဖြန် မီးပုံးပျံပွဲ သွားကြမယ်။

ပျော်လိုက်တာ ချယ်ရီရယ်...။

ကိုယ့်အပျော်တွေ ချယ်ရီသိအောင် လိုင်းပေါ်ကပြောဖို့ လိုင်းဖွင့်တော့ ချယ်ရီမရှိဘူး။ တစ်နေကုန်ဆိုတော့ ပင်ပန်းပြီး အိပ်ပျော်သွားပြီထင်ပါရဲ့။

ကိုယ်ကတော့ အပျော်တွေလွန်ပြီး အိပ်မပျော်ဘူး ချယ်ရီ။ ပြီးတော့ ကိုယ့်ချစ်သူရှိနေတဲ့ ဒီမြို့လေးကနေ မခွဲချင်တော့ဘူး။ အသိစိတ်တို့က ချယ်ရီ့အနားမှာပဲ နေချင်တော့တယ်။ ဘုရားမှာတော့ ချယ်ရီ့လက်ကလေးကို ဆွဲယူဆုပ်ကိုင်ထားမိတယ်။ ညရောက်လို့ ဓာတ်ပုံတွေကိုပြန်ကြည့်တော့လည်း အတွေးတွေထဲမှာ စိုးမိုးလို့နေပြန်တယ် ချယ်ရီ။ ကိုယ် တစ်ခု သတိထားမိတာရှိတယ် ချယ်ရီ။ ချယ်ရီ ကိုယ့်လက်ကို လာချိတ်တာမျိုးတော့ ကိုယ် မခံစားရသေးဘူး။ ဘာလို့များလဲ ချယ်ရီရယ်...။

ချယ်ရီ မကြာခဏပြောဖူးတဲ့စကားလေးတော့ရှိတယ်။

'လူတွေကိုချစ်ရမှာ ကြောက်ကြောက်လာတယ်။ နှုတ်ခမ်းဖျား ကနေ သိပ်ချစ်တာပဲ၊ အရမ်းချစ်တယ်လို့ ဘယ်လောက်ပြောနေ ပြောနေ တစ်ချိန်ချိန်မှာတော့ ထားသွားခဲ့ကြတာချည်းပဲလေ'

ချယ်ရီ့မှာ မပြည့်စုံဘူးဆိုတဲ့ စိုးရိမ်အားငယ်စိတ်က အမြဲ လွှမ်းမိုးနေတယ်။ ချယ်ရီ့အဖေဆုံးပြီးနောက်ပိုင်း အိမ်ရဲ့စီးပွားရေးအခြေအနေ တော်တော်လေးယိုင်သွားတယ်လို့ ပြောဖူးတယ်။ ချယ်ရီ့ကို အစွမ်းကုန် ဖြည့်ဆည်းပေးတာကတော့ ချယ်ရီ့အမေပေါ့။

ဆရာဝန်ဖြစ်ချင်လို့ ကြိုးစားပေမယ့် အမှတ်ကပ်ပြီးပြုတ်ခဲ့လို့ စိတ်ဓာတ်ကျနေတဲ့အချိန် လုံးဝမျှော်လင့်မထားတဲ့အရာတစ်ခုက ချယ်ရီ့ဘဝ ထဲကို ဝင်လာတယ်။ အဲဒါကတော့ လူတိုင်း ခံစားနားလည် သိနေခဲ့ကြတဲ့ အချစ်ဆိုတဲ့အရာပေါ့။ အဲဒီအချစ်ကြောင့်ပဲ ဘဝမှာ ရှင်သန်ပျော်ရွှင်ခဲ့ရတယ် လို့ဆိုတယ်။ ဒါပေမဲ့ လောကကြီးနဲ့ လူတွေရဲ့ပြောင်းလဲမှုအကြောင်းကို ဖြန့်ကျက်မတွေးတတ်သေးတဲ့အရွယ်မို့ ချစ်သူက အမြဲထာဝရ ချစ်နေမယ့် သူလို့ ယုံကြည်ထားခဲ့တယ်တဲ့။ ပန်းတိုင်အဆုံးအထိ လက်တွဲလျှောက်ဖို့ ဆုံးဖြတ်ထားတဲ့ချယ်ရီ့အတွက် သိပ်ချစ်ရသူရဲ့ လက်တွဲဖြုတ်ခြင်းကို အံ့ဩစွာနဲ့ ခံစားလိုက်ရချိန်မှာတော့ အသက်တောင်မရှင်ချင်တော့တဲ့အထိ ဖြစ်ခဲ့ရတယ်တဲ့။ ချစ်သူရဲ့ လိမ်တယ်ညာတယ်ဆိုတဲ့ ထိုးနှက်စွပ်စွဲချက်တွေ အောက် ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရခဲ့တယ်။

ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို လိမ်ညာယူရလောက်အောင်ထိ ချယ်ရီ့ဘက်က မရိုးမသားမရှိနိုင်မှန်း ကိုယ်သိပါတယ် ချယ်ရီ။ တစ်ခါ တလေ ယောကျ်ားတွေက သူတို့လက်လွှတ်ချင်ရင် တစ်ဖက်ကို အပြစ်ရှာ တတ်ကြကြောင်းကိုတော့ ချယ်ရီ့ကို မပြောပြဖြစ်တော့ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ချယ်ရီ့မှာ ပြန်လည်ရှင်သန်ရမယ့် အကြောင်း တရား ရှိကိုရှိရမှာပါ။ ကိုယ် သစ္စာအကြိမ်ကြိမ်ဆိုခဲ့ပါတယ်။ မင်းကိုချစ်ဖို့ ဘယ်တော့မှ နောက်ဆုတ်မှာမဟုတ်ပါဘူး။

ကိုယ် အမြဲတမ်းယုံကြည်နေတာက သစ္စာတရားပဲ။ အဲဒီသစ္စာကို ချယ်ရီနဲ့ထပ်တူ တန်ဖိုးထားတယ်။ ချယ်ရီတန်ဖိုးထားတဲ့အရာတိုင်းကို သူလည်း တန်ဖိုးထားတယ်။ အရုပ်နဲ့ ပန်းကလေးတွေကို ချစ်တတ်သလို ဖိနပ်လှလှလေးတွေကို နှစ်သက်တတ်တဲ့ချယ်ရီက အရမ်းအားငယ်တတ်ပေ မယ့် တစ်ခါတစ်ခါမှာတော့ စိတ်ဓာတ်မာကျောချင်ဟန်လေး ဆောင်ထား တတ်တယ်။ ကိုယ်တိုင်တောင်မသိနိုင်တဲ့ နှလုံးသားကနေ ကိုယ့်မေတ္တာ တရားကို တွေ့နိုင်စေဖို့ မျှော်လင့်တယ်။

လက်ကနာရီကိုကြည့်တော့ အချိန်မနည်းတော့။ အိပ်တော့မယ်လို့ စိတ်ကူးတုန်း

"ပင်စည် မအိပ်သေးဘူးလား"

ဆိုတဲ့စာလေး ချက်ဘောက်စ်ကနေ ဝင်လာတယ်။

"မအိပ်သေးဘူ ... ချယ်ရီ ပင်ပန်းသွားလား ... စောစောအိပ်သွား တယ်ထင်တယ်"

"ဟုတ်တယ် ... ချက်ချင်းအိပ်ပျော်သွားတယ် ... ခုနိုးလာလို့"

"ကြာတဘက်လေး ခေါင်းအုံးအောက်ထားအိပ်ဖို့ မေ့သွားတယ် မဟုတ်လား"

"မမေ့ဘူး ... ထားအိပ်တယ် ... အဲဒီတဘက်ကြောင့်ပဲ အိပ်ပျော်သွား လားမသိဘူး"

"ကောင်းပါတယ် ... အိပ်ရေးဝတော့ စိတ်ကြည်တာပေါ့"

"ပင်စည် မနက်ဖြန် ညနေလောက်မှ ထွက်ရအောင်...မနက်ပိုင်း ဆိုဒ်ထဲသွားလိုက်ဦးမယ်"

"အိုကေ ချယ်ရီ...ကိုယ့်အတွက် အဆင်ပြေပါတယ်"

"ညကျ ဘုရားပေါ် အရမ်းအေးတယ်နော်...အနွေးထည်ထူထူ ဝတ်ခဲ့ မန္တလေးသား"

"ဟုတ်ကဲ့ပါ တောင်ကြီးသူ...ခင်ဗျားလေးသာ အအေးမမိစေနဲ့... မဖျားစေနဲ့"

"အင်းပါ"

"တကယ်ပြောနေတာ ချယ်ရီ...ချယ်ရီနေမကောင်းဖြစ်မှာကို အရမ်းစိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့ ပင်စည်ရယ်...နေမကောင်းဖြစ်ရင် ပင်ပန်းလွန်းလို့ မဖြစ်ချင်တော့ပါဘူး...ခု စိတ်ပူမယ့်သူက အမေတင်မဟုတ်ဘူး တိုးလာပြီဆိုတော့..."

"အဲဒီလောက် သိပေးရင်ကိုပဲ ကျေနပ်ပါပြီ...ဘဝမှာ အဖိုးတန်လှတဲ့ ချယ်ရီကို ရှင်သန်သွားနိုင်မှ လူပီသမယ်လေ"

"ကျွန်မက လူမှမပီသဘဲ"

"ဟင်...ဘာဖြစ်လို့လဲ ချယ်ရီ"

"ဘာမှမဖြစ်ပါဘူး"

"အားငယ်စိတ်တွေ ဝင်လာပြန်ပြီလား ချယ်ရီ..."

"........."

"ဘာအားငယ်စရာရှိလဲ ချယ်ရီ...ချယ်ရီ့မှာ အမေရှိတယ်၊ ကိုယ်ရှိတယ်၊ အခြားသူငယ်ချင်းတွေလည်း ရှိဦးမယ်...ခုချိန်မှာတော့ ကိုယ့်အပေါ်မှာ ရာနှုန်းပြည့် ယုံကြည်မှုမရှိသေးဘူးဆိုတာ ကိုယ်သိတယ်...ဒါပေမဲ့ ကိုယ် ချယ်ရီ့အပေါ် တစ်ခါမှ စိတ်မပျက်ဖူးဘူး။ အချိန်တစ်ခု ယူရဦးမယ်ဆိုတာ ကိုယ်နားလည်တယ်"

"ကျေးဇူးတင်ပါတယ် ပင်စည်...နားလည်ပေးတဲ့အတွက်"

"ကဲ...ချယ်ရီ နားတော့...ကိုယ်လည်း အိပ်တော့မယ်...ဂွတ်နိုက်"

"ဂွတ်နိုက်"

ချယ်ရီ့ဘက်ကထွက်သွားမှ ကိုယ်လည်းထွက် ဖုန်းပိတ်ပြီး အိပ်လိုက်တော့တယ်။

●

## အခန်း (၆)

တောင်ကြီးမြို့ရဲ့ မီးပုံးပျံပွဲက တီဗီကကြည့်ရတာထက် အပြင်မှာ မြင်ရတာ ပိုလှပြီး ပိုပျော်စရာကောင်းတယ်။ လူတွေက များလွန်းတာမို့ ချယ်ရီ့လက်ကလေးကို တွဲထားမိတယ်။ ဒီတစ်ခါတော့ ချယ်ရီကလည်း သူ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်လို့ပေါ့။

ဆိုင်းသံမောင်းသံတွေကြားမှာ မီးပုံးပျံတွေ ပြိုင်ပွဲအလိုက် တစ်ခုပြီး တစ်ခု။ မျက်နှာဖုံးစွပ်ဆိုင်နားလေးရောက်လို့ ရယ်မောနေတဲ့ပုံမျက်နှာဖုံးစွပ် တစ်ယောက်တစ်ခု အားပေးလိုက်ကြတယ်။ အကြော်တွေ၊ ငါးကင်တွေ စားရင်း အရမ်းအေး အရမ်းပျော်လို့ အေးသာယာဝိုင်တစ်ပုလင်းကို နှစ်ဦး သဘောတူ သောက်ကြတယ်။ ညောင်ရွှေ–အေးသာယာဘက်က ဝိုင်ခြံတွေ လှတယ်လို့ပြောလို့ သွားကြည့်ချင်သေးတယ်။ စပျစ်ခြံတွေကိုရောပေါ့။ အပြန်ကျရင် ဝင်မယ်လို့ စိတ်ကူးထားတယ်။

ရင်ထဲမှာ ပူရှိန်းရှိန်းဖြစ်သွားမှ နည်းနည်းအအေးသက်သာသွားတယ်။ စကားပြောတိုင်း အာငွေ့ထွက်နေတာကို မြင်ရတယ်။ အရမ်းအေးလို့လားမသိ ချယ်ရီ့နှာဖျားလေးတွေတောင် ပန်းသွေးရောင်သန်းနေတယ်။

"ပျော်စရာကောင်းတယ်နော်…ကိုယ်တို့ ကွင်းထဲထိသွားကြည့်ရအောင်"

"ကြည့်ရဲလို့လား…နီးရင် အန္တရာယ်များတယ် ပင်စည်ရဲ့…အပေါ်က မီးပန်းတွေပြုတ်ကျလို့ မီးလောင်တာတွေ ထိခိုက်တာတွေရှိတယ်"

ချယ်ရီက မိန်းကလေးဆိုတော့ အစိုးရိမ်လွန်ပြီး တားနေပေမယ့် သူကတော့ ယောကျ်ားလေးပီပီ နည်းနည်းလောက် ကဲချင်နေတယ်။

"အန္တရာယ်မရှိနိုင်တဲ့နားကနေ ကြည့်မယ်ကွာ…တစ်ခါမှ ကွင်းထဲကနေ မကြည့်ဖူးလို့ပါ…နော် ချယ်ရီ"

ကလေးတစ်ယောက်လို ပူဆာနေတဲ့သူ့ကို ချယ်ရီက ပြုံးကြည့်ပြီး

"ဝင်ဖို့ မေးကြည့်လိုက်ဦးမယ်"

"အိုကေ"

ချယ်ရီက ကွင်းထဲက သူ့မိတ်ဆွေဆီ ဖုန်းဆက်မေးကြည့်တော့ အထဲမှာ နေရာလုပ်ပေးထားမယ် လာခဲ့လို့ပြောတယ်တဲ့။

ချယ်ရီနဲ့အတူ ကွင်းထဲရောက်တော့ ချယ်ရီ့မိတ်ဆွေက ကိုယ်တို့နှစ်ယောက်အတွက် စီစဉ်ထားတဲ့နေရာဆီ လိုက်ပို့ပေးတယ်။ အနီးကပ်ရောက်မှ မီးပုံးပျံတစ်ခုတစ်ခုဆို အကြီးကြီးတွေပါလား။ အောက်မှာ ယမ်းတွေချိတ်ဆွဲထားတာလည်း မနည်းဘူး။ အံ့သြတကြီးနဲ့ ဓာတ်ပုံတွေ ရိုက်ရင်း ပြုံးနေတဲ့ ချယ်ရီ့ရဲ့မျက်နှာလေးကိုလည်း မလွတ်တမ်း ရိုက်ယူထားလိုက်တယ်။

"ချယ်ရီ ကျေးဇူး...ကိုယ်က ဒီလိုကြည့်ချင်တာ"

"ခုနကလူက မိတ်ဆွေလေ...ဒီထဲမှာ တာဝန်ကျနေတယ်ဆိုတာ သိလို့ ဖုန်းဆက်လိုက်တာ"

"ချယ်ရီ နှစ်တိုင်းလာကြည့်လား"

"ဟင့်အင်း...မလာဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူး...ခုတော့ ဧည့်သည်ကို လိုက်ပို့ရင်း ပေါ့"

"ဩော်...ကိုယ်က ဧည့်သည်ပေါ့"

"အင်း...ဧည့်သည်မဟုတ်ရင် ဘာလဲ"

"နောက်ဆို အိမ်ရှင်ဖြစ်မှာပေါ့...တောင်ကြီးမြို့ကို သဘောကျ တယ်...ဒီမှာအခြေချချင်လိုက်တာ...ခွင့်ပြုရင်ပေါ့"

"ပင်စည်က အိမ်ကိုခွဲနိုင်လို့လား"

"ဘာမခွဲနိုင်စရာရှိလို့လဲ ချယ်ရီရယ်"

"ကျွန်မဆို အမေ့ကို မခွဲနိုင်ဘူး"

"ချယ်ရီ့ကို ဘယ်သူက ခွဲနေရမယ်ပြောလို့လဲ...ကိုယ်လာနေမှာ ပါဆို"

"ဟင်း...စကားတတ်လိုက်တာ"

ချယ်ရီက သူ့ပခုံးကိုထုရင်း နှုတ်ခမ်းလေး စူတူတူလုပ်နေတယ်။

"အဲဒီလို နှုတ်ခမ်းစူတူတူ လုပ်မနေနဲ့ဗျ...ကိုယ် တအားအူယား လာပြီ"

"ကဲ…ပင်စည် မစနဲ့။ ဟိုမှာကြည့်…မီးပုံးပျံကြီး တက်တော့မယ်"

"တက်ပေါ့…သူ့ဟာသူတက်တာပဲ…ခုချိန်မှာတော့ ချယ်ရီ့မျက်နှာ ကြည့်ရတာလောက် ဘယ်ဟာကမှ အရေးမပါဘူး"

"ရှော့…နေကြာစီစား"

"ဘာမှလည်းမဆိုင်ဘူး…အဲလောက် မနေတတ် မထိုင်တတ်ဖြစ်မနေပါနဲ့…ရည်းစားမထားဖူးတဲ့သူကျနေတာပဲ"

"ဟင်…ဘာပြောတာလဲ"

ရုတ်တရက် ချယ်ရီ့မျက်နှာလေး ပျက်သွားတယ်။

"ဘာမှမဟုတ်ဘူး…ဘာမှမဟုတ်ဘူး"

သူတို့နှစ်ယောက်ကြား ခဏတာငြိမ်သက်သွားတယ်။

"ချယ်ရီ"

"ဟင်"

"စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"အကြောင်းတစ်ခုခုကြောင့် ချယ်ရီစိတ်ဆိုးရင် ကိုယ်သေသွားနိုင်တယ် သိလား"

"မပြောကောင်းတာတွေ…ဘာလို့သေရမှာလဲ ပင်စည်က"

"ချယ်ရီ"

"ဟော…ကပ်နေတာကို ခေါ်ပြန်ပြီ…ပြောလေ"

"ကိုယ် ချယ်ရီ့ကို အရမ်းချစ်မိနေပြီ"

အသံက တိုးတိုးလေး…

"အရမ်းပျော်ချင်တယ်"

မျက်နှာလေးကို ဆံနွယ်လေးတွေ ကွယ်သွားအောင်ထိ ချယ်ရီက ခေါင်းငုံ့ပစ်လိုက်တယ်။

"ဘာဖြစ်လို့လဲ ချယ်ရီ…ရှက်စရာမှမဟုတ်တာ…ချယ်ရီ့ဆီက အသံလေးကြားချင်လို့ပါ…ကိုယ့်ရင်ထဲတော့ ချယ်ရီက သံလိုက်ဓာတ်တွေလို ဆွဲငင်နေတယ်"

ချယ်ရီ့ဆံပင်လေးတချို့ကို နားကြားထဲညှပ်ပေးလိုက်တယ်။ တော်သေးတယ်။ မှောင်ရိပ်လေးလည်းရှိနေလို့ ဘယ်သူမှ သေချာမမြင်နိုင်။ ချယ်ရီ့ဒေသဆိုတော့ ကြည့်ရသေးတယ်။ ကိုယ်ကတော့ ချယ်ရီ့လက်ကလေးကိုတော့ ဆုပ်ကိုင်ထားဆဲပါ။

"ကိုယ့်ကို ဘာမှပြန်မပြောတော့ဘူးလား…ဘယ်အချိန်ထိ စောင့်ရဦးမှာလဲဟင်"

"ပင်စည့်ကို သနားလို့ပါ"

"ဒါဆို မစောင့်ခိုင်းနဲ့တော့လေ"

"အင်း…"

"ပြောလေ"

"ပင်စည်ကလည်း…ဖွတ်"

"အင်း…ကာလတွေကြာပြီပဲချယ်ရီ… ချယ်ရီ့စကား နားမထောင်ခဲ့တာ ဘာရှိလဲ…ကိုယ့်ကြောင့်ရော စိတ်ဆင်းရဲခဲ့ရဖူးလား"

"ဟုတ်ပါတယ်…ချယ်ရီဆိုတဲ့ကျွန်မကြောင့် ပင်စည်စိတ်ဆင်းရဲမှာသာ စိုးရိမ်တာပါ"

"စိတ်မပူပါနဲ့....ကိုယ့်အချစ်က အပေါ်ယံအချစ်မဟုတ်ပါဘူး... နှလုံးသားထဲက မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ...ကိုယ့်ဘဝနဲ့ ချီပြောရရင် တစ်ခါမှ ခုလို နက်နက်ရှိုင်းရှိုင်းခံစားပြီး မချစ်ခဲ့ဖူးဘူး...ကိုယ့်ကိုယ်ကိုယ်လည်း အရမ်းအံ့ဩတယ်...ကိုယ်နဲ့မဆိုင် မပတ်သက်ခင်ကတည်းက ချယ်ရီ့ပေါ်မှာဖြစ်တဲ့ ကိုယ့်ရဲ့စိတ်ကို ချယ်ရီ နားလည်စေချင်တယ်"

"နားလည်ပါတယ် ပင်စည်...လူတိုင်းကို ကျွန်မကြောင့် စိတ်မညစ်စေဘဲ ပျော်ရွှင်စေချင်ခဲ့တာပါ...ဒါပေမဲ့ ကံတရားက ကျွန်မအပေါ် ဘာကြောင့် ပြစ်ဒဏ်ဆိုတဲ့ စီရင်ချက်ပြင်းပြင်းချခဲ့လဲဆိုတာ မသိဘူး...တကယ်တော့ ကျွန်မဆီမှာ အချစ်မရှိချင်ဘူး... ကိုယ့်ကိုလည်း မချစ်စေချင်သလို ကိုယ်ကလည်း ဘယ်သူ့ကိုမှကို မချစ်ချင်တော့တာ ပင်စည်...ဒါပေမဲ့ သေဆုံးလုဆဲဆဲ ကျွန်မဘဝကို ပင်စည်က ပြန်လည်ကယ်တင်ပေးခဲ့တယ်...သေခါနီးအပင်လေးအပေါ် ညှာတာစိတ်နဲ့ ရေလောင်းပေါင်းသင်ပြီး မြေဩဇာကျွေးခဲ့တယ်...အဲဒီအပင်လေးအပေါ်မှာ ပင်စည့်ကျေးဇူးတွေ အများကြီးရှိခဲ့တယ်...အဲဒီကျေးဇူးကို အကောင်းဆုံးအရာတွေနဲ့သာ ပေးဆပ်ချင်တယ်။ အမြဲအမှတ်ရနေမယ့် ကျေးဇူးတရားပါ"

"ချယ်ရီ့စိတ်ထဲက ထုတ်ပစ်လို့မရနိုင်သေးတဲ့ဒဏ်ရာတွေအတွက် ကိုယ် ထပ်စောင့်ဆို စောင့်ပါ့မယ်...စောင့်မျှော်ခြင်းဟာ အချစ်စစ်ဖြစ်ခဲ့ရင်ပေါ့"

"ပင်စည့်ကို ကြိုးရှည်ရှည်နဲ့ ချွဲထားတဲ့မိန်းကလေးတစ်ယောက်လို့ မမြင်စေချင်ဘူး"

"မဟုတ်ပါဘူး...ချယ်ရီ့ဘက်မှာ လုံလောက်တဲ့အခြေအနေတစ်ခု မရောက်သေးဘူးဆိုရင် ပြောတာပါ...အတင်းအကြပ် ဘာမှမဖြစ်စေချင်ဘူး...အဲဒီလိုလုပ်ဖို့လည်း ဝါသနာမပါသလို မတိုက်တွန်းချင်ဘူး"

"ပင်စည်...ကျွန်မ ပထမလူအပေါ် ချစ်နေသေးတုန်းလို့ ထင်နေတာမဟုတ်လား...စိတ်ထဲမှာ ဒီလောက်ထားရစ်ခဲ့တာတောင် အမှတ်မရှိ ချစ်နေတယ်လို့ ထင်နေတာမဟုတ်လား...ဒီလောက်သေကောင်ပေါင်းလဲ စိတ်ဒဏ်ရာရတာတောင် မနာကျင်ဘူးလို့ ထင်နေတာမဟုတ်လား"

ပြောရင်းနဲ့ ချယ်ရီ့အသံတွေ တုန်လာတယ်။

မှားသွားပြီလား။

ချယ်ရီ့မျက်ရည်တွေကို မြင်လိုက်ရတော့

"မငိုပါနဲ့ ချယ်ရီ...မငိုပါနဲ့နော်...ကိုယ်ပြောတာ အဲဒီသဘောမျိုးတွေ မပါပါဘူး...ချယ်ရီကို မပင်ပန်းစေချင်ဘူး...ဟိုလူနဲ့ပတ်သက်ပြီး ကိုယ် အတတ်နိုင်ဆုံး မေ့ထားပါတယ်...ချယ်ရီ့ခံစားမှုကို အပြစ်မတင်ရက်ပါဘူး...ကိုယ်က စိတ်မကောင်းဖြစ်သွားတာပဲရှိတာပါ...ဟိုးအရင်ကတည်းက ကိုယ်က စာနာစိတ်နဲ့ ချယ်ရီ့အနားရောက်လာတဲ့သူပါ...ကိုယ့်ကြောင့် ချယ်ရီစိတ်အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါကွာ...ကိုယ်ဆိုတဲ့ကောင်ကလည်း ကိုယ့်ခံစားမှုကို ရှေ့တန်းတင်သလို ဖြစ်ဖြစ်နေတယ်ကွာ...ဆောရီးပါ...ကိုယ်တောင်းပန်ပါတယ်"

"မတောင်းပန်ပါနဲ့ပင်စည်...ကျွန်မ အခုခံစားနေရတာ ပင်စည့်အတွက်ပါ...နှလုံးသားက ပင်စည့်ကို လက်ခံနေလို့ ဒီလိုခံစား

နေရတာပါပင်စည်…မတောင်းပန်ပါနဲ့…ပင်စည်က ခုလိုပြောလေ ကျွန်မ ပိုခံစားရလေပဲ”

“ဟင်…တကယ်ပြောတာလား ချယ်ရီ”

“အင်း…တကယ်ပေါ့”

“ချယ်ရီ ကိုယ့်ကို လက်ခံတယ်ဆိုတာ ချစ်တယ်လို့ ဆိုလိုတာပေါ့ နော်”

“အင်း…ပင်စည့်ကို ချစ်နေမိပြီထင်ပါရဲ့”

ခန္ဓာကိုယ်တစ်ခုလုံး အမြင့်ကို တဖြည်းဖြည်းတက်သွားတဲ့ မီးပုံးပျံကြီးလို လွင့်မျောတက်သွားသလို ခံစားရတယ်။ မီးရှူးပန်းတွေ တဒိုင်းဒိုင်း မြည်သံနဲ့အတူ ကိုယ့်ရင်ခုန်သံတွေလည်း မြည်ဟည်းလို့။ ချယ်ရီ့မျက်ရည်တွေကိုသုတ်ပေးရင်း ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားလိုက်ပြီး ချစ်တယ် ချယ်ရီရယ်…လို့ ရင်ထဲမှာ အကြိမ်ကြိမ်ပြောမိနေတော့တယ်။

အဲဒီည…။

ကိုယ့်တစ်သက် ဘယ်တော့မှ မမေ့နိုင်တဲ့ည…။

ဟိုး…မိုးကောင်းကင်ဆီက မီးပုံးပျံတွေကို ငေးကြည့်နေတဲ့ ချစ်သူ့ပါးကို ခပ်ဖွဖွလေးနမ်းလိုက်မိတဲ့ ည…။

●

## အခန်း (၇)

ကုံလုံဆရာတော်ဘုရား ရုပ်ကလာပ်ထားတဲ့ ကျောင်းတိုက်ထဲ ဖူးမြော်ရင်း ဆုတွေအထပ်ထပ်တောင်းနေမိတယ်။ စဉ့်တွေနဲ့လုပ်ထားတဲ့ ကျောင်းတိုက်ကြီးက ခံ့ညားပြီး ကျက်သရေရှိလှတယ်။ ဒီနေ့တော့ စိတ်ထဲမှာ ပိုပီတိဖြစ်နေတယ်။ ချယ်ရီ့ရဲ့ တရားဝင်ချစ်သူဖြစ်ခွင့်ရသလို ချယ်ရီ့အိမ်ကို ခေါ်သွားပြီး အမေနဲ့လည်း မိတ်ဆက်ပေးတယ်။

ချယ်ရီက အပေါင်းအသင်းမိတ်ဆွေတွေကို ခင်ခင်မင်မင်နေတတ်ပေမယ့် သူငယ်ချင်းများများစားစားတော့မရှိဘူး။ အေးအေးပဲနေတတ်တာ သူ့အကျင့်စရိုက်လေလို့ အမေကပြောတယ်။ သီချင်းနားထောင်တာ၊ စာဖတ်တာ၊ ပန်းချီဆွဲတာတွေကို ဝါသနာပါတဲ့အကြောင်း၊ ခေါင်းမာတဲ့အကျင့်လေးတော့ရှိကြောင်း၊ တစ်စုံတစ်ရာ အမှားအယွင်းများရှိခဲ့ရင် ချယ်ရီ့ကို ခွင့်လွှတ်ပေးဖို့ နူးနူးညံ့ညံ့နဲ့ပြောတယ်။

စိတ်ချပါအန်တီ… ချယ်ရီ့အပေါ် အနိုင်ယူပြီး ထားသွားမယ့်သူမျိုး မဟုတ်ပါဘူးလို့ စိတ်ထဲရော အပြင်မှာပါ ပြောဖြစ်လိုက်တယ်။ နှလုံးသား က ဘာကိုတောင်းဆိုနေလဲဆိုတာ သေသေချာချာ ပြန်နားထောင်ကြည့်တိုင်း အတိအကျသိရပါတယ်။

ဥပဒေကျောင်းသားတစ်ယောက်မို့ ဥပဒေအမြင်တွေနဲ့ ခွဲခြမ်း စိတ်ဖြာပြီး ကြည့်တတ်နေလား မပြောတတ်။ ဦးနှောက်က ဆုံးဖြတ်တဲ့ အလုပ် သူ့ဟာသူလုပ်ပေမယ့် နှလုံးသားက ရွေးချယ်မှုကိုတော့ ဦးနှောက်က လာအမိန့်မပေးပါနဲ့ နှလုံးသားရွေးချယ်မှုနောက် ဘယ်လောက်တောင် လိုက်ခဲ့လဲဆိုတာ ကိုယ်အသိ။

အမေက အစပ်အဟပ် အလွန်ဝါသနာပါတယ်။ မိန်းကလေး တစ်ယောက်ပြီးတစ်ယောက် သဘောကျလား၊ မကျဘူးလားနဲ့ မမောနိုင် မပန်းနိုင် စပ်နေတော့တာ။ နောက်ဆုံး သူ လူပျိုကြီးတော့မလုပ်ပါဘူး။ ကိုယ်ချစ်တဲ့သူကို ကိုယ်တိုင်ပဲ ရွေးချယ်ချင်ပါတယ်။ ရင်မခုန် ခံစားမှုမရှိနဲ့ ဘဝတစ်ခုကို မတည်ဆောက်ပါရစေနဲ့။ ခိုင်မြဲမှာလည်းမဟုတ်ဘူးလို့ ပြောလိုက်မှ ငြိမ်သွားတယ်။

အမေနဲ့အဖေက မေတ္တာရှိလို့ လက်ထပ်ခဲ့ကြတာ။ အဲဒီလိုမျိုးပဲ အားကျတယ်။ အဖေ့အသိုင်းအဝိုင်းက ဂုဏ်ဒြပ်တွေနဲ့မို့ အမေနဲ့ သဘော မတူခဲ့ဘူး။ ထုံးစံအတိုင်း ခွဲကြတာပေါ့။ နောက်ဆုံး သုံးခါခိုးပြေးခဲ့ရတဲ့ အချစ်စစ်တွေ။ ဒါမျိုးကို အားကျတယ်။ ခုထက်ထိလည်း အချစ်မလျော့ကြ သေးတဲ့စုံတွဲအဖြစ် သူတို့မိတ်ဆွေအသိုင်းအဝိုင်းကြားမှာ စံနမူထား အားကျ ခံရတုန်း။

တစ်ဦးတည်းသောသားမို့ အချစ်ပိုပေမယ့် ရုပ်ရှင်ထဲကလို သားကို အရမ်းချစ်တဲ့ အမေမိန်းမကြမ်းကြီးမဟုတ်ပါဘူး။ နားလည်ပေးတယ်။ အရမ်းမချုပ်ချယ်ဘူး။ တယူသန်စိတ်မရှိဘူး။ ဒါကြောင့် ကိုယ့်ဘဝကိုလည်း

လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးတယ်။ တချို့မိဘတွေဆို သူတို့လိုချင်တဲ့ပုံစံခွက်ထဲ အတိအကျထည့် သွတ်သွင်းပြီး လုပ်ခိုင်းလိုက်တော့ အရာရာအကန့်အသတ်နဲ့ ကိုယ့်ဦးနှောက်ကိုယ်တောင် အသုံးမချနိုင်တဲ့ဘဝ ရောက်သွားကြတယ်။ သူတို့တွေရဲ့ဘဝကို မိဘတွေကပဲ ချယ်လှယ်ကြတယ်။ ဖန်တီးချင်ကြတယ်။ နောက်ဆုံး ကိုယ်တိုင်အဆင်မပြေတဲ့နေရာတစ်ခုမှာ ရပ်တည်လိုက်ရတော့ Life တောင် သေဆုံးသွားသလို ခံစားရတာကို မြင်နေ ကြားနေ တွေ့နေရတယ်။

ချယ်ရီ့ကိုလည်း အဲဒီလိုဘဝမျိုးဖြစ်မှာ သိပ်စိုးရိမ်တယ်။ ခုတော့ အဲဒီလိုမဟုတ်လို့ တော်သေးတယ်။

* * *

ထန်ဆမ်းဂူကို ရောက်ခဲ့ကြပြီ။

"ချယ်ရီ"

"ဟင်"

"ကျေးဇူးတင်တယ်...ဒီနေရာကို တစ်ခါကရောက်တော့ အစနား အထိပဲဝင်ပြီး ပြန်ထွက်ခဲ့တယ်။ လူလည်းနည်းလို့၊ နယ်မြေကလည်း အဲဒီတုန်းက ခုလိုမျိုးမဟုတ်ဘူး။ ခုတော့ တော်တော်ကို စည်နေပြီနော်"

"ဟုတ်တယ် ပင်စည်။ ဘာမှကြောက်စရာမရှိတော့ဘူး... လက်နက်ကိုင်တွေကလည်း သူ့အလုပ်သူလုပ်နေတာပါ။ အနှောင့်အယှက်မပေးဘူး။ ဒါပေမဲ့ သူတို့က မျက်လုံးတော့ အရမ်းလျှင်တယ်"

"ဟိုမှာ လူတွေဘာလုပ်နေကြတာလဲ မသိဘူး"

"ဩော်…ကိုရင်လေးရှိတယ်နဲ့တူတယ်…ပင်စည် ကံကောင်း သွားပြီ…လာ အလှူငွေသွားလှူရအောင်"

ဂူပေါက်ဝ လိုဏ်ဂူလေးထဲ ထန်ဆမ်းကိုရင်လေးကို အလှူငွေ ကပ်နေကြတယ်။ ချယ်ရီနဲ့သူ အတူတူ ပိုက်ဆံလှူလိုက်တယ်။

"ပင်စည် ဓာတ်ပုံမရိုက်နဲ့နော်"

"ဩော်…ဟုတ်လား…ဘာဖြစ်လို့လဲ"

"ကိုရင်လေးက အရိုက်မခံဘူး။ လက်ကာပြနေတယ်။ နောက်က သေနတ်နဲ့အစောင့်ကလည်း ဓာတ်ပုံမရိုက်ဖို့ ပြောနေတာ…မြန်မာ စကားမတတ်ဘူး"

"ဩော်…"

"ဒီနေ့ ကိုရင်လေးကျွေးတဲ့ထမင်းကို ပင်စည့်ကျွေးရမယ်… ရောက်တုန်းရောက်ခိုက်ပေါ့။ ဟို…တောင်ခြေဈေးဆိုင်ခန်းတွေ ဘက်မှာကျွေးတယ်။ သက်သတ်လွတ်စားနိုင်ပါ့မလား"

"စားနိုင်တာပေါ့"

"ရွှေဖရုံသီးဟင်း ငရုတ်သီးကြော် ဒါပဲ။ ကိုရင်လေးကသိုလ်ပေါ့။ ဆေးဖက်ဝင်သက်သတ်လွတ်ဟင်းပေါ့။ ပန်းကန်တွေ ကိုယ်တိုင် ယူ ကိုယ်တိုင်ဆေး။ တချို့နိုင်ငံခြားသားတွေတောင် ဝင်စားကြ တယ်"

"သဘောကျစရာကောင်းတာကိုး။ မြန်မာ့ဓလေ့ တိုင်းရင်းသား ဓလေ့စရိုက်လေးတွေက ရိုးသားပြီး ချစ်စရာကောင်းတယ်"

ဂူထဲမှာ ဘုရားအဆူဆူကိုဖူးရင်း ရေစိမ့်ကျရာနေရာတွေ၊ နံရံက ကျောက်ပန်းဆွဲတွေနဲ့အတူ ချယ်ရီနဲ့ စုံတွဲပုံလေး ဓာတ်ပုံရိုက်ကြတယ်။

"ကဲ...သူများတွေလို ဆဲဖိုးလ်လိုက်ကြရအောင်...ပြုံးမယ် အိုကေ"

လူချင်းပူးကပ်ပြီး ချယ်ရီ့ပခုံးလေးကို ဖက်ထားလိုက်တယ်။ ချော်လဲမှာလည်း စိုးရိမ်ရသေးတယ်။

"ပင်စည် ဒီနေရာက ကျောက်ပန်းဆွဲတွေက ထီးအမိုး နှစ်ခုလို ဖြစ်နေတာ တွေ့လား"

"အင်း...ဟုတ်တယ်နော်။ ရွှေလည်းချထားတယ်"

"အဲဒါ ခုနကကိုရင်လေး တရားထိုင်ခဲ့တဲ့နေရာ။ ဒါကြောင့် ရွှေထီး ငွေထီးပုံစံလေး အမှတ်အသားအနေနဲ့ လုပ်ထားတာ"

"အထဲမှာရောက်တော့ အသက်ရှူကျပ်မယ်ထင်တာ မကျပ်ဘူး နော်"

"ကျယ်လည်းကျယ်တယ်။ အမိုးကလည်းမြင့်တယ်။ လင်းနို့တွေ လည်းမရှိဘူး။ သန့်ရှင်းတော့ မကျပ်ဘူးပေါ့။ ဟိုးအရင်ကဆိုရင် တော့ အသက်ရှူကျပ်ပြီး ညစ်ပတ်တာပေါ့"

"သေသေချာချာကို လုပ်ထားတာပဲ။ သဘာဝကဖြစ်ပေါ်နေတာ တွေက တစ်ခါတလေ လူတွေမဖန်တီးနိုင်ဘူး"

ဂူထဲမှာ အေးအေးဆေးဆေး ဘုရားရှိခိုးကြတယ်။

ဂူထဲကနေထွက်ပြီး ထမင်းစားရမယ့်နေရာကိုရောက်တော့ ဘုရားဖူး တွေ ပန်းကန်လေးတွေ ကိုယ်စီကိုင်ပြီး တန်းစီနေကြတယ်။ ဝါးကွပ်ပျစ်ပေါ် က မှောက်ထားတဲ့ ပန်းကန်နှစ်ချပ် ဇွန်းနှစ်ချောင်းကိုယူပြီး သူတို့လည်း တန်းစီလိုက်ကြတယ်။

"ချယ်ရီ...ရွှေဖရုံသီးဟင်းကို အမှန်တော့ ကိုယ်မကြိုက်ဘူး။ ဒီမှာတော့ စားကြည့်ချင်တယ်။ မွှေးနေတာပဲ"

"ဟုတ်လား…ပင်စည်ကြိုက်တယ်မှတ်နေတာ။ သိပ်မချိုဘူး… စားလို့ကောင်းတယ်။ ဆန်ကတော့ သိပ်မကောင်းဘူး။ ဒီမှာစားလို့ အဆင်မပြေရင် တခြားနေရာသွားစားမယ်လေ"

"ရတယ်ချယ်ရီ…ဆန်မကောင်းလည်း ဘာမှမဖြစ်ဘူး။ ဒီလောက် ပဲကျွေးနိုင်မှာပေါ့။ ဒီလိုကုသိုလ်လည်း ရှားပါတယ်။ စားရမှာပေါ့"

"ဒါ နည်းနည်းနောက်ကျသွားလို့။ မဟုတ်ရင် အစိမ်းကြော်တို့ ဘာတို့ ပါသေးတယ်။ ဒီအနားက ကလေး လူကြီးတွေကတော့ အမြဲစားရတာပေါ့"

"အင်းပေါ့…သူတို့လည်း ထမင်းတစ်နပ် နည်းမှမနည်းတာ"

ထမင်းပန်းကန်ထဲကို ရွှေဖရုံသီးဟင်းပျစ်ပျစ်ကို ဆမ်းပေးလိုက်တယ်။ ခုံပေါ်မှာချထားတဲ့ ငရုတ်သီးအကြမ်းကြော်နဲ့ နယ်စားရတယ်။ ဗိုက်ဆာတော့လည်း ဝင်သွားတာပါပဲ။ တစ်ခါတလေ စားရတာဆိုတော့ စားလို့အဆင်ပြေတဲ့ ထမင်းတစ်နပ်ပါ။ ငယ်ငယ်တုန်းက အတန်းကျောင်းမှာလို ခုံတန်းရှည်ပုပုလေးမှာ ထိုင်စားရတဲ့အရသာမျိုး ခံစားရတယ်။ ဘာပဲဖြစ်ဖြစ် ပျော်စရာကောင်းပါတယ်။

ပန်းကန်ဆေးတော့ ချယ်ရီ့ပန်းကန်ရောဇွန်းပါယူပြီး ရေကန်လေးမှာ ဆေးပေးလိုက်တယ်။

အပြန် ဈေးတန်းဘက် လျှောက်ကြည့်တယ်။

* * *

ချယ်ရီ့ကို အိမ်ပြန်ပို့ပေးပြီး ဟိုတယ်မှာ တစ်ရေးလောက်အိပ်တယ်။ ညကျတော့ ချယ်ရီနဲ့အတူ မီးပုံးပျံပွဲကို သွားကြည့်ကြတယ်။ ဒီတစ်ခါတော့ စူဠာမဏိဘုရားပေါ်ကနေ မီးရှူးမီးပန်းတွေကို နှစ်ယောက်အတူ အေးအေးဆေးဆေး ထိုင်ကြည့်ခဲ့ကြတယ်။

ဘုရားထဲမှာ ချယ်ရီ့ကို ခေတ်ပုံရိုက်ပေးတယ်။ ဘုရားမှာ သစ္စာပြု ဆုတောင်းရင်း စိတ်ထဲမှာ တကယ်ကြည်နူးမိတယ်။ ချယ်ရီနဲ့ပတ်သက်ပြီးမှ နက်ရှိုင်းစွာသစ္စာပြုတာတွေ တန်ဖိုးထားလုပ်မိနေတော့တယ်။ ကတိဆိုတာ ထက် သစ္စာတရားကို ပိုယုံကြည်တယ်။ ကိုယ်ဟာ ချယ်ရီ့ကို ထူးခြားစွာ ချစ်နိုင်တဲ့လူတစ်ယောက်ဖြစ်တယ်။ ဒါကို ချယ်ရီ သိခြင်းထက် ကိုယ်တိုင်က ပိုသိနေတယ်။ ချယ်ရီကတော့ ကိုယ့်ရဲ့သစ္စာကို အကြွင်းမဲ့ယုံကြည်ပုံတော့ မပေါ်။ ကိစ္စမရှိပါ။ ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်ဘဲ သူမပျော်နေ တယ်ဆိုရင်ပဲ ကျေနပ်တယ်။

ကမ္ဘာကြီးရဲ့ ချောင်ကြိုချောင်ကြားက ပညာဗဟုသုတတွေက လူတွေကို စောင့်ကြိုနေတယ်လို့ ဆိုသလိုပဲ ချယ်ရီ့နှလုံးသား ချောင်ကြို ချောင်ကြားလေးထဲမှာ ကိုယ့်ကိုစောင့်ကြိုနေရင် ကျေနပ်ပါပြီ။ အထီးကျန် ဝတ်ရုံနဲ့ နာကျင်မှုကိုဝတ်ဆင်ထားတဲ့သူတစ်ယောက်အတွက် ကိုယ့်ကြိုးစားမှု တွေ အားကုန်ထုတ်သုံးခဲ့ရတယ်ဆိုတာ ကိုယ်တိုင်အသိပါ။

ချယ်ရီ ခုလို လန်းဆန်းတဲ့ပန်းတစ်ပွင့်ဖြစ်လာတာကို ရင်ထဲမှာ အတိုင်းအဆမဲ့ ကျေနပ်ခဲ့ရပါတယ်။ ပထမလူနဲ့ အားမပြိုင်ပါဘူး။ ချယ်ရီ့ အပေါ်မှာ ချစ်ခြင်း ဖြစ်တည်ခြင်းတွေက ဘာဆိုဘာမှ မတူညီလို့ပါပဲ။ ဒါကို ချယ်ရီ မြင်နိုင်ပါစေလို့ပဲ ဆုတောင်းမိတယ်။

●

## အခန်း (၈)

နေ့ရက်တွေကုန်ဆုံးတာ မြန်လွန်းလို့ ရက်တွေကို ဆွဲဆန့်လို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်။

ချယ်ရီရေ... မင်းကြောင့် အဓိပ္ပာယ်မဲ့ မဖြစ်နိုင်မှန်းသိတဲ့အတွေး တွေကိုတောင် ကိုယ်တွေးတတ်နေပြီ။

ဒီနေ့ ချယ်ရီ အလုပ်ဆိုဒ်ထဲကို အလည်ခေါ်လို့ လိုက်ကြည့်ဖြစ် တယ်။ စိတ်ဝင်တစား အလုပ်လုပ်နေတာ မြင်ရတော့ ကျေနပ်မိတယ်။ နေ့လယ်မှာ ချယ်ရီကိုယ်တိုင်လုပ်ကျွေးတဲ့ ကိုရီးယားထမင်းလိပ်၊ ကော်ပြန့် ကြော်တွေစားရင်း ပျော်ခဲ့ရပေမယ့် မနက်ဖြန်ဆို မန္တလေးကို ပြန်ရတော့မှာမို့ စိတ်ထဲ လွမ်းသလိုကြီး ခံစားနေရတယ်။ ည အိမ်ကိုလာခဲ့ဖို့ မှာလိုက်တာမို့ ညနေစာကို ဟိုတယ်မှာပဲစား၊ ရေချိုးပြီး ထွက်လာခဲ့တယ်။ အဝတ်အစား တွေကို သိမ်းချင်စိတ်မရှိသေးလို့ ဒီအတိုင်းပဲ ထားခဲ့လိုက်တယ်။

ချယ်ရီ့အိမ်ရှေ့ကိုရောက်တော့ မှောင်ရီပျိုးနေပြီ။ ဟွန်းတီးလိုက်တော့ ချယ်ရီ တံခါးလာဖွင့်ပေးတယ်။ ချယ်ရီ့အမေက ဘုရားရှိခိုးနေတယ်။ ပြီးရင် အိပ်တော့မှာတဲ့။ မနက်က နူတ်ဆက်ထားလို့ တော်သေးတယ်။ ချယ်ရီ့ကို ရေချိုးပြီးစ သနပ်ခါးလိမ်းထားတဲ့ အိမ်နေရင်းပုံစံလေးကို မြင်ရတော့လည်း ချစ်ဖို့ကောင်းနေတာပဲ။ အိမ်ရှေ့ ခြံထဲက ဒန်းပေါ်မှာ ထိုင်လိုက်ကြတယ်။ ချယ်ရီက လက်ဖက်၊ ရေနွေးကြမ်း၊ အုန်းထန်းလျက်၊ နေကြာစိပန်းကန်တွေ အဆင်သင့်လုပ်ထားတယ်။ ဒီလိုမျိုးလေး အမြဲနေချင်လိုက်တာ ချယ်ရီရယ်...။

ဒန်းရဲ့အနောက်မှာ စံပယ်ပင်က စံပယ်တွေပွင့်နေပြီမို့ စံပယ်နံ့လေးတွေက သင်းလို့။ ဒန်းလေးပေါ်မှာ ချယ်ရီနဲ့အတူထိုင်ရတာ ကြည်နူးပြီး အေးချမ်းလိုက်တာ။

"မနက်ဖြန် ပြန်ရတော့မယ် ချယ်ရီရယ်...ကိုယ် မပြန်ချင်ဘူးဖြစ်နေတယ်"

ချယ်ရီက လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ကမ်းပေးတော့ နေကြာစိလေးတွေ အခွံခွာနေတာမို့ လက်မအားဖြစ်နေတယ်။ အခွံခွာပြီးသား နေကြာစေ့ဆံလေးတွေကို ချယ်ရီ့လက်ဖဝါးလေးထဲ ထည့်ပေးပြီး လက်ဖဝါးပေါ်မှာ ကျန်နေတဲ့ နေကြာစေ့ နှစ်ဆံသုံးဆံလောက်ကိုတော့ ချယ်ရီ့ပါးစပ်လေးထဲ ထည့်ပေးရင်း

"ချယ်ရီ့ကို ကိုယ် အရမ်းချစ်တယ်...အကြွင်းမဲ့ယုံပေးနိုင်မလား ဟင်"

"ယုံချင်ပါတယ် ပင်စည်"

"အဲဒီလိုပြောတာ အပြည့်အဝ မယုံသေးဘူးဆိုတဲ့သဘောပေါ့... ဟုတ်လား"

"အင်း…ဘယ်လိုပြောရမလဲ ပင်စည်…ကျွန်မစိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်နေမိတယ်"

"ကိုယ့်အချစ်ကိုလား…အဲဒီအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့ ချယ်ရီ…ကိုယ် ချယ်ရီ့ကို တစ်သက်လုံးချစ်သွားမယ်လို့ ဘုရားမှာ သစ္စာပြုခဲ့ပါတယ်"

"သစ္စာ…။ သစ္စာကို ပင်စည် အရမ်းယုံကြည်သလား"

"ယုံကြည်တာပေါ့။ ဘယ်အလုပ်ကိုပဲလုပ်လုပ် ကိုယ် ဘုရားမှာ သစ္စာပြုပြီးမှ လုပ်တာချည်းပဲ…ချယ်ရီနဲ့ ပတ်သက်ရင် ပိုတောင် ဆိုးသေးတယ်။ လေးလေးနက်နက်နဲ့ကို သစ္စာပြုတယ်…ကိုယ့်ရဲ့ သစ္စာကြောင့်ပဲ ချယ်ရီ့နားကို ကိုယ် အမြန်ဆုံးရောက်လာနိုင်တာ ပေါ့"

"ပင်စည့်ရဲ့သစ္စာတရားကို ကျွန်မ တန်ဖိုးထားပါတယ်…ဒါပေမဲ့ လက်တွေ့ဘဝတစ်ခုကို ရင်ဆိုင်ရတဲ့အခါ အဲဒီသစ္စာတရားက ကျွန်မကို ကယ်နိုင်ပါ့မလားဟင်"

"ချယ်ရီပြောတာကို ကိုယ်နားမလည်ဘူး။ ဘာကိုဆိုလိုတာလဲ ချယ်ရီ"

တစ်ခုခုကိုပြောပြချင်နေတဲ့ ချယ်ရီက ကောင်းကင်က လကို မော့ကြည့်ရင်း ပြောသင့် မပြောသင့် ချင့်ချိန်နေပုံရတယ်။ သူကတော့ သူမရဲ့ သိပ်လှတဲ့ လည်တိုင်ဖြူဖြူလေးကို လိုက်ငေးနေမိတယ်။

"တစ်ချိန်မှာ ကျွန်မကို ညာတယ်ဆိုတဲ့စွပ်စွဲမှုမျိုး ထပ်မခံစားနိုင်တော့ဘူး ပင်စည်။ မနက်ဖြန်ကျရင် ပြန်တော့မယ့် ပင်စည့်အပေါ်မှာ လိပ်ပြာလုံလုံနဲ့ သန့်စင်စွာနေချင်တယ်။ ကျွန်မ ပင်စည့်ကို ချစ်ပါတယ်။ ဒါပေမဲ့ ပြောစရာလည်းရှိတယ်"

"ဘာလဲဟင်…ရင်တောင်တုန်တယ်"

"ကာယကံရှင်ကျွန်မက ပိုဆိုးပါတယ်…အမြဲတမ်း ပင်စည့်ကို ကျွန်မမှာ အားနည်းချက်ရှိတယ်လို့ ပြောခဲ့ဖူးတယ်နော်"

"ဟုတ်တယ်လေ"

"အခု ပင်စည်မြင်နေရတဲ့အနေအထားက ကျွန်မပြောပြောနေတဲ့ အားနည်းချက်ဆိုတာကို ဘယ်လိုမှ ရှာမတွေ့နိုင်တဲ့အနေအထားမို့ အဲလိုပြောတိုင်း ပင်စည်က ကျွန်မစနေတယ်လို့ပဲ ထင်တယ် မဟုတ်လား…"

"အင်းပေါ့…ချယ်ရီ့ဆီမှာ ချယ်ရီပြောသလို ဘာအားနည်းချက် တစ်ခုမှကို ကိုယ်မတွေ့ခဲ့တာ"

"ဟုတ်ပါတယ်…ပင်စည်မှမဟုတ်ဘူး ဘယ်သူမှကို မမြင်နိုင် မသိနိုင်တဲ့ အကြီးမားဆုံး အားနည်းချက်တစ်ခုပေါ့။ ကျွန်မရဲ့ အားနည်းချက်ကို ကာယကံရှင်ဖြစ်တဲ့ ကျွန်မပဲ အသိဆုံး"

"ဟင်…ဟုတ်ရဲ့လားချယ်ရီရယ်"

"ပင်စည် မယုံနိုင်ဘူးမဟုတ်လား…အရင်တစ်ယောက်တုန်းက ကျွန်မ ရဲ့အားနည်းချက်ကို လျှို့ဝှက်ထားခဲ့မိတယ်။ ညာတယ် လိမ်တယ်ဆိုတဲ့စွပ်စွဲချက်တွေနဲ့ ကျွန်မကို ထားသွားတော့ အရမ်း ခံစားရတယ်…အမှန်က ကျွန်မ ညာခဲ့တာမဟုတ်ပါဘူး။ ပြောပြဖို့ မဝံ့တာ၊ မပြောရဲခဲ့တာပါ။ သူက အရမ်းပြည့်စုံတဲ့လူတစ်ယောက် ဖြစ်နေတာမို့ ကျွန်မအားနည်းချက်ကို ပြောပြချင်ခဲ့ပေမယ့် ပြော မထွက်ခဲ့ဘူး။ ပြောပြဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် ပြောမထွက် ခဲ့တာ ကျွန်မရဲ့ ထပ်ဆင့်အားနည်းချက်ပေါ့…ဒါကြောင့်လည်း သူ နောက်တစ်ယောက်နဲ့တွဲသွားတာပါ"

ညရဲ့အမှောင်ထုထဲမှာ ခံစားချက်တွေက နည်းနည်းအေးစက်လာသလို ခံစားရတယ်။ ချယ်ရီ့ကိုကြည့်လိုက်တော့ ချယ်ရီက ကိုယ်ကို နောက်ကျောပေးလိုက်တယ်။ ချယ်ရီ့ဆီမှာ မမြင်နိုင်တဲ့ အားနည်းချက်တစ်ခု တကယ်ပဲ ရှိနေတာလား။ မဖြစ်နိုင်။ လုံးဝမဖြစ်နိုင်။ ချယ်ရီရှိရာ ချယ်ရီမြို့လေးကို သူရောက်ရှိပါပြီဆိုကတည်းက ချယ်ရီနဲ့အတူ နီးကပ်စွာ အတူသွား အတူလာ အတူစား နေခဲ့တဲ့တစ်လျှောက်လုံး ချယ်ရီဟာ အလှပဆုံးနဲ့ အပြည့်စုံဆုံး နတ်သမီးတစ်ပါးပါ။

ချယ်ရီက နောက်ကျောပေးထားရာက ပြန်လှည့်လာတယ်။

"ဒီမှာကြည့် ပင်စည်"

"ဟာ"

●

# အခန်း (၉)

ချယ်ရီတို့အိမ်ကအပြန် လမ်းတစ်လျှောက် စိတ်နဲ့ကိုယ်နဲ့မကပ်ချင်။ စိတ်ကို အတတ်နိုင်ဆုံးထိန်းပြီး ကားကို ဂရုစိုက်မောင်းလာခဲ့ရတယ်။ ဟိုတယ် reception မှာ အခန်းသော့ကိုယူပြီး အခန်းတံခါးကိုဖွင့်နေတဲ့ လက်တွေက ကတုန်ကယင်နဲ့ ဂဏှာမငြိမ်ချင်။ အခန်းထဲရောက်တာနဲ့ ခန္ဓာကိုယ်တစ်ခုလုံး ခုတင်ပေါ် ပစ်လှဲကျသွားတယ်။ မျက်လုံးတွေက အခန်းရဲ့ မျက်နှာကြက်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေရင်း သတိမထားမိလိုက်ခင်မှာပဲ မျက်ဝန်းထဲက မျက်ရည်တွေ ပါးပြင်ပေါ် အလိုအလျောက် စီးကျလာတော့တယ်။ အဲဒီအချိန်က ချယ်ရီ့ရှေ့မှာ ဖြစ်ပျက်သွားတဲ့အမူအရာတွေအတွက်လည်း အရမ်းဝမ်းနည်းတယ်။

ချယ်ရီ သူ့ဘက်ကိုလှည့်ပြီး ဒီမှာကြည့် ပင်စည်လို့ပြောလိုက်တဲ့ အချိန်က မြင်လိုက်ရတဲ့မြင်ကွင်း ...။ ဟာခနဲဖြစ်သွားပြီး ရုတ်တရက် အံ့ဩ

ထိတ်လန့်သွားတဲ့ အမူအရာ…။ ခုထိ မျက်လုံးထဲမှာ ရုပ်ရှင်ထဲက အနေး ပြကွက်များလို တစ်ခုချင်းစီကို ပြန်မြင်ယောင်နေမိတယ်။

* * *

အဲဒီညက ကိုယ်တို့နှစ်ယောက်ကြား မကောင်းဆိုးဝါးတစ်ကောင်ရဲ့ ပြုစားခြင်းကို ခံစားလိုက်ရသလိုပါပဲ။ ခန္ဓာကိုယ်တစ်ခုလုံး ထိန်းချုပ်လို့ မရအောင် တုန်လှုပ်သွားခဲ့တယ်။

"ဒီမှာကြည့် ပင်စည်"

"ဟာ"

ရုတ်တရက် 'ဟာ'ဆိုတဲ့ အာမေဍိတ်အသံကျယ်ကြီးနဲ့အတူ အံ့သြ ထိတ်လန့်မှုကြောင့် ဒိန်းခနဲ ဆောင့်ခုန်သွားတဲ့ နှလုံးသားရဲ့ တုန်ခါမှုဟာ ရင်ကို ဖြောင်းဆန်အောင် လှုပ်ရှားသွားစေတယ်။ မျက်လုံးနှစ်လုံးကိုလည်း စုံမှိတ်ချလိုက်ပြီး တစ်ဖက်ကို မျက်နှာလွှဲလိုက်မိတယ်ထင်ပါတယ်။ အရမ်း လည်း ရှော့ရသွားပြီး တစ်သက် မမေ့နိုင်စရာမြင်ကွင်းတစ်ခုကို ရုတ်ခြည်း တွေ့လိုက်ရတာမို့ ချွေးတွေပြန်လာပြီး စကားတွေလည်း ဆွံ့အသွားခဲ့တယ်။ အဲဒါနဲ့တစ်ဆက်တည်း ချယ်ရီ့ကို သတိရသွားတော့ ကိုယ့်အမူအရာ အတွက် အရမ်းအားနာသွားတယ်။

"ဆောရီးပါ ပင်စည်…အရမ်းလန့်သွားတယ်မဟုတ်လား"

ချယ်ရီက ရုတ်တရက် မျက်ကပ်မှန်ကို ချွတ်ပစ်လိုက်ပြီး သူ့ဘက် ကို လှည့်ပြလိုက်တာမို့ ချယ်ရီ့ရဲ့ ညာဘက်မျက်လုံးဟာ အမည်းမျက်ဆံ နေရာမှာ ဖြူဖတ်ဖတ်နေတာကို အထိတ်တလန့် တွေ့လိုက်ရတယ်။ မျက်လုံး မျက်ဆံအမည်းမရှိတဲ့ ချယ်ရီ့ရဲ့မျက်နှာကို မြင်လိုက်ရတဲ့ခဏ လုံးဝ မကြည့် ရဲတာ ဝန်ခံပါတယ်။ အထိတ်တလန့်အမူအရာနဲ့ ပျက်ယွင်းသွားတဲ့ ကိုယ့် မျက်နှာကိုလည်း ချယ်ရီ သတိထားမိမှာပါပဲ။

"သရဲကားတွေထဲက သရဲမနဲ့ တူမသွားဘူးလား ပင်စည်...၊ ကျွန်မလေ ကျွန်မရဲ့အားနည်းချက်ကို လျှို့ဝှက်မထားချင်ဘူး။ ပင်စည့်ကို လိမ်ညာထားတာမျိုးလည်း မဖြစ်ချင်ဘူး။ ကျွန်မရဲ့ ကံတရားက ကမ္ဘာကြီးရဲ့ အဆိုးအကောင်း အလှအပတွေကို ကြည့်ဖို့၊ ခံစားနိုင်ဖို့ မျက်လုံးတစ်လုံးတည်းပဲပေးခဲ့တယ် ပင်စည်"

ဘာပြန်ပြောရမှန်းမသိအောင် အာခေါင်တွေခြောက်ကပ်ပြီး နှလုံးသားတွေ ကွဲအက်မတတ် ခံစားရတယ်။

"ချယ်...ရီရယ်...ဘယ်လိုဖြစ်ရတာလဲကွာ...ကိုယ် အရမ်းအံ့သြတာပဲ...ကိုယ့်ကို နားလည်အောင် ပြောပြပါဦး"

ချယ်ရီက ညာဘက်မျက်လုံးလေးကို မျက်ကပ်လေး ပြန်တပ်ပြီး သူ့ဆံပင်တွေနဲ့ ကွယ်လိုက်တယ်။ ချယ်ရီ့ရဲ့ ညာဘက်မျက်လုံးဟာ မျက်ကပ်မှန်အတုတပ်ထားတာပဲ။ အဲဒါကြောင့် အဲဒီဘက်ကို မသိမသာ ဆံပင်လေးတွေနဲ့ ကွယ်ထားတတ်တာကို ခုမှပဲ သဘောပေါက်တော့တယ်။ မျက်လုံးအတုနဲ့ ရှင်သန်နေခဲ့တဲ့ ချယ်ရီ့ကို သနားလိုက်တာ။

"ကျွန်မ ဆယ်နှစ်သမီးမှာ ခုံပေါ်ကပြုတ်ကျပြီး အောက်မှာရှိတဲ့ သစ်မြစ်အချွန်နဲ့ ထိခိုက်မိပြီး မျက်လုံးတစ်ဖက် အမြင်ဆုံးရှုံးခဲ့ရတယ်။ အမေက သူသေချာဂရုမစိုက်လို့ ဖြစ်တာဆိုပြီး စိတ်ထိခိုက်ခဲ့ရတယ်။ သူ့သမီးလေး အကောင်းပကတိဖြစ်ဖို့ ငွေဘယ်လောက်ကုန်ကုန် ကုသဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ ကျွန်မဘဝမှာ ဒီအားနည်းချက်ကြီးကြောင့်ပဲ မျက်စိကုဆရာဝန်ဖြစ်ချင်တဲ့ဆန္ဒက သိပ်ကြီးခဲ့လွန်းလို့ ကိုယ်တိုင်စာကြိုးစားခဲ့တယ်။ ဒါပေမဲ့ အဲဒီဆန္ဒလေးနဲ့လည်း လွဲခဲ့ပြန်တယ်။ ဒီလိုပါပဲ ကျွန်မဘဝမှာ အရှုံးတွေနဲ့ချည်းပဲ ရင်ဆိုင်ခဲ့ရတယ်။ အမေကတော့

ယူကျုံးမရဖြစ်စွာနဲ့ သူ့သမီးလေး ကျွန်မကို မျက်လုံးတစ်လုံး ဆုံးရှုံးတာ ဘဝသေတာမဟုတ်ဘူးသမီးဆိုပြီး စိတ်ဓာတ်မကျ အောင် အမြဲတမ်းအားပေးခဲ့တယ်။ အမေ့အားပေးမှုနဲ့ စောင့်ရှောက် မှုကြောင့်ပဲ ကျွန်မ အားမငယ်တော့ဘဲ လောကကြီးကို မျက်လုံး တစ်လုံးနဲ့ကြည့်ရတာ ကျင့်သားရခဲ့တယ်"

"ချယ်ရီ့မျက်လုံးအတွက် တတ်နိုင်သလောက် ကိုယ်ကြိုးစားကြည့် မယ်"

"အပင်ပန်းမခံပါနဲ့ပင်စည်...ချယ်ရီတို့ သေသေချာချာ စစ်ဆေးပြီး ပါပြီ...မျှော်လင့်ချက်မရှိတော့ဘူး"

"ဘယ်အရာမဆို အားမလျှော့ပစ်ပါနဲ့ချယ်ရီ...လုံးဝမသိသာတဲ့ ချယ်ရီ့ရဲ့မျက်လုံးတစ်ဖက်ကို ကိုယ်အရမ်းအံ့သြရတယ်...ကိုယ် ကြိုးစားကြည့်မယ်"

"ခု ဘယ်လိုခံစားရလဲ ပင်စည်"

"အမှန်အတိုင်းဝန်ခံရရင် အရမ်းအံ့သြသွားတယ်...ပြီးတော့ ချယ်ရီ့ကို သနားတယ်...ဒီကိစ္စကိုသိသွားလို့ လက်တွဲဖြုတ်သွား ခဲ့တဲ့ ရှေ့တစ်ယောက်ကို ကိုယ်နားမလည်ဘူး"

"သူမှန်ပါတယ်။ သူ့စိတ်ရင်းအမှန်အတိုင်း လက်မတွဲနိုင်လို့ ထားခဲ့တာပဲ။ ဘယ်သူမဆို ကိုယ်နဲ့လက်တွဲမယ့်သူကို အကောင်း ဆုံးမျှော်လင့်ထားမှာပဲလေ။ အားနာပြီး ဆက်မတွဲတာကောင်း ကျေးဇူးတင်တယ်လို့ နောက်ပိုင်း တွေးမိပါတယ်။ ဒါကြောင့် ပင်စည်လည်း ကျွန်မကို အားနာဖို့မလိုပါဘူး။ ပင်စည့်လိုလူမျိုး က ကျွန်မနဲ့ မထိုက်တန်ပါဘူး။ ပင်စည့်ကို အကောင်းဆုံးတွေ

သာ ပေးချင်ပေမယ့် ကျွန်မဘက်က လုံးဝမတတ်နိုင်ခဲ့ဘူး။ ခုလို မနက်ဖြန် ပြန်ခါနီးမှာ ဖွင့်ပြောရတာလည်း ပင်စည့်ကို ညာမထား ချင်တာရယ် ပင်စည်ကိုယ်တိုင် ဆုံးဖြတ်နိုင်ခွင့်ရအောင်ရယ်ပါ"

"မဟုတ်ဘူး...အခုပဲဆုံးဖြတ်လို့ရတယ်။ ချယ်ရီ့ကိုချစ်တဲ့ ကိုယ့် အချစ်က ဒီကိစ္စအတွက်ကြောင့်တော့ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး ချယ်ရီ...ကိုယ်သစ္စာဆိုခဲ့သလိုပါပဲ။ ချယ်ရီ့မှာ ဘယ်လိုအားနည်းချက်ရှိရှိလို့ ပြောပြီးပြီပဲ"

"ပင်စည်ရယ် မဟုတ်သေးဘူးလေ...လူ့ပတ်ဝန်းကျင် လူ့အသိုင်း အဝိုင်းဆိုတာ ရှိသေးတယ်...ပင်စည့်မိဘတွေက သူ့သားကို မျက်လုံးတစ်ဖက်မမြင်ရတဲ့မိန်းကလေးနဲ့ သဘောတူမှာတဲ့လား"

"အဲဒါတွေ မစဉ်းစားပါနဲ့လား ချယ်ရီရယ်...ကိုယ့်မိဘတွေက အဆိုးကြီးထဲကမဟုတ်ပါဘူး...နားလည်မှုအပြည့်အဝရှိတဲ့သူတွေ ပါ"

"ပင်စည်ထင်သလောက် ဘယ်အရာမှ မလွယ်ကူဘူး...ကျွန်မက ဒီမျက်ကပ်မှန်အတုကို ချွတ်ပြီးမှအိပ်ရတာ ပင်စည်...တစ်ချိန်မှာ ပင်စည့်ဘေးမှာ အိပ်နေမယ့်သူဟာ မျက်လုံးတစ်ဖက်မမြင်ရတဲ့ သူလို့ မတွေးဘဲနေနိုင်ပါ့မလား။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် နဲ့ ပင်စည်နဲ့တွေ့တဲ့အခါ ပင်စည့်အချစ်ကို ငြင်းဆန်နိုင်လိမ့်မယ် လို့ ထင်ထားခဲ့တယ်။ ဒါပေမဲ့ ကျွန်မ မငြင်းနိုင်ခဲ့ဘူး။ အဲဒီ အတွက်လည်း ဆောရီးပါ...ပင်စည့်ဘဝမှာ ကျွန်မထက်သာတဲ့ သူတွေ အများကြီးပါ"

"ချယ်ရီ ဘာတွေလျှောက်ပြောနေတာလဲ...အဲဒီလိုမပြောပါနဲ့... ကိုယ်စိတ်မကောင်းဖြစ်မိတယ်"

"ကျွန်မလည်း ဘယ်ပြောချင်ပါ့မလဲ…စိတ်ထားကောင်းတဲ့ ပင်စည်က သစ္စာတရားကို တန်ဖိုးထား ကိုးကွယ်တယ်…အဲဒီ သစ္စာတရားကို ကိုယ်တိုင်စောင့်ကြည့်ချင် တည်မြဲချင်လို့တော့ ကျွန်မကို ဆက်မချစ်ပါနဲ့…အရမ်းကို ထိတ်လန့်တုန်လှုပ်သွားတဲ့ ပင်စည့်ရဲ့ပုံစံကို ကျွန်မ မြင်လိုက်ပါတယ်…"

"မဟုတ်ဘူးချယ်ရီ…အဲဒီအရာက သတ်သတ်ပါ…ချယ်ရီ့မျက်နှာကို ချက်ချင်းလွဲမိတာ တောင်းပန်ပါတယ်။ ရုတ်တရက်မို့ပါ"

"အများအမြင်မှာ မသိသာပေမယ့်လည်း အသိစိတ်တစ်ခြမ်းက အမှောင်ကမ္ဘာထဲရောက်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပင်စည့်ကို ကျေးဇူးအများကြီးတင်ပါတယ်"

"ချယ်ရီ ကိုယ့်ကို ယုံပေးပါ…ချယ်ရီ့မျက်လုံးအတွက် ထပ်ကြိုးစားချင်သေးတယ်…ဒီအတွက်နဲ့ ချယ်ရီ့ကို ကိုယ် ဘယ်တော့မှ ထားမသွားဘူး…နော်။ အဲဒီအချက်ကိုတော့ ချယ်ရီ့ခေါင်းထဲ နှလုံးသားထဲ စွဲစွဲမြဲမြဲမှတ်ပေးပါ"

ဘာစကားမှမပြောတော့ဘဲ ချယ်ရီ့ရဲ့ ဘယ်မျက်ဝန်းလေးထဲက ကျတဲ့ မျက်ရည်ကို သုတ်ပေးလိုက်တယ်။ ချယ်ရီ့အတွက် တော်တော်လေး စိတ်ထိခိုက်မိတယ်။ ချယ်ရီ့ခေါင်းလေးကို ပခုံးထက်ဆီ မှီထားစေပြီး ချယ်ရီ့ဆံပင်လေးတွေကို ပွတ်သပ်ပေးနေမိတယ်။ ရင်ထဲမှာလည်း လုံးဝ မျှော်လင့်မထားတဲ့အရာမို့ တစ်မျိုးပဲ။ အရမ်းလည်း ခံစားလိုက်ရတယ်။

ချယ်ရီ့ကို နှစ်သိမ့်ပျော်ရွှင်စေတဲ့စကားတွေက ဒီညအတွက် ထိရောက်ခဲ့ရဲ့လားဆိုတာ မသိနိုင်ပါ။ ချယ်ရီ့ကို အားမငယ်စေချင်ပါ။ ချယ်ရီ့ဘဝအတွက် ကိုယ်ဟာ ခွန်အားတစ်ခုပဲ ဖြစ်စေရမယ်။

ချယ်ရီ… ဘဝမှာ အရမ်းကို ခက်ခဲမောပန်းခဲ့တာပါလား။ ဒီည အဖြစ်အပျက်ကိုတော့ ဘယ်တော့မှ မေ့နိုင်မှာမဟုတ်တော့ဘူးဆိုတာတော့ သေချာပါတယ်။

* * *

'× ×နင်လိုချင်သမျှတွေကိုအကုန် ငါဖြည့်ဆည်းပေးချင်လိုက်တာ × ×ရင်ဘတ်နဲ့ရင်းခဲ့သမျှ ဘာတစ်ခုမှအဖတ်မတင်ပါ × ×

× ×နင်ပျော်ရွှင်ဖို့ဆို အရာရာစတေးပစ်ချင်လည်း အသင့်ပါ × × နင့်စိတ်နဲ့ငါ အသက်ဆက်နေရမှန်း နင်မသိခဲ့လို့ပါ × ×'

ဩော်…ကားထဲကသီချင်းလေးလိုပဲ မင်းလိုသမျှ ကိုယ် အကုန် ဖြည့်ဆည်းပေးချင်တယ် ချယ်ရီ…။

တစ်ခါတလေ ဘဝမှာ လူတွေဟာ အရှုံးထက် နာကျင်တဲ့ခံစားမှု တွေကိုရတဲ့အခါ အဲဒီအရှုံးကို အနိုင်အဖြစ် ပြောင်းလဲပစ်ချင်တာ လူတိုင်းရဲ့ ဆန္ဒပါ။ တည်ထားခဲ့တဲ့ သစ္စာတရားရဲ့တန်ဖိုးကို မပျက်ချင်ဘူးဆိုတာထက် ချယ်ရီ့ကို ချစ်ပြီး တန်ဖိုးထားတဲ့စိတ်က ပိုပါတယ် ချယ်ရီ။ ချစ်တယ် ဆိုတဲ့စကားကို လွယ်လွယ်မပြောတတ်သလို ဘယ်လိုအကြောင်းတရားမျိုး တွေပဲရှိရှိ အလွယ်တကူ စွန့်လွှတ်တတ်တဲ့လူစားမျိုးထဲမှာ ကိုယ်မပါဘူး ချယ်ရီ…။

ဒီအဖြစ်အပျက်တွေဟာ အိပ်မက်မဟုတ်မှန်းသိပေမယ့် အိပ်မက် သာဖြစ်လိုက်ပါတော့လို့ ကိုယ် အခါခါတွေးနေမိတယ်။

မျက်လုံးတစ်ဖက်မမြင်ရတဲ့ဘဝနဲ့ လောကကြီးကို ရင်ဆိုင် ဖြတ်သန်းရတာ အတော်ခက်ခဲခဲ့မှာပဲနော်။ ဘယ်လိုသတ္တိမျိုးတွေနဲ့ ရှင်သန် ခဲ့တာလဲ ချယ်ရီရယ်…။

ဆရာဝန်ဖြစ်ချင်တဲ့အိပ်မက်ကို စွန့်လွှတ်လိုက်ရလို့ ဝမ်းနည်းအားငယ်နေတဲ့အချိန် နှလုံးသားလေးက အချစ်ကြောင့် လန်းဆန်းလာခဲ့တယ်။ အဲဒီအချစ်ကြောင့်ပဲ ပျော်ရွှင်နေချိန်မှာ အားနည်းချက်ကြောင့် ချစ်သူက လက်တွဲဖြုတ်သွားခဲ့တယ်။ အဲဒီအဖြစ်အပျက်တွေကြောင့် သေမတတ်ခံစားနေရချိန်မှာ ကိုယ့်ရဲ့ဖေးမကူညီ နှစ်သိမ့်အားပေးမှုတွေနဲ့ ပြန်လည်ရှင်သန်လာခဲ့တယ်။ ကိုယ်ဟာ ချယ်ရီ့ရဲ့ ဒုတိယလူဖြစ်ပေမယ့် လက်တွဲဖြုတ်ဖို့ တစ်ခါမှ စိတ်မကူးခဲ့ပါဘူး။

ကိုယ်ဟာ အားနည်းချက်ကို သိပြီးတဲ့နောက်မှာတောင် ဘဝကိုချယ်ရီနဲ့ပဲဖြတ်သန်းဖို့ ဆုံးဖြတ်ပြီး လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေတဲ့သူပါ ချယ်ရီ...။

အဲဒီညက ကိုယ် တစ်ရေးမှ မအိပ်လိုက်ရဘူး ချယ်ရီ။ ကိုယ့်ခန္ဓာကိုယ်တစ်ခုလုံး မခံနိုင်လောက်အောင် အေးစက်လာမှ အသိဝင်လာတယ်။ ပြန်ရတော့မှာပါလား။ မပြန်ခင် ချယ်ရီ့ကို တွေ့ချင်တယ်။ ဖုန်းခေါ်တယ် မကိုင်ဘူး။ စာပို့တယ်။ စာလည်းမပြန်ဘူး။ ဒါနဲ့ အိမ်ကိုလိုက်သွားတော့ အလုပ်သွားပြီတဲ့။ အလုပ်ကိုလိုက်တော့လည်း ချယ်ရီမရှိဘူး။

ဘယ်မှာသွားပြီးပုန်းနေတာလဲ ချယ်ရီ...။

ဝမ်းနည်းစရာတွေကို တစ်ယောက်တည်း ကျိတ်ခံစားပြီး တစ်နေရာရာမှာ ငိုနေမယ်ဆိုတာ ကိုယ်သိတယ် ချယ်ရီ...။

ချယ်ရီရယ်... ဝမ်းနည်းမှုကို မထိန်းချုပ်နိုင်တဲ့အခါ ကိုယ့်ရင်ခွင်နဲ့ပခုံးဟာ ချယ်ရီ့အတွက်ပဲဖြစ်စေချင်တယ်။

ကိုယ်ကတော့ ချယ်ရီနားလည်နိုင်ဖို့သာ မျှော်လင့်မိပါတယ်။

●

# အပိုင်း (၂)

# အခန်း (၁၀)

'အိမ်ပြင်မှာ နှင်းစက်တွေတဖွဲဖွဲကျ နှလုံးသားမှာ မအေးစက်နိုင် အလွမ်းရက်တွေ မွန်းကျပ်လာလို့ × ×နာရီတွေ မိနစ်တွေ နေ့ရက်တွေ တွက်ကြည့်ရင် ငါ့ပြက္ခဒိန် ဖြဲပစ်ချင်လို့ × ×မျှော်နေမိပြီ × ×သူလာမယ့်နေ့ အိမ်ပြန်လမ်းမှာ × ×ကြိုနေမယ့်သူ × ×ချယ်ရီပန်းတွေ × ×ရင်ခုန်တဲ့ အကြွင်နာအနမ်းတွေ × ×ခြွေနိုင်ဖို့အတွက် ပြင်ဆင်ထားပြီ × ×'

"ငါ ခဏအပြင်သွားဦးမယ်ကွာ"

"ဟာကွာ မင်းကလည်း ဖြူဖြူကျော်သိန်းသီချင်းဆိုမှ ထွက်မလို့လား"

"မင်းတို့ပြီးရင်သာ ထွက်ခဲ့ကြ…ငါစောင့်နေမယ်…ပြန်ဝင်မလာတော့ဘူး"

"အေး… ဠဝ ဠဝ"

လူကြားထဲက တိုးထွက်လာခဲ့တယ်။ ပရိသတ်က များလွန်းလို့ အသက်ရှူကျပ်သလိုတောင် ခံစားရတယ်။ ချယ်ရီလမ်းသီချင်းကို ရင်ဘတ်က မခံစားနိုင်တာလည်း ပါပါတယ်လေ။ ကားရပ်ထားရာ အုတ်ခုံဘေးမှာ ထိုင်ရင်း စီးကရက်ကို ဖွာနေမိတယ်။ မသောက်တတ်ပေမယ့် စီးကရက်သောက်ဖို့ ကြိုးစားမိတာကြာပြီ။

အသစ်ဆိုတဲ့အရာကို စိတ်ကြိုက်အနေအထားတစ်ခုအရ ဖန်တီးနိုင်ဖို့ အခွင့်အရေးတွေ အများကြီးတွေ့ရတယ်။

အဟောင်းဆိုတာကတော့ သူ့နေရာလေးအတိုင်း နေသားတကျ ခိုင်ခိုင်မာမာရှိနေတာကို ဖယ်ရှားပစ်ဖို့ မလွယ်သလို အဟောင်းကို ပြုပြင်ဖို့ နာသွား ပွဲသွားမှာကို စိုးရိမ်စိတ်တွေရှိနေတယ်ဆိုတာ သိသာလှတယ်။

အဲဒီလို စိုးရိမ်စိတ်တွေနဲ့ပဲ နာကျင်ပွဲထွက်ခံစားခဲ့ရပြီ။

နာကျင်ပါစေ... ဘယ်လောက်ထိ နာကျင်နေမလဲ...။

"ရှာလိုက်ရတာ...ကိုက ဘာလို့ထွက်သွားတာလဲ"

"အဲဒီထဲနေရတာ မွန်းကျပ်လာလို့ စီးကရက်သောက်ချင်တာနဲ့ ထွက်လာတာ...ဘာလို့ထွက်လာတာလဲ...မကြည့်တော့ဘူးလား"

"ကြည့်ချင်တာပေါ့...ကို့ကိုမတွေ့တော့လို့"

"သွားကြည့်ပါ"

"တော်ပါပြီ...စိတ်မချဘူး"

"ဘာစိတ်မချစရာရှိလဲ...သွားပါ"

"မသွားတော့ဘူး...ကိုနဲ့ပဲနေမယ်"

"ဟာ..."

"ဘာဖြစ်လို့လဲ"

"ကဲပါ အမွန်းရာ အေးဆေးနေချင်လို့ပါ။ ဘယ်မှမသွားဘူး"

"ကို့ကို အမွန်းကြည့်နေတာကြာပြီ…အားလုံးနဲ့ ပျော်ပျော်ရွှင်ရွှင်သွားတိုင်း ဒီလိုချည်းပဲ ခွဲခွဲထွက်သွားတယ်"

"မင်းတို့မိန်းကလေးတွေကလေ ရည်းစားဖြစ်တာနဲ့ ချုပ်ချယ်ချင်ကြတယ်"

"ရည်းစားမဟုတ်ပါဘူး…ချစ်သူပါ"

"ကဲ…ဟိုမှာ မင်းကြိုက်တဲ့အဆိုတော်ဆိုနေတယ် သွားတော့"

"ဟွန်း"

နှုတ်ခမ်းစူပြီးထွက်သွားတဲ့ အမွန်းကိုကြည့်ပြီး စိတ်ညစ်တယ်။

မင်းက ရည်းစားပါ။ ကိုယ့်ချစ်သူတော့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ ချစ်သူနေရာတော့ စိတ်ကူးမယဉ်နဲ့ အမွန်း။ ရည်းစားနေရာကိုတောင် ကိုယ်တိုင်မပေးဘဲ ယူခဲ့တဲ့နေရာ။ ထားပါတော့လေ။ မင်းကို မနစ်နာစေချင်ဘူး။ သူငယ်ချင်းတွေလည်း ရိပ်မိကြတယ်။ ကိုယ့်ရဲ့လက်တွဲဖော်အဖြစ်တော့ ပိုဝေးတာပေါ့။

လိုတာထက်ပိုတဲ့အခွင့်အရေးကို ကိုယ့်နှလုံးသားထဲကလှူမဟုတ်လို့ မလိုချင်ပါနဲ့။ ဘေးနားရှိရင်တောင် စိတ်ရှုပ်လာတတ်တာ ကြာလေပိုသိလာလေပဲ။ အိမ်ကမိဘတွေနဲ့လည်း မိဘချင်း ရင်းနှီးတာရော ကိုယ်တို့လူငယ်ချင်း ရင်းနှီးကြတာကြောင့် စိတ်ဖြေချင်လို့ တွဲကြည့်တော့လည်း ကိုယ့်ရဲ့နှလုံးသားက အမွန်းအပေါ် တစ်စက်ကလေးမှ မနွေးထွေးခဲ့။

ကွာခြားချက်ပေါင်းများစွာကို ရင်ဆိုင်လာရတဲ့အခါ အချိန်ကြာတာနဲ့အမျှ နှစ်ဦးစလုံးအတွက် ဘယ်လိုမှမကောင်းနိုင်တာကိုသိပြီး အမွန်းကို ဘယ်လိုပြောပြရမလဲ။ အမွန်းကိုလည်း အရမ်းအလေးအနက်မထားစေချင်။ တစ်နေ့နေ့တော့ အမွန်းကို ဖွင့်ပြောရတော့မယ်။

အမွန်းပြောတာတော့ ရည်းစားသက်တမ်း ရှစ်လရှိပြီတဲ့။

ရှစ်လတောင်ရှိသွားပြီလား…၊ အမွန်းနဲ့သူ့ကြားတော့ ဘာမှ မထူးခြားခဲ့။

ဒါဆိုရင် သူနဲ့ချယ်ရီ ဝေးကွာသွားတာ တစ်နှစ်ရှိပြီပေါ့။

အဝေးကြီးဝေးသွားသလို ခံစားရတယ် ချယ်ရီ…။ မင်းနဲ့ဝေးပြီး နောက်ပိုင်း ကိုယ်တစ်ယောက်တည်း အဓိပ္ပာယ်မဲ့ ရှင်သန်နေထိုင်လာရသလို ခံစားရတယ်။

လွမ်းတယ် ချယ်ရီရယ်…။

မင်းကိုလွမ်းလွန်းလို့ ချယ်ရီလမ်းသီချင်းကိုတောင် နားထောင် နိုင်စွမ်းမရှိအောင် ကိုယ်ခံစားနေရတယ် ချယ်ရီ…။

ချယ်ရီ… သိပ်ရက်စက်တယ်။ မင်းပြောသလို လောကကြီးမှာ မိန်းကလေးတွေ ပေါများပါတယ်။ ဒါပေမဲ့ ကိုယ့်နှလုံးသားရဲ့ ခံစားချက် အစစ်အမှန်ကတော့ မင်းကလွဲပြီး ဘယ်မိန်းကလေးကိုမှ ခံစားလို့မရဘူး။ အမွန်းက ချောတယ် လှတယ်။ ဒါပေမဲ့ ကိုယ် ရင်မခုန်ဘူး။ သေချာတဲ့ အဖြေတစ်ခုက သူ့ကို ကိုယ်မချစ်ခဲ့ဘူး။ စိတ်အခန့်မသင့်တဲ့အချိန်တိုင်း ကိုယ် သူ့ကို ကြမ်းကြမ်းတမ်းတမ်းတွေ ပြောဆိုဆက်ဆံမိတယ်။ တစ်ခါ တလေတော့ ကိုယ့်ရဲ့အတ္တကြောင့် အမွန်းပေါ် မတရားရာကျနေသလားလို့ တွေးမိတယ်။ ဒါပေမဲ့ ချယ်ရီရယ်… မင်းမဟုတ်တဲ့ တခြားမိန်းကလေး တစ်ယောက်အပေါ် နူးညံ့သိမ်မွေ့စွာနဲ့ အရာရာကို အလျှော့ပေးဆက်ဆံဖို့ ကိုယ့်နှလုံးသားက ငြင်းဆန်နေခဲ့တယ် ချယ်ရီ။

လူညံ့တွေမဟုတ်တဲ့ သူငယ်ချင်းတွေက ကိုယ် တစ်ခုခုခံစားနေရ တယ်ဆိုတာ ရိပ်မိသွားကြပြီး ကိုယ့်နှလုံးသားကို သိမ်းပိုက်ထားသူဟာ ဘယ်သူလဲဆိုတာ သိချင်နေခဲ့ကြတယ်။ ကိုယ့်ဘက်က ဘယ်အချိန်မှာ ရင်ဖွင့်လာမလဲလို့လည်း စောင့်နေကြတယ်။ ထက်အောင်တစ်ယောက်

ကတော့ ကိုယ့်ဦးလေးကတစ်ဆင့် ကိုယ် တောင်ကြီးသွားခဲ့မှန်း သိထားတယ်။

Showပွဲအပြန် ထက်အောင်က ကိုယ့်ကိုလိုက်ပို့တယ်။ အမွန်းကို တခြားကားနဲ့ လိုက်ပို့ဖို့ သူငယ်ချင်းတစ်ယောက်ကို အချက်ပြလိုက်တော့ အမွန်းက ရိပ်မိပြီး စိတ်ဆိုးသွားတယ်။ စိတ်ဆိုးလည်း မတတ်နိုင်ဘူး။ ထက်အောင်က အပြန်မှာ ရေဆာတယ်ဆိုပြီး ဘီယာဆိုင်ကိုဝင်တယ်။

ဘီယာဆိုင်ရောက်တော့ ထက်အောင်က မင်းတစ်ခုခုဖြစ်နေတယ်ဆိုတာ ငါသိတယ်။ အဲဒီအကြောင်းရင်းက တောင်ကြီးသွားတာနဲ့ ဆက်စပ်နေတယ်မဟုတ်လားတဲ့။ မညာချင်တော့တာနဲ့ ခေါင်းညိတ်မိတယ်။

"မင်း တော်တော်လေးခံစားနေရတယ်ဆိုတာ သတိထားမိနေတာကြာပြီ။ မင်းပုံစံတွေက အမွန်းကိုလည်း ခံစားချက်မရှိဘဲ တွဲနေတယ်ဆိုတာ အရမ်းသိသာနေတယ်…မင်း ဘာတွေဖြစ်နေတာလဲ…ငါ့ကိုပြောမပြနိုင်ဘူးလား"

ဘီယာသောက်ထားတဲ့အရှိန်နဲ့ ရင်ထဲမှာ မျိုသိပ်နိုင်စွမ်းမရှိတော့လို့ သိမ်းဆည်းထားတဲ့ ခံစားချက်တွေကို ထက်အောင်သိအောင် ပြောပြလိုက်တယ်။ ရင်ထဲမှာ လှောင်ထားရတာလည်း ပင်ပန်းလှပြီ။

ရှိုက်သံတွေရောထွေးနေတဲ့ ရင်ဖွင့်သံကို ထက်အောင်က နားစိုက်ထောင်ပေးတယ်။ ချယ်ရီ နောက်ဆုံးတွေ့ခဲ့တဲ့ည…။ အဲဒီညရဲ့ အဖြစ်အပျက်တွေကို ပြောပြလိုက်တဲ့အချိန်မှာတော့ ထက်အောင်လည်း ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားခဲ့တယ်။

"မင်းကွာ…ဘာဖြစ်လို့ ဒီလောက်အချိန်အကြာကြီးထိ မျိုသိပ်ခံစားနေရတာလဲ ငါ့ကိုပြောပါလား…ကောင်မလေး သနားပါတယ်… အဲဒီကောင်မလေး မင်းကို တကယ်ချစ်တာကွ"

ဆိုတဲ့စကားနှစ်ခွန်း ထက်အောင်ဆီက ကြားရတယ်။

"ချစ်တယ်ဆိုရင် ဘာလို့ ငါ့ကိုဖြတ်လိုက်လဲ"

"ဒါက မင်းကို သူ တကယ်ချစ်လို့ကွ"

"ဟား ဟား ဟား"

"ဘာလို့ရယ်တာလဲ"

"သူသာ တကယ်ချစ်ရင် ခုလိုခံစားရအောင် ဘယ်လုပ်မလဲ…သူ တကယ်ချစ်တာ ပထမလူ ရေကူးချန်ပီယံပါကွာ"

"အဲဒါ မင်းအထင်ကိုး…ငါ့အထင်ကတော့ တစ်နေ့မှာ သူ သိပ်ချစ်ရတဲ့သူတွေ သူ့ကိုထားသွားမှာ ကြောက်တဲ့စိတ်ကြောင့် ဒီလိုဆုံးဖြတ်လိုက်တာဖြစ်မယ်"

"ငါက လုပ်ပါ့မလား…အခါခါပြောခဲ့တယ်…ငါ ယောကျ်ားပါ"

"ဒါပေမဲ့ သူက အားနည်းချက်ရှိတဲ့ မိန်းမသားလေ"

"ငါ အရမ်းခံစားပြီး စိတ်ထိခိုက်ဆုံးက ငါ့ကို လုံးဝဖြတ်တောက်ပစ်လိုက်တာကိုပဲ"

"ဆက်သွယ်ပေါ့ကွာ"

"မရဘူး။ တောင်ကြီးကနေပြန်တဲ့ မနက်ကတည်းက ဖုန်းဆက်တယ်။ မန္တလေးရောက်တော့လည်း ဖုန်းအခါခါခေါ်တယ် မကိုင်တော့ဘူး။ FB မှာ ငါ့ကို ဘလော့လိုက်တယ်။ တောင်ကြီး လိုက်သွားရင်လည်း အိမ်ပြောင်းပြီး ခြေရာဖျောက်သွားမလားဆိုတဲ့ စိုးရိမ်စိတ်ကြောင့် ငါ့စိတ်ကိုငါ ထိန်းချုပ်ထားရတယ်"

"မင်း ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"ဘာမှလုပ်လို့မရဘူး။ သူ ငါ့ကိုမချစ်တော့ရင်တောင် သူ့ ညာဘက်မျက်လုံးလေးကို ပြန်ကောင်းအောင်လုပ်ပေးချင်တယ်။ ဒါကြောင့် သူ့မျက်လုံးအတွက်တောင် ငါစုံစမ်းထားသေးတယ်"

"မင်းတို့ဟာက ဓာတ်လမ်းတစ်ပုဒ်လိုပါပဲလားကွာ"

"ဟုတ်တယ်။ ငါဘဝရဲ့ အချိန်တော်တော်များက အဲဒီဓာတ်လမ်းထဲမှာပဲ ပါဝင်ကပြနေခဲ့မိတယ်။ သူ့ကိုမမြင်ဖူးခင်ကတည်းက ကရုဏာစိတ်တွေနဲ့ အားပေးနှစ်သိမ့်ရင်း ငါ့ကိုယ်ငါတောင် မသိလိုက်ခင် ငါ့ရင်ထဲက နှလုံးသားက သူ့ဆီမှာ ပျော်ဝင်သွားခဲ့တယ်။ သူနဲ့ပတ်သက်ပြီး ခဏခဏ သစ္စာဆိုတယ်၊ ဆုတောင်းတယ်။ ခုတော့ ငါ သစ္စာမဆိုချင်တော့ဘူး။ သူ့အပေါ် ငါ ဘယ်လောက်ချစ်တယ်ဆိုတာ သူမှမမြင်တာ"

"အဲဒီလိုတော့ ဟုတ်မယ်မထင်ပါဘူးကွာ...တစ်ခါတလေ သူတို့မိန်းကလေးတွေရဲ့ခံစားချက်က သိုသိပ်ပိတ်လှောင်ခံထားရတဲ့ခံစားချက်ပါ။ မင်းကိုချစ်လျက်နဲ့ လက်တွဲဖြုတ်လိုက်တာမို့ သူလည်း အရမ်းခံစားရမှာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ထက်အောင်ရာ ငါ့လောက်တော့ မလောင်ကျွမ်းပါဘူး။ သူ့ရင်ထဲမှာ ပထမလူက နေရာယူထားဆဲပဲနေမှာပါ။ အဲဒီလူကို နာကျင်နေပေမယ့် သူ ချစ်နေတုန်းပဲလို့ ငါကတော့ထင်တယ်။ ငါက ချစ်စိတ်နဲ့ ပေးဆပ်ချင်ပေမယ့် သူ့အတွက်တော့ အဖြည့်ခံပါသက်သက်ပါ။ ငါ တစ်နေ့မှ သူ့ကို မေ့မရဘူး။ သူ့ဓာတ်ပုံတွေလည်း ပြန်မကြည့်မိအောင် စိတ်ကိုထိန်းထားတယ်"

"အေးပါကွာ...သူနဲ့ပတ်သက်ပြီး မင်းခံစားရလွန်းလို့ မွန်းကျပ်လာတဲ့အခါ ငါ့ကိုပြောပြ"

"အေးပါ"

"မင်း အမွန်းကို ဘယ်လိုလုပ်မှာလဲ"

"ငါ သူ့ကိုပြောမှာပါ။ မင်းတို့လည်းသိမှာပါ...ငါစိတ်မပါတာ"

"အေးပါကွာ…မင်း ထပ်ချဦးမလား"

"တော်ပြီ…နည်းနည်းမူးနေပြီ။ မင်းကြောင့် ငါ ဒီနေ့ များသွားပြီ"

"မင်း ရင်ဖွင့်ကောင်းအောင်လို့ပါ"

"ကောင်းတယ် သူငယ်ချင်း…သွားကြစို့"

* * *

'× × ချယ် ရီ လမ်း လွမ်း သူ × × မင်းနဲ့ ဝေးတဲ့ နေ့ရက် တိုင်းက အဓိပ္ပာယ်မဲ့ × × စိတ္တဇ နဲ့ စောင့်နေ သူ ဒီလူရူး × ×'

အမေက တံခါးလာဖွင့်ပေးရင်း သီချင်းညည်းပြီး ဝင်လာတဲ့သူ့ကို အံ့သြစွာနဲ့ကြည့်နေတယ်။

"ငါ့သား သောက်လာပြီထင်တယ်"

"နည်းနည်းပါမေ…ဖေရော"

"ဒီအချိန် အိပ်ပြီပေါ့…သံပရာရည်ဖျော်ပေးရမလား"

"မဖျော်နဲ့တော့မေ…သားအိပ်တော့မှာ"

"မျက်နှာသစ် ခြေလက်ဆေးလိုက်ဦး…ဘာလို့ အရက်တွေ ဒီလောက်သောက်လာတာလဲ"

"အရက်မဟုတ်ပါဘူး မေရာ…ဘီယာပါ…ဂွတ်နိုက် မေ… ဂွတ်နိုက်"

"ရတယ်နော်"

"ရပါတယ်…အိုကေ…"

အမေ့ကိုနှုတ်ဆက်ပြီး မျက်နှာသစ် ခြေလက်ဆေးမိလား မဆေးမိ လားမသိဘူး မူးမူးနဲ့အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာတော့ ချယ်ရီလမ်း လေးဆီ ရောက်သွားသလိုပဲ…။

●

## အခန်း (၁၁)

ချယ်ရီနဲ့ပတ်သက်ပြီး အစအနလေးတောင် မသိနိုင်တော့တဲ့နောက်ပိုင်း ချယ်ရီ့ကိုမေ့နိုင်ဖို့ 'အမွှန်း' ဆိုတဲ့ အမေ့သူငယ်ချင်းသမီးလေးနဲ့ တွဲဖြစ်ခဲ့တယ်။ မအောင်မြင်ပါဘူး ချယ်ရီ...။ မင်းကိုမေ့အောင်ကြိုးစားတိုင်း မမေ့နိုင်တာကလည်း ကိုယ့်ရဲ့အားနည်းချက်တစ်ခုပါပဲ။

အမွှန်းနဲ့အကြောင်းကို နှစ်ဖက်မိဘတွေက သိသွားပြီး သဘောတူတယ်တွေဘာတွေဖြစ်လာတော့ အမွှန်းကို လမ်းခွဲဖို့ ပြောရပြီ။

အမွှန်းကပြောတယ်။

"ကို သိပ်ရက်စက်တာပဲ" တဲ့။

ကြိုက်သလိုသာပြောပါတော့။ အမွှန်း သူ့ကို နာကျည်းမုန်းတီး အပြစ်တင်ခဲ့ရင်လည်း ခံယူဖို့အသင့်ပါ။

အမွန်းကို နစ်နာအောင် ဘာတစ်ခုမှမလုပ်ခဲ့ဘူးဆိုတာတော့ သစ္စာတိုင်ပြီး ပြောရဲတယ်။ ကိုယ်တိုင်လည်း လိပ်ပြာသန့်ပါတယ်။

ချယ်ရီ့အပေါ်ထားတဲ့ သူ့သစ္စာတရားက အခုထက်ထိ မပျက်မယွင်း ရှိနေပါသေးတယ်။ အဲဒီ ကိုယ့်ရင်ထဲကသစ္စာတရားကို စောင့်ကြည့်ရင်း အဖေ့ညီ တရားလွှတ်တော်ရှေ့နေ သူ့ဦးလေးဆီမှာ ချိန်ဘာဆင်းတယ်။ ဥပဒေစာမေးပွဲတွေကို တစ်ခုပြီးတစ်ခု ဝင်ဖြေတယ်။ ဥပဒေရေးရာဆွေးနွေးပွဲတွေ၊ ဥပဒေသင်တန်းတွေတက်ရင်း ချယ်ရီ့ကို မေ့နိုင်အောင် ကြိုးစားခဲ့ပေမယ့် စာမေးပွဲအတွက် လိုအပ်တဲ့အချက်အလက်တွေ မန္တလေးတက္ကသိုလ်ထဲက စာကြည့်တိုက်ကိုသွားပြီးရှာရင်တော့ စာအုပ်ကောင်းတွေမြင်ပြီး ချယ်ရီ့ကို အရမ်းသတိရပြန်ရော။

အဲဒီသတိရစိတ်တွေကို ထိန်းချုပ်ဖို့ သူ စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် သောက်ဖြစ်နေတာ ကြာပြီ။

သင်တန်းကပြန်လာတာနဲ့ အခန်းလေးထဲမှာပဲ တိတ်တိတ်ဆိတ်ဆိတ်နေဖြစ်တာများတယ်။ အမေကတော့ အခန်းတံခါးကို လာလာခေါက်ပြီး "အမေ့သားလေး နေကောင်းရဲ့လား။ အခန်းပဲ အောင်းနေတယ် ဘာဖြစ်နေတာလဲ"လို့ လာမေးတိုင်း "ကောင်းပါတယ်...ဘာမှမဖြစ်ပါဘူး အမေ"လို့ ပြောလိုက်ပေမယ့် ကိုယ့်ပြဿနာ ကိုယ်ပဲသိတယ်။ ကိုယ်တိုင်ရပ်တန့်ဖို့ကြိုးစားတိုင်း ရပ်တန့်လို့မရနိုင်ဖြစ်နေခဲ့ရတယ်။

အိပ်မရတိုင်း ညည့်နက်တဲ့အထိ မအိပ်ဘဲ စီးကရက်တွေသောက် အတွေးတွေလွန်နေတတ်တာ။ အဲယားကွန်းဖွင့်ထားပြီး အကျီချွတ်ကြီးနဲ့ အိပ်ပျော်သွားတာတွေ အမေသိရင် ကျောင်းဆရာမပီပီ ဘယ်လောက်များ ဆူလိုက်မလဲ။

* * *

အဲဒီည ပတ်ဝန်းကျင်က တိတ်ဆိတ်လို့။

စိတ်တွေ တိမ်တိုက်ထဲမှာ လွင့်မျောနေသလို ခံစားရတယ်။

အပေါ်ကိုမော့ကြည့်တော့ ကောင်းကင်ကြီးက မည်းမှောင်လို့။

လေတိုးသံ မကြားရပေမယ့် အေးမြမှုက ရေခဲရိုက်ထားသလိုမျိုး။

ပန်းရနံ့တွေနဲ့အတူ မွှေးပျံ့တဲ့ ချယ်ရီ့ကိုယ်သင်းနံ့လေးတွေက သူ့နှာဝမှာ တဝဲဝဲလည်နေတယ်။

နားထဲမှာ ချယ်ရီ့အသံကို ကြားနေရတယ်။

ဟုတ်တယ် အဲဒါ ချယ်ရီပဲ။ ချယ်ရီက ကိုယ့်ကို နောက်ကျောပေးရပ်နေတယ်။ ချယ်ရီ...ချယ်ရီ...ချယ်ရီရေ...လို့ ခေါ်လိုက်တော့ လှည့်မကြည့်ဘဲ ထွက်ပြေးသွားတယ်။ ချယ်ရီ့နောက်ကို ပြေးလိုက်တော့လည်း မမီနဲ့ ရင်တွေမောပြီး အသံကုန် ဟစ်အော်လိုက်တယ်။

"ချယ်ရီ"

ကိုယ့်အသံနဲ့ကိုယ် လန့်နိုးလာပြီး ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေရွှဲနစ်နေတယ်။

"သား...ပင်စည် သတိရပြီလား"

"ဟင်...အမေ...သား......"

"ဟုတ်တယ် သား။ ဆေးရုံကိုရောက်နေတာ...သား အဖျားကြီးပြီး သတိလစ်သွားလို့လေ...အမေဖြင့် စိုးရိမ်သွားတာပဲသားရယ်"

"........."

ဒါဆို အိပ်မက်မက်နေတာပေါ့။ ချယ်ရီ့ကိုတွေ့လိုက်တာ တကယ်မဟုတ်ဘူးပေါ့။ အိပ်မက်ထဲမှာပေါ့။

ဪ...ချယ်ရီရယ် မင်းကိုချစ်မိတဲ့ဝန်က သိပ်ကိုလေးလံလွန်းလှပါလားကွာ။ အမေနဲ့ အဖေ့ကို အားကျတယ်။ သူတို့လိုမျိုး အပြန်အလှန်

ချစ်ခင်ကြင်နာပြီး ဘဝတစ်သက်တာ ရိုးမြေကျပေါင်းဖက်ရပါလို၏လို့ ဆုတောင်းမိတယ်။

ချယ်ရီရယ် ကိုယ်ကလေ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာကို ပိုတန်ဖိုးထားတယ်ဆိုတာ မင်းသိအောင် ကိုယ်ဘယ်လိုပြောပြရမလဲကွာ။

ဆေးရုံမှာ ၄ ရက်လောက်နေလိုက်ရတယ်။ လူနာဖြစ်နေ ချိန်မှာ ချယ်ရီ အသည်းအသန်ဖြစ်တုန်းက စိုးရိမ်ပူပန်နေခဲ့ရတဲ့ ကိုယ့်အဖြစ် ကိုယ်ပြန်တွေးရင်း ချယ်ရီ့ကို သိပ်သတိရတယ်။

အဖျားတက်နေတုန်းက ချယ်ရီ ဆိုတဲ့နာမည်ကို ပါးစပ်က ညည်းနေတယ်လို့ အမေကပြောတော့ အမေအကြားမှားတာပါလို့ အတည်ပေါက်ညာပေမယ့် အမေက မွေးခဲ့တဲ့အမေပဲလေ ညာနေတယ်ဆိုတာ သိတာပေါ့။ မျက်နှာကို စေ့စေ့ကြည့်ပြီး

"ချယ်ရီဆိုတာ ဘယ်သူလဲ...သားချစ်သူ နောက်တစ်ယောက်လား"

"... ... ..."

အမေ့ကို ဘယ်လိုပြောရင်ကောင်းမလဲ။ အမွှန်းကိုဖြတ်လိုက်တာ သိပြီးကတည်းက အမေက သူ့ကို သိပ်မကြည်။ အမေမကြည်လည်း သူ့အနေနဲ့ ဘာမှမတတ်နိုင်။ အမွှန်းကို နှလုံးသားနဲ့ ချစ်လို့မရဘူးဆိုမှတော့ ဘယ်လိုအပြုအမူမျိုးနဲ့ ဟန်ဆောင်ရှေ့ဆက်လို့ရမှာလဲ။ ဟန်မှမဆောင်တတ်တာ။ ပြီးတော့ နှလုံးသာကိုလည်း သူမညာချင်ဘူး။

"ဟဲ့...မေးနေတယ်လေ"

"မဟုတ်ပါဘူး အမေရာ"

"ဟုတ်လို့လည်း မရပါဘူး။ အမေတို့က အမွန်းလေးနဲ့ပဲ သဘောတူတာ"

"……… "

"အမေပြောတာ ကြားရဲ့လား…ငါ့သားရဲ့အကျင့်ကို အမေကောင်းကောင်းသိတယ်။ အမေက ကောင်းစေချင်လို့ပြောရင် ဘယ်တုံးကမှ တစ်ခါပြောနဲ့မရဖူးဘူး။ နောက်တစ်ခါထပ်ပြောမှ လက်ခံတာချည်းပဲ။ အမွန်းနဲ့ပတ်သက်ပြီး သားလက်ခံအောင် အမေက နောက်တစ်ခါတင်မကဘူး ထပ်ခါ ထပ်ခါ တိုက်တွန်းနေဦးမှာ"

အမေက အမွန်းနဲ့ပဲ သဘောတူတယ်တဲ့။ နှိုင်းယှဉ်ခြင်းဟာ မကောင်းပေမယ့် အမွန်းနဲ့ ချယ်ရီကို သူ နှိုင်းယှဉ်နေမိတယ်။

ဂျင်းဘောင်းဘီမှာကပ်နေတဲ့ ဆူးလေးတွေကို ဖြုတ်ပေးတုန်းက တဖျတ်ဖျတ်လက်နေတဲ့ မျက်ဝန်းတွေနဲ့ ငုံ့ကြည့်နေတဲ့ ဖြူဖြူဝင်းဝင်း မျက်နှာလေးကို ချစ်လွန်းလို့ ချစ်သူဘဝ အသားမကျသေးခင်မှာတောင် သူ့အနမ်းကို မခံယူတတ်သေးလို့ သွယ်လျကျစ်လျစ်တဲ့ခန္ဓာကိုယ်လေး အလိုက်သင့်ဖြစ်ဖို့ အားထုတ်နေပုံက ရှက်စိတ်နဲ့ စိုးရိမ်စိတ် ဒွန်တွဲနေတဲ့ အမူအရာတွေကို ခုထိမြင်ယောင်နေတုန်းပဲ။

အမွန်းကတော့ အလိုက်သင့်ဆိုတာထက် ပိုတဲ့အပြုအမူတွေကို ကိုယ်ကမစဘဲ အမွန်းကပဲ ဦးဆောင်ပြီး အခန်းထဲထိ ဝင်လာတတ်တာတွေ၊ တစ်ခါတစ်ရံ ဘာမပြောညာမပြောနဲ့ ခုတင်ပေါ် ထိုင်ချလိုက်တာတွေကို လုံးဝမကြိုက်။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ မိန်းကလေးစရိုက် အတိုင်းပဲ ရှိနေသင့်တယ်လို့ထင်တယ်။

* * *

ဆေးရုံကဆင်းပြီး အိမ်မှာနားနေတုန်း ထက်အောင် လူနာမေး ရောက်လာတယ်။ အခန်းထဲ ရောက်ရောက်ချင်း ထက်အောင်ကစတယ်။

"အမှန်တော့ မင်းက အဖျားကြီးတာမဟုတ်ဘူး။ အသည်းကြီးပြီး ကွဲသွားတာ"

"ဟုတ်မယ်။ ဒီနေရာက တစစ်စစ်နဲ့ နာနေသလိုပဲ"

သူက ရင်ဘတ်ကို လက်နဲ့ဖိပြီးပြောတော့ ထက်အောင်က ပြုံးဖြီဖြီးနဲ့ သူ့လက်မောင်းကို လက်သီးနဲ့ ခပ်ဆဆလှမ်းထိုးရင်း

"ငါ တောင်ကြီးကို ကိစ္စတစ်ခုနဲ့ သွားဖို့ရှိတယ်...မင်းလိုက်ဦး မလားလို့ လာမေးတာ"

"မလိုက်တော့ပါဘူးကွာ...အခုမှ နေကောင်းကာစဆိုတော့ အမေ တို့ကလည်း လွှတ်မယ်မထင်ဘူး...ပြီးတော့ အလုပ်ကြွေး စာကြွေး တွေလည်း ရှိသေးတယ်...ခုတစ်ခေါက်စာမေးပွဲက အရေးကြီး တယ်ကွ။ ဒါပေမဲ့ ချစ်သူ့သတင်းလေး စုံးစမ်းဖို့လိပ်စာတော့ ပေးလိုက်မယ်...အကြောင်းထူးတာနဲ့ ဖုန်းဆက်ဦးဟေ့ကောင်"

"အေးပါဟ"

ထက်အောင်ကတော့ ကင်းထောက်အနေနဲ့ တောင်ကြီးကို ချီတက် သွားခဲ့ပြီ။ ဘယ်အရာကိုမှ မျှော်လင့်မထားတာ အကောင်းဆုံးဆိုပေမယ့် သိချင်စိတ်က တားမရ။ ထက်အောင်ဆီကသတင်းကို မျှော်နေမိတယ်။ ချယ်ရီ့အလုပ်နေရာ လိပ်စာကိုလည်း လိုလိုမယ်မယ် ပေးလိုက်တယ်။ သူငယ်ချင်းခံစားချက်ကိုသိနေတဲ့ ထက်အောင်က ငါ့တာဝန်ထားဆိုပြီး တက်ကြွနေတယ်။

ဒီလို အစိမ်းဖြတ် ဖြတ်တောက်ခြင်းထက်စာရင်း တစ်ခုခုတော့ ပြောခဲ့ပေါ့ ချယ်ရီ။ ကိုယ်ခံနိုင်ရည်ရှိအောင် ကြိုးစားထားပါ့မယ်။

ချယ်ရီ့အပေါ်မှာထားတဲ့ ကိုယ်ရဲ့မေတ္တာက တော်ရုံမဟုတ်ခဲ့ဘူး ချယ်ရီ…။ ချယ်ရီ့ကို ဆက်သွယ်ဖို့ ကြိုးစားခဲ့တယ်ဆိုတာကလည်း ခံစားမှုတိုင်းဟာ မင်းဖြစ်နေလို့ပေါ့ ချယ်ရီ…။ ဒီထက် ပြည့်စုံကောင်းမွန်တဲ့ သက်သေကို ကိုယ်ဘယ်လိုရှာရမလဲ။

ဘုရားမှာ အတူတူဆုတောင်းခဲ့ကြတယ်။ အတူရယ်မောပျော်ရွှင်ခဲ့ကြတာတွေကို တွေးလိုက်တိုင်း အာရုံထဲမှာ ပြန်မြင်ယောင်နေမိတယ်။ ကိုယ်ဝန်ခံပါတယ်။ နောက်ဆုံးညမှာ မျက်ကပ်မှန်ကို ချွတ်ပြလိုက်တဲ့ မျက်လုံးတစ်ဖက် ဖြူဖပ်ဖပ်ဖြစ်နေတဲ့ မင်းရဲ့မျက်နှာကတော့ ပြန်တွေးလိုက်တိုင်း ဓာတ်ပုံရိုက်ထားသလို ကိုယ့်ရဲ့အမြင်အာရုံမှာ ညတိုင်းပြန်မြင်နေတဲ့ ပုံရိပ်တစ်ခုပါ။ ဒါပေမဲ့ ချယ်ရီ…ကိုယ်ချစ်နေဆဲပဲ။ ဒါကိုတော့ ယုံကြည်မှုဖြစ်မယ် ချယ်ရီ…။

* * *

သစ္စာတရားတွေဟာ ချယ်ရီ့အတွက်သာဖြစ်ပါတယ်။ ချယ်ရီ့ကို သတိရမိတဲ့အခါတိုင်း ညာဘက်မျက်လုံးလေးကိုပိတ်ပြီး လောကကိုကြည့်ဖြစ်တယ်။ စာနာမှုတွေက နူးညံ့လွန်းပါတယ်။ ချယ်ရီကြည့်ခဲ့ရတဲ့ တစ်ဖက်တည်းသော လောကအလှကို ခံစားမိတယ်။

ငယ်စဉ်ကတည်းက တစ်ဖက်တည်းနဲ့ ရှင်သန်လာတဲ့ဘဝ…၊ မျက်လုံးတစ်ဖက်ကောင်းဖို့ စွန့်စားခြင်းကို မဝံ့မရဲနိုင်တာ အမှန်ပါ။ ကောင်းလာဖို့ထက် ပိုဆိုးသွားဖို့လည်း ဖြစ်နိုင်တာပဲလေ။ အဆိုးဆုံးတစ်ခုကို ထပ်ရင်ဆိုင်ရပြီး ကျန်တဲ့တစ်ဖက်ပါ မကောင်းတဲ့သက်ရောက်မှုမျိုး ဖြစ်သွားနိုင်တယ်ဆိုရင် ဆိုတဲ့အတွေးက ကြောက်ရွံ့ထိတ်လန့်စေခဲ့မှာပဲ။ ဟုတ်တာပေါ့။ ဒါကြောင့် ကိုယ့်ကြိုးစားမှုကို အမျိုးမျိုးငြင်းပယ်ခဲ့တာ။ ချယ်ရီက

မာနကြီး နေတာမဟုတ်ပါဘူး။ အားငယ်အထီးကျန်စိတ်နဲ့ မချစ်ရက် မချစ်ဝံ့တာပဲ ဖြစ်ပါလိမ့်မယ်။

တွယ်ငြိမိခဲ့တဲ့နှလုံးသားကို စစ်ဆေးမိတိုင်း ပြန်ရခဲ့တဲ့ပုစ္ဆာရဲ့အဖြေက ဒါပါပဲ။ ရိုးရှင်းလွန်းပါတယ်။

ကိုယ်ကတော့ မျက်ကပ်မှန်လေးကြောင့်မဟုတ်သလို သစ္စာတရားကြောင့်လည်း မဟုတ်ဘူး။ တစ်ခါမှမခံစားခဲ့ရဖူးတဲ့ နွေးထွေးတဲ့ ရင်ခုန်သံကြောင့်ပါ။ ချယ်ရီလည်း ကိုယ့်ကို ရင်ခုန်ခဲ့တယ်မဟုတ်လား။

မန္တလေးတက္ကသိုလ်ထဲရောက်တဲ့အခါ သတိရစိတ်နဲ့ ညာဘက်မျက်လုံးကိုပိတ်ပြီး စိန်ပန်းပွင့်တွေကြွေကျနေတဲ့လမ်းကို ချယ်ရီလမ်းအမှတ်နဲ့ ငေးကြည့်နေမိတယ်။

အဲဒါ ချယ်ရီရဲ့ ဘဝဖြစ်တယ်...။

အဲဒီလိုပဲ ကိုယ့်ဘဝလည်းဖြစ်တယ်...။

အရမ်းကို သတိရနေမိတယ် ချယ်ရီ...။

အခုအချိန်မှာတော့ သတိရစိတ် ဝမ်းနည်းစိတ်တွေကို အဆုံးသတ်ပစ်လိုက်ဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမနေရုံကလွဲပြီး ဘာကိုမှ မတတ်နိုင်ခဲ့ပါဘူး ချယ်ရီရယ်...။

●

## အခန်း (၁၂)

ထက်အောင် ပြန်ရောက်လာတော့ ကိုယ်မျှော်လင့်တဲ့သတင်းက ဗလာ။ ကိုယ်စိုးရိမ်သလိုပဲ တောင်ကြီးကအိမ်မှာ ချယ်ရီတို့သားအမိ မရှိကြတော့ဘူးတဲ့။

"ငါပြောတဲ့လိပ်စာအတိုင်း သွားစုံစမ်းတာ ဟုတ်ရဲ့လားကွာ...မင်း လိပ်စာမှားပြီး သွားမိတာလား"

"မဟုတ်ဘူး ဟော့ကောင်...မင်းပေးတဲ့လိပ်စာအတိုင်းသွားတာ... ဒီမှာကြည့် မင်းကိုယ်တိုင်ရေးပေးလိုက်တဲ့ လိပ်စာစာရွက်..."

သူ စာရွက်လေးကိုကိုင်ပြီး ငိုင်နေမိတယ်။

"သူ့အလုပ်ဆိုဒ်ထဲလည်း ရောက်ခဲ့တယ်...ဘယ်သူမှ သေသေ ချာချာ မပြောနိုင်ကြဘူး"

ကိုယ် မယုံချင်ဘူး ချယ်ရီ။ ဒါပေမဲ့ အမှန်တရားကို အရှိအတိုင်း လက်ခံဖို့ ကိုယ့်ဦးနှောက်က ခေါင်းလောင်းသံပေးနေပြီ။ နေသားတကျဖြစ်ဖို့ အချိန်တွေ ဘယ်လောက်စောင့်ရမလဲ။ တစ်ခါတလေ ဦးနှောက်ကို ထုချေ လွင့်ကြွေကုန်တဲ့အထိ အသိတရားတွေ ပြန်ကောက်ယူကြည့်ချိန်မှာ ချယ်ရီ့ အတွက် အချိန်တွေပေးဆပ်ခဲ့ရတာ နည်းမှမနည်းဘဲ။ ရင်ထဲက သူ့အလိုလို ပြုဆင်းလာတဲ့ ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားတွေအကြောင်း ထပ်ပြောခွင့် မရှိတော့ဘူးလား…။ နောက်ဆုံးတော့ အသက်ကို ရှူထုတ် ရှူသွင်း ပုံမှန်လုပ်နေရတာတောင် ခက်ခဲလွန်းနေသလိုပဲ ချယ်ရီ။

ကိုယ့်ကို စနစ်တကျ ဒဏ်ခတ်လိုက်တာလားကွာ…။

ချယ်ရီနေထိုင်တဲ့မြို့လေးကို ရင်ခုန်သံနဲ့အတူ ရှာဖွေသိမ်းပိုက် လိုခဲ့တယ်။ အောင်မြင်မှုဘဝနဲ့ ငြိမ်းချမ်းခြင်းဘဝကို ရွေးချယ်ပါဆိုရင် ငြိမ်းချမ်းခြင်းဘဝကိုပဲ ကိုယ်ရွေးချယ်ခဲ့မိမှာပါ။

ကိုယ်အကြောက်ဆုံးက ဒီနေ့လို ချယ်ရီမြို့လေးမှာ မင်းမရှိတော့ဘူး ဆိုတဲ့သတင်း ကြားရမှာကိုပဲ။ ပြတ်သားတဲ့စိတ်ဓာတ်နဲ့ နှုတ်ဆက်စကား မဆိုဘဲ ကိုယ်နဲ့ဝေးရာဆီ အဆက်အသွယ် တိခနဲဖြတ်တောက်ထွက်သွား ခဲ့တဲ့ ချယ်ရီ့ဦးနှောက်နဲ့ နှလုံးသား ထပ်တူညီမှုခြင်းမှာ စတေးခံရတာက ကိုယ့်ရဲ့အချစ်တွေလား။ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားခဲ့တယ်။ ကြီးကျယ်ခမ်းနားခြင်းတွေအပြည့်နဲ့ ချစ်သူကို မြတ်နိုးဖို့ ခွန်အားအပြည့်နဲ့ အရောက်လာခဲ့တယ်။ ခုတော့ အရာအားလုံး အစွန်အဖျား တစ်နေရာဆီမှာ အပြီးမြုပ်နှံရတော့မှာလား။

အဖြစ်အပျက်တွေက မြန်ဆန်လွန်းတာလား…။ မယုံဘူးလို့ ဘယ်လိုပဲငြင်းငြင်း တကယ်တမ်းမှာတော့ မဖြစ်မနေလက်ခံခဲ့ရပြီ။ လူ တစ်ကိုယ်လုံး အလွမ်းတွေလိုက်စားထားသလို ဘယ်အချိန် ဝုန်းခနဲ ပြိုကျ သွားမလဲ မသိနိုင်။

ဧရာဝတီမြစ်ရေပြင်က အပေါ်မှာ မိုးကောင်းလို့ ရေစီးသန်နေတယ်။ ညနေ နေဝင်တော့မယ်။ တံတားပေါ်မှာ ကားခဏရပ်ခိုင်းပြီး အောက်ဆင်းကာ မြစ်ရေပြင်ကို ငေးနေမိတယ်။ စိတ်ရှည်ရှည်နဲ့ စောင့်ပေးနေတဲ့ ထက်အောင်က စိတ်မကောင်းစွာနဲ့

"လာပါကွာ ပင်စည်ရာ... မိုးရွာမယ်ထင်တယ်... ပြန်ရအောင်"

ကားဆီအသွား သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားတယ်။

'ချယ်ရီလမ်း××လွမ်းသူ××အရင်လို ပြန်ချစ်ခွင့် ပေးပါဦး××'

ဘယ်နေရာက လွင့်လာမှန်းမသိတဲ့ သီချင်းသံကြောင့် သူ့မျက်ဝန်းတွေ စိုစွတ်လာတယ်။

"ငါလည်း စိတ်မကောင်းဘူး ပင်စည်ရာ"

"ဘယ်တတ်နိုင်မလဲ... အားလုံး ဒီနေ့မှ တကယ်ပြီးသွားတာ... ငါလည်း သူ့ကို မေ့နိုင်အောင်ကြိုးစားမယ်... ဒီနေ့က နောက်ဆုံးပါပဲကွာ"

"ကံမကုန်ရင်တော့..."

"တော်ပြီ ထက်အောင်...ငါ အရမ်းခံစားရလွန်းလို့ မသေချာတဲ့ ကိစ္စတွေကို ဘာမှမလိုချင်တော့ဘူး... မျှော်လင့်ချက်လည်း မထားချင်တော့ဘူး..."

"အင်းပါ... နောက်တစ်ပတ်ထဲ ရန်ကုန်သွားမှာ လိုက်ခဲ့ပါလား... မင်းစာမေးပွဲတွေလည်း ပြီးပြီပဲ"

"အေး...လိုက်ခဲ့မယ်"

သူ့အတွက် ရင်ထဲကမီးတွေကို အပြီးတိုင်ငြိမ်းသတ်ဖို့ ခုချိန်မှာ ခရီးထွက်တာဟာ အသင့်တော်ဆုံးပဲ။

* * *

စိတ်ညစ်လို့သာ လိုက်ခဲ့ရပေမယ့် ရန်ကုန်မှာ မပျော်။ ထက်အောင်ကလည်း သူ့ကားအရောင်းအဝယ်အလုပ်နဲ့ မအား။ တစ်ယောက်တည်းယောင်တောင်တောင်နဲ့ ပျင်းလည်းပျင်းလာတယ်။ တစ်နေ့ တစ်နေ့ စာပေလောက၊ အင်းဝ စာအုပ်ဆိုင်တွေသွားလိုက်၊ မကြည့်တာကြာပြီဖြစ်တဲ့ရုပ်ရှင်ကိုကြည့်လိုက်နဲ့ အချိန်ဖြုန်းရတယ်။ ညနေကျမှ ထက်အောင်နဲ့တိုက်ခန်းမှာ ပြန်ဆုံကြတယ်။

ထက်အောင် နောက်ကျတဲ့နေ့တွေဆိုရင်တော့ တစ်ယောက်တည်းအလင်းရောင်ပိုရတဲ့ဝရန်တာဘက်ထွက်ပြီး စာဖတ်လိုက်၊ ဟိုငေးဒီငေးလုပ်လိုက်နဲ့ အချိန်က ကုန်မှန်းမသိကုန်သွားတာပါပဲ။

တစ်ရက်မှာတော့ ထုံးစံအတိုင်း ဝရန်တာဘက် စာအုပ်ဖတ်နေတုန်းကိုယ့်ကို တစ်စုံတစ်ယောက်ကကြည့်နေသလို ခံစားရတာမို့ စာအုပ်ကနေမျက်လုံးခွာပြီး ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ မျက်နှာချင်းဆိုင်ငါးထပ်မြောက်တိုက်ခန်းဝရန်တာမှာ ကောင်မလေးတစ်ယောက်က သူ့ကိုကြည့်နေတယ်။ သူကပြန်ကြည့်တော့ ဟိုကြည့်သလိုလို ဒီကြည့်သလိုလိုလုပ်ပြီး အိမ်ထဲဝင်သွားတယ်။

ထက်အောင်ပြန်ရောက်လာတော့ ညစာကို YKKO မှာသွားစားကြတယ်။ ဆိုင်ထဲမှာ လူကအပြည့်။ စားပွဲလွတ်တစ်ခုကို နေရာယူလိုက်တယ်။ ထက်အောင် အစားအသောက်မှာနေတုန်း မျက်လုံးကဘေးဘီကိုကြည့်မိတော့ ညနေကကောင်မလေးကို မလှမ်းမကမ်းက စားပွဲတစ်ခုမှာ တွေ့လိုက်ရတယ်။ ကြည့်နေတာကိုမြင်သွားလို့ သူမကမျက်လုံးလွှဲသွားတယ်။ အသားဖြူဖြူ ဆံပင်နီညိုရောင် ကောင်မလေးကရန်ကုန်သူစတိုင် ပေါ့ပါးသွက်လက်ဟန်အပြည့်။ ကောင်မလေးက သူမအဖော်ကောင်မလေးကို တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေလဲမသိ။ သူမအကြည့်တွေက နည်းနည်းရဲတယ်လို့တော့ ခံစားလိုက်ရတယ်။ ထက်အောင်

ကိုမေးကြည့်တော့ လူသစ်တွေနေမှာ သူလည်းမသိဘူးတဲ့။ မမြင်ဘူးလို့ စပ်စုနေတာနေမှာပေါ့တဲ့။

ထက်အောင်က အလုပ်ကိစ္စရှိမှ သုံးလတစ်ခါလောက် ရန်ကုန်က သူ့တိုက်ခန်းမှာနေပြီး ကျန်တဲ့အချိန်တွေမှာတော့ သော့ပိတ်ထားခဲ့တာ များတယ်။ သူတို့စားမပြီးခင် ကောင်မလေးနှစ်ယောက် စားသောက်ပြီး အရင်ထွက်သွားတယ်။ မိုးဖွဲလေးကလည်း ကျလာတာမို့ သူတို့နှစ်ယောက် လည်း အမြန်စားပြီး စားပွဲထိုးလေးကို ပိုက်ဆံရှင်းဖို့ခေါ်လိုက်တယ်။

"ရှင်းပြီးသွားပါပြီခင်ဗျ…ဟိုဘက်ဝိုင်းကအစ်မက ရှင်းသွားတာ"

သူတို့နှစ်ယောက် အံ့ဩသွားတယ်။ ဘာမဆိုင်ညာမဆိုင်နဲ့ ဘာလို့ရှင်းရတာလဲ။ ကားပေါ်ရောက်တော့ ထက်အောင်မျက်နှာက ပြုံးစိစိ။

"ဇာတ်လမ်းကတော့ စပြီနဲ့တူတယ်…ဆင်ဖြူတော်မှီပြီး ကြံစုတ် ရတော့မယ်ဟေ့"

"တော်ပါကွာ…သိလည်းမသိဘဲနဲ့"

"ဟကောင်ရ သိချင်လို့ ဒီလိုလုပ်သွားတာပေါ့…အဲဒါ ဇာတ်လမ်း …ဇာတ်လမ်း"

"မင်းကလည်း အရေးထဲ"

"စတာပါကွာ…မင်းရင်ထဲ ဘယ်သူရှိတာယ်ဆိုတာ ငါသိပါတယ်"

"မသိတဲ့သူရှင်းတာကို စားခဲ့ရတာ တစ်မျိုးကြီးပဲ…အလကား နေရင်း သူ့အပေါ် အကြွေးရှိသွားသလိုပဲ"

"စိတ်ထဲ သိပ်ထားမနေပါနဲ့…မထူးဆန်းဘူး…သူကအရင် စတင်မိတ်ဖွဲ့ချင်တဲ့သဘောပဲ"

"မဖွဲ့ချင်ပါဘူးကွာ"

"ကောင်မလေးက မဆိုးပါဘူးကွ"

"တော်တော့ပေါ့ကောင်...မဆိုရင်း မင်းကြိုက်လိုက်ပေါ့"

"မဆိုးတာပဲပြောတာပါကွာ...ကြိုက်တော့မကြိုက်ပါရစေနဲ့"

တိုက်ခန်းပြန်ရောက်တော့ ကောင်မလေးက ဝရန်တာမှာ ထွက်နေလို့ သူ ဝရန်တာဘက်မထွက်ဘဲ ဧည့်ခန်းမှာ တီဗွီကြည့်နေလိုက်တယ်။ သူ့ဘေးကို ထက်အောင်လာထိုင်ပြီး စတယ်။

"ဒီကောင်မလေး မင်းကို စိတ်ဝင်စားနေတာထင်တယ်"

"လာပြန်ပြီ"

"အရင်က အဲဒီတိုက်ခန်းမှာ မီဒီယာလုပ်ငန်းလုပ်တဲ့သူတွေနေတာ...ငါတောင် ကြော်ငြာထည့်ဖို့ တစ်ခေါက်ရောက်ဖူးတယ်။ အခု သူတို့ပြောင်းသွားလို့ အဲဒီကောင်မလေးတွေ ရောက်လာတာနေမှာ...ဝရန်တာကနေ ဒီဘက်ပဲကြည့်နေတာ...မင်းကလည်း ကိုယ်ရောင်လေးဘာလေး ထွက်ပြလိုက်ပါဦးဟ... ကောင်မလေး သနားပါတယ်"

"ဟ...သူက အဲဒီလိုကြည့်နေတော့ ငါအထွက်ခက်တာပေါ့"

"ဩော် ဒုက္ခ...ငါတို့လည်း နေရာချင်းမှားနေသလိုပဲ...ငါတို့က မိန်းကလေးဖြစ်ပြီး သူက ယောကျာ်းလေးဖြစ်နေပြီ...မင်းကို လမ်းမှာတွေ့လို့ ရည်းစားစကားလိုက်ပြောပြီး ဟိုဟာ ဒီဟာတွေ ကျွေးရင် မစားနဲ့နော်...နောက်မှ ဒူးနဲ့မျက်ရည်သုတ်နေရမယ်"

"ခွေးကောင် လာနောက်နေတယ်...ခုခေတ်ကောင်မလေးတွေကို ကြောက်ပါတယ်"

"ဒါကြောင့် မင်းကို သတိပေးနေတာလေ"

"ဒါနဲ့ ပြေကြီးမင်္ဂလာဆောင်က မနက်ဖြန်နော်"

"အေး...ဟုတ်တယ်။ မနက်ပိုင်း ဆီဒိုးနားမှာ...။ မတွေ့ရတာ တောင်ကြာပြီ...ဒီကောင် မန္တလေးကနေ ပြောင်းသွားကတည်းက ပဲ"

"မနက်ဖြန်မို့ တော်သေးတယ်...ငါတို့က သန်ဘက်ခါပြန်မှာ ဆိုတော့"

"အေး...။ ဟော့ ပင်စည် မင်းကိုမတွေ့လို့ ကောင်မလေး အိမ်ထဲဝင်သွားပြီ"

"မင်းပဲ စိတ်ဝင်စားနေနေခဲ့တော့...ငါတော့အိပ်ပြီ"

"နေပါဦးဟ...ငါလည်းအိပ်မှာပါ...'ဒီတစ်ညတော့ မင်းရင်ခွင်မှာ နှပ်ဖို့ရောက်လာပြီ အချစ်ဆုံးရေ'...။ ကဲ...မင်းလည်းအိပ်တော့ ကောင်မလေးရေ ငါတို့တိုက်ခန်းမီးမှိတ်မှ မင်းလည်းအိပ်နိုင်မှာ ဆိုတော့ ကဲ ပိတ်ပြီဗျာ...ဂွတ်နိုက် ကောင်မလေးရေ..."

တစ်ယောက်တည်း မီးပိတ်ရင်း ရေရွတ်နေတဲ့ ထက်အောင်ကို ကြည့်ရင်း ပြုံးမိတယ်။

* * *

မင်္ဂလာသတို့သားနဲ့ သတို့သမီးက မိတ်ကပ်ရောင်နဲ့လက်ဖက်စွာ လှနေတယ်။ မေ့လိုက်ဖို့ကြိုးစားနေတဲ့ကြားက ချယ်ရီ့ကို သတိရသွားတယ်။ ချယ်ရီနဲ့ဆို အရမ်းလိုက်ဖက်မယ့်အရောင်လေးပဲ။ လက်တွဲဖို့ထိ ရည်ရွယ်ခဲ့ တာမို့ မင်္ဂလာစုံတွဲကိုကြည့်ပြီး သူ့ရင်ထဲမှာ ထိထိခိုက်ခိုက် ဝမ်းနည်းရတယ်။

အနောက်တိုင်းဝတ်စုံနဲ့ လက်ချင်းချိတ်ပြီး လျှောက်လမ်းကနေ လျှောက်လာတဲ့စုံတွဲက မျက်စိရှေ့တည့်တည့်ဝင်လာတယ်။ ဂါဝန်အနီနဲ့

ကောင်မလေးကို ထက်အောင်နဲ့သူ တစ်ပြိုင်တည်းမြင်သွားတယ်။ သူ့ကို ဝရန်တာကနေ ကြည့်ကြည့်နေတဲ့ ကောင်မလေးပါလား။ အံ့ဩစိတ်နဲ့ ထက်အောင်ကို သူလှမ်းကြည့်တော့ ထက်အောင်က ပခုံးနှစ်ဖက်တွန့်ပြတယ်။ ကောင်မလေးက သူတို့နှစ်ယောက်ကို မမြင်။ သူ့အမျိုးသားလက်ကို မှီတွဲရင်း ကန့်ကလျနဲ့ လျှောက်လာတယ်။ သူမမျက်လုံးတွေက အရည်တလဲ့လဲ့နဲ့။ နှုတ်ခမ်းတွေက အစွမ်းကုန်ပြုံးပြီး ဧည့်သည်တွေကို ဧည့်ခံနေတာ မသိတဲ့သူဆို သူတို့ကို မင်္ဂလာမောင်မယ်တွေလို့ ထင်ကြမှာပဲ။

"ကောင်မလေးတွေများ မလွယ်ဘူးနော်...ဘဲငုတ်တုတ်နဲ့ ငါ့သူငယ်ချင်းကို လာကြူနေသေးတယ်..."

ထက်အောင်က သူ့ကို လှမ်းစတယ်။ ကောင်မလေးဘေးကလူကို မြင်ဖူးသလို ခံစားနေမိတယ်။ ခုခေတ် မင်းသားအောင်ရဲလင်းတို့လို စတိုင်မျိုး။ ဆံပင်ကို တစ်ဝက်လောက် ထောင်ထားတယ်။

ပြေကြီးတို့စုံတွဲ အနားရောက်လာပြီး ဗွီဒီယိုရိုက်ကြတယ်။

"ဒါက ကိုယ့်သူငယ်ချင်း မန္တလေးသားတွေ...ထက်အောင်နဲ့ ပင်စည်တဲ့...ပင်စည်က ရွှေနေလေ၊ ထက်အောင်ကတော့ အိမ်ခြံမြေ ကားအရောင်းအဝယ်လုပ်တယ်"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်"

ပြေကြီးကောင်မလေးက အပြုံးချိုချိုနဲ့ နှုတ်ဆက်တယ်။ ပြေကြီးက

"ငါတို့တွေ မန္တလေးမှာ ပြန်ဆုံကြတာပေါ့ သူငယ်ချင်း"

"အေးပါ...မင်းကလည်း မရောက်တာကြာပြီဆိုတော့..."

"အလုပ်ကတစ်ဖက်ဆိုတော့ မလာဖြစ်တာပါကွာ"

ထက်အောင်က မင်္ဂလာခန်းမထဲ မျက်လုံးဝေ့ကြည့်ပြီး ပြေကြီးကို လှမ်းပြောတယ်။

"ပြေကြီး မင်းလည်း မိတ်အတော်ပေါတယ်နော်...ညှို့သည်တွေ ထိုင်စရာခုံတောင်မရှိဘူး...ဟိုစုံတွဲဆို ရပ်နေရတာ"

"ဘယ်စုံတွဲလဲ..."

"ဟိုမှာလေ...ဂါဝန်အနီနဲ့ကောင်မလေးစုံတွဲကိုပြောတာ"

"ဪ...သူတို့က ငါတို့နှစ်ယောက်စလုံးရဲ့ ဘော်ဒါအရင်းကြီး တွေကွ...ကောင်မလေးက ငါ့ဘော်ဒါ...နှင်းရနံ့တဲ့။ ကောင်လေး ကတော့ ငါ့အမျိုးသမီးရဲ့ဘော်ဒါအရင်းကြီး...ကိစ္စမရှိဘူး"

"ငါ အဲဒီလူကို မြင်ဖူးသလိုပဲကွ"

သိချင်တာနဲ့ ဝင်မေးလိုက်တယ်။

"တိုင်းနဲ့ပြည်နယ် ရေကူးချန်ပီယံ နေသွေးခန့်လေကွာ...ခု သူက နိုင်ငံခြားက ဆုတွေယူပြီးပြန်လာတာ သိပ်မကြာသေးဘူး"

"ဟုတ်လား"

ထက်အောင်နဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွား တယ်။ အပြန်မှာတော့ အတွေးတွေပေါလာတယ်။

"နေသွေးခန့်တဲ့ ပင်စည်"

"အေး...တည့်တည့်ကြီးကို လာတိုးတော့တာပါလား...ဒါကြောင့် စိတ်ထဲ မြင်ဖူးသလိုဖြစ်နေတာ"

"ဒီကောင်မလေးနဲ့က စုံတွဲကိုး...သူ့ကောင်မလေးကြည့်ရတာ စိတ်မငြိမ်ဘူး"

"သူ့ကိုရော ငြိမ်ပါတယ်လို့ မင်းကပြောနိုင်လို့လား"

"ကောင်မလေးက ငယ်ပြီး အလန်းဇယားမို့ပါ...ဒီလောက်လည်း မလှပါဘူး"

နေသွေးခန့်ကို ချစ်ခဲ့လို့ ချယ်ရီခံစားခဲ့ရတယ်၊ ချယ်ရီနာကျင်ခဲ့ရတယ်ဆိုတဲ့အသိက နေသွေးခန့်ကို 'မင်းကြောင့် ချယ်ရီ အိပ်ရာပေါ် ဘုန်းဘုန်းလဲပြီး သေမတတ်ခံစားခဲ့ရတာကွ' လို့ ချက်ချင်းပြေးပြီး ပြောလိုက်ချင်တဲ့စိတ်ကို ထိန်းထားရတယ်။ ဖုန်းဖွင့်ပြီး နေသွေးခန့်နဲ့ ချယ်ရီ တွဲရိုက်ထားတဲ့ဓာတ်ပုံလေးကို ပြန်ကြည့်မိတယ်။ ထက်အောင်ကလည်း သူ့နားကပ်လာပြီး ကြည့်တယ်။

"သူက အားကစားသမားမို့ အရပ်ရှည်ပြီး ဘော်ဒီမိုက်လို့ပါ… မျက်နှာကိုကြည့်ပါလား ဘာဆွဲဆောင်မှုမှမရှိပါဘူးကွာ… ဝက်ခြံတွေနဲ့…ငါ့သူငယ်ချင်းကမှ ဆွဲဆောင်မှုအပြည့်…"

"မင်းကလည်း မိန်းမကျနေတာပဲ ပြောနေလိုက်တာ"

"ငါမြင်တာ ငါပြောတာလေ…ဒီကောင် ဒီကောင်မလေးကိုသာ အတည်ကြွေရင် ချယ်ရီ့ဝဋ်တွေလည်ဦးမှာ…မေတ္တာစူးဦးမှာ… မင်းမယုံရင် စောင့်ကြည့်"

"………"

ထက်အောင်ပြောတာကို သူ ဘာမှပြန်ပြောချင်စိတ်မရှိတော့ဘဲ တွေးချင်ရာတွေးနေမိတယ်။

ချယ်ရီရယ်… မင်းကိုမေ့ပစ်လိုက်ဖို့ ကြိုးစားကာမှ သတိရစရာတွေနဲ့ တည့်တည့်ကြီးတိုးနေရတယ်။ ဘယ်နေရာရောက်ရောက် မင်းအရိပ်က မလွတ်နိုင်မြောက်ပါလားကွာ။ ချယ်ရီ ကိုယ့်ကို လွတ်မြောက်ခွင့်ပေးပါ။

တိုက်ခန်းကိုပြန်ရောက်ပြီး မကြာခင်မှာပဲ ကောင်မလေးလည်း ကားတစ်စီးပေါ်ကဆင်းပြီး တိုက်ခန်းပေါ်တက်သွားတာ မြင်လိုက်တယ်။ နေသွေးခန့်လိုက်ပို့တာပဲဖြစ်မှာပေါ့။ ကားထဲကိုတော့ မမြင်ရ။ ပြေကြီးတို့ မင်္ဂလာပွဲမှာ သူတို့ကိုမမြင်လို့ တော်ပါသေးတယ်။

ညနေမှာတော့ ထုံးစံအတိုင်း ဖုန်းလေးကိုင်ပြီး ဝရန်တာဘက်ကနေ သူတို့ဘက်ကို လှမ်းလှမ်းကြည့်ပြီး ဝင်လိုက် ထွက်လိုက်လုပ်နေတယ်။ သူ ဝရန်တာဘက် အဝတ်ထွက်လှန်းတော့ မရှိဘူးထင်တာ ကောင်မလေးက ထိုင်ရာကထပြီး အမိအရမြင်သွားပုံနဲ့ ကိုယ်ကိုလှုပ်ယမ်းပြီး လက်လှမ်းပြတယ်။ ဘယ်လိုကောင်မလေးလဲ ...။

အိမ်ထဲဝင်ခဲ့ပြီး ဖုန်းကိုဖွင့်ကာ နေသွေးခန့်နဲ့ ချယ်ရီ တွဲရိုက်ထားတဲ့ပုံကို ထပ်ကြည့်မိတယ်။ အဲဒီတုန်းကတော့ ဒီကောင်က ဆံပင်တွေ ထောင်မထားသေး။ ချယ်ရီက ခေါင်းလေးတိမ်း လက်နှစ်ချောင်းထောင်ပြီး ပြုံးနေကြတဲ့ပုံလေး။

နေသွေးခန့်နဲ့ နှင်းရနံ့က ချစ်သူတွေလား၊ တွဲနေတာသက်သက်ပဲလား။ ဒါကလည်း ရန်ကုန်မြို့ရဲ့စတိုင်ပဲလား။ ချယ်ရီ့ကိုထားသွားခဲ့ပြီး ဒီကောင်မလေးနဲ့တွဲတာလား။ ဒါမှမဟုတ် ဒီကောင်မလေးက နေသွေးခန့်ရဲ့ ဘယ်နှယောက်မြောက်မိန်းကလေးလဲ။ ဒီကောင်မလေးက မနက်တုန်းကတော့ ရှင်ဘုရင့်သားတော်နဲ့ လက်ချင်းချိတ် မင်္ဂလာပွဲဆင်နွှဲနေရတဲ့ပုံစံ။ ခုကျတော့ သူ့ကို မခို့တရို့အပြုံးနဲ့ လက်လှမ်းပြလို့။

"ဟူး ... စိတ်ညစ်စရာကောင်းလိုက်တာ"

ညက ကိုယ့်အတွေးနဲ့ကိုယ်မို့ ထက်အောင်နဲ့ သိပ်စကားမပြောဖြစ်။ ထက်အောင်ကလည်း အလိုက်သိစွာ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အိပ်ရာအစောကြီးဝင်သွားတယ်။ မနက်အစောကြီးထပြီးထွက်သွားတဲ့ ထက်အောင်က မုန့်ဟင်းခါးတွေ ဝယ်လာတယ်။

"မုန့်ဟင်းခါနံ့လေးက မွှေးနေတာပဲကွာ ... ဗိုက်တောင်ဆာလာပြီ"

"သိနေတယ်လေ ... မင်းကိုပြောရဦးမယ် ... မုန့်ဟင်းခါးဆိုင်မှာ ဟိုမျက်နှာပြောင်မလေးနဲ့ တွေ့လာသေးတယ် ... သူက ငါ့ကို

ရယ်ပြုပြီး မုန့်ဟင်းခါးဖိုး ရှင်းမယ်လုပ်နေလို့ ငါ မြန်မြန်ရှင်းပြီး လစ်ခဲ့ရတယ် ဟေ့ကောင်ရေ”

“မပတ်သက်တာပဲ ကောင်းပါတယ်ကွာ…ငါတို့လည်း ဒီနေ့ ပြန်တော့မှာဆိုတော့”

“မုန့်ဟင်းခါးဆိုင်ကလည်းကွာ စောင့်လိုက်ရတာ အကြာကြီးပဲ… သူနဲ့ဆုံတော့ ငါဖြင့် သေပြီဆရာဖြစ်သွားရော”

“တော်ပြီဟေ့ကောင်…အဲဒီကောင်မလေးအကြောင်းရပ်ပြီး မုန့်စား ကြစို့”

မုန့်ဟင်းခါးစားရင်း ချယ်ရီ့ကို သတိရလိုက်တာ။ ချယ်ရီက အထက်သူဆိုတော့ ရန်ကုန်မုန့်ဟင်းခါးကို ဆံပြားဖတ်၊ ပဲကြော်၊ ပဲသီးနဲ့ စားရတာ အရမ်းကြိုက်တယ်လို့ ပြောဖူးတယ်။

ချယ်ရီရေ…နေသွေးခန့်လိုလူမျိုးက မင်းနဲ့မထိုက်တန်ပါဘူးကွာ။ အဲလိုလူမျိုးက မင်းကိုထားသွားတာဟာ မင်းအတွက် လောကကြီးကပေးတဲ့ ကံကောင်းခြင်းလက်ဆောင်တစ်ခုလို့ပြောရင် ကိုယ့်ကို စိတ်မဆိုးနဲ့နော်။

နေသွေးခန့်ရေ…အရမ်းစိတ်သဘောထားပြည့်ဝတဲ့ ကိုယ့်ချစ်သူကို တစ်ခုတည်းသော အားနည်းချက်ရှိတာနဲ့ ယောကျ်ားမပီသစွာ ထားသွားခဲ့လို့ လောကကြီးရဲ့ဒဏ်ခတ်ခြင်းကို မင်းခံရတော့မယ်လို့ အသေအချာပြောရဲ တယ်ကွာ။ ခု မင်းတွဲနေတဲ့မိန်းကလေးက…ဟူး…။

ဆက်မတွေးချင်တော့တာနဲ့ ရန်ကုန်က သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး နှုတ်ဆက်လိုက်တယ်။

●

## အခန်း (၁၃)

မန္တလေးပြန်ရောက်တော့ အမေနဲ့အဖေက သိပ်မကြည်။ အဖေက သူ့ကို ဘာဘာညာညာမပြောပေမယ့် အမေကတော့ ကျောင်းဆရာမပီပီ စိတ်လေပြီး လုပ်ချင်ရာလုပ်နေတဲ့သူ့ကို ဆူတယ်။

"သားဦးလေးဆီကပညာကို ဆုံးခန်းတိုင်အောင် မသင်တော့ဘူးလား ပင်စည်..."

"... ... ..."

"သားအဖေက တော်စေချင် တတ်စေချင်လို့ သူ့ညီဆီပို့တာ... ဒါကို မသွားတော့ဘဲ လုပ်ချင်ရာလုပ်နေတယ်...တုတ်ကိုင် ဆုံးမရမယ့်အရွယ်လည်း မဟုတ်တော့ဘူး...ခု အမေတို့ပြောတာ နားမထောင်မှတော့ မင်းဦးလေးကို အိမ်ခေါ်လိုက်တာပဲ ကောင်းတယ်...မင်းက မင်းဦးလေးမှ ကြောက်တာ"

"... ... ..."

ပြန်မပြော နားမထောင်လုပ်နေတာမျိုး အမေက စိတ်မရှည်။ ချက်ချင်း ဦးလေးဆီ ဖုန်းကောက်ဆက်တယ်။

ဦးပြည့်စုံ ဆိုတဲ့ ဦးလေးကို ရှေ့နေလောကမှာ မသိသူမရှိ အောင် အရမ်းတော်တဲ့ တရားလွှတ်တော်ရှေ့နေတစ်ယောက်။ ဦးပြည့်က သူ့လို လူတော်တစ်ယောက်ဖြစ်စေချင်ခဲ့တယ်။ ဦးပြည့်ကို အားကျတာရော ရှေ့နေ အလုပ်ကို ဝါသနာပါတာရောကြောင့် ဥပဒေမေဂျာ ယူခဲ့တာပါပဲ။ ချိန်ဘာ ဆင်းတော့လည်း ဦးပြည့်ဆီမှာပဲ ဆင်းခဲ့တယ်။ အဖေက ကိစ္စမှန်သမျှကို သူ့ညီ ဦးပြည့်နဲ့ပဲ လွှဲထားတယ်။ အဖေဆိုလည်ဟုတ်၊ ဆရာဆိုလည်းဟုတ်၊ ဦးလေးလည်းတော်တာမို့ အနီးကပ်ကြည့်ရှုစောင့်ရှောက်ခဲ့ပေမယ့် အလုပ်နဲ့ ပတ်သက်ရင်တော့ လုံးဝအတိမ်းအစောင်းမခံ။ အိမ်ရောက်လာတော့ ကောင်းကောင်းပြောတော့မယ်ဆိုတာ သိနေတယ်။ အခန်းတံခါးဝကနေ ဦးပြည့်က ခါးထောက်ကြည့်ရင်း

"သား...ပင်စည်"

လို့ ခေါ်လိုက်တဲ့ ဦးပြည့်အသံက လိုတာထက် ပိုနူးညံ့နေတယ်။

"သားကို ပြောချင် မေးချင်တယ်...သား ဘာတွေဖြစ်နေတာလဲ"

"ဦးပြည့်ကို မညာချင်ပါဘူး...သား မိန်းကလေးတစ်ယောက် အတွက် အရမ်းခံစားနေရတာပါ...ဒါပေမဲ့ ဦးပြည့် မစိုးရိမ်ပါနဲ့"

"မစိုးရိမ်လို့ရမလား...သားအမေကလည်း ပြောလှပြီ...ဦးပြည့်က နားလည်ပေးတတ်တဲ့သူတစ်ယောက်ပါ...ရင်ဖွင့်တိုင်ပင်လို့ ရပါတယ်ကွ...ဘဝကိုတော့ အနစ်မွန်းမခံပါနဲ့...အချစ်ကြောင့် သားအနာဂတ်ကို အထိအခိုက်မခံပါနဲ့"

"ဟုတ်ကဲ့ပါ ဦးပြည့်...အခု သား သူ့ကို ကြိုးစားမေ့နေပါတယ်"

"မေ့ပစ်ဖို့ဆိုတာ အပြောလွယ်သလောက် အလုပ်ခက်တယ်... ရှေ့ဆက်လို့ ဘယ်လိုမှအခြေအနေမပေးတော့ဘူးဆိုရင် အစားထိုးရတာ သဘာဝပဲကွ"

"သူ့နေရာမှာ ဘယ်သူ့ကိုမှာ အစားမထိုးနိုင်ဘူး ဦးပြည့်...သူပြန်မချစ်ရင်နေပါစေ"

"အလုပ်စာမေးပွဲရလဒ်တွေ မကောင်းဘူးဆိုတာ သားသိတယ်မဟုတ်လား...သားက ရှေ့နေကောင်းတစ်ယောက်ဖြစ်ရမယ်လို့ ကြွေးကြော်ထားတယ်လေ...သားခံစားမှုကို မပြောလိုဘူး...မေ့ရမယ့်အချိန်တစ်ခုကို ရောက်လာပြီဆိုရင်တော့ မေ့ကိုမေ့ပစ်ရမယ်... သားက ခပ်ညံ့ညံ့လူတစ်ယောက်မှမဟုတ်ဘဲ...အချစ်ဆိုတာ လုပ်ယူဖန်တီးလို့မရတဲ့အရာပဲ...သားစဉ်းစားပေါ့...မနက်ဖြန်ဆိုရင် ရုံးမှာ ဦးပြည့် အရေးကြီးတဲ့အမှု စစ်စရာရှိတယ်...ခါတိုင်း သားလေ့လာနေကျအမှုတွေနဲ့မတူဘူး...သား ဦးပြည့်နဲ့လိုက်ပြီး လေ့လာစေချင်တယ်...တစ်ခါတလေ စာတွေ့ထက် လက်တွေ့က ကိုယ်လုပ်မယ့်အလုပ်ကို ပိုအထောက်အကူပြုတယ်သား"

"ဟုတ်...လာခဲ့ပါမယ် ဦးပြည့်"

ဦးပြည့်က သူထင်သလို သူ့ကိုမဆူပါ။ ပြောသင့်ပြောထိုက်တာကို တိုတိုနဲ့လိုရင်းပဲ သူနားလည်အောင်ပြောပြီး ပြန်သွားခဲ့တယ်။ ကိုယ့်ဘဝကိုယ် နားမလည်လို့မဟုတ်ပါဘူး။ ခံစားမှုတွေကို ရပ်ဆိုင်းနိုင်ဖို့ အားမရှိသေးလို့ပါ။ ခုတော့ အဲဒီခံစားမှုတွေကို ရပ်တန့်ဖို့ အချိန်တန်ပြီဆိုတာ သူကိုယ်တိုင်သိပါပြီ။

ရှုပ်ပွနေတဲ့ စာအုပ်စင်စားပွဲကိုရှင်းပြီး အခန်းကနေ ဝရန်တာဘက်ကိုထွက်ခဲ့တယ်။ လေအေးတစ်ချက်အဝှေ့မှာ သူမြင်နေရတဲ့ ကောင်းကင်ကလကို ရုတ်တရက် ညာဘက်မျက်လုံးလေး လက်ဝါးနဲ့ပိတ်ပြီးကြည့်မိတယ်။

ချက်ချင်းပဲ ခေါင်းကိုခါယမ်းလိုက်မိတယ်။ ဒါကိုက သူမကို သတိရမိနေတဲ့ သူ့ရင်ထဲကစိတ်ပဲ။ သူမ မြင်သလိုလေး ခံစားလိုက်ကြည့်နေမိခြင်းက အရိပ်လိုပါပဲလား...။

ချယ်ရီဖူးမေ ဆိုတဲ့မိန်းကလေးတစ်ယောက်ကိုမှ ဘာကြောင့် တအားချစ်မိသွားပါလိမ့်လို့ မစဉ်းစားဘဲမနေနိုင်အောင် သူစဉ်းစားနေမိတယ်။ ဒီခံစားမှုတွေကို မေ့ပျောက်သွားချင်တယ်။ သူမကို မချစ်ဘဲနေနိုင်ချင်တယ်။ အသိစိတ်က ရပ်တန့်ချင်လှပြီ။ မသိစိတ်ကတော့ တရစ်ဝဲဝဲဖြစ်နေတယ်။

အဲဒါ မင်းကိုချစ်မိတဲ့ ကိုယ့်ဒုက္ခပါပဲ ချယ်ရီရယ်...။

* * *

ညကအိပ်မက်ကြောင့် ဇောချွေးတွေပြန်ပြီး လူက ငြီးစီစီဖြစ်လာလို့ အဲကွန်းထဖွင့်ပြီး အဲကွန်းရှေ့ ငါးမိနစ်လောက် ရပ်နေမိတယ်။ အိပ်မက်က ကိုယ့်ရင်ခုန်သံတွေကို မြန်စေတယ်။ အိပ်မက်ထဲမှာ ချယ်ရီနဲ့ နှစ်ယောက်အတူ တောင်စွန်းလေးတစ်ခုမှာထိုင်ပြီး စကားပြောနေကြတာ ရယ်လို့မောလို့ပါပဲ။ ရုတ်တရက် ချယ်ရီထိုင်နေတဲ့ တစ်ဘက်ခြမ်းက မြေသားကျွံကျသွားပြီး ချယ်ရီက ချောက်တစ်ခုထဲ ပြုတ်ကျသွားတယ်။ လှမ်းဆွဲပေးမယ့် မမီတော့ဘူး။ အဖြူရောင် လည်စည်းစလေး လွင့်သွားတာကို မြင်လိုက်ရတဲ့ ခဏ ကိုယ်ပေါ် မြေခဲတွေပြိုကျလာချိန်မှာ အရမ်းလန့်ပြီး နိုးလာတယ်။ ချက်ချင်းပဲ ဆုတောင်းမိတယ်။ ချယ်ရီ ကျန်းမာပါစေ ချမ်းသာပါစေ။ ဘေးအန္တရာယ်ကင်းပါစေ။

ချယ်ရီ့ကို မေ့ပစ်တော့မယ်ဆိုကာမှ အိပ်မက်ထဲရောက်လာတာ တိုက်ဆိုင်မှုပဲလား။ မဖြစ်နိုင်ပါဘူး။ စိတ်စွဲလမ်းလို့ မက်တဲ့အိပ်မက်တစ်ခုပဲ ဖြစ်မှာပါလို့တွေးရင်း ရေချိုး မနက်စာစားလိုက်တယ်။ အမေက သူ့မျက်နှာကို အကဲခတ်နေတယ်။ အဖေ့ကိုမေးတော့ ကုမ္ပဏီသွားပြီတဲ့။ မန်နေဂျာ

ရာထူးရထားတဲ့အဖေလည်း အလုပ်များလွန်းတယ်။ သူနဲ့ အဖေ ဆုံတွေ့ချိန်က သိပ်မရှိသလောက်ပါပဲ။

"သား နေကောင်းရဲ့လား"

"ကောင်းပါတယ်အမေ"

"မနေ့က မင်းဦးလေးပြောတဲ့စကားတွေကို နားထောင်နော်"

"ဟုတ်...။ ဩော်...ဒီနေ့တောင် ဦးပြည့်နဲ့ချိန်းထားသေးတယ်။ သူအမှုစစ်မှာ လာလေ့လာဖို့ ခေါ်ထားတာ"

"သွားပေါ့သားရယ်...မင်း ဟိုးအရင်ကတည်းက မင်းဦးလေး အလုပ်ကို သွားလေ့လာနေကျပဲ...အလုပ်ထဲမှာ စိတ်နစ်ထားလိုက်ရင် ခံစားချက်တွေလည်း ပျောက်သွားမှာပဲ။ အမေရော အဖေက သားမကြိုက်ရင် ဘာမှဇွတ်မစီစဉ်ပါဘူး...ဒါပေမဲ့ သား စိတ်တွေလေပြီး တစ်ခုခုဖြစ်မှာတော့ စိုးရိမ်တယ်"

"သားကို နားလည်ပေးလို့ ကျေးဇူးတင်ပါတယ်အမေ"

"မင်းဦးလေးက မင်းကို သိပ်ချစ်ပြီး အားကိုးတာနော်...မနေ့က သားကို သူ မဆူရက်ဘူးလို့ပြောတယ်...အချိန်တစ်ခုလိုတယ်... ဒီအရွယ်တွေမှာ ကြေကွဲခြင်း ကြည်နူးခြင်းတွေ တစ်လှည့်စီခံစားတတ်ရမယ်...မခံစားနိုင်ရင် လူမဟုတ်ဘူး...လူမှန်ရင် ခံစားကို ခံစားရမယ်တဲ့...သားကို အမေတို့ နားလည်ပါတယ်...ငါ့သား နှလုံးသားလေးက နုနုလေးရယ်...ငါ့သားက ဘယ်မိန်းကလေး ကိုမှလည်း ချစ်ခဲ့ဖူးတာမဟုတ်ဘူး...ဘယ်သူမှန်းမသိပေမယ့် သား တော်တော်ကြီးခံစားနေရမှန်း အမေသိတယ်...သားဘက်မှာ အမေရှိတယ်...တစ်ယောက်တည်း ကြိတ်မခံစားပါနဲ့သားရယ်"

အိမ်လာလို့ အဖေ၊ အမေတို့နဲ့စကားပြောရင် ဝေးပြီး နားထောင်ရတာ တစ်ခါမှ ပျင်းတယ်လို့ မခံစားရ။ ဟိုတစ်နေ့က အိမ်မှာ ဦးပြည့်ပြောသွားတဲ့ စကားတွေကို ခုထိ မှတ်မိနေတုန်းပဲ။

"ကျွန်တော့်ရဲ့အလုပ်က မိုးချုပ်တာနဲ့တစ်ပြိုင်တည်း ကြယ်တွေ အပြည့်ရှိတဲ့ကောင်းကင်ကို ထိုင်ကြည့်ရတာပဲ။ ကျွန်တော့်ဘဝမှာ အမှန်ကန်ဆုံးရွေးချယ်မှုက ဒီရေနေအလုပ်ပဲ။ ဒီအလုပ်ကို ဘဝ ရည်မှန်းချက်အဖြစ် တမ်းတမ်းစွဲဖြစ်နေတုန်းပဲ။ အခုချိန်မှာ ဘဝ ရည်မှန်းချက်ဖြစ်တဲ့ ဒီရေနေအလုပ်ကိုလုပ်ရင်း သေခြင်းတရားကို စောင့်မျှော်နေရတယ်ဆိုရင် နောက်ဆုံးသေခါနီးအချိန်ထိ ကျွန်တော် ညည်းနေမှာက ဘဝအတွေ့အကြုံအမြောက်အမြားရှိတဲ့ အနက်က ဒီအလုပ်က ကျွန်တော့်ဘဝရဲ့ တကယ့်အတွေ့အကြုံပါတကားလို့ ညည်းမိမှာပဲ"

ကိုယ်တိုင်အပါအဝင် အဖေရော အမေပါ ဦးပြည့်အပြောကို သဘောကျပြီး နားထောင်နေမိတယ်။ ဦးပြည့်က ဆက်ပြောတယ်။

"ကျွန်တော် နိုင်ငံခြားကိုသွားတော့ ကျယ်ပြန့်တဲ့သမုဒ္ဒရာရေပြင်ကို စမြင်တဲ့နေ့က ဘာတွေးမိလဲ အစ်ကိုသိလား...ကိုယ်လွတ်မရုန်း နိုင်ဘူးဆိုတာကိုပေါ့...မိုးကောင်းကင်ကြီး အောက်ကိုကျလာတာ တောင် မိုးကုပ်စက်ဝိုင်းကြီးက တားဆီးထားသလိုမျိုး မလွတ် မြောက်နိုင်ဘူး"

ဦးပြည့်ရဲ့ ဆိုလိုရင်းကို သဘောပေါက်လာတယ်။ ဦးပြည့် ထပ်ပြောတဲ့စကားက –

"အသိဉာဏ်ညံ့ဖျင်းရင် ဖျင်းသလောက် မလွတ်မြောက်နိုင်ဘူး။ ကျွန်တော် မယုံကြည်တာက စိတ်ကူးယဉ်ကမ္ဘာထဲမှာ လက်တွေ့ မမြင်၊ လက်တွေ့မဆန်ဘဲ လက်တစ်ဆစ်လောက် ချီးမွမ်းခံရရင်

သွေးနားထင်ရောက်ပြီး ကိုယ့်ကိုယ် အထင်ကြီးခြင်းတွေကိုပဲ။ တကယ့်အနိဋ္ဌာရုံနဲ့ ဒုက္ခတွေကျ ဟန်ဆောင်ဖုံးဖိပြီး သူများကို လက်ညှိုးထိုးဖို့စဉ်းစားတဲ့ လူတွေအကြောင်းဆို ခေါင်းထဲကို မထည့်ချင်ဘူး။ ဝမ်းသာစရာကြုံလို့ မိုးပေါ်ပျံတက်နိုင်စေဦး၊ ဒုက္ခနဲ့ကြုံလို့ မီးတောက်နေစေဦး နောက်ဆုံး လူဟာ ကိုယ်လွတ်ရုန်းရတဲ့ ဒုံရင်းဘဝ ပြန်ရောက်ရတယ်။ အနှောင်အဖွဲ့တွေကနေ ရုန်းထွက်ရင်းနဲ့ပဲ မလွတ်မြောက်နိုင်တာ ဒီလူ့ဘဝကြီးပဲပေါ့"

ဦးပြည့်က ဘာကိုဦးတည်ပြောနေမှန်းသိပါတယ်။ စိတ်လေနေတဲ့ အချိန်တွေမှာ ဦးပြည့်ဆီ တစ်ခေါက်မှမရောက်တာပဲကြည့်တော့။ ကမ္ဘာမြေကြီးနဲ့ သမုဒ္ဒရာရေပြင်တောင် မိုးကုပ်စက်ဝိုင်းအောက်က မလွတ်မြောက်နိုင်ဘူး။ ဒါ သဘာဝတရားပဲ။ သူတို့က လူတွေ။ ဘာဟုတ်သေးလို့လဲ။ အချစ်ပိုက်ကွန်ထဲက ရုန်းမထွက်ဘဲ ကိုယ့်ကိုယ်ကိုယ် နှစ်သထက်နစ်မြုပ်အောင် လုပ်နေမိခဲ့တယ်။

ဦးပြည့်ရဲ့ စိတ်နေသဘောထားကို သူ့အဖေထက် ပိုသဘောကျခဲ့တယ်။ အဖေက အနေအေးပေမယ့် ဒေါသဖြစ်လာရင်တော့ ဘာဘာညာညာ စဉ်းစားမနေဘဲ အနီးနားရှိတဲ့ပစ္စည်းနဲ့ ကောက်ပေါက်ရင်ပေါက်၊ မဟုတ်ရင် လက်သီးနဲ့ ထထိုးပြီး ပြဿနာကို ဖြေရှင်းတတ်တယ်။ ဦးပြည့်ကတော့ သူငယ်စဉ်ကတည်းက နားဝင်အောင်ပြောတတ်သူ။ လက်ခံလာအောင်လည်း လေပြေလေးနဲ့ပြောတတ်တယ်။ အဖေနဲ့ ဦးပြည့် ညီအစ်ကိုရင်းတွေ ဖြစ်ပေမယ့် ကွာခြားချက်တွေရှိတယ်။ အဖေက သူ့ဘဝကို ငွေကြေးပြည့်စုံဖို့နဲ့ ရှိနေတဲ့ငွေကို တိုးပွားအောင်လုပ်ဖို့ကလွဲပြီး တခြားဘာမှမသိ။ ဦးပြည့်ကတော့ ရှေ့နေအလုပ်နဲ့ စာဖတ်ခြင်းဟာ သူ့ဘဝအတွက် အရေးကြီးဆုံး အရာတွေလို့ သတ်မှတ်ထားသူ။ ဦးပြည့်အိမ်မှာ စာအုပ်ဗီရိုတွေဆိုတာ အများကြီးပဲ။ ဒါကြောင့် စာကြည့်ခန်းသတ်သတ်လုပ်ထားပြီး လင်မယား နှစ်ယောက် အေးဆေးစွာနေထိုင်တယ်။ ဘဝမှာ လူချမ်းသာဖို့ထက် စိတ်

ချမ်းသာဖို့က အရေးကြီးဆုံးပဲဆိုတဲ့အသိကို ဦးပြည့်ဆီက သင်ယူခဲ့ရတယ်။ သူ့အတွေးတွေ ဖုန်းမြည်သံကြောင့် ရပ်သွားတယ်။ ဦးပြည့်ဆီကဖုန်းပဲ။

"ဟဲလို ဦးပြည့်"

"အေး...သား ဘယ်မှာလဲ"

"ဦးပြည့်ဆီလာနေတာ ရောက်တော့မယ်"

"အိမ်မှာ မင့်ဒေါ်လေး အုန်းနို့ခေါက်ဆွဲချက်လို့ လှမ်းခေါ်တာ အတော်ပဲဖြစ်သွားတယ်"

"ဟုတ် ဦးပြည့်...ဖုန်းချလိုက်တော့မယ်...ရောက်တော့မှာ"

"အိုကေ သား"

ဦးပြည့်အမျိုးသမီးနာမည်က ဒေါ်နွဲ့နွဲ့ခင်။ သူကတော့ ဒေါ်လေးနွဲ့ လို့ပဲခေါ်တယ်။ သားသမီးမရှိတော့ သူ့ကို သားလေးတစ်ယောက်လို ချစ်ရှာသူ။ အနေအေးပြီး အိမ်ထဲကအိမ်ပြင် သိပ်မထွက်။ ဒေါ်လေးနွဲ့က ဟင်းချက်အရမ်းကောင်းတယ်။ အုန်းနို့ခေါက်ဆွဲက သူ့အကြိုက်။ ဦးပြည့်တို့ အိမ်ရောက်တော့ သုံးယောက်အတူ အုန်းနို့ခေါက်ဆွဲစားကြတယ်။

"ကောင်းလိုက်တာ ဒေါ်လေးနွဲ့ရာ...မစားရတာကြာပြီ"

"သားကမှ မလာဘဲ"

"အလုပ်ရှုပ်နေလို့ပါ ဒေါ်လေးရာ"

"ဒီနေ့တော့ အိမ်ကိုမပေးလိုက်နိုင်တော့ဘူး သားရေ..."

"မပေးနဲ့ဒေါ်လေးနွဲ့...သားက ဦးပြည့်နဲ့ ရုံးလိုက်သွားမှာ..."

"အေး အေး...၊ မင်းဦးလေးလည်း ညက ကောင်းကောင်းမအိပ်ရဘူး...အမှုတွေဖတ်လိုက်ရ၊ ဖုန်းပြောလိုက်ရနဲ့ အလုပ်တွေရှုပ်နေတာ"

"ဒီတစ်ခေါက်လိုက်ရမှာ ဘယ်လိုအမှုမျိုးလဲ ဦးပြည့်"

"လူသတ်မှု"

"သားတို့မန္တလေးလည်း တဂျိန်းဂျိန်း လူသတ်မှုဖြစ်နေတယ်နော် ဦးပြည့်"

"ခုဟာက ဓားထိုးမှု"

"ဦးပြည့်က တရားခံဘက်က လိုက်ရမှာလား"

"တရားခံတော့ မဟုတ်သေးဘူး…တရားခံနဲ့အတူပါဝင်တဲ့လူ နှစ်ယောက်ဘက်က လိုက်ရမှာ။ နံပါတ်၅ နဲ့ နံပါတ်၈ တရားခံပေါ့…စွဲချက်"

"ဟာ…များလှချည်လား…၈ ယောက်ထိဆိုတော့"

"အုပ်စုလိုက်ဆိုတော့ များတာပေါ့"

"ဘယ်နားမှာ ဖြစ်သွားတာလဲ ဦးပြည့်"

"၃၅ လမ်းနဲ့ ၆၂ လမ်းထောင့် အရင်သိပ္ပံလမ်း အဝိုင်းထောင့်နားမှာ…အမှန်တော့ ဒါမျိုးသွေးစွန်းတဲ့အမှုကို ဦးပြည့်က မလိုက်ချင်ဘူးဆိုတာ သားလည်းသိတာပဲ…ဦးပြည့်ဆရာက သူယုံကြည်တာ ဦးပြည့်ပဲရှိတယ်ဆိုပြီး အမျိုးမျိုးတောင်းပန်လို့ နှစ်ယောက်အတွက် ဦးပြည့် တာဝန်ယူလိုက်တာ…"

"ကောင်းတာပေါ့ ဦးပြည့်ရာ…သားလည်း အတွေ့အကြုံတစ်ခု အနေနဲ့ သင်ယူလို့ရတာပေါ့"

"ဒါပေမဲ့…"

ဦးပြည့်က ပြောလက်စကားကိုရှေ့မဆက်ဘဲ တစ်ခုခုကို အလေးအနက်စဉ်းစားနေပုံနဲ့ တစ်နေရာတည်းကို စူးစိုက်ကြည့်နေတယ်။

"ဘာဖြစ်လို့လဲ ဦးပြည့်"

"အမှန်အတိုင်းပြောရရင်တော့ကွာ တရားခံတွေထဲမှာ ငါ့အဖေက ဘာကြီးကွ ညာကြီးကွ လုပ်ချင်တာလုပ် ဂရုမစိုက်ဘူးဆိုပြီး သူများအသက်ကို ဖက်ရွက်လောက်မှ တန်ဖိုးမထားတဲ့လူတွေရဲ့ မျက်နှာ၊ ဥပဒေကို မလေးစားတဲ့ သူတို့တွေနဲ့ သူတို့အုပ်ထိန်းသူတွေရဲ့ ငွေပေးလိုက်ရင် ဒီအမှု ပြီးသွားမှာပဲဆိုတဲ့ မထီမဲ့မြင် မျက်နှာတွေကို ဦးပြည့်က မကြည့်ချင်ဘူး။ စကားလည်းမပြောချင်ဘူး။ ဒါကြောင့် ဦးပြည့်က ငြင်းချင်တာ"

"ဟုတ်လား...ဒါဆိုရင်တော့ မလွယ်ဘူး ဦးပြည့်...ဆေးကြောင်တွေရောပါလား"

"ပါတာပေါ့ကွာ...ဦးပြည့်ဆရာရဲ့မျက်နှာကြောင့်သာပေါ့ကွာ... ပြီးတော့ တရားခံထဲမှာပါတဲ့ မိန်းကလေးတစ်ယောက်ကိုလည်း သနားလို့ လက်ခံလိုက်တာ"

"မိန်းကလေးတစ်ယောက်က ပါသေးတာလား"

"ပါတယ်။ တရားခံအုပ်စုနဲ့ပါလာတာ။ ဘယ်လိုဆက်စပ်လဲတော့ မသိဘူး။ ဟိုကောင်တွေက KTV ဆိုင်ကနေ ကားပေါ်တင်ခေါ်လာတာတဲ့။ အခင်းဖြစ်တဲ့အချိန်က ကလေးမလေးက ကားပေါ်မှာ ကျန်နေရစ်ခဲ့တာ။ ဒါပေမဲ့ အမှုတွဲထဲတော့ ပါနေတာပေါ့။ ဦးပြည့် ထွက်ဆိုချက်တွေ သွားယူတုန်းကဆို ကလေးမမျက်နှာလေးက နုနုနယ်နယ်နဲ့ ကြောက်ရွံ့နေတဲ့ သူ့မျက်နှာလေးမြင်ပြီး သနားသွားတယ်။ တစ်ခုက သူကိုယ်တိုင်လည်း မူးယစ်ဆေးဝါး သုံးစွဲထားတယ်လို့ ဝန်ခံထားတာပဲ။ စိတ်မကောင်းဘူး။ ငွေနောက်လိုက်ရင်း ဟိုလူတွေရဲ့ပါတနာဖြစ်သွားတာနေမှာ။ အမှန်က

ကလေးမလေးကို ဟိုလူတွေက ပြန်ပို့ပေးဖို့ သူတို့ကားပေါ် တင်ခေါ်လာတာ။ အဲဒီမှာ ပြဿနာဖြစ်တာ။ တစ်ယောက်က ကားပေါ်က ထိုင်ခုံအောက်မှာပါတဲ့ဓားကိုယူပြီး ပြေးထိုးတာ။ တစ်ယောက်က ချိန်းကြိုးနဲ့ရိုက်တယ်။ ကလေးမလေးက သူ့မျက်စိရှေ့မှာ လူသတ်မှုဖြစ်သွားတော့ ရှော့ရသွားပုံရတယ်"

"ဘာလို့သတ်တာလဲ ရန်ငြိုးရှိလို့လား"

"ကိုယ်သတ်ချင်တဲ့လူကို သတ်ရတယ်ဆို ဟုတ်သေး...ခုဟာက လူမှားပြီးသတ်တာ"

"ဟာ...ဟုတ်လား။ စိတ်ဝင်စားစရာပဲ"

"ဒီကောင်တွေက မူးနေပြီနေပြီ။ လမ်းပေါ်မှာတွေ့သမျှလူ ရန်သူပဲ။ ဖြစ်ချင်တော့ သူတို့ကားမောင်းလာတဲ့လမ်းမပေါ်မှာ မျက်နှာချင်းဆိုင်ကလာတဲ့ ညမင်းသားနှစ်ယောက်က ဆိုင်ကယ်ထောင်ပြီး စီးလာကြတာ။ အဲဒီမှာ ဆိုင်ကယ်သမားတွေကို ကားပေါ်ကနေ လှမ်းဆဲတယ်။ ဆိုင်ကယ်သမားတွေကလည်း ဘလိုင်းကြီးဆဲခံရတော့ မခံနိုင်လို့ ပြန်ဆဲရင်း ဖြစ်ကြတာ။ ဆိုင်ကယ်အဖွဲ့က ဘော်ဒါတွေထပ်ရောက်လာတော့ ဒီကောင်တွေက ကားမောင်းပြီး ထွက်ပြေးခဲ့ရတယ်။ လမ်းတစ်ဝက်အရောက်မှာ တစ်ယောက်က သွေးဆူနေတော့ မကျေနပ်ဘူးဘာညာနဲ့အော်ပြီး ကားကိုပြန်လှည့်ခိုင်းတယ်။ နောက်တစ်ယောက်ကလည်း ပြန်ချမယ်တွေဘာတွေ ပြောပြီး ပြန်သွားတော့ ဆိုင်ကယ်သမားတွေက အဲဒီမှာမရှိတော့ဘူး။ ဖြစ်ချင်တော့ အဲဒီလမ်း အဲဒီနေရာမှာပဲ အလုပ်သမားနှစ်ယောက်က ညလုပ်ဆင်းပြီးပြန်လာတာ။ သူတို့နဲ့ဖြစ်တဲ့ ဆိုင်ကယ်သမားတွေပဲဆိုပြီး အဲဒီနှစ်ယောက်ကို လိုက်သတ်တာ။

ကံများဆိုးချင်တော့ကွာ အဝတ်အစားရော ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းကလည်း ဆင်နေတော့ ဆေးကြောင်စိတ်ကြွ အရိုင်း စိတ်ဝင်ပြီး ဘာမှမမြင်တော့ဘဲ အလုပ်သမားလေးတစ်ယောက်ကို ဓားနဲ့ထိုးလိုက်တာ နေရာမှာတင် ပွဲချင်းပြီးပဲ။ နောက်တစ်ယောက် ကိုတော့ ချိန်းကြိုးနဲ့ လိုက်ရိုက်တာ။ အဲဒီတစ်ယောက်လည်း ကြောက်အားလန့်အားနဲ့ အုတ်တံတိုင်းပေါ်ကနေ သစ်ပင်ပေါ် တက်ပြီး ငြိမ်ကုပ်နေလို့ လွတ်သွားတယ်"

"ဦးပြည့်လိုက်ရမယ့်သူနှစ်ယောက်ကရော လွတ်နိုင်လားဟင်"

"ကြိုးစားရမှာပေါ့။ ဟိုတစ်ပတ်ကတော့ တရားခံတွေကိုစစ်တယ်။ ဒီနေ့တော့ ကလေးမလေးကို စစ်ရမှာကွ…ဦးပြည့် ရေချိုးလိုက်ဦး မယ်…သားနဲ့အတူသွားတာပေါ့"

"ဟုတ် ဦးပြည့်"

"သားရေ…မင်းဦးလေးလည်း နားကိုမနားရဘူး…ဝါသနာပါလို့ စိတ်လည်းရှည်ပါ့"

"သားကတော့ ဦးပြည့်အတွက် ဂုဏ်ယူတယ်…ဦးပြည့်လို ရှေ့နေ ကောင်းတစ်ဦးဟာ တရားဥပဒေရှေ့မှာ မားမားမတ်မတ် ရပ်တည် ပေးဖို့နဲ့ လုံခြုံမှုမရှိတဲ့ တရားဥပဒေစိုးမိုးရေးကို စိုးမိုးနိုင်ဖို့ အများ ကြီး တာဝန်ရှိတယ်…ဦးပြည့်တို့လိုလူမျိုးတွေ ဥပဒေလောကမှာ အများကြီးရှိရမှာ"

"သားက လက်ဆင့်ကမ်းရမှာနော်"

"စိတ်ချပါ ဒေါ်လေးနဲ့ရယ်…သားက ဦးပြည့်ကို အမြဲအားကျ နေခဲ့ရသူပါ"

စတစ်ကော်လာအကျီလက်ရှည်ပေါ်ကနေ တိုက်ပုံအနက်ရောင် ထပ်ဝတ်ပြီး အလုပ်အိတ်တစ်ဖက်နဲ့ အခန်းထဲကထွက်လာတဲ့ ဦးပြည့်ရဲ့ ခံ့ညားတဲ့ ဥပဓိရုပ်သွင်နဲ့ မျက်နှာမှာ သူ့အလုပ်အပေါ်မှာ ယုံကြည်မှု အပြည့်အဝရှိတဲ့ပုံစံ အထင်းသားပေါ်နေတယ်။

"သွားစို့သား…မိန်းမ သွားပြီ"

"ဟုတ်ကဲ့"

"သားကားနဲ့ပဲ သွားမယ်လေ"

"ကောင်းတယ်သား…စီးရတာပေါ့ကွာ"

"ကားမောင်းသင်တုန်းကလည်း ကြောက်တတ်လိုက်တာ လွန်ရော …ဦးပြည့် ဘေးမှာရှိနေတာကိုပဲ သားကြောက်တယ်လုပ်နေ တယ်…တကယ့်ကောင်"

"ပန်းခုံကြီးဝင်တိုက်လေ…မှတ်မိလား ဦးပြည့်"

"အစတော့ ဒီလိုပဲ သင်ယူရတာပဲကွ…ဘယ်သူမှ မွေးကတည်းက မတတ်ကြဘူးကွ"

"ဟုတ်။ သားသိပါတယ် ဦးပြည့်"

"အေး…သိရင်လည်း ပြင်ပေါ့ကွာ…သိပြီး မပြင်ရင် လူညံ့ကွ… သိပြီး ပြင်တာက လူတော်…မှတ်ထားကွ…ဒီနေ့လည်း အားလုံး အတွက် ဘုရားမှာ ဆုတောင်းခဲ့ပါတယ်။ အပူသောကတွေ လွတ်မြောက်ဖို့ သားအတွက်ရောပေါ့"

သား ပြင်နေပါတယ် ဦးပြည့်ရယ်…။ သားအနာဂတ်အတွက် စိတ်သစ် လူသစ်နဲ့ဖြစ်နေပါပြီ။ တိုက်ဆိုင်မှုရှိတိုင်း ချယ်ရီ့ကို သတိရ နေတာလေးတစ်ခုကလွဲလို့ပေါ့။

●

## အခန်း (၁၄)

# မန္တလေးခရိုင်တရားရုံး

စာလုံးတွေကို သူ့စိတ်ထဲက တစ်လုံးချင်းရွတ်နေမိတယ်။ ဒီပတ်ဝန်းကျင်က သူနဲ့မစိမ်း။ အရင်ကဆို ဦးပြည့်နဲ့အတူ တစ်နေ့ကို သူ နှစ်ခေါက်သုံးခေါက်၊ ဒါမှမဟုတ် တစ်နေကုန်နီးပါး ရှိနေခဲ့တဲ့နေရာ။ တစ်ခါတလေ ထက်အောင်ကိုလှမ်းခေါ်ကာ ရုံးထဲက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး လေဖောင်တတ်တယ်။ ဒါပေမဲ့ သူ ဒီရုံးနဲ့ ဝေးကွာခဲ့တာ အတော်ကြာပြီ။ ဒီရုံးထဲကို ရောက်နေတဲ့ ပတ်ဝန်းကျင်ကလူတွေကို ကြည့်လိုက်တော့ တချို့က စိုးရိမ်ပူပန်နေတဲ့မျက်နှာ၊ တချို့က အလေန်း၊ တချို့က အငိုမျက်နှာ၊ တချို့ကတော့ ပြုံးလို့ရွှင်လို့၊ တချို့က တုန်ချိချိ၊

တချို့က အားကောင်းမောင်းသန်၊ တချို့က သနပ်ခါးပါးကွက်ကျား၊ တချို့က မိတ်ကပ်အဖွေးသားနဲ့ ဒေါက်မြင့်ဖိနပ် တခွပ်ခွပ်...။

ပတ်ဝန်းကျင်ရော၊ နေရာရော၊ အရောင်အသွေးရော အရင်က သူမြင်နေကျပုံစံအတိုင်းပါပဲ ဘာမှမပြောင်းလဲ။ ပြောင်းလဲတာက သူတစ်ယောက်တည်းပါလားလို့ တွေးမိတော့ ဘာမဆိုင်ညာမဆိုင် ချယ်ရီ့ကို သတိရသွားတယ်။

ဦးပြည့်က တရားခွင်ထဲက စစ်မယ့်ခုံမှာ ဝင်ထိုင်ရင်း အိတ်ထဲကဖုန်းကိုထုတ်ကာ ပိတ်လိုက်တယ်။ သူလည်း ဖုန်းပိတ်ထားမှပဲလို့ စိတ်ကူးတုန်း ဖုန်းမြည်လာလို့ ကြည့်လိုက်တော့ ထက်အောင်ဆီက။ ဦးပြည့်ကိုခွင့်တောင်းတဲ့အနေနဲ့ လှမ်းကြည့်တော့ ဦးပြည့်က ခေါင်းဆတ်ပြတာနဲ့ တရားခွင် အပြင်ထွက်ပြီး ဖုန်းပြောတယ်။

"အေး...ပြော ထက်အောင်"

"ခု မင်းဘယ်မှာလဲ"

"ငါ ခရိုင်တရားရုံးမှာ"

"ဟာ...ဟော့ကောင် မင်း..."

"အေး...အခု အလုပ်ထဲကိုပဲ စိတ်နှစ်ထားတယ်"

"ဝမ်းသာတယ် သူငယ်ချင်း..."

"......... "

ထက်အောင်နဲ့ ဖုန်းပြောနေတုန်း မိန်းကလေးတစ်ယောက်ကို ရဲမေနှစ်ယောက်က တရားခွင်ထဲခေါ်သွားတာ လှမ်းမြင်လိုက်တယ်။

"ဟော့ကောင်...ငါပြောတာ ကြားရဲ့လား...မင်းအတွက် ဝမ်းသာတယ်လို့"

"အေးပါ ကြားတယ်သူငယ်ချင်း...ငါ ဘာကူညီရမလဲ"

“သြော် အေး…မကျူညီရပါဘူး…ပြေကြီးတို့လင်မယား မန္တလေး ရောက်နေလို့ အဲဒါ ငါတို့သူငယ်ချင်းတွေ ညနေဆုံရအောင်”

“ဘယ်အချိန် ဘယ်ဆိုင်လဲ”

“ညနေ ၆၊ ၇ လောက်ပေါ့…အိုရီယန်တယ်မှာ ဆုံမယ်လေ”

“ကောင်းပြီလေ…ငါလာခဲ့မယ်…ဖုန်းချတော့မယ်…အမှုစစ်တာ နားထောင်ဖို့ ရုံးထဲဝင်ရတော့မှာ…ညနေမှဆုံမယ်ကွာ”

“အေးပါ…ဒါပဲ”

ဖုန်းပိတ်ကာ အထဲဝင်ရင်း တတိယတန်းကခုံမှာ နေရာယူ လိုက်တယ်။ ဦးပြည့်ဆီလှမ်းကြည့်ရင်း ဘေးက မိန်းကလေးဆီပါ အကြည့် ရောက်သွားတော့ ရင်တစ်ခုလုံး ဖြောင်းဆန်ပြီး မျက်လုံးတွေ ပြာဝေသွား တယ်။ လည်တိုင်တစ်လျှောက် မြစ်ချောင်းသွယ်လေးလို စီးဆင်းနေတဲ့ အမိမ်းရောင်သွေးကြော ကောက်ကောက်ကွေ့ကွေ့လေးနဲ့ ကုပ်သားပေါ်က ရွှေရောင်သန်းနေတဲ့ မွေးညှင်းနုနုလေးတွေကို ဆံပင်တွေခေါက်တင်ထား တာမို့ အတိုင်းသားမြင်နေရတဲ့အပြင် လည်ကုပ်တည့်တည့်ပေါ်က ထင်းနေ တဲ့ မှဲ့နက်တစ်လုံးက ဘယ်တော့မှ မမေ့နိုင်တဲ့ ကိုယ်ပိုင်အမှတ်အသား တစ်ခု။ ချွေးတွေကြောင့်ထင်တယ် ကုပ်သားပေါ်မှာ ဆံပင်တချို့ ကျပြီးကပ် နေတယ်။ ကျောပေးထားပေမယ့် သိတယ်။ မှတ်မိတယ်။ ကိုယ့်ကို တစ်ဖက်သတ်ခံစားချက်တွေပဲပြောပြီး ကိုယ့်ခံစားချက်တွေကိုတော့ ပြောခွင့် မပေးဘဲ ညတွင်းချင်း ပျောက်ချင်းမလှ ပျောက်သွားခဲ့တဲ့ ချစ်သူ။ ဘယ်လို ရှာရှာ မတွေ့အောင် ပုန်းနေနိုင်တဲ့ ချယ်ရီ။

ဟုတ်တယ် အခုထိ သတိရ တမ်းတစွဲလမ်းရတဲ့ သိပ်ချစ်ရတဲ့ ချယ်ရီဖူးမေ…။

တွေ့မယ့်တွေ့တော့လည်း… လက်ထိပ်အပါအဝင် မလိုက်ဖက်တဲ့ နေရာတစ်ခုမှာပါလားကွာ။ ဖြစ်နိုင်ရင် ဒီအခန်းထဲကနေ မင်းလက်ကို ဆွဲပြီး ဘယ်သူမှမရှိတဲ့နေရာကို ပြေးထွက်သွားလိုက်ချင်တယ်။

မြင်ကွင်းက ခါးသီးလွန်းလိုက်တာ ချစ်သူရယ်…။ အစိမ်းရောင် အင်္ကျီခပ်ကြေကြေကို ဖြစ်သလိုဝတ်ထားပုံက အရာခပ်သိမ်း စိတ်ပျက်အားငယ်နေသူတစ်ယောက်လို။ ကိုယ်ရှုးတော့မယ်ထင်ပါရဲ့ချယ်ရီ။

* * *

တရားခွင်ကို တရားသူကြီး ရောက်လာချိန်မှာတော့ အခန်းတစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ထိ တိတ်ဆိတ်ငြိမ်သက်သွားတယ်။

တရားခွင်စာရေးက အမှုခေါ်တယ်။

"ရာဇဝတ်ကြီးမှုအမှတ် ၁၀၇/၂၀…။ ဦး……နှင့် ရဲရင့်ပါ ၈။ ဒေါ်မြင့်မြင့်ထွေး။ အကျိုးဆောင် ဦးသန်းထွန်း၊ ဦးစောသာ၊ ဦးပြည့်စုံ"

ဥပဒေအရာရှိ၊ ချယ်ရီနဲ့ ရှေ့နေဦးပြည့်တို့ မတ်တတ်ရပ်ပြီး တရားသူကြီးကို အရိုအသေပြုအပြီးမှာပဲ စ,စစ်တယ်။ လူအများကြားထဲမှာ အသံလေးက တိုးညင်းအားဖျော့နေတာမို့ ပျောက်လိုက် ပေါ်လိုက် ရှိုက်လိုက်နဲ့ မနည်းအားစိုက် နားထောင်နေရတယ်။

ကိုယ် အရမ်းမြတ်နိုး တန်ဖိုးထားခဲ့ရတဲ့ ပန်းလေးတစ်ပွင့် နွမ်းကြေနေတာဟာ လောကကြီးရဲ့ ကမောက်ကမ လှည့်ကွက်ပဲလား။ ဒီနေရာမျိုးမှာမှ ဘာလို့များရှိနေရတာလဲကွာ။ တောင်ကြီးကနေ မန္တလေးရဲ့ တကယ့်ကို မထင်မှတ်ထားတဲ့နေရာနဲ့ မထင်ထားတဲ့ပုံစံ…။ ချယ်ရီ… ဘယ်လိုအခက်အခဲမျိုးတွေနဲ့ တွေ့ကြုံရင်ဆိုင်ခဲ့ရလဲ။ KTVက ထွက်လာတယ်၊ မူးယစ်ဆေးဝါးလည်း သုံးတယ်လို့ ဦးပြည့်ကပြောတယ်။ တကယ်ကြီးလားကွာ

ကိုယ်မယုံနိုင်ဘူး။ ကိုယ်နဲ့ဝေးကွာသွားတဲ့နောက်ပိုင်း ဘာတွေဖြစ်ခဲ့တာလဲ။ တွေးမရဘူး ချယ်ရီရယ်။ ခုလိုပုံစံနဲ့ မြင်နေရတာ ရင်နာလိုက်တာ။ အခု ချယ်ရီနဲ့အတူတူ အမှုရင်ဆိုင်နေတဲ့ တရားခံတွေက မန္တလေးမှာ နာမည်ကြီး လူဆိုးစားရင်းဝင် နံပါတ် ၂ လောက် စာရင်းပေါက်တဲ့လူတွေ။ မိဘတွေ အားကိုးနဲ့ စည်းမဲ့ကမ်းမဲ့ လေလွင့်ပျက်စီးနေသူတွေ။ ပိုက်ဆံကို ရေလို သုံးပြီး လူလူချင်းအတူတူ သူတို့ကမှ ကြီးမြတ်သူတွေလိုပုံစံနဲ့ လူတိုင်းကို အထင်သေးစော်ကားတဲ့ ဒီလိုလူတွေနဲ့ ချယ်ရီ့ကို တွဲတွေ့ရတာ ကိုယ် ယုံတောင်မယုံနိုင်ဘူး။

တကယ်တော့ အခုတစ်ခေါက် ရန်ကုန်ကပြန်လာပြီးနောက်ပိုင်း ဦးပြည့်ရဲ့ဆုံးမမှုကြောင့် ချယ်ရီ့အပေါ်း ရစ်ဝဲနေတဲ့ ကိုယ့်စိတ်တွေကို အပြီးသတ် ချုန်းအုပ်လိုက်ဖို့ ဆုံးဖြတ်ခဲ့ပြီးသားပါ။ ဒါပေမဲ့ ကိုယ် ဘယ်လိုမှမတတ်နိုင်တဲ့ ကိစ္စက ကိုယ့်မျက်စိရှေ့မှာ ဖြစ်သွားခဲ့ပြီ။ ဒါကြောင့် အရာရာကို ကြိုးစား မေ့မယ်လို့ ဦးပြည့်ကိုပေးခဲ့တဲ့ ကိုယ့်ကတိကို အခု မတည်နိုင်တော့ဘူး။

ချယ်ရီ ကိုယ့်ကိုတွေ့ရင် ဘယ်လောက်တောင် စိတ်ထိခိုက် ခံစား နေရမလဲ။ ဒီတော့ ကိုယ်ဆုံးဖြတ်လိုက်တယ်။ အမှုမပြီးမချင်း ချယ်ရီမမြင် နိုင်တဲ့နေရာကနေပဲ ချယ်ရီလွတ်မြောက်ဖို့အတွက် ဦးပြည့်ကို ကိုယ်တတ်နိုင် တဲ့ဘက်က ကူညီမယ်။ စိတ်ချ ချစ်သူ။ မင်းကို ဒီနေရာကနေ အမြန်ဆုံး လွတ်မြောက်အောင် ကိုယ်ကြိုးစားမယ်။ အခုချိန်မှာ ကိုယ့်အတွက် ဘယ်အရာကမှ ချယ်ရီ့လောက် အရေးမကြီးတော့။

ကိုယ့်အတွက်တော့ ချယ်ရီသာ အရေးကြီးဆုံး...။

* * *

လူမှားသတ်ခံရတဲ့ အလုပ်သမားလေးက နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားတော့ စားသောက်ဆိုင်ပိုင်ရှင်က သူ့ဆိုင်ဝန်ထမ်း အသတ်ခံရမှု

အပေါ် အမှုဖွင့်တယ်။ ခားချက်က တော်တော်များတယ်။ ပြစ်မှုမြောက်တာကြောင့် ပြစ်မှုကြောင်းနဲ့ တရားစွဲဆိုတာဖြစ်တယ်။

ချယ်ရီ့ကို ဥပဒေအရာရှိက မေးနေတယ်။ မေးခွန်းက မိန်းကလေးကို ထိခိုက်စေတဲ့မေးခွန်းဖြစ်လို့ ဦးပြည့်က ထကန့်ကွက်တယ်။ တရားသူကြီးက ဦးပြည့်ကန့်ကွက်တာကို လက်ခံပြီး ဥပဒေအရာရှိကို မေးခွန်းပြောင်းမေးဖို့ပြောတယ်။

ဥပဒေအရာရှိမေးခွန်းကိုဖြေတာနဲ့ ဦးပြည့်မေးခွန်းကိုဖြေတာမှာ ချယ်ရီ့အဖြေက လွဲနေလို့ ဦးပြည့်က ပြန်ရှင်းတယ်။

ဒီနေ့အတွက်တော့ ဦးပြည့်အမှုစစ်တာကို မသင်ယူနိုင်။ စိတ်တွေလှုပ်ရှားပြီး ဂဏှာမငြိမ်ချင်။ ချယ်ရီမြင်သွားမှာ စိုးရိမ်သလို ချယ်ရီ့ကို လက်ထိပ်နဲ့မြင်ရတာကိုလည်း နှလုံးသားက ဘယ်လိုမှ မခံစားနိုင်တော့လို့ အပြင်ကို စောထွက်လာခဲ့တယ်။ အပြင်ရောက်တော့ ခေါင်းတွေအုံခဲ့ပြီး နားထင်ကြောတွေက တဒိတ်ဒိတ်နဲ့ ထိုးကိုက်လာတယ်။ ဦးပြည့်ကို ခွင့်မတောင်းဘဲ စောပြန်သွားတဲ့အတွက် ခွင့်လွှတ်ဖို့နဲ့ ညနေ ဦးပြည့်အိမ်ကို လာခဲ့မယ်ဆိုတဲ့အကြောင်း မက်ဆေ့ချ် ပို့ထားလိုက်တယ်။

ညနေ ဦးပြည့်နဲ့တွေ့မှာမို့ ထက်အောင်ဆီလည်း သူ မလာနိုင်တော့တဲ့အကြောင်း ဖုန်းဆက်ပြောလိုက်တယ်။

"အေး...ပြော ပင်စည်"

"ငါ ညနေကျ မလာနိုင်တော့ဘူး သူငယ်ချင်း...အဲဒါ ပြေကြီးတို့လင်မယားကို တောင်းပန်တယ်လို့ ပြောပေးဦး"

"ဘာဖြစ်လို့လဲ"

"နောက်မှအေးဆေးပြောပြမယ်...ပြေကြီးတို့ကိုလည်းပြောလိုက် နောက်တစ်ခါမှ တွေ့မယ်လို့"

## အခန်း (၁၅)

စိတ်တွေကပဲ လောနေတာလား။ အချိန်ကပဲ နှေးနေတာလား။ အချိန်တွေကို စောင့်မနေချင်တော့။ ကားဂိုထောင်သော့ဖွင့်ပြီး ကားကိုလည်း ထုတ်မနေချင်တော့တာနဲ့ အပြင်မှာရှိတဲ့ဆိုင်ကယ်နဲ့ပဲသွားဖို့ ဆုံးဖြတ်လိုက်တယ်။ ပန်းပင်တွေရေလောင်းနေတဲ့ အမေက

"ဘယ်လဲသား"

"ဦးပြည့်တို့အိမ်အမေ...နေ့လယ်ကအမှုကိစ္စ မေးစရာရှိလို့"

"ကားနဲ့မသွားဘူးလား"

"နည်းနည်းကြာမှာမို့ ဆိုင်ကယ်ပဲ ယူသွားတော့မယ်"

"ဒါဆိုလည်း ထမင်းစားသွားပါလား သားရဲ့"

"မစားတော့ဘူးအမေ...ဦးပြည့်တို့အိမ်မှာပဲ စားလိုက်တော့မယ်... အဖေလာရင် သား ဦးပြည့်ဆီသွားတာ ပြောထားပေးအမေ"

"အေး အေး ...ဆိုင်ကယ်ကောင်းကောင်းစီး"

"ဟုတ် ...သွားပြီအမေ"

အမေ့ကိုနှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ စိတ်ကမြန်နေလို့လား မသိ ဦးပြည့်အိမ်ကို စောရောက်သွားတယ်။ အိမ်ရှေ့ထွက်ထိုင်နေတဲ့ ဒေါ်လေးနွဲ့က

"လာ...သား...မင်းဦးလေး ရေချိုးနေတယ်"

"ဟုတ် ဒေါ်လေး..."

"ထမင်းကော စားပြီးပြီလား...မစားရသေးရင် ဒေါ်လေးတို့နဲ့ တစ်ခါထဲစားသွားလေ"

"စားပြီးမှထွက်လာတာ ဒေါ်လေး"

ဒီလိုအချိန်မှာ ဘာစားစား ဝင်မှာလည်းမဟုတ်။ အမေက ထမင်းစားပြီးမှသွားပါလားပြောတာတောင် ဦးပြည့်အိမ်မှာပဲ စားလိုက်မယ် အမေလို့သာပြောပြီး ထွက်လာခဲ့တာ။ အခုလည်း ဒေါ်လေးကို ညာရပြန်ပြီ။

ဒေါ်လေးနွဲ့က ရောက်နေတဲ့အကြောင်း ဦးပြည့်ကိုပြောပြီး ပြန်ထွက်အလာ

"သား...အအေးလား အပူလား"

"တော်ပြီ ဒေါ်လေး...သား ဗိုက်ပြည့်နေလို့"

"ဒါဆို အသီးစား...မနက်က ဘုရားလှူထားတဲ့ ပန်းသစ်တော်တွေ စွန့်ပြီး မင်းဦးလေး ညအလုပ်လုပ်ရင် စားဖို့ စိတ်ထားတာရှိတယ်...စားမယ်မဟုတ်လား သား"

ဒီတစ်ခါ မစားဘူးလို့ငြင်းရင် အားနာစရာဖြစ်မှာစိုးလို့ ခေါင်းညိတ်ပြလိုက်တယ်။

ပန်းသစ်တော်တစ်စိတ် ကောက်ယူစားလိုက်ချိန်မှာပဲ ဦးပြည့်က ရေစိုနေတဲ့ခန္ဓာကိုယ်ကို တဘက်နဲ့သုတ်ရင်း ထွက်လာတယ်။

"သားရောက်နေပြီလား"

"ဟုတ်"

"အေး…ခဏစောင့်ကွာ…ဦးပြည့် အကျီ်ဝတ်ပြီး ထမင်းလေး စားလိုက်ဦးမယ်…"

ဦးပြည့် ထမင်းစားပြီး ထမင်းဝိုင်းကအထ ဒေါ်လေးက "ဆေးသောက်ဖို့ မေ့ဦးမယ်"လို့ လှမ်းသတိပေးတယ်။

"မမေ့ပါဘူးကွ…"

"သား ဝရန်တာဘက်ကစောင့်နေ ဦးပြည့်လာခဲ့မယ်"

လို့ပြောရင်း ဧည့်ခန်းဘေးမှာရှိတဲ့ ဆေးဗီရိုထဲက အားဆေးဘူးကိုယူကာ ထမင်းစားခန်းအက် ပြန်ထွက်သွားတယ်။

ဦးပြည့်အိမ်က တစ်ထပ်ခွဲမို့ အနိမ့်ဝရန်တာဘက် ထွက်ထိုင်ပြီး စကားပြောကြတယ်။

"ကဲ…ပြောပါဦးသား…ဘာတွေအရေးကြီးနေတာလဲ"

"နေ့လယ်ကအမှုအခြေအနေ ဘယ်လိုရှိလဲဦးပြည့်"

"အင်း…အဆင်ပြေနိုင်ပါတယ်…ဘာလို့လဲသား"

"ဦးပြည့်အမှုသည်မိန်းကလေးနာမည်က…"

"ချယ်ရီ…ဘာပါလိမ့်…ဪ ချယ်ရီဖူးမေတဲ့"

"သူ…သူ့ကို အတတ်နိုင်ဆုံး ဒီအမှုကနေ လွတ်အောင်လုပ်ပေး ပါနော် ဦးပြည့်"

"ဟော!...ငါ့သား...ဟော့ကောင် မင်းဟာက ထူးထူးဆန်းဆန်း ပါလားကွ...ဘာဖြစ်လို့လဲ"

"သားချစ်သူကောင်မလေးက သူပဲ"

"ဟော!...မြတ်စွာဘုရား"

ဦးပြည့် ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်သွားတယ်။

"ဟုတ်တယ်...နေ့လယ်က တိုက်တိုက်ဆိုင်ဆိုင် ချယ်ရီ့ကိုတွေ့တော့ သား အရမ်းကိုအံ့ဩသွားတယ်။ ပြီးတော့ ဘာတွေဖြစ်ခဲ့တာလဲ...ဘာလို့ ဒီအမှုထဲမှာ ပါဝင်ပတ်သက်နေတာလဲဆိုတာတွေ သား ဘာတစ်ခုမှကို နားမလည်နိုင်ဘူးဖြစ်နေတယ်။ ဒါပေမဲ့ သား ချယ်ရီ့ကို လွတ်စေချင်တယ်။ ယောကျ်ားတရားခံတွေကြားမှာ ချယ်ရီတစ်ယောက်တည်း မိန်းကလေး... "

စကားကို ရှေ့ဆက်ပြောလို့မရအောင် ဝမ်းနည်းလာတာမှာယ်။ မိုချင်ဘာတယ်။ ဦးပြည့်က သူ့ပခုံးကို လှမ်းပုတ်ရင်း

"သား ဘယ်လိုခံစားနေရမလဲဆိုတာ ဦးပြည့် နားလည်တယ်... ဦးပြည့်တတ်စွမ်းသလောက် ကူညီမှာပေါ့ကွာ...ဦးပြည့်ကို သား ယုံတယ်မဟုတ်လား...သူကြည့်ရတာတော့ သဘောရှိတဲ့ပုံစံမျိုးပါ"

"မထင်နဲ့ ဦးပြည့်...ချယ်ရီက အရမ်းအားငယ်တတ်တယ်။ ဒါပေမဲ့ ခေါင်းမာတယ်။ သနားသလိုဆက်ဆံရင် မကြိုက်ဘူး။ ဒါကြောင့် သူ့ကိုယ်သူ အမြဲဟန်ဆောင်ပြီး အားတင်းရင်ဆိုင်နိုင်သလိုပုံစံနဲ့လုပ်နေပေမယ့် ဒီလိုအဖြစ်အပျက်မျိုးကို ခံစားနိုင်မှာမဟုတ်ဘူးဆိုတာ သားသိတယ်...ဦးပြည့်ကိုတော့ သားက ယုံပြီးသားပါ...တစ်ခုခုဖြစ်သွားမှာကိုပဲ သား အရမ်းစိုးရိမ်တယ်...ကူညီပါနော်"

"အေးပါကွာ…ပြောရမယ့်လူတွေမှမဟုတ်တာ…"

"အမေတို့ကိုတော့ မပြောပါနဲ့နော်…"

"ပြောလို့ဘယ်ဖြစ်မလဲကွ…ဦးပြည့်သိပါတယ်"

"ချယ်ရီနဲ့ပတ်သက်ပြီး သားဘက်က ဦးပြည့်ကို ဘယ်လိုတွေ ကူညီရမလဲဆိုတာလည်း ပြောပါ…ချယ်ရီလွတ်မြောက်ဖို့အတွက် ဆိုရင် နောက်ကွယ်ကနေ သား ဘာပဲလုပ်ရလုပ်ရ လုပ်မယ်…"

"ဒါဆို သားက ချယ်ရီ့ကို အတွေ့မခံဘဲနေမယ်ပေါ့"

"ဟုတ်။ ချယ်ရီ သားကိုတွေ့ရင် ရှက်စိတ် ဝမ်းနည်းစိတ် အားငယ်စိတ်တွေနဲ့ သူ့ကိုယ်သူ ဘာလုပ်ပစ်မလဲဆိုတာ သားသိတယ်… ဦးပြည့်ရယ် ချယ်ရီ ဒီအဖွဲ့နဲ့ ဘယ်လိုအကြောင်းကြောင်းတွေကြောင့် သွားပတ်သက်တာလဲမသိဘူး…အဲဒါကို သားသိချင်တာ…ချယ်ရီက အဲဒီလိုမိန်းကလေးမျိုးမဟုတ်ဘူး ဦးပြည့်… သား သူ့အကြောင်း ကောင်းကောင်းသိတယ်…သိပ်ရှက်တတ် သိပ်အားငယ်တတ်တဲ့ မိန်းကလေးပါ"

"သိပ်လည်း စိုးရိမ်မနေပါနဲ့ကွာ…သူတို့နဲ့ပတ်သက်မှုက ကိုယ်နဲ့ရင်းတဲ့ပတ်သက်မှုမျိုးမဟုတ်ပါဘူးကွ…ဦးပြည့် ထွက်ဆိုချက်တွေ သွားယူတုန်းက သိခဲ့ရတာတော့ အဲဒီထဲက ဝေယံဆိုတဲ့ တစ်ယောက်က သူနဲ့ သူငယ်ချင်းအရင်းတွေ…ဝေယံက ဆေးပါတယ် လာယူဆိုပြီး လှမ်းခေါ်လို့ သူတို့အဖွဲ့နဲ့တွေ့တာ…သူ မန္တလေးကိုရောက်နေတာ (၁) လလောက်တော့ရှိပြီလို့ပြောတယ် …အလုပ်ကလည်း အင်ဂျင်နီယာပါပဲ…သူနဲ့ စကားပြောကြည့် သလောက် တစ်ခုခုကို ကွယ်ဝှက်ထားတယ်လို့တော့ ဦးပြည့်ရဲ့ အတွေ့အကြုံအရ သိနေတယ်"

"သားပြောချင်တာ အဲဒါ ဦးပြည့်…ချယ်ရီက သူ့ခံစားချက်ကို မျိုသိပ်ထားတတ်တဲ့သူမျိုး"

"ငါ့သားလိုလူကိုတောင် အသည်းကွဲအောင်လုပ်နိုင်တဲ့သူ ဆိုမှတော့ တော်ရုံသတ္တိတော့မဟုတ်လောက်ဘူး…ဒီအမှုက ရုံးမှာ လူစိတ်ဝင်စားခံရတဲ့အမှု…တရားခံယောကျ်ားတွေကြားထဲ တရားခံ မိန်းကလေးတစ်ယောက်ဆိုတော့ လူ့သဘာဝ စပ်စုချင်နေကြတာ… ရုံးကစာရေးမလေးတွေကတောင် မပြင်မဆင်ဘဲနဲ့ တော်တော်လှတဲ့မိန်းကလေးက ဒီအမှုနဲ့ ဘယ်လိုများပတ်သက်တာလဲဆိုပြီး စိတ်ဝင်စားနေကြတာကွ…"

"ဟုတ်တယ် ဦးပြည့်…အဲဒီနေ့က အမှုစစ်တော့ လာနားထောင်တဲ့လူတွေမှ အများကြီးပဲ"

"ဒါပေမဲ့ မပူပါနဲ့…သားကောင်မလေးမဟုတ်လည်း ဦးပြည့်က အပူနိုင်ဆုံး အပြည့်အဝ စာဝန်ယူမှာပါ…တော်နေ ထက်မြက်နေတဲ့ မိန်းကလေးတစ်ယောက် လမ်းလွဲနေတာကို ဦးပြည့်လည်း လက်မခံချင်ဘူး…သားကို ကိုယ်ချင်းစာပါတယ်"

"ဒါပေမဲ့ ဦးပြည့်ရာ…သားချစ်ရသူကို လက်ထိပ်ကြီးနဲ့မြင်ရတာ ဘယ်လိုမှမခံစားနိုင်ဘူး…ဘယ်လိုမှကို မကြည့်ရက်တော့လို့ သား စောပြန်သွားတာ…သားကို မြင်သွားမှာလည်း စိုးတယ်…သား သူ့ကို သိပ်ချစ်တယ်…အရာအားလုံး ဦးပြည့်ကို အပ်ပါတယ်"

"အေးပါကွာ…မင်းက ငါ့လက်ပေါ်ကြီးလာတဲ့ ငါ့တူပါကွာ… ငါ့သားဆိုလည်း ဟုတ်တယ်…မင်းကောင်မလေးအတွက်တော့ ဘာမှပူမနေနဲ့တော့…ဦးပြည့်သိချင်တဲ့ အချက်အလက်တွေ မေးတုန်းကလည်း ကောင်းကောင်းမွန်မွန်ပြောပြပါတယ်…သူ့

ကြည့်ရတာ ရည်ရည်မွန်မွန်လေးပါ … ဆေးသုံးထားတဲ့အမှုအရာ မျိုးလည်း မတွေ့ရပါဘူး … သူကသာ သူသုံးတယ်လို့ပြောနေ တာ … တစ်ခုတော့ ဦးပြည့်ကို အကူအညီတောင်းတယ် …”

“ဘာကိုအကူအညီတောင်းတာလဲ ဦးပြည့်”

“အဲဒါက သူ့အမေကိုစိတ်ပူလို့ ဒီကိစ္စကို သူ့အမေဆီ အကြောင်း မကြားဖို့နဲ့ သူ့အမေရဲ့ ကျန်းမာရေးအခြေအနေလေး သိရအောင် စုံစမ်းပြီး သူ့ကိုပြန်ပြောဖို့ အကူအညီတောင်းတာ”

“သား ချယ်ရီ့အမေနဲ့လည်းတွေ့ဖူးတယ် ဦးပြည့်”

ဦးပြည့်က “ဟုတ်လားသား”လို့ အံ့ဩပြီး စကားရှေ့ဆက်မယ် လုပ်တုန်း ဒေါ်လေးနဲ့ ဝရန်တာဘက် ထွက်လာတယ်။

“ဒီတူဝရီးနှစ်ယောက် ဆွေးနွေးတာ မပြီးသေးဘူးလား … ကလေး မိုးချုပ်မယ်နော်”

ဦးပြည့်က

“အေးပါ မိန်းမရာ … ခု ဘယ်အချိန်ရှိနေပြီလဲ”

“ရှစ်နာရီထိုးတော့မယ်ရှင့် … အိမ်ကိုရော ပြောခဲ့ရဲ့လားသား”

“ဟုတ် ဒေါ်လေး … ဦးပြည့်နဲ့ အမှုကိစ္စ သွားဆွေးနွေးမှာမို့ မိုးချုပ်မယ်လို့ပြောပြီးမှ သားထွက်လာခဲ့တာပါ”

“ဩော် … အေး … ဒါဆိုလည်း ပြီးတာပဲ … ဒေါ်လေးက သားအဖေ နဲ့အမေ စိတ်ပူနေမှာစိုးလို့ပါ”

“ဘာပူစရာရှိလဲ မိန်းမရာ … သူ့ဦးလေးအရင်းခေါက်ခေါက် အိမ်မှာ နေတာပဲ”

“ဟုတ်ပါပြီရှင် …”

ဒေါ်လေးက ဦးပြည့်ကို ငေါ့သံနဲ့ပြောပြီး သူ့ဘက်ကိုလှည့်ကာ

"သား...ကော်ဖီသောက်မလား"

ခုချိန်မှာ သူ့ရင်တွေပူနေလို့ ကော်ဖီတော့ မသောက်ချင်။ စကားပြောရတာတွေများတော့ အာခေါင်တွေခြောက်ပြီး ရေအေးအေးလေးတစ်ခွက်တော့ သောက်ချင်လာတယ်။ ဒါပေမဲ့ သူ ဒေါ်လေးနွဲ့ကို အားနာတာနဲ့ မသောက်တော့ဘူးလို့ ငြင်းလိုက်ပေမယ့် ဦးပြည့်က

"မိန်းမ အအေးတော့သောက်ချင်သားကွ...ရေသန့်တစ်ဘူးရော" လို့ အလိုက်သိစွာနဲ့ သူ့အစား ဒေါ်လေးနွဲ့ကိုပြောလိုက်တယ်။

"ထင်သားပဲ...မတည့်တာဆို စားချင်သောက်ချင်တယ်...သားကို အကြောင်းပြပြီး သူသောက်ချင်တာပြောတယ်...ဟင်း"

ဒေါ်လေးနွဲ့က ဦးပြည့်ကို မျက်စောင်းလှမ်းထိုးရင်း အအေးယူဖို့ လှည့်ထွက်သွားတော့မှ ဦးပြည့်က သူ့ဘက်ကိုလှည့်ကာ

"နေပါဦး...သားကို ဦးပြည့် မေးပါဦးမယ်...သားကို ကနေလး မလေးက ဘာလို့ဖြတ်ခဲ့တာလဲ...ဘာအကြောင်းရှိလို့လဲ"

"ဦးပြည့်ကို သားမညာပါဘူး...ပွင့်ပွင့်လင်းပြောရရင် ချယ်ရီ့မှာ အားနည်းချက်ရှိတယ်...အဲဒီအားနည်းချက်က သူ့စိတ်ကို တစ်ခါ တစ်ခါ အပြောင်းအလဲဖြစ်စေတယ်..."

"ဘာအားနည်းချက်မို့လို့လဲကွ"

"ချယ်ရီ့ရဲ့ညာဘက်မျက်လုံးက မမြင်ရဘူး...မျက်ကပ်မှန်အတု တပ်ထားတာ ဦးပြည့်"

"ဟေ!...ဟုတ်လား"

ဦးပြည့် ဘာစကားဆက်ရမှန်းမသိအောင် ငြိမ်သက်သွားချိန်မှာပဲ ဒေါ်လေးနွဲ့ရောက်လာပြီး အအေးဘူးနဲ့ ရေသန့်ဘူးအပြင် ခုနက သူ့ကို ကျွေးတဲ့ ပန်းသစ်တော်ပန်းကန်ကိုပါ လင်ပန်းထဲထည့်ပြီး ယူလာတယ်။

"သား...ဟိုနားက ခုံပုလေးယူလိုက်...လင်ပန်းတင်ရအောင်"

သူက ဝရန်တာထောင့်စွန်းက ခုံပုလေးကို ထယူပြီး သူနဲ့ ဦးပြည့် ထိုင်ခုံနှစ်ခုကြား ချလိုက်တယ်။ ဒေါ်လေးနွဲ့က လင်ပန်းကို ခုံပုလေးပေါ် တင်ရင်း ဦးပြည့်ကို ဆက်ပြီးဆွေးနွေးလိုက်ကြပါဦးရှင့်လို့ပြောရင်း တစ်ဆက် တည်း

"သားရေ...မနက် ဆွမ်းလောင်းဖို့ ထချက်ရမှာမို့ ဒေါ်လေးတော့ အိပ်တော့မယ်...ခြေဘ် မေ့တော့မလို့...သားဆိုင်ကယ်ကို ဘေးအိမ်က မောင်စိုးခေါ်ပြီး တိုက်ထဲသွင်းထားတယ်နော်... အိမ်ရှေ့ဘာဂျာတံခါးတော့ သော့ခတ်ထားတယ်...တံခါးမကြီး တော့ ပိတ်မထားဘူး...သားကရော ကြာဦးမှာလား...ကြာမယ်ဆို မင်းအဖေနဲ့အမေတို့ဆီ ဖုန်းဆက်ပြောဦး"

"အေးပါမိန်းမရာ...ကိုယ်ဆက်လိုက်ပါ့မယ်...စိတ်ချလက်ချအိပ်"

သိချင်စိတ်များနေပုံရတဲ့ ဦးပြည့်က ဒေါ်လေးကို စိတ်မရှည်ချင် တော့ တဆတ်ဆတ်ခေါင်းညိတ်ပြရင်း ပြောလိုက်တယ်။ ဒေါ်လေးနွဲ့ ထွက်သွားမှ သူ့ဘက်လှည့်ကာ

"ပြောပါဦး ငါ့သားရ...မင်းနဲ့သူ့အကြောင်းကို ဦးပြည့်တောင် စိတ်ဝင်စားလာပြီ...ဒါနဲ့ နေပါဦး...မျက်လုံးက ဘယ်လိုဖြစ်ပြီး မမြင်တော့တာလဲ...ကလေးမလေး သနားပါတယ်"

"ချယ်ရီငယ်ငယ်တုန်းက ခုံစွန်းပေါ်ကပြုတ်ကျရင်း အောက်က သစ်မြစ်ချွန်နဲ့ထိခိုက်မိပြီး ဆုံးရှုံးခဲ့ရတာတဲ့...ချယ်ရီနဲ့ ချယ်ရီ့

အမေ အကြိမ်ကြိမ်ကြိုးစားတယ် မအောင်မြင်ဘူး…ချယ်ရီ နောက်ထပ်ခွဲစိတ်ဖို့ကို မရဲတော့ဘူး…နောက်တစ်ဖက်ပါ ဆုံးရှုံးရမှာကြောက်လို့”

“အေးပေါ့ကွာ…ဒါနဲ့ မင်းက ဘယ်လိုသိသွားတာလဲ”

“ချယ်ရီက သူ့ရဲ့အားနည်းချက်ကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်လို့နေမှာပေါ့၊ သား မန္တလေးမပြန်ခင်ညမှာ အိမ်ကိုလာခဲ့ဖို့ပြောလို့ သားသွားတယ်…အဲဒီညမှာပဲ ချယ်ရီက မျက်ကပ်မှန်ကို ချွတ်ပြတာ…မျက်ဆံမည်းနေရာမှာ ဖြူပြီးတွေ့ရတော့ သား အရမ်းလန့်သွားခဲ့တယ်… သား ထိတ်လန့်သွားတဲ့ အမူအရာကိုမြင်ပြီး တော်တော်လေး ခံစားသွားပုံရတယ်…ဘယ်လိုပြောပြော လက်မခံတော့ဘဲ သားအသိုင်းအဝိုင်းကြားမှာ သူ့လိုလူမျိုးကို အသိခံဝံ့လို့

လား…သူ့လို လူကို ဘယ်မိဘကမှ သဘောတူမှာမဟုတ်ဘူးလို့ ပြောပြီး သားကို မယုံကြည်ခဲ့ဘူး…တစ်နေ့ကျ ထားသွားမှာပဲ ဆိုတဲ့အတွေးနဲ့ အဆက်အသွယ်ဖြတ်ခဲ့တယ်…သားသူငယ်ချင်း တောင်ကြီးသွားတော့ စုံစမ်းခိုင်းလိုက်တာ အိမ်ရောင်းပြီး ပြောင်းသွားပြီတဲ့…ဘယ်မှာကို စုံစမ်းလို့မရခဲ့ဘူး”

“သူ့အဖေကရော”

“ဆုံးပြီလို့ပြောတာပဲ…”

“ဟုတ်လား…ဦးပြည့်သိရသလောက်တော့ ချယ်ရီ့အဖေက ထောက်လှမ်းရေးအရာရှိ…ကိစ္စတစ်ခုနဲ့ ထောင်ကျသွားတာ သားရဲ့”

“ဩော်…သား အဲဒါတော့မသိဘူး…ချယ်ရီကလည်း ပြောချင်မှာ

"ဒါပေါ့သားရဲ့...ဘယ်ပြောချင်မှာလဲ...သူ့အဖေ အလုပ်ပြုတ်ပြီး ထောင်ကျသွားတော့ အိမ်အခြေအနေက ယိမ်းယိုင်သွားပုံရတယ်"

"သူ့မှာ မောင်နှမလည်းမရှိဘူး...သားသိသလောက် ဆွေမျိုးသားချင်းကလည်းနည်းတယ်"

"သားရဲ့သဘောထားက ဘယ်လိုလဲ"

"ဘာကိုလဲ ဦးပြည့်"

"ခု သား သူ့ကိုတွေ့တော့ ဘယ်လိုခံစားရလဲ...ရှေ့ ဘယ်လိုဆက်ဆံမလဲ"

"ဦးပြည့်ရယ် ပထမဆုံး ခေါင်းထဲရှိတာ ချယ်ရီလွတ်မြောက်ဖို့ပါ...ကျန်တာတွေကတော့ သူနဲ့စကားတွေပြောပြီး ဆွေးနွေးရဦးမယ် ထင်တယ်"

"ဦးပြည့် အတတ်နိုင်ဆုံးကြိုးစားပါ့မယ်...ဆရာက သူ့ကို ဦးပြည့်လက်ထဲအပ်လိုက်တာကိုက ကံကောင်းမှာပါ"

"ချယ်ရီ ခုလိုဖြစ်တာ အကြောင်းတစ်ခုခုတော့ရှိမှာပဲ"

"ဒါပေါ့ကွ...အကြောင်းမရှိဘဲ ဘယ်အရာမှဖြစ်မလာဘူးသား...ဒီအမှုမှာ သူက အားလူ။ သေဆုံးသူနဲ့ မဆိုင်ပေမယ့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၂ အရ ပြစ်မှုကျူးလွန်တာ လူသေမှုကို သိလျက်နဲ့ သက်ဆိုင်ရာကို သတင်းပေးပျက်ကွက်မှု၊ ထိန်ချန်ခြင်းဆိုတဲ့ အပိုင်းတွေက သူ့အပေါ် သက်ရောက်စေတယ်...ကျန်တဲ့တရားခံတွေကလည်း နှစ်ဆယ်ကျော်ဝန်းကျင်တွေ...ဓားနဲ့ထိုးခဲ့တဲ့တရားခံကတော့ ကျမှာပဲ...ကျန်တဲ့သူတွေလည်း ကျတော့ကျမယ်...ပြစ်ဒဏ်လျော့မယ်ပေါ့...သိပ်လည်းစိတ်မပူပါနဲ့ ဦးပြည့်ရှိတယ်"

"ဟုတ်...။ နေ့ခင်းတုန်းကတော့ ချယ်ရီ့ကို ဒီလိုကြီးတွေ့လိုက်ရကတည်းက နေလို့မကောင်းတော့ဘူး...အပြင်ကိုဆွဲခေါ်ထုတ်ပြီးတော့ကို မေးလိုက်ချင်တာ...ချယ်ရီကတော့ သား ဒီလောက်အလေးထား ချစ်တာကို သိမှာမဟုတ်ဘူး...လုပ်ချင်တာတွေပဲ လျှောက်လုပ်တယ်"

"အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲသား...လူတွေမှာ ကြီးပြင်းခဲ့ရတဲ့ နေရာဒေသ အသိုင်းအဝိုင်းတွေက မတူကြဘူးလေကွာ...သူ့အဖေက မိန်းမပွေတယ်၊ ဆိုးတယ်...အာဏာကို ခုံမင်တယ်...မိသားစုကို ဂရုမစိုက်ဘူး...နေချင်သလိုနေတယ်။ မိသားစုကို ငွေကြေးပြည့်စုံအောင်ထားပေးနိုင်ရင် တာဝန်ကျေပြီဆိုတဲ့လူစားမျိုး...သူ့အဖေကိုလည်း သူက သိပ်ကျေနပ်ပုံမရဘူး... ကိုယ်တိုင်ကလည်း အားနည်းချက်ရှိနေတော့ အပေါင်းအသင်းမှားတာနဲ့ အမှောင်ထဲရောက်ဖို့ လွယ်လွယ်လေးပဲသား...ဒီလောကမှာ အများကြီးပဲ... တချို့မိန်းကလေးတွေဆို ပိုက်ဆံအလွယ်ရတဲ့ လမ်းလိုက်ပြီး အလွယ်ရတဲ့ငွေကို အလွယ်ပဲဖြုန်းပြီး အမှောင်လောကထဲမှာ ပျော်ပျော်ကြီး ပျက်စီးခံကြတယ်...အခုက ခေတ်ပျက်ကြီးကွ... ဒီလိုခေတ်ပျက်ကြီးမှာ မူးယစ်ဆေးဝါးဆိုတာကလည်း ဝယ်ရတာ အရင်လို ခက်ခဲတဲ့အရာမဟုတ်တော့ ပိုဆိုးတာပေါ့...ဘာမှန်း ညာမှန်းမသိဘဲ စိတ်ညစ်လို့ လုပ်ချင်ရာ လုပ်တဲ့သဘောပဲ"

"ဦးပြည့်...ချယ်ရီအပါအဝင် တရားခံတွေကိုမေးထားတာတွေ ရှိတယ်မလား...သား ဖတ်ချင်လို့...ပြန်ပေးမယ်လေ"

"ရှိတယ်…မိတ္တူကူးထားတယ်…ယူသွားလေ…ချယ်ရီ့ကိုတော့ နှစ်ခါလောက်တွေ့ပြီး မေးထားတယ်…သားလည်း လေ့လာရတာပေါ့…ခဏစောင့်"

ဦးပြည့် အမှုတွဲသွားယူနေတုန်း သူ အအေးဘူးကိုဖောက်ပြီး မော့သောက်လိုက်တယ်။ အအေးဘူးထဲက အအေးကလည်း သူ့ရင်ကို မအေးစေပါလား။

"ရှေ့သား…ဦးပြည့်ကတော့ ပါးစပ်နဲ့မေးလိုက် မှတ်လိုက်ပေါ့… စာရေးကိုလည်း ဘေးကပြောပြီး လက်နှိပ်စက်ရိုက်ခိုင်းရတယ်"

"ဟုတ်"

"နောက်တစ်ပတ် လျှောက်လဲချက်…ပြီးရင်တော့ အမိန့်ချမှာပဲ… အမိန့်ချတဲ့နေ့ကျ လိုက်မှာမလား"

"လိုက်မှာပေါ့ ဦးပြည့်"

"ငါ့ကောင်တွေလိုလုပ်ပေါ့ကွာ…"

"ဘယ်လိုလုပ်တာလဲ ဦးပြည့်"

"အမိန့်ချမယ့်နေ့ဆို တစ်သက်လုံးမရွတ်ခဲ့သမျှ မောရသုတ်ကို အမြီးပြန်ခေါင်းပြန်ရွတ်တော့တာပဲ…သားလည်း ကောင်မလေး အတွက် ရွတ်ထားပေါ့ကွာ"

လို့ သူ့ပခုံးကိုပုတ်ရင်း ပြုံးပြီးပြောတယ်။ ဦးပြည့်က သူ့စိတ်ကို ပေါ့ပါး စေချင်လို့ပြောလိုက်ပေမယ့် သူ့မှာ မပြုံးနိုင်။ အားမရှိတဲ့သူ့ကိုကြည့်ပြီး

"မင်းကလည်းကွာ ကြက်ကြီး လည်လိမ်ထားတဲ့အတိုင်းပဲ… ဦးပြည့် အကောင်းဆုံးဖြစ်အောင်လုပ်ပေးမှာပါကွ…ကဲ ၁၀ နာရီ လည်းကျော်ပြီ…သားလည်းပြန်တော့"

"ဟုတ် ဦးပြည့်…သားပြန်တော့မယ်"

"အေး အေး…ဆိုင်ကယ်ဖြည်းဖြည်းမောင်း…အိမ်ရောက်ရင် ရောက်တဲ့အကြောင်း ဖုန်းဆက်ဦး"

ဦးပြည့်ကို ခေါင်းညိတ်ပြလိုက်တယ်။

ဆိုင်ကယ်ကို အရှိန်တင်မောင်းလိုက်တော့ ညလေက ရင်ကို လာတိုးတယ်။

ပါးစပ်က လေပူတစ်ချက် 'ဟူး'ခနဲ မှုတ်ထုတ်လိုက်တယ်။

ကိုယ် တကယ်ရင်မောတယ် ချယ်ရီရယ်…။

●

## အခန်း(၁၆)

ဘဝထဲကနေ ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့တဲ့နောက် စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်တွေဖြစ်ခဲ့တယ်။ စာအုပ်ဆိုင်တွေ ရောက်တိုင်းလည်း ဖတ်ဖို့စာအုပ်တွေ ပို့ပေးချင်ခဲ့တယ်။ ချယ်ရီနှလုံးသားက ဘယ်တော့များ အချစ်အရောင်လေးတွေ တလက်လက်နဲ့ ပြန်ထွက်လာမလားလို့ မျှော်လင့်မိတယ်။ ချစ်ခဲ့လို့သာ ချစ်သူဆိုတဲ့ဘဝကိုတောင် တိတိပပကြီး မရခဲ့သေးခင်။ ချယ်ရီ့လက်လေးကို စားသောက်ဆိုင်တစ်ခုမှာ မနေနိုင်လွန်းစွာ တရှိုက်မက်မက်နမ်းခဲ့ဖူးပြီး ချယ်ရီ့ဆံပင်လေးကို ကိုင်တွယ်ပွတ်သပ်ခဲ့ဖူးတယ်။ ချယ်ရီ့ရဲ့ ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းအောက် မီးပုံပျံကွင်းကြီးထဲမှာ ခံစားမှုတွေ မြင့်မားခဲ့သလောက် မတွေ့မမြင်ရအောင် နိုဂုံးချုပ်နိုင်သူ ချယ်ရီ့စိတ်ကိုလည်း အကြိမ်ကြိမ်အံ့ဩခဲ့ရပါတယ်။

ခွဲခွာသွားပြီးနောက်ပိုင်း သတိရခြင်းတွေနဲ့ပဲ နေထိုင်ရင်း ဘယ်လို ပြန်တွေ့မယ်ဆိုတာ တစ်ခါမှမစဉ်းစားမိ။ ခုလို ဖမ်းဆီးချုပ်နှောင်ခံပြီး တရားခွင်မှာ ပြန်တွေ့ဖို့ဆိုတာ ဘယ်လိုမှထင်မထားခဲ့။ ဦးပြည့်ပေးလိုက်တဲ့ ပြစ်မှုတရားခံတွေရဲ့ဖိုင်တွဲတွေကို တစ်ယောက်ချင်းဖတ်နေမိတယ်။ ည ကလည်း အတော်အတန်တိတ်ဆိတ်ပြီး ဆယ့်နှစ်နာရီထိုးခါနီးပြီ။

တရားခံတွေအားလုံးက ရှစ်ယောက်။ တိုးကြီး၊ နေဘုန်း၊ ဝေယံ၊ မင်းသက်စိုး(ခ)ဘိုတောက်၊ ရဲရင့်(ခ)ငရဲ၊ အာကာစိုး၊ ဗလ၊ ချယ်ရီဖူးမေ။ ရှစ်ယောက်ထဲမှာ အဓိကလူသတ်မှုကို ကျူးလွန်သူက ရဲရင့်(ခ)ငရဲ လူမှားပြီး နောက်ကလိုက်တာ ထွက်ပြေးသူက အစ်ကို လူမှားနေပြီ မဟုတ်ပါဘူးလို့ ပြောနေတဲ့ကြားထဲက ဗိုက်၊ ရင်ဘတ်၊ လက်မောင်း၊ ဓားချက်ရာ ဆယ့်တစ် ချက်။ ဓားနဲ့ထိုးတာကို အဖွဲ့ဝင်များဖြစ်ကြတဲ့ တိုးကြီး၊ နေဘုန်း၊ ဝေယံ၊ ဗလတို့က ဆိုင်ကယ်မီးနဲ့ ဘေးက ဝိုင်းထိုးပေးကြတယ်။ မင်းသက်စိုးက ကားဆီကနေ ချိန်းကြိုးတစ်ခုယူလာပြီး နှစ်ချက်လောက် ဝင်ရိုက်သေးတယ်။ အားလုံးက အရက်မူးလွန်ပြီး မေးလည်းကြောင်နေကြတယ်။ ချယ်ရီ လိုက်ပါစီးလာတဲ့ ပရာဒိုကားထိုင်ခုံအောက်ကနေ ဓားကို ရဲရင့်က လာယူခဲ့ တယ်။ ချယ်ရီက မလုပ်ပါနဲ့လို့ပြောတာကို ရဲရင့်က မင်း ငြိမ်ငြိမ်နေ လို့ လှမ်းပြောပြီး ဓားကိုင်ပြီး ထွက်သွားတယ်။ အခင်းဖြစ်ပွားတဲ့အချိန် ဓားခုတ်မှုမှာ ချယ်ရီဖူးမေမှာ တစ်ဦးတစ်ယောက်ကိုမှ ကိုယ်နှုတ်အမူအရာ အားဖြင့် အားပေးကူညီခြင်းမရှိခဲ့ကြောင်း။ အခင်းဖြစ်ပွားရာ ညက ဝေယံက သူရှိမည့်နေရာကို ချိန်း၍လာကြောင်း။ ခဏစကားပြောပြီး အပြန်လိုက်ပို့ ပေးမယ်ပြောတာကြောင့် ဝေယံ့ကို ခဏစောင့်ပြီး သူ့ကားနဲ့လိုက်လာ ကြောင်း ဝေယံ့ကားပေါ်မှာ ရဲရင့်၊ တိုးကြီး၊ မင်းသက်နိုင်၊ ဗလ ပါလာ ကြောင်း။ သူတို့ ရုတ်တရက်ဖြစ်ပေါ်မှုအပေါ် မသိရှိကြောင်း ငြင်းဆိုထား

တယ်။ ကားရပ်စဉ်မှာ ကားပေါ်ပါလာတဲ့ ခေးကို ရဲရင့်လာယူတာ တွေ့ကြောင်း။ သူတို့အုပ်စု တော်တော်မူးနေကြောင်း သိရတယ်တဲ့။

ဒါဆို ချယ်ရီက အချိန်မတော် CDOK ဆိုင်ထဲဝင်ပြီး ယောကျ်ားတွေရှိတဲ့နေရာကို တစ်ယောက်တည်း ဘာလို့သွားရတာလဲ။ ဝေယံဆီကို ဆေးယူဖို့မဟုတ်လား။ မင်း မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်နေပြီလား။ မထင်ဘူး ချယ်ရီ လုံးဝမထင်ထားဘူး။ အရမ်းဝမ်းနည်းရတယ်။ ခုချိန်မှာတော့ ချယ်ရီမမြင်အောင်နေမယ်။ စကားပြောနိုင်လောက်အောင်ထိ ကိုယ့်စိတ်က အားမရှိသလို အခွင့်လည်းမပေးဘူး။

ချယ်ရီနဲ့ကိုယ့်ကြား နာကျင်စရာရက်တွေ ရှေ့ဆက်တိုးလို့ သွားနေဦးမယ်ထင်ပါရဲ့။ အခက်အခဲတွေ စိတ်ညစ်ညူးစရာတွေ ကြုံလာတိုင်း ရင်ဖွင့်ဖော်၊ မင်းငိုဖို့ ပခုံးတစ်ဖက်၊ ထွေးပွေ့ပေးဖို့ ရင်ခွင်တစ်ခု အသင့်ရှိနေတဲ့ ကိုယ့်ကို အဖော်အဖြစ် ဘာဖြစ်လို့ မရွေးချယ်ခဲ့တာလဲ။

ချယ်ရီရဲ့ရင်ဖွင့်ဖော်က ကိုယ်မဟုတ်တော့ရင် ချယ်ရီ့အမေမဖြစ်ခဲ့ဘူးလား။ ကိုယ်ကတော့ ဝတ္တရားအရမဟုတ်ဘဲ ချယ်ရီ့ရင်ဖွင့်တာတွေကို နားထောင်ပေးချင်ခဲ့သူပါ။

ဒီညကတော့ အိပ်မပျော်။ ချယ်ရီ့ဆီမှာ အတိတ်၊ ပစ္စုပ္ပန်တွေ ပုန်းခိုရင်း လေပြည်တွေကတော့ ပြတင်းအပြင်ကနေ အခန်းထဲထိ လာဆော့ကစားနေလေရဲ့။ လေပြည်ကြောင့် မသာယာနိုင်ခဲ့တာ ကြာပါပြီ။

တရားခွင်ကို ရက်ပျက်မရှိ လာရောက်နားထောင်ရင်း ချယ်ရီ့ပုံရိပ်ကို အကဲခတ်ကြည့်နေရတယ်။ ဦးပြည့်ကတော့ ခေါင်းတညိတ်ညိတ်နဲ့ လှမ်းလှမ်းကြည့်တယ်။ တစ်ယောက်ပြီးတစ်ယောက် မျက်ခြည်မပြတ် လေ့လာနေရတာ အာခေါက်တွေခြောက်လာတဲ့အထိပဲ။ ရေသောက်ဖို့လည်း သတိမရ။

ချယ်ရီက လူတွေဘက်ကို မကြည့်။ အပြုံလာတဲ့ မိန်းကလေး
စ်ဦးနဲ့ အမျိုးသမီးကြီးတစ်ဦးကတော့ ချယ်ရီ့အနား ရှိနေတာမို့ မန္တလေး
အမျိုးတွေ ဖြစ်လောက်တယ်။

ဒီမတိုင်ခင် အိပ်မက်ကို ပြန်သတိရမိတယ်။ ချောက်ထဲကို ပြုတ်ကျ
သွားတဲ့ချယ်ရီကို လှမ်းဆွဲတာ မရတော့။ ချယ်ရီ့အတွက် နိမိတ်ဆိုး
အိပ်မက်ကြီးတစ်ခု ထူးဆန်းစွာမက်ပြီး ချွေးစေးတွေပြန်လို့ ရင်တွေ တလှပ်
လှပ်နဲ့ ဆုတောင်းခဲ့ရတယ်။ တကယ်တမ်းကျတော့ အိပ်မက်ဆိုးကြားက
လွတ်မြောက်နိုင်ခဲ့။

ချယ်ရီနဲ့ကိုယ့်ကြားက အံ့သြဝမ်းနည်းစရာတွေက ရင်ကို ကိုင်လှုပ်
တယ်။ မျက်လုံးထဲမှာ မျက်ရည်စတွေ ဝဲတက်လာတယ်။ ချစ်မြတ်နိုးပြီး
ယုံကြည်ကြည် လက်တွဲချင်ခဲ့ပြီး ချယ်ရီ့ဘက်ကတော့ ကိုယ့်အချစ်ကို
ယုံကြည်ခြင်းအတွက် ဝမ်းနည်းရတယ်။ ချစ်ခြင်းက တွန်းပို့မှုကြောင့်သာ
ချယ်ရီ့အနားကို နီးကပ်လာသူဆိုတာ သိနိုင်ပါတယ်။

မန္တလေးမှာ ချယ်ရီပင်စိုက်ရင် မဖြစ်မှန်းသိရက်နဲ့ ချယ်ရီပင်တွေ
စိုက်လို့ အမေက မျက်စိနောက်ပြီး ပြောရတဲ့အထိပါ။ ကိုယ့်အတွက်
အတိတ်တွေက လွမ်းစရာတွေချည်း။ လွမ်းရဲ့ခဲ့ရပါတယ်။ ချယ်ရီ့ဆီကို
ကိုယ် သေသေချာချာပြန်လာမယ်။ သိချင်တာတွေလည်း ရှိတယ်။ အရာ
အားလုံးထက် အရေးကြီးတယ်။ ချယ်ရီ အဲဒါ ကိုယ့်ရင်ထဲက အနက်ရှိုင်း
ဆုံး တန်ဖိုးထားမှုပါ။ ဒီကနေ့ ဦးပြည့်ဖုန်းဆက်လာတယ်။ သားရေ
အတတ်နိုင်ဆုံး စိတ်ကိုပြင်ဆင်ထားနော်။ မနက်ဖြန် အမိန့်ချတော့မယ်တဲ့။
ဦးပြည့်အသံက ကြားနေကျအသံပေမယ့် နားထဲမှာ အမိန့်ဆိုတဲ့အသံကြီးက
ခါးသက်နေတယ်။ ကိုယ်တိုင်လည်း အိပ်ရေးဝဝအိပ်ပြီး ဆုတောင်းပေးလိုက်
ပါတဲ့။ ဆုတောင်းတာပေါ့ ဦးပြည့်ရယ်။ သစ္စာတွေနဲ့ထပ်တူ ဆုတောင်းရင်း

မဟာမုနိဘုရားနဲ့ အောင်တော်မူဘုရားမှာလည်း ငှက်လေးတွေ အကြိမ်ကြိမ် လွှတ်ခဲ့ပါတယ်။

အမိန့်ဆိုတဲ့အသံကို အကြိမ်ကြိမ်ကြားခဲ့ရပေမယ့် ဒီတစ်ကြိမ်ကတော့ အဆိုးဝါးဆုံးမှင်စာတစ်ကောင် အော်မြည်နေသလိုပါပဲ။ ဦးပြည့်က စိတ်သိပ်မပူပါနဲ့ငါ့သားလို့ပြောပေမယ့် စိတ်ရော ရင်ရော ပူလောင်လွန်းတယ်။ ရှေ့နေလောကမှာ ဦးပြည့်စုံ လိုက်ပေးတဲ့အမှုတွေ ဘယ်တော့မှ ရှုံးတာမရှိဘူးဆိုတာ ဒီနယ်ပယ်မှာ အကြိမ်ကြိမ်ကြားဖူးပြီး ဦးပြည့်အတွက် ဂုဏ်ယူမဆုံး လက်မထောင်ခဲ့ပေမယ့် ဒီတစ်ခါကတော့ ယုံကြည်စိတ်ပျောက်တာမဟုတ်ပေမယ့် ချယ်ရီ့အတွက် စိုးရိမ်စိတ်တွေ အတိုင်းအဆမရှိ လွှမ်းမိုးနေခဲ့တာလို့ ကိုယ့်ကိုကိုယ် ဆန်းစစ်မိတယ်။

သိသိသာသာ ထမင်းစားမဝင်တော့တာ။ ညအိပ်ရေးပျက်တာတွေက နောက်တစ်နေ့အတွက် မလန်းတော့။ အားဆေးနှစ်လုံး တစ်ခါတည်းသောက်ပြီး ဦးပြည့်အိမ်ကို ထွက်ခဲ့တယ်။ အိမ်ထဲတောင် ဝင်စရာမလို။ အိမ်ပေါက်ဝမှာ တစ်ခါတည်းစောင့်နေတဲ့ ဦးပြည့်ကို အသက်မဲ့အပြုံးတစ်ခုနဲ့ နှုတ်ဆက်ရင်း တံခါးဖွင့်ပေးလိုက်တယ်။

"သား မင်းမျက်နှာက နွမ်းလိုက်တာ၊ ဘာစားခဲ့ပြီးပြီလဲ"

"ပေါင်မုန့်နဲ့ကြက်ဥစားခဲ့တယ် ဦးပြည့်"

"ညက အိပ်မပျော်ဘူးထင်တယ်"

"သေချာတာပေါ့ ဦးပြည့်ရယ်၊ ကြိုးစားတယ် မရဘူး"

"သား အရမ်းစိတ်ဖိစီးမှုများနေပြီ၊ စသိတဲ့နေ့ကတည်းကဆိုတော့ ဂရုစိုက်သား၊ ဦးပြည့် ဘုရားရှိခိုးအာရုံပြုခဲ့ပါတယ်၊ အဆင်ပြေမှာပါ၊ ထုံးစံအတိုင်းတော့ အမိန့်ချမယ့်နေ့ဟာ ရင်မခုန်တဲ့နေ့လို့ ဘယ်သူမှမရှိပါဘူးသား"

မန္တလေးခရိုင်တရားရုံးကို ဒီတစ်ခါလာရတာလောက် တုန်လှုပ်ချောက်ချားဖွယ်ရာမရှိ။ ရုံးထဲ အသိမိတ်ဆွေတွေတွေ့လို့ နှုတ်ဆက်ကြတာလည်း မမြင်။ ပြန်မနှုတ်ဆက်နိုင်။ ကိုယ်တစ်ယောက်တည်း အတွေးတွေနဲ့ တစ်ကိုယ်တည်း ရှုက်လှုင့်နေသလို ဖြစ်ချင်ရာဖြစ်နေတဲ့ ကိုယ့်စိတ်တွေက ချယ်ရီ့ဆီမှတစ်ပါး တခြားဘယ်မှာမှရှိမနေခဲ့။

ဒီတရားခံတွေနဲ့ တစ်ကြိမ်တစ်ခါမှ မဆုံဖူးဘဲ တစ်နေ့တစ်ရက်မှာ ခဏတာဆုံလိုက်တာနဲ့ ကိုယ့်ချစ်သူရဲ့ ဘဝတစ်ခုလုံး ဆုံးရှုံးရမလိုဖြစ်နေတဲ့အခြေအနေကိုဖန်တီးသူ အခြားတရားခံတွေကိုလည်း စိတ်တိုနေမိတယ်။ ကြီးမားတဲ့ကိစ္စရပ်တွေ ဆုံဆည်းရခြင်းကို ချယ်ရီ့ဘက်ကခံစားပြီး အကြိမ်ကြိမ်နာကျင်မိတယ်။

တရားခွင်ထဲကို ရောက်ချိန်မှာတော့ အမိန့်ချမယ့်နောက်ဆုံးနေ့မို့လူက အရင်နေ့ကထက် ပိုများနေတယ်။ တရားခံတွေလည်း များပြားတာမို့ နေ့လေးမှာ နာမည်ကြီးအမှုတစ်ခုဖြစ်နေတယ်။ တရားသူကြီး ဒေါ်မာမာမင်း ဝဲဘက်မှာ တရားခံရဲ့အကျိုးဆောင် ဦးပြည့်က ခေါင်းပေါင်း အဝတ်အစားအပြည့်အစုံနဲ့ထိုင်တယ်။ တရားခံတွေ အကုန်လုံး လက်ထိပ်တွေနဲ့ ရောက်နေကြပြီ။ အကျီပန်းရောင်အနုလေးနဲ့ မျက်လွှာချထားတဲ့ချယ်ရီ့ကို တွေ့လိုက်ရတယ်။

တရားသူကြီး ဒေါ်မာမာမင်းကတော့ မျှတပြီး သားသုံးယောက်မိခင်မို့ စိတ်ထားပျော့ပျောင်းတယ်လို့ ဒီလောကမှာ နာမည်ရှိတယ်။ ဦးပြည့်ရဲ့ဆရာက ဒေါ်မာမာမင်းထံ ဒီအမှုရောက်တာ ကံကောင်းတယ်လို့ပြောလို့ စိုးရိမ်စိတ်ကလေးတော့ လျော့နည်းသွားသလို ခံစားရတယ်။ ဥပဓိရုပ်ကောင်းကောင်း အသားဖြူဖြူနဲ့ တည်တည်ငြိမ်ငြိမ်ရှိတဲ့ ဒေါ်မာမာမင်းက လူငယ်တွေချည်းဖြစ်နေတာမို့ ဒီအမှုကို တရားမျှတစွာ စီရင်ထားတယ်လို့ ပထမဦးဆုံးပြောတယ်။ အားလုံး အပ်ကျသံကြားရလောက်အောင် တိတ်

ဆိတ်ငြိမ်သက်နေသလောက် ကိုယ်ပိုင်နှလုံးသားတွေကတော့ အယောက်တိုင်း မြည်ဟည်းနေမှာမလွဲ။ တရားခံတွေရဲ့မိဘတိုင်း သက်ဆိုင်သူတိုင်း မျက်နှာတွေပျက်၊ စိုးရိမ်မှုတွေနဲ့ အပြင်မှာ သေမိန့်တောင်ကျမှာ။ သေမိန့်ချဖို့ကောင်းတယ်ထိ ပြောဆိုနေသံတွေက နားနဲ့မဆံ့အောင် ကြားနေရတယ်။

* * *

**မန္တလေးခရိုင်တရားရုံး………ခုနှစ်……လ…ရက်နေ့**
**ရာဇဝတ်ကြီးမှုအမှတ် ၁၀၇**

၁။ ရဲရင့် (ခ) ငရဲ
၂။ တိုးကြီး
၃။ မင်းသက်စိုး (ခ) ဘိုထောက်
၄။ အာကာစိုး
၅။ ဗလ
၆။ နေဘုန်း
၇။ ဝေယံ
၈။ ချယ်ရီဖူးမေ

တရားလိုအတွက် ဒေါ်မြင့်မြင့်ထွေး ဥပဒေအရာရှိ

အဆင့်–၂

(၁)တရားခံအတွက် ဒေါ်သန္တာဝေ တရားလွှတ်တော်ရှေ့နေ

တရားခံ(၂၊ ၄၊ ၆၊ ၇) ဦးသန်းထွန်း တရားလွှတ်တော်ရှေ့နေ

(၃)တရားခံအတွက် ဦးစောသာ တရားလွှတ်တော်ရှေ့နေ

(၅၊ ၈)တရားခံအတွက် ဦးပြည့်စုံ တရားလွှတ်တော်ရှေ့နေ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၁၁၄ အရ စွဲဆိုမှု စီရင်ချက်

ဒေါ်မာမာမင်းက အသံရှိန်ကို တစ်ချက်မြှင့်တင်လိုက်ပြီး စီရင်ချက် ွကို စာတစ်လုံးချင်း (၁) မှ (၁၄) အထိ ဖတ်တယ်။

ချယ်ရီ့ကို ပုဒ်မ ၁၁၄ နဲ့ တရားစွဲထားပေမယ့် ဘယ်လိုချမလဲ သိနိုင်။ စီရင်ချက်တစ်ခုစီပါ အကြောင်းအရာများဟာ ရန်အငြိုးမရှိပါဘဲ ရက်နှင့် မူးယစ်သောက်စားမှုကြောင့် ဆင်ကန်းတောတိုး စိတ်ရိုင်းတွေ ကြောင့် တစ်ဖက်လူ အသက်ပါပျောက်ခဲ့ရတယ်။ အန္တရာယ်ရှိစေတဲ့ က်နက်ကိရိယာတွေကို ကားထဲအဆင့်သင့် Ready ယူဆောင်ခဲ့ခြင်းက ယ်ကိုယ်ကိုယ် ကာကွယ်ဖို့ထက် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ဖို့ မိုက်မိုက် ်းကန်း အခြားသူတွေရဲ့အသက်ကို အန္တရာယ်ပေးတဲ့ လူငယ်တွေဖြစ်နေခဲ့ ယ်။ ပိုက်ဆံရှိလို့ ငွေကို ရေလိုသုံးနေနိုင်သူ ရေပေါ်ဆီတွေရဲ့ သားသမီး တွေ။ အညွန့်ချူးစား လူတန်းစားလက်သစ်လေးတွေ။ ခုလို မှန်ကန်တဲ့ ရားစီရင်ရေးနဲ့တွေ့တော့ ဘာတတ်နိုင်သေးလဲ။ မျက်နှာငယ်တွေနဲ့ တ်မြောက်မှုအတွက်အားကိုးရာ သူတို့မိဘတွေ အချုပ်ခန်းမှာ လာတွေ့ပြီး ာ်တိုက်ကျက်ခိုင်းထားတဲ့ မောရသုတ်တွေ ရွတ်နေလိုက်ကြတာ ပါးစပ် လးတွေ တလှုပ်လှုပ်နဲ့။ တစ်ပါးသူ အသက်တစ်ချောင်းကို ပုရွက်ဆိတ် လးတစ်ကောင်လို လုံးချေရိုက်နှက်ထိုးသတ်ခဲ့ပြီး ကိုယ့်အလှည့်ကျ ာကျင်ရဘဲ အမိန့်ဆိုတဲ့ အသံအောက်မှာ ကြောက်ဒူးတုန်နေကြတယ်။ ိုယ်ချင်းစာတရား ပျောက်ဆုံးနေတဲ့ လူသားအချင်းချင်း ညှာတာစိတ် ှိတဲ့ မင်းတို့လိုလူငယ်တွေရှိတာ တိုင်းပြည်နစ်နာတယ်။ ကိုယ်တိုင်သာ ါ်မာမာမင်းနေရာဆိုရင် မင်းတို့ မသက်သာနိုင်ဘူးဆိုတာ ကြိုသိနေတယ်။

ဒေါ်မာမာမင်းအသံ ပိုကျယ်လာသလို ထင်ရတယ်။ စီရင်ချက်ာ ကနေ ဖတ်လာတာ စီရင်ချက် ၁၄ ကို ရောက်ပြီ။

သက်ဆိုင်ရာ ဥပဒေအရာရှိကလည်း တရားခံ ရဲရင့်(ခ)ငရဲ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၂၆ အရ လည်းကောင်း၊ ကျန်တရားခံများအပေါ် ပုဒ်မ–၃၂၆/ ၁၁၄ အရလည်းကောင်း၊ စွဲချက်တင်သင့်ကြောင်း လျှောက်ထားခဲ့ပြီး အပြီးသတ်လျှောက်လဲချက်တွင် တရားခံ ရဲရင့်(ခ)ငရဲ အပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ– ၃၀၂ (၂)အရလည်းကောင်း၊ ကျန်တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၀၂ (၂) ၁၁၄ အရ ပြစ်မှု ထင်ရှား စီရင်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

(ဂ)တရားခံ မချယ်ရီဖူးမေနှင့်စပ်လျဉ်း၍ ၎င်းသည် သူ့သူငယ်ချင်းမိတ်ဆွေရှိသည့် စားသောက်ဆိုင်ကို ည ရှစ်နာရီခွဲတွင် ရောက်ရှိခဲ့ပြီး သူငယ်ချင်းဓမယ်မှ အပြန် လိုက်ပို့မည်ဟု စောင့်ခိုင်းသဖြင့် စောင့်နေခဲ့ပြီး အပြန် အခင်းဖြစ်ပွားရာနေရာအထိ ပါလာခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ကိစ္စတွင် မိန်းကလေးတစ်ဦးပါဝင် ကြောင်း ထွက်ဆိုမှုမရှိပေ။ ထို့ကြောင့် ၎င်းအပေါ် လူသေမှုအတွက်လည်းကောင်း၊ နာကျင်စေမှုအတွက် လည်းကောင်း ပြစ်မှုထင်ရှားစီရင်နိုင်မည် မဟုတ်ပေ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၂–ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့် သက်ဆိုင်ရာသို့ သတင်းပေးမှု ပျက်ကွက် ခြင်း၊ ထိန်ချန်ခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ရမည် ဖြစ်သည်။

ထို့ကြောင့် တရားခံအသီးသီးအပေါ် ပြစ်မှုထင်ရှား စီရင်ရာတွင် တရားခံများသည် အသက် (၂၀) အရွယ် ငယ်ရွယ်သူများဖြစ်ခြင်း၊ ယခင်ပြစ်မှုကျူးလွန်ဖူးကြောင်း မပေါ်ပေါက်ခြင်း။ တရားလိုနှင့် သေဆုံးသူ၏ မိဘက သားသမီးချင်းစာနာစွာဖြင့် အမှုရုပ်သိမ်းပေးရန် တင်ပြ လျှောက်ထားခြင်း (နောင်တွင်လည်း အလားတူ ကိစ္စမျိုး ထပ်မံဖြစ်ပွားရန် မတွေ့ရခြင်း) များကို ရုံးတော်မှ သုံးသပ်၍ ပြစ်မှုနှင့်ပြစ်ဒဏ်လျော်ညီစေရန် သုံးသပ်၍ ရုံးတော်မှ အောက်ပါအတိုင်း အမိန့်ချမှတ်သည်။

**'အမိန့်'**

မတ်တတ်ရပ် ခေါင်းငုံ့နေကြသူအားလုံး အသက်ရှူဖို့ပင် မေ့နေသလားထင်ရတယ်။ ကိုယ်တိုင်ပင် ရင်တွေ တဆတ်ဆတ်ခုန်လာတယ်။

မန္တလေးခရိုင်တရားသူကြီး ဒေါ်မာမာမင်းက စာရွက်ကိုကိုင်ပြီး 'အမိန့်'လို့ ရွတ်ဖတ်စဉ်မှာ နားစိုက်ထောင်ပြီး တစ်ကိုယ်လုံး ကျင်ထုံနေတော့တယ်။ ချယ်ရီ့လက်လေးကို ဦးပြည့်ရဲ့တပည့်မလေးတစ်ယောက် ဆုပ်ကိုင်လိုက်တာကို တွေ့လိုက်ရပြီး ချယ်ရီကလည်း ပြန်ဆုပ်ကိုင်လိုက်တာကို တွေ့ရတယ်။

**'အမိန့်'**

"မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ အဘ ဦးထိန်ဝင်း၏သား (၃)တရားခံ ရဲရင့်(ခ)ငရဲသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ ကို ကျူးလွန်၍ ထောင်ဒဏ် (၅) နှစ် ငါးနှစ်တိတိကျခံစေ။ အောင်မြေသာစံမြို့နယ် အဘ ဦးလှထွန်းအောင်၏သား (၁) တရားခံ တိုးကြီး၊

ချမ်းမြသာစည်မြို့နယ် ၈၃ လမ်း အဘ ဦးလင်းနိုင်၏ သား (၂)တရားခံ မင်းသက်စိုး(ခ)ဘိုတောက်၊ ချမ်းအေး သာစံမြို့နယ် ကြက်တန်းရပ်နေ အဘ ဦးသန်းထွန်း၏ သား (၄)တရားခံ အာကာစိုး၊ အောင်မြေသာစံမြို့နယ် ၂၉ လမ်းနေ အဘ ဦးလွင်သာအုန်း၏သား (၅)တရားခံ ဗလ၊ မဟာအောင်မြေမြို့နယ် အဘ ဦးစိန်ဝင်း၏သား (၆)တရားခံ နေဘုန်း၊ ချမ်းမြသာစည်မြို့နယ်အနောက် အဘ ဦးစိုင်းထွန်း၏သား (၇)တရားခံ ဝေယံတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃ ကို ကျူးလွန်၍ ထောင် ဒဏ် (၁) တစ်နှစ်တိတိကျခံစေ။

တောင်ကြီးမြို့ ယမုံလမ်းနေ အဘဦးကျော်ကျော်နိုင် ၏သမီး (၈)တရားခံ မချယ်ရီဖူးမေသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၂ ကို ကျူးလွန်၍ ထောင်ဒဏ် ၆ လ၊ ခြောက်လတိတိကျခံစေ။ ထောင်ဒဏ်မှ ချုပ်ရက်များ ထုတ်နုတ်ခံစားခွင့်ပြုသည်။

အယူခံရက်ကျော် သက်သေခံအားနှင့် အကျႌ၊ ဘောင်းဘီများ အယူခံရက်ကျော်က ဖျက်ဆီးစေ။ ယာဉ် အမှတ်–မတလ/၂၈၃၉၀၀ နှင့် မတလ/၁၂၈၄၃၆ ဆိုင်ကယ်နှစ်စီးအား အယူခံရက်ကျော်က အပ်ပေးသူသို့ ပြန်လည်ထုတ်ပေးစေ”

အမိန့်သံအဆုံးမှာ ချယ်ရီ ဘာမှမကြားနိုင်တော့။ တရားခံတွေ အသီးသီးထွက်ခွာသွားပြီး ချယ်ရီ့ကို လက်ထိပ်ဖြုတ်အပြီး နေရာမှာတင် ခွေညွတ်လဲကျသွားခဲ့တယ်။ ချယ်ရီ့အမျိုးတွေ ယပ်ခတ်ပေးပြီး သတိရအောင်

လုပ်ပေးနေချိန်ထိ ကြောင်နေခဲ့တယ်။ နောက်တော့ အသိစိတ်ပြန်ဝင်ရင်း အပြီးတိုင်လွတ်မြောက်သွားတဲ့ ချယ်ရီ့ခန္ဓာကိုယ်ကို ပွေ့ချီရင်း ကားဆီ အပြေးလာ၊ ဆေးရုံကို ဘယ်လိုရောက်သွားလဲ မသိ။ ချယ်ရီ့အဒေါ်နဲ့ ညီမဝမ်းကွဲလိုက်လာပြီး ဦးပြည့်လည်း တခြားကားတစ်စီးနဲ့ ခဏနေ ဆေးရုံ လိုက်လာတယ်။

နီးစပ်ရာ နန်းတော်ဆေးရုံမှာ အရေးပေါ်ကုသလိုက်ရတဲ့ ချယ်ရီ့ မျက်နှာ ဖြူဖျော့နေတယ်။ သတိတော်တော်နဲ့မရတာမို့ စိတ်ပူရင်း အသိမိတ်ဆွေဒေါက်တာတွေနဲ့ သေချာအပ်ရတယ်။ စိတ်မပူပါနဲ့ အားနည်း လွန်ပြီး စိတ်လှုပ်ရှားမှုများလို့ ရှော့ခ်ရသွားတာပါ။ ဖြည်းဖြည်းချင်း သတိ ရလာမှာပါတဲ့။ အားဆေးတွေ ချက်ချင်းထိုးပြီး ချယ်ရီ့အဒေါ်နဲ့ညီမက ကျေးဇူးတွေ အထပ်ထပ်တင်ရင်း ချယ်ရီသတိရလာပြီဆိုတာသိမှ အိမ်ကို ပြန်ခဲ့တယ်။ နောက်နေ့အတွက်တွေပါ အခန်းခပေးပြီး အနားယူဖို့ပြောခဲ့ တယ်။ ဦးပြည့်လည်း ချယ်ရီရှိရာရောက်သွားပြီမို့ စိတ်နည်းနည်းချသွား တယ်။ ဦးပြည့်လည်း သူပြန်သွားတာကို ရိပ်မိလောက်မှာပါ။ တစ်နေကုန် ပင်ပန်းနွမ်းနယ်မှုနဲ့ ရေချိုးချင်လှပြီ။ ပြန်လာတဲ့လမ်းမှာ သူငယ်ချင်းဆရာဝန် ကို အားမနာတမ်း ဖုန်းမကြာခဏ ဆက်မေးမိတယ်။ စိုးရိမ်စိတ်နဲ့အတူ သူ့အပျော်တွေက ခန္ဓာကိုယ်သွေးကြောတွေကတစ်ဆင့် နှလုံးသားထဲထိ စီးဆင်းသွားပြီး ရင်ခုန်သံတွေ မြန်လာတယ်။ ချယ်ရီ့လွတ်မြောက်မှုက လှောင်အိမ်ထဲကငှက်ကလေးတွေ လွတ်လပ်စွာ လေထဲရောက်သွားသလို ပဲလို့ ခံစားလိုက်ရတယ်။

အိမ်ရောက်တော့ ရေမချိုးနိုင်။ ဦးပြည့်ဆီ ဖုန်းဆက်တယ်။

"ဦးပြည့်...ဦးပြည့်ဘယ်မှာလဲ...ဆေးရုံကပြန်လာပြီလား... သူ ကောင်းကောင်းသတိရပြီလား...နေကောင်းလား"

"ကောင်းတယ် သား၊ သူ့မျက်နှာလေးလည်း ကြည်လင်လန်းဆန်းလာတယ်၊ နှစ်ရက်လောက်နားဖို့လည်း ဦးပြည့် ထပ်ပြောခဲ့တယ်။ ဦးပြည့်ကိုတွေ့တော့ ငိုပြီးထိုင်ကန်တော့တယ်၊ သားပြောထားလို့ မသိသာတဲ့သူ့မျက်ဝန်းက ကျမှန်းမသိကျလာတဲ့မျက်ရည်တွေကို ကြည့်ရင်း သနားလိုက်တာ၊ သူ့အဒေါ်နဲ့ညီမကလည်း ကျေးဇူးတင်ကြောင်းပြောတယ်၊ ဆေးရုံလိုက်ပို့တဲ့သားကို မေးတယ်၊ ဦးပြည့်လည်း မသိချင်ဟန်ဆောင်ခဲ့တယ်၊ သားစိတ်ကို မသိလို့လေ"

"ဟုတ် ဦးပြည့်"

"သား သူ့ကို ဘာလို့မတွေ့ချင်သေးတာလဲ..."

"မတွေ့ချင်တာတော့ မဟုတ်ပါဘူး ဦးပြည့်ရယ်၊ သူ သတိရတဲ့အချိန်မှာ နောက်ထပ်ခံစားမှုအသစ်တွေ မဖြစ်စေချင်သေးလို့ပါ၊ သူ ပျော်နေသလား ဦးပြည့်"

"ဪ သားရယ် ချုပ်ရက်ကနေ သူ ခံစားနေရတာ ဘယ်လောက်ရှိပြီလဲ၊ မပျော်ဘဲနေပါ့မလား၊ ဒီကနေ့ကျတဲ့မျက်ရည်ဟာ ဝမ်းသာမှုတွေလည်း ပါမှာပါ၊ ဘဝမှာ အရေးကြီးဆုံးက လွတ်လပ်မှု၊ လွတ်မြောက်မှုမဟုတ်လား...ချယ်ရီ့ကို ပုဒ်မ ၂၀၂ ဆိုကတည်းက ဝမ်းသာသွားပြီ"

"ဦးပြည့်ကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်"

"သားလည်း သူနားနေတုန်း တွေ့ပြီး အားပေးလိုက်ပါ၊ ဦးပြည့်သူ့ကိုကြည့်ရသလောက် စိတ်ထားသိမ်မွေ့နူးညံ့တဲ့မိန်းကလေးပါ၊ အားငယ်စိတ်ကတော့ သူ့ဘဝကိုက ဒီအတိုင်းဖြစ်လာတာကိုး၊

ချစ်သူတစ်ယောက်အနေနဲ့မဟုတ်တောင် ကိုယ့်မြို့လာပြီး ကိုယ့်မြို့သားတွေကြောင့် စိတ်ဒဏ်ရာအပြင်းဆုံးရခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်အနေနဲ့ အားပေးတွေ့လိုက်ပါ၊ ခံစားမှုအသစ်တွေကနေ နွေးထွေးမှုအသစ်လည်း ဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ အားပေးပါ သား၊ သူ့ကိုတောင် စခဲ့သေးတယ်၊ ချုပ်ရက်က ခုနစ်လ၊ ကျတာက ခြောက်လဆိုတော့ တစ်လတောင် အကြွေးရှိသွားတယ်လို့”

“ဟုတ်ကဲ့ ဦးပြည့်၊ ဦးပြည့် ခုလိုနားလည်ပေးတာ ကူညီပေးတာ တစ်သက်မမေ့ပါဘူး”

“မင်းက ငါ့သားပါ သားရယ်၊ ကဲ ရေချိုး အနားယူ အိပ်ရေးဝဝ အိပ်ပြီး မနက်ဖြန် ဆေးရုံက ချယ်ရီဆီ ဒိုးတော၊ ဂွတ်နိုက်”

“ဟုတ် ဂွတ်နိုက် ဦးပြည့်”

မတွေ့တော့ဘူးဆိုတဲ့ အားတင်းထားတဲ့ ဆုံးဖြတ်ချက်ကို ဦးပြည့်က တစ်ချက်တည်းနဲ့ ဖြိုခွင်းလိုက်တယ်။ တကယ့်ကို နလုံးသား ပြန်နွေးလာသလို ချက်ချင်းခံစားလိုက်ရတယ်။ တစ်ခါတစ်ရံမှာ ဘေးပတ်ဝန်းကျင် တိုက်တွန်းမှုတွေက ကိုယ့်အတွက် ခွန်အားတွေဖြစ်စေဆိုတာ သိပ်ကို မှန်တာပဲ။

ချယ်ရီ အမြန်ဆုံးကျန်းမာပြီး အပူပင်ကင်းဝေး အေးမြငြိမ်းချမ်းပါစေ။

●

## အခန်း (၁၇)

ချယ်ရီ့ဆီကနေ ငွေကြေးတစ်စုံတစ်ရာ လုံးဝမယူဘဲ အမှုလိုက်ပေးခဲ့တဲ့ ဦးပြည့်ကို ကျေးဇူးတင်မဆုံး။ လူသတ်မှုမှာ လုံးဝအကျုံးဝင်မနေတဲ့ မိန်းကလေးတစ်ယောက်အတွက် မနစ်နာစေချင်လို့ပါတဲ့။

မနက်စောစောမှာပဲ မင်္ဂလာဈေးကိုပြေးပြီး ရေမွှေးနှင်းဆီလေးတွေဝယ်ပြီး ဆိုင်တစ်ခုမှာ လှလှပပလေး ဖဲကြိုးပန်းရောင်လေးနဲ့ ချည်နှောင်ခိုင်းလိုက်တယ်။ မနက်စာကို အပြင်မှာစားလိုက်တော့မယ်လို့ အမေ့ကိုပြောပြီး ချယ်ရီ့ဆီကို ထွက်လာခဲ့တယ်။ လမ်းမှာ သူငယ်ချင်းဒေါက်တာရဲနောင်ဆီ ဖုန်းဆက်မေးတော့ နေကောင်းကြောင်းပြောလို့ စိတ်အေးရတယ်။ ရဲနောင်က ကျောင်းနေဘက်။ မတွေ့တာကြာပေမယ့် ခုလိုပြန်တွေ့တော့ သူငယ်ချင်းစိတ်နဲ့ စနောက်လာတယ်။ ကိုယ် ဝန်ခံလိုက်တယ်။ စိတ်မဆိုးပါနဲ့ ချယ်ရီ။ အဲဒီမိန်းကလေးက ငါအရမ်းချစ်တဲ့သူလို့။

မမေ့နိုင်ဘူး ချယ်ရီ။ ကိုယ့်စိတ်ကို လိမ်ညာချင်ပေမယ့် ခုလာခဲ့ရတာလည်း ချယ်ရီ့ဆီ ပထမဆုံးအကြိမ်မြင်တွေ့ခွင့်ရတော့မှာလို့ ခံစားချက်မျိုးနဲ့။ နန်းတော်ဆေးရုံဓာတ်လှေကားကို မစောင့်တော့ဘဲ ဒုတိယထပ်ဆီ လှေကားလေးအတိုင်းပဲ တက်လာခဲ့တယ်။ ဘယ်ကို ချိုးကွေ့၊ ကောင်တာက ဆရာဝန်နဲ့ သူနာပြုများကို ပြုံးပြနှုတ်ဆက်ရင်း တံခါးကို ဖြည်းညှင်းစွာ ခေါက်လိုက်တယ်။ ချယ်ရီအိပ်ပျော်နေမှာစိုးလို့။

"ဒေါက်...ဒေါက်"

တံခါးကြားထဲမှာ မိန်းကလေးမျက်နှာလေးတစ်ခုပေါ်လာတယ်။

"ဩော်...အစ်ကို ဝင်ပါ"

ချယ်ရီ ခုတင်ပေါ်မှာ နောက်ကျောပေးလေး လှဲနေတယ်။

"အိပ်နေလား"

"မအိပ်ပါဘူး"

"အစ်မ"

ချယ်ရီက မျက်နှာချင်းဆိုင်လှည့်လာပြီး အံ့ဩသွားတယ်။

"ပင်စည်"

"ချယ်ရီ...နေကောင်းရဲ့လား"

"ပင်စည် ဘယ်လိုရောက်လာတာလဲဟင်"

"အစ်မကို ဖြစ်ဖြစ်ချင်း ဆေးရုံကို ချီပိုးပို့ပေးခဲ့တာ ဒီအစ်ကိုပေါ့၊ ရှုပ်ယှက်ခတ်နေတုန်း အစ်ကိုက ပျောက်သွားတာ ညီမဖြင့် လိုက်ရှာသေးတယ်"

ချယ်ရီ့ညီမလေးက သွက်သွက်လက်လက်လေး ဝင်ပြောတယ်။

"ချယ်ရီ့ကို ဆေးရုံပို့ပေးခဲ့တာ ပင်စည်ပေါ့"

"ဟုတ်ပါတယ် ချယ်ရီ။ အရမ်းစိတ်ပူသွားတယ်...ချယ်ရီ့ကို စကားတွေ အများကြီးပြောချင်တယ်၊ သိချင်တာတွေလည်းအများကြီးပဲ"

"ချယ်ရီ မန္တလေးရောက်တော့ ပင်စည့်ကို သတိရပါတယ်၊ အဖြစ်အပျက်တွေက မြန်ဆန်လွန်းတော့ အံ့သြမိတယ်"

"ဒီပန်းလေး"

ချယ်ရီ့ဆီ လက်ထဲကိုင်ထားတဲ့ပန်းစည်းလေး ပေးလိုက်တယ်။

"အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်...မွေးလိုက်တာ၊ သဲရေ ဒီပန်းလေးကို ဟိုဖန်ခွက်လေးထဲထိုးပေး...အိမ်ပြန်ပြီး ရေမိုးချိုး နားလိုက်ပါ...သဲလည်း ညက အိပ်ရေးပျက်တယ်၊ ညနေ ဘာမှအများကြီးလုပ်မလာနဲ့ ပင်ပန်းတယ်"

သဲက ဖန်ခွက်လေးထဲ နှင်းဆီပန်းလေးတွေကို ထိုးပေးရင်း

"ဟုတ်။ ဒါဆို ပြန်လိုက်မယ်နော်၊ အစ်ကို ပြန်ပါဦးမယ်"

"ကောင်းပြီ ညီမ"

"ဆိုင်ကယ်ဖြည်းဖြည်းစီးနော်"

"ဟုတ်"

ကောင်မလေးက အထုပ်တစ်ထုပ်နဲ့ ခြင်းတောင်းတစ်တောင်းယူပြီး ထွက်သွားတယ်။

"ပင်စည့်ကိုတွေ့တော့ အရမ်းအံ့သြသွားတယ်၊ သဲရှိနေရင် စကားပြောရတာ အဆင်မပြေမှာစိုးလို့"

"နေပါဦး ချယ်ရီ...ဘာစားပြီးပြီလဲ"

"မနက်စာ ခေါက်ဆွဲစားပြီးပြီ...ပင်စည်ရော"

"ကိုယ်လည်း စားပြီးပြီ"

တကယ်တော့ မနက်စာစားဖို့တောင် မေ့နေခဲ့တာပါ။

"သိချင်တာက ချယ်ရီ သတိမေ့သွားတဲ့နားကို ပင်စည် ဘယ်လို ရောက်လာတာလဲ"

"ကိုယ် အစအဆုံးရှင်းပြပါ့မယ်...ချယ်ရီ့အမှုကို လိုက်ပေးတဲ့ ဦးပြည့်စုံဆိုတာ ကိုယ့်ဦးလေးအရင်းပါ၊ ကိုယ်တို့နှစ်ယောက်က သားအဖလိုပဲ...ကိုယ်က ဦးပြည့်ကို အမြဲအားကျကြိုးစားနေသူပါ၊ ကိုယ်စိတ်ဓာတ်ကျနေချိန်တွေမှာ အမြဲအားပေးခဲ့တယ်၊ အရင်ကဆို ဦးပြည့် အမှုစစ်တာတို့၊ လျှောက်လဲချက်ပေးတာတို့ကို အမြဲ လိုက်နားထောင်နေကျ...ဦးပြည့်နဲ့မလိုက်ဖြစ်တာ ကြာပါပြီ။ အခု က စိတ်ပြေလက်ပျောက်လိုက်လာရင်း ချယ်ရီ့ကို လက်ထိပ်နဲ့ တရားခွင်မှာ တွေ့လိုက်ရတာပဲ...ကိုယ်အရမ်း ခံစားလိုက်ရတယ်၊ ဦးပြည့်ကို ဖြစ်ကြောင်းကုန်စင်ပြောပြပြီး ချယ်ရီလွတ်ဖို့ အတတ် နိုင်ဆုံး အကူအညီတောင်းရတယ်၊ အိပ်လည်းမပျော်ဘူး၊ ကိုယ် အဲဒီတရားခွင်မှာ အမြဲရှိတယ်၊ ချယ်ရီ့ကို နောက်ကနေ အမြဲ အားပေးနေခဲ့တယ်၊ ဘဝမှာ ဒီလိုပုံစံကြီး လာတွေ့ရလိမ့်မယ်လို့ မထင်မှတ်ထားဘူး"

"... ... ..."

"အမိန့်ချတဲ့နေ့က ရင်ထဲမှာ မီးလိုပူလောင်နေတယ်၊ ဦးပြည့်ရဲ့ တင်ပြမှုအားလုံးကို ဒေါ်မာမာမင်းက တစ်ခုမှ မငြင်းဆိုဘဲ ပုဒ်မ ၂၀၂ ထိမ်ချန်မှုပုဒ်မဖြစ်သွားတဲ့အတွက် အရမ်းဝမ်းသာခဲ့ရတယ်၊ တကယ်တမ်းလည်း လူသတ်မှုမှာ ချယ်ရီမှမပါခဲ့ဘဲ၊ စိတ်လှုပ်ရှား မှုတွေများနေတဲ့ချယ်ရီ မခံနိုင်တော့ဘဲ စိတ်လျှော့လိုက်တော့ ဗုန်းဗုန်းလဲပြီး သတိပါလစ်သွားခဲ့တယ်...လူတွေကြားထဲကနေ ပွေ့ချီလာခဲ့ရတယ်၊ နန်းတော်ဆေးရုံမှာ ချယ်ရီ့ကို ကုပေးနေတဲ့ ဒေါက်တာရဲနောင်က ကိုယ့်သူငယ်ချင်းပါ...ချယ်ရီ စိတ်မဆိုးနဲ့

နော်…ကိုယ်သိချင်တာက ဒီနယ်ပယ်ထဲ ဘယ်လိုရောက်ခဲ့တာလဲ၊ ခုတရားခံထဲမှာ မန္တလေးက ခပ်ဆိုးဆိုးတွေလည်းပါတယ်လေ၊ ချယ်ရီနဲ့ အဆက်အစပ်မရှိဘူးလို့ မြင်လို့ပါ၊ နောက်ပြီး ချယ်ရီက သူငယ်ချင်းဝေယံဆီ ပစ္စည်းတစ်ခု လာယူတယ်လို့ သိထားတယ်၊ ချယ်ရီများ ကိုယ်တိုင်သုံးစွဲနေပြီလားဟင်”

“ချယ်ရီ့ကံကြမ္မာကိုက ဒီလိုဖြစ်သွားစေတာကို ကိုယ်တိုင်အံ့ဩနေတာ ပင်စည်…၊ ချယ်ရီလေ ဦးကိုတောင် အမှန်အတိုင်း ဖွင့်မပြောခဲ့ဘူး၊ ဒီအတွက် ခွင့်လွှတ်ပါ၊ အချုပ်ထဲမှာ ဦးနဲ့ နှစ်ခေါက်လောက်တွေ့တယ်၊ ဦးကပြောတယ်…သမီး အမှန်အတိုင်း ဖွင့်ပြောပါ၊ ဒါမှ သမီးကို ကယ်နိုင်မယ်တဲ့…ဒါပေမဲ့ အမှန်အတိုင်းမပြောခဲ့ဘူး၊ ခုတော့ ပင်စည်ရော ဦးရော ချယ်ရီ့ ကျေးဇူးရှင်တွေဖြစ်သွားပြီ၊ အမှန်အတိုင်း ပြောပြချင်တယ်… အဲဒီနေ့က မန္တလေးက ဝေယံဆိုတာ ချယ်ရီနဲ့ခင်သလို ခုနက သဲသဲရဲ့သူငယ်ချင်း၊ သူ့ဆီကို ည ရှစ်နာရီခွဲကျော်လောက်မှာ ပစ္စည်းတစ်ခုယူဖို့ လာခဲ့တယ်၊ မူးယစ်ဆေးပြားပေါ့၊ အဲဒီဆေးက ချယ်ရီ့အတွက်မဟုတ်ဘူး၊ တစ်ခါမှလည်း မမြင်ဖူးဘူး၊ အဲဒီဆေး တွေကို သဲသဲအတွက် အရဲစွန့်ပြီး လာယူပေးတာ”

“ဟင် ခုနက ချာတိတ်မလေးအတွက် ဟုတ်လား”

“ဟုတ်တယ် ပင်စည်၊ အဲဒီညက သူ ဆေးကို အရမ်းလိုလားနေတယ်၊ အခန်းထဲမှာ တစ်ကိုယ်လုံး ကုတ်ခြစ်ထားတာ ရစရာမရှိတော့ဘူး၊ သွေးအလိမ်းလိမ်းနဲ့ သူ့အမေရှိနေတော့ အပြင်လည်း မထွက်ရဲ၊ သူ သေမတတ်ဖြစ်နေတယ်၊ ခြေနဲ့ လက်ကိုလည်း အကြိမ်ကြိမ်မွှန်းလို့ တားနေရတယ်၊ ငိုကလည်းငို၊ မကြည့်ရက်တော့ဘူး၊ သူ့သူငယ်ချင်းဝေယံဆီ ဖုန်းဆက်ပြီး တိတ်တိတ်လေး

လာပေးခိုင်းတယ်၊ ဟိုကလည်း တစ်နေရာမှာ ပွဲကောင်းနေလို့ လာမပေးနိုင်တော့ဘူး၊ ပါတော့ပါလာတယ်၊ ဒါနဲ့ သူထွက်လို့မရတဲ့အဆုံး ချယ်ရီ့ကိုသွားယူခိုင်းတယ်၊ ချယ်ရီကိုယ်တိုင်ကလည်း ယူပေးဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒါပေမဲ့ နောက်နေ့ကစပြီး ဆေးရုံမှာ တက်ဖြတ်ဖို့ ကတိတောင်းခဲ့တယ်၊ အခုချိန်မှာ သူလိုတာရရင် ပြီးရော သူလည်းကတိပေးခဲ့တယ်၊ ချယ်ရီရောက်တော့ နောက်ကျနေပြီ၊ လမ်းမှားလို့ ရှာရသေးတယ် အကြာကြီးပဲ၊ ချယ်ရီက ဆိုင်ကယ် Taxi နဲ့သွားတာဆိုတော့ သူတို့လည်းပြန်မှာ လိုက်ပို့ပေးမယ်ပြောတယ်၊ မြန်မြန်အိမ်ရောက်ချင်တာနဲ့ လက်ခံလိုက်မိတာ အမှားပဲ၊ တကယ်တမ်းတော့ အဲဒီအခန်းထဲကနေ မြန်မြန်ပြေးထွက်ချင်မိတယ်၊ မန္တလေးကိုလည်း မကျွမ်းတော့ ဝေယံကားနဲ့ လိုက်လာမိတယ်၊ မထင်မှတ်ဘဲ ပြဿနာတွေ ဆက်တိုက်ဖြစ်တော့တာပဲ ပင်စည်ရယ်"

"ဖြစ်ရလေ ချယ်ရီရယ်၊ ချယ်ရီကသာ ဦးပြည့်ကို ညာပြောခဲ့တာ... ချယ်ရီ့ကို စေားသုံးခွဲနေတယ်လို့ ဦးပြည့်က ယုံမိမယ်ဘူး"

"ဦးကို တောင်းပန်ပါတယ်၊ သဲသဲက ကျောင်းသူ၊ ဘိန်းစွဲနေတဲ့ ကောင်မလေးအဖြစ် အပြင်မှာ မမြင်စေချင်လို့ပါ၊ နောက်ပြီး ချယ်ရီ့မှာ တာဝန်ရှိနေတယ်လို့ ယူဆလို့ပါ"

"ဘယ်လို...၊ ကိုယ်နားမလည်ဘူး ဘယ်လိုတာဝန်လဲ"

"သူ့နာမည်က သဲဆုကြွေတဲ့၊ သူ့အမေနာမည်က ဒေါ်ထားထားကြွေတဲ့၊ ဒေါ်ထားထားကြွေက ဖေဖေရဲ့နောက်မိန်းမ သဲဆုကြွေက ဖေဖေရဲ့သမီးပါ"

"ဩော်...ဟုတ်လား၊ ဒါပေမဲ့ ချယ်ရီတို့ အရမ်း close ဖြစ်တယ်နော်"

"ဒီဇာတ်လမ်းကြီးရှိနေတာကို ရိုးသားစွာနေထိုင်ခဲ့တဲ့ ချယ်ရီ့အမေက ခုချိန်ထိ မသိရှာပါဘူး၊ ချယ်ရီလည်း ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်ဘူး"

"ဩော် ..."

"အဖေက မန္တလေးမှာ အိမ်ထောင်ကျပြီး သမီးတစ်ယောက် အပျိုကြီးဖားဖားဖြစ်တဲ့အထိ ပိရိသေသပ်ခဲ့တယ်၊ အမေကတော့ အိမ်ထောင်ရှင်မကောင်း ပီသခဲ့တယ်၊ အဖေက အမေ့အပေါ် အမြဲအေးစက်ခဲ့တယ်၊ ချယ်ရီ့အပေါ်လည်း ဒီလိုပါပဲ၊ အဖေ သူ့ပြစ်မှုတွေနဲ့ ထောင်ကျသွားတော့ အမေ အလူးအလဲ ခံစားခဲ့ရတယ်၊ ပင်ပန်းခဲ့ရတယ်၊ ချယ်ရီ့ဘဝမှာ ဖခင်ပျောက်ဆုံးခဲ့ရတယ်၊ ထောင်ထဲမှာ အဖေ ကျန်းမာရေးချူချာတယ် ... နောက်ဆုံး အဖေ့မှာ အေအိုင်ဒီအက်စ်ရောဂါရှိနေပြီဆိုတာ သိရတယ်၊ အဖေက ရောဂါ ခံစားလာရချိန်မှာ သူတွေးမိ တယ်ထင်ပါတယ်၊ မန္တလေးက သူ့သမီး သဲဆုကြွေဆီ ရအောင်ဆက်သွယ်ပြီး တောင်ကြီးမှာရှိတဲ့ အစ်မချယ်ရီဖူးငယ်ဆီရောက်အောင် ဆက်သွယ်ပေးဖို့ ပြောခဲ့တယ်၊ ကမ္ဘာမှာ သွေးတော်တာဆိုလို့ သမီးမှာ အဖေတူအမေကွဲ ဒီအစ်မ တစ်ယောက်ရှိတယ်လို့ အဖေကပြောခဲ့တယ်တဲ့၊ ဖုန်းနံပါတ်လည်း ပေးခဲ့တယ်။ အဖေဆုံးတဲ့အချိန်မှာ သဲဆုကြွေတစ်ယောက်တည်း တောင်ကြီးကို ရောက်အောင်လာပြီး တွေ့တယ်၊ ချယ်ရီ မသိလိုက်ဘူး၊ သဲက တစ်နေ့တော့ ဖုန်းနဲ့ဆက်သွယ်ပြီး အဖေမှာခဲ့တဲ့အတိုင်း ချယ်ရီ့ဆီရောက်အောင် လာတွေ့ခဲ့တယ်။ သူ့ကို မြင်မြင်ချင်း အဖေ့ကို တွေ့လိုက်ရသလိုပဲ၊ ချယ်ရီက အမေနဲ့တူပြီး သူက အဖေနဲ့ ချွတ်စွပ်တူတယ်၊ သူက ချယ်ရီ့ကို တော်တော်ချစ်တယ်၊ သူတို့ဘဝလေးကိုသိရတော့ သနားမိတယ်၊ သူ့သက်တမ်း

တစ်လျှောက် ဦးကျော်ကျော်နိုင်ဆိုတာ အဖေလို့ အသိမခံဝံ့ဘဲ အဖေသေပြီလို့ပဲ ပြောခဲ့ရတယ်၊ အဖေလို့ခေါ်ချင်ပေမယ့် မခေါ်ရဲခဲ့ကြောင်း၊ မန္တလေးကို ခဏတစ်ဖြုတ်သာလာပြီး အလုပ်များတဲ့ အဖေဟာ ပြန်သွားတတ်တယ်...ဇနီးရယ်၊ သမီးရယ်လို့ နွေးထွေးတဲ့မိသားစုဘဝကို ဘယ်တုန်းကမှ မရဖူးခဲ့တဲ့ သဲဆုကြွေက အဖေ့သမီးဖြစ်ရတာ ဂုဏ်ယူဖို့ထက် တိတ်တခိုး စိတ်ဆင်းရဲလာတယ်...ကြာလာလေ အဖေရဲ့တာဝန်မကျေခြင်း၊ ဖခင်မပီသခြင်းတို့နဲ့ နောက် လူသိမခံဝံ့တဲ့ ပုန်းလျှိုးကွယ်လျှိုးဇနီးနဲ့ သမီးတစ်ယောက်ရဲ့ နာကျင်ခံစားချက်ကို ချယ်ရီသိလိုက်ရချိန်မှာ သဲကိုသနားသလို ဒေါ်ထားထားကြွေကိုလည်း စာနာတယ်၊ နောက် ဘာမှမသိရှာတဲ့ ချယ်ရီ့မေမေကိုလည်း သနားမိပြန်တယ်"

"မန္တလေးကို ချယ်ရီက ဘယ်လိုရောက်လာတာလဲ"

"သဲပြန်သွားတော့ အားပေးလိုက်တယ်၊ ဘဝတူတွေပါပဲ၊ မန္တလေးကို ပန်းချီကိစ္စတစ်ခုနဲ့လာရင်း သူတို့အိမ်မှာပဲ တည်းလိုက်တယ်၊ ဒေါ်လေးကြွေက စီးပွားရေးလေးလုပ်တတ်တော့ တော်သေးတယ်၊ စားနိုင်ရုံပါ မပိုဘူးပေါ့၊ သူ့မှာ နောက်ပိုင်းက တကုပ်ကုပ်ရှာရတော့ သဲကိုမကြည့်နိုင်ဘူး၊ သဲက လူငယ်၊ စိတ်ကစား အပေါင်းအသင်းမှားပြီး ဆေးစွဲတော့တာပဲ၊ သူ ဆယ်တန်းပဲရှိသေးတာ။ ခု ဒီကိစ္စကြီး အထိတ်တလန့်ဖြစ်တော့ သူကိုယ်တိုင် ဆေးရုံတက်ဖြတ်ခဲ့တယ်၊ ချယ်ရီ့အပေါ် သူနောင်တရတယ်လေ...သူဆေးစွဲနေတာကို သူ့အမေကို ဖွင့်ပြောပြီးဖြတ်ခဲ့တယ်၊ ခုတော့ သူတို့သားအမိနှစ်ယောက်နဲ့ ချယ်ရီက တကယ့်သားအမိ၊ ညီအစ်မတွေလို ဆက်ဆံရေးဖြစ်သွားတယ်၊ ပတ်ဝန်းကျင်ကောင်း လိုအပ်နေတဲ့ သဲကို နားလည်အောင် ပြောပြထားတယ်၊ အဖေရဲ့တာဝန်

တွေ မကျေခဲ့တာကို ချယ်ရီပေးဆပ်ချင်ခဲ့တယ်၊ အဲဒီစိတ်နဲ့ ကျောင်းသူအရွယ်ပဲရှိသေးတဲ့ သဲအပေါ် အထင်မသေးစေချင်ဘူး၊ ဒီမှာက သူ့အပေါင်းအသင်းလည်း ရှိဦးမှာပဲလေ၊ ဒါကြောင့်ပါ"

"ချယ်ရီရဲ့ မင်းစိတ်လေးက ထူးခြားပြီး လေးစားစရာကောင်းလိုက်တာ၊ ကိုယ် အရမ်းချီးကျူးပါတယ်"

ချယ်ရီ့လက်လေးကို အမှတ်တမဲ့အုပ်မိုးကိုင်လိုက်မိတယ်။ အရင်တုန်းက နွေးထွေးမှုလေး ပြန်ရသွားသလိုပဲ။

ချယ်ရီ ဒီတစ်ခါ စကားပြောတာ ပိုရင်းနှီးလာသလိုပဲ။ သူ့ကိုယ်သူ ချယ်ရီဆိုပြီး ပြောတတ်လာတယ်။

"ပင်စည် ချယ်ရီ့ကို စိတ်ဆိုးနေမှာပေါ့"

"စိတ်မဆိုးပါဘူး၊ စိတ်မကောင်းဖြစ်လွန်းတာပါ၊ စိတ်ဓာတ်လည်း ကျတယ်၊ ချယ်ရီက ကိုယ့်အပေါ် ပြတ်သားနိုင်တယ်၊ စိမ်းနိုင်တယ်၊ အစိမ်းပြတ် ဘာမှအဆက်အသွယ်မရတော့ဘဲ ဖြတ်ခံလိုက်ရတာ၊ ချယ်ရီစဉ်းစားကြည့်ပါ ကိုယ်ဘယ်လိုနေခဲ့ရလဲ၊ ခံစားခဲ့ရလဲဆိုတာ ဦးပြည့်အသိဆုံး၊ မင်းကို ချစ်မြတ်နိုးလွန်းတဲ့ ပင်စည်ဆိုတဲ့လူတစ်ယောက် ဘာတွေဖြစ်နေပြီလဲလို့ ...တစ်စက်မှ စိတ်မပူခဲ့ဘူးလား ချယ်ရီ"

"ချယ်ရီရဲ့ မယုံကြည်ခြင်းသံသယတွေက ပင်စည့်အနားမှာ မရှိလေ ပိုဖြစ်လာလေပဲ၊ ချယ်ရီဟာ အဖက်ဖက်က အားနည်းချက်ရှိသူမို့ ကိုယ့်ကိုကိုယ် ဖြည့်တွေးခြင်းထက် အမြဲတမ်း လိုအပ်ချက်တွေရှိနေသူပဲလို့ တွေးခဲ့တယ်၊ လူတစ်ယောက်ကို ချစ်တဲ့စိတ်နဲ့ အကောင်းတွေပဲ ပေးဆပ်ချင်တယ်၊ မကောင်းသောအရာတွေ မပေးချင်ဘူး၊ မကောင်းတဲ့ မလိုက်ဖက်တဲ့အရာနဲ့ မဖြည့်ဆည်းပေးချင်ဘူး၊ ပြည့်မှာလည်း မဟုတ်ဘူး၊ အံ့ဝင်ခွင်ကျ ရှိမနေတဲ့

အရာနှစ်ခုကို ပေါင်းစပ်ဖို့ အားတွေကုန်မယ်၊ စိတ်တွေပင်ပန်းမယ်၊ ခုတောင် ပင်စည်တော်တော်ပင်ပန်းခဲ့ပြီမဟုတ်လား၊ ပင်စည့်ဘဝလေးအတိုင်းဆို ဘာမှ ခုလိုဖြစ်စရာ ပင်ပန်းစရာမရှိဘဲ သက်သောင့်သက်သာ ဖြတ်သန်းနိုင်မယ်၊ ချယ်ရီနဲ့ စတွေ့ချိန်ကစပြီး ပင်စည် ပူလောင်ရတယ်၊ ထပ်ပြီးလည်း ပူလောင်မှုတွေ မပေးချင်ခဲ့ဘူး၊ ချယ်ရီ့ဘက်မှာလည်း ပင်စည့်လို လူကောင်းတစ်ယောက်ကို စွန့်လွှတ်ဖို့ အင်အားကြီးစွာ အားစိုက်ထုတ်ခဲ့ရပါတယ်၊ နာကျင်ခဲ့ရပါတယ်၊ အချိန်နဲ့အမျှပါပဲ"

"ကဲ ချယ်ရီ၊ အဲဒါတွေဟာ ဘာကြောင့်မို့ ဒီလိုခံစားရတာလို့ထင်လဲ၊ ကိုယ်တို့နှစ်ယောက် ဝေးကွာသွားတော့ရော ပူလောင်ခြင်းတွေ ကင်းဝေးခဲ့လား၊ လူဖြစ်လာမှတော့ လူ့သဘာဝကို ခံစားကြရမှာပဲ၊ ချယ်ရီကိုယ့်ကို ရှောင်ပေမယ့် ခုတိုက်တိုက်ဆိုင်ဆိုင် လာဆုံစည်းတာကြတော့ရော ကိုယ်ကတော့ ချယ်ရီကို အရမ်းချစ်ခဲ့သူမို့ ရေစက်မကုန်ချင်ဘူး၊ ချယ်ရီကိုယ်တိုင် ကုန်ချင်ရင်တော့ မသိဘူး"

"ပင်စည် အသွားအပြန်မေတ္တာစာရေးတွေကို သဘောပေါက်နားလည်ပြီးသားပါ၊ ပင်စည့်ဘက်က ဒီလောက်မေတ္တာတွေ ပေးထားတာ ချယ်ရီ့ဘက်က မရှိဘဲနေပါ့မလား၊ ကိုယ်တိုင် ထိန်းချုပ်ပေါက်ကွဲစရာမရှိတဲ့နယ်မြေမှာ ချယ်ရီဘာလုပ်နေခဲ့လဲ သိလား"

"ဘယ်သိမှာလဲ၊ ဘယ်သူက ပြောလို့လဲ"

"ချယ်ရီဝါသနာပါတဲ့ ပန်းချီဆွဲခြင်းထဲမှာ နစ်မြုပ်ထားတယ်၊ တစ်ခါတလေတော့ စာ၊ ကဗျာတွေ ချရေးမိပါတယ်၊ အဲဒီအချိန်လေးတစ်ခုပဲ အလွမ်းတွေဖျော်ချလိုက်သလို နေသာထိုင်သာ နည်းနည်းရှိခဲ့တယ်၊ ကျန်အချိန်တွေကတော့ အဆင်ပြေလှတယ်

မဟုတ်ပါဘူး၊ ပင်စည့်သူငယ်ချင်း အလုပ်ထဲလိုက်လာတော့ ညာခိုင်းလိုက်တယ်၊ ပင်စည့်အကြောင်း သူ့ဆီကနေ အရမ်းသိချင်ပါတယ်၊ ဒါပေမဲ့ စိတ်တွေ ယောက်ယက်မခတ်ချင်ဘူး။ နောက်ပြီး မြို့သေးသေးမှာ အဖေ့ရဲ့ မလှပတဲ့နောက်ဆုံးသတင်းက ပျံ့နှံ့ခဲ့တယ်၊ ထောင်ထဲမှာ အိပ်စ်နဲ့ ဆုံးသွားသူရဲ့ သမီးတစ်ယောက် အပေါ် သံသယအကြည့်၊ အထင်သေးအကြည့်တွေ ခံရတယ်၊ ကိုယ်တိုင်လည်း ဒီရောဂါ ငါ့ဆီမှာများ ရှိနေမလားဆိုတဲ့စိတ်တွေလည်း ဝင်လာတယ်၊ ဘယ်နေရာကပဲကြည့်ကြည့်၊ အားနည်းချက်များစွာရှိတဲ့ ချယ်ရီ့လိုမိန်းမသားတစ်ယောက် ပင်စည့်ကို စွန့်ခွာလိုက်တာဟာ မမှားဘူးထင်ပါတယ်၊ ဒါကလည်း ချယ်ရီ ပင်စည့်ဘဝကို တန်ဖိုးထားလို့ပါ”

“နားလည်ပါတယ် ချယ်ရီ၊ ဒါပေမဲ့ ကိုယ်ဟာ ခံစားချက်ရှိနေတဲ့ သက်ရှိလူတစ်ယောက်လေ၊ ခံစားချက်မဲ့နေရင်တော့ ဒီအနားထား ထား၊ မှိုနားထားထား အရေးမကြီးပါဘူး၊ ကိုယ်မျှော်လင့်တာက ချယ်ရီ့ဘဝအားလုံး ကိုယ်သိပြီ ခုဆိုပိုသိရတယ်၊ မနောမှာ မနှစ်မြို့စရာ ဘာတစ်ခုမှမရှိဘူး၊ ကိုယ့်ကို အားနာလို့စွန့်လွှတ်လည်း ကျေးဇူးတင်မှာမဟုတ်ဘူး၊ ဘယ်မိန်းကလေးတစ်ယောက်ကိုမှလည်း ပြောင်းချစ်လို့ရမှာမဟုတ်ဘူး၊ အရာရာကို ချယ်ရီနဲ့အတူ သိရ မြင်ရ ရင်ဆိုင်ဖြေရှင်း မျှဝေချင်တာ ဒါပါပဲချယ်ရီ။ ချယ်ရီ့ဘဝ အားငယ်စိတ်တွေကို ဘေးက အားပေးကူညီ လက်တွဲချင်တယ်၊ ဘယ်တော့မှ မေ့ပျောက်သွားမှာမဟုတ်တဲ့ချစ်သူ သိပြီလား”

“... ... ...”

အသံတွေ တိတ်ဆိတ်သွားသလိုပဲ။

"နားလည်လား ချယ်ရီ"

"ဟုတ် နားလည်ပါပြီ"

"နားလည်ရင် ပြော"

"ဘာကို ပြောရမှာလဲ"

"ချစ်သေးရဲ့လား"

"......အင်း"

"မရဘူး သေချာပြော"

"ချစ်တာပေါ့ ပင်စည်ရယ်"

"ကျေးဇူးပါ။ ချယ်ရီ့ကို ပိုတိုးလို့ချစ်မိတယ်။ဒါနဲ့ အမေ့ကို ဘယ်လိုပြောထားလဲ အကြာကြီးပဲ"

"လာကတည်းက ပန်းချီသင်တန်းတက်မယ်လို့... ကြားထဲမှာ ဖုန်းခဏခဏဆက်ဖြစ်တယ်"

"အလုပ်ကနေရော"

"ဦးလေးကတော့ သိတာပေါ့၊ သေချာရှင်းပြထားတယ်၊ နားလည် ပါတယ်၊ ဦးလေးကလည်း ချယ်ရီ့ကို ချစ်တယ်၊ ပန်းချီကျောင်းက သူငယ်ချင်းတစ်ယောက်ပဲ သိတယ်၊ အမေသိရင် အရမ်းစိတ်ပူမှာ၊ ကျန်းမာရေးကောင်းနေလို့ တော်သေးတယ်၊ ဦးသမီးတွေရှိတယ်၊ ဘေးအိမ်တွေကလည်း စောင့်ရှောက်တယ်၊ အိမ်ပြောင်းလိုက်တယ်၊ အရင်အိမ် မဟုတ်တော့ဘူး"

"ထင်ပါတယ်၊ မနက်ဖြန်ဆေးရုံကဆင်းရင် လာကြိုမယ်၊ ဘယ် နေ့ပြန်မှာလဲ၊ ကိုယ်လိုက်ပို့မှာ"

"အိုး...မလုပ်ပါနဲ့"

"ငြင်းခွင့်မရှိ။ ချယ်ရီပြန်မယ့်ရက်သာပြော၊ ချယ်ရီမပြန်ခင် တစ်နေရာကို လိုက်ပို့စရာရှိတယ်"

"ပြောမယ်လေ၊ ဦးကိုလည်း နှုတ်ဆက်ရဦးမယ်၊ ဘယ်ကိုပို့မှာလဲ"

"နောက်တော့ သိရမှာပေါ့"

"ဟုတ်"

"ဒီလိုလုပ် ဆေးရုံဆင်းတဲ့နေ့ ဦးပြည့်အိမ်မှာ စားကြရင်း တွေ့ကြတာပေါ့"

"အားနာစရာကြီး"

"အားမနာရပါဘူး၊ ကိုယ့်အိမ်ထက် ဦးပြည့်အိမ်က ပိုလွတ်လပ်တယ်၊ ဒေါ်လေးနွဲ့ကို ဟင်းချက်ခိုင်းထားလိုက်မယ်၊ အဲဒါ အကောင်းဆုံးပဲ"

"ဟုတ်ပါပြီ"

"ဝိ...ဝိ"

"အဲ...ပင်စည် ဗိုက်ဆာနေပြီ၊ အော်နေပြီ၊ ကြာပြီပဲ"

"အဟဲ...အမှန်တော့ မနက်ကတည်းက ဘာမှမစားရသေးတာ"

"အဲ တကယ်လား၊ နေ့လယ်စားချိန်တောင်ရောက်ပြီ"

"အင်း...ချယ်ရီ့ဆီလာချင်တာ စိတ်စောနေလို့"

"ဒေါက်...ဒေါက်"

ပင်စည်က တံခါးဖွင့်ဝင်လာတယ်။

"အဲ အစ်ကိုမပြန်ရသေးဘူး၊ အားနာလိုက်တာ"

"ရတယ် ညီမ"

"အစ်မအတွက် ထမင်းယူခဲ့တယ်၊ နည်းနည်းအိပ်ပျော်သွားလို့ ဆယ့်နှစ်ထိုးသွားပြီ၊ ဆောရီး။ ငါ့အစ်မ ဗိုက်ဆာနေပြီလား"

"မဆာပါဘူး၊ ပင်စည် စားသွားလေ"

"အစ်ကို စားသွားပါ"

"မစားတော့ဘူး ချယ်ရီ၊ ကိုယ်ပြန်လိုက်တော့မယ်၊ ဖုန်းဆက်မယ်နော်၊ ထမင်းဝအောင်စား၊ ကိုယ်စားရင် မကျန်ဘဲနေမယ်။ လိုအပ်တာရှိရင် ဖုန်းဆက်၊ အရင်ဖုန်းနံပါတ်နဲ့ဖုန်းကို ပြန်ကိုင်ပါ ချယ်ရီ"

"သွားပြီနော် ချယ်ရီ၊ သဲ"

"ဟုတ် အစ်ကို"

"အစ်ကိုက ချစ်ဖို့ကောင်းလိုက်တာ၊ ကြည်လင်ပြီး ပြုံးနေတာပဲ"

တံခါးမပိတ်ခင် ကြားလိုက်ရတဲ့ သဲအသံ။ ချယ်ရီ့အတွက် အနီးကပ်ပြုစုဖော် ညီမလေးတစ်ယောက်ရှိတာ ဝမ်းသာမိတယ်။ ဒီနေ့တော့ အိမ်ကို ကားဘယ်လိုမောင်းလာမှန်းမသိ။ လမ်းဘယ်လိုလျှောက်မှန်းမသိ။ လူက လေထဲမှာမြောက်နေသလိုပဲ။ ကိုယ့်မျက်နှာကို အိမ်ရောက်ရင် မမြင်အောင်ထားမှ။ အလကားနေရင်း ပြုံးချင်နေတဲ့ နှုတ်ခမ်းတွေကို အတင်းဆွဲစိနေရတယ်။

အချစ်ဟာ လူကို အရူးဖြစ်လောက်အောင် ဆန်းကြယ်စေတယ်။ ထက်အောင်ရေ မင်းခရီးသွားနေလို့ မဟုတ်ရင် မင်းပါ ဝင်ပါရဦးမယ်။ ခုတော့ ငါ့ပြောသမျှ ပါးစပ်အဟောင်းသားဖြစ်ပြီး အံ့ဩမှာ မြင်ယောင်မိသေးတယ်။

ချယ်ရီ မင်းကို သိပ်ချစ်တယ်။

ဆိုင်ဆိုင် မဆိုင်ဆိုင် စိတ်ထဲမှာ အားရပါးရ ပြောချပစ်လိုက်တယ်။

●

## အခန်း(၁၈)

'မျှော်ငနေပြီ × × သူလာမယ်နေ့ × × အိမ်ပြန်လမ်းမှာ ကြိုနေမယ့် သူ × × ချယ်ရီပန်းတွေ × × ရင်ခုန်တဲ့ အကြင်နာအနမ်းတွေ × × ဖြေနိုင်ဖို့အတွက် ပြင်ဆင်ထားပြီ × ×'

ကားထဲမှာ သီချင်းသံလေး ပျံ့လွင့်နေတယ်။ ခုတော့လည်း ဘေး မှာ ချစ်သူပါနေတာမို့ ရင်ထဲ ဘယ်လိုမှမခံစားရတော့။ အရာရာ မြင်သမျှ ကြားသမျှ လှပနေတာချည်းပဲ။ ချယ်ရီလည်း လိုက်နားထောင်နေတယ်။

"ဒီလမ်းက ဘာလမ်းလဲဟင်၊ ကျယ်လည်းကျယ်တယ်၊ ကောင်း လည်းကောင်းတယ်"

"၆၂ လမ်း။ ဒီဘက်က ကလေးတွေကစားတဲ့ မနော်ရမ္မဥယျာဉ်၊ ဟိုရှေ့က ဟစ်တိုင်ကွင်းလို့ခေါ်တယ်။ အရင်တုန်းကတော့

ဒီဘက်တွေက မြို့ရဲ့အစွန်အဖျားကျပြီး လူသွားလူလာနည်းတယ်…အခုမှ စည်ကားနေတာ။ ဒီသိပ္ပံအဝိုင်းထောင့်ကတော့ ချယ်ရီတို့အမှုဖြစ်တဲ့နေရာ……၊ သြော်…ဆောရီး”

“ရပါတယ် ပင်စည်”

“ဒီလိုပါပဲ ချယ်ရီ၊ စားဝတ်နေရေး အဆင်ပြေတဲ့လူကလည်း ပျက်စီးသလို မပြေလည်တဲ့သူတွေကလည်း ပျက်စီးကြတယ်၊ မှုတရင် ကောင်းတယ်၊ မြန်မာနိုင်ငံက လူချမ်းသာနဲ့လူဆင်းရဲ နှစ်မျိုးပဲရှိသလိုပဲ၊ လူလတ်တန်းစား ပျောက်နေတယ်။ ဒီလမ်းတွေက ချဲ့လိုက်တော့ ကောင်းသွားတယ်…ဟိုဘက်ပိုင်းတွေက မန္တလေးရဲ့မြို့သစ်ဖြစ်သွားတယ်၊ မြို့တစ်မြို့လိုတောင် ဖြစ်သွားတယ်”

“ဟုတ်တယ်နော်…မန္တလေးဟာ အရင်နဲ့မတူတော့ဘူး၊ သိပ်ကိုပြောင်းလဲသွားပြီ၊ ခေတ်လည်းမီလာတယ်”

“လူတွေ မြို့ပြတွေ ခေတ်မီတာထက် စိတ်ဓာတ်၊ ယဉ်ကျေးမှု အသိပညာတွေကို ပိုခေတ်မီစေချင်တယ်၊ နောက်ပိုင်း မျိုးဆက်ရောက်လေ တန်ဖိုးထားမှုနဲ့ ကိုယ့်ယဉ်ကျေးမှုပျောက်ဆုံးမှာတောင် စိုးရိမ်ရတယ်၊ ပညာတတ်လို့ အော်နေရုံနဲ့ မရဘူး၊ အသိပညာ မခေါင်းပါးမှသာ ကိုယ်တို့နိုင်ငံ တိုးတက်မှာ ချယ်ရီ၊ အဲဒီပညာတွေ အခဲလိုက်အတုံးလိုက်ရဖို့အတွက် ပိုက်ဆံတွေလည်း အတုံးလိုက် အခဲလိုက် ရွှေ့လျားနေကြတယ်၊ ချယ်ရီတို့ နယ်မြို့လေးတွေမှာ မသိသာပေမယ့် ခုလိုမြို့ပြကျ အရမ်းခြားနားတာကို မြင်ရတယ်၊ ပိုက်ဆံရှိရင် လိုချင်တဲ့ပညာရမယ် ဒါပဲ၊ မရွေ့လျားတဲ့ ပြင်ပမှာ အသုံးမဝင်တဲ့ ပညာရေး၊ သင်ရိုးညွှန်းတန်းတွေ

အမှားတွေကို ပြောင်းချင်တယ်ဆိုတာ လူငယ်တွေ မမှားဘူး၊ ပြင်ပနဲ့ အံ့ဝင်ခွင်ကျရှိတဲ့ပညာရေးကို မပေးနိုင်ဘူး၊ ပေးနိုင်တဲ့ ကျောင်းတွေကျ ပိုက်ဆံတထောကြီးပေးရရော။ ရှိသူတွေနဲ့ မရှိသူ ကြား ဉာဏ်ဘယ်လောက်ကောင်းကောင်း၊ ဘယ်လိုပဲတော်နေနေ သိပ်ကိုကွဲပြားလာတယ်၊ တစ်ဖက်က ကိုယ့်ကိုကိုယ် ယုံကြည်မှု လွန်ကဲလာသလောက် တစ်ဖက်ကကျ အချင်းချင်းမတွေ့ရဲလောက် အောင် သိမ်ငယ်စိတ်တွေ ဝင်လာပြန်တယ်...အခြေခံကစ ကလေး တွေအချင်းချင်း ခြားနားမှုတွေ ဖြစ်လာတယ်...အင်္ဂလိပ်စာကောင်း တဲ့ကလေးတွေ တစ်နေ့ နိုင်ငံခြားထွက်မှာပဲ၊ မိဘတွေမှာလည်း အဲဒီရည်ရွယ်ချက်ရှိတယ်"

"ဟုတ်တယ် ပင်စည်ပြောတာကို လက်ခံပါတယ်၊ ရှေ့ကို မြင်နေရ တယ်၊ ရှေ့အနာဂတ်အတွက် ဦးနှောက်ယိုစီးမှုတွေက ဖြစ်နေဦး မှာပဲ၊ မြန်မာပြည်ကိုလွမ်းလို့ ပြန်ချင်ပေမယ့် အစာအိမ်၊ နေရေး ထိုင်ရေးတွေအတွက် ဘဝများစွာ အချိန်တွေပေးဆပ်နေရတယ်"

"ဟုတ်တယ် ချယ်ရီ။ ဒါက ပြည်ကြီးတံခွန်မြို့နယ်လို့ခေါ်တယ်၊ ဘုံပျံတောရ မြဝတီမင်းကြီးကျောင်းတိုက်ဝင်းထဲသွားမှာ"

"ပင်စည်ကတော့လေ လျှို့ဝှက်ချက်တွေ လုပ်နေပြန်ပြီ။ ဘယ်သူ နဲ့တွေ့မယ်မပြောဘဲနဲ့"

"ကိုယ့်ဘော်ဒါတွေ ရှိတယ်၊ ချယ်ရီလည်း တွေ့ရင် ဘော်ဒါဖြစ် သွားမှာပါ"

ကျောင်းတိုက်ရှိရာကို ချိုးကွေ့လိုက်တာနဲ့ သစ်ပင်ရိပ်ကြီးတွေနဲ့မို့ အေးမြမှုကို ခံစားရစေတယ်။ ဟွန်းတီးလိုက်တာနဲ့ သံတံခါးကို ကောင်မလေး

တစ်ယောက် လာဖွင့်ပေးပြီး ကျယ်ဝန်းတဲ့ကျောင်းဝင်းထဲ ရောက်ခဲ့တယ်။ သစ်ပင်တွေနဲ့ နှစ်ထပ်အဆောက်အဦတစ်ခု။

'သုခရိပ်မြုံ၊ မန္တလေး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ'

ချယ်ရီက ရေရွတ်ရင်း

"ပင်စည် ချယ်ရီ သိပြီ၊ ဒီက ကလေးတွေအကြောင်း ဆောင်းပါး ဖတ်ဖူးတယ်"

"ဟုတ်တယ် ကိုယ် မကြာခဏရောက်တယ်၊ လာလှူတယ်၊ ခု ချယ်ရီလည်းရှိတုန်း သူတို့အတွက် တစ်နေ့စာလာလှူတာ၊ ပြီးတော့ ချယ်ရီ့ကို ပြောပြစရာရှိတယ်"

"ဟော...အစ်ကိုတောင် ပျောက်နေတာကြာပြီ"

ပန်းရောင်ယူနီဖောင်းဝတ်နဲ့ မိန်းကလေးနှစ်ယောက် ထွက်လာပြီး ...က်ဆက်တယ်။

"အစ်ကို့ကားနဲ့တူပါတယ်လို့ကြည့်နေတာ၊ ဖိုးတူးတို့တောင် မေးနေသေးတယ်"

"ဟုတ်လား၊ အလုပ်မအားဖြစ်သွားလို့ပါ"

"ဖိုးတူး၊ ပိစိ၊ အေးလဲ့ နင်တို့အစ်ကိုလာတယ်ဟေ့"

ကလေး လေးငါးယောက် ပြေးထွက်လာကြတယ်။ အရွယ် မတိမ်းမယိမ်းလေးတွေ။

"အစ်ကိုမလာတာကြာပြီ၊ လွမ်းနေတာ"

"အစ်ကိုကလည်း မင်းတို့ကို လွမ်းလည်းလွမ်း၊ သတိလည်းရပါ တယ်ကွာ"

"တကယ်လား"

"အမယ် မယုံဘူးလား"

"ဟီး...ဟီး"

သူတို့ထံက ရယ်သံလေးတွေ ကြားလာရတယ်။

"ဆရာမတို့လည်း မိတ်ဆက်ပေးရဦးမယ်၊ သူက တောင်ကြီးက ကျွန်တော့်မိတ်ဆွေ ချယ်ရီဖူးမေတဲ့"

"ဟုတ် တွေ့ရတာ ဝမ်းသာပါတယ်၊ အစ်မက လှလိုက်တာ"

"အစ်မလည်း တွေ့ရတာဝမ်းသာပါတယ်၊ ကြားဖူးနေတာကြာပြီ၊ စာအုပ်တွေမှာလည်း ဖတ်ရတယ်၊ ကလေးတွေ အတော်များသားနော်"

"ငါးဆယ်ကျော်ရှိတယ်အစ်မ၊ ကျောင်းတက်နေတဲ့သူလည်းရှိတယ်"

"ဟုတ်လား"

"ဒီအနီးဝန်းကျင်က ကျောင်းပေါ့"

"သူတို့ကို အတန်းသားအချင်းချင်း ကျောင်းကရော လက်ခံတယ်ပေါ့"

"လက်ခံပါတယ် အစ်မ။ ဘာပြဿနာမှ မရှိဘူး"

"လွန်ခဲ့တဲ့ ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက်ကသာ အေအိုင်ဒီအက်စ်ရောဂါကြီးကို လူသိမခံဝံ့ကြ၊ ကြောက်လန့်ပြီး မပေါင်းအပ်လို့ယူဆကြတာ၊ ခုတော့ ဆေးဝါးတွေလည်း ကောင်းလာပြီ၊ သူ့ထက်အများကြီးဆိုးတဲ့ရောဂါတွေ ရှိလာပြီဆိုတော့ စိတ်မပူ ကြတော့ပါဘူး ချယ်ရီ"

ချယ်ရီ့စိတ်ကို သိနေတာမို့ ဝင်ပြောလိုက်တယ်။

"ဟိုထောင့်က ဆေးဘူးရောင်စုံတွေက သူတို့ဆေးတွေလေ၊ ဆေးတွေ သောက်ရလွန်းအားကြီးတော့ ဆေးပြောင်းရင်တောင် မှတ်မိနေပြီ"

"ဟုတ်လား"

"ဆရာမရေ...ကျွန်တော်နဲ့ချယ်ရီ မနက်ဖြန်နေ့လယ်စာအတွက် တစ်သိန်းလှူမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဖြတ်ပိုင်းစာရွက်လေး ယူလိုက်ဦးမယ်နော်"

"သူတို့ဘာစားချင်လဲမသိဘူး။ ကဲ...ဖိုးထူး၊ ပိစိတို့ ဘာစားချင်လဲ ပြောစမ်းကွာ"

"ကြက်ဆီထမင်း၊ ကြက်ဆီထမင်း"

သံပြိုင်တောင် အော်လိုက်သေးတယ်။

"မနက်ဖြန် ကြက်ဆီထမင်းစားရမယ် အိုကေလား"

"ဟေး ပျော်တယ်"

ကလေးတွေ ခုန်ပေါက်သွားကြတယ်။

"ဘယ်သူလာလာ ကြက်ဆီထမင်းပဲ တောင်းဆိုနေကြတာ"

လို့ ဝန်ထမ်းဆရာမကပြောရင်း ဂုဏ်ပြုမှတ်တမ်းလွှာလေးမှာ လက်မှတ်ထိုး ဘောင်ထဲထည့်ပြီးပေးတယ်။

"အစ်ကိုတို့ အစ်မတို့လည်း ကျန်းမာချမ်းသာ တိုးတက်ကြီးပွားလိုရာဆန္ဒတွေ ပြည့်ပါစေ"

"ကျေးဇူးပါ ဆရာမ"

"ဆရာမကြီးကတော့ ဒီနေ့ သိပ်နေမကောင်းလို့ အနားယူတယ်"

"ဩော်...ဒီကဆရာမတွေက စေတနာဝန်ထမ်းတွေ ချယ်ရီ၊ အချိန်ပိုနေလို့တော့ မဟုတ်ဘူး၊ လုပ်ပေးချင်တဲ့စိတ်နဲ့ လာလုပ်ပေးကြတာ...ကလေးပြုစုရတာ မလွယ်ဘူး၊ နေနိုင်လေးရော"

"ရှိတယ် ရှိတယ်၊ ခုနက အိပ်နေတာ"

"မနိုးနဲ့နော်"

"သူနိုးပြီ"

"နေနိုင်...နေနိုင်လေးရေ...နေနိုင်"

ဆရာမ အော်ခေါ်သံအကြားမှ ကလေးလေးတစ်ယောက် တံခါးကြားလေးထဲကနေ ခြေထောက်ထောက် လက်လေးတစ်ဖက်က လိမ်ဖယ်ဖယ်နဲ့ ထွက်လာတယ်။

"နေနိုင်လေးလား၊ ဘယ်ရောက်နေတာလဲ၊ အစ်ကို့ကိုမှတ်မိလား"

ဆရာမကမေးတော့ ကြည့်ရင်း ခေါင်းညိတ်တယ်။ အင်္ကျီကို ဆွဲကိုက်နေတယ်။

"အင်္ကျီကို မကိုက်ရဘူးလေ၊ မနက်ဖြန် နေနိုင်လေးကြိုက်တဲ့ ကြက်ဆီထမင်း ဒီအစ်ကိုနဲ့အစ်မက ကျွေးမှာ သိလား"

"ဟုတ်"

"နေကောင်းလား နေနိုင်"

"ကောင်းတယ်"

"ကဲ...ကဲ သွားဆော့တော့ ရန်မဖြစ်ရဘူးနော်"

"ဟုတ်"

"သူ့အခြေအနေ တော်တော်ကောင်းနေသလိုပဲနော် ဆရာမ"

"ဟုတ် ကောင်းတယ် အစ်ကို၊ အစားလည်း တအားစားတယ်၊ သူတို့ကို ခဏနေထမင်းကျွေးတော့မယ် လိုက်ကြည့်ပါလား"

"ကြည့်မယ်လေ။ ချယ်ရီ...နေနိုင်က ဒီရောက်တာ သူ့အသက်ရဲ့ နောက်ဆုံးအချိန်မှာရောက်လာတာ...ဆရာမတွေ အလှည့်ကျနဲ့ ပြုစုစောင့်ရှောက်ကောင်းလွန်းလို့ လမ်းတောင်လျှောက်နိုင်လာ

တယ်။ ရောက်ခါစက ပက်လက်လေး…သူ့အမေရော အဖေရော ဒီရောဂါနဲ့သေသွားတာလေ…ဦးလေး အဒေါ်တွေရှိပေမယ့် သေမယ့်ကလေး ဒီရောဂါနဲ့ဆိုတော့ မစောင့်ရှောက်ချင်ကြဘူး၊ သေတော့မယ်ဆိုတာသိလို့ ဒီမှာလာအပ်တာ"

"သနားပါတယ်"

"အရိုးပေါ် အရေတင်လေး အစ်မရယ်၊ ကလေးကို ဘယ်လောက်များ ပစ်ထားကြလည်းမသိဘူး၊ ခု သူ့အဖေက ရာထူးရှိတယ်ဆိုတော့ ပင်စင်ရမှာလေ၊ အဲဒီပင်စင်ကျ လိုချင်ကြတယ်၊ ကလေးကျ မကြည့်ပေးချင်ကြဘူး၊ အစပိုင်းက လာပေမယ့် နောက်ပိုင်း ကလေးကို လာတောင်မကြည့်ကြတော့ဘူး"

"ရောဂါအခြေအနေကရော"

"ဒီမှာတော့ ဆေးသောက်မှန် အစားမှန်ဆိုတော့ မဆိုးဘူးပေါ့၊ သူ့အသည်းအသန်ဖြစ်တဲ့ညတွေဆို အိပ်မပြန်နိုင်ဘူး၊ ကြည့်နေရတာ သံယောဇဉ်ကလည်း ဖြစ်နေပြီ၊ တချို့ဆရာမတွေဆို အခြားအလုပ်ကို မလုပ်နိုင်တော့ဘူး၊ သူတို့ကို သံယောဇဉ်တွယ်နေတော့လေ"

"ဟုတ်တာပေါ့ ဆရာမရယ်၊ သူတို့မျက်လုံးလေးတွေ ကြည့်လိုက်၊ ဆရာမတို့ကိုပဲ အားကိုးနေကြတာ"

"သူတို့က ဆရာမကြီးကိုဆို အမေကြီး အမေကြီးနဲ့တောင်ခေါ်သေးတယ်၊ သနားစရာကောင်းတယ်၊ လာ အစ်မတို့ ထမင်းစားခန်းဘက် သွားရအောင်"

ထမင်းစားခန်းမှာ အငယ်၊ အကြီး ခုံခွဲထားပြီး မျက်နှာချင်းဆိုင်ထိုင်လှူဒါန်းသူများကို မေတ္တာပို့ပြီးမှ စားကြရတယ်၊ စနစ်တကျစည်းကမ်းရှိစွာ

အားရပါးရစားနေကြပြီ၊ နေနိုင်က ထမင်းတွေတောင် ထပ်ထည့်ခိုင်းနေတယ်၊ ချယ်ရီက ကြည့်ပြီး သဘောကျနေတယ်။

အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာပေးတာကို ဓာတ်ပုံရိုက်တယ်။ ကလေးတွေကိုတော့ ဓာတ်ပုံရိုက်ခွင့်မပြုဘူး။ အားလုံးကို နှုတ်ဆက်ပြီး သူတို့တွေက ပြန်လာခဲ့ပါဦးလို့ ပြောကြတယ်။

အပြန်လမ်းမှာ ချယ်ရီအတွေးတွေနဲ့ ငြိမ်သက်စွာ ပါလာတယ်။ စိတ်ထဲမှာရှိတဲ့ တစ်စုံတစ်ခု ကြောက်ရွံ့အားငယ်မှုကို ဖယ်ရှားပစ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ရောဂါကို လက်ရှိခံစားနေကြရတဲ့ ကလေးတွေကိုယ်တိုင်ကို မြင်တွေ့ပြီးရင် ကိုယ့်ကိုယ်ကိုယ် သံသယစိတ်နဲ့ စိုးရွံ့အားငယ်မှုတွေကို ချယ်ရီကိုယ်တိုင် ဖယ်ရှားသိလာနိုင်မှာပါ။

ကိုယ်လိုချင်တာလည်း ဒါပဲ ချယ်ရီ။ ချယ်ရီ့ခေါင်းထဲ ဦးနှောက်ထဲမှာ လေးလံနေတဲ့အစိတ်အပိုင်းတွေကို ဖဲ့ထုတ်ပစ်မယ်။ သူတို့လည်း ပျော်ရွှင်စွာ ပန်းချီဆွဲနေကြတယ်။ ချယ်ရီလည်း ပျော်ရွှင်စွာ ပန်းချီရေးချယ်ပါ။ ချယ်ရီ့အပြုံးဟာ အလှပဆုံးအပြုံးတစ်ခုဖြစ်ဖို့ ကိုယ့်ကမ္ဘာမှာ လိုအပ်တယ်။ ချယ်ရီဘာမှမပြောပေမယ့်လည်း ကိုယ်သိတယ်။ နောက်တစ်ခေါက်ထပ်သွားမယ့်အပြောမှာ ကိုယ်ကျေနပ်မိတယ်။ ချယ်ရီဆီက တစ်ခွန်းတည်းသောစကားက ဒီကနေ့အတွက် ဒီနေရာလေးကို ပို့ပေးတာ အရမ်းကျေးဇူးတင်ပါတယ်တဲ့။

ဦးပြည့်အိမ်ကိုရောက်တော့ ထမင်းဝိုင်းတောင် အသင့်ဖြစ်နေပြီ။

"လာကြ၊ လာကြ"

"ဒေါ်လေးရေ မွေးနေတာပဲ…ဦးပြည့်ရော"

"ရေချိုးနေတယ်၊ ပြီးလောက်ပါပြီ။ ထိုင်ကြ…နောက်တောင် ကျနေပြီ ဗိုက်ဆာရောပေါ့"

"ကလေးတွေ ထမင်းကျွေးတာပါ ချယ်ရီ့ပြနေလို့…ချယ်ရီ ဒါ ဦးပြည့်အမျိုးသမီး ဒေါ်နွဲ့နွဲ့ခင်တဲ့…ဒေါ်လေးက ဟင်းချက်ကောင်းတယ်"

"ဒီလိုပဲ မြှောက်ပြောတာ ချယ်ရီရေ"

"မဟုတ်လောက်ဘူး ဒေါ်လေး။ ဒေါ်လေးလို့ပဲ ခေါ်မယ်နော်၊ ဒီပြင်ဆင်ထားတဲ့ထမင်းဝိုင်းကိုကြည့်တာနဲ့ သိသာပါတယ်"

"ဦးပြည့်က ဒါကြောင့် ထမင်းကို အပြင်မှာ စားခဲတယ်၊ မမီဘူးလေ၊ ချယ်ရီရော ချက်တတ်လား"

"နည်းနည်းပါးပါးပေါ့၊ ဒါပေမဲ့ ဟင်းချက်ရတာကို ဝါသနာပါတယ်"

"ကိစ္စမရှိဘူး၊ ဒေါ်လေးဆီ အပ်ပေးမယ်"

"ရှူး…တိုးတိုး"

"ဘာလို့လဲ"

"ဒေါ်လေး ကြားသွားမယ်"

"ကောင်းတာပေါ့"

"ရောက်နေကြပြီလား"

ဦးပြည့်ကအခန်းထဲက ထွက်လာရင်း ထမင်းစားပွဲမှာထိုင်နေတဲ့ သူတို့နှစ်ယောက်ကို မေးလိုက်တယ်။ ချယ်ရီက ထပြီး ထမင်းခူးထည့်ပေးတယ်။

"ရတယ် ချယ်ရီ၊ ဒီနေ့သွားခဲ့ရတာ ဘယ်လိုလဲ ကလေးတွေဆီ"

"ပင်စည် လိုက်ပို့ပေးလို့ ကျေးဇူးတင်တယ်၊ သူတို့အကြောင်းကို ဖတ်ဖူးတယ်၊ အမေ လူထုဒေါ်အမာကိုလည်း ကျေးဇူးတင်စရာပါ၊

စာပေအဖွဲ့အစည်းမန္တလေးကရော လုပ်ငန်းရှင်တွေလည်း လှူကြတယ်၊ စားစရိတ်တင် ဘယ်လွယ်မလဲ”

“သွေးမတော်တဲ့သူတွေက ပရဟိတစိတ်နဲ့ စောင့်ရှောက်ပေးပြီး သွေးတော်တဲ့သူတွေက ပစ်ထားနိုင်ကြတယ်”

“ဟုတ်တယ် ဦးပြည့်၊ နေနိုင်ဆိုတဲ့ ကလေးလေးကို မြင်ရတာ စိတ်မကောင်းလိုက်တာ”

“ဝဋ်ကြွေးတွေပေါ့”

“ကဲ ထမင်းကို အားရပါးရ စားကြပါ၊ အားနာစရာမလိုဘူး”

“ငါးဝိရည် ကြိုက်လား”

“ကြိုက်တာပေါ့ ပင်စည်”

“ဒေါ်လေးက ငါးလေးပါ ထည့်ပြီးဖျော်ထားတာ၊ ပျစ်ပျစ်လေး ကိုယ်သိပ်ကြိုက်တာ”

“ဦးပြည့် သိပ်မစားနဲ့ သွေးတွေ တိုးမယ်”

“မင်းဦးပြည့်က လူလည် ဆေးကြိုသောက်ပြီးမှ ငါးပိရည်စားတာ”

“ဒါလည်း ကောင်းတာပဲ၊ ကာကွယ်တာက ကုသခြင်းထက် ပိုထိရောက်တယ်”

“စားလည်းစားချင်တာကိုးကွ၊ ဒါနဲ့ ချယ်ရီဘယ်နေ့ပြန်မလဲ”

“သန်ဘက်ခါ ပြန်ပါမယ် ဦးပြည့်”

“ကျွန်တော်လိုက်ပို့မှာ ဦးပြည့်”

“ကောင်းပါတယ် အိမ်လည်း သေချာပြောသွားဦး”

“ဟုတ်ကဲ့ ဦးပြည့်”

"ဦးပြည့်တို့ကို ချယ်ရီ အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ချယ်ရီရယ်၊ သားမိတ်ဆွေက ဦးပြည့်တို့မိတ်ဆွေပါပဲ"

"ချယ်ရီ အဝစားနော်၊ အစားပျက်ပြီး နေမကောင်းဖြစ်ထား တာဆိုတော့"

"စားပါတယ် ပင်စည်ရဲ့...ဟင်းတွေက အကုန်ကောင်းတယ်၊ ဘယ်ဟာကို နှိုက်ရမှန်းကို မသိဘူး၊ ပင်စည်ထည့်ပေးတာတွေ လည်း ပုံနေပြီ...တော်တော့"

"ကုန်အောင်စား"

"ဖက်တီးမ ဖြစ်တော့မှာပဲ"

"ကိုယ့်အတွက်ကတော့ တစ်ယောက်တည်းဖြစ်ရင်ပြီးတာပဲ၊ ဝဝ ပိန်ပိန်"

"ဟင်း"

ဒီလိုနဲ့ စိုပြည်တဲ့ထမင်းဝိုင်းလေးကို တစ်သက်မမေ့နိုင်။ ချယ်ရီ့ကို အိမ်ပြန်ပို့ပေးခဲ့တယ်။ သန်ဘက်ခါအတွက် အိမ်မှာ ပြင်ဆင်ရဦးမယ်။ အမေနဲ့အဖေကို မပြောရသေး။ ဘယ်လိုအကြောင်းပြချက်ပေးရမလဲလို့ စဉ်းစားနေရတယ်။

●

## အခန်း (၁၉)

ကိုယ်လုပ်ချင်တာ တစ်ခုအတွက် အကြောင်းပြချက်ကို စဉ်းစားတော့ တန်းပေါ်လာတယ်။ ထက်အောင်တို့နဲ့ တောင်ကြီး show ပွဲကြည့်ပေါ့။ ဒီတစ်ခါ စာမေးပွဲကတော့ ကောင်းကောင်းအောင်ထားတော့ အိမ်က ကြည့်မရတာတွေ နည်းနည်းလျော့သွားတယ်။

အိမ်ရောက်တော့ ပျောက်ချက်သားကောင်းနေတဲ့ အမွန်းကို တွေ့ရတယ်။ သူပေါ်လာရင် တစ်ခုခုပဲဆိုတာ သိလိုက်တယ်။ ထင်တဲ့အတိုင်း သူ့အစ်မ မင်္ဂလာဆောင်လာဖိတ်တာ။ ထူးဆန်းစွာပဲ သူက အပျိုရံလုပ်မှာကို ကိုယ့်ကိုပါ လူပျိုရံ လုပ်ခိုင်းတယ်။ ဘယ်တုန်းကမှ ဝါသနာမပါတဲ့အလုပ်။ သူများလုပ်တာတွေ ကြည့်ရတာကို စိတ်ထဲတစ်မျိုးကြီး။ ဒါ့အပြင် တောင်ကြီးမှာရှိမယ့်ရက်မို့ ဘယ်လိုမှ မအားမလာနိုင်ဘူးလို့ ပြောလိုက်

တယ်။ ထုံးစံအတိုင်း နှုတ်ခမ်းစူ၊ စိတ်အပျက်ကြီးပျက်ပြီး ပြန်သွားတဲ့ အမွန်းကို အားမနာနိုင်။ အမေကတော့ အားနာနေပုံရတယ်။

"သားက အာလို့တောင်ကြီး သွားမှာလဲ၊ သူ့အစ်မမင်္ဂလာဆောင် ဝင်လိုက်ပါလား"

"show ပွဲသွားကြည့်မလို့ ပြောပြီးဆိုပြီး Hotel တောင် ဘိုကင် ချိတ်ပြီးပြီ၊ အားမှမအားတာ တိုက်ဆိုင်သွားတာတော့ သားလည်း မတတ်နိုင်ဘူး၊ သတို့သားအရံတွေ လုပ်ချင်သူတွေ အပုံကြီး"

"ဩော် သူက သားနဲ့တွဲချင်လို့ပေါ့"

"တော်ပါပြီ အမေရယ်"

"ထမင်းစားခဲ့ပြီပေါ့"

"ဦးပြည့်အိမ်က ငါးပိရည်နဲ့တွယ်ခဲ့ပြီ၊ ခုအိပ်ချင်နေပြီ သန်ဘက်ခါ သွားမယ် အမေ၊ ကားယူသွားမှာ"

"အဖေ့ကို ပြောဦးလေ"

"ဟုတ်၊ အဖေက အိမ်ပြန်နောက်ကျတော့ တွေ့ကိုမတွေ့ဘူး၊ ဖုန်းဆက်ရမလိုဖြစ်နေပြီ"

"အမယ်လေး အဖေကို အပြစ်တင်နေ...သားက ဒီရက်ပိုင်းမှ နေကောင်းပြီး အပြင်ထွက်တာ။ ခါတိုင်းထွက်လို့လား၊ အခန်း အောင်းနေပြီးတော့များ"

အမေ့အပြောကြောင့် ဟုတ်တာပဲလို့ ပြန်စဉ်းစားမိတယ်။ လူမရိပ်မိ အောင်ကို နေလို့မရပါလားလို့ တွေးမိတယ်။

* * *

ချယ်ရီနဲ့ တစ်ခရီးတည်း ခုလိုသွားရလိမ့်မယ်လို့ မထင်ခဲ့။ စိတ်ထဲမှာ ချစ်သူတို့ရဲ့ ဟန်းနီးမွန်းခရီးလိုလို ဘာလိုလို။ နားချင်ရင် ဆိုင်တစ်ခုခုမှာ ဝင်နားလိုက်ကြ၊ ကားမောင်းရတာ ပင်ပန်းတယ်လို့မရှိ။ တောင်ပေါ်ခရီးမို့လည်း ပိုလန်းဆန်းနေတယ်။ မပြန်ခင် ချယ်ရီ့ရဲ့မျက်လုံးလေးကို ပြပေးချင်တာ မပြပေးလိုက်ရဘူး။ သူကလည်း အပြခံမယ်မထင်။ တစ်ဖက်တည်းအားကိုးနေရသူမို့ ကျန်တဲ့တစ်ဖက်လေးမှာ အင်အားတွေ အပြည့်အဝရှိနေစေချင်တာ စေတနာပါ။

"ဒီရှုခင်းလေးတွေဆို ပန်းချီဆွဲလို့ သိပ်ကောင်းမှာပဲ၊ နေရောင်တန်းလေးနဲ့ စိုက်ခင်းတွေက အဝါတစ်ကွက်၊ အစိမ်းတစ်ကွက် လှလိုက်တာ"

"ဟုတ်တယ်နော်၊ ဒီဘက်ရောက်လေ ပိုလှလေပဲ၊ ချယ်ရီက ငယ်ငယ်ကတည်းက ပန်းချီဆွဲတာကို ဝါသနာပါခဲ့တာလား"

"ဟုတ်တယ်၊ ကျောင်းမှာဆို အမြဲဆုနိုးဆွဲတယ်၊ အမေက သိလို့ တောင် ရိုက်ခံရတာ။ ရှုခင်းပုံဆွဲရတာ၊ မြို့တွေ အိမ်တွေဆွဲရတာ ပိုကြိုက်တယ်၊ လူပုံတော့ သိပ်ပြီးမကြိုက်ဘူး၊ တစ်ကားပဲ လူပုံ ဆွဲဖူးသေးတယ်၊ အမေ့ပုံပေါ့၊ ပင်စည့်ကို ကြွားရဦးမယ်၊ ချယ်ရီ့ ပန်းချီကား (၅) ကား ရောင်းပြီးပြီ"

"ဟာ ဟုတ်လား၊ ပြောလည်းမပြောဘူး၊ တကယ့် ပန်းချီဆရာမ ကြီးပဲ ဘာပုံတွေရောင်းရတာလဲ"

"တောင်ကြီး ဟိုပုန်းဘက်က ရှုခင်းပုံတွေများတယ်၊ စကားမစပ်လို့ မပြောပြဖြစ်တာပါ၊ တောင်ကြီးမှာ အဖေ့သူငယ်ချင်းတစ်ယောက် က ပန်းချီဆရာလေ သူက ကောင်းကောင်းသင်ပေးတယ်၊ အချိန် တော့ ယူရတာပေါ့၊ ချယ်ရီကိုယ်တိုင်က အရမ်းစိတ်ဝင်စားတော့

အတတ်မြန်တယ်၊ ဒီလိုနဲ့ ဆွဲထားတဲ့ကားလေးတွေ ဆရာ့ဆီ ရှိနေတာပေါ့၊ အိမ်မှာတော့ အမေ့ပုံပဲ ချိတ်ထားတယ်။ ဆရာ့ဆီ နိုင်ငံခြားကလာတဲ့ ဆရာ့မိတ်ဆွေက ဆရာ့ ကားအပါအဝင် ချယ်ရီ့ကားတွေပါ ကြိုက်လို့ ဝယ်သွားတယ်"

"ဟား... ဂုဏ်ယူစရာပဲ ချယ်ရီ၊ အဲဒီလောက် ပန်းချီပညာမှာ Talent ရှိမှန်းမသိဘူး၊ ကိုယ့်ကိုလည်း တစ်ကားဆွဲပေးလေ"

"အင်း ဆွဲပေးမှာပေါ့၊ ဘာပုံလိုချင်လဲ"

"ချယ်ရီ့ခံစားချက်နဲ့ ကြိုက်တဲ့ပုံဆွဲပါ၊ ရှုခင်းပုံပေါ့"

"စဉ်းစားပြီး ဆွဲပေးမယ်"

"ဪ...ချယ်ရီကတော့ ကိုယ်နဲ့ဝေးကွာတဲ့အချိန်မှာ ပန်းချီ ဆရာမကြီးလောင်းဖြစ်လို့ ကိုယ်ကတော့ ရှေ့နေစာမေးပွဲကို ကျရှုံးလိုက် ဖြေလိုက်နဲ့ ခံစားမှုဒဏ်ရာတွေ မလဲပွန်း"

ပြောပြီး ကိုယ်တိုင်ဝမ်းနည်းသွားသလို ခံစားလိုက်ရလို့ တိတ်ဆိတ် နေမိတယ်။

"အဲဒီလိုပြောမယ်ဆိုတာ ချယ်ရီသိတယ်၊ နားလည်းနားလည်ပါ တယ်၊ ကိုယ်ဝါသနာပါရာကို မြှုပ်နှံလိုက်မှ ကိုယ့်ခံစားချက်တွေ စိတ်ဒဏ်ရာတွေက လျော့ပါးသွားတယ်၊ မဟုတ်ရင် ချယ်ရီလည်း နေလို့ရမှာမဟုတ်ပါဘူး၊ ကိုယ်တိုင်က အရင်စပြီး ဖြတ်ခဲ့သူ ဆိုတော့ ဘယ်လောက် အစွန်းရောက်သတ္တိတွေမွေးရလဲဆိုတာ ပင်စည်မှမသိနိုင်တာ"

"ဟုတ်ပါတယ်၊ အဲဒါတွေ အားလုံးပြည်ဖုံးကားချကြပါစို့၊ အဲဒီ ခံစားမှုကြီးကို ကြောက်ကိုကြောက်နေပြီ၊ ပြန်ဆုံဖို့နည်းလမ်းများ

မရှိတော့ဘူးလားလို့။ ဘာပဲဖြစ်ဖြစ် ကိုယ်က ပိုချစ်ရသူဆိုတာ ပိုသိသာပါတယ်၊ အတွေးတိုင်း ချယ်ရီရှိနေတယ်...။ ကိုယ့်ကို ဘာဖြစ်လို့ ယုံမပေးနိုင်တာလဲဆိုတဲ့စိတ်က ကြီးစိုးနေတယ်၊ ချယ်ရီ့ဘက်က အရမ်းအေးစက်သွားတယ်ဆိုပြီး စိတ်ထဲ မခံမရပ်နိုင်တွေဖြစ်ခဲ့တယ်၊ ကိုယ့်အကြောင်းတွေကို ဦးပြည့် အားလုံး သိခဲ့တယ်။ အမှန်အတိုင်းပြောရရင် စိတ်တွေ အရမ်းလေးပြီး အိမ်ကိုဝင်ထွက်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွဲဖြစ်လိုက်တယ်၊ ခဏပဲ ဘယ်လိုမှမရဘူး။ သူကလည်း အတင်းကြီး ကပ်လာတာပါတယ်၊ နောက်ဆုံး အမုန်းခံပြီး ဖြတ်လိုက်တယ်။ ဒီမလာခင် သူ့အစ်မမင်္ဂလာဆောင် လာဖိတ်တယ်၊ ကိုယ်က တောင်ကြီး show ပွဲသွားကြည့်မှာ ပြောလိုက်တယ်၊ ကိုယ့်စိတ်ကလည်း အားနာပြီးတော့ကို မဆက်ဆံနိုင်တော့တာ၊ စိတ်ထဲမှာ ချယ်ရီပဲရှိနေတာ အဲဒါတွေရော သိရဲ့လား"

"သိပါတယ် မင်စည်၊ ကျေးဇူးလည်းတင်ပါတယ်"

ချယ်ရီ့ကိုကြည့်စဉ်မှာ နူးညံ့စွာပြုံးနေတာကို စိတ်ချမ်းသာစွာ တွေ့လိုက်ရတယ်။ တောင်ကြီးကို အခါခါလာပေမယ့် ဒီတစ်ခါအလှဆုံးလို့ ထင်တယ်။ အမှိုက်သရိုက် ညစ်ပတ်မှုကင်းစင်တဲ့ တောင်ပေါ်မြို့လေးကို ချယ်ရီနဲ့မတွေ့ခင်ကတည်းက သဘောကျခဲ့တယ်။ ချယ်ရီတို့ပြောင်းလိုက်တယ်ဆိုတဲ့ အိမ်လေးက ပထမအိမ်ဝင်းလောက်တော့ မကျယ်တော့။ ခြံဝန်းက သိပ်မကျယ်ပေမယ့် တစ်ထပ်တိုက်အိမ်လေးက ပိုပြီး သပ်သပ်ရပ်ရပ် နေချင်စဖွယ်လေး။ အိမ်ရှေ့မှာ စံပယ်ပင်နဲ့နှင်းဆီပင်တွေကို တွေ့ရတယ်။ ရာသီဥတုကောင်းတာကြောင့် အပင်တွေက စိမ်းစိမ်းလန်းလန်း။ ချယ်ရီ့ အမေက ကားဟွန်းတီးသံကြောင့် ထွက်လာပြီး တံခါးဖွင့်ပေးတယ်။ ချယ်ရီ့ အထုပ်အပိုးတွေချပြီး ချယ်ရီ့အမေကို နှုတ်ဆက်ဖြစ်တယ်။

"အမေ ပင်စည်လေ"

"မှတ်မိပါတယ်။ ချယ်ရီလေ ကြာလိုက်တာ၊ အမေ့ဆီလည်း ဖုန်းက ဆက်တော့ဆက်ပါရဲ့ ကိုယ့်ဘက်က ဆက်ရင် မတွေ့တာက များနေတာ၊ သမီးရဲ့သင်တန်းကလည်း အဲလောက်ကြာရသလား"

"အမေရယ်...သမီးက တစ်ခုပြီးတစ်ခု ဆက်တက်နေလို့ပါ"

"ဒီအမေကတော့ စိတ်တွေပူလို့ မန္တလေးက သူငယ်ချင်းအိမ်မှာ နေရထိုင်ရတာ အဆင်ပြေရဲ့လားလို့ တွေးရ။ သူငယ်ချင်းအိမ်ပေမယ့် ကြာတော့ အားနာစရာလေ"

"အားနာစရာမရှိပါဘူး၊ အခန်းကလည်း ပိုနေတာ"

"ဝိန်လာတယ်၊ ပင်ပန်းလို့လား"

"ပင်ပန်းတာပေါ့ အမေရယ်၊ ပြေးနေရတာ"

"ပင်စည်...သား ထမင်းစားပြီးမှပြန်"

"မစားတော့ဘူး အန်တီ၊ ကျွန်တော် တောင်ကြီးကသူငယ်ချင်းနဲ့ ချိန်းထားသေးတယ်"

"ထမင်းတော့ စားသွားပါကွယ်...အားမနာရပါဘူး ချက်ထားတယ်"

"ဟုတ်သားပဲ၊ ပင်စည်ကလည်း"

သားအမိနှစ်ယောက် လွတ်လွတ်လပ်လပ်နေစေချင်တဲ့စိတ်နဲ့ ငြင်းလိုက်တယ်။ တကယ်တော့ ချယ်ရီနဲ့ နှစ်ယောက်အတူစားရတာ အရသာတွေ့နေပြီ။ ညေ့ခန်းထဲအရောက်...

"ဒီပန်းချီကားလား"

"ဟုတ်တယ် ပင်စည်"

"ကိုယ် သိပ်တော့နားမလည်ပေမယ့် လက်ရာက တော်တော်ကောင်းတာပဲ"

"မြှောက်နေပြန်ပြီ"

"တကယ်ပြောတာပါ မျက်လုံးအသက်ဝင်မှုက တစ်ထေရာတည်းပဲ အန်တီနဲ့"

"သမီးရေ မောင်လင်းမြတ်က အမေ့ဆီဖုန်းဆက်တယ်၊ သမီးဆီအီးမေးလ်ပို့တယ်၊ ရောက်မရောက် အကြောင်းမပြန်လို့တဲ့၊ ဦးကျော်လွင်ဆီကိုလည်း သမီးကိုပို့တာတွေ တွဲပို့ထားတယ်၊ ဖတ်လိုက်ပါ၊ အကြောင်းပြန်ပါတဲ့၊ တစ်နေ့က သူဖုန်းဆက်လာလို့ သမီးဆီဖုန်းခေါ်တာ မရလို့တဲ့"

"ဟုတ်လား၊ ဖွင့်မကြည့်ဖြစ်ပါဘူး အမေရယ်...မသိဘူး"

"သူပြောပုံအရ နည်းနည်းအရေးကြီးနေသလိုပဲ၊ သမီး ပြန်ဆက်သွယ်လိုက်ပါဦး"

"ဟုတ်"

အန်တီဖျော်ပေးတဲ့ကော်ဖီခွက်ကို ချယ်ရီက ယူလာပြီး လက်ထဲပေးရင်း...

"ပင်စည်ရယ် သိတဲ့အတိုင်းပဲ...ဖုန်းက ကိုယ်နဲ့ဘာမှမဆိုင်သလိုဖြစ်နေတယ်။ ပင်စည် ဗိုက်ဆာပြီလား၊ ခဏနော်...လက်ပ်တော့နဲ့ ဖွင့်ကြည့်လိုက်မယ်"

ချယ်ရီက ညှော့ခန်းထောင့်စားပွဲလေးပေါ်မှာရှိတဲ့ လက်ပ်တော့ကို ဖွင့်ကြည့်ရင်း အလုပ်ရှုပ်နေတယ်။ ချယ်ရီ့အမေပြောတဲ့ မောင်လင်းမြတ်

ဆိုတာ ဘယ်သူလဲ။ သူ့အကြောင်း ချယ်ရီ တစ်လုံးမှပြောမပြသေး။ ခဏအကြာ ချယ်ရီလည်း စာပြန်ပို့ပုံရတယ်။ ပြီးမှ သူ့အနား ပြန်ရောက်လာတယ်။

"ပင်စည်ကို ပြောရဦးမယ် ကိုလင်းမြတ်က ဆရာ့ဦးကျော်လွင်ရဲ့ မိတ်ဆွေ၊ ပြင်သစ်မှာ နေတယ်၊ သူက ပြင်သစ်မှာ ပန်းချီပြပွဲလုပ်ဖို့ စိတ်ဝင်စားနေတာကြာပြီ၊ ဆရာဖေညွန့်ဝေ၊ မစန္ဒာခိုင်တို့ကား တွေက အင်္ဂလန်တို့ အမေရိကားတို့က collector တွေနဲ့ အလုပ် ဖြစ်နေတာ...ပွဲတွေ အပွဲပွဲနွဲ့တာကိုကြည့်ပြီး ပြင်သစ်မှာ သိပ်မလုပ် ဖြစ်တာကို စိတ်ထဲ အားမလိုအားမရဖြစ်နေတာ...ပြင်သစ်မှာ လုပ်မယ်ဆိုပြီး ဒီရောက်တုန်းက ပြောနေတာ၊ အမှန် တော့ ဆရာ့ကျေးဇူးပါ၊ ဆရာကားတွေက ချင်းမိုင်က "သုဝဏ္ဏ ဘူမိ" ဂယ်လာရီမှာ ပြတယ်လေ၊ ဆရာက ဆရာမ မစံပယ်ရော၊ ချယ်ရီကားတွေရော အတူပြသခွင့်ပေးတယ်၊ ချယ်ရီက နာမည်ကြီး ပန်းချီဆရာကြီးတွေထဲ ရောညှပ်လို့ပေါ့၊ ကိုလင်းမြတ်က အဲဒီ ချင်းမိုင်ပြပွဲတွေကစပြီး ချယ်ရီ့ကားတွေကို သဘောကျပြီး ဝယ်ဖြစ် တယ်၊ သူတို့မိတ်ဆွေတွေကနေ ဆက်စပ်ပြီး ဥရောပက collector တွေ Artist တွေက စိတ်ဝင်စားလာပြီး ပြပွဲသွင်းဖို့ ကိုလင်းမြတ်ကို တောင်းဆိုခဲ့ကြတယ်လို့ သူ့စာထဲမှာ ရေးထား တယ်"

"ချယ်ရီ ကံကောင်းတာပေါ့...ချင်းမိုင်ပြပွဲတွေတော့ ကြားဖူးတယ်၊ FB မှာလည်း ကြည့်လို့ရတယ်၊ ဦးခင်မောင်ရင်ကားတွေ ကြည့်ဖူး တယ်"

"ဟုတ်တယ်လေ ပင်စည်၊ Suvannabhumi Art Gallery ထဲမှာ ကြည့်လို့ရတယ်၊ ချင်းမိုင်မှာက ဦးခင်မောင်ရင်၊ ဦးဝင်းဖေ၊ ဦးဆန်နီငြိမ်းတို့ ပြကြတယ်၊ ကိုရဲဝင်းအောင်ပန်းချီလည်း ပါတယ်၊ ချယ်ရီ ဆရာနဲ့ရောက်သွားချိန်မှာ ပန်းချီကားတွေထဲမှာ မျောပါပြီး အားကျလိုက်တာ…ဆရာမင်းဝေအောင်ရဲ့ ဆွဲချက်တွေကိုလည်း အရမ်းသဘောကျတယ်"

"ချယ်ရီကိုယ်တိုင်ဆွဲရတာ ပိုနှစ်သက်လာတယ်၊ ပိုအသက်ဝင်လာတယ်ပေါ့၊ ဆရာဦးခင်မောင်ရင်ရဲ့ကားတချို့ဆို ဆွဲထားတာ ဘာအရုပ်လေးမှန်းကို မသိဘူး၊ ဒါပေမဲ့ အတွေးကို ဆွဲထားတာ… ကြည့်ရတာ နှစ်သက်တယ်၊ ပန်းချီဆရာကိုယ်တိုင်ကတော့ အတွေးသစ်တစ်ခုကို ဆွဲထားတာပဲ"

"ဘယ်တော့လောက် ပြင်သစ်မှာ ပြပွဲလုပ်မှာလဲ"

"စက်တင်ဘာလမှာ…အလည်အပတ်ခရီးစဉ်ကတော့ နော်ဝေ၊ ဒိန်းမတ်၊ ဂျာမနီ၊ နယ်သာလန်၊ ပြင်သစ် စီစဉ်ထားတယ်တဲ့၊ ရက် ၂၀ လောက် ခရီးစဉ်ဆွဲထားပြီး သုံးယောက်လုံးကို ပို့ထားတယ်တဲ့၊ ဆရာနဲ့ မစံပယ်ရော"

"ချယ်ရီက ပန်းချီမှာ အနုပညာ ခံတပ်ခံကောင်းလိုက်တာ… ထင်တောင်မထင်ရဘူး"

"အဲဒါ ပင်စည် ကျေးဇူးလည်း ပါတယ်"

"ဟင်…ကိုယ်ဖြင့်သိတောင်မသိ၊ ဘာတစ်ခုမှလည်း လုပ်မပေးခဲ့ရဘဲနဲ့"

“ပင်စည်ကို မျက်လုံးစပြေပြီး ပင်စည်ပြန်သွားခဲ့တဲ့ညကစပြီး ရင်တွေနာလိုက်တာ...ငိုစရာမျက်ရည်လည်း မကျန်တော့ဘူး၊ ဆုံးဖြတ်ချက်တစ်ခုချရတော့မယ်၊ ပင်စည်ကို မေ့နိုင်ဖို့ရယ် ကိုယ်တိုင်သိမ်ငယ်ခဲ့ရတဲ့ စိတ်ဓာတ်တစ်ရပ်ကို တော်လှန်ရှင်သန်နိုင်ဖို့ ဒီပန်းချီအနုပညာတစ်ခုကလွဲပြီး ကျန်တဲ့ဘယ်အရာကမှ ချယ်ရီ့ကို တွန်းအားမပေးနိုင်ခဲ့ဘူး၊ ပံ့ပိုးမပေးနိုင်ခဲ့ဘူး၊ ဒါကြောင့် ဆရာနဲ့ မစံပယ်ဆီမှာ စိတ်နှစ်ပြီး သင်ယူတယ်...

ချယ်ရီ့မှာ အမြင်အာရုံချွတ်ယွင်းတဲ့အတွက် အတွေးအာရုံကို ပိုစူးစိုက်အားထည့်မိတယ်၊ အဲဒီတော့ ဘာဖြစ်လာလဲဆိုတော့ အစပိုင်းတော့ အရုပ်တွေရေးတယ်၊ အခုနောက်ပိုင်း အတွေးကို ရေးတယ်၊ နောက်တစ်ဆင့် အတွေးသစ် အမြင်သစ်တွေကို ရေးချင်တော့တယ်၊ လောကရဲ့ ပညတ်ချက်မရှိတဲ့ အရုပ်အသစ်တွေကို ပေါ့၊ အမြင်အာရုံနဲ့ အတွေးအာရုံပေါင်းစပ်မှုပေါ့... Vision and Sensational Logic အဲဒါ မော်ဒန်အာ့တ်ပဲလေ၊ ပင်စည် နားတွေ ရှုပ်သွားပြီလားတော့ မသိဘူး”

“ဪ...ဘာပဲဖြစ်ဖြစ် ချယ်ရီ ခုလို စိတ်ပါဝင်စားတဲ့ ဒီပန်းချီ အလုပ်အပေါ် အောင်မြင်မှုရတာ ကိုယ်အရမ်းဝမ်းသာဂုဏ်ယူပါတယ်...အများကြီး နားမလည်ပေမယ့် ချယ်ရီ ခုပြောပြနေတာလေးတွေကို ကိုယ်သဘောကျတယ်၊ ချယ်ရီ့မျက်နှာလေးက လန်းဆန်းလတ်ဆတ်နေတယ်...အမြင်အာရုံထက် အတွေးအာရုံကို ပိုစူးစိုက်တော့ အတွေးကရလာတဲ့ ပန်းချီကားတွေဟာ ပိုကောင်းလာမှာပေါ့...အဲဒီလိုလား ချယ်ရီ”

"တီ…တီ…တီ"

ချယ်ရီက ဖုန်းမြည်သံကြောင့် ဖုန်းကိုဖွင့်ကြည့်တယ်။

"အဲ…ကိုလင်းမြတ်ဆီကဖုန်း"

သူ့ကို ခဏနော်ဆိုတဲ့ ခွင့်တောင်းတဲ့အမူအရာလုပ်ပြလို့ သူ ခေါင်းကိုညိတ်ပြလိုက်တယ်။

"ဟဲလို"

"……… "

"ဟုတ်ကဲ့ပါ၊ ခုမှ အမေ့ဆီပြန်ရောက်လို့ ဖတ်ပြီးပြီးချင်း စာပြန်လိုက်ပါတယ်"

"……… "

"ဟုတ်ကဲ့ ဖိတ်တာ၊ ဟုတ် တွေ့တယ်"

"……… "

"ဟုတ်ကဲ့ တွေ့တယ်၊ ပို့ပေးပါမယ်၊ ဟုတ် နေကောင်းပါတယ်၊ ဟုတ် ဆရာနဲ့ရော မစံပယ်နဲ့ရော မတွေ့ရသေးဘူး၊ ဟုတ် မပင်ပန်းပါဘူး၊ အမေလည်း နေကောင်းပါတယ်၊ ကျေးဇူးပါ၊ ဟုတ်…ဟုတ်ကဲ့ပါ"

ဖုန်းချလိုက်ပြီး ချယ်ရီက သူ့အမေဘက် လှည့်ပြီး

"အမေ အိမ်ထောင်စုဇယား ထုတ်ပေးထားပါဦးနော်။ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား၊ နိုင်ငံကူးစာအုပ်တွေကို Scan ဖတ်ပြီး ပို့ပေးထားပါတဲ့၊ သူ့ရဲ့ဖိတ်ကြားထားတဲ့စာရွက်ကိုလည်း ထုတ်ထားပါတဲ့"

"အေးအေးဆေးဆေးလုပ်ပါ၊ ချယ်ရီ ဘာတွေလိုမလဲဆိုတာ သေချာစဉ်းစားပြီး ထည့်ပါ၊ ဒီကြားထဲ ချယ်ရီ ရန်ကုန်များဆင်းရဦးမလား မသိဘူး"

"အင်းနော်၊ အဲဒါတော့ မပြောသွားဘူး"

"သံရုံးဝင်ရမယ်ထင်တယ်၊ ဗီဇာကြေးတို့ဘာတို့ သွင်းရလောက်တယ်"

"ဆရာမေးကြည့်ဦးမယ်၊ ကဲ ခုတော့ ထမင်းစားကြစို့၊ ဗိုက်ဆာပြီ"

"အန်တီ့သမီးကတော့ ထီပေါက်သွားပြီ"

"ကဲ…သမီးရေ ထမင်းစားကြစို့…သူက ပန်းချီအကြောင်းများ ပြောနေရရင် အားလုံးမေ့ပဲ…"

"အန်တီဖြင့် ထင်တောင်မထင်ဘူး၊ ငယ်တုန်းက ပန်းချီဆွဲလွန်းလို့ လက်ဆခါက်ကို ပေတံနဲ့ရိုက်ခဲ့ရတာ၊ ခုတော့ ဒီပညာက သူလည်း ဝါသနာပါ၊ အကျိုးလည်းပေးတယ်ဆိုတော့ ဝမ်းသာပါတယ်"

"ကိုလင်းမြတ်က ဘယ်အရွယ်လဲ ချယ်ရီ"

"ချယ်ရီတို့ထက် ခုနစ်နှစ်လောက် ကြီးမယ်ထင်တယ်၊ ၃၃၊ ၃၄ လောက်ပေါ့"

"နိုင်ငံခြားရောက်ပြီး မြန်မာတစ်ယောက် အောင်မြင်တာ ဝမ်းသာစရာပေါ့၊ တော်တော်ကို ယဉ်ကျေးသိမ်မွေ့တယ်။ သူက မိဘလည်းမရှိ၊ မောင်နှမသားချင်းလည်းမရှိဘူး သားရဲ့"

ချယ်ရီ့အမေက ကိုလင်းမြတ်အကြောင်း ပြောပြနေတာကို စိတ်ထဲခံစားမှုမျိုးစုံနဲ့ နားထောင်နေမိတယ်။ ချယ်ရီ့အမေက မောင်လင်းမြတ်မှ မောင်လင်းမြတ်ဖြစ်နေပြီလားလို့။

"ထည့်စား သား၊ ဒါလေးက ငါးအိုးကပ်လေး ဥလေးတွေနဲ့ ရတုန်းချက်ထားတာ"

"ဟုတ်ကဲ့ စားကောင်းတယ် အန်တီ"

အန်တီက ငါ့ကိုလည်း သားလို့ခေါ်တာပါပဲလေလို့ စိတ်ဖြေပြီး တွေးမိတယ်။ ဘာပဲဖြစ်ဖြစ် မောင်လင်းမြတ်က အခုချိန်မှာ မင်းသား ဖြစ်သွားပြီး ထမင်းစားပွဲဝိုင်းမှာ သူ့အကြောင်းက ဖုံးလွှမ်းသွားတယ်။ သူက ချောလား၊ စမတ်ကျလား၊ ဘယ်လောက်နွေးထွေးမှု၊ ဂရုစိုက်မှုတွေ ပေးနေပြီလဲ။ မစံပယ်ပါလို့ တော်သေးတယ်။ ဒီလောက်ထိ အကုန်ခံလုပ် ပေးတာကရော။ ချယ်ရီ မြတ်နိုးတဲ့ပန်းချီလောကထဲမှာ သူကရှိနေတယ်။ တွေ့တွေ့ချင်းမှာ ချယ်ရီ့ပန်းချီကား ငါးကားတောင် ဝယ်ပစ်လိုက်တယ်။ ခုလည်း ဒုတိယအကြိမ် မထင်မှတ်ထားတဲ့ ဥရောပခရီးစဉ်အရှည်ကြီးကို စီစဉ်ပေးတယ်။

စိတ်ကလေးရှင်းပြီး သာယာနေတုန်းမှာပဲ တိမ်မဲတချို့ ဖုံးလွှမ်းသွား သလိုပဲ။ ချယ်ရီ့ကိုလည်း ဒီလိုနိုင်ငံတွေ ရောက်ဖူးစေချင်တာ အမှန်ပါ။ ကိုယ်တိုင် နော်ဝေတစ်နိုင်ငံသာရောက်ဖူးတာ။ အရမ်းသာယာ အရမ်း လှပြီး ရာသီဥတုကအေးပြီး နိုင်ငံသားတွေကလည်း ချစ်ဖို့ကောင်းတယ်။ မြန်မာနိုင်ငံသားတွေကို စောင့်ရှောက်ပြီး အမေစုကိုချစ်တဲ့နိုင်ငံ၊ နိုဘယ်ဆုကို ပထမဦးဆုံးပေးခဲ့တဲ့ နိုင်ငံမို့လို့၊ လေးစားစိတ်နဲ့ သူငယ်ချင်းလည်း အဲဒီမှာ ရှိနေလို့ သွားခဲ့တာ။ မြင်မြင်ကရာ လှပြီးသန့်နေတဲ့နိုင်ငံ။ စရိတ်ကလည်း အခြားနိုင်ငံထက်ကြီးပြီး သူဌေးနိုင်ငံ။ ဝမ်းသာပါတယ် ချယ်ရီ။ ဘယ်လိုပဲ ဖြစ်ဖြစ် ကိုယ့်ချစ်သူမို့ စိတ်ပူတာကတော့ အလိုလို တွဲပါလျက်သားဖြစ်နေ တယ်။ အရာရာတိုင်းမှာ စိတ်မချနိုင်တာ ကိုယ့်ရဲ့စိတ်ပါ။

"ပင်စည်"

"ဟင်"

"ထမင်းစားနေတုန်းက ဘာတွေတွေးနေတာလဲ"

"ချယ်ရီ့ကို စိတ်မချလို့ အနောက်သွားမှာဆိုတော့"

"ဩော်...ပင်စည်က ချယ်ရီ့ချစ်သူပါ"

"ဘာနေနေကွာ စိတ်မချချင်ဘူး၊ ပြီးတော့ ချယ်ရီသွားမှာက အကြာကြီးပဲ။ ခုလို ပန်းချီပညာရှင်အနေနဲ့ ဖိတ်ခံရတာကို အရမ်းလည်းဂုဏ်ယူတယ်၊ ပြောကိုမပြောတတ်ဘူးကွာ။ ခုမှနီးကာရှိသေး၊ ခုအဝေးကြီးပြန်ဝေးရတော့မလိုပဲ။ ခံစားချက်ကြီးက လွမ်းလိုက်တာ"

"ပင်စည့်ခံစားချက်အတိုင်းပါပဲ၊ ချယ်ရီလည်း လွမ်းနေမှာပါ"

"မယုံပါဘူး၊ ခုက ချယ်ရီ့အိပ်မက်ရှိတဲ့နေရာတွေကို သွားမှာ၊ ကိုယ့်ကို လွမ်းဖို့အောင် သတိရပါ့မလား မသိဘူး"

"ဝန်ခံပါတယ်၊ ချယ်ရီ အရမ်းရောက်ချင်တဲ့ Van Gogh ဗန်ဂိုး ပန်းချီကားပြတိုက်ဆီ အရမ်းရောက်ဖူးချင်တယ်၊ အဲဒီအိပ်မက်တွေကသပ်သပ်၊ ညအိပ်ရင် ပင်စည်ကို လွမ်းနေမှာကသပ်သပ်လေ"

"ဟော ပေါ်ပြီ တွေ့လား၊ ညအိပ်ချိန်ကျမှ မဖြစ်မနေသတိရမှာမလား၊ ဒါတောင် နေ့ညတွေ မတူညီတာတွေ ရှိနေဦးမှာ"

"ကဲပါ ပင်စည်ရယ် သွားတောင်မသွားရသေးဘူး၊ နေ့တိုင်းတော့ သတိရနေမှာပါ၊ အဲဒီနေရာတွေကို ပင်စည်နဲ့သွားချင်တဲ့စိတ်ပေါ့"

"ကိုယ်လည်း ချက်ချင်း အဲဒီလိုစိတ်ကူးဖြစ်တယ်၊ အတူသွားရရင် ဘယ်လောက်ပျော်စရာကောင်းမလဲဆိုတဲ့စိတ်ပေါ့"

"မသွားရဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ"

"ခုတော့ အဝေးကြီးကို သွားမှာဆိုတော့ ရင်ထဲဟာတာတာကြီး၊ ကိုလင်းမြတ်က ဘာလို့ ခုလိုလုပ်ပေးတာလဲ"

"သူက အနုပညာသမားကိုး"

"ဒါပဲနော်၊ ပင်စည်ဆိုတဲ့လူတစ်ယောက်ကို ဘယ်တော့မှမမေ့နဲ့"

"ဟုတ်ကဲ့၊ အမိန့်တော်မြတ်အတိုင်းပါပဲရှင်"

ကားနားလေးကို လိုက်ပို့တဲ့ချယ်ရီခါးလေးကို တစ်ချက်ပွေ့ရင်း ပါးလေးကို ငုံ့နမ်းလိုက်တယ်။

"ဟိုး အမေထွက်လာလိမ့်မယ်"

"ထွက်...ထွက်၊ ဟိုလူကျော်မလာရအောင် မှတ်ပုံတင်လိုက်တာ"

"ဘယ်လူလဲ"

"လင်းမြတ်"

"ဩော်...ဟား...ဟား"

"ရယ်ပါ ခင်ဗျားလေးက"

"ကျုပ်မှာ ရင်တွေပူလို့၊ ခုပူလိုက် ခုအေးလိုက် ခုပြန်ပူလိုက်နဲ့"

"ပင်စည်ရယ် ဘာမှစိတ်မပူနဲ့၊ လောကကလူတွေ ချယ်ရီ့ အကြောင်းမသိလို့ စိတ်ဝင်စားချင် ဝင်စားပါစေ၊ ချယ်ရီ ချစ်တာ ရှင်တစ်ယောက်တည်းလေ၊ ဒါဆို ပြီးပြီပေါ့"

"ကတိ"

"အင်း"

"ကားဖြည်းဖြည်းမောင်း"

"မနက်ဖြန် ဖုန်းဆက်မယ်၊ လိုတာတွေကို သေချာလုပ်ထားပါ"

"ဟုတ်ကဲ့ Good Night"

"မျက်စဉ်း သေချာခတ်ဦး"

"ဟုတ်ကဲ့"

"မပြောင်ပါနဲ့"

"မပြောင်ပါဘူး ဘိုင့်"

ချယ်ရီ့ကို နှုတ်ဆက်ပြီး Hotel ရှိရာ ကားကိုမောင်း လာခဲ့တယ်။

ချယ်ရီ့အောင်မြင်မှုအတွက် သူ ဘယ်နေရာကနေမှ ပံ့ပိုးမပေးနိုင်ပါလားလို့ တွေးမိတော့ ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းလာမိတယ်။

●

## အခန်း (၂၀)

"ချယ်ရီ ပို့စရာရှိတာတွေ အားလုံးပို့ပြီးပြီလား"

"ပို့ပြီးပြီ ပင်စည်၊ ပင်စည်ပြောသလို ချယ်ရီတို့ သံရုံးဝင်ရမယ်၊ ချယ်ရီ့အနေနဲ့က အရင်က ဖေဖေနဲ့လိုက်သွားဖူးတာ စင်ကာပူနဲ့ မလေးပဲရှိတာ၊ ခုက နိုင်ငံကများတော့ သေချာပေါက်ဝင်ရမယ်၊ (Health Insurance) အသက်အာမခံကြေးလည်း သွင်းရမယ်၊ လိုအပ်တာတွေတော့ ပို့ပြီးပြီ၊ ဓာတ်ပုံရော"

"ဟုတ်ပြီလေ၊ ကိုယ် မနက်ဖြန်ပြန်မယ်၊ ရန်ကုန်ဆင်းရင် ပြောနော်"

"ပြောမှာပေါ့ သုံးယောက်လုံး အတူတူသွားမယ်"

"ဘယ်သံရုံးဝင်ရမယ် ပြောလဲ"

"ဂျာမနီသံရုံးတဲ့"

"ချယ်ရီ့အန်တီက ဘာပြောသေးလဲ"

"အမေက ဝမ်းသာနေတာပေါ့"

"ကိုယ်လည်း အရမ်းဝမ်းသာတယ်၊ စဉ်းစားကြည့်တာ ချယ်ရီ ကံဆိုးပြီး မထင်မှတ်ထားတဲ့ တရားရုံးတွေ၊ အမှုတွေကို ကာလ ကြာရင်ဆိုင်ခဲ့ရတယ်၊ စိတ်အရမ်းညစ်ခဲ့ရတယ်၊ ခုကျတော့ မထင်မှတ်ထားတဲ့ ဥရောပခရီးစဉ်ပေါ်လာတယ်၊ ဒါကတော့ ချယ်ရီအတွက် ကံအရမ်းကောင်းသွားပြန်ရော၊ အသင့်တော်ဆုံး အနေအထား အသက်အရွယ်မှာ ကိုယ့်ပညာနဲ့ရောက်တာက ပိုက်ဆံရှိလို့သွားတာနဲ့ မတူဘူး၊ ချယ်ရီတို့က အနုပညာသမား တွေဖြစ်တဲ့အတွက် အကြည့်မတူဘူး၊ ခံယူမှုမတူဘူး၊ မျှဝေမှု မတူတာတွေ ရလာလိမ့်မယ်၊ ကိုယ်ပြောလိုက်မယ်၊ ပန်းချီရေးရုံ တင်မက စာတွေပါ ရေးချင်လာလိမ့်မယ်"

"အဲ့လောက် မဟုတ်ပါဘူး ပင်စည်ရယ်၊ တစ်ခါတလေတော့ လည်း ရေးချင်စိတ်ဖြစ်မိတာလေးတွေ ရှိပါတယ်၊ ချတော့ မရေး ဖြစ်ဘူး"

"အနုပညာ ကိုယ်ခံအားကောင်းလာရင် ရေးနိုင်လာလိမ့်မယ်"

"ပင်စည်လည်း ရေးပါ့လား သူများပဲ လာပြောနေ"

"ကိုယ်တို့က ဖတ်အားပဲ ပိုကောင်းတာ၊ မရေးတတ်ဘူး၊ စာဖတ်တဲ့လူတိုင်း စာရေးတတ်မယ်မထင်နဲ့၊ သူများရေးတာကို တော့ ဝေဖန်ဆန်းစစ်တတ်တယ်"

"ဒါလည်း ပညာတစ်ခုပါပဲ"

"အင်း ရိုက်ခံရမယ့်ပညာလား"

"ဒါနဲ့လေ ပင်စည်ကို သဘောကျတာ ဘယ်သူလဲဟင်"

"ဟင် စကားကလည်း ဘယ်ကနေ ဘယ်လိုအတွေးပေါက်ရောက်သွားတာလဲ"

"သိချင်လို့ပါ"

"အမွန်းတဲ့၊ အိမ်က မိဘတွေနဲ့ သူ့မိဘတွေနဲ့ သိတယ်၊ ကိုယ်တို့က အရင်ကတည်းက ခင်တယ်၊ ဒါကြောင့် ခုနောက်ပိုင်း အိမ်ကို မလာတာကြာပါပြီ၊ သူများသားသမီး တကယ်မချစ်နိုင်၊ လက်မထပ်နိုင်ဘဲ မတွဲချင်လို့၊ သူ့အိမ်၊ ကိုယ့်အိမ်ကတော့ သဘောတူတာပေါ့၊ သူက စီးပွားရေးလုပ်တာပါ၊ ကိုယ်တိုင်ငွေရှာနိုင်တယ်ဆိုပြီး အခြားသူတွေအပေါ် နည်းနည်းမောက်မာချင်တယ်၊ အဲဒါကို မကြိုက်တာ စကားပြောရင် ကြွားတာလေးပါလိုက်ရမှ၊ အိမ်နေရင်းလည်း ရွှေတွဲလဲ၊ ငွေတွဲလဲတွေ ဝတ်စားထားတာ၊ ကိုယ်မကြိုက်ဘူး၊ သူ့ကြည့်လိုက်ရင် ရှုပ်ယှက်ခတ်နေတာ၊ ကိုယ်က အနေရှင်း၊ အမြင်ရှင်းနေမှ ကြိုက်တာ၊ ဥပမာချယ်ရီလိုမျိုး"

"ဟွန်း...ချယ်ရီတို့က ဝတ်စရာလည်းမရှိ၊ ကြွားစရာလည်း မရှိပါဘူး"

"အဲဒါ အကောင်းဆုံးပဲ ချယ်ရီ အနောက်ကိုရောက်ရင်ကြည့် ဘယ်သူဌေးမှ ဘယ်သူမှ လက်ဝတ်လက်စားတွေကို မဝတ်ကြဘူး၊ အရိုးရှင်းဆုံးနေထိုင်မှုနဲ့ လွတ်လပ်စွာနေထိုင်ကြတယ်၊ ဒီမှာလို

ရုပ်ချောမှ ရုပ်ရည်ပြေပြစ်မှ အလုပ်ခန့်တာမဟုတ်ဘူး၊ မဲချင်မဲတူး နေပါစေ၊ တော်ရင် အရည်အချင်းရှိရင် အလုပ်ခန့်တယ်၊ အလုပ် လာလျှောက်လို့ Form ထဲမှာ ပြည့်နှက်နေတဲ့ အောင်လက်မှတ် တွေကို မလိုချင်ဘူး၊ ချက်ချင်း ဒီအလုပ်မှာ သူ ဘယ်လောက်ထိ အဆင်ပြေစွာ လုပ်ပေးနိုင်မလဲ၊ သူ့အရည်အချင်း ဘယ်လောက် ရာခိုင်နှုန်းရှိလဲ၊ ဒါပဲ လိုလားတယ်၊ ရုပ်ရည်က အဓိကမဟုတ်ဘူး၊ တစ်ကိုယ်ရည်သန့်ရှင်းသပ်ရပ်မှုတော့ ကြည့်တာပေါ့၊ ဒါလည်း အဓိကကျတယ်လေ"

"ဒီမှာက သင်ထားတဲ့ပညာရေးနဲ့ အပြင်အလုပ် အံဝင်ခွင်ကျဖြစ် နိုင်ဖို့ အရမ်းအားနည်းတယ်ပင်စည်ရဲ့၊ ဆရာဝန်တွေ အင်ဂျင်နီယာ တွေက ထားတော့၊ တခြားဘာသာရပ်တွေဆို ပိုဆိုးရော၊ ဘွဲ့တစ်ခု ရတာသာရှိခဲ့တာ၊ အပြင်မှာ မပံ့ပိုးထားရင် ဘွဲ့ရပညာတတ်လို့ တောင် ပြောဖို့ခက်တယ်၊ သင်လိုက်တာပဲရှိတာ အချိန်တန် ဘွဲ့ရ သွားတာပဲ ရှိတာလေ၊ သုခရိပ်မြုံက ကလေးတွေကို နီးစပ်ရင် စာတောင် သွားသင်ပေးချင်တာ၊ သူတို့ ရှင်နိုင်သမျှ ရှင်သန်မှု အတွက် ပညာက သူတို့အတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်မှာ"

"အဲဒီက ပြန်လာပြီး ချယ်ရီရဲ့ ကိုယ့်ကိုကိုယ်ဖြစ်တဲ့ စိတ်ခံစားချက် ကို ပြောပါဦး"

"စိတ်ခံစားချက်ပြောင်းသွားတယ်၊ တကယ်တော့ ချယ်ရီက လူကြီး တစ်ယောက်လည်းဖြစ်၊ ပညာတွေလည်း သင်ထားပါလျက်နဲ့ အဖေနဲ့ဆက်စပ်တွေးတောမှုကနေ သံသယကြီးမားလာပြီး အဖြေ

ကို မသိဘဲကြောက်နေခဲ့တာ၊ တကယ်လို့ အဖြေကို တိတိကျကျ သိမယ်ဆိုရင် မကြောက်ဘူး၊ နောက်တော့ ငါ့မှာ ဒီရောဂါရှိလည်း ဘာဖြစ်လဲဆိုပြီး ကလေးတွေကို ကြည့်ပြီး အဲဒီအတွေးကို ပြောင်းနိုင်လာတော့ စိတ်သက်သာရာရသွားတယ်၊ ဘယ်လိုမှ မနေတော့ဘူး ဒါကြောင့်လည်း ပင်စည်ကို ကျေးဇူးတင်တယ် ပြောတာပါ၊ တကယ်လို့သာ အဲဒီကို မရောက်ခဲ့ဘူး၊ နေနိုင်လေးကို မတွေ့ခဲ့ဘူးဆိုရင် ချယ်ရီ ခုလို ပြောင်းတွေးနိုင်မှာ မဟုတ်ဘူး"

"ချယ်ရီဆီမှာ Analytical Thinking skill တွေးခေါ်ဆင်ခြင် တတ်ခြင်း စွမ်းရည်တိုးတက်လာတယ်လို့ ခေါ်တယ်၊ တွေးခေါ် ဆက်စပ်တတ်တဲ့ အသိဉာဏ်ရလာခြင်းပေါ့၊ ချယ်ရီရဲ့စိတ်အခံက စိတ်ထားသိမ်မွေ့မှုအပြည့် ရှိတယ်၊ ကိုယ်ချင်းစာနာတတ်တယ်၊ အရင်က Fantasy world စိတ်ကူးယဉ်ကမ္ဘာထဲမှာ ရှိတယ်၊ ခံစားချက်တွေ များတယ်၊ အရမ်းလိုက်ခံစားရင်း ငြိမ်းချမ်းမှု ကင်းဝေးခဲ့တယ်၊ နောက်ပိုင်း လက်တွေ့ဖြစ်စဉ်တွေ များလာတဲ့ အခါ ဦးနှောက်ကရော စိတ်ခံစားမှုကရော ခွဲခြားတတ်လာတယ်၊ ဦးနှောက်က ခန္ဓာကိုယ်ကြွက်သားတွေလိုပဲလေ၊ လေ့ကျင့်ခန်း များများလုပ်ရင် ကြွက်သားတွေ သန်မာသလို စဉ်းစားပေးရင် ဦးနှောက်ဉာဏ်ထက်သန်လာလိမ့်မယ်၊ နောက်ပြီး ချယ်ရီငယ်စဉ် ကတည်းက စာနဲ့မဝေးခဲ့တာလည်း ပါပါတယ်"

"ဟုတ်တယ် ချယ်ရီ့အဘွားက အင်မတန်ပုံပြင်ပြောကောင်းသူ၊ ဇာတ်လမ်းအပြောကောင်းသူ၊ အိပ်ရာဝင်အဘွားပုံပြင် ဇာတ်လမ်း တွေနဲ့ အိပ်စက်ခဲ့ရတယ်၊ တစ်ခါတလေ အိပ်မက်တွေတောင် မက်လို့"

"အဘွားအသည်းလား"

"ဆိုပါတော့"

"မျက်လုံးဖြစ်တော့ အဘွားရှိသေးလား"

"ရှိတာပေါ့၊ ငါ့မြေးလေး မျက်လုံးကန်းပါပြီဆိုပြီး နေ့တိုင်းငိုတာ အဘွားက ဆေးမြီးတိုနဲ့လည်း ကုချင်၊ အဖေကလည်း အမေ့ကို အရမ်းဆူတာပေါ့၊ တကယ်တော့ တစ်ဖက်တည်း အားစိုက်ရလွန်းတဲ့အခါ နောက်တစ်ဖက်ကို အရမ်းတောင့်တတဲ့အချိန်တွေမှာ အခန်းထဲ တစ်ယောက်တည်းငိုမိတယ်"

"အားမငယ်ပါနဲ့ ကိုယ်ရှိတယ်၊ ဘယ်တော့မှလည်း မငိုနဲ့တော့၊ ယူမယ့်ပစ္စည်းတွေ သေချာစာရင်းရေးထား၊ လိုအပ်တာတွေ ကိုယ် ဝယ်ပေးမယ်၊ မပြန်ခင် ဆေးတွေယူသွားပါ၊ တစ်ခုခုလိုရင် ကိုယ့်ဆီမှာ အဆင်သင့်ပါတာ အကောင်းဆုံးပဲ"

"လောလောဆယ်တော့ ခရီးဆောင်အိတ်ကြီးတစ်လုံး ဝယ်ရမယ်၊ ချယ်ရီ့အိတ်က သေးတယ်"

"အိုကေလေ၊ ညနေ တောင်ကြီးဈေးသွားတာပေါ့"

* * *

စားသောက်ဆိုင် မှန်ခန်းလေးထဲကနေ အပြင်ကို လှမ်းကြည့်စဉ်မှာ တိမ်ရောင်စုံတွေ လှလှပပ တောက်ပနေတယ်။ နေမင်းကြီးက လှပတဲ့ ရောင်ခြည်အလင်းတန်းတွေ ဖြန့်ကျက်ပြီး သစ်ပင်ထိပ်ဖျား တောင်တန်းများပေါ် မေးတင်နေသလို။ လေပြေအဆော့မှာတော့ ရှမ်းထမင်းစားနေတဲ့ ချယ်ရီ့ဆံပင်တွေ ယိမ်းနွဲ့သွားစေတယ်။ ကြည့်လို့ကောင်းကောင်းနဲ့ ကြည့်နေမိတယ်။

*စိမ်းညို့မှောင်မှောင်*
*အခက်အလက်*
*သစ်ကိုင်းရန့်*
*သစ်ရွက်သစ်ဖူး*
*သစ်ပွင့် သစ်ခေါက်*
*တွယ်ကပ်ရှေညို နှင်းစက်သောက်သည့်*
*စိမ်းမြမြ ကတ္တီပါတစ်ချပ်*
*မြင်နေရတယ်*
*မင်းရဲ့အနောက်မှာ*
*အတူယှဉ်ကာကြည့်တော့*
*အချစ်ရယ်*
*မင်းက လှလိုက်တာ*

**ပင်စည်**

မင်းက ကိုယ့်ရဲ့ပင်စည်မှာ လာကပ်နေတဲ့ စိမ်းမြမြ ကတ္တီပါချပ်လေးပါကွယ်။

"ပင်စည် ဘာတွေရေးနေတာလဲ ဗိုက်ဝပြီလား"

"ဝပြီ၊ စားပြီးရင် ဖတ်ကြည့်"

"ပြီးပြီ၊ စားလို့အရမ်းကောင်းတယ်၊ ဘာလဲ ဖတ်မယ်...ပေး"

ချယ်ရီ့လက်ထဲ စာအုပ်လေးထည့်လိုက်တယ်။

အသံလေးတိုးတိုးရွတ်ဖတ်ရင်း ပြီးတော့ ချယ်ရီနောက်ကို လှည့်ကြည့်လိုက်တယ်။ နောက်တည့်တည့်က ရှေညို့ကပ်နေတဲ့အပင်ကို မြင်တော့ သဘောကျသွားဟန်နဲ့

"ပင်စည်ကမှ တကယ်စာရေးရမှာ သိလား၊ လက်တန်းစပ်နိုင်တယ်၊ ကဗျာလေးတွေ ဖတ်ရတာ စိတ်ဝင်စားတယ်၊ ကောင်းတယ်၊ ကိုယ့်လူကိုတော့ အမွှန်းတင်ထားတာပေါ့လေ"

"ရုတ်တရက်ကြည့်ပြီး လှလည်းလှ ရေးချင်စိတ်လည်း ပေါက်သွားလို့ပါ၊ နောက်ကျမှဆို မရေးတတ်တော့ဘူး၊ ပင်စည်မှာ ကပ်နေတဲ့ စိမ်းမြမြ ရေညှိလေ"

"တင်စားတာကလည်း မိုက်တယ် ခရစ်တစ်"

"လုပ်ပြီ ဟား…ဟား"

အဲဒီနေ့ကတော့ အတော်ကို ကျေနပ်ပျော်စရာကောင်းခဲ့တယ်။ ညနေမှာ ချယ်ရီနဲ့အတူ ဈေးပတ်ကြရင်း ချယ်ရီ့အတွက် ခရီးဆောင်လေးဘီးပါ အိတ်ကြီးကြီးတစ်အိတ်ကို လက်ဆောင်ဝယ်ပေးလိုက်တယ်။ ချစ်မြတ်နိုးရသူရဲ့ ခရီးစဉ်သာယာချောမွေ့ဖို့ ဘုရားမှာ အတူဆုတောင်းကြရင်း။ တောင်ကြီးအပြန် ခရီးစဉ်လေးကလည်း သာယာချောမွေ့ခဲ့ပါတယ်။

●

## အခန်း (၂၁)

ထက်အောင်က ရှေ့မှာရှိနေတဲ့ မုန့်ဟင်းခါးပန်းကန်ကို စားပြီး လက်ဖက်ရည်ခွက် အေးစက်တဲ့ထိ မသောက်နိုင်ဘဲ ပြောတာတွေကို ငေးမောအံ့သြစွာနားထောင်နေခဲ့တယ်။ အံ့သြခြင်းတွေနဲ့အတူ မယုံတောင်မယုံနိုင်ဘူးလို့ ပြောတယ်။ ထက်အောင် စင်ကာပူကိုသွားနေစဉ် ကာလတွေမှာ အပြောင်းအလဲများစွာတွေကြောင့်

"ဒီအတိုင်းဆို မင်းနဲ့ချယ်ရီရဲ့ပြန်ဆုံစည်းမှု ဇာတ်လမ်းကြီးက အဆန်းကြီးပဲ၊ ခု မင်းပြောတဲ့နိုင်ငံခြားက ဘယ်သူ…"

"ကိုလင်းမြတ်တဲ့"

"သူက စပွန်စာသဘောပေါ့"

"သဘော မဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တယ်၊ သူတို့က Myanmar Art group ဆိုပြီး တည်ထောင်ထားတာ page လည်း ရှိတယ်၊

ဝင်ကြည့်ပြီးပြီ၊ ပန်းချီ၊ ပန်းပုအနုပညာတွေ များတယ်၊ မြန်မာ့ပန်းချီကိုလည်း နိုင်ငံတကာစိတ်ဝင်စားတယ်လေ"

"အေး…ချယ်ရီက ပန်းချီမှာ တော်ပြီး အကျိုးပေးပုံရတယ်၊ သူ့ကံကလည်း ဆိုးတုန်းကလည်း ကြောက်စရာ၊ ကောင်းတော့လည်း ဝုန်းခနဲပဲ၊ သွားရမှာ တကယ့်နိုင်ငံတွေပဲ၊ မင်းစိတ်မချတာအပြစ်မဟုတ်ပေမယ့် သူ့တော့ ဖိအားမပေးပါနဲ့"

"မပေးပါဘူး၊ သူလိုအပ်တာကို ငါဖြည့်ဆည်းပေးချင်တာပါ"

"ဘာပဲဖြစ်ဖြစ် ခုလိုပြန်ဆုံပြီး သတင်းကောင်းကြားရတာ ဝမ်းသာတယ် သူငယ်ချင်း"

"ငါလည်း ထင်မထားဘူး"

ဦးပြည့်ကို ပြောပြတော့လည်း အံ့သြသင့်နေပြီး ချယ်ရီ့ကို ချီးကျူးတယ်။ တစ်ဆက်တည်း ဦးပြည့်မသိသေးတဲ့ မန္တလေးက ချယ်ရီ့ညီမသဲဆုကြွေတို့အကြောင်းပါ ပြောပြလိုက်တယ်။ ဦးပြည့်က ပြောတယ်။

"မြန်မာလူမျိုးတွေ အများဆုံးပြောတတ်ပြီး အလွှမ်းမိုးဆုံး စကားတစ်ခွန်းရှိတယ်၊ နေ့စဉ်အသုံးထဲမှာလည်း အမြဲပြောနေကြတယ်၊ ယုံလည်းယုံကြည်ကြတယ်"

"ဘာလဲ ဦးပြည့် အဲဒီစကားလုံးက"

"ချယ်ရီ့အဖြစ်ကိုကြည့်ပြီး ပြောမယ်ဆိုရင် ကံဆိုတဲ့စကားပေါ့၊ ချယ်ရီပြဿနာတွေဖြစ်တဲ့အခါ ကံဆိုးပြီး ခုလိုပန်းချီနဲ့ပတ်သက်ပြီး ဥရောပနိုင်ငံတွေက ဖိတ်တဲ့အခါ ကံကောင်းတယ်ပေါ့၊ ဒီလိုပြောကြတယ်၊ တကယ်တော့ ကံဆိုတာ အဲဒီလူလုပ်သမျှ နေ့စဉ်အပြုအမူနဲ့ ကြောင်းကျိုးဆက်စပ်နေတာ၊ ကိုယ်လုပ်လိုက်တဲ့

အပြုအမူတစ်ခုကနေ ကံကောင်းခြင်း၊ ကံဆိုးခြင်းကို ဖြစ်ပေါ်လာစေတယ်၊ ကံဆိုတာ လူကလုပ်တာဆိုတာ အမှန်ပဲသား၊ ပထမဖြစ်စဉ်မှာ သူ့ညီမလေးအတွက် ဆေးသွားယူပေးတယ်ဆိုကတည်းက ကိုယ်နဲ့ဆက်စပ်တဲ့လူတွေက ဆေးစွဲတွေ၊ အဲဒီကနေ ကူးစက်ပြီး အကောင်းထက် အဆိုးလာဖို့ပဲရှိတယ်၊ တွေးလို့ရတယ် သား၊ သူ ပန်းချီဆွဲတဲ့ကောင်းသောအလုပ်ကို လုပ်ခဲ့တယ်၊ အကျိုးခံစားခွင့်နဲ့ ကံကောင်းခြင်းကို သူမျှော်ကိုးလုပ်ခဲ့တာ မဟုတ်ဘူး၊ အဲဒီရှေ့မှာ လုပ်ခဲ့တဲ့အလုပ်ရဲ့အကျိုးကြောင့် ဆက်စပ်ပြီး နောက်မှာကောင်းသောကံလိုက်လာတာ၊ ဒီအလုပ်က ကောင်းမွန်တဲ့အတွက် အဆိုးထက် အကောင်းလာဖို့ပဲရှိတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဟောတာပေါ့၊ ကံကောင်းချင်ရင် အလုပ်ကောင်းလုပ်ပါလို့”

“ဟုတ်ပါတယ် ဦးပြည့်”

“မန္တလေး–ရန်ကုန် အမြန်လမ်းပေါ်မှာ ကားတွေ ခဏခဏတိမ်းမှောက်တယ်၊ လူတွေ သေကြ၊ ဒဏ်ရာရကြတယ်၊ ဒါကိုသေတဲ့လူကို ကံဆိုးတယ်ပြောပြီး လွတ်မြောက်တဲ့လူကို ကံကောင်းလိုက်တာလို့ ပြောကြတယ်၊ ဒါပေမဲ့ ဘာလို့ ကံဆိုးတာလဲ၊ ဒရိုင်ဘာက သတိမှတ်ချက်ထက် ပိုမောင်းလို့လား၊ မိုးရွာထားတော့ သတိကြီးစွာ မထားလို့လား၊ အရက်သေစာသောက်စားထားလို့လား၊ အိပ်ရေးမဝလို့လား၊ လုပ်ကြံမှုလား၊ အကြောင်းမဲ့တော့မဟုတ်ဘူးသား...ဘာကြောင့်လဲဆိုတဲ့အတွေးနဲ့ အဖြေကိုရှာသင့်တယ်၊ အဲဒီအဖြေက ကံဆိုးခြင်းတွေဆီ သယ်ဆောင်သွားခဲ့တာလေ၊ ခုတော့ ဘာပဲဖြစ်ဖြစ် အတိတ်ကံဝဋ်ကြွေးတွေနဲ့သတ်မှတ်မှုများကြတယ်၊ သားလည်း အတိတ်ကံအရ ရှေ့နေ

ကောင်း ဖြစ်မှာမဟုတ်ဘူး၊ သားကြိုးစားမှ ရှေ့နေကောင်းဖြစ်မှာ၊ ဦးပြည့်ကို တချို့က ခင်ဗျားလိုရှေ့နေကောင်းနဲ့တွေ့တာ ကံကောင်းတာဗျာလို့ပြောတယ်။ မတော်တဆ တွေ့တာမှမဟုတ်ဘဲ၊ တွေ့အောင်ကို သက်သက်မဲ့လုပ်ထားတဲ့ အလုပ်တွေပါတဲ့ဥစ္စာ၊ ဒါကို ကံကောင်းတယ်လို့ခေါ်မှာလား... ချယ်ရီ့ကြိုးစားမှုကြောင့် ချယ်ရီဖြစ်တာ၊ ကံခြင်းနှိုင်းယှဉ်လို့ မရတာက လုပ်တဲ့အလုပ်ချင်း နှိုင်းယှဉ်လို့မရလို့ပဲ၊ သူ့ကျကံကောင်းပြီး ကိုယ့်ကျမှ ကံဆိုးတာ ဆိုတာရှိသေး...အရင်အတိတ်၊ လက်ရှိလုပ်တဲ့အလုပ်၊ ထားတဲ့ စိတ်ထား မတူမှတော့ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ရလဒ် ဘယ်တူပါ့မလဲ၊ ဦးပြည့်ကတော့ ချယ်ရီ့အတွက် ဝမ်းသာတယ်"

"သားလည်း အရမ်းဝမ်းသာတယ်"

"ဒါနဲ့ ချယ်ရီ့ကို ဘယ်တော့ အိမ်ကို အသိပေးမလဲ"

"ချယ်ရီ နိုင်ငံခြားက ပြန်လာပြီးမှပါ၊ ခု စာမေးပွဲလည်းအောင်ထားတယ်ဆိုတော့ အိမ်က အခြေအနေကောင်းတယ်၊ စာမေးပွဲတွေကတော့ ကိုယ့်တက်လမ်းအတွက် ဦးပြည့်လိုဆက်ဖြေနေဦးမှာပါ"

"ဥပဒေပညာက သင်လို့ရပေမယ့် ရှေ့နေပညာက သင်လို့မရဘူး၊ အဓိကက သား စာတွေအများကြီးဖတ်ရမယ်၊ အဲဒီစာဖတ်ခြင်း အကျိုးကနေ အလုပ်ကို သိပ်အထောက်အကူပြုတယ်၊ ဖတ်ရမယ်၊ စာအုပ်တွေမှာထားမယ်၊ ပေးဦးမယ်"

"ဟုတ် ဦးပြည့်"

"ချယ်ရီနဲ့ပတ်သက်ပြီး ဘယ်အရာမှမလောနဲ့"

"ဟုတ် ဦးပြည့်"

ဦးနဲ့စကားပြော နေ့လယ်စာစားပြီး ပြန်လာချိန် ကားပေါ်ရောက်တော့ ချယ်ရီ့ဆီက ဖုန်းဆက်လာတယ်။ စက်တင်ဘာ (၁၃) ရက် သွားရမှာ သေချာသွားပြီမို့ ခု (၃) ရက်နေ့ ရန်ကုန်ဆင်းပြီး သံရုံးဝင်မယ်။ ဆရာဦးကျော်လွင်၊ ဆရာမ မစံပယ်နဲ့ ချယ်ရီ သုံးယောက်။ ရန်ကုန်က အပြန် မန္တလေးဝင်မယ်။ အဲဒီကျရင် တွေ့မယ်တဲ့။ ဒါဆိုရင် သူ့ကို ရန်ကုန်မလိုက်ခိုင်းတော့တဲ့သဘောလို့ တွေးလိုက်တယ်။ ဟုတ်ပါ တယ်။ ဒီအချိန်မှာ သူက အလုပ်ရှုပ်နေမှာ။ ကိုယ်က ကိုးလိုးကန့်လန့် ဖြစ်မနေစေချင်။ သုံးရက်ပဲ ကြာမယ်ဆိုတော့ ခုနစ်ရက်နေ့ မန္တလေးရောက်၊ ကြားထဲမှာ သွားဖို့အချိန်တစ်ပတ်ပင်မရှိ။

ချယ်ရီက လေယာဉ်စီးရင် မူးတတ်တာကြောင့် အကြာကြီးစီးရမှာကိုလည်း စိုးရိမ်မိလို့ ကားကို ဆေးဆိုင်တွေဘက်လှည့်ရင်း လိုနိုင်မယ့်ဆေးတွေ ဝယ်တယ်၊ ခေါင်းကိုက်ပျောက်ဆေး၊ နှာစီးပျောက်ဆေး၊ ခေါင်းမူးပျောက်ဆေး၊ အားဆေး၊ ငှက်သိုက်၊ နောက် ဘာလိုအုံးမလဲ။ ပလာစတာ၊ လိမ်းဆေး၊ အစုံပါပဲ။ ဒီဆေးအိတ်ကို ချယ်ရီ့ကို သေချာထည့်ပေးမယ်။ ငှက်သိုက်ကတော့ မသောက်လို့မဖြစ်။ တစ်နေ့တစ်လုံး သောက်ရမယ်။ ဒါမှ အိပ်ရေးပျက်ခံနိုင်မှာ။ တစ်ရှူးအစို၊ Hand ဂျယ်လ် စတဲ့ လိုအပ်တာတွေ လျှောက်တွေးပြီး ဝယ်ပြီးတော့ အိတ်တစ်လုံး ဇစ်ဆွဲအိတ်လေးပါ ဝယ်လိုက်ပြီး သပ်သပ်ရပ်ရပ် ထည့်လိုက်တယ်။ နားကြပ်တံက စပါတယ်။ လိုအပ်ရင် တွေ့ကရာနဲ့ ထိုးလို့မရဘူး။ နားထဲရေဝင်ပြီး ရေမထွက်ရင် မှိုဖြစ်ပြီး နားစည်ပိတ်တာကို ဖြစ်ဖူးတယ် မခံစားနိုင်လို့။ ရေချိုးပြီးရင် နားထဲရေမရှိအောင် နားသန့်ရှင်းရေးလုပ်လေ့ရှိတယ်။ ချယ်ရီလုပ်မလုပ် တော့မသိ။ လိုလိုမယ်မယ်ပေါ့။ ဒူးနာပျောက်ဆေးနဲ့ ဝမ်းပိတ်ဆေးပါ

ထည့်လိုက်သေးတယ်။ ချယ်ရီ့ကို ဖုန်းပြန်ဆက်ပြီး ဘာဆေးမှ မဝယ်ဖို့ရယ်။ ဘာလိုသေးလဲ မေးလိုက်တယ်၊ ဘာမှမလိုပါဘူးတဲ့။

အမှန်တော့ ချယ်ရီ့ဘေးကလိုက်ပြီး ကိုယ်ရံတော် လုပ်ချင်တာ။ လိုအပ်တာမရှိစေရ။ ဟင်း…ရင်တွေလည်းမောာ။ ကြိုပြီးတော့တောင် လွမ်းနေရပါလား ချယ်ရီရေ၊ ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းက ဘာကြောင့် ဒီလောက်စိုးမိုးစေလဲ မသိဘူး။ ဦးပြည့်ပြောသလို ကြောင်းကျိုး ဆက်စပ်မှုတွေထင်ပါရဲ့။ ကိုယ်တို့နှစ်ယောက်အတွက် ကံကောင်းခြင်း တွေကိုပဲ မျှော်လင့်တယ်။ အလုပ်ကောင်းတွေပဲ လုပ်ခဲ့ကြလို့လေ။

အိမ်ကိုရောက်တော့ အံ့သြစွာ အဖေ့ကို ဧည့်ခန်းမှာ မြင်လိုက်ရ တယ်။ ကုမ္ပဏီကနေ နေ့တစ်ပိုင်းပြန်လာတာ သွေးနည်းနည်းတိုးနေလို့တဲ့။ အမေက သံပရာရည်ဖျော်ပေးတယ်။

"သက်သာရဲ့လား အဖေ၊ ဆေးခန်းသွားမလား၊ လိုက်ပို့ပေးမယ်"

"ရတယ်၊ သား ချွေးစို့စို့နဲ့ အဲကွန်းခန်းဝင်လိုက်တာ တစ်မျိုးဖြစ် သွားလို့ ခုသက်သာပါတယ်၊ ခု ဘယ်ကပြန်လာတာလဲသား"

"ဦးပြည့်အိမ်ကလေ"

"အိမ်လာခဲ့ဦးလို့ ပြောလိုက်ဦး"

"ပြောထားတယ် အဖေ၊ ဦးပြည့်လည်း အလုပ်ရှုပ်တယ်"

"တစ်လောက သူလိုက်တဲ့ လူသတ်မှုတစ်ခု အဆင်ပြေသွားတယ် ကြားတယ်၊ ကောင်မလေးတစ်ယောက်လည်း ပါတယ်ပြောတယ်၊ ဘိန်းမှုရော ပါတယ်ဆို"

အဖေ့ရဲ့ ရုတ်တရက်အမေးကြောင့် အံ့အားသင့်သွားတယ်။

"ဟုတ် အဖေ၊ သား တရားခွင်မှာ လိုက်လေ့လာပါတယ်၊ ဦးပြည့်က လိုက်ခိုင်းလို့ ပြီးသွားပါပြီ၊ လူများသတ်ခံရတဲ့အမှုပါ၊ ပါတဲ့ မိန်းကလေးက ဗလာကြီးခံရတာ အမှုတွဲဖြစ်သွားတာ"

"ဟုတ်လား ကုမ္ပဏီက မန်နေဂျာတစ်ယောက် ပြောပြလို့ သေဆုံးတဲ့သူက သူတို့အိမ်နားကတဲ့၊ ရမ်းကားနေတဲ့ဆေးကြောင်ကောင်လေးတွေက ရက်ရက်စက်စက်သတ်သွားတာဆိုတော့ အလုပ်သမားဝန်ထမ်းလေးအတွက် စိတ်တောင်မကောင်းဘူး"

"ဟုတ်တယ်၊ တရားခံ ငါးနှစ်ကျတယ်၊ ကျန်တဲ့ ဝန်းရံအားပေးသူတွေ တစ်နှစ်စီ"

"ကောင်မလေးကရော"

"သူက ခြောက်လ၊ အချုပ်ခံရတာကိုက ခုနစ်လဆိုတော့ လွတ်တာပေါ့၊ တစ်လတောင် ပိုနေလိုက်ရသေး"

"ဘယ်ကလဲ ကောင်မလေးက မန္တလေးကပဲလား၊ ကာရာအိုကေ မယ် လား"

"မဟုတ်ဘူး၊ တခြားမြို့ကပါ၊ မန္တလေးရောက်ပြီး အဲဒီည အဲဒီအဖွဲ့ထဲမှာပါတဲ့ သူ့သူငယ်ချင်း လာတွေ့ရင်းဖြစ်သွားတာ၊ အပြန်ကားနဲ့လိုက်ရင်းပေါ့"

"ဩော် အေးပါ၊ မင်း ဦးပြည့် ကိုင်ရတယ်ဆိုတာသိလို့၊ အဖေ အိပ်တော့မယ်၊ Good Night"

"ဟုတ် Good Night"

အဖေက သံပရာရည်ကို အကုန်မော့သောက်ပြီး အခန်းထဲ ဝင်သွားတယ်။ အဖေရော အမေ့ရော နှုတ်ဆက်ပြီး အိပ်ခန်းထဲရောက်

သက်ပြင်းချမိတယ်။ မထင်မှတ်ဘဲ အဖေရဲ့အမေးတွေကြောင့် နည်းနည်းတော့ တုန်လှုပ်မိတယ်။ ချယ်ရီ ခုလိုဖြစ်တာကို အဖေ့ကို မသိစေချင်။ အခြားအကြောင်းထက် အဖေတို့က ဒါမျိုးဖြစ်စဉ်တွေကို ကြိုက်မှာမဟုတ်။ သူကိုယ်တိုင်က အေးအေးဆေးဆေးနေတတ်တာ။ ဒီကိစ္စကို ဦးကလွဲလို့ ဘယ်သူ့ကိုမှ မသိစေချင်။ ချယ်ရီ့အပေါ် အထင်အမြင်သေးမှာကို အရမ်းစိုးရိမ်မိတယ်။ ဇီဇာကြောင်တာ မဟုတ်ပေမယ့် အဖေ့ပုံစံနဲ့စိတ်ကို သိနေတာမို့ လုံးဝမသိစေချင်။ တော်သေးတယ် နာမည်မသိလို့။ အတွေးများစွာနဲ့ ထိုတစ်ည နှစ်နှစ်ခြိုက်ခြိုက်တော့ အိပ်ပျော်သွားခဲ့တယ်။

●

## အခန်း (၂၂)

အချိန်တို့က မကုန်စေချင်ရင် အကုန်မြန်ပြီး အကုန်မြန်စေချင်ရင် နှေးကွေးလွန်းလိုက်တာလို့ ထင်ရတယ်။ ရွက်စုတ်ပြက္ခဒိန်စာရွက်လေးကို နေ့စဉ် ဆုတ်ဖြရင်း။ ချယ်ရီ့ဖုန်းအဆက် စောင့်ရတာမောလှတယ်။ သူက သူ့အလုပ်သူ လုပ်နေပေမယ့် ကိုယ့်စိတ်တွေက သူနောက်လိုက်သွားပြီ။ Online မှာလည်း တွေ့တစ်လှည့် မတွေ့တစ်လှည့်။ ချယ်ရီ ရန်ကုန်ကို ထွက်လာပြီ။ ရန်ကုန်ရောက်ပြီး သုံးရုံးအဝင်အထွက် လုပ်စရာရှိတဲ့ ကိစ္စ များပြီးလို့။ လိုအပ်တာလေးတွေ ဝယ်နေတယ်ဆိုမှ စိတ်နည်းနည်းချသွား တယ်။ ရန်ကုန်မိုးက များတာကြောင့် ထီးယူသွားဖို့ မိုးမမိစေဖို့ မှာရ၊ သွားခါနီး ဖျားနာနေမှာကို စိုးရိမ်တယ်။ ဆယ့်နှစ်ရက်နေ့ကို ရန်ကုန်ပြန်ဆင်း မယ်။ မန္တလေးမှာ ခုနစ်ရက်နေ့ရောက် တစ်ညအိပ်ပြီး ပြန်မယ်တဲ့။ တော်သေးတယ် မန္တလေးတစ်ညအိပ်လို့။ မဟုတ်ရင် မလွယ်။

ချယ်ရီသွားမယ့်နေ့ လေယာဉ်ကွင်းကို လိုက်ပို့ချင်တယ်။ ဒီကိစ္စတော့ ပူဆာမယ်လို့ စိတ်ကူးထားတယ်။ ထက်အောင်လည်း ရန်ကုန်ရောက်နေတာဆိုတော့ ကိစ္စမရှိ။ နောက်တစ်ခု ချယ်ရီ ငွေရေးကြေးရေး အဆင်ပြေပါ့မလား။ ဒါကိုလည်း ကူညီချင်တယ်။ တစ်မျိုးထင်သွားမှာလည်း စိုးရိမ်တယ်။ အများနဲ့လိုက်တဲ့အခါ ကိုယ့်ချစ်သူလေးကို အားမငယ်စေချင်၊ မျက်နှာမငယ်စေချင်၊ တွေ့ရင် ကြည့်ပြောဖို့သာ ဆုံးဖြတ်လိုက်တယ်။

တစ်နေ့တော့ ပြောဖြစ်ရမယ့်စကားတွေ အများကြီး ရှိလာဦးမှာပါ။ ချယ်ရီရေ…မင်းကို ပိုင်ပိုင်နိုင်နိုင် တာဝန်ယူလိုက်ချင်တယ်။

သဘာဝတရားကြီးက လူတစ်ဦးစီကို ဖြစ်ရပ်တစ်ခုစီ ချထားပေးပြီး ခံနိုင်ရည်စွမ်းအားတွေကို စစ်ထုတ်ခံပြီး တိုက်ပွဲဝင်နေရသလိုပဲ။ ချစ်ခြင်းမှာ အချစ်သက်သက်နဲ့ လိုက်လျောညီထွေစွာနေထိုင်ပြီး အလိုက်သင့်နားလည်ခံစားပေးရုံနဲ့ ကိုယ့်ဆန္ဒတွေ အလုံးစုံပြည့်ဝသွားမှာ မဟုတ်ပါဘူး။ အကောင်းမြင်ဝါဒတစ်ခုနဲ့ နက်နက်နဲနဲအောင်မြင်ခြင်းတစ်ခုအတွက် မေတ္တာတရားကို အမြင့်မားဆုံး ထပ်ပေါင်းထည့်ပြီး ချစ်ခြင်းမေတ္တာစစ်အတွက် ပြသအကောင်အထည်ဖော်မှသာဖြစ်တယ်။

အချစ်ဆိုတာ ခံစားမှုနဲ့ စိတ်တွေကို တည်ဆောက်ထားတာ ဖြစ်တဲ့အတွက် အကြောင်းပြချက် ဖော်ပြချက်တွေ မလိုပါဘူး။ အနိုင်မလိုလားတဲ့ အချစ်တစ်ခုနဲ့ ချယ်ရီအပေါ်တည်ရှိခြင်းဖြစ်ခဲ့ပြီး ဘယ်တော့မှ ဘယ်အရာကိုမှ အရှုံးမပေးစေလို့။ အားငယ်မှုက အရှုံးကို တစ်ချိန်က ချယ်ရီကို လက်ယပ်ခေါ်ခဲ့တယ်။ ခုတော့ အိပ်မက်အတွက် ပြန်ရှင်သန်တာ မြင်ရသလို ကိုယ့်ကိုပြန်ချစ်တဲ့အတွက် အနိုင်းမဲ့ကျေးဇူးတင်တယ်။

လက်ကျန်ရက်လေးတွေအတွင်း အလုပ်တွေလုပ်ရင်း ဟိုသွား၊ ဒီသွား မသွားချင်ရင် အခန်းအောင်းရင်း သတိရစိတ်နဲ့အတူ နေ့ရက်တို့ကကုန်ဆုံးစေခဲ့တယ်။ ချယ်ရီ မကြာခင်ထွက်တော့မယ်။ နိုင်ငံခြားခရီးစဉ်တွေကို

ကြိုတင်ခံစား၊ ကြိုတင်လွမ်း ပြောစရာတွေ မကုန်အောင် ရင်ထဲပြည့်နေပေမယ့် ခုရက်ပိုင်း ဖုန်းတောင် အေးအေးဆေးဆေး မပြောရ။ နားလည်သိတတ်မှုလေးနဲ့သာ နေခဲ့ရတယ်။ မီးမှိတ်အိပ်ချိန် အတွေးထဲ ဘာလုပ်နေမလဲ စိုးမိုးရင်း အိပ်ပျော်သွားခဲ့ရတယ်။ အိပ်ခါနီးတိုင်း ချယ်ရီ့အကြောင်း မတွေးဘဲ အိပ်တဲ့ရက်တစ်ရက်မှမရှိတာကို သေချာမှတ်မိနေခဲ့တယ်။

လွယ်ကူစွာ ပျက်စီးလို့မရတဲ့အရာတွေထဲမှာ အချစ်တစ်ခုပါနေတာကို ဒီအချိန်မှာ ထူးခြားစွာ လက်ခံလိုက်မိတယ်။ အချစ်က တချို့အရာတွေကို လွတ်ထွက်သွားစေနိုင်တဲ့အသိလွတ်စိတ်ကို ပေးပြီး တချို့အချိန်မှာတော့ ကိုယ့်ကိုကိုယ် စောင့်ရှောက်ထိန်းချုပ်မှုကို ပေးစေတယ်။ အချစ်ဆိုတာ အချိန်တစ်ခုအတွင်းမှာ နှလုံးသားကို အတော်အတန် ရင့်ကျက်စေခဲ့တယ်။ ချယ်ရီ မန္တလေးကို ခုနစ်ရက်နေ့ တစ်ညရောက်ခဲ့ချိန်မှာတော့ သဲဆုကြွေတို့အိမ်မှာပဲ နေတယ်။ နှစ်ယောက်စလုံးက ညီအစ်မအရင်းသဖွယ် ချစ်ခင်နေကြတာကို မြင်ရတော့ ကျေနပ်ဝမ်းသာမိတယ်။ သဲဆုကြွေက သူ့အစ်မကို အားကျနေပြီး ဆေးပြတ်သွားတာကြောင့် အစားတအားစားပြီး အရမ်းဝလာတယ်လို့ သူ့ကိုယ်သူ ပြောတယ်။ ဒေါ်ထားထားကြွေကလည်း အနေအေးသူမို့။ သူ ဘာမှမသိတဲ့ပြဿနာတွေ ဒီပြဿနာထဲမှာ မဆိုင်တဲ့ ချယ်ရီက ဓားစာခံဖြစ်ခဲ့ရတာတွေ စိတ်မကောင်းသလို ပင်စည်နဲ့ဦးပြည့်ကို လွန်စွာမှ ကျေးဇူးတင်ကြောင်း။ သမီးကို ခုတော့ မျက်စိဒေါက်ထောက်ကြည့်နေရကြောင်းတွေ ပြောပြတယ်။ သဲဆုကြွေကတော့ သူ့အစ်မခံစားခဲ့ရတာတွေ မြင်ပြီး နောင်တရမိကြောင်း၊ ငိုရကြောင်း ဒီကိစ္စကို ဘယ်တော့မှ ပြန်လုပ်တော့မှာ မဟုတ်ကြောင်း ကတိပေးတယ်။

ချယ်ရီနဲ့ အပြင်မှာ ထမင်းထွက်စားကြပြီး စကားတွေပြောရင်း ကားလျှောက်မောင်းကြတယ်။ သူရွတ်ပြချင်တဲ့ ကဗျာအပိုင်းအစလေးတွေကို ရွတ်ပြရင်း စိတ်ထဲလွမ်းပြီး ကြည်နူးမိတယ်။ ရန်ကင်းတောင် အသွားလမ်း

က လယ်စိုက်ခင်းစိမ်းစိမ်းတွေကြားမှာ လေလေးက တဖြူးဖြူး လတ်ဆတ်နေတဲ့လေညှင်းနဲ့ ဘေးချင်းယှဉ်ထိုင်စကားပြော။ မျက်နှာလေးကို ငေးမောပြောဆိုခွင့်ရနေတဲ့ ဒီအချိန်လေးကို အမြဲသိမ်းဆည်းထားချင်လိုက်တာ။ အရင်က ချယ်ရီကိုမသိခင်မှာ အတိတ်နဲ့အတူ ချည်နှောင်မိခဲ့ပြီး ကရုဏာသက်စေခဲ့တယ်။ သမီးက လက်လေးပိုက်ကာ မျက်လုံးလေးကို မှေးထားရင်း စကားတွေ ကဗျာတွေကို နားထောင်ပေးနေခဲ့တယ်။

*'နေ့ပေါင်းများစွာ*
*ချစ်သူမျက်နှာလေး*
*ခိုးကြည့်မိခဲ့ ...*
*ညဥ့်ပေါင်းများစွာ*
*ချစ်သူစိတ်နဲ့*
*အိပ်မက်မက်ခဲ့ ...*
*ချစ်ခြင်းတရားရဲ့အဆုံးမှာ*
*သက်ဆင်းဖို့*
*ဘာလောကားမှ မလို*
*ဘာလက်ရမ်းမှ မလို*
*တစ်ခုတည်းသာ လိုပါသည်*
*ထိုအရာမှာ သစ္စာပင်ဖြစ်သည်'*

ကဗျာလေးရွတ်အပြီး ချယ်ရီက လက်ခုပ်လေး ခပ်ဖွဖွတီးပါတယ်။

"ပင်စည်လည်း ကဗျာတွေ ရေးတတ်နေပြီနော်"

"ချယ်ရီနဲ့ပတ်သက်မှ ဒီလို နူးနူးညံ့ညံ့စာသားတွေထွက်နေတာ ကိုယ်တိုင်တောင် အံ့ဩတယ်၊ ကိုယ် ချယ်ရီ့အပေါ်မှာ သက်ဆင်း

ဖို့ ဘာမှမလိုတဲ့ သစ္စာတစ်ခုနဲ့ သက်ဆင်းခဲ့တယ်ဆိုတာ သတိရမိပြီး ဖုန်းထဲမှာရေးထားတာ”

“နားထောင်လို့ကောင်းတယ် ပင်စည်၊ နောက်ဆိုရင် ရှေ့နေကဗျာဆရာများ ဖြစ်နေမလား”

“အဲလောက်ထိတော့ အစွမ်းအစမရှိပါဘူး၊ ချယ်ရီတစ်ယောက်ကိုသာ သိစေချင်တာ”

“ဘယ်ပြောနိုင်ပါ့မလဲနော်”

“ချယ်ရီ့ကိုပေးဖို့ မေ့နေတာ၊ ဆေးနဲ့လိုအပ်တာလေးတွေ တွေးပြီးဝယ်ထားတယ်၊ ဆေးအစုံပါတယ်၊ ၄က်သိုက်က ထွက်မယ့်ညကတည်းက သောက်သွားနော်”

“အများကြီးပါလား”

“အင်း…ဒါက တစ်ရှူးအစို၊ ဒါက Hand ဂျယ်လ်၊ ဆေးကတော့ချယ်ရီသိပါတယ်၊ အစုံပါတယ်၊ ဒါက ပလာစတာ၊ ဒါလေးကလက်သည်းညှပ်ပေါက်စကလေး၊ အဝတ်တွေအောက်မှ ထည့်သွား၊ သံပစ္စည်းမို့ ကပ်ကြေး၊ ဓား၊ လုံးဝမယူရဘူး၊ သူတို့က မသက်ာရင် အကုန်ဖောက်စစ်တာ၊ အချိန်ကုန်တယ်၊ ဘာမှမပါ Clear ဖြစ်တာ အကောင်းဆုံးပဲ၊ လေယာဉ်လက်မှတ်နဲ့ ပတ်စ်ပို့သာကိုင်ထား၊ လေယာဉ်ကွင်းကို လိုက်ပို့မယ်၊ ထက်အောင်လည်းရန်ကုန်ရောက်မယ်၊ အဲဒီရက်အတွင်း”

“ဒုက္ခများပါတယ် ပင်စည်ရယ်”

“ဘယ်က ဒုက္ခများရမှာလဲ၊ ကိုယ့်ချစ်သူသွားတာပဲ ဥစ္စာ၊ ငွေလဲတာတွေရော အဆင်ပြေလား”

"ပြေတယ် မစံပယ် အကုန်လုပ်ထားပေးတယ်"

"ချယ်ရီ့ကို တစ်ခုပြောချင်တယ်၊ ကိုယ့်ကို တစ်မျိုးတော့ မထင်နဲ့"

"ဘာလဲဟင် ပြောလေ"

"ကိုယ် ချယ်ရီ့ကို ဒေါ်လာလဲပြီးသားရှိတယ်၊ ပေးလိုက်ချင်လို့"

"အို မလိုချင်ပါဘူး၊ ချယ်ရီ့မှာ ပြည့်စုံပါတယ်"

"လိုလိုမယ်မယ်ပါ၊ ချယ်ရီ ခရီးက ရက်ရှည်တယ်၊ ဘာမှ မသုံးဖြစ်လည်း ပြန်ပါလာမှာပဲဥစ္စာ"

"ချယ်ရီ့မှာ ပန်းချီကားရောင်းထားရတဲ့ငွေ ရှိတယ် ပင်စည်၊ မယူတော့ဘူးနော်၊ ကျေးဇူးတင်ပါတယ်"

"ကဲ ဟုတ်ပါပြီ၊ ဘာမှမဝယ်ခဲ့နဲ့နော်၊ ကိုယ့်အတွက်"

"ဒါက ချယ်ရီ့သဘောပါ"

"ခေါင်းခေါက်လိုက်ရ ချယ်ရီ့သဘောဖြစ်သွားမယ်၊ ချယ်ရီ့အတွက်သာသုံး၊ အမေ့အတွက် သဲတို့နှစ်ယောက်သာ ဝယ်ခဲ့"

"ကဲပါ၊ ချယ်ရီသိပါတယ်၊ ပင်စည်အတွက်ကို လူဖြူမလေး တစ်ယောက် ခေါ်ခဲ့မယ်"

"သေချာလို့လား၊ ကိုယ်ကကြိုက်သွားရင် ဘယ်လိုလုပ်မလဲ၊ ကဲ အဖြူမ ပြောမနေနဲ့၊ အဖြူမရော အဖြူကောင်ရော၊ အာရှကောင်ရော အနောက်ကောင်ရောတစ်ယောက်မှ နိုးနော်၊ စိတ်မချဘူး"

"သူများဘက်လှည့်လာပြီ"

"အဓိကကတော့ ဟိုလူ"

"ဘယ်လူလဲ"

"မသိဘူး"

"ဟင် ဘယ်လိုကြီးလဲ ... ပြော ..."

"ကိုယ်စိတ်ပူရတဲ့သူ ဘယ်သူများရှိဦးမှာလဲ"

"ကိုလင်းမြတ်ကို ပြောတာလား"

"အင်းပေါ့"

"သူ့အလုပ်သူ လုပ်တာပါ ပင်စည်ရယ်၊ ဘာလို့ အလကားနေ စိတ်ပူနေတာလဲ"

"ကိုယ့်ချစ်သူမို့ ပူတာပေါ့၊ ခင်ဗျားက ကျုပ်ဘယ်လောက် ချစ်တယ်ဆိုတာ သိမှမသိဘဲ"

"ဘယ်သူပြောလဲ မသိဘူးလို့"

"ဟုတ်တယ် မသိဘူး၊ သေချာမသိဘူး၊ သိသလိုလိုလုပ်နေတာ"

"ဟင် ဟုတ်လား၊ ကဲ အဲဒီလိုပြောဦး"

ပါးကို ချယ်ရီက ဖျတ်ခနဲ လာနမ်းလိုက်တာမို့။ ချယ်ရီ့ ကိုယ်လုံးလေးကို လွတ်ထွက်သွားမတတ် ပြန်ဖက်ရင်း ချယ်ရီပါးမို့မို့လေးနဲ့ ချယ်ရီရောင်နှုတ်ခမ်းဖူးဖူးလေးဆီသို့ နွေးထွေးခြင်းတွေ ယှက်သန်းပေး လိုက်တယ်။

* * *

ချယ်ရီမပြန်ခင် ဒေါ်မာမာမင်းဆီကို သွားတွေ့နှုတ်ဆက်၊ ဦးပြည့် ကိုလည်း နှုတ်ဆက်၊ အားပေးစကားနဲ့ ဂုဏ်ယူကြောင်းစကားတွေ ဦးပြည့် က ပြောလိုက်ပြီး ချစ်သောသူတစ်ယောက် တောင်ကြီးကို ပြန်သွားခဲ့ပြီ။ ကားဂိတ်လိုက်ပို့ပေးပြီး ပြန်လာတော့ တော်တော့်ကို ယောင်နန၊ ဟာတာ

တာကြီးဖြစ်သလို ခံစားနေခဲ့ရတယ်။ ဒီလို ကိုယ်ချစ်သောသူကို ကားဂိတ်၊ လေယာဉ်ကွင်းတွေ တစ်ခါမှ လိုက်မပို့ဖူးဘူး။ ကားဂိတ်မှာတောင် ခံစားချက်က တစ်မျိုးကြီး။ လေယာဉ်ကွင်းလိုက်ပို့ရင်တော့ ဘယ်လိုနေမလဲ။ ဒီထက်ဆိုးမှာသေချာတယ်။ ကားဂိတ်က အခြားသူမပါလို့ ချယ်ရီ့လက်လေးကိုင်ထားလို့ရသေးတယ်။ လေယာဉ်ကွင်းကျ အခြားသူတွေ ပါလာတာမို့ သူ့စိမ်းကြီးလို အားမလိုအားမရဖြစ်နေမိမှာကိုတော့ ကြိုတွေးမိတယ်။ အထဲထိလည်း လိုက်လို့ရမှာမဟုတ်။

ဟိုလိုတွေး၊ ဒီလိုတွေးနဲ့ပဲ အိမ်ကိုပြန်ရောက်ပြီး ဒီရက်တွေမှာ ချယ်ရီနဲ့ဖုန်းပြောပြီး ဥပဒေစာအုပ်တွေဖတ်ရင်းနဲ့ အချိန်ကုန်ပစ်လိုက်တယ်။ စိတ်ရှိရင် ကဗျာထရေးတယ်။ ထက်အောင်နဲ့ ညဆိုင်လေးဘာလေးထိုင်။ အခြားသူတွေနဲ့လည်း သိပ်မထိုင်ချင်။ ချယ်ရီ့အကြောင်းကို သိထားတဲ့ ထက်အောင်နဲ့ထိုင်မှသာ ချယ်ရီအကြောင်းတွေ အလွမ်းပြေပြောလို့ရမှာ။ ကိုယ်ချစ်တတ်စွမ်းကို ဒီတစ်ခါတော့ ထက်အောင် လက်ဖျားခါနေတော့တယ်။ ချယ်ရီ့အတွက် အမြဲတမ်းရှေ့တမ်းတင်ပြီး ကောင်းစေချင်၊ စိတ်ချမ်းသာစေချင်တာ ချစ်ခြင်းဆိုတာထက် မေတ္တာတရားပိုကြီးမားတာ ဖြစ်ပါလိမ့်မယ်။

သူငယ်ချင်း အိမ်ထောင်သည်တချို့ နှစ်ကြာလာတဲ့အခါ စာရေးဆရာငြိမ်းကျော် ဝတ္ထုထဲက လေသံနဲ့ 'အချစ်ဆိုတာ ကြာလာရင်ငြီးစော်တောင်နံလာတယ် ပင်စည်ရာတဲ့'။ စ,ကြားခါစမှာ တဟားဟားသဘောကျခဲ့တယ်။ တကယ်တော့ အချစ်နဲ့ပတ်သက်တဲ့ ဆွေမျိုးပေါင်းသောင်းခြောက်ထောင် တစ်ယောက်တစ်ပေါက်တွေ ရောထွေးပါလာတဲ့အခါ သူငယ်ချင်းပြောသလို ငြီးစော်နံ့ရုံတင်မက ထွက်ပြေးချင်တယ်ဆိုတာလည်း အမှန်ပဲဖြစ်ပါလိမ့်မယ်။ ဆင်းရဲခြင်းတွေက တံခါးခေါက်တဲ့အခါ အချစ်က

ပြတင်းပေါက်က ခုန်ဆင်းသွားတယ်ဆိုတဲ့စကားကလည်း အရှိုက်ရား၊ အမှန်တရားတစ်ခုပဲ။ ဆင်းရဲခြင်းက အချစ်ကို အရောင်ပြယ်ရုံမက ပျောက်တောင်ပျောက်သွားစေနိုင်သေးတာပဲ။ အိမ်ထောင်ဘက် ကျားမ အချင်းချင်း အပြန်အလှန်ပြောကြတာရှိသေးတယ်။ မိန်းမတွေ နားလည်ရခက်တယ်။ ယောကျ်ားတွေ နားလည်ရခက်တယ်၊ အသိခက်တယ်နဲ့။ တကယ်တော့ လေ့လာရမှာ။ အတ္တကင်းကင်းနဲ့ပေါ့။ လျှို့ဝှက်ထားတာမရှိလေ ကောင်းလေပဲ။ သူငယ်ချင်း အိမ်ထောင်သည်တွေအားလုံး လျှို့ဝှက်ချက်လေးတွေနဲ့။ သူတို့လက်သုံးစကားက မိန်းမတွေက မလွယ်ဘူးတဲ့။ အဲဒီမိန်းမတွေလည်း ကွယ်ရာကျ ဒီအတိုင်းပဲ ပြန်ပြောလိမ့်မယ်ထင်တယ်။ အိမ်ထောင်မပြုခင်က ထားခဲ့တဲ့အရာ၊ အမြင်၊ အတွေး အားလုံးကွယ်ပျောက်ပြီး အရင်က မသိလို့ဆိုတာလေး ပြောတတ်သေးတယ်။ မိန်းမတွေစုမိရင်လည်း သူ့ယောကျ်ားက ဘယ်လို၊ ငါ့ယောကျ်ားက ဘယ်လိုဆိုပြီး ရင်ဖွင့်တေးသံသာတွေလည်း နားထောင်ဖူးတယ်။ ဒါကြောင့် သိပ်အများကြီး မတွေးချင်။ မသာယာတဲ့ အပူတွေ နားမထောင်ချင်။ ငယ်ငယ်နဲ့ အိမ်ထောင်ကျကြတဲ့ သူငယ်ချင်းအချို့ကိုကြည့်ပြီး စိတ်ညစ်မိတယ်။

ကိုယ်တိုင် ချယ်ရီနဲ့ကျ ဒီလိုတွေမဖြစ်စေရဘူးလို့ ဆုံးဖြတ်ချက်ချထားခဲ့တယ်။ အတတ်နိုင်ဆုံး နားလည်အောင်တော့ ကိုယ်ကြိုးစားခဲ့ပါတယ်။ သိပ်ချစ်တဲ့သူမို့လို့လေ။

●

## အပိုင်း (၂၃)

အမေက အိမ်ခေါင်မိုးထပ် မှန်အိမ်ထဲက သစ်ခွပန်းပင်တချို့ကို ရေလောင်းနေတယ်။ သစ်ပင်စိုက် ဝါသနာပါတဲ့အမေ့လက်ရာ သစ်ခွမျိုးစုံ၊ အရောင်စုံလေးတွေ ပွင့်လို့။ အရွက်လေးတွေရော ပန်းပွင့်လေးတွေရော အမေ့ရဲ့ဂရုစိုက်မှုကြောင့် စိမ်းမြပြီး အပွင့်တွေကလည်း ကြီးပြီး လှတယ်။ ဘုရားပန်းအိုးထိုးသလို သူ့ဥယျာဉ်လေးထဲက ပန်းကို ကိုယ်တိုင်မပန်ဘဲ အလှကြည့်ကျေနပ်နေသူ။ အပင်တွေထဲ အားဆေးလေးတွေ စနစ်တကျ ထည့်နေတဲ့ အမေ့နားသွားရင်း ရေကူလောင်းပေးလိုက်တယ်။ အရွက်လေး တွေကိုလည်း သေချာဖြန်းလိုက်တယ်။ ဘာရယ်မဟုတ် ချယ်ရီ့ကို အလှဆုံး တစ်ပွင့်လောက် လက်ဆောင်ပေးချင်မိတယ်။ ပန်းတော့ မပန်တတ်ပေမယ့် ကြိုက်မှာပဲဆိုတဲ့အတွေး ဝင်မိတယ်။ အမေ့အပင်လေးတွေဆီ မရောက်တာ ကြာနေတာမို့ အမေက ထူးဆန်းတယ်ဆိုတဲ့အပြုံးမျိုးနဲ့ ကြည့်တယ်။

"အမေ ဘာလို့ပြုံးတာလဲ"

"ဩော် မပြုံးရတော့ဘူးလား"

"အမေ အားဆေးကုန်ပြီလား၊ အပင်တွေအတွက်"

"ကုန်တော့မယ်၊ အပြင်ရောက်ရင် ဝယ်ခဲ့ဦး၊ ဦးပြည့်အိမ်ရောက်ရင် အုန်းဆံဖတ်လေး နည်းနည်းယူခဲ့ပါဦး၊ အမေ ဒီအပင်လေးတွေ ခွဲထုတ်ချင်လို့"

"ဟုတ်။ အမေ..."

"ဘာလဲသား၊ ဒီနေ့ ဘာတွေများပြောချင်နေပါလိမ့်"

"ဟာ အမေကလည်း"

"ဟုတ်တယ်လေ၊ သားကို အမေမွေးထားတာပါ၊ ဘာလဲပြော" ချစ်သူရည်းစားသစ် ရှိနေပြီလား"

"အမေကလည်း အသစ်မဟုတ်ပါဘူး၊ ဒီတစ်ယောက်ပါပဲ"

"ဩော် ဟုတ်လား"

"ပြန်အဆင်ပြေသွားလို့လေ၊ ဟိုတစ်နေ့က မန္တလေးလာတယ်၊ ခုတော့ ပြန်သွားပြီ၊ သူ ဒီလထဲ နိုင်ငံခြားသွားရမှာ၊ သူ့ဆရာ၊ ဆရာမရောပါတယ်"

"ဒါကြောင့် ငါ့သားမျက်နှာ မှိုရနေတာပေါ့"

"မဟုတ်ပါဘူး၊ အမေ့ကို ကြွားချင်လို့ပါ"

"နာမည် ဘယ်သူ သူ့မိဘတွေကရော"

"နာမည်က ချယ်ရီဖူးမေတဲ့၊ တောင်ကြီးမှာနေတယ်၊ အဖေတော့ မရှိတော့ဘူး၊ တစ်ဦးတည်းသောသမီး အင်ဂျင်နီယာတစ်ယောက်ပါ၊ ဒါပေမဲ့ အဲဒီအလုပ်ကို သူက ဝါသနာမပါဘူး၊ ပန်းချီဝါသနာပါပြီး ပန်းချီဆွဲတာ၊ ပန်းချီပြပွဲအတွက် ဖိတ်တာ"

"ဪ သား သူ့ကို သေချာရွေးပြီးပြီလား"

"ဟုတ်။ သား သူ့ကိုပဲ မေ့မရအောင်ချစ်ခဲ့လို့၊ အမွှန်းကို ငြင်းနေတာပေါ့"

"သားအဖေကတော့ အမွှန်းနဲ့အရမ်းသဘောတူတာ၊ အမွှန်း အဖေကလည်း သူငယ်ချင်းတွေဆိုတော့ သားကွယ်ရာဆို တအား ပြောတာ၊ သားမိန်းကလေးကို သူပြန်လာတော့ မိတ်ဆက်ပေး၊ အိမ်ခေါ်ခဲ့လေ"

"ဟုတ် ခေါ်ခဲ့မယ်၊ သူက အားငယ်တတ်တယ်၊ တစ်ခါတလေ ပေါ့၊ အဖေ့ကိုလည်း ပြောပေးနော်"

"အင်းပါ အဖေမသိခင် အမေအရင်ကြည့်ပြီး သားသဘောကျ သူကို လေ့လာဦးမယ်၊ ဒီအတိုင်းတော့ လက်လွှတ်စပယ် သဘော မတူနိုင်ပါဘူး၊ အမေကလည်း ဒီသားတစ်ယောက်တည်း ရှားရှား ပါးပါးမွေးထားရတာ"

"ဟုတ်ကဲ့ပါ အမေရ၊ အမေလည်း ချယ်ရီ့ကိုမြင်ရင် ချစ်မှာပါ"

"မန္တလေးသူတော့ မရှာဘူး၊ နီးနီးနားနား။ ဟိုက သူ့အမေ တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ၊ သားကိုတော့ မထည့်ပေး နိုင်ဘူးနော်"

"ဟာ အမေကလည်း ကလေးလေးကျနေတာပဲ၊ သားက မြို့ကူး ပြီးနေမှာ"

"တော်ပါ ယူမယူရသေးဘူး၊ သေချာစဉ်းစားဆုံးဖြတ်နော်"

"ဟုတ်ကဲ့ပါအမေ...သား အပြင်သွားလိုက်ဦးမယ်နော်၊ အမေ့ကို ချစ်တယ်"

"ကဲ တော်ပါတော့ ငဖားလေး"

အမေ့ခါးကိုဖက်ပြီး နမ်းပစ်ခဲ့တယ်။ ဘာရမလဲ အစီအစဉ်မရှိဘဲ စိတ်ထဲမှာ ပြောချင်လာတာနဲ့ ဖွင့်ပြောလိုက်တယ်။ ဟား…ချယ်ရီရေ သတိရလိုက်တာ။ ညကျ ဖုန်းနဲ့ပြောပြရဦးမယ်။ အလုပ်တွေရှုပ်နေမယ့် ချယ်ရီကို ဘေးနားကနေ ကူပေးချင်လိုက်တာ။ ချစ်တယ် ချယ်ရီ။

အမေနဲ့ပြောပြီး စိတ်ထဲသဘောကျနေမိတယ်။ တကယ်တော့ ကိုယ့်ကိုယ်တိုင် ချယ်ရီ့အားနည်းချက်ကို ဖွင့်မပြောရက်။ ဒါကလည်း ကိုယ်တိုင်ဖွင့်ပြောမှသိရတဲ့ကိစ္စပါ။ အမေတို့သိရင် သိပ်တော့မလွယ်။ လက်ခံပေးလို့ရပေမယ့် မိဘနေရာက စဉ်းစားမယ်ဆိုရင် တစ်မျိုးတစ်မည် ဖြစ်သွားနိုင်တယ်။ အပြင်ထွက်လာပြီး လမ်း ၈၀ မီးပွိုင့်မှာ မီးနီတော့ ကားဘေး ရပ်လိုက်တဲ့သူကိုကြည့်လိုက်တော့ သဲသဲ။ သဲသဲကလည်း မြင်သွားတယ်။

"ဟာ အစ်ကို ဘယ်သွားမလို့လဲ"

"သဲသဲကရော"

"ဈေးဝယ်ပြီး ထွက်လာတာ၊ အစ်ကို အားလား…တီးလေး ဘာလေး ဆွဲရအောင်လေ"

"အားပါတယ် သွားမယ်လေ၊ ဘယ်သွားမလဲ"

"ဒီနှစ်ဆယ့်ငါးလမ်းထိပ်က ကဖေးဆိုင်ထိုင်ရအောင်။ အဲဒီဆိုင်က အေးတယ်။ အပြင်ကပူတယ် အစ်ကို"

"အိုကေ ဟိုဘက်ကွေ့မယ်နော်"

"ဟုတ်"

မီးစိမ်းသွားတာနဲ့ နှစ်ဆယ့်ခြောက်လမ်းကနေကွေ့ပြီး သဲသဲပြောတဲ့ ဆိုင်ရောက်တော့ ဆိုင်ကယ်ဦးထုပ်၊ နေကာမျက်မှန်တွေချွတ်ရင်း သဲသဲက အရင်ဝင်ပြီး နေရာယူထားတယ်။

အဲကွန်းခန်းဆိုင်လေးထဲဝင်လိုက်တော့ အေးသွားတယ်။

"လာ အစ်ကို ဘာမှာမလဲ"

"အစ်ကိုက orange juice"

"ကျွန်တော်က ကော်ဖီအေး ရေခဲများများ"

"သဲသဲ စာမေးပွဲပြီးတော့ အားသွားပြီပေါ့၊ ဖြေနိုင်တယ် မဟုတ်လား"

"ဟုတ် ဖြေနိုင်ပါတယ်"

"အစ်မချယ်ရီ နိုင်ငံခြားသွားရမှာဆိုတော့ သဲသဲရော မသွားချင်ဘူးလား"

"ဘာပြောကောင်းမလဲ အစ်ကိုရ၊ ပြင်သစ်တို့ ဂျာမနီတို့ဆိုတာတွေက အိပ်မက်နိုင်ငံတွေ သွားချင်တာပေါ့၊ အစ်မ ကံကောင်းတယ်၊ တကယ်လို့များ အမှုက နောက်ကျဖြစ်ခဲ့ရင် ဒါမှမဟုတ် မလွတ်ရင် လွဲသွားနိုင်တယ်၊ ကျွန်တော် အဲလိုသာဖြစ်ရင် တော်တော်ခံစားရမှာ အစ်ကိုရ"

"မလွဲနိုင်ပါဘူး၊ ဖိတ်တဲ့သူက နောက်ဆုတ် ဖိတ်မှာပေါ့"

ဒါက စိတ်ထဲထင်တာကို သဲသဲကို လွှတ်ခနဲပြောထွက်သွားတယ်။

"အဲဒါ ဘယ်သူက ဖိတ်တာလဲဟင်"

"သူ့ဆရာမိတ်ဆွေပါ၊ ဟိုက လုပ်ငန်းရှင်တွေပေါ့"

"အစ်ကို ဒါနဲ့လေ မေးချင်တာ မမေးရဲဘူးဖြစ်နေလို့ အစ်ကိုနဲ့ အစ်မက……"

"ဘာလဲ သဲသဲ ဘာမေးမလို့လဲ"

"ငယ်သူငယ်ချင်းတွေလား၊ ဒါမှမဟုတ် ချစ်သူတွေလား၊ ဒါမှမဟုတ် သံယောဇဉ်ရှိသူတွေလား"

"ချယ်ရီက ဘာပြောတုံး"

"မမေးရဲပါဘူး အစ်ကိုရ"

"ဘာလို့လဲ"

"ဘာလို့လဲတော့ မသိပါဘူး၊ အဲဒါတော့ မမေးရဲဘူး"

"သဲသဲစိတ်ထဲ ဘယ်လိုမြင်လဲ...သိတဲ့အတိုင်းပေါ့"

"ဟင်း အစ်ကိုကလည်း တိတိကျကျသိချင်တာလေ"

"ဘယ်လိုမြင်လို့လဲ အစ်ကို့ကို"

"အစ်ကိုကို့ အစ်မကို ဆေးရုံလိုက်ပို့တဲ့နေ့က စမြင်ဖူးတာ၊ အရမ်းဂရုစိုက်တယ်၊ အစ်မအပေါ် အရမ်းကြင်နာတယ်၊ နောက် သဘောကောင်းတယ်၊ ရုပ်က အချောကြီးမဟုတ်ပေမယ့် မြင်လိုက်တာနဲ့ ထင်ထင်ရှားရှား ထင်းနေတယ်၊ အဲဒီနေ့က အစ်ကိုပုံစံက ရုပ်ရှင်တွေထဲကအတိုင်းပဲ"

"ဟာ...ဟ တော်ပါတော့"

"မဟုတ်ဘူး၊ အဲလိုခံစားရလို့ပါ၊ ချစ်သူတွေလို့ပဲ သတ်မှတ်ချင်တယ်၊ သဘောလည်းတူတယ်"

"ကဲ ဟုတ်ပါပြီ၊ အဲဒီအတိုင်းပဲ၊ ကော်ဖီတွေသောက်ဦး၊ အရည်ပျော်ကုန်မယ်"

သဲသဲက ကော်ဖီထဲက ရေခဲတုံးများကို မွှေရင်း သဘောကျနေတယ်။

"အစ်ကို့ကို အစ်ကိုရင်းတစ်ယောက်လို ခင်တယ်"

"အေးပါ သဲသဲကိုလည်း ညီမတစ်ယောက်လို ခင်ပါတယ်၊ လိမ္မာပြီး တော်အောင်တော့ ကြိုးစားရမယ်နော်"

"ဟုတ် အလုပ်ရရင် အမေ့ကို ကူညီပေးနိုင်ပါပြီ"

"ဒါပေါ့ နောက်ဆို လုပ်ရမှာပေါ့"

"ကျွန်တော်က အစ်မကို အားကျလိုက်တာ၊ အစ်ကို့လို အရာရာ ဂရုစိုက်ပြီး ချစ်ပေးမယ့်သူရှိတာ"

"သဲသဲက ငယ်သေးတယ်လေ၊ နောက် ဘွဲ့ရ၊ အလုပ်အကိုင်နဲ့ ဖြစ်လာရင် ဝိုင်းနေမှာ"

"အစ်ကို...ကျွန်တော် အချစ်ဆိုတာကို မယုံချင်တော့ဘူး"

"ဟင်...ဘာလို့လဲ သဲသဲက တွေ့ပြီးနေပြီလား၊ ခံစားချက်တွေ ရှိနေပြီလား"

"အစ်ကို့ကို တိုင်ပင်စရာတစ်ခုရှိတယ်၊ တက်တူးဖျက်ချင်ရင် ဘယ်မှာဖျက်ရမလဲ"

"သဲသဲက အစမရှိ အဆုံးမရှိ ဘယ်ကနေ တက်တူးရောက်သွားတာလဲ"

သဲသဲက သူ့စကားသူ သဘောကျရင်း ရယ်ပါတယ်။

"တက်တူးပြန်ဖျက်ချင်တာ အစ်ကိုရ"

"ထိုးထားလို့လား"

"ဟုတ်"

"ထိုးပြီးမှတော့ ဘာလို့ဖျက်မှာလဲ၊ မထိုးခင်ကတည်းက သေချာ မစဉ်းစားဘူးလား"

"စဉ်းစားတာပေါ့ အစ်ကိုရ။ အဲဒီတုန်းက စဉ်းစားလေ အချစ်ဆိုတဲ့ အဖြေပဲထွက်လေပဲ။ အချစ်အတွက် ရဲရင့်တယ်၊ အနာခံရဲတယ်၊ ပြသရဲတယ်၊ ဒါကြောင့် ထိုးခဲ့တာ"

"အဲဒီတော့ ဘယ်နားမှာထိုးခဲ့တာလဲ"

"ရင်ညွန့်နဲ့ နောက်ကျော"

"ဟင် နှစ်နေရာတောင်"

"ဟုတ်"

"အစ်ကိုတောင် ယောကျ်ားဖြစ်ပြီး ဒီတက်တူးကို ဝါသနာမပါဘူး၊ ထိုးဖို့လည်း စိတ်မကူးဘူး၊ သဲသဲကတော့ မိန်းမငယ်လေးဖြစ်ပြီး နှစ်နေရာထိုးပြီး အနာခံရဲဖို့ သတ္တိတွေရှိလိုက်တာ။ ဘာကိုထိုးတာလဲ၊ အခု ဘာလို့ဖျက်ချင်တာလဲ ပြောပြ"

"သူ့ကို မချစ်တော့လို့"

ဘုရား လွယ်လိုက်တာ။ ချစ်ခဲ့တုန်းက အရှူးအမူး။ အသားညို စိမ့်စိမ့်နဲ့ အကြည့်ခံတဲ့ကောင်မလေး သဲသဲရဲ့မျက်ဝန်းတွေ တကယ်ပဲ ဆွေးရိပ်သန်းလာတယ်။

"သူကလည်း ကျွန်တော့်ကို မချစ်တော့ပါဘူး"

"လမ်းခွဲလိုက်ပြီလား"

"ဟုတ် လမ်းခွဲလိုက်ပြီပဲဆိုပါတော့။ စိတ်နာတယ်၊ ဒါကြောင့် သူ့နာမည်အတိုကောက်နဲ့ သူကြိုက်တဲ့ဒီဇိုင်းကို ဖျက်ပစ်တော့မယ်၊ ခုဖျက်လို့ရနေပြီပြောတယ်"

"ဒါတွေက အင်တာနက်မှာ ဖတ်ရတာမဟုတ်လား"

"ဟုတ်တယ်"

"အစ်ကိုပြောပြမယ် သေချာနားထောင်၊ တစ်ချိန်တုန်းက တက်တူး ထိုးချင်တုန်းကလည်း စိတ်အလိုလိုက်ထိုးခဲ့တယ်၊ ဖျက်ချင်တော့လည်း စိတ်အလိုက် ဖျက်ချင်ပြီ၊ ခဲဖျက်နဲ့ မှင်ဖျက်ဆေးနဲ့ ဖျက်လို့

ရတဲ့ကိစ္စ မဟုတ်ဘူး၊ အရေပြားတွေပေါ် အသားတွေပေါ် အပ်နဲ့ သွေးထွက်အောင် ဖောက်ထိုးထားတဲ့အရာတွေ၊ ပြန်ဖျက်လို့ရတယ် ဆိုပေမယ့် မူရင်းပင်ကို အသားအရေဖြစ်ဖို့ သိပ်ကိုမလွယ်ဘူး၊ ဒီကြားထဲ ပိုးဝင်ရင် ခံရဦးမယ်၊ သဲသဲတို့က တက်လူတွေ၊ ငယ်သေးတယ်၊ အရာရာကို သေချာမစဉ်းစားတော့ ဆိုးကျိုးတွေ ချည်း ဖြစ်လာရော၊ ခုဟာကို အစ်ကိုက မဖျက်စေချင်လို့မဟုတ် ဘူး၊ အန္တရာယ်များလွန်းလို့။ ထိုးတုန်းကလည်း အရမ်းခံရ၊ ပြန်ဖျက်တော့လည်း ခံရနဲ့၊ လူရဲ့စိတ်ထားတတ်ဖို့ အဓိကပဲ၊ တကယ်တမ်းက မိန်းကလေးနဲ့တက်တူး ဘာဆိုဘာမှမဆိုင်ဘူး၊ သဲသဲက အလှအတွက်ထိုးတာမဟုတ်ဘူး၊ အချစ်အတွက် ထိုးတာ ဖြစ်နေတယ်။ ဒီနာမည် အတိုကောက်ကို မြင်တိုင်း နောင် ဒီလို မဖြစ်အောင် ကြိုးစားပါ၊ ဒါကို မြင်တိုင်း ကြေကွဲခံစားပြီး မုန်းစိတ် တွေဝင်နေမယ့်အစား ကိုယ့်အသားနာအောင် လုပ်စရာမလိုဘူး၊ ကိုယ့်အသိကို နာအောင်လုပ်ရမှာ၊ အရေပြားပေါ်ရှိခြင်းက အရေး မကြီးဘူး၊ စိတ်နာတဲ့လူတစ်ယောက်ကို နှလုံးသားထဲ ရှိမနေခြင်းက ပိုအရေးကြီးတာ၊ ဒီထိုးထားတာကို ဖျက်ပြီး သဲသဲ တစ်သက်လုံး မမေ့နိုင်ဘူးဆို ဘယ်လိုလုပ်မလဲ၊ တွေ့တိုင်းတော့ သတိရနေမှာပဲ၊ အဲဒီစိတ်ကိုပဲ ပြောင်းလဲလိုက်ပါ၊ အင်တာနက် စာမျက်နှာပေါ်က တော့ သူတို့ပိုက်ဆံရရေးအတွက် ကြော်ငြာမှာပဲ၊ ထိုးတဲ့သူက ကြော်ငြာလိုက် ဖျက်တဲ့သူက ကြော်ငြာလိုက်၊ နောက်ဆက်တွဲ ဖြစ်လာတဲ့ အကျိုးဆက်တွေကို ဘယ်သူမှ တာဝန်မယူဘူး၊ သဲသဲ လည်း နောက် ဘယ်တော့မှ မထိုးရတော့ဘူး၊ ဒါ အစ်ကိုက တားမြစ်တာ၊ သဲသဲက အစ်ကို့ညီမပဲ”

"ဟုတ်ကဲ့ အစ်ကို။ ပြန်ဖျက်တဲ့အခါ နာမှာကိုတော့ တွေးကြောက်နေမိတယ်၊ နောက်လည်း ထိုးဖြစ်မှာမဟုတ်ပါဘူး"

"သူကရော ထိုးတာပဲလား"

"သူထိုးလို့ လိုက်ထိုးဖြစ်တာ"

"ခုကျတော့ သူကရော"

"သူက နောက်တစ်ယောက်နဲ့ တွဲနေတယ်၊ ဖျက်တာတွေ မဖျက်တာတွေ မသိပါဘူး"

"သဲသဲ တကယ်ပြတ်ပြီနော်"

"ကျွန်တော့်စိတ် ကျွန်တော်သိပါတယ်။ ပြတ်တယ်၊ စိတ်ထဲမှာ ဘာမှမရှိတော့ဘူး"

"ဒါဆို ကောင်းတယ်"

"ဒီအကြောင်းတွေ အစ်မကို မပြောနဲ့နော်"

"အေးပါ ရှေ့လျှောက်စောင့်ကြည့်မယ်၊ မလိမ္မာရင်တော့ တိုင်ပြောမယ်"

"မလုပ်ပါနဲ့ အစ်ကိုရာ၊ ရှိခိုးဆို ခိုးပါမယ်"

"ဟာကွာ"

ဆိုင်ထဲ လက်အုပ်ချီနေတာမို့ သဲသဲနဖူးကို လက်သီးနဲ့ မနာအောင် ထုလိုက်တယ်။

"အစ်မအပေါ် အကြွေးတွေ မများချင်ဘူး၊ ကျွန်တော့်အစ်မကို ချစ်တယ်"

"အေးပါကွာ ချယ်ရီ့ကို လေဆိပ် အစ်ကိုလိုက်ပို့မှာ ရက်က မလိုတော့ဘူး"

"ချယ်ရီ့ကို ချစ်တယ်ဆိုရင် စကားနားထောင်နော်...အစ်ကို့ကို တိုင်ပင်ပါ"

"ဟုတ် ကျွန်တော် ဖုန်းဆက်ဦးမယ်၊ ညမှ"

"ကဲ ပြန်ကြရအောင်...အစ်ကိုလည်း အလုပ်ရှိသေးလို့"

"ဟုတ် အစ်ကို"

ပိုက်ဆံရှင်းပြီး ဆိုင်ထဲကထွက်လာတော့ ညနေ နေဝင်ချိန်က ကျုံးရေပြင်နဲ့ မြို့ရိုးပေါ် ထိုးနေတယ်။ သဲသဲကို ဆိုင်ကယ်သေချာမောင်းဖို့ ပြောရင်း သူလည်း သစ်ခွအားဆေးနဲ့ မုန့်ဝယ်ပြီး အိမ်ဘက်ပြန်လာခဲ့တယ်။

အချစ်ဆိုတာ သွေးအေးရော၊ သွေးပူသူတွေရော အသက်ကြီးငယ် မရွေး လှုပ်ရှားခမ်းနား သက်ဝင်စေတဲ့အရာတွေလား။ ချစ်သူနာမည်ကို ကိုယ့်အသားမှာထိုးဖို့ ဘယ်လောက်ချစ်ချစ် မစဉ်းစားခဲ့ဘူး၊ သဲသဲကတော့ တစ်သက်စာနာမည်တစ်ခုကို သေရာပါ ချစ်နိုင်မယ်အထင်နဲ့ တက်တူး ထိုးခဲ့တယ်။ ကိုယ်တို့ရော သေရာပါအချစ် ဖြစ်နိုင်ပါ့မလား။ ကိုယ့်ဘက်က တော့ သေချာပါတယ်။ သေချာလွန်းလှပါတယ်။ ကိုယ်လည်း လူငယ် တစ်ဦးအနေနဲ့ ဖြတ်သန်းလာခဲ့တာပဲ။ ဒါပေမဲ့ ခုခေတ်လို လူငယ်တွေရဲ့ အတွေးမျိုး ဘာလို့မရှိခဲ့သလဲ။ ဒါက အခု ကိုယ်ရှေ့ လက်တွေ့ကြုံနေရတဲ့ လူငယ် မိန်းကလေး။ ဒီလိုလူငယ်ပေါင်းများစွာ ကျားမ အရမ်းခေတ်မီ၊ လက်တွေ့ ဆန်နေကြတာ။ သူတို့ကိုယ်တွေပေါ် တက်တူးတွေထိုးပြီးရင် အဟိုက်၊ အတို၊ အပြတ်တွေဝတ်ပြီး လူတွေ မမြင်မြင်အောင်ပြသရ။ ဒါတွေထိုးထားတာနဲ့ သူတို့တွေရဲ့ ရုပ်ရည်အကျင့်စရိုက်လေးတွေအပေါ် လူအထင်ကြီးခြင်းမခံရတာ၊ ယဉ်ကျေးလိမ္မာတဲ့ကလေးတွေအဖြစ် အမြင် မခံရတော့တာကို ဘာလို့များ မက်မောကြပါလိမ့်။ ခေတ်နောက်ကျတယ် ပဲဆိုဆို၊ နိုင်ငံခြား မင်းသား၊ မင်းသမီး၊ မြန်မာက မင်းသား၊ မင်းသမီး၊

အဆိုတော်တွေ ကိုတော့ လိုက်တုလို့မရ။ သူတို့က ငွေကြေးတတ်နိုင်သူ၊ စရိုက်တွေ အမျိုးမျိုးသရုပ်ဆောင်နေရသူ။ တချို့ တက်တူးထိုးထားတဲ့ အဆိုတော်တွေ ကြိုက်ပေမယ့် တက်တူးတွေမပါရင် ပိုကြည့်ကောင်းမှာပဲ ဆိုတဲ့စိတ် ကိုယ့်အတွေးမှာ ရှိခဲ့တယ်။

အခု သဲသဲက စိတ်ထင်ရာလေးတွေ လုပ်တတ်ပြီး အမေလည်း သိပုံမပေါ်။ သိပ်လည်း ရှည်ရှည်ဝေးဝေးမပြောချင်။ သူ့ကို အစ်ကို တစ်ယောက်လို တိုင်ပင်လာတာကိုပဲ ကျေးဇူးတင်ရဦးမယ်။ လူငယ် တော်တော်များများ အထင်ကြီးစိတ် လွှမ်းမိုးခြင်းကို လူကြီးတွေ လက်ခံနေရ တယ်။ သူတို့လေးတွေ အကုန်သိ၊ အကုန်တတ် ပြန်ဆရာလုပ်ချင်နေတဲ့ ခေတ်ကြီးထဲ ရောက်နေတယ်။ မန္တလေးရဲ့လမ်းမတွေပေါ် တက်တူးတွေနဲ့ ဆိုင်ကယ်ဘီးထောင် ပွဲကြမ်းကြတဲ့ သူရဲလေးတွေ စည်းကမ်းမဲ့ခေတ်ရဲ့ သားကောင်တွေကို အားမရစွာတွေ့ရတယ်။ သဲသဲတို့လို လူငယ်တိုင်းကို အရမ်းတော်စေချင်တယ်။ ပတ်ဝန်းကျင်ကောင်းရှိမှု၊ မရှိမှုကလည်း အရေးကြီးတာပဲ။ ဒီလိုတွေးမိတော့ အိမ်က အမေနဲ့အဖေကို ကျေးဇူးတွေ တင်မိတယ်။

●

## အပိုင်း (၂၄)

ဒီကနေ့ ချယ်ရီဖုန်းဆက်ပါဆိုတဲ့အချိန်လေးကို စောင့်ရင်း ဖုန်းဆက်လိုက်တယ်။ ဖုန်းလိုင်းထဲက တစ်ဆင့် နားစည်ထဲကို စီးဆင်းလာတဲ့ အသံချိုချိုလေးက ခုထက်ထိ ရင်ခုန်မြန်စေတယ်။ အိမ်ရှေ့က ဒန်းပေါ်ထိုင်ရင်း ပြောနေတာ။ စံပယ်၊ နှင်းဆီတွေလည်း ပွင့်နေလို့ မွှေးနေတာပဲလို့ ရယ်သံလေး စွက်ရင်းပြောတယ်။

"အားလုံး Ready ပဲလား ချယ်ရီ"

"ပြီးသလောက်ရှိပါပြီ၊ ဒါပေမဲ့ ဟိုဟာလေးထည့်လိုက်၊ ဒီဟာလေး ထည့်လိုက်နဲ့ မပြီးနိုင်ဘူး"

"ဒီလောက်တော့ ရှိမှာပေါ့ ချယ်ရီရဲ့၊ ပေါ့ပေါ့ပါးပါး ဟိုမြို့၊ ဒီမြို့သွားရတာမှ မဟုတ်တာ"

"ဟုတ်တယ် ပင်စည်ရော နေကောင်းလား ပင်စည်အမေရော နေကောင်းရဲ့လား"

"ကောင်းပါတယ် အမေက ခုတော်တော်ကောင်းနေပြီ၊ ဆေးက ပုံမှန်သောက်ဖြစ်သွားတယ်၊ နှလုံးသွေးကြော နည်းနည်းကျဉ်းတာလေ"

"ဪ...အိမ်က အမေလည်း ခုကောင်းနေလို့ တော်သေးတယ်၊ နှလုံးအားနည်းတာ"

"အိမ်မှာ ဘယ်သူရှိခဲ့မလဲ"

"ဦးလေး သမီးနှစ်ယောက် ရှိတယ်"

"တော်သေးတာပေါ့၊ ဪ မနေ့က သဲသဲနဲ့တောင် တွေ့သေးတယ်"

"ဟုတ်လား သူကို ဖုန်းဆက်တိုင်း လိမ္မာဖို့ပြောနေရတယ်"

"ကိုယ်လည်း ပြောလိုက်ပါတယ်၊ သူက ချယ်ရီ့ကို အားကျနေတာ"

"ဪ...။ သူလိမ္မာဖို့ တွေ့တိုင်းပြောနော် ပင်စည်"

"အင်းပါ စိတ်မပူပါနဲ့၊ ခုအိပ်တော့ ချယ်ရီ၊ မနက်ဖြန် ခရီးထွက်ရမှာဆိုတော့ လေယာဉ်လက်မှတ်လည်း စစ်ဦး၊ ကိုယ်လည်း လေယာဉ်နဲ့ပဲလာမှာ"

"ပင်စည့်ကို ချယ်ရီ ခုလိုသွားရခါနီးတော့ မခွဲချင်သလိုကြီး"

"ကိုယ်ရောပဲ တကယ်ပဲ အဲဒီလိုခံစားရသလား"

"စိတ်ထဲမှာ ခံစားရတဲ့အတိုင်းပြောတာပါ"

"ချယ်ရီ့ကို ကိုယ်အရမ်းချစ်တယ်ဆိုတာ သိထားနော်"

"သိထားပါတယ် ပင်စည်ရယ်၊ ပင်စည်ကိုလည်း ချစ်တယ်"

"အိုကေ ကျေနပ်ပြီ အိပ်တော့နော်၊ ဘိုင့်ဘိုင့် ဂွတ်နိုက်အချစ်လေး"

"ဟုတ် လကြီးသာနေတယ်နော်၊ အဲဒီမှာ သာလား ပင်စည်"

"အင် လတော့သာတယ်၊ မိုးအုံ့တော့ နည်းနည်းမှုန်နေတယ်၊ အရမ်းကြီးမလင်းဘူး"

"ဒီမှာတော့ လင်းတယ်၊ ကြည့်နေလားဟင်...လ,ကို"

"အင်း ကြည့်နေတယ်၊ ဟိုမှာ ယုန်နဲ့အဘိုးအို ခပ်ရေးရေး မြင်ရတယ်"

"အင်း ဒီဘက်က လမှာတော့ ပင်စည့်မျက်နှာမြင်နေရတယ်"

"ဟုတ်လား ထူးဆန်းလိုက်တာ၊ ဟော...ဒီဘက်က လမှာလည်း ချယ်ရီ ဖုန်းပြောနေတာလေး ပေါ်လာပြီ၊ လှလိုက်တာ"

"လကြီးက မှန်ကြီးဖြစ်သွားပြီ၊ ဟိုနိုင်ငံတွေရောက်သွားရင် ခုလို အတူကြည့်လို့မရတော့ဘူးနော်"

"အင်းပေါ့ ချယ်ရီ၊ နာရီတွေ ထည့်ထားနော်၊ ဖုန်းထဲကို ဒီနဲ့က ငါးနာရီဆယ်မိနစ်လောက်ပဲ ကွာတာ၊ ကိုယ်လည်း ဖုန်းထဲ ထည့်ထားတယ်"

"ထည့်ပြီးပြီ"

"နိုင်ငံကူးတိုင်း နာရီကိုကြည့်ပြီး အချိန်ပြောင်း၊ ဒါပေမဲ့ အဲဒီနိုင်ငံတွေဆက်တိုက်က အချိန်မကွာဘူး ချယ်ရီရဲ့၊ အေးနေတော့မှာ အိမ်ထဲဝင်တော့"

"ဟုတ်တယ်ပင်စည် အထဲဝင်တော့မယ်၊ ဂွတ်နိုက်"

"ဂွတ်နိုက် ဂွတ်နိုက် အိပ်မက်လှလှမက်ပါစေ"

"ဟုတ် ချလိုက်တော့မယ်နော်"

"အိုကေ"

ချယ်ရီ့ရဲ့ ခါတ်ပုံလေးကို စတွေ့တုန်းက အေးစက်စက် မျက်နှာ ပေးလေးနဲ့ လည်တိုင်ရှင်းရှင်း၊ ပခုံးမတ်မတ်၊ ဟန်သေချာလုပ်တဲ့အမူအရာ မဟုတ်ဘဲ ပေါ့ပါးလွတ်လပ်နေတဲ့ ပင်ကိုဟန်လေးတွေကို သဘောကျမိ တယ်။ ပြီးတော့ ချယ်ရီ့ချစ်သူ ကောင်လေးနဲ့ပတ်သက်ပြီးခံစားနေရတာကို မြင်ရတော့ ဘာကြောင့်သနားမိသလဲဆိုတာ စဉ်းစားမရ။ မျက်လုံးကိစ္စလေး သိလိုက်ရတော့ ပိုပြီးကရုဏာသက်ရ။ ချယ်ရီတော့ တစ်စုံတစ်ဦးဆီကနေ အကူအညီကို စောင့်မျှော် မျှော်လင့်နေသူတော့ မဟုတ်ပါ။ အမှီခိုကင်းကင်း၊ တည်တည်ငြိမ်ငြိမ်နေချင်တဲ့စတိုင်မျိုးလေးကို နှစ်သက်မိတယ်။ သူတွေ့ဖူးတဲ့ မိန်းကလေးတချို့ကတော့ ကိုယ့်မှာပြည့်စုံနေတာတောင် တစ်ပါးသူအပေါ် မှီခိုအားကိုး သာယာညွတ်တိမ်းလွယ်ကြတယ်။ ခု နောက်ပိုင်း ချယ်ရီ့ကို ကြည့်ရတာ ပိုစမတ်ကျလာတယ်လို့ထင်တယ်။ သူ့စိတ်၊ သူ့ယုံကြည်ချက် ကြောင့်လည်း ပြောင်းလဲသွားတာဖြစ်နိုင်တယ်။

ပြဿနာတွေပြီးတဲ့နောက်မှာ ပိုပြည့်ပြီး စိုပြေလာတယ်။ အားဆေး ကို နေ့တိုင်းသောက်ဖို့လည်း သတိပေးခဲ့ရတယ်။ ခုလိုညလေးမှာ ဖုန်းပြော လိုက်ရတော့ နီးနီးကပ်ကပ်လေး စကားပြောလိုက်ရသလို ရင်ထဲ နွေးသွား တယ်။

လွန်ခဲ့တဲ့လတွေက တရားခွင်မှာ ကျမ်းတုတ်ကိုကိုင်ပြီး ကျမ်း သစ္စာကျိန်ဆိုခဲ့ရတဲ့ စာနာမှုတွေ ရင်ထဲအပြည့်နဲ့ မိန်းကလေးတစ်ယောက် ရဲ့အချစ်ကို သူအရမ်းတန်ဖိုးထားမြတ်နိုးရပါတယ်။ သံမံတလင်းမှာ ပုံလျက် ကျသွားတဲ့ခန္ဓာကိုယ်လေးကို အပြေးအလွှားပွေ့ချီရင်း ကားပေါ်တင် ဆေးရုံ ကိုပြေးခဲ့တာ။ ဘယ်ဘေးပတ်ဝန်းကျင်မှ မမြင်မိတော့။

ညဥ့်ရဲ့ စံပယ်ပန်းရုံဘေး အေးစက်တဲ့ရာသီကြားမှာ နှလုံးသား တွေ အေးစက်ခဲ့သွားအောင် ကိုယ်တိုင် မျက်လုံးလေးကို ရဲဝင့်စွာ အသက် သွင်းရင်း ပြသခဲ့ရတာ တော်တော်နာကျင်ခဲ့မှာပဲလို့ တွေးမိတယ်။ ရင်တွေ နာရင်းပေါ့။

ချယ်ရီတွေ ခင်းထားတဲ့ချယ်ရီလမ်းလေးဘေး။ ယုန်မွေးဆွယ်တာ ပန်းရောင်လေးနဲ့ ချယ်ရီပွင့်တွေကောက်ရင်း စောင့်နေသူတစ်ယောက်။ အတွေးတွေထဲ ဓာတ်ပုံရိုက်သလို ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်နေမိတယ်။

* * *

ရန်ကုန် International Airpot ထဲက ဆိုင်လေးထဲ ထက်အောင်နဲ့ ကော်ဖီသောက်ရင်း ချယ်ရီ့ကို စိတ်စောပြီးစောင့်နေမိတယ်။ ဒီနေ့မနက်ကမှ ရန်ကုန်ရောက်တာ ချယ်ရီက မနေ့ညကရောက်တယ်။ ခု ချယ်ရီတို့ထွက်လာကြပြီတဲ့။ မအေးတအေးရာသီဥတုနဲ့ စိတ်ကြောင့်၊ ချွေးပြန်လာသလို ခံစားရလို့ အပေါ်အင်္ကျီကို ချွတ်လိုက်တယ်။ ထက်အောင်က အာလူးကြော်ကိုယူစားရင်း ကြည့်ရင်း ပြုံးစိစိလုပ်နေတယ်။

"ဘာပြုံးတာလဲ ဟေ့ကောင်"

"မင်းစိတ်တွေလှုပ်ရှားနေတာကို မြင်နေရလို့ပါ၊ အင်္ကျီကျန်ခဲ့ဦးမယ်"

"မကျန်ပါဘူး အိုက်လာလို့ပါ၊ ခုနက မိုးက နည်းနည်းရွာလိုက်တော့ အုံ့အိုက်ကြီး"

"တီ ... တီ ... တီ"

သူ့ဖုန်းလေးမြည်လာတာကြောင့် ကိုင်လိုက်တယ်။

"ချယ်ရီရောက်ပြီလား"

"... ... ..."

"အိုကေ ကိုယ်လည်းရောက်နေပြီ Airport ကွင်းထဲမှာ။ ဆိုင်က ထွက်ခဲ့ပြီ"

"ရောက်ပြီတဲ့လား"

"အင်း ပိုက်ဆံရှင်းမယ် ညီလေး"

ပိုက်ဆံကို ခပ်သွက်သွက်ရှင်းပြီး အဝင်ပေါက်ရောက်တော့ ချယ်ရီတို့ပစ္စည်းတွေချနေတာကို တွေ့ရတယ်။ အားလုံးကူချပေးလိုက်တယ်။ တွန်းလှည်းတွေပေါ် ကိုယ့်အိတ်တွေ ကိုယ်စီတင်လိုက်ကြတယ်။ ချယ်ရီက ဂျင်းဘောင်းဘီ၊ အပေါ်က ကုတ်အင်္ကျီအမည်းရောင် ဆံပင်လေးချထားပြီး ပေါ့ပါးသွက်လက်နေတယ်။ မျက်နှာက ပန်းရောင်ပြေပြေလေး၊ နှုတ်ခမ်းနီး ပန်းရောင်ပြေပြေလေး ဆိုးထားတယ်။

"ပင်စည် မိတ်ဆက်ပေးဦးမယ်။ ပစ္စည်းတွေချနေတာနဲ့ ဒါက ချယ်ရီ့ဆရာ ဦးကျော်လွင်၊ ဒါက ဆရာမ မစံပယ်၊ တောင်ကြီးကပဲ။ သူက မန္တလေးက ချယ်ရီ့မိတ်ဆွေ ပင်စည်ပါ"

"ဟား ...တွေ့ရတာဝမ်းသာပါတယ်၊ ဝမ်းသာပါတယ်ရှင်"

"ဟုတ် ကျွန်တော်လည်း ဆရာ၊ ဆရာမတို့နဲ့တွေ့ရတာ ဝမ်းသာပါတယ်"

"မန္တလေးကလား"

"ဟုတ်ကဲ့ခင်ဗျ၊ ဒါက ကျွန်တော့်သူငယ်ချင်းပါ၊ ထက်အောင်တဲ့၊ မန္တလေးကပဲ"

ချယ်ရီနဲ့လည်း ခုမှ တစ်ခါတည်း မိတ်ဆက်ပေးလိုက်တယ်။

"အေးကွာ လူငယ်တွေနဲ့ နောက်မှ အေးအေးလူလူ စကားပြောရမှာပဲ၊ တောင်ကြီးရောက်ရင် လာလည်ကြပါ၊ ဦးကတော့ ပန်းချီဆွဲတာကလွဲပြီး ဘာမှမလုပ်ဘူး၊ သစ်ပင်လေးဘာလေး နည်းနည်းပါးပါးပဲ စိုက်တယ်"

သဘောကောင်းပုံရတဲ့ ဦးကျော်လွင်နဲ့ သစ်ပင်စိုက်ဝါသနာပါတဲ့ ထက်အောင် လေနည်းနည်းမိသွားတုန်း။

"ချယ်ရီ အနွေးထည်ထပ်ဝတ်နော်၊ လေယာဉ်ပေါ် အေးမယ်၊ အစားရော စားခဲ့လား၊ အတက်ကို မျက်စိလေးမှိတ်၊ ဘုရားစာလေး ရွတ် လိုက်သွားနော်။ ဘာမှလျှောက်တွေးမနေနဲ့၊ သမုဒ္ဒရာ ရေပြင်ကြီးဖြတ်လည်း ပြတင်းပေါက်ကနေ ငုံ့ကြည့်မနေနဲ့၊ မြင်ရမှာမဟုတ်ဘူး၊ ခေါင်းမူးမှာစိုးလို့၊ ဆေးတွေပါတယ်နော်"

"ပါတယ် ပင်စည်၊ မောနေပါမယ် ဖြည်းဖြည်းပြောပါ"

"ချစ်လို့ပါ"

"ပင်စည်လည်း နေကောင်းအောင်နေနော်"

"FBကိုပဲ တင်၊ ကိုယ့်ဆီ ဖုန်းမဆက်နဲ့၊ C box ကနေ စကားပြောမယ်၊ အများနဲ့သွားတာဆိုတော့လေ၊ စိတ်ချမယ်နော်"

"ဒူဘိုင်းရောက်ရင် ပြောလိုက်မယ်နော်၊ လိုင်းရရင်ပေါ့"

"အင်း…ကိုယ်စောင့်နေမယ်၊ ကျန်းမာရေးဂရုစိုက်နော်"

"မအိပ်ဘဲလည်းမနေနဲ့ဦး ပင်စည်"

"ထွက်ချိန် နှစ်နာရီထိတော့ နေနိုင်ပါတယ်၊ ဆုတောင်းပေးနေမယ်၊ မနက်ကျမှလည်း အိပ်လို့ရတယ်လေ"

"ဟုတ်ပါပြီ။ ဆရာလှမ်းကြည့်နေတယ်၊ အထဲမှာ လုပ်စရာတွေက အများကြီး။ သွားမယ်နော်"

"အင်း ချယ်ရီ၊ ကိုယ်လွမ်းနေ သတိရနေမယ်နော်"

"ဟုတ် အတူတူပဲနော်…အိုကေ"

"ကဲ…သွားမယ်နော်။ အားလုံး ဖြည်းဖြည်းမောင်းပြန်ကြဦး၊ မိုးချုပ်နေပြီ"

"ဟုတ်ကဲ့"

ဦးကျော်လွင်၊ မစံပယ်နဲ့ ချယ်ရီ နှုတ်ဆက်ပြီး တွန်းလှည်းလေးတွေ ကိုယ်စီနဲ့ တွန်းဝင်သွားတယ်။ အဝင်ပေါက်မှန်တံခါးနားမှာ ချယ်ရီ့ လက်ဖမိုးလေးကို ဆုပ်ကိုင်ရင်း မျက်လုံးတွေနဲ့ပဲ နှုတ်ဆက်လိုက်တယ်။ ချယ်ရီ့ရဲ့ရှင်သန်နေတဲ့ တစ်ဖက်တည်းသော မျက်လုံးဝိုင်းဝိုင်းလေးမှာ မျက်ရည်လို့ထင်ရတဲ့အရည်စလေး ရှိဝေသွားတယ်။ အထဲဝင်စမှာ ပစ္စည်းတွေ စစ်နေတာကို ခဏကြည့်ပြီး ပြန်ထွက်လာခဲ့ကြတယ်။ ချယ်ရီလည်း သူ့ကို တစ်ချက်လှမ်းကြည့်ရင် လက်လှမ်းပြတယ်။

အဲဒီညအပြန်မှာ မအိပ်ဖြစ်မယ့်အတူတူ ထက်အောင်ရဲ့တိုက်ခန်းမှာ ဘီယာသောက်ဖြစ်ကြတယ်။ ထက်အောင်ရဲ့တိုက်ခန်းနေရာက လေဆိပ်နဲ့ နီးနီးလေး ဆယ့်ငါးမိနစ်ပဲ မောင်းရတယ်။ လေယာဉ်တွေ တစ်စီးပြီးတစ်စီး ပျံသန်းသွားတာကို ဝရံတာကနေ မြင်နေရတယ်။ ညနှစ်နာရီမှထွက်မယ့် ချစ်သူ့လေယာဉ်ကို ထိုင်စောင့်ရင်း ဘီယာလည်း နှစ်ခွက်လောက် ကုန်သွားတယ်။

နှစ်နာရီတိတိအချိန်မှာ Emirates လေကြောင်းလိုင်းလေယာဉ်က အသံခပ်ပြင်းပြင်းနဲ့ ကောင်းကင်မှာ ပျံသန်းလာတယ်။ မီးရောင်တွေ တလက်လက်နဲ့ပေါ့။ အနီ၊ အစိမ်း၊ အပြာ၊ အဖြူ၊ မီးရောင်လေးတွေ တောင်ပံအဖျားကနေ လက်နေတယ်။ ချယ်ရီပါသွားတဲ့လေယာဉ်ကြီးကို ကောင်းကင်ပေါ် ငေးမောကြည့်နေမိတယ်။ ချယ်ရီရေ မင်းအောင်မြင်မှုတွေနဲ့ အတူ အန္တရာယ်ကင်း ဘေးရှင်းပါစေ။ တဖျတ်ဖျတ်မီးရောင်လေးတွေ ပျောက်ဆုံး။ အသံလည်းမကြားရတော့မှ အခန်းထဲ ပြန်ဝင်ခဲ့တယ်။ နောက်ထပ် ဘာလေယာဉ်မှ တက်သံမကြားရတော့။ ထက်အောင်က ဧည့်ခန်းမှာ အိပ်ငိုက်နေတယ်။

“ထက်အောင် သူငယ်ချင်း မင်းလည်းပင်ပန်းသွားပြီ၊ အိပ်တော့ သူတို့လေယာဉ်တက်သွားပြီ”

"ကြားတယ်၊ ခုလေးတင်။ ဒီနေ့ ငါ့သူငယ်ချင်းတို့စုံတွဲနှစ်ယောက်ကို ကြည့်ရတာ ရုပ်ရှင်ကားတစ်ကားကို ကြည့်ရတဲ့အတိုင်းပဲ"

"ပြောစမ်းပါဦး"

"ဩော်...ငါကလည်း မင်းတို့နှစ်ယောက်ပြောခွင့်သာအောင်၊ သူ့ဆရာကို ဟိုဟာတွေလျှောက်မေး၊ ဒီဟာတွေလျှောက်မေးနဲ့ ဘာတွေပြောမိမှန်းတောင် မသိဘူး"

"အေး မင်းကယ်ပေလို့သာပဲ၊ မဟုတ်ရင် သူတို့က တန်းဝင်သွားကြမှာ"

"အေးပေါ့၊ အထဲမှာက ကီလိုချိန်တာတွေ စစ်တာတွေ လုပ်ရဦးမှာ၊ ကြာတယ်"

"မင်းရှိတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"သူနဲ့ကျမှ မင်းလည်း ဟတ်ထိတော့တယ်လား။ ဒါနဲ့ ဟိုတိုက်ခန်းက ကောင်မလေး မရှိတော့ဘူးထင်တယ်၊ မတွေ့တော့ဘူး"

"ဩော်...ရေကူးချန်ပီယံရဲ့ကောင်မလေးလား"

"အေးလေ"

"မရှိတော့လည်း ကောင်းတာပေါ့ကွာ။ သတိတောင်မရဘူး၊ ရှိနေရင် မျက်စိခလုတ်တိုက်တယ်"

"မင်း ဘယ်နေ့ပြန်မလဲ ပင်စည်"

"မနက်ဖြန်ည ပြန်မယ်ကွာ၊ ချယ်ရီမရှိတော့ မနေချင်ဘူး"

"ကောင်းပါပြီဆရာသမားရယ်၊ ကျွန်တော်မျိုး မနက်ဖြန် ကားလက်မှတ်ဝယ်လိုက်ပါမယ်"

"ဝွတ်နိုက်"

"ခဏနေ ဝွတ်မောနင်းတော့မယ်"

"ဆယ်နာရီထိ အိပ်မယ်ကွာ ညကားပဲ"

"အိုကေ"

မီးပိတ်၊ တံခါးတွေပိတ်၊ အိပ်ခန်းထဲဝင်တော့ ထက်အောင် အိပ်မော ကျ ဟောက်သံကို ချက်ချင်းကြားရပေမယ့် ကိုယ်ကတော့ ချက်ချင်း အိပ်မပျော်နိုင်။ ချယ်ရီနဲ့အတူ လေယာဉ်ကြီးနောက် အတွေးတွေ စီတန်းပါ သွားတယ်။

●

# အပိုင်း (၃)

# ချယ်ရီဖူးမေ

# အခန်း(၂၅)

"နိုးပြီလား ချယ်ရီ"

"ဟုတ် ဆရာမ...အိပ်ရေးပျက်ထားတော့ မှေးရင်း အိပ်ပျော်သွားတယ်...တော်တော်ကြာလားဟင်"

"မိနစ် ၃၀ လောက်ပါ...အိပ်ပျော်သွားတာ ကောင်းတယ်...အိပ်ရေးမဝတော့ လူမလန်းဘူး"

"ဆရာမရော အိပ်မပျော်ဘူးလား"

"ခဏပဲမှေးတာ...အိပ်တော့မပျော်ဘူး"

လေယာဉ်ခုံက ဆယ်ခုံ တစ်တန်း၊ သုံးခုံတန်းမှာ ချယ်ရီက ပြတင်းပေါက်ဘက်၊ ဆရာကျော်လွင်က ဘေး၊ ဆရာမ မစံပယ်က အလယ် ဆရာမ ပြောသလို အိပ်ပျော်သွားမှ အားရှိသွားသလို လန်းဆန်းသွားတယ်။

လေယာဉ်အတက်မှာ ဘုရားစာရွတ်ရင်း အမေ့လည်း သတိရ၊ ပင်စည်ကို လည်း သတိရရင်း အိပ်ပျော်သွားတယ်။ လေယာဉ်ကွင်းလိုက်ပို့ပြီး မျက်နှာ ငယ်ငယ်လေးနဲ့ စိုးရိမ်ကြီးစွာ နှုတ်ဆက်လက်ပြနေတဲ့ ပင်စည်ပုံရိပ်လေးကို မြင်ရင်း စိတ်ထဲ ဝမ်းနည်းနေသလို ပိုချစ်လာသလို ခံစားရတယ်။

မှန်ပြတင်းအပြင်ကနေ ကြည့်လိုက်တော့ လေယာဉ်အတောင် ဖျားက မီးရောင်လေး တဖျတ်ဖျတ်နဲ့အတူ လကြီးကို မြင်ရတယ်။ လအလင်း ရောင်က လေယာဉ်ပြတင်းပေါက်ကနေ အထဲထိ အလင်းရောင်ဖြာကျလို့ လှလိုက်တာ။ ဟိုးအောက်ကိုတော့ ဘာမှမမြင်ရ။ မည်းမှောင်လို့။ လေယာဉ် အတွင်းခန်းမှာ မီးအလင်းရောင်တွေမှိတ်ထားပြီး ပြာလဲ့လဲ့ကောင်းကင်မှာ ကြယ်လေးတွေ လင်းလက်နေသလို လေယာဉ်အမိုးမှာ လိုင်းနှစ်လိုင်းလုပ် ထားတယ်။ ကြယ်တွေအောက်မှာရောက်ရှိနေသလိုမျိုး ခံစားချက်ကို ပေးထား ပုံရတယ်။

ငြိမ်သက်နေတာကြောင့် ခေါင်းမမူးပါ။ တော်သေးတယ် ပင်စည် ရဲ့ ဆေးတွေကတော့ လွယ်တဲ့အိတ်ထဲ အဆင်သင့်။ ဆရာမကလည်း အိပ်မပျော်တာကြောင့် သူ့ရှေ့မှာ Live လွှင့်နေတဲ့ လေယာဉ်လမ်းကြောင်းကို လိုက်ကြည့်နေတယ်။ ချယ်ရီလည်း လိုက်ကြည့်နေမိတယ်။ ကိုယ့်ရှေ့ခုံက TV လေးကတော့ အိပ်နေလို့ ဆရာမက ပိတ်ပေးထားပုံရတယ်။

ရန်ကုန်လေဆိပ်ကနေ ပျံသန်းလာတဲ့ မှိုင်နှုန်းသွားလိုတဲ့ ခရီးရဲ့ မှိုင်နှုန်းအမြင့်ပေ ဘယ်လောက်ကနေ ပျံသန်းနေကြောင်း အပူချိန်အားလုံး တို့ကို ဖော်ပြပေးနေတယ်။ တစ်ခုံစီရဲ့ရှေ့မှာသာမက ရှေ့ဆုံးနံရံမှာလည်း Live လွှင့်ပေးနေတယ်။ နိုင်ငံခြားသားအများစုကတော့ ဇာတ်ကားတွေ ဖွင့်ကြည့်နေတာတွေ့တယ်။

ချယ်ရီကတော့ လေယာဉ်က ကုန်းတွင်းပိုင်းကျော်ပြီး သမုဒ္ဒရာရေပြင်ကို ဖြတ်သန်းနေချိန်ဆိုတာကို သေချာခံစားကြည့်နေမိတယ်။ ကုန်းတွင်းပိုင်းမှာ လေယာဉ်အနည်းငယ်လှုပ်သလိုလေးရှိပေမယ့် ရေပြင်ဖြတ်တဲ့အခါ ငြိမ်သက်နေတာကို ခံစားမိတယ်။

"ချယ်ရီ ဖုန်းသုံးလို့ရတယ်...သူတို့ နှစ်နာရီပေးထားတယ်"

"ဟုတ်လား..."

"မိနစ် ၂၀ လောက်တောင် ကုန်သွားပြီ...မေ့ပြီးမပြောမိဘူး...ခုမှအိပ်ချင်လာသလိုပဲ အိပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာမ"

လေယာဉ်ပေါ်ရတဲ့အချိန်လေး WF မြန်မြန်ရှာ။ ဆယ်မိနစ်လောက်စောင့်ပြီးမှ ရတယ်။ လိုင်းမိသွားတော့ ဓာတ်ပုံလေးနှစ်ပုံလောက်ရိုက်ပြီး မြန်မြန်တင်လိုက်တယ်။ ပင်စည်ကို သိစေချင်တယ်။ မြန်မာစံတော်ချိန်၊ ဒ်က စံတော်ချိန်လေးရေးပြီး လေယာဉ်ပေါ် အမှောင်လေးထဲက လအလင်းရောင်နဲ့ပုံလေးကိုတွေ့ရင် ပင်စည် အံ့ဩအမောပြေစေမှာပါ။ ကျေးဇူးတင်လိုက်တာ။ လိုင်းကတက်ပြီး တင်လို့ရသွားတယ်။ နာရီကို ကြည့်လိုက်တယ်။ နောက်ထပ် သုံးနာရီလောက် စီးရဦးမယ်။

လိုင်းပေါ်မရှိ အိပ်ပျော်နေမှန်းသိပေမယ့် messenger ကနေစာလေးတစ်ကြောင်းနှစ်ကြောင်း ရေးပို့ထားလိုက်တယ်။ သူကြည့်လို့စာလေးပေါ်လာရင် ဝမ်းသာရအောင်လို့။ ကြည့်နေရင်း စာလေးတစ်ကြောင်းဝင်လာတယ်။

"အဆင်ပြေကြလားခင်ဗျ"

ဩော်...ကိုလင်းမြတ်

"ပြေပါတယ် ကိုလင်းမြတ်"

သူ့ဘက်က လက်မထောင်တဲ့ပုံလေးတက်ရင်း စာပြန်တက်လာတယ်။

"လေဆိပ် လာကြိုမယ်…နော်ဝေမှာ ရာသီဥတုက အေးနေလို့ လေယာဉ်ပေါ်ကတည်းက အနွေးထည်ဝတ်လာပါ…ဆရာနဲ့ ဆရာမလည်း ပြောပေးပါ"

"ဟုတ်ကဲ့"

"ဆယ့်ခြောက်လောက်ရှိတယ်"

"ဟုတ်လား"

"တည်းခိုဖို့ ကျွန်တော့်အစ်ကိုဝမ်းကွဲအိမ်မှာ အားလုံးစီစဉ်ထားတယ်…လေဆိပ်ရောက်ရင် သုံးယောက် group ဖြစ်တဲ့အတွက် တန်းခေါ်မှာပါ…ကျွန်တော့်ပို့ပေးတဲ့ invite letter ကိုလည်း ပူးတွဲပြလိုက်ပါ"

"ဟုတ်ကဲ့ ကိုလင်းမြတ် ကျေးဇူးပါ"

"see u cherry…sweet trip."

ပြန်စာမရိုက်ရခင်မှာ ပေးထားတဲ့အချိန်နှစ်နာရီပြည့်သွားတာမို့ ဆက်သုံးလို့မရတော့။ ဖုန်းကို power off ရင်း နည်းနည်းပြန်မှေးနေလိုက်တယ်။

* * *

ဒီလေယာဉ်မှာ မြန်မာလေယာဉ်မောင်လည်းပါတာမို့။ မြန်မာလိုကြော်ငြာသလို အင်္ဂလိပ်လိုလည်း ကြော်ငြာပေးပါတယ်။ ဒူဘိုင်း လေယာဉ်မယ်လေးတွေက တွန်းလှည်းလေးတွေကိုယ်စီ တွန်းရင်း ဘာသုံးဆောင်မလဲလို့ အပြုံးချိုချိုနဲ့ လိုက်မေးပါတယ်။ နူတ်ခမ်းနီ မိတ်ကပ်ပါ တစ်ပုံစံတည်း

ပြင်ဆင်ထားတဲ့ လေယာဉ်မယ်လေးတွေက အပြုံးချိုချိုနဲ့ ချယ်ရီတို့မှာတဲ့ ကြက်သားဆန်ပြုတ်နဲ့အတူ ပါမုန့်၊ ကွတ်ကီး၊ ဘီစကစ်၊ ချိစ်၊ အသီး၊ juiceရေတို့ကို ဗန်းလေးနဲ့ ကမ်းပေးပါတယ်။

ပေါ့ပေမယ့် ဆန်ပြုတ်ပူပူလေးရဲ့အရသာက သောက်ကောင်းပါတယ်။ နောက်တစ်ခါ ကော်ဖီမှာသောက်ပြီး ကျန်တဲ့မုန့်လေးစား၊ အသီးလေးစားပြီးသွားချိန်မှာ ဗိုက်ထဲ နွေးနွေးထွေးထွေးဖြစ်ပြီး နေလို့ပိုကောင်းသွားတယ်။

မြန်မာပြည်မှာ လေယာဉ်ရှောင်ခဲ့သမျှ ခုပျင်းနေအောင် စီးရတယ်။ ဇာတ်ကားတွေလည်း မကြည့်ချင်။ ဟိုရောက်ရင် လုပ်ရမယ့် Plan လေးတွေကိုလည်း ကြိုစဉ်းစားနေမိတယ်။ ချယ်ရီရဲ့ပန်းချီကားသုံးကား ထပ်ပါလာတယ်။ ပြင်သစ်ပြပွဲမှာ ပန်းချီနဲ့ပတ်သက်ပြီး ရှင်းလင်းပြောရမယ်။ ရုပ်သံအင်တာဗျူး၊ မဂ္ဂဇင်းအင်တာဗျူးတချို့ရှိမယ်လို့ ကိုလင်းမြတ်က ကြိုပြောထားတယ်။ အိမ်မှာ ချယ်ရီချိတ်ဆွဲထားတဲ့ပန်းချီကားထဲက စိတ်ကြိုက်ယူခိုင်းခဲ့တာပါ။ ကိုလင်းမြတ်က သူယူခိုင်းတဲ့ ပန်းချီကားတစ်ကားရှိပေမယ့် မယူခဲ့ဘူး။ မပြီးသေးဘူးလို့ စိတ်ထဲ ခံစားနေရတဲ့ ပန်းချီကားကို ပြပွဲမတင်ချင်။ ကိုလင်းမြတ်ကတော့ တွေ့တာနဲ့ အဲဒီပန်းချီကားပါလားလို့ မေးလိမ့်မယ်ထင်။ အဲဒီပန်းချီကားကိုလည်း ပြပွဲမှာ ပြဖို့ သိပ်စိတ်မပါသလို။ လိုတာတွေ ဖြည့်ရဦးမှာမို့။ မယူခဲ့ဘူးလို့ဘဲ ယုံအောင်ပြောရမှာပဲလို့ တွေးထားလိုက်တယ်။

ဆရာနဲ့အတူ ပန်းချီကားဆွဲထားတာတွေ ရှိသေးလားဆိုပြီး အိမ်ကိုလိုက်လာကြည့်ကတည်းက အဲဒီကားကို တော်တော်နှစ်သက်နေတယ်။ ဆရာကပြောတယ်။ တပည့်တွေထဲမှာ ဆရာ့လက်ကျကို လိုက်မှီတာ သူပဲရှိတယ်။ ဒါကြောင့် သူ့အရည်အချင်းကိုသိလို့ ဒီပန်းချီပညာကို စနစ်တကျသင်ပေးထားတာလို့ ကိုလင်းမြတ်ကို ပြောပြတယ်။ ဒါလည်း ဟုတ်ပါ

တယ်။ အမြင်အာရုံက တစ်ဖက်တည်း အလုပ်လုပ်ရလို့လား မသိ စူးရှလွန်း တယ်။ အရောင်တွေ တုံးတွေ ရွေးချယ်တာ။ အနီးအဝေး ချိန်တာတွေ သိပ်ကောင်းတယ်လို့ ဆရာက ချီးမွမ်းဖူးတယ်။

ကိုလင်းမြတ်က လူကြီးဆန်စွာ အပြုံးနဲ့ခေါင်းငြိမ့်ပြီး သူချက်ချင်း ဝယ်ဖြစ်တဲ့ပန်းချီကားဟာ ချယ်ရီ့ပန်းချီကားတွေပဲ။ ထပ်စဉ်းစားစရာ မလိုအောင် ကောင်းတယ်။ ဆွဲဆောင်မှုရှိတယ်တဲ့။ ဥရောပအနုပညာနဲ့ အာရှအနုပညာမှာ ပန်းချီမှာ တချို့တော်တော်ကွာခြားပေမယ့် တချို့က ခံစားချက်တွေ တော်တော်ပူးကပ်တယ်လို့ပြောတယ်။

သပ်သပ်ရပ်ရပ် စမတ်ကျကျနေတတ်တဲ့ ကိုလင်းမြတ်က ချယ်ရီ့ အိမ်လေးထဲရောက်လာပြီး ပန်းချီအကြောင်းတွေ အများကြီးပြောသွားခဲ့တယ်။ ဆရာနဲ့ဆရာမ ကားတချို့လည်း ဝယ်သွားတယ်။ ပန်းချီနဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို သူ့လက်မှတ်ထိုးနဲ့ လက်ဆောင်ပေးခဲ့တယ်။ သူမပြန်ခင် ဆရာတို့က ဒင်နာကျွေးရင်း ဆရာတို့သုံးယောက်ကို ဥရောပခရီးစဉ်တစ်ခု ကျွန်တော်စီစဉ်ပါဦးမယ်လို့ ပြောသွားခဲ့တယ်။ ခုလောက်တောင် မြန်မယ် မထင်။ မထင်မှတ်ဘဲ မန္တလေးမှာ ပြဿနာပေါင်းဆုံကို ရင်ဆိုင်ခဲ့ရပြီး ပင်စည်နဲ့ပြန်ဆုံခဲ့ရတယ်။ သဲသဲအတွက်လည်း ပင်စည်ရှိတော့ စိတ်ချမိ တယ်။ ပင်စည်က အမြဲကာကွယ်စောင့်ရှောက်ချင်စိတ်ရှိသူ။ ချယ်ရီကိုတော့ စိတ်မချ အဲဒီလိုပုံစံလေးတွေက ချယ်ရီစိတ်ကို ပင်စည်အပေါ် တိမ်းညွှတ်စေ ကြောင်း ကိုယ့်ဘာသာသိပါတယ်။ ချယ်ရီရဲ့ပင်ကိုစိတ်ကိုက ကိုယ့်အပေါ် ချစ်ပြီး ဂရုစိုက်တာကို ခံချင်သူလေ။ အရင်လူနဲ့တုန်းက မော်ဒယ်လိုလို ဒေါင်ကောင်းကောင်းနဲ့ ရေကူးချန်ပီယံ။ မိန်းကလေးအများစု စိတ်ဝင်စားတာ ကြောင့် ကိုယ့်ချစ်သူက ဒီလိုကွဆိုပြီး သာယာချင်စိတ်လေး ရှိခဲ့တယ်။ တကယ်တမ်းကျ ချယ်ရီဘက်ကပဲ ပိုအလျှော့ပေး၊ ပိုအလေးပေးနေထိုင်ခဲ့ရ တယ်။ ချစ်နေတယ်ဆိုတဲ့စိတ်နဲ့ သည်းခံပေးဖို့လည်း အဆင်သင့်ဖြစ်ခဲ့တယ်။

သူနဲ့တွေ့တိုင်း သူ့ဘေးမှာ အားငယ်နေတဲ့ ယုန်သူငယ်လိုဖြစ်ရင်း ကိုယ့်ကို ကိုယ် အားမရဖြစ်လာတယ်။ ချစ်ပြလေ ပိုဆိုးလေဖြစ်ရင်း ကိုယ့်အားနည်း ချက်ကို ဘယ်လိုမှ ထုတ်ဖော်ပြောဖို့ အားမရှိ။ သေချာတာက သူ့ရဲ့ အားပေးနှစ်သိမ့်စကားသံနဲ့ အားပေးမှုကို လိုချင်၊ မျှော်လင့်ထားပေမယ့် တကယ်တမ်း သူမထင်မှတ်ဘဲ သိသွားချိန်မှာ ချယ်ရီ့ကို ရက်စက်စွာပြောပြီး အမုန်းကြီး မုန်းသွားခဲ့တယ်။

လိမ်ညာထားတယ်ဆိုတဲ့ စွဲချက်တစ်ခုဟာ သေမိန့်ချခံရသလို ခံစားရရင်း သူပေးခဲ့တဲ့နာကျင်မှုနဲ့ လမ်းခွဲသွားခဲ့တယ်။ ဆောက်တည်ရာမရ တုန်လှုပ်သွားတာ ပြောဖွယ်ရာမရှိ။ ခြေကုန်လက်ပန်းကျ သူနင်းခြေပြီး ကန်ခံလိုက်ရတဲ့ ပန်းတစ်ပွင့်လို အရာရာ လွင့်မျောသွားတယ်။ ပထမဦးဆုံး ချစ်ခဲ့ဖူးသူ ချစ်သူတစ်ယောက်ရဲ့ စွန့်ခွာပြေးခြင်းဒဏ်ရာကို မခံစားနိုင်တော့ တဲ့အခါ နောက်ဆုံး FB စာသားများအပေါ် ရင်ကို အတိုင်းသားဖွင့်ခဲ့တယ်။ မျက်ရည်တွေနဲ့ လူးလိမ့် လူလုပ်ရတဲ့ဘဝ။ ဆေးရုံပေါ်က ဘဝတွေဟာ ါးသီးစရာကောင်းလိုက်တာ။ သူငယ်ချင်းတချို့ အားပေးခဲ့ပေမယ့်လည်း နလုံးသားက နလန်မထူနိုင်။ လူတစ်ယောက်ကို ချစ်မိတာနဲ့ မတန်အောင် ပြန်ရခဲ့တဲ့ ဝဋ်ကြွေးတွေပါလားလို့ မြင်မိတယ်။ တကယ်တမ်းတော့ မတန် ပါ။ ချယ်ရီ့ဘက်ကပဲ ချစ်ခဲ့ပြီး ချယ်ရီ့ဘက်ကပဲ ပေးဆပ်ခဲ့ရတာပါ။ ကိုယ်က သူ့အတွက် အချစ်ဦးဖြစ်ခဲ့ပေမယ့် သူ့အတွက်ကတော့ အချစ်ဦး မဟုတ်ပါ။

အချိန်ကာလတွေ ပေးဆပ်ပြီး ချယ်ရီ့အနားကို FB က တစ်ဆင့် ထင်မှတ်ထားတဲ့လူတစ်ယောက်က ဆက်သွယ်လာပြီး ချယ်ရီ့ဘဝထဲကို ဝင်ရောက်လာခဲ့တယ်။ လူတွေကို မယုံချင် မယုံတတ်တော့တဲ့စိတ်က ကြီးစိုးနေတယ်လို့တောင် ကိုယ်တိုင်ထင်မိတယ်။ ပင်စည့်ကို သာမန်တုံ့ပြန် င်ခဲ့ရာကနေ ကြာလာတော့ သာမန်မဟုတ်မှန်း သူ့အပြုအမူတွေက သိလာ

ရတယ်။ သူ့စိတ်က ချယ်ရီ့အပေါ်မှာ အမြဲတမ်း ကူညီဖေးမချင်တဲ့ စိတ်ထား မျိုး။ သူပို့ပေးခဲ့တဲ့ စိတ်ဓာတ်တက်ကြွဖွယ်စာအုပ်တွေဖတ်၊ သူနဲ့စကားပြော သူငယ်ချင်းဖြစ်လာရတာ စိတ်တွေအတွက် တန်ဖိုးရှိလာတယ်။ သူက အားလုံးကို သိထားပြီးသူတစ်ယောက်လို ခံယူချင်ပေမယ့် ချယ်ရီ့ရဲ့ တကယ့် အားနည်းချက်ကို သူမသိခဲ့။ ဒါပေမဲ့ ဘယ်လိုအားနည်းချက်ပဲရှိရှိ ချစ်မယ်လို့ ယူဆတယ်။ သုံးနှစ်ကျော်မှ ဆုံဆည်းကြပေမယ့် စိတ်တွေ ရင်းနှီးနေပါပြီ။

ပင်စည် တောင်ကြီးကို စလာတဲ့အချိန် ဆယ်မိနစ်လောက်စောပြီး လမ်းမှာရောက်နေမိတယ်။ အဲဒီလမ်းလေးမှာ ချယ်ရီပင်တွေချည်းမို့ ချယ်ရီ တွေကလည်း တစ်ပင်လုံး အပင်တိုင်း ပွင့်နေတယ်။ ချယ်ရီလေးတွေ ကောက်ရင်း ရင်လည်းခုန်မိပါရဲ့။ ပင်စည် ကားလေးနဲ့ရောက်လာတော့ ကားနားလေးမှာ နှုတ်ဆက်ရင်း ဂျင်းဘောင်းဘီနက်ပြာ၊ အနွေးထည်၊ ရှေ့လိုင်းစင်း အဖြူ မီးခိုးစပ်ကြားလေးနဲ့ ပင်စည့်ကို စမြင်တော့ ပုံတွေထဲက ထက်တောင်နုတဲ့ ပင်စည့်ကို နှစ်လိုမိတယ်။ မန္တလေးသားဆိုတော့ အသား က မဖြူဘဲ အသားနည်းနည်းညိုပြီး စိုတယ်။ စိတ်ထဲမှာ သဘောကျရင်း ကိုယ့်ကိုယ်ကိုယ် အားငယ်သွားမိပြန်တယ်။ ဒါကြောင့် ဓာတ်ပုံတောင် အရိုက်မခံခဲ့ဘူး။ ချယ်ရီပန်းပင်တွေအောက်မှာ အထူးခြားဆုံးနဲ့ အတောက်ပ ဆုံးနေ့လေးတစ်နေ့ကို ဖြတ်သန်းခဲ့ရတယ်။ ဘယ်အချိန်တွေးတွေး မှတ်မိ နေတာကတော့ ချယ်ရီ့ဂျင်းဘောင်းဘီမှာကပ်နေတဲ့ ဆူးသီးလေးတွေကို စိတ်ရှည်လက်ရှည် ယူခွာပေးနေတဲ့ သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ အနီးကပ်ဂရုတစိုက်လုပ်ပေးနေတာကို မှင်သက်စွာ ငုံ့ကြည့်နေမိတယ် ဆိုတာပါပဲ။

ကိုယ်ကပဲ သူများကို ဂရုစိုက်ပေးနေတဲ့နေရာကနေ ဂရုစိုက်ခံရတဲ့ ဘဝကို ရလာတဲ့အခါ ရင်ထဲမှာ ပီတိနဲ့ တစိမ့်စိမ့်တွေးရင်း ပျော်နေမိတယ်။ အဲဒီအပျော်နဲ့အတူ ပင်စည် တကယ်ချစ်မှန်းသိရလေ။ ပင်စည်က စိတ်ထဲ

စိုးမိုးလာလေ၊ ဝေးသွားမှာကို ပိုကြောက်လာလေ ဖြစ်လာတယ်။ ပင်စည် ချယ်ရီ့ကြောင့် စိတ်ဒဏ်ရာရသွားမှာ၊ ချယ်ရီ့ကို စွန့်ခွာသွားမှာကို ကြောက် လာလေ ချစ်တဲ့စိတ်ကြောင့် ဝမ်းနည်းစွာနဲ့ ချယ်ရီ့ဘက်ကနေ အရင် ဖြတ်တောက်ခဲ့တယ်။ ခံစားရတဲ့အတိုင်းအတာကတော့ ပြောမနေပါနဲ့တော့။

ချယ်ရီ့မျက်လုံးကိုမြင်ပြီး ပြောင်းလဲသွားတဲ့ ပင်စည့်မျက်ဝန်း လေးနဲ့ နှလုံးသားကို အရမ်းသနားသွားတယ်။ ကိုယ်သိပ်ချစ်တဲ့သူကို အကောင်းဆုံးဆိုတဲ့အရာတွေသာ ချယ်ရီ့ဘက်က ပေးဆပ်ချင်ခဲ့တာပါ။ အဲဒါ ချယ်ရီ့စိတ်ရင်းအမှန်ပါ။

●

## အခန်း (၂၆)

ဒူဘိုင်းလေဆိပ်ဆင်းတော့မှာမို့ လေယာဉ်မယ်လေးက ခါးပတ်ပတ်ဖို့ ခုံတွေကို ပြန်မတ်ဖို့ လိုက်သတိပေးတယ်။ တဖြည်းဖြည်းနဲ့ အရှိန်ယူလေယာဉ်တောင်ပံဖျား အဖုံးတွေ တစ်ချပ်ချင်း ပွင့်သွားပြီး အရှိန်ပြင်းပြင်းနဲ့အဆင်း ဒူဘိုင်းလေယာဉ်ကွင်း အဆောက်အဦတွေက မီးရောင်တွေအပြည့်နဲ့လှပစွာကြိုဆိုနေတယ်။

သူများနိုင်ငံရောက်လို့ လေယာဉ်ကွင်းကို စမြင်တာနဲ့ ငိုချင်တယ်။ ရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်ဆိုတာ အဟုတ်ပဲ။ မီးရောင်တွေ အပြည့်လေယာဉ်ပေါင်းများစွာရပ်ထားတဲ့ ဒီလေယာဉ်ကွင်းကြီးကို မြင်ရတာဝမ်းနည်းသလိုကြီး။ အမှန်တော့ ကိုယ့်နိုင်ငံနဲ့ နှိုင်းယှဉ်မိလိုက်တဲ့စိတ်တွေကြောင့် ဝမ်းနည်းသွားမိတာပါ။

လေယာဉ်ပေါ်ကနေအတွက် တော်တော်အေးတယ်။ ခရီးသည်တွေ အားလုံးကို ထိုင်ခုံမပါတဲ့ကားကြီးတွေနဲ့ တင်ဆောင်ပြီးမှ မိနစ် ၂၀ လောက်မောင်းပြီးမှ အဆောက်အဦးထဲ ရောက်တယ်။ အထဲရောက်တော့ ချက်ချင်းနွေးသွားတယ်။ ကြီးမားပြီး လှလွန်းတဲ့လေဆိပ်အဆောက်အဦးထဲမှာ လုပ်စရာရှိတာတွေ လုပ်ပြီး နောက်လေယာဉ်အတွက် စောင့်ရတယ်။ ဒူဘိုင်းမှာ နားချိန်နှစ်နာရီဆိုပေမယ့်လည်း ဟိုသွားဒီသွားနဲ့ ကုန်တာမြန်တာပါပဲ။ ဆရာမ မစံပယ်နဲ့ ဈေးဝယ်တဲ့ဘက် လျှောက်ကြည့်ပြီး ဖုန်းလေးကို W.F နဲ့ ဖွင့်ကြည့်တော့ လိုင်းက တော်တော်နဲ့မရ။ အချိန်ကုန်ခါနီးမှရလို့ ဒူဘိုင်းရောက်ပြီဆိုပြီး ဆရာမနဲ့နှစ်ယောက်တွဲပုံလေး တင်လိုက်တယ်။

နော်ဝေအရောက် နောက်ထပ် ခုနစ်နာရီစီးရမယ့်အချိန်ကိုတွေးရင်း ဟိုဘက်ကို ညနေ ငါးနာရီလောက်မှ ရောက်မယ်။ အမှန်အတိုင်းပြောရင် အိပ်ချင်နေမိတယ်။ နောက်လေယာဉ်မှာတော့ လူက တော်တော်လေးကို နည်းသွားတယ်။ နေရာတွေ လွတ်နေတာလည်း အများကြီးဖြစ်နေတာမို့။ လွတ်နေတဲ့အလယ်ခုံတွဲတွေမှာ ဆရာမရော ဆရာရော သက်သောင့်သက်သာနဲ့ အိပ်လို့ရတယ်။ ချယ်ရီ့ဘေးမှာလည်း လူမရှိတော့တာမို့ ခြေဆန့်ပြီး စိတ်ချ လက်ချအိပ်လို့ရသွားတယ်။ စားပြီးလို့ မိုက်တင်းပြီး အိပ်ဖို့သာ။ မအိပ်ခင် လိုင်းရတုန်း ပင်စည်များရှိမလားဆိုပြီးကြည့်ပေမယ့် မတွေ့။ ကိုလင်းမြတ်ကတော့ တည်းခိုရမယ့် အစ်ကိုဝမ်းကွဲ အိမ်လေးရယ်၊ အစ်ကိုတို့စုံတွဲပုံရယ် ပို့ထားတယ်။ ကိုကောင်းမြတ်ဇော်နဲ့ မမိုးမိုးသိမ့်တဲ့ သဘောကောင်းပုံရတဲ့ သူတို့စုံတွဲကလည်း ပျော်နေကြပါတယ်တဲ့။

ကိုလင်းမြတ်ကတော့ ပြင်သစ်ကနေ နော်ဝေကို မနေ့က ရောက်တယ်တဲ့။ လေဆိပ်မှာ သူ့အစ်ကို ကားနဲ့ အသင့်စောင့်ကြိုနေပါ့မယ်တဲ့။ ကိုလင်းမြတ်ကို ကျေးဇူးတင်ကြောင်း စာပို့ပြီး အိပ်ပျော်သွားလိုက်တာ။ တော်တော့်ကို ကြာသွားပါတယ်။ နိုးလာတော့ သုံးယောက်လုံး အိပ်ရေးဝပြီး

လန်းဆန်းသွားကြတယ်။ တော်တော်ငြိမ်ငြိမ်လေး လိုက်ပါရတာကိုက စိတ်ကို အတော်သက်သောင့်သက်သာဖြစ်စေတယ်။ ဆရာနဲ့ဆရာမကို အနွေးထည်ဝတ်ခိုင်းပြီး ကိုလင်းမြတ်ပြောတာတွေ ဆရာတို့ကို ပြန်ပြောပြလိုက်တယ်။ အိပ်ပျော်သွားတာကြာတဲ့အတွက် အချိန်တွေက ပြောသလောက်ကြာတယ်မထင်ရ။ ဒူဘိုင်းလေဆိပ်လောက် မကြီးမားတဲ့ နော်ဝေလေဆိပ်ကိုဆင်း၊ ပစ္စည်းတွေရွေးအပြီး အထွက်မှာတော့ ကိုလင်းမြတ်ကို လှမ်းတွေ့ရတယ်။ လည်သာအနက် ဂျင်းပြာရင့်၊ အောက်ခံ စပို့ရှပ်အဖြူဝတ်ထားတဲ့ ကိုလင်းမြတ်က ချယ်ရီတို့နား ခပ်သွက်သွက်ရောက်လာတယ်။

"ဟဲလို မင်္ဂလာပါ အချိန်မှန်တယ်နော်"

"မင်္ဂလာပါဗျာ မှန်တယ်"

"ပင်ပန်းနေကြပြီလား၊ စီးရချိန်ကများတော့"

"ခု လေယာဉ်မှာတော့ ဆရာက ဆေးသောက်အိပ်လာတာ"

"ချယ်ရီတို့ရောလား"

"ဟုတ် ကျွန်မလည်း အိပ်ခဲ့တယ်"

"ကောင်းတာပေါ့ မိတ်ဆက်ပေးမယ်၊ ဒါက ကျွန်တော့်အစ်ကို ကောင်းမြတ်ဇော်ပါ၊ သူ့အမျိုးသမီးက အိမ်မှာချက်ပြုတ်နေတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဓာတ်ပုံထဲမှာ အားလုံးကို မြင်ဖူးပါတယ်"

"ဟုတ်…ကိုကောင်းမြတ်ဇော်ကိုလည်း ပုံပို့ထားလို့ မြင်ရတယ်၊ လေယာဉ်ပေါ်မှာကတည်းက"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဆရာမတို့ ဒီနေ့အေးတာ မနေ့က ဒီလောက်မအေးဘူး"

"ဟုတ်တယ်နော် တော်တော်အေးတယ်"

"ပစ္စည်းတွေ အကုန်စုံပြီနော်၊ ကားပေါ်တင်ကြစို့"

"စုံပြီ စုံပြီ ဆရာမတို့လည်း ကူသယ်ပေးမှာပေါ့"

"ရတယ် ကျွန်တော်တို့နိုင်တယ်"

"ဘယ်ဟုတ်ပါ့မလဲ ကိုလင်းမြတ်၊ အတူတူမ,တော့ သက်သာတာပေါ့"

ကိုလင်းမြတ်က ချယ်ရီ့လှည်းပေါ်ကအိတ်တွေ အတူချပြီး ကားပေါ်တင်တယ်။

"မောနေပြီလား"

"မမောပါဘူး၊ အေးနေတော့ ကောင်းပါတယ်"

"ဗိုက်ဆာနေပြီလား"

"သိပ်မဆာသေးပါဘူး၊ လေယာဉ်ပေါ်မှာ စားလာသေးတယ်"

"လေယာဉ်ပေါ်က အပေါ့စားလေးတွေလေ...ခု မမိုးက မြန်မာဟင်း စပါယ်ရှယ်ချက်ထားတယ်၊ ဆရာ့အတွက်ရော၊ ငါးပိရည်စားရဲ့လား"

"ကောင်းတာပေါ့ဗျာ စားပြီး ဆေးသောက်မှာပေါ့"

"ဟား...ဟား ကျွန်တော်တို့လည်း ဒီလိုပါပဲ၊ ငါးပိရည်တော့ မြန်မာသွေးပီပီ မစွန့်လွှတ်နိုင်ဘူး"

ကိုကောင်းမြတ်ဇော်က ကားမောင်းရင်းပြောတယ်။ ရှေ့က ဆရာ၊ နောက်ခန်း နှစ်ခန်းတွဲမှာ ကိုလင်းမြတ်၊ မစံပယ်နဲ့ချယ်ရီ။ ကိုကောင်းမြတ်ဇော်နဲ့ဆရာက ရှေ့မှာ စကားအဖွဲ့ကျသွားသလို ချယ်ရီတို့ကလည်း နောက်ခန်းမှာ သပ်သပ်အုပ်စုဖြစ်သွားတယ်။

"ဒါက အော်စလိုမြို့ထဲပေါ့၊ အမှန်အတိုင်းပြောရရင် မြို့ထဲဆိုတော့ မျက်စိရှုပ်တာပေါ့ ဒါကြောင့် ချယ်ရီတို့ ဆရာမတို့ကို မြို့ထဲ

ဟိုတယ်မှာ မထားတော့ဘဲ၊ အစ်ကိုအိမ်မှာ တည်းဖို့ စီစဉ်လိုက်တာ၊ ဖြစ်ချင်တော့ သူတို့နှစ်ယောက်ကလည်း အလုပ်တစ်ပတ်နားချိန်လေ၊ အတော်ဖြစ်သွားတယ်၊ မအားရင်လည်း သူတို့ဘာမှလုပ်မပေးနိုင်ဘူး"

"ကျေးဇူးပါကွယ်၊ ဘတ်စ်ကားတွေလည်း ရှိတယ်နော်"

"ရှိတယ် ဆရာမ၊ သုံးမိနစ်တစ်စီးလောက် လာတယ်၊ စောင့်တာနောက်ကျရင်လည်း လွတ်သွားရော ကိုယ်စီးမယ့်နေရာဂိတ်ကနေစောင့်ရတာ ရေးထားတယ်၊ ဆရာမ ဘတ်စ်ကားခက ဈေးကြီးတယ်၊ ခု ကျွန်တော်တို့သွားမယ့်နေရာက နှစ်နာရီလောက် မောင်းရမယ်၊ မြန်မာငွေတစ်ယောက်ကို သုံးသောင်းလောက် ကျတယ်"

"ဩော်... နော်ဝေကတော့ သူဌေးနိုင်ငံပဲလေ"

"အခုက Gjovik ကိုသွားမှာ ဆရာမ၊ အမှန်တော့ မြို့နဲ့ဝေးတဲ့နယ်မြို့လေးပေါ့၊ ဒါပေမဲ့ လမ်းပန်းဆက်သွယ်ရေးကကောင်းတော့ သူဌေးတွေတောင် လာနေကြတယ်၊ လေကောင်းလေသန့် တအားရတယ်၊ သာယာတယ်ပေါ့"

"ဟုတ်ပနော်၊ လမ်းတွေ သိပ်ကောင်းနေမှတော့ ခရီးကပေါက်တော့တောမဖြစ် နယ်မဖြစ်တော့ဘူးလေ"

"ဟိုမှာတွေ့လား ချယ်ရီ...မြက်တွေကို အလိပ်လိုက်ရက်ထားတာ၊ ပြီးရင် လုပ်ထားတာ အရမ်းသပ်ရပ်တယ်"

"ဟုတ်တယ်နော်၊ အလိပ်လိုက်လေး။ ရှုခင်းတွေက သာယာတယ်၊ အိမ်လေးတွေက အရမ်းချစ်စရာကောင်းတယ်"

"ဖြူဖြူအတုံးတွေက ဘာတွေလဲ"

"ကောက်ရိုးနဲ့မြက်ခြောက်တွေကို ရေခဲနဲ့ထိန်းသိမ်းထားတာလေ…နွေရာသီမှာ သူတို့နွားတွေ၊ မြင်းတွေ အခြောက်တွေစားရမှာစိုးလို့"

"အို်း…ဂရုစိုက်လိုက်တာ"

"ဒီမှာတော့ ခပ်မြင့်မြင့်တွေ မဆောက်ကြဘူး၊ အိမ်ရှေ့လေးတွေမှာ ပန်းလေးတွေ အမြဲစိုက်ထားကြတယ်"

"သစ်သားကို အဖြူဆေးသုတ်ထားတယ်နော် အိမ်တွေက"

"ဟုတ်တယ် အဖြူများတယ် ကာလာရောင်စုံတွေ မသုတ်ကြဘူး၊ မြို့နဲ့လိုက်ဖက်တယ်၊ အော်စလိုကျ ဒါမျိုးအိမ်လေးတွေ မရှိဘူး၊ ချယ်ရီပေး ကျွန်တော်ရိုက်ပေးမယ်"

ကင်မရာချိန်နေတဲ့ ချယ်ရီ့လက်ထဲကနေ ကိုလင်းမြတ်က ယူပြီး ရိုက်ပေးတယ်။

"ချယ်ရီနဲ့ဆရာမတို့ ပန်းချီအကြိုက်ပဲ ဟိုမှာ"

"အို်း ဟုတ်ပ၊ ကန်ကြီးက ပြာနေတာ လှလိုက်တာ၊ သစ်ပင်လေးတွေက စိမ်းစိမ်းဝါဝါ"

"ဒီကန်က မြန်မာမှာဆို အင်းလေးကန်လိုမျိုးပေါ့၊ နော်ဝေရဲ့ အထင်ကရဖြစ်သလို Gjovik ရဲ့ အလှအပတစ်ခုပဲ ဒီကန်ကြီးကြောင့် လူတွေ ဒီဘက်မှာလာနေချင်ကြတယ်၊ မြန်မာပြည်မှာဆို ဒီလိုနေရာမှာ ခရိုနီပဲ နေနိုင်မှာပေါ့"

"သေချာတာပေါ့ရှင်၊ နေရာကောင်းဆို သူတို့ချည်းပဲ"

ဆရာမ မစံပယ်က ဝင်ပြောတယ်။

"ဒီမှာ လူလတ်တန်းစားနေနိုင်တယ်၊ ဟိုမှာ နွားခြံကြီး ဘယ်လောက်လှလဲ"

စိမ်းလန်းတဲ့ မြက်ခင်းပြင်ကျယ်၊ နွားတစ်အုပ်နဲ့ ချစ်စရာ အိမ်ကလေးရယ် ရုပ်ရှင်ကားတွေထဲက မြင်ရတဲ့အတိုင်းပဲ။ နောက်က ရေကန်ပြာကြီးနဲ့ လိုက်ဖက်လို့။

"ဒါက ဘုရားကျောင်းလေ..."

အနီရောင်အဆောက်အဦးတစ်ခုကိုပြရင်း ကိုလင်းမြတ်က ပြတင်းပေါက်ကနေ ဓာတ်ပုံရိုက်တယ်။

"အဆောက်အဦပုံစံက သိပ်လှတာပဲ"

"တော်တော်လေး ရှေးကျတယ် ဆရာမ"

"လက်ရာကြည့်တာနဲ့ တော်တော်သိသာတယ်နော်"

"အသက်ကြီးတဲ့လူတွေ ဒီမှာနေရင် တော်တော်ကောင်းမယ်"

"ဟုတ်တယ်နော် ရှုရတဲ့လေကစ ကွဲပြားတယ်"

"သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမယ့်အလုပ်ဆို သူတို့ရှောင်တယ် ဆရာမ"

"တောင်တွေရဲ့နံရံမှာ ပြိုကျပျက်စီးပြီး အန္တရာယ်ရှိမယ့်ကျောက်အမှုန့်တွေလည်း ထွက်မှာစိုးလို့၊ ပိုက်အုပ်ပြီး ကျောက်ကို မူလီနဲ့ စုပ်ထားတာလေ"

"နိုင်ငံတစ်ခုမှာ လိုအပ်တာက စိတ်ဓာတ်နဲ့စနစ်ပဲ"

"အမှန်ပဲ ချယ်ရီ"

"ဒီကျောက်တောင်ကိုလည်း ထိန်းသိမ်းရာရောက်တယ်လေ၊ ကျောက်တောင်တစ်တောင်ဖြစ်ဖို့ နှစ်ပေါင်းများစွာ လိုအပ်သလို လူက လုပ်လို့မှမရနိုင်တာ၊ လူတွေက ဖျက်ဆီးဖို့သာ တတ်နိုင်တာလေ"

"ကိုလင်းမြတ်ပြောလို့ ကျွန်မကတော့ ထုံးဘို ကျောက်မီးစခန်းက ကျောက်တောင်တွေကို သတိရသွားတယ်၊ ကျောက်တောင်တွေ၊ မိုင်းတွေနဲ့ ဖြိုချဆိုတော့ အဲဒီလွင့်လာတဲ့ ကျောက်မှုန့်အစအန တွေက လေထုညစ်ညမ်းပြီး အန္တရာယ်များသလို လူနဲ့သစ်ပင် အိမ်၊ တဲတွေဆိုတာ ဖွေးနေတာပဲ"

"အဲဒါတွေက ဘယ်လိုလုပ်ကောင်းမလဲ ချယ်ရီ...၊ ဒီလေကို နေ့တိုင်းရှူရမယ်ဆို စဉ်းစားကြည့်၊ ဒါမျိုးတွေက လူတွေနဲ့ဝေးတဲ့ နေရာတွေသာ ဖြစ်သင့်တာ၊ ဒီမှာတော့ သက်ရှိမှန်သမျှအားလုံး ဂရုစိုက်တယ်၊ သစ်ပင်အသက်ရှိသလို ကျောက်တောင်လည်း အသက်ရှိတာပေါ့၊ သူ့အောက်မှာ ရေကြော၊ မြေကြော သူ့ကို မှီခိုတဲ့အရာတွေ အများကြီးပဲ"

"ဟုတ်တာပေါ့"

"ရေထဲကို အမှိုက်လုံးဝမချရဘူး၊ ဆီ အခြားအညစ်အကြေး မချရဘူး၊ ရေကို မှီခိုနေတဲ့ငါးမျိုးစိတ်ပေါင်းများစွာ ရှိတယ်လေ... ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံမှာ အမှိုက် ကောက်တာကအစ သင်ပေးတာလေ၊ ဒါ လုံးဝမှန်တယ်နော်၊ ကျွန်တော် အရမ်းထောက်ခံတယ်။ အကျင့်လေ၊ တစ်နေ့က FB မှာ တက်လာပါတယ်၊ ပွဲတော်တွေလည်းပြီးသွားရော လမ်းဘေး ရော ကျုံးရေထဲရော အမှိုက်တွေပြည့်လို့"

"ဟုတ်ပ ကိုလင်းမြတ်ရေ...ပြောမယ်ဆိုရင်တော့ အများကြီးပါ"

မစံပယ်က ထောက်ခံရင် ကင်မရာနဲ့ ရှုခင်းတွေ တချပ်ချပ်။ ကိုလင်းမြတ်ကလည်း ရိုက်ပေးရင်း ချယ်ရီ့လက်ထဲ ကင်မရာထည့်လိုက် တယ်။

စကားလေးပါးသွားတုန်း ဖုန်းလေး ဖွင့်ကြည့်မိတယ်။ ဘာရယ်လို့ မဟုတ်ပါ။ ဒီလိုသာယာတဲ့နေရာလေးရောက်တော့လည်း ပင်စည့်ကို သတိရသွားတယ်။

"အားကုန်သွားရင် အိမ်ကျ အားသွင်းလိုက်ပါ၊ WF လည်း ရှိတယ်"

"ဟုတ်ကဲ့ ကိုလင်းမြတ်"

ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ မောင်းနေတဲ့ကားအရှိန်လျှော့ရင်း ခြံတစ်ခြံထဲ ချိုးကွေ့ဝင်လိုက်တယ်။

"ရှေ့ခြံဆို ရောက်ပြီ"

"ရောက်တော့မှာလား"

"ဟုတ် ရောက်တော့မှာ ဆရာမ"

ဘယ်ဘက်ကို ထပ်ချိုးပြီး ကားရပ်လိုက်စဉ်မှာ ခေတ်ပုံထဲက ချစ်စရာ အိမ်ဖြူဖြူလေးကို တွေ့လိုက်ရတယ်။ အိမ်ရှေ့မှာ အသင့်စောင့်ကြိုနေတဲ့ မမိုးမိုးသိမ့်က ထွက်လာပြီး ပစ္စည်းအိတ်တွေကို ကူချပေးတယ်။

"အားလုံးပဲ မင်္ဂလာပါ၊ မျှော်နေတာ။ လာကြပါ"

အသားညိုညိုလုံးလုံးနဲ့ ဂါဝန်လေးဝတ်ထားတဲ့ မိုးမိုးသိမ့်က ဝမ်းပန်းတသာ နှုတ်ဆက်တယ်။

"ကျွန်တော့်ဇနီးပါခင်ဗျ"

"သိပါတယ် ခေတ်ပုံမြင်ပြီးပြီဗျ။ အချောဗျ"

ဆရာက ဝင်ပြောရင်း ကိုကောင်းမြတ်ဇော်ပခုံးကို ပုတ်လိုက်တယ်။

"ဟုတ်လား ဆရာ၊ ဒီညနေစာ သူကျွေးမှာပါ"

"မမြောက်ပါဘူးဗျာ၊ စားကောင်းအောင်ပြောတာပါ"

"ဟား…ဟား…ဆရာရယ် စားကောင်းစေရမယ်"

"နေရာလေးက အရမ်းကောင်းတာပဲနော်၊ နစ်ယောက်တည်းပေါ့"

"ဟုတ်တယ်။ အစ်မတို့က ကလေးတော့ မယူကြဘူး…ဒီမှာ ကလေးတာဝန်နဲ့ ကလေးစရိတ်က သိပ်ကြီးလို့၊ နှစ်ယောက်လုံး အလုပ်လုပ်နေတာလည်း ပါတယ်ပေါ့လေ"

"ြသော်"

"အားလုံး ရေချိုးလို့ရတယ်၊ အောက်ထပ်မှာ အိပ်ခန်းသုံးခန်း ရှိတယ်၊ လိုက်ပြမယ်၊ ကိုလင်းနဲ့ဆရာ တစ်ခန်း၊ ဆရာမတို့ တစ်ခန်း၊ ကျွန်မတို့က တစ်ခန်း"

"ြသော်…ဟုတ်ပါပြီဗျာ၊ ဆရာကတော့ ရေမချိုးတော့ပါဘူး၊ ဆရာမတို့သာ လူငယ်တွေဆိုတော့ ချိုးကြပါ"

အပြင်ကကြည့်တော့ တစ်ထပ်တည်းလို အိမ်ရဲ့မြေအောက်ထပ် လှေကားလှလှလေးကနေဆင်းပြီး ပစ္စည်းတွေ အခန်းထဲနေရာချထားလိုက်တယ်။ ရေကတော့ ချိုးချင်တယ်။ ရေနွေးနဲ့မို့ အညောင်းပြေသွားအောင် အောက်ထပ်မှာ ရေချိုးခန်းအိမ်သာရှိတာမို့ အဆင်ပြေလှတယ်။ လှေကား အတက်နားက မှန်ကြီးမှာ မှန်ကို တစ်ချက်ကြည့်လိုက်တယ်။ ပစ္စည်းတွေ ချပြီး ဆရာမကတော့ ရေချိုးခန်းထဲ ခပ်သွက်သွက်ချိုးဖို့ ဝင်သွားတယ်။

လှေကားက အိတ်တချို့နဲ့ ဆင်းလာတဲ့ ကိုလင်းမြတ်ကို တွေ့လို့ ကူသယ်ပေးလိုက်တယ်။

"ရတယ် ချယ်ရီ၊ ကိုယ်နိုင်ပါတယ်၊ ချယ်ရီတို့ရေချိုးပြီးရင် အပေါ်မှာထမင်းစားမယ်၊ ပြီးရင် ဒီနားတစ်ဝိုက် လိုက်ပို့ပေးမယ်၊

ချမ်းတယ်နော်၊ အနွေးထည်ထူထူဝတ်၊ ဖိနပ်ကို ဝေါ့ခ်ကင်းရှူး စီးခဲ့နော်"

"ဟုတ်"

"ကျွန်တော်က ဒီအခန်း...လိုတာပြောနော်၊ ညဆို အပြင်မှာ အေးတယ်၊ အထဲကတော့ အနွေးလွှတ်ထားလို့ မအေးပါဘူး၊ ချယ်ရီလုပ်စရာရှိတာလုပ်ပါ...ခဏတစ်ဖြုတ်နားပါ"

"ဟုတ်ကဲ့၊ ကျွန်မ အခန်းထဲ ဝင်လိုက်ဦးမယ်နော်"

"ကောင်းပါပြီ"

ဖုန်းအားလေးကိုသွင်းပြီး ရေနွေးနဲ့ရေဝဝချိုးလိုက်တယ်။ မျက်နှာကို ခရင်လေးလိမ်း ပေါင်ဒါလေးတို့ပြီး တက်ခဲ့တယ်။ မမိုးမိုးသိမ့်ပြင်ထားတဲ့ ထမင်းဝိုင်းက မွှေးပျံ့နေတယ်။ ငါးပိရည်နဲ့အတူ ခံတက်ချဉ်ကို ဘူးနဲ့ ရောင်းတာ ရအောင်ဝယ်ထားတဲ့ အတို့၊ လတ်လတ်ဆတ်ဆတ် ခဲသားနဲ့ ပတ်ထားတဲ့ ဆယ်လမွန်ငါး၊ အာလူးနဲ့ဝက်သားချက်၊ ချဉ်ပေါင်ချဉ်ရည်။

"အစုံပါလား"

"ဒါတောင် မစုံသေးဘူး၊ အမဲသား မပါလိုက်ရလို့"

"အမဲသား သုံးယောက်လုံး မစားဘူး"

"ဩော်...တော်သေးတာပေါ့၊ ထိုင်ကြပါ အဝစားကြနော်၊ ကိုလင်း ရော ဘာလုပ်နေတာလဲ"

"လာပြီ"

"သူက စပါယ်ရှယ်ကိတ်မုန့်ဖုတ်နေတာ"

"ဟုတ်တယ် ချောကလက်ကိတ်။ ခဏနေဆို ရပြီ၊ အချိုတည်း ရတာပေါ့"

"အားလုံးဝင်လိုက်ပါလား"

"အားမနာနဲ့ မမိုးတို့က စားပြီးသား စားကြပါ၊ ဒီကအာလူးက အရမ်းကောင်းတယ်၊ စားကြည့်"

ဆရာ၊ မစံပယ်၊ ကိုလင်းမြတ်နဲ့ ချယ်ရီ လေးယောက် မြန်မာဟင်းနဲ့ အပီတွယ်လိုက်ကြတယ်။ မမိုးရဲ့ ဟင်းချက်လက်ရာက အမှန်အကန်ဖြစ်ပြီး ကိုလင်းမြတ်ကလည်း ချယ်ရီ့ပန်းကန်ထဲကို ဂရုတစိုက် ဟင်းတွေခပ်ထည့်ပေးတယ်။

"ဒါများများစား...ဆယ်လ်မွန်ငါး...။ ဒီမှာ နာမည်ကြီး...စားလို့ကောင်းတယ်"

"ဟုတ် စားကောင်းတယ်"

ညစာဒင်နာစားပြီး ကိုလင်းမြတ်ရဲ့ ချောကလက်ကိတ်မုန့်ကို အချိုတည်းရင်း မမိုးက စတယ်။

"ကိုလင်း ဖုတ်ထားတဲ့ကိတ် တော်တော်ကောင်းတယ်နော်"

"ကိုကောင်း မစားဘူးလား"

"စားပြီးပြီ၊ မြည်းကြည့်တာ၊ ဟိုတစ်ခါက ဖုတ်ပေးပါ ဧည်သည့်ကျွေးချင်လို့ဆို မဖုတ်ပေးဘူး၊ ခုတော့ စိတ်ရှည်လက်ရှည်ကို ဖုတ်ထားတာ၊ တကယ်ကောင်းတယ်"

"သင်တန်းတက်ထားတာလား"

"ဟုတ် ဆရာမ တက်ထားတယ်၊ ခုက အချိန်ရလို့လေ...ဟိုတစ်ခါ ကိုကောင်း ဖုတ်ခိုင်းတုန်းက အချိန်မှမရတာ"

"ဟုတ်ပ၊ ကိုလင်းက ဖုတ်မပေးတော့ ကိုယ့်ဟာကိုယ် ဖုတ်လိုက်ရတာ၊ နည်းနည်းပျက်သွားတယ်...မမိုးက သူ့မမီဘူး၊ ကိတ်မုန့်ဖုတ်တာ ကိုလင်းက ဆရာကြီး"

"စေတနာလည်း ကွာလို့ပေါ့" ကိုကောင်းက ဝင်တွယ်တယ်။
"ဟာဗျာ…လုပ်ရင်တော့ စေတနာနဲ့ပဲ လုပ်တာပါပဲ"
ကိုလင်းမြတ်ဟန်က ရှက်သွားတဲ့ပုံစံပေါက်နေတယ်။
"အေးလေ" မမိုးက ထောက်ခံရင်း ပြုံးစိစိ။
"တကယ်ကောင်းတာပါ"
"ကျေးဇူးပါ ချယ်ရီ၊ ဒါတောင် ချယ်ရီသီး ရှာဝယ်သေးတယ်၊ မရတော့လို့"
"ချယ်ရီသီးက ချိုတယ်၊ ဒါကောင်းတယ်"
"ဝိုင်သောက်ဦးမလား"
"ဟင့်အင်း ဆရာတို့သောက်လိမ့်မယ်"
"ခဏနေ သွားကြစို့၊ မှောင်သွားမှာစိုးလို့"
"ဟုတ်တယ် ကိုလင်း မာဖလာယူဦးလေ"
"မယူတော့ဘူး၊ ဒီအကျီက လုံတယ်၊ သဘော်ဘက်သွားမှာ"
"ဆရာ ခြေထောက်နည်းနည်းနာလို့ မလိုက်တော့ဘူး"
"ဟုတ်ကဲ့၊ ဆရာ ဆေးလိမ်းလိုက်ပါ…မမိုး ဆရာ့ကို လိမ်းဆေး လေးပေးပါ"
"ဆရာမရယ်၊ ချယ်ရီရယ်သာ လိုက်ပို့လိုက်တော့ နေဝင်သွားမှာ စိုးလို့"
မမိုးက စိတ်ပူစွာပြောရင်း ကားနားထိပို့ရင်း လက်ပြနှုတ်ဆက် တယ်။
"ရှုခင်းအရမ်းလှတယ်၊ ဓာတ်ပုံရိုက်ခဲ့နော်"
"ဟုတ်ကဲ့ မမိုး"

အပြင်ရောက်တော့ ယုန်မွေးအပြာပေါ်က ဝစ်စကုပ်လည်သာလေး ထပ်ထားတာတောင် အေးစိမ့်နေတယ်။ ကိုလင်းမြတ်ကတော့ အနွေးဆါင်းစွပ် နက်ပြာရောင်ကို ဝတ်ထားတယ်။ ဆရာမ မစံပယ်က တော်တော်အေးတယ်ဆိုပြီး အင်္ကျီကဦးထုပ်လေးကို ဆောင်းလိုက်တယ်။

သိပ်မသွားလိုက်ရဘဲ ရွက်လှေတွေ၊ မော်တော်ဘုတ်လှလှလေးတွေ ထားတဲ့နေရာ ရောက်လာတယ်။ ကားကို ကွက်လပ်တစ်ခုမှာ ရပ်လိုက်တယ်။ ကန်ထဲမှာ ရွက်လှေတွေ စီးနေကြတယ်။ နေရောင်အဝင်လေးနဲ့ အရမ်းလှတယ်။ မြန်မာပြည်မှာ အခုချိန်ဆို မိုးချုပ်ပြီပေါ့။ ပင်စည်နဲ့ အဆက်အသွယ်မရသေးတော့လည်း စိတ်ထဲတစ်မျိုးကြီး။ အအေးကလည်း ဆယ့်သုံးလောက်ရှိလာတာမို့ တော်တော်အေးလာတယ်။

"ဒီသင်္ဘောကြီးက ကျောက်မီးသွေးသင်္ဘောလေ၊ နှစ်ပေါင်း ၁၆၀ ကျော်ပြီ၊ ဒီမီးသင်္ဘောပွဲတော်ကို ဒီထဲမှာ လုပ်ကြတယ်၊ အဲဒီကျရင် ဒီသင်္ဘောနောက်က ကိုယ်ပိုင်သင်္ဘောတွေ၊ ရွက်လှေတွေ တန်းစီလိုက်ပြီး မီးရှူးမီးပန်းတွေ ဖောက်ကြတာပေါ့၊ ပျော်စရာ ကောင်းတယ်"

ရှေးနှစ်ပေါင်း ၁၆၀ ကျော် ထိန်းသိမ်းထားတဲ့ မီးသင်္ဘောကြီး နောက်ခံထားပြီး ဓာတ်ပုံရိုက်ပေးတယ်။ ဆရာမကလည်း သူ့ကင်မရာနဲ့ သင်္ဘောကို အနီးကပ်။ အဆောက်အဦးတိုင်လုံးကြီးတွေကို နောက်ခံထားပြီး ပါးစပ်က ရှင်းပြလိုက်၊ ဓာတ်ပုံရိုက်ပေးလိုက်နဲ့ ချယ်ရီ့လက်ထဲ ကင်မရာပြန်မရောက်တော့ မော်တော်ဘုတ်လှလှလေးတွေကြား ဝင်ခိုင်းလို့ ဝင်ရပ်ရသေးတယ်။

"ပြုတ်မကျပါဘူး၊ ချယ်ရီ ဒီနေရာကမှ လှတာ အိုကေ"

"ရလား"

"ခဏ နေပါဦး၊ နောက်သုံးပုံလောက် အိုကေ"

"ဒီရွက်လှေတွေ ဘုတ်တွေက ကိုယ်ပိုင်တွေ ဒီမှာလာထားပြီး စီးချင်တဲ့အချိန် လာစီးကြတယ်၊ သူဌေးတွေပေါ့၊ ခု ဆောင်းအစမို့ ဆောင်းရောက်ပြီဆိုရင် ဒီကန်ကြီးက အားလုံးအေးခဲပြီး စကိတ်ကွင်းကြီး ဖြစ်သွားတယ်၊ နှင်းလျှောစီး၊ စကိတ်စီးပေါ့ ဒီထဲမှာ"

"အရမ်းအေးမှာပေါ့"

"အေးတာပေါ့ ခုသစ်ပင်တွေ အားလုံး၊ လမ်းတွေအားလုံး နှင်းတွေ ဖုံးပြီး အဖြူတွေဖြစ်ကုန်တယ်၊ ဒီအချိန်ကတော့ နေလို့ပိုကောင်းတယ်၊ အအေးမပြင်းထန်သေးဘူး"

"မအေးဘူးဆိုတာတောင် ချယ်ရီတို့အတွက်က တော်တော်အေးနေပြီ"

"ဆောင်းရာသီဆို တချို့အာရှသားတွေ မနေနိုင်ဘူးလေ"

"အင်းပေါ့ ဘယ်နေနိုင်မလဲ"

"ချယ်ရီ ခု ရှူးစီးထားလို့မဟုတ်ရင် ခြေထောက်တွေ အေးနေမှာ၊ ခြေထောက်နာနေတာလား"

"ခြေထိပ်လေးတွေပါ"

"ဟုတ်လား"

"စီးနေမကျလို့ပါ၊ ညှပ်ဖိနပ်စီးတာ များလို့"

"ခဏနေကျရင် ပြန်ပြီး ဆိုင်ဝင်ပြီး ဖိနပ်ဝယ်လိုက်မယ်လေ"

"ရပါတယ် ကိုလင်းမြတ်၊ ညှပ်ဖိနပ်ပါသေးတယ်၊ စွပ်တာလည်း ပါတယ် ခဏပါ"

ပြောသာပြောရတာ တော်တော်လေးနာလာသလို ခံစားရတယ်။ ထိုင်ခုံလေးပေါ်ထိုင်ရင် ခဏနားနေလိုက်တယ်။ ဆရာမလည်း ရောက်လာပြီး

ပြန်ခဲ့ချိန်မှာ နေက အတော်စောင်းသွားပြီ။ ကားလေးထဲမှာ မှောင်အရိပ်ကျလာပြီ။ မျက်လုံးကလည်း တစ်ဖန်မှေးစင်းလာပြီး ကားထဲက သီချင်းသံပါးပါးနဲ့အတူ အိပ်ငိုက်နေပြီဆိုတာ သိလိုက်တယ်။

အိမ်ရှေ့အရောက်မှာ ဆရာတို့ ဝိုင်းကောင်းနေကြတယ်။ ဆရာရဲ့နော်ဝေက မိတ်ဆွေတချို့လည်း လာနှုတ်ဆက်ပြီးရောက်နေကြတယ်။ မိတ်ဆက်ပေးပြီး စကားခဏထိုင်ပြောပြီး မစံပယ်ရော ချယ်ရီပါ အိမ်အောက်ထပ်အခန်းထဲ ဆင်းခဲ့တယ်။ ကိုလင်းမြတ်က မနက်ဖြန် အစီအစဉ်လေးတချို့ပြောရင်း ကောင်းသောညပါ နှုတ်ဆက်လိုက်တယ်။

အခန်းထဲရောက် W.F ဖွင့်ပြီး ခုနက သွားခဲ့တဲ့ပုံလေးတွေစာနဲ့နည်းနည်းရေးတင်ပြီး ပင်စည်ဆီက ဘာစာများ ရောက်နေမလဲလို့ဖွင့်ပေမယ့်လည်း မတွေ့။ ဘာလို့ပါလိမ့်။ အခြားသူငယ်ချင်းတွေရဲ့ စာတွေကော်မန့်တွေ ဖတ်ရပေမယ့် ပင်စည်ကတော့ တစ်စောင်မှ ပို့မထား။ ချယ်ရီကတော့ messenger ကနေ သတိရကြောင်း၊ နေကောင်းကြောင်းလေး ပို့ထားလိုက်တယ်။

ဒီလောက်ခရီးအဝေးကြီးမှာ ချစ်သူ့ဆီက စာလေးတစ်ကြောင်းလောက်ကို အခုချိန်မှာ အသည်းအသန်လိုချင်နေမိတယ်။ မနက်ခင်းရောက်ရင် ပုံလေးတွေ တန်းစီမြင်ဖို့အတွက် ပို့ထားလိုက်တယ်။

ဖုန်းလေးကို ပိတ်ပြီး စောင်လေးထဲ ဝင်ကွေးပြီး ချက်ချင်းအိပ်ပျော်သွားခဲ့တယ်။ ဆရာမ မစံပယ်လည်း လှုပ်သံတောင် မကြားရ။ မြေအောက်ခန်းလေးထဲဆိုတော့ အားလုံးက တိတ်ဆိတ်နေတယ်။ အပြင်မှာတော့ မိုးချုပ်လာလေ နှင်းစက်လေးတွေက တဖြောက်ဖြောက်နဲ့ မြက်ခင်းလေးတွေတောင် စိုလက်အေးစက်လို့။

●

# အခန်း (၂၇)

နောက်တစ်နေ့ နံနက်စောစောမှာ Gjovik ကနေ အော်စလိုကို သွားမယ့်ဘူတာရုံလေးထိ ကိုကောင်းတို့စုံတွဲ လိုက်ပို့ကြတယ်။ သဘော ကောင်းတဲ့စုံတွဲကို နှုတ်ဆက်ရင်း ရထားပေါ်ရောက်တော့ ဖုန်းလေးက မြည်လာတယ်။ ကြည့်လိုက်တော့ ပင်စည့်ဖုန်း

"ဟဲလို ပင်စည်"

"ချယ်ရီ နေကောင်းလား၊ အရမ်းသတိရတယ် ချယ်ရီ့စာတွေ ပုံတွေ တွေ့တယ်"

"ပင်စည် ဘာမှပြန်ပို့မထားလို့ စိတ်ပူနေတာ…ဘာဖြစ်လို့လဲ"

"ဟုတ်တယ်၊ ကိုယ့်အမေ ဆေးရုံတင်လိုက်ရလို့ အလုပ်ရှုပ်သွား တာ"

"ခုရော..."

"ကောင်းသွားလို့ ဆေးရုံဆင်းခဲ့ပြီ၊ ခု ဘယ်ရောက်နေလဲ"

"နော်ဝေ အော်စလိုကို သွားနေတယ်၊ မြို့ထဲ လျှောက်လည်ဖို့"

"နေကောင်းတယ်နော်၊ အားဆေးသောက်၊ အခြား ဆရာ၊ ဆရာမတွေပါတော့ ဖုန်းသိပ်မဆက်ချင်ဘူး၊ ခုက အသံလည်း ကြားချင်၊ စိတ်လည်းပူလို့...ဖုန်းက တော်တော်ခေါ်ရတယ်"

"ဟုတ်ကဲ့ပါ၊ ဂရုစိုက်ဦး၊ အမေ့ဆီဖုန်းတစ်ချက်ဆက်ပေးနော်၊ အဆင်ပြေတယ်လို့"

"ဆက်လိုက်မယ် စိတ်ချ။ ဂရုစိုက်နော်...စာပို့ထားမယ် ဘိုင့်ဘိုင့်"

"ဘိုင့်ဘိုင့်"

ဖုန်းချပြီးမှ ဘေးဘီကိုကြည့်မိတယ်။ အသံတိုးတိုးနဲ့ပြောပြီး စိတ်မလုံစွာနဲ့ လှည့်ကြည့်မိတော့ ကိုလင်းမြတ်အကြည့်နဲ့ ဆုံသွားတယ်။ ဆရာနဲ့တစ်ဖက်မှာ ဘေးချင်းကပ်ထိုင်နေတဲ့ ကိုလင်းမြတ်က မျက်နှာချက်ချင်းလွှဲပြီး ဆရာနဲ့စကားတွေပြောနေတယ်။ ဆရာမ မစံပယ်က အပြင်ရှုခင်းတွေငေးရင်း လိုက်ပါလာတယ်။

"ချယ်ရီ့ပန်းချီကားတွေထဲမှာ ဟိုတစ်ကားပါခဲ့လား...ကျွန်တော် ချယ်ရီ့အိမ်ရောက်တော့ ပန်းချီကားတွေထဲက အဲဒီပန်းချီကားကို အရင်ဆုံးစိတ်ဝင်စားတယ်၊ ချယ်ရီ့မေမေက ပြောတယ်...ဆွဲတာကြာပြီတဲ့၊ သူ့စိတ်ထဲ မပြီးနိုင်သေးတဲ့ ပန်းချီကားတဲ့၊ နေ့တိုင်းလည်း ဟိုဟာဖြည့်လိုက် ဒီဟာဖြည့်လိုက်နဲ့တဲ့"

ရုတ်တရက် ကိုလင်းမြတ်က လှမ်းမေးလိုက်တာကြောင့် အဆင်သင့်ရှိနေတဲ့အဖြေကိုပဲ ဖြေပေးလိုက်တယ်။ အားတော့နာပေမယ့် ကိုယ်တိုင်ရေးဆွဲလို့မပြီးသေးတဲ့ကားကို လက်မလွှတ်ချင်။

"ဟုတ်တယ် စိတ်တိုင်းမကျသေးတာပေါ့ ကိုလင်းမြတ်"

"နောက် ဖယောင်းတိုင်ဆိုတဲ့ကား ကြိုက်တယ်၊ 'အရိပ်'ကား လည်း အရမ်းကောင်းတယ်"

"ချယ်ရီ ခုယူခဲ့တဲ့ကားတွေလည်း ကျွန်တော်ကြိုက်တယ်၊ ဆရာရဲ့ Group ဆိုတဲ့ကားကို လူငယ်မိဘမဲ့ ပရဟိတ school ကို လှူမယ်၊ ဆရာ့ကို ပြောပြီးပြီ၊ ဆရာ့ကားထဲက စုပေါင်းညီညွတ်မှု ကို ကိုယ်စားပြုတယ်၊ တစ်ယောက်တစ်နေရာစီက လာကြပေမယ့် ဒီကျောင်းရောက်ရင် Group ဖြစ်သွားရမယ်၊ အရမ်းအဓိပ္ပာယ် ရှိတဲ့ကားမို့ပါ၊ ဒီအုပ်စုတွေ ကွဲသွားဖို့မဖြစ်နိုင်ဘူးလေ"

"ချယ်ရီ့ကားတွေထဲက အရင်ကားတစ်ကားကို နယ်သာလန်က မိတ်ဆွေတစ်ယောက် အတင်းဝယ်လို့ အားနာနာနဲ့ ရောင်းလိုက် ရတယ်၊ အမှန်တော့ သူက မန္တလေးကို ရောက်ဖူးတယ်၊ သူ သဘောကျတဲ့နေရာ အထိမ်းအမှတ်တစ်ခုအနေနဲ့ ချယ်ရီရဲ့ မန္တလေးတောင်ပန်းချီကားကို လိုချင်တာ"

"ဟုတ်လား"

"အဲလိုကားမျိုးလည်း ထပ်ဆွဲပါဦး၊ အာရှက ပန်းချီလက်ရာ အနုစိတ်တွေကိုလည်း ဥရောပကလူတွေ ခံစားစေချင်တယ်၊ သူတို့ လည်း နှစ်သက်ကြတယ်၊ ဆရာမင်းဝေအောင် ပန်းချီကားတွေ လည်း ဝယ်ဖြစ်တယ်။ ကျွန်တော်ကတော့ ခံစားရုံ ကြိုက်ရုံက လွဲပြီး ကိုယ်တိုင်ကျ ပါရမီမပါဘူး၊ ဒီကြားထဲကတော့ စာကလည်း ရေးတတ်ချင်သေးတယ်၊ ချယ်ရီကတော့ ရယ်တော့မှာပဲ၊ ပရဟိတ school ကျောင်းတွေမှာ အားရင် ဟောပြောသူကလည်း သွားလုပ် သေးတယ်၊ သူတို့အတွက် စိတ်ဓာတ်ခွန်အားပါ"

"ကြော် သိပ်ကောင်းတာပေါ့၊ ဒါရယ်စရာမှ မဟုတ်တာ၊ ဒါလည်း အရမ်းလိုအပ်ပါတယ်"

"အမှန်အတိုင်းပြောရရင် ဒီနိုင်ငံမှာက ကလေးတွေအတွက်ဆို ပထမဦးစားပေးပဲ၊ ဒီလိုကျောင်းတွေမှာလည်း အစိုးရက အရမ်း ထောက်ပံ့ပေးထားတယ်၊ အနာဂတ်အတွက် လူငယ်တွေ ဦးနှောက် ဉာဏ်ရည်ဖွံ့ဖြိုးမှု လိုတယ်လေ၊ အဲဒီတော့ အဆင်ပြေကြတယ်၊ မြန်မာပြည်မှာတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြ၊ အလှူရှင် ရှာကြရနဲ့ သနားစရာအရမ်းကောင်းတယ်၊ မျိုးဆက်က တဖြည်း ဖြည်းနိမ့်ပါးလာတယ်၊ ဖွံ့ဖြိုးမှုတွေက နောက်ကျလာတယ်"

"အမှန်ပေါ့ ကိုလင်းမြတ်ရယ်၊ ခွဲခြားဆက်ဆံခံရမှုတွေ၊ လျစ်လျူ ရှုမှု၊ တိုင်းပြည်ဆင်းရဲမွဲတေမှုက လူတွေ အနာဂတ်ကလေးတွေရဲ့ ဘဝကို ချည့်နဲ့စေတယ်၊ နောက် ကျန်းမာရေး…အရာရာလိုအပ်မှု တွေနဲ့ လက်တွဲကြီးပြင်းရတဲ့ ကျွန်မတို့နိုင်ငံပေါ့"

ပြောရင်းနဲ့ နေနိုင်လေးကို သတိရသွားတယ်။ စကားဝိုင်းထဲ ဆရာရော ဆရာမပါ ပါဝင်လာတာမို့ ကိုလင်းမြတ်က စိတ်ဝင်စားစရာ နိုင်ငံတစ်ခုရဲ့စနစ်တွေကို ပြောပြတယ်။ တစ်နာရီလောက် ရထားစီးအပြီး မှာတော့ ချယ်ရီတို့ အော်စလိုဘူတာရုံကြီးထဲကို ရောက်ရှိခဲ့တယ်။ စည်ကား လှတဲ့ အော်စလိုမြို့ထဲမှာ လျှောက်လည်ရင်း လမ်းဘေးမှာ အမှိုက်တစ်စ ဖုန်တစ်မှုန်မတွေ့ရဘဲ သန့်ရှင်းသပ်ရပ်နေတဲ့ နိုင်ငံတစ်ခုရဲ့ ပြယုဂ်က ဒီနိုင်ငံထဲမှာနေကြတဲ့ ပြည်သူတွေရဲ့ စည်းကမ်းနဲ့ လိုက်နာမှုအားပဲလို့ တွေးရင်း အားကျမိတယ်။

Peace ပြတိုက်ထဲမှာတော့ လျှပ်စစ်မီးတိုင်လေးတွေနဲ့ အရမ်းလှပြီး ငြိမ့်ညောင်းလှတဲ့ မြူးဇစ်ပါးပါးတစ်ခုနဲ့ အမှောင်ခန်းလေးထဲမှာ ကမ္ဘာကျော်

ဓာတ်ပုံတွေ၊ ကိုယ်ရေးအချက်အလက်တွေက အသက်ဝင်စွာ လှုပ်ရှားနေတယ်။

"ချယ်ရီ…ဟိုမှာ အမေစုပုံ အဲဒီနားရပ် ကျွန်တော်ဓာတ်ပုံရိုက်ပေးမယ်"

ဓာတ်ပုံမှန်ဘောင်လေးထဲကနေ အလင်းရောင်နဲ့ အမေစုရဲ့ပုံလေး တဖြည်းဖြည်းပေါ်လာတာကိုစောင့်ရင်း

"ကောင်းတယ်၊ ခေါင်းလေးနည်းနည်းစောင်းလိုက်၊ ဒီမှာကြည့် သိပ်လှတာပဲ"

မီးအလင်းလေးတွေနဲ့ အမေစုပုံလေးနား ခေါင်းလေးစောင်းကြည့်နေတဲ့ပုံလေးကို ဖုန်းကင်မရာထဲကနေ ပြတယ်၊ ချယ်ရီတို့ လှုပ်ရှားမှု မှန်သမျှကိုလည်း ကိုလင်းမြတ်က သူ့ဖုန်းနဲ့မှတ်တမ်းတွေ တင်ထားတယ်၊ အသုံးလိုရင် ယူလို့ရအောင်တဲ့။

"ဒီ peace ပြတိုက်ထဲမှာတော့ ဒီကမ္ဘာကျော်တွေရဲ့အခန်းဟာ အခမ်းနားဆုံးနဲ့ စိတ်လှုပ်ရှားစေဆုံးပဲ ကိုလင်းမြတ်"

"ဟုတ်တယ် စိတ်ကို အီမိုရှင်းဖြစ်စေတယ်၊ နည်းပညာ ကောင်းတာကိုး"

"ကမ္ဘာကျော်ဓာတ်ပုံတွေများစွာထဲမှာ ကျွန်မတို့ခေါင်းဆောင်ပုံ ပါတာ အရမ်းဂုဏ်ယူစရာပဲ၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြသူတွေ၊ ဒီပြတိုက်အတွက် မြန်မာတစ်ယောက်အနေနဲ့ လေးစားတယ်၊ ဂုဏ်ယူပီတိဖြစ်စရာပါ"

"နိုဘယ်ဆုကို ပထမဆုံးရွေးချယ်ပေးခဲ့တာလေ"

"ဒါပေါ့၊ ကျွန်မတို့ လေးစားအတုယူရမယ့်အရာတွေ အများကြီးပါ၊ ဒီမှာ ကလေးတွေလည်း လာကြတယ်နော်"

"ကလေးတွေလည်း အမှန်တော့ သူတို့သိချင်တာ၊ လိုချင်တာတွေ ဒီထဲမှာ လာဖတ်လာကြည့်ကြတာလေ၊ ဒါက သူတို့အတွက် သင်ယူမှုပဲ၊ ဟိုမှာ တွေ့လား၊ နံရံပေါ် စာရွက်လေးတွေ ယူကပ်နေကြတာ"

"ဟုတ်တယ်၊ အလုအယက်ကပ်နေကြတယ်၊ အရင်ကပ်ထားတွေလည်း အများကြီးပဲ"

"သူတို့စိတ်ထဲက ဆန္ဒ၊ ဘာပဲဖြစ်ဖြစ် ချရေးပြီး ကပ်နေကြတာ၊ သူတို့ပြောချင်တာပေါ့၊ ချယ်ရီလည်း တစ်ခုလောက် အမှတ်တရ ကပ်ပါလား"

"ဟုတ် ကပ်မယ်လေ"

ချယ်ရီက ကိုလင်းမြတ်ယူပေးတဲ့ စာရွက်လေးပေါ်ရေးဖို့ စဉ်းစားရင် မြန်မာပြည်ငြိမ်းချမ်းပါစေလို့ရေးရင်း လက်မှတ်ထိုးလိုက်တယ်။ မငြိမ်းချမ်းသေးတဲ့ကိုယ့်နိုင်ငံအတွက် ဆုတောင်းပါ။ နံရံမှာ ကပ်နေတဲ့ပုံကို ကိုလင်းမြတ်က ဓာတ်ပုံအနီးကပ်ရိုက်လိုက်တယ်။ ကလေးတွေကလည်း နေရာလွတ်မရှိအောင် နံရံမှာ လိုက်ကပ်နေကြတယ်။

ဆရာနဲ့ဆရာမ မစ်ပယ်တောင် ရှေ့က လျှောက်ရင်း ဘယ်ရောက်သွားပြီလဲမသိ။ ချယ်ရီက လိုက်ရှာတော့။

"ရတယ် ချယ်ရီ၊ အပြန် အပေါက်ဝကျ တွေ့မှာပါ ဒီတစ်ပေါက်ပဲရှိတာ"

ငြိမ်းချမ်းရေးအတွက် ကလေးတွေရဲ့ ဓာတ်ပုံတွေကိုလည်း စိတ်လှုပ်ရှားဖွယ် တွေ့ရတယ်။ အခန်းအပေါက်ဝရောက်တော့ အပ်ထားတဲ့

ပစ္စည်းတွေကို လော့ကာက ပြန်ထုတ်ကြရတယ်။ ဆရာတို့ကိုလည်း ပြန်ထွက်လာတာ တွေ့ရတယ်။

"ဆရာတို့ အခန်းတိုင်းစုံရဲ့လား"

"စုံတယ်၊ စုံတယ် ထောင်ပုံစံအခန်းရော လူသားအခွင့်အရေး အတွက် စာနာမှုအခန်းတွေရော တော်တော်ကောင်းတယ်"

"ဟုတ် ဆရာ၊ တကယ်တော့ နည်းပညာပါပဲ ဆရာ"

"အေးပေါ့၊ နည်းပညာကူလိုက်တော့ ထိရောက်ပြီး ဆွဲဆောင်မှု ရှိတယ်၊ အမိုးပေါ်ပဲ ကြည့်လိုက်ဦး"

ဆရာထိုးပြတဲ့ အမိုးပေါ်ကနေ တလက်လက် အဝိုင်းပြားလေးတွေ ပေါ်မှာ ကမ္ဘာကျော်တွေရဲ့ပုံတွေကို တွဲလောင်းလေးတွေ ချထားတယ်။

"ဟုတ်ပ ဆရာရယ်၊ ဟိုမှာ အမေစုပုံလေး တွေ့လား ချယ်ရီ"

"တွေ့တယ် ဆရာမ၊ ဒါလေးတွေ လုပ်ထားတာ တကယ် ဆွဲဆောင်မှုရှိတယ်နော်"

"မပျက်စီးတော့ဘူးပေါ့၊ စက္ကူသားမဟုတ်တော့ ကျွန်တော်တို့ အခု အော်စလိုမြို့ထဲမှာ ဘူဖေးဖြစ်ဖြစ်စားရအောင်၊ ဗိုက်ဆာနေ ရောပေါ့"

ကိုလင်းမြတ်က ချယ်ရီကိုလည်း သဘောတူလားဆိုတဲ့ပုံစံနဲ့ ခေါင်း ညိမ့်ပြရင်း လှမ်းမေးတယ်။ တကယ်တော့လည်း လမ်းကို ခပ်သွက်သွက် လျှောက်ရတာ များလို့။ ဗိုက်ဆာလာသလိုပဲ။ အော်စလိုမြို့ထဲ WAR စင်တာ၊ ဘဲလေး ကဇာတ်ရုံ။ အခု peace ပြတိုက်စုံလာတဲ့အခါ ရာသီဥတု က တဖြည်းဖြည်းနွေးပြီး နေလို့ကောင်းလာတယ်။

ဖုန်းလေးကလည်း ဓာတ်ပုံရိုက်ရုံကလွဲပြီး အသုံးချလို့မရ။ စိတ်ထဲ မှာ ပင်စည်ကို သတိရနေမိတာ အမှန်ပါ။ ဒီနေ့တော့ Group ပုံတွေ

များများ ရိုက်ဖြစ်တယ်။ ကိုလင်းမြတ်ကိုယ်တိုင် ပါဝင်ပြီး အခြားလမ်းသွား လမ်းလာတွေကို ရိုက်ခိုင်းတယ်။ ဘူဖေးကို ထမင်းစားလိုက်ကြတယ်။ စိတ်ထဲမှာ သိပ်မနှစ်သက်လှပေမယ့် ဗိုက်ဆာနေလို့ စားလိုက်တယ်။ ဟင်းခတ်အမွှေးအကြိုင်အနံ့တွေပါတဲ့ ကြက်၊ ဝက်၊ အမဲ၊ သိုးသားဟင်း အစုံရပြီး ဆလတ်အရွက်၊ အာလူး၊ မရိုးနီစိ၊ အနှစ်၊ ပဲ၊ ပဲသီး၊ ပန်းစိမ်းတွေ နည်းနည်းစီထည့်ရင်း တစ်ပန်းကန်စားလိုက်ပေမယ့် မြန်မာဟင်းလိုတော့ ချဉ်နှစ်စပ် အရသာမတွေ့လှ။ မစားဖူးတဲ့သိုးသားဟင်းကို ကိုလင်းမြတ်က စားကြည့်ပါဆိုပြီး ခပ်ထည့်ပေးတာကြောင့် စားကြည့်တယ်။ စိတ်ထဲတော့ သိပ်အရသာမရှိသလို ခံစားရတယ်။

ထမင်းစား ခဏနားနေချိန်မှာ WiFi ရတယ်ဆိုပြီး ကိုလင်းမြတ်က ပြောရင်း အီးမေးစစ် FB သုံးကြတယ်။ အားလုံးပါပဲ။ ချယ်ရီလိုင်းဖွင့်ချိန်မှာ ပင်စည့်စာလေး ဝင်ထားတာ တွေ့ရတယ်။ ချယ်ရီရေ သိပ်သတိရတာပဲ။ ချယ်ရီ့မေမေဆီ ဖုန်းဆက်ပြီး အကြောင်းကြားပြီးပြီနော်။ အားလုံး အိုကေ လို့။ သူ့စာလေးကိုဖတ်ပြီး ကျေးဇူးပါ ပင်စည်၊ သတိရတယ်လို့ ပြန်ရေးလိုက် တယ်။ FB noti တွေတက်နေလို့ ကြည့်လိုက်တော့ ကိုလင်းမြတ် တင်လိုက် တဲ့Group ပုံလေးတွေ ချယ်ရီ့ဆီ tag တွဲထားတာတွေ့ရတယ်။ ကိုလင်းမြတ် က ချယ်ရီ့ဘေးဝင်ရပ်ပြီး ရိုက်ထားတဲ့ပုံ။ သင်္ဘောနောက်ခံနဲ့ ဆိပ်ကမ်းမှာ ချယ်ရီ့ဘေးမှာပဲ လက်ပိုက်ပြီးပြုံးနေတဲ့ပုံ။ Group ပုံဖြစ်ပေမယ့် ဓာတ်ပုံထဲမှာ ကြည့်ရတာ အသက်အရွယ်က မကွာလှသလို စုံတွဲပုံလိုဖြစ်နေတယ်။ အားကစားလိုက်စားလို့ အဆီပိုတွေမရှိတဲ့ ကိုလင်းမြတ်ခန္ဓာကိုယ်က လုံးဝ လူကြီးပုံမပေါက်ဘဲ လူငယ်တစ်ယောက်လို လန်းနေတယ်။

ဒီပုံကိုမြင်ရင် ပင်စည်က သဝန်တိုတော့မယ်။ ဘာများပြောမလဲလို့ တွေးမိတယ်။ ဒါကလည်း မရိုက်သင့်တဲ့ပုံမှ မဟုတ်ဘဲ လူမမြင်ကတည်းက

စိတ်မချဖြစ်နေတဲ့ တတွတ်တွတ်မှာနေတဲ့ သူ့ကို နားလည်ပေးတတ်တဲ့ ချစ်သူလို့ပဲ မြင်ချင်တယ်။ မြင်ထားတယ်။

သဝန်တိုတာဟာ ချစ်လို့ပါလို့ ယူဆကျေနပ်လို့ရပေမယ့် တစ်ခါတစ်ရံမှာ ချစ်သူတွေရဲ့သဝန်တိုခြင်းဟာ စိတ်ရှုပ်စေတဲ့အပြင် လုပ်ငန်းပြီးမြောက်အောင်မြင်ခြင်းအတွက် အဟန့်အတားတွေ ဖြစ်စေခဲ့တယ်လို့ စာထဲမှာဖတ်ဖူးတယ်။ မိန်းကလေးတွေအများစု သူတို့ချစ်သူက သူတို့ကို သဝန်မတိုရင် ဒါ မချစ်လို့ဆိုပြီး မကျေနပ်ကြဘူး။ ချယ်ရီ့ချစ်သူကတော့ သိပ်ပြီး သဝန်မတိုတတ်ဘူးလို့ ထင်ခဲ့တယ်။ မသွားခင်က သူ ကိုယ့်အပေါ် တိုနေတာ စိတ်မချဖြစ်နေတာလေးတွေကို ကျေနပ်ခဲ့တယ်။

အဲဒီနေ့က ကိုလင်းမြတ် တင်လိုက်တဲ့ပုံကိုကြည့်ပြီး သူတော်တော် လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ Holmenkollen ကိုယ်တုံးလုံးပန်းခြံ အရောက် ဖုန်းဝင်လာတယ်။ အနားမှာ အားလုံးရှိနေတာမို့ နည်းနည်း နောက်ချန်လျှောက်ရင်း...

"ဟဲလို...ဟဲလို ပင်စည်"

"ချယ်ရီ ဘယ်ရောက်နေပြီလဲ"

"ပန်းခြံ ရောက်နေတယ်"

"နေ့လယ်စာ စားပြီးပြီလား"

"စားပြီးပြီ...သိပ်တော့ အရသာမတွေ့ဘူး"

"ရအောင်စားပါ၊ အစာရှိနေအောင်"

"အင်းပါ၊ စားပါတယ်"

"ချယ်ရီ ခုနက ကိုလင်းမြတ်ပုံတွေ tag တွဲထားလို့ ချယ်ရီ့ထဲက နေ ကြည့်နေတယ်၊ သူက ကိုယ့်ချစ်သူနားကို ဘာလို့ကပ်ရိုက် ရတာလဲ"

"ဩော်...မဟုတ်ပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ ဘေးမှာ နေရာတွေအများကြီး ဆရာ့ဘက်မှာလည်း သွားရပ်လို့ရတာပဲဟာ"

"အလောတကြီးဝင်လာပြီး ရိုက်လိုက်လို့ပါ"

"သေချာပြန်ကြည့် လက်ချင်းရော၊ ခေါင်းချင်းရော ထိတော့မယ်၊ ဒါပဲနော်...နောက်ခါ မရိုက်နဲ့၊ ချယ်ရီကလည်း ပြုံးလို့"

"အဲလိုပြောလို့မှမရတာ...ပင်စည်ကလည်း အလကားနေ သဝန်မတိုပါနဲ့"

"အလကားတိုတာမဟုတ်ဘူး၊ ခင်ဗျားက ကျုပ်အသည်းပေါက်မတတ်ချစ်ရသူမို့ တိုတာ"

"ဟော...လေသံတွေက ခင်ဗျားတွေရော ကျုပ်တွေရော ပြောင်းသွားပြီ"

"ချစ်လွန်းလို့ပါ ချယ်ရီရယ်"

"ကဲ ဟုတ်ပါပြီ စိတ်ချပါနော်"

"ချယ်ရီ ခရီးသွားတာကို ကိုယ်က လိုက်အနှောင့်အယှက်ပေးသလိုဖြစ်နေပြီလား မသိဘူး၊ အားလည်းနာပါတယ်"

"မဖြစ်ပါဘူး၊ ချယ်ရီ နားလည်ပါတယ်"

"ဒါဆို စိတ်ချမယ်၊ ဖုန်းချလိုက်တော့မယ်နော် ဘိုင့်"

"ဘိုင့်"

ဖုန်းချပြီ။ ပြုံးမိတယ်။ သူ့စိတ်ထဲ မကျေနပ်တာကို ချက်ချင်းကိုဖုန်းဆက်ပြောတော့တာပဲ။ ကိုလင်းမြတ်ရဲ့ စမတ်ကျမှု၊ ပညာတတ်မှု၊

ခမ်းနားမှုတွေကိုကြည့်ပြီး စိတ်မချစိတ်ပေါ်လာတာမှန်ပေမယ့် ချယ်ရီဖူးမေနှလုံးသားက အဲဒီအရာတွေပေါ်မှာ မကိုးကွယ်၊ မမှီခိုပါဘူး ပင်စည်။ သာမန်မိန်းမတွေအတွက် နှစ်သက်စရာဖြစ်ပေမယ့် ချယ်ရီ့စိတ်ထဲမှာ လှပတဲ့မိန်းမမာနလေးတော့ ရှိပါသေးတယ်။

နော်ဝေးရဲ့နာမည်ကြီး Holmenkollen ပန်းခြံထဲမှာ လူသားတွေကိုအရှိအတိုင်း ကျား–မ–လူကြီး–လူငယ် အားလုံး ကျောက်နဲ့ထွင်းထုထားတဲ့ လက်ရာမြောက် Art အနုပညာတွေကို တန်းစီပြီး တွေ့ရတယ်။ သဘာဝတရားအရ အရှိကိုအရှိအတိုင်း ဟန်တွေ မာန်တွေ စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတွေကို မျက်နှာတွေပေါ်မှာ အတိုင်းသားတွေ့ရတယ်။ ချစ်သူစုံတွဲ၊ မိသားစု၊ သောကခံစားမှု၊ မွေးဖွားခြင်း၊ နာကျင်ခြင်း၊ ခွန်အားဖြစ်ခြင်း အရာအားလုံး ကျောက်သားနဲ့တည်ဆောက် သရုပ်ဖော်ထားတာ သဘောကျစရာပါ။ ပုတ်သင်ညိုနဲ့ လူသား ချစ်ခင်ဆက်ယှက်မှုကို ကိုလင်းမြတ်က ရုပ်တုကိုပြရင်း ရှင်းပြနေတယ်။

နှင်းဆီပန်းရောင်၊ အဝါရောင်၊ အဖြူရောင် အခင်းလိုက်ကြီးကို မွေးပျံ့စွာအလယ်မှာ စိုက်ထားတယ်။ ခရမ်းရောင်ပန်းတွေနဲ့ အလှကို ပိုမိုစိတ်ကူးယဉ်ဆန်စေပြီး ကျောက်သားလှေကား တစ်ဆယ့်ငါးထစ်လောက်ကိုတက်ပြီးရင် အလယ်မှာ ကလေးတွေ ရေဇလုံကြီးထဲမှာ ရေချိုးနေတဲ့ပုံကိုကျောက်သားနဲ့ထွင်းထုထားတဲ့ လက်ရာမြောက် ရေမွှားပန်းကြီးတွေကိုတွေ့ရတယ်။ အရမ်းလှလို့ ဓာတ်ပုံရိုက်ရင်း အပေါ်ဆုံးကျောက်တိုင်ဆီကိုတက်ကြတယ်။ အမြင့်ဆုံးကိုရောက်တဲ့အခါ ပန်းခြံကြီးတစ်ခုလုံးကို အပေါ်ကနေ မြင်ရတယ်။ စိမ်းလန်းနေတဲ့မြက်ခင်းတွေရယ်၊ အရုပ်တွေရယ်၊ အပေါ်က အရုပ်တွေက ပိုတောင်လှနေသလိုပဲ။ အမျိုးသမီးရဲ့ ကျောကုန်းနံရိုးတွေ။ အမျိုးသားရဲ့လက်မောင်း၊ ခြေသလုံး မာဆယ်ကြွက်သားတွေ

ကလေးလေးကို ပိုက်ပြီး ပြုံးနေတဲ့မိခင်ရဲ့ အပြုံးနဲ့ခန္ဓာကောက်ကြောင်းတွေ မိခင်ကျောကုန်းပေါ်မှာ မိခင်ကျစ်ဆံမြီးကိုဆွဲပြီး အတူတက်ဆော့နေတဲ့ ကလေးနှစ်ယောက်ပုံလေး အသက်ဝင်လွန်းလို့ ခာတ်ပုံအမိအရရိုက်ကြ တယ်။ နေထွက်ပြီး ချွေးပြန်လာတာ အပေါ်အနွေးထည်ကို ချွတ်လိုက်တယ်။ အနောက် လှေကားက ဆင်းရင်လည်း နေရာအကျယ်ကြီးပဲ။ နိုင်ငံခြားသား တွေ အများကြီးတွေ့ရတယ်။

"ကိုလင်းမြတ် ကျွန်မ ရုပ်တုတစ်ခုရှာနေတာ မတွေ့လို့ Angry child လေးလေ"

"သြော်...ကျွန်တော် အဲဒီရုပ်တုပြမလို့ ချယ်ရီနဲ့ဆရာမ ရှေ့ ရောက်သွားလို့။ လာ...အောက်ဘက် နည်းနည်းပြန်ဆင်းရမယ်၊ ဒီပန်းခြံကိုရောက်ပြီး သူ့ကိုမတွေ့ဘဲ သွားလို့မရဘူးလေ"

"ကျွန်မ စာတွေထဲမှာ ဖတ်ဖူးတာ၊ သိပ်လည်း လက်ရာမြောက် တယ်တဲ့"

"ဟုတ်တယ်၊ အဲဒီအရုပ်ကို အရမ်းနိုးကြတယ် ပြန်မိထားတာ လေ"

"နိုးပြီး ရောင်းစားတာပေါ့"

"ဒါပေါ့၊ နာမည်ကြီးလာရင် တန်ဖိုးက သူ့အလိုလိုတက်လာတာ"

"တကယ်တော့ ကျွန်မစဉ်းစားကြည့်တာ ဒီအရုပ်လေးက အပြင် မှာ တကယ်ရှိခဲ့တာလည်း မဟုတ်၊ တိုင်းပြည်အတွက် အသက် ပေးဆပ်သွားတာလည်း မဟုတ်ဘဲနဲ့တောင် ဒီဒေါသဖြစ်နေတဲ့ ကလေးရုပ်တုလေးကို တန်ဖိုးတွေထားကြတယ်၊ ကြည့်ကြတယ်၊ နိုးကြတယ်၊ ဘာလို့လဲ ကိုလင်းမြတ်"

"ဒီနိုင်ငံ နော်ဝေနိုင်ငံသားတွေက ဒီရုပ်တုလေးထုသွားတဲ့ ပန်းပု ဆရာကို ဂုဏ်ပြုတဲ့အနေနဲ့ တန်ဖိုးထားတဲ့အခါ၊ အခြားနိုင်ငံ အသီးသီးက လာတဲ့လူတွေကလည်း တန်ဖိုးထားဂုဏ်ပြုလာခြင်း ရဲ့ရလဒ်ပဲ ချယ်ရီ၊ ဒီထဲမှာ ရုပ်တုပေါင်းများစွာရှိတဲ့အနက် သူက ပိုနာမည်ကြီးခဲ့တယ်...ဒီမှာလေ ချယ်ရီ"

"ဟယ်...စိတ်ထဲထင်နေတာ အခြားရုပ်တုတွေလို အကြီးကြီး ထင်နေတာ၊ သူက သေးတာပဲနော်၊ အပြင်ကလေးအရွယ်လေး"

"ဟုတ်တယ် ချယ်ရီ...ဒီအရုပ်ကို ခြေထောက်ကဖြတ်ပြီးခိုးသွား တာ၊ ပြန်မိပြီး အရုပ်ကို ပြန်ဆက်ထားတာ ဒီမှာ ခြေထောက် နားမှာ ဆက်တဲ့အရာလေး"

"ဟုတ်ပါ့နော် နှမြောစရာ"

"မိအောင် ရအောင်လိုက်ကြတာ ချီးကျူးစရာပဲ၊ ဒီက လူတွေက အနုပညာတစ်ခုကို ပျက်စီးဆုံးရှုံးသွားမှာ အရမ်းစိုးရိမ်ကြတယ်၊ အတတ်နိုင်ဆုံး ထိန်းသိမ်းကြတယ်"

"ဒါက အရမ်းကောင်းတဲ့စိတ်ပဲ၊ ဒီအရုပ်လေး နာမည်ကြီးတာ လည်းမပြောနဲ့ ကလေးလေးရဲ့ဒေါသက မျက်နှာမှာ အထင်းသား ပေါ်နေတယ်၊ လက်သီးကလည်း ဆုပ်၊ ခြေထောက်ကလည်း မြှောက်ထားသေးတယ်"

"တကယ်တော့ ကျွန်တော်တို့ဆီမှာလည်း လူတိုင်းသိတဲ့ ဗိုလ်ချုပ် အောင်ဆန်း ကြေးရုပ်ကို နှစ်များစွာ တန်ဖိုးမဲ့တဲ့လူတန်းစား တွေလက်ထဲရောက်တော့ ဘာဖြစ်သွားလဲ၊ မေးမှိန်ခဲ့တယ်၊ တန်ဖိုးထားတဲ့ မှန်ကန်တဲ့လူတွေရဲ့လက်ထဲရောက်တော့ သမိုင်းရှိ

တန်ဖိုးတွေ သူ့နေရာနဲ့သူ ပြန်ပေါ်လာတာပါပဲ။ အခု ဘာမှ နောက်ခံသမိုင်းမရှိတဲ့ အရုပ်လေးတောင် တန်ဖိုးထားတတ်တဲ့ နိုင်ငံ၊ တန်ဖိုးထားတတ်သူတွေရဲ့လက်ထဲမှာ လက်ရာမြောက် ကမ္ဘာကျော်ရုပ်တုအဖြစ် နိုင်ငံခြားသားတိုင်း လာကြည့်နေကြ တာလေ။ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုဆိုရင် တကယ်ရှိခဲ့တာ ပိုလို့တောင် ဖြစ်သင့်တာပေါ့”

“တန်ဖိုးသိပြီး တန်ဖိုးထားတတ်ဖို့လိုတာပါ၊ ခိုးတဲ့သူတွေ ရောင်း ရင် ဘယ်လောက်ရမှာမို့လဲ”

“မထင်နဲ့ ချယ်ရီ၊ အရမ်းရနိုင်တယ်၊ ဒါမျိုး ချွတ်စွတ်ထုဖို့ဆိုတာ မလွယ်ဘူး”

“ဒါလည်း ဟုတ်တာပဲ”

ဒေါသဖြစ်နေတဲ့လူကလေး Angry Child လေးနဲ့ ဓာတ်ပုံရိုက်ပြီး ပန်းခြံထဲက ထွက်ခဲ့စဉ်မှာ နေတောင်စောင်းနေပြီ။ နောက်ဆုံး အမြင့်ဆုံး နှင်းလျှောစီး စကိတ်ကွင်းဘက်ကို လျှောက်လည်ခဲ့ကြပြီး အိမ်ပြန်ရောက် ခဲ့တယ်။ ညစာစား အိပ်ရာစောစောဝင်ပြီး FB လေးကြည့်လိုက်တော့ ကိုယ့်ချစ်သူက ကဗျာလေးတစ်ပုဒ် တင်ထားတာ တွေ့လိုက်ရတယ်။ ဓာတ်ပုံ တွေတင်လေ့မရှိတဲ့သူက စာတွေ၊ ကဗျာတွေတော့ သူကြိုက်ရင် တင်တတ် တယ်။ အခု သူတင်ထားတဲ့ကဗျာကို စိတ်ထဲကနေ လိုက်ရွတ်နေမိတယ်။

နှင်းအတွဲဆီက
သင်းနံ့နံ့ မြခွာညို
လင့်စားသူ နေမဖြောင့်တယ်
စိုးကြောင့်ကြပို။

ဖြေအချပ်တွေနဲ့
ရွှေဝတ်ကယ်က နှင်းမစို
တင်းမိုတဲ့ ပျိုသဲ။

ချမ်းရိပ်သာ
ပန်းလိပ်ပြာအလာ
ကျူးရော့ထင့်
ပြာသို ခွာညိုဦးရယ်
မြူးကြိုင်နံ့နဲ့။ ။

**(မင်းသုဝဏ်)**

ဆရာကြီးမင်းသုဝဏ်ကဗျာလေးက သူ့ခံစားချက်နဲ့ တိုက်ဆိုင်သွားပြီလား။ ဖုန်းပြောတုန်းက မျက်နှာပျက်နေမယ့် သူ့ပုံစံကို မြင်ယောင်ရင်း နှုတ်ခမ်းကြီးစူပြီးပြောတဲ့လေသံကို ကြားနေမိတယ်။ ခုတော့ ဒီကဗျာလေးနဲ့ ချစ်သူကိုချော့လို့ သိစေတဲ့သူ...။ ကဗျာလေးကို နောက်တစ်ခေါက် ပြန်ဖတ်ပြီး ချယ်ရီ့ကို အိပ်မောကျသွားစေခဲ့တော့တယ်။

●

# အခန်း(၂၈)

မနေ့က နှင်းလျှော်စီး စကိတ်ကွင်းက အမြင့်ကိုတက်ရပြီး အရမ်းအေးတော့ကြောင့် နှာတွေချက်ချင်းစီးပြီး ပိတ်လာတယ်။ ညအိပ်တော့ ဆေးသောက်ဖို့ သတိမေ့သွားတာကြောင့် မနက်ထတော့ သိပ်နေမကောင်းချင် စကားပြောရင်လည်း နှာသံတွေဖြစ်ပြီး ဆေးသောက်ဖို့မေ့တဲ့ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်မိတယ်။

မနက်စာကို မမိုးလုပ်ပေးတဲ့ အသင့်စား ဂျုံပါတီ၊ ပဲပြုတ်၊ ပေါင်မုန့်၊ ကော်ဖီတို့ကို စားသောက်ပြီး ဆေးသုံးလုံးကို ရေနဲ့သောက်တယ်။ ဘယ်လို ပဲဖြစ်ဖြစ် အပြင်ကထွက်ရှဦးမှာဆိုတော့ မထူးပါဘူးလေဆိုပြီး ငှက်သိုက်ပါ သောက်လိုက်တယ်။ ဆရာတို့လူကြီးတွေက ဘာမှမဖြစ်။ ချယ်ရီက ဟပ်ချိုးကို နှစ်ခါဆက်တိုက် ချေမိတယ်။

ကိုလင်းမြတ်က ရေနွေးခွက်လာချပေးရင်း

"ရေနွေးပူပူလေးသောက်လိုက် ချယ်ရီ၊ ကျွန်တော်လည်း မနေ့က ရောက်စေချင်လို့ အမြင့်ထိ ခေါ်သွားမိတယ်၊ အဲဒီနေရာက လေကတိုက် ဆိုတော့ အအေးပတ်သွားတာနေမှာ"

"ဟုတ်တယ် ညက ဆေးသောက်ဖို့မေ့သွားတာ"

"ညီမတို့ ဘယ်ခံနိုင်မလဲ...၊ နောက်နှစ်လဆို အဲဒီကုန်းလျှော ကြီးက နှင်းတွေကျပြီ၊ ခဲသွားရင် အဲဒီပေါ်ကနေ နှင်းလျှောစီး ကြတာ"

"မမိုးရယ် အမြင့်ကြီးပဲ ကြောက်စရာကြီး"

"ဟုတ်တယ် သူတို့ကတော့ အလေ့အကျင့်ရနေပြီ၊ အောက်က ကွင်းထဲဆို ကလေးပေါက်စတွေကစ စီးနေကြပြီ"

"တွေ့တယ်၊ ဒီလောက်အမြင့်ကြီးကိုလည်း ဟိုးအောက်ကနေ လှေကားအတိုင်း တက်ကြတယ်"

"ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုပေါ့ ချယ်ရီ"

"ဟုတ်တယ် ကိုလင်းမြတ် သူတို့ကြည့်ရတာ ပေါ့ပါးနေတာပဲ"

"ဆရာ ဆရာမတို့ ဒီနေ့ ကျွန်တော်တို့ Munch ပြတိုက် သွား မယ်"

"Munch အော်သံပေါ့"

"ဟုတ်ကဲ့ ဆရာ"

"နာမည်ကြီးလှတဲ့ Munch ဆီ ရောက်ရပြီပေါ့ကွာ"

"ကျွန်တော်တို့အာရှအကြိုက်နဲ့တော့ နည်းနည်းကွာမယ်ဆရာ"

"ခု မြန်မာမှာလည်း Vision and Sensational ဆိုတဲ့နေရာမှာ Visual of Sensational Logic ကို ပြောင်းလဲလာတယ်၊ ချယ်ရီ့မှာ အဲဒီခံစားချက်ကို ကောင်းကောင်းတွေ့ရတယ်၊ သူအသုံးချနိုင်တယ် ဒြပ်မဲ့အာရုံအမြင်ဝါဒဘက်ကို ကူးခြင်းပေါ့၊ ချယ်ရီရဲ့ Impressionist ရေးချက်တွေက ခံစားမှု အမြင်အာရုံဝါဒသစ်ဘက် ထိုးထွက်နေတယ်"

"ဒါပေါ့ ဆရာတို့ဆီမှာလည်း တစ်မျိုးတည်းကြိုက်ကြတာမှ မဟုတ်ဘဲ မျိုးစုံကြိုက်ကြတာပဲ၊ အမျိုးသမီးတွေပုံဆို သဘာဝက အမျိုးမျိုးရှိတယ်၊ ဆွဲတဲ့သူ ခံစားချက်အားသန်ရာပေါ့၊ ဆရာကတော့ အမျိုးသမီးတွေ ခန္ဓာကိုယ်ကောက်ကြောင်း အလှထက် သဘာဝ life ကို ဆွဲတာပိုကြိုက်တယ်၊ ဥပမာကွာ ဈေးဝယ်နေတာ၊ ကလေးချော့မြူနေတာ၊ ဘီးဆံပတ်ပါတ်နေတာ၊ ဈေးတောင်းရွက်နေတာမျိုးစုံပေါ့"

"ဆရာနဲ့ ကျွန်တော်တူတယ်၊ အမှန်အတိုင်းပြောကြည့်တာပါ၊ ဒီမှာလည်း အမျိုးသမီးတွေရှိတော့ အားနာပါတယ်။ ကျွန်တော်တွေ့တာပေါ့နော်၊ အမျိုးသမီးတွေ ရေချိုးကြတယ်၊ ထဘီရင်ရှားရေစိုပြီး ကိုယ်ခန္ဓာကို ကပ်နေတဲ့ပုံပေါ့။ မြစ်ဆိပ်တို့ရေကန်တို့မှာ ဟန်အမျိုးမျိုးပေါ့။ လှတာက လှတယ်၊ ဒါပေမဲ့ ဆွဲတဲ့ထဘီတွေက ပါးလွန်းတယ်၊ ဘောဒီတွေမှာ အရမ်းကပ်ပြီး အများအားဖြင့် နောက်ကနေ အတိုင်းသားမြင်ရတဲ့ပုံပေါ့။ သိပ်ပါးပြီး ရေစိုကပ် လွန်းနေတာကို မကြိုက်တာ ဆရာ။ အမှန် ထဘီဆိုတဲ့ အသားက မှန်နိုင်လွန်သားလောက်မပါးဘူး။ ချည်ထည်၊ ပါတိတ်၊ ခပ်ဟောင်းဟောင်း သူ့နေရာနဲ့သူတော့ နည်းနည်းထူကြပါတယ်၊

ရေစိုကပ်လွန်းလည်း အဲဒီလောက် မပါးကြဘူး ကျွန်တော့်အမြင်ပါ ဆရာ"

"ဘယ်လိုပြောမလဲ သိပ်ပြချင်တာများသွားရင် သဘာဝနဲ့ ကွာဟသွားတဲ့သဘောပေါ့။ ဆရာ အဲဒီလိုပုံကို နည်းနည်းငယ်တုန်းက ဆွဲဖို့ကြိုးစားသေးတယ်၊ ရေစိုနေတဲ့ပုံ မဟုတ်ဘူး၊ မြန်မာရေအိုးသုံးပြီးသား ရေညှိတက်နေတဲ့ ရေအိုးလေးနဲ့ ချည်ထဘီ ရင်ရှားလေးနဲ့ သစ်သားတံတားလေးကနေ ရေခပ်နေတဲ့ပုံ အညာသူလေးပေါ့၊ အဲဒီမိန်းကလေးကလည်း တော်တော်လှတယ်၊ သူ့ကိုလည်းပြောပြီးစီစဉ်ပြီးပေါ့။ ပုသိမ်ကြီးဘက် ဆွဲမယ့်နေ့မှာ ကောင်မလေးက တောင်းပန်ရှာတယ်၊ သူ့အဘွားက ထဘီရင်ရှားနဲ့မို့ ခွင့်မပြုဘူးတဲ့၊ ဒီပုံစံနဲ့ တခြားယောကျ်ားတစ်ဦးရှေ့ သရုပ်ပြလို့ ဘယ်လိုသင့်တော်မလဲဆို ဆူတာပေါ့၊ ဒါနဲ့ မဆွဲလိုက်ရပါဘူး၊ ဒါတောင်ရေစိုတာ မပါသေးဘူးနော်"

"အရင်ခေတ်တုန်းက မိဘအုပ်ထိန်းသူတွေရဲ့ သဘောထားနဲ့ အာရှရဲ့အမြင်ပေါ့ ဆရာရယ်"

"ဟုတ်ပါတယ် ဆရာမလည်း သိမှာပါ၊ မိန်းမပျိုတွေ ရေချိုးတဲ့နေရာကိုကြည့်ပြီး လက်တွေ့ကျကျ လိုက်ဆွဲဖို့ဆိုတာတော့ သိပ်မဖြစ်နိုင်ဘူးလေ၊ ဒီတော့ စိတ်ကူးနဲ့ဟန်ကို သရုပ်ပေါ်အောင်ဆွဲတာများမှာပေါ့၊ ခုနက ကိုလင်းမြတ်ပြောသလို ထဘီအယူအဆမှာ ကိုယ့်အတွေး ကိုယ့်အမြင်နဲ့ဆိုတော့ နည်းနည်းလေးလွဲသွားတာပေါ့၊ အဲလိုပဲ ယူဆပါတယ်"

"ဟန်တွေကတော့ အရမ်းကောင်းပါတယ် ဆရာ၊ ဒါပေမဲ့ အဲဒီလိုပန်းချီကားကို ရုံးခန်း အစည်းအဝေးခန်းထဲမှာ မချိတ်ရဲဘူး ဆရာ"

"ဘာလဲ အာရုံမစူးစိုက်နိုင်ကြမှာစိုးလို့လား"

"ဟား...ဟား...ဆရာရေ ဟုတ်မှာပါ"

ကိုကောင်းမြတ်ဇော်က တဟားဟားသဘောကျရင်း ပြောတယ်။

နောက်ပေါ်လာတဲ့ 3D ပန်းချီတွေနဲ့ အခြားပန်းချီဆိုင်ရာခံစားမှု အမြင်တွေပြောရင်း Munch ပြတိုက်ကို ထွက်ခဲ့ကြတယ်။ ကိုကောင်းမြတ်ဇော်နဲ့ မမိုးမိုးသိမ့်ပါ ဒီနေ့လိုက်လာတာမို့ အုပ်စုပိုတောင့်သွားတယ်။

"ချယ်ရီ အိုကေရဲ့လား"

"အိုကေတယ်၊ ဆေးသောက်လိုက်တော့ နေလို့တော်တော်ကောင်းသွားတယ်"

"တကယ်လို့ ခေါင်းတွေဘာတွေကိုက်ရင်လည်း ပြောနော်၊ အားမနာနဲ့ ဒီနေ့တော့ မနေ့ကလောက် မအေးတော့ တော်သေးတယ်"

"ဟုတ်တယ်"

"လည်ပင်းကို ဆေးပူပူလေးလူးထားရင် ကောင်းတယ်"

"လူးထားတယ် ကိုလင်းမြတ်"

"ချယ်ရီ ကျွန်တော့်ကို မမိုးတို့ခေါ်သလိုပဲ ကိုလင်းလို့ပဲခေါ်ပါလား၊ ကိုလင်းမြတ် ကိုလင်းမြတ်နဲ့ မမောဘူးလား ပြီးတော့ စိမ်းသလိုကြီး"

"မဟုတ်ပါဘူး၊ နှုတ်က ဒီအတိုင်းထွက်နေလို့ပါ"

"ဟွန်း ကိုကောင်းကိုကျ ကိုကောင်းလို့ခေါ်တယ်လေ"

"... ... ..."

"ကျွန်တော့်အမေက ကိုကောင်းနာမည်ကို သဘောကျပြီး လင်းမြတ်ဖော်လို့ ပေးခဲ့တာ၊ ကျွန်တော်က ဖော်ကို မကြိုက်လို့ ကိုယ့်ဟာကိုယ် ဖြုတ်လိုက်တာ"

"ဩော်...ဟုတ်လား၊ မိဘတွေကရော"

"ဆုံးတာ ကြာပြီလေ...ကျွန်တော် အသက်နှစ်ဆယ်ကတည်းက မောင်နှမမရှိဘူး၊ ဆွေမျိုးလည်းနည်းတယ်၊ စစ်ကိုင်းဘက်က ရွာလေးတစ်ရွာက ကျွန်တော့်ဇာတိ၊ ဒီကို အရဲစွန့်ပြီး ဘဝကို ပြင်းပြင်းထန်ထန် ရုန်းထွက်ခဲ့ရတယ်။ သင်္ဘောသားကို ခြောက်နှစ် လုပ်လိုက်တယ်၊ ပင်လယ်ပြင်မှာ အကြာကြီးမနေနိုင်ဘူး။ သင်္ဘော ပေါ်မှာပဲ ကျွန်တော့်ကို ကူညီမယ့် ပြင်သစ်တစ်ဦးနဲ့တွေ့တယ်၊ ပြင်သစ်ကိုခေါ်တယ်၊ အလုပ်ပေးတယ်၊ အဲဒီလူ မထင်မှတ်ဘဲ ဆုံးသွားတော့ ကျွန်တော် သူ့အလုပ်တွေပါလုပ်ရင်း အဆင်ပြေ လာတယ်၊ အဆောက်အဦဒီဇိုင်းဆွဲ ပရောဂျက်တွေက အနုပညာ အခံကြောင့် စိတ်အားထက်သန်စေတယ်၊ ကျွန်တော်ဆွဲတဲ့အိမ်ခန်း တွေမှာ ပန်းချီကားတစ်ကား သို့မဟုတ် နှစ်ကား အမြဲချိတ်ပေး တယ်၊ အဆက်သွယ်တွေနဲ့ ပန်းချီတွေစု ပြပွဲလေးတွေလုပ်ခဲ့တယ်၊ ဒါက ကိုယ့်စိတ်ကြိုက် ဝါသနာပါရာတွေ လုပ်နေရတော့ သဘောကျတယ်၊ တစ်ခါတလေတော့လည်း တချို့အချိန်တွေမှာ အထီးကျန်သလို ခံစားရစေတယ်"

ချယ်ရီတို့ စကားတပြောပြောနဲ့ Munch ပြတိုက်ဆီ ရောက်ခဲ့ တယ်။ အဝင်ဝမှာ ပစ္စည်းတွေအားလုံး အပ်ထားခဲ့ရတယ်။ နာရီ၊ ဘောပင် ကစပေါ့။ ဖုန်း၊ ကင်မရာ ယူခွင့်ရှိလို့ တော်သေးတယ်။

အခန်းကျယ်ကြီးထဲက ပန်းချီကားတွေကို တွေ့ရတယ်။ ပန်းချီကားတွေရဲ့ဘေးမှာ အရွယ်အစား၊ ဆိုဒ်၊ အမည်ဆွဲတဲ့ခုနှစ်တွေကို ဖော်ပြထားတယ်။ တချို့ကားတွေဆိုရင် အိမ်ပြတင်းပေါက်သုံးပေါက်စာလောက် ကြီးတယ်။ တချို့ပန်းချီကားတွေက ချယ်ရီတောင် မမွေးသေးဘူး။ ဒါပေမဲ့ Munch ရဲ့လက်ရာတွေက ခေတ်မီနေတယ်။

လူသားတွေရဲ့ စိတ်တွင်း၊ သောကကို ရေးထားတာ များတယ်လို့ ထင်တယ်။ အလှမပါတဲ့ ခံစားချက်ပန်းချီကားတွေ နာမည်ကြီးအော်သံ ပန်းချီကားကို တွေ့တော့ တော်တော်အံ့သြမိတယ်။

တစ္ဆေလိုလို၊ မှင်စာလိုလို အကောင်လေးတစ်ကောင်က နားကို ပိတ်ပြီး အော်နေသလို မျက်လုံးကလည်း မပီပြင်ပြူးနေတယ်။ ဆံပင်၊ ကိုယ်ခန္ဓာပီပြင်မှု မတွေ့ရ။ အင်္ကျီအဝတ်အစားလည်း မရေးခြယ်။ နောက်ခံကလည်း အသံလှိုင်း၊ အကွေးကြောင်းတွေလို့ စိတ်ထဲမှာ ခံစားချက်ကတော့ အော်သံပန်းချီကားထဲမှာ ကြောက်ရွံ့နာကျင်မှုအော်သံကို မြင်သူတိုင်း ခံစားစေဖို့ ပေးစွမ်းနိုင်တဲ့အနုပညာတစ်ခုကို တွေ့ရတယ်။

အဲဒီပန်းချီကားဘေးမှာ Group လိုက်ရော တစ်ယောက်စီရော ဓာတ်ပုံရိုက်ကြတယ်။ ဆရာက သူ့အတိုင်း နားကိုအုပ် ပါးစပ်ကို ဟကာ အော်တဲ့ဟန် ဓာတ်ပုံရိုက်တယ်။

အစောင့်တွေလည်း အမျိုးသား၊ အမျိုးသမီး ဝတ်စုံအပြည့်နဲ့ တွေ့ရတယ်။ လုံခြုံရေးအစောင့်တစ်ဦးက လာရှင်းပြတယ်။ အခု ဒီအော်သံ ပန်းချီကားက အစစ်မဟုတ်သေးဘူး။ မကြာခဏ ခိုးခံရလို့ သိမ်းဆည်းထားပြီး တစ်နှစ်ကို နှစ်ကြိမ်သာ ထုတ်ပြတယ်။ အစစ်ကို ထုတ်ပြတဲ့အခါ ကင်မရာမီးနဲ့အလင်းတွေကြောင့် ပျက်စီးမှာစိုးလို့ အရမ်းဂရုစိုက်ရတယ်ဆိုပြီး ဒေါ်လာအများကြီးတန်တဲ့ အော်သံပန်းချီကားအကြောင်း ရှင်းပြတယ်။

"ချယ်ရီ ဒီမှာလာကြည့်"

ကိုလင်းမြတ်က မှန်ကောင်တာလေးထဲက စာအုပ်လေးထဲမှာ ဆွဲထားတဲ့ ခဲခြစ်ပန်းချီအဆင့်ဆင့်ကို ပြတယ်။ ဗလာစာအုပ်သေးသေး လေးထဲမှာ ခဲနဲ့ဆွဲထားတာ။

"ဒါက Munch ရဲ့လက်ရာအစစ်လေးတွေ သူ့အဆင့်ဆင့် ဆွဲထား တာလေ"

"ဟုတ်တယ် ခုလို ထိန်းသိမ်းထားနိုင်တာကို ချီးကျူး တယ်"

ပန်းချီကားတွေကိုကြည့်ပြီး ပန်းချီတွေရဲ့စိတ်ခံစားချက်တွေကို ပြောပြပြီး Movie ရိုက်ထားတာကို ဝင်ကြည့်ကြတယ်။ အပြင်ကောင်တာ မှာတော့ 'အော်သံ' နဲ့ပတ်သက်တဲ့စာအုပ်တွေ အခြားအမှတ်တရပစ္စည်း များကို ရောင်းချနေတာ တွေ့ရတယ်။

ဘာလေးကောက်ကိုင်ကိုင် ဈေးကကြီးတယ်။ နောက်ဆုံး Munch တံဆိပ်ပါတဲ့ ဘောလ်ပင်အဖြူလေးကို ဝယ်လိုက်တယ်။ ပင်စည့်ကိုလည်း ပေးချင်တယ်။ သဲသဲကိုလည်း ပေးချင်တယ်။ ပြတိုက်ရှေ့ group ပုံလေးရိုက်ပြီး FB ကို ဆရာရော ဆရာမရော တင်ကြတယ်။ ဒီနေ့တော့ ပင်စည်ဆီက စာမပို့ထားသေးဘူး။ ပြတိုက်ရှေ့မှာ တစ်ယောက်တည်း ရပ်နေတဲ့ပုံလေးပဲ တင်လိုက်တယ်။

အပြန်ရထားစီးခဲ့ကြပြီး မမိုးချက်တဲ့ နေ့လယ်စာစားရင်း အနား ယူလိုက်ကြတယ်။ ညနေကျရင် ဒိန်းမတ်ကို ဆက်ထွက်ရမယ်။ ကိုလင်းမြတ် ရဲ့ စီစဉ်မှုနဲ့ ဒိန်းမတ်ကို သင်္ဘောနဲ့ကူးမယ်တဲ့။ ရှုခင်းတွေကြည့်ရအောင် လို့တဲ့။

မမိုးကို ကူလုပ် ပန်းကန်ဆေးပြီး တချို့ပစ္စည်းလေးတွေ အိတ်ထဲ သေချာပြန်ထည့်ရတယ်။ အားချိန် FB လေး ဖွင့်ကြည့်တော့ အမေနဲ့အတူနေ

လေးသမီး စာပို့ထားတာတွေ့ရတယ်။ အမေနေကောင်းတယ်။ FB
နေ ပုံတွေလည်း ကြည့်ရကြောင်း ပို့ထားတယ်။

ပင်စည်ကတော့ 'ပျော်နေလား ဂရုစိုက်နော်' ဆိုတဲ့ စကားလေးနဲ့
င်နှုတ်ဆက်ထားတယ်။

တကယ်တော့ ပင်စည်မသိလို့ပါ။ ဒီခရီးစဉ်ကို ပင်စည်နဲ့သွားချင်
တာပါ။ ကိုလင်းမြတ်ရဲ့ဂရုစိုက်မှုနဲ့ မျက်ဝန်းအကြည့်တွေကို ရိပ်မိခံစားမိပါ
တယ်။ တစ်ဖက်တည်းသော မျက်လုံးလေးရဲ့ အားနည်းချက်ကို သူသိခဲ့ရင်
ပင်စည့်လို စိတ်ဝင်စားနိုင်ပါဦးမလား။

မျက်လုံးကို အားလျော့စွာ မှေးမှိတ်လိုက်တဲ့အချိန်မှာ တောင်ကြီး
မြို့က ချယ်ရီလမ်းလေးကို သတိရသွားခဲ့တယ်။ မျက်ကပ်လေးချွတ် မှေးစက်
ပြီး မနက်ရောက်ရင် မှန်မကြည့်ဖြစ်။ မှန်ရှေ့ရပ်ဖြစ်မှာကို ကြောက်ရွံ့
ထိတ်လန့်တဲ့စိတ်တွေနဲ့ နေထိုင်ခဲ့ရတာကို ချယ်ရီကလွဲရင် ဘယ်သူသိနိုင်
မှာတဲ့လဲ။

●

## အခန်း (၂၉)

နော်ဝေ အော်စလိုကနေ Copenhagen (ကိုပင်ဟေဂင်) မြို့တော်ကို သင်္ဘောနဲ့ ညအိပ် Kattegate ရေလက်ကြားကို ဖြတ်၊ ၁၈ နာရီလောက် စီးရမယ်၊ ဆယ့်တစ်ထပ်ပါတဲ့ သင်္ဘောကြီးပေါ် ကိုးထပ်မြောက်အခန်းတွဲနှစ်ခန်းကို ယူထားပေးတယ်။ အိပ်စင်နှစ်ထပ်တွေမို့ ကျယ်ကျယ်လွင့်လွင့်ရှိပြီး ရေချိုးခန်း၊ အိမ်သာ သပ်သပ်ရပ်ရပ်။ ခဏအနားယူပြီး ခေါင်းလျှော်ပစ်လိုက်တယ်။ ရေပူက ပင်ပန်းမှုနဲ့ အညောင်းကို သက်သာစေတယ်။ မျက်နှာကို မိတ်ကပ်ခပ်ပါးပါးလေးလူးပြီး ဂျင်းဘောင်းဘီရှည်အပြာနဲ့ တီရှပ်အဖြူပေါ် အမဲပွင့်လေးတွေပါတဲ့ ဆွဲသားအင်္ကျီကို ဝတ်လိုက်တယ်။ မာဖလာ အပြာစင်းလေးကို လည်ပင်းမှာစည်းလိုက်တယ်။

ဆရာမ မစံပယ်က ကုတ်အင်္ကျီအနက်ရောင် စကတ်အစိမ်းရင့်ရင့်လေးနဲ့ ဆံပင်ကို စုချည်ထားတယ်။ အားလုံးပြီးတော့ စားသောက်ခန်းတွဲရှိရာ အောက်ထပ်ကို သင်္ဘောအလယ်လှေကားကနေ ဆင်းလိုက်တယ်။ ရွေ့လျားနေတာတောင် မသိသာတဲ့ သင်္ဘောကြီးပေါ်မှာ စားသောက်ခန်းတွေအပြင် သီချင်းဆိုပြီး ဖျော်ဖြေနေတဲ့ ဂီတ၊ show အခန်း ကြိုက်နှစ်သက်ရာကို ဝယ်နိုင်တဲ့ shooping စင်တာအခန်းတွေကို တွေ့ရတယ်။

ရေညှိစိမ်းရောင်ရင့်ရင့်အနွေးထည် ခပ်ပါးပါးကို ကချင်ပုဆိုးနဲ့ တွဲဝတ်ထားတဲ့ ကိုလင်းမြတ်ကို အားလုံးက အံ့ဩပြီး ဝိုင်းစကြတယ်။ ဘာမှမပြောတဲ့အပြုံးတစ်ခုနဲ့ ကိုလင်းမြတ်က စားသောက်ခန်းရဲ့ သီးသန့်အခန်းလေးတစ်ခုထဲ ခေါ်သွားတယ်။ အခန်းအကျယ်အဝန်းက အနေတော်လောက်ဖြစ်ပြီး အခန်းထဲရောက် နွေးသွားတယ်။ ဝိုင်နဲ့ အသားပီဇာ၊ အသီးအနှံပီဇာ၊ ခေါက်ဆွဲအာလူး၊ အသားဒိန်ချဉ်နှပ်၊ အသီးအရွက်ဆလတ်သုပ်တို့ကို နှစ်သက်ရာမှာပြီး ခရီးစဉ်အတွက် Wish လုပ်ကြတယ်။ အားလုံးပဲ ဝိုင်တစ်ခွက်စီငှဲ့ပေး ချီးယားစ်လုပ်ကြတယ်။

သိပ်သောက်ဖူးစမရှိပေမယ့် အသီးဝိုင်မှာပေးပြီး ဝိုင်ရဲ့အရသာကချိုတဲ့ဘက်ရောက်ပြီး အဝင်မဆိုးတာကြောင့် သောက်လိုက်တယ်။ ဆရာမမစံပယ်လည်း သောက်ရင်း ထူးခြားနေတဲ့ကိုလင်းမြတ်ပုံစံကို အံ့ဩနေတယ်။

"ဒီနေ့ဟာ ကျွန်တော့်အတွက် ထူးခြားတဲ့နေ့ပါ၊ ပျော်လည်းပျော်ပါတယ်၊ ခါတိုင်းဆို ကျွန်တော်တစ်ယောက်တည်း ဖြတ်သန်းရတာလေ၊ ဒီနေ့ ကျွန်တော့်ရဲ့သုံးဆယ့်သုံးနှစ်မြောက်မွေးနေ့ပါ"

"ဟယ် ဟုတ်လား၊ ခုလိုသင်္ဘောပေါ်မှာ မွေးနေ့ကြုံခွင့်ရတာ ဝမ်းသာပါတယ်၊ အသက်ရာကျော်ရှည်ပြီး လုပ်ငန်းတွေလည်း အောင်မြင်ပါစေကွယ်"

"Happy birthday…Many happy return for you ပါကွာ"

ဆရာက ထပြီး လက်ဆွဲနှုတ်ဆက်တယ်။

"Thank you ပါ ဆရာ၊ ဆရာမ"

"ကိုလင်းမြတ် မွေးနေ့မှာ ပျော်ရွှင်ပြီး အကောင်းဆုံးတောင့်တတဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝပါစေနော်"

"Thank you ချယ်ရီ"

"ဒါကြောင့် မြန်မာကချင်ပုဆိုးလေးဝတ်ထားတာကိုး၊ ပုဆိုးနဲ့ လည်း လိုက်တာပဲ"

"ဟုတ် ဆရာမ၊ ဒီပုဆိုးလေးက ကျွန်တော့်မွေးနေ့တစ်ခုမှာ အမေ ဝယ်ပေးထားတာ. အရမ်းကြိုက်တယ်၊ အမေက ကျွန်တော့်ကို အရမ်းချစ်တယ်၊ ဒီမှာဆို ညဒင်နာတွေမှာလည်း ဝတ်တယ်"

"အတော်ပဲ ဆရာက ပုဆိုးလက်ဆောင်ပေးမယ်၊ အသစ်ပါတယ်၊ မွေးနေ့လက်ဆောင်သဘောထားပါ"

"ကျွန်မတို့ကလည်း အမှတ်တရပေးရမှာပေါ့"

"ဟာ မလိုပါဘူး ဆရာမရယ်၊ ကျွန်တော်က ခုလိုလေး ကိုယ့် မွေးနေ့လေး အမှတ်တရလုပ်ခွင့်ရတာ ကျေနပ်ပါပြီ"

"ဘယ်ဟုတ်ပမလဲ၊ birthday ပီပီသသလေးဖြစ်အောင် ကျွန်မ ကိတ်မုန့်မှာလိုက်မယ်လေ"

"ဟာ မလုပ်ပါနဲ့ ချယ်ရီရယ်"

"လက်ခံပါ ကျွန်မတို့ရဲ့လက်ဆောင်ပေါ့၊ အဝင်ဝမှာ ကိတ်မုန့်တွေ တွေ့ခဲ့တယ်၊ ကျွန်မ သွားမှာလိုက်မယ်"

ချယ်ရီက ချက်ချင်းထပြီး ကိတ်မုန့်ကောင်တာဆီ လျှောက်သွားတယ်။ မုန့်ကောင်တာထဲက ပုံစံမတူတာတွေထဲက အုန်းပင်လေးနဲ့ ရေလှိုင်းလေးတွေပါတဲ့ ကိတ်မုန့်ကို လက်ညှိုးထိုးပြပြီး ပိုက်ဆံရှင်းလိုက်တယ်။ သဘောပေါ်မှာမို့ ပိုဈေးကြီးပေမယ့် ကိုလင်းမြတ်အတွက်လည်း လုပ်ပေးသင့်တဲ့အရာတစ်ခုပါ။ သူ့အမေအကြောင်းပြောတော့ မျက်နှာညှိုးငယ်သွားပြီး ဝမ်းနည်းရိပ်တွေ စွန်းထင်းသွားတာကို မြင်သိလိုက်ရတယ်။ ဘာပဲဖြစ်ဖြစ် ချယ်ရီတို့ကြောင့် ကျေနပ်ပျော်ရွှင်သွားတယ်ဆို ဝမ်းသာစရာပါ။

ကိတ်မုန့်ပေါ် Happy Birthday Ko Lin လို့ စာတန်းထိုးခဲ့ရတယ်။ မဆံ့တော့လို့။ ဖယောင်းတိုင်လေးတွေနဲ့ ဓားလေးပါ အသင့်မှာခဲ့ပြီး အခန်းထဲကို မကြာခင် ဗန်းထဲမှာ လုပတဲ့ပန်းလေးတွေတချို့နဲ့ ကိတ်မုန့်ကို ဝိတ်တာက လာချပေးတယ်။

"အိုး Thank you ပါ"

"အစီအစဉ်က ကောင်းလိုက်တာ ပျော်စရာကြီး"

ဆရာက လူငယ်လေးတစ်ယောက်ဟန်နဲ့ပြောပြီး ကိတ်မုန့်ပေါ် ဖယောင်းတိုင်လေးတွေ မီးညှိလိုက်ကြတယ်။

"Ko Lin တဲ့ ကောင်းတယ်"

ကိတ်မုန့်ပေါ်က စာတန်းကိုကြည့်ရင်း ကိုလင်းမြတ်က သဘောကျနေပြီး ချယ်ရီ့ကို လှမ်းကြည့်တယ်။

"နေရာမဆံ့တော့လို့လေ"

"အင်း ကောင်းပါတယ်"

"ကျွန်မ အခန်းမီးလေး ပိတ်လိုက်မယ်"

"ဟုတ် ဆရာမ...ဟို မီးအပြာလေးတော့ ချန်ထားပေးပါ"

"ခါတ်ပုံရိုက်မယ်နော်၊ လုပ်စရာရှိတာလုပ်"

"ဟုတ် ဆရာရိုက်ထားပေးပါ"

"ကဲ အားလုံး ဆယ်တိုင်ပဲထွန်းလိုက်တယ်၊ ဆယ်နှစ်သားပေါ့"

"အေးပေါ့ကွာ၊ ဒီလိုပါပဲ လျှော့ထွန်းရတာ၊ ကဲ သီချင်းလေး ဆိုကြတာပေါ့"

လက်ခုပ်လေး ညီစွာတီးရင်း (Happy Birthday To You)[2]

သီချင်းလေး နှစ်ကျော့လောက် ဆိုအပြီးမှာ ကိုလင်းမြတ်က ဖယောင်းတိုင်လေးတွေကို မီးမှုတ်လိုက်တယ်။ ဖယောင်းတိုင်အလင်းရှေ့ စားပွဲအောက်ကနေထိုင်ပြီး သီချင်းသံကို နားထောင်ရင်း ကိတ်မုန့်ကို စိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေမှာ မျက်ရည်တွေ ပြည့်လျှံလာတယ်။ ဝမ်းနည်းနေတာ အသိသာပဲမို့။ ဆရာမက ချယ်ရီ့ကို မီးအမှောင်ကြားမှာ အဓိပ္ပာယ်ပါတဲ့မျက်ဝန်းနဲ့ တစ်ချက်လှမ်းကြည့်တယ်။ အားလုံး မသိချင်ဟန် ဆောင်ပြီး လက်ခုပ်တီးပေးလိုက်ကြတယ်။ ကိတ်မုန့်ကို ခွဲနေတဲ့လက်တွေ မသိမသာတုန်ယင်နေတယ်။ ဆရာက မီးထဖွင့်လိုက်ပြီး ကိုလင်းမြတ် ကမ်းပေးတဲ့ကိတ်ပန်းကန်ကို လှမ်းယူလိုက်တယ်။ ချယ်ရီနဲ့ဆရာမကိုလည်း တစ်ပန်းကန်စီလိုက်ပေးတယ်။ ကိတ်မုန့်မစားခင်မှာ ကိုလင်းမြတ်က လက်ကျန်ဝိုင်တစ်ခွက်ကို မော့ချလိုက်တယ်။ အဲဒီနောက်မှာတော့ စကားတွေ ကောင်းလာတယ်။ ပြောစရာတွေ များလာတယ်။ သူအရမ်းပျော်ပါတယ်။ ဒီနေ့လေးကို မမေ့နိုင်မယ့်အကြောင်း အားလုံးကို ကျေးဇူးတင်ကြောင်း ပြောတယ်။

ချယ်ရီသိလိုက်ရတာက အဖိုးမဖြတ်နိုင်တဲ့မွေးနေ့ပွဲလေးတစ်ပွဲကို ဒိန်းမတ်ကိုသွားနေတဲ့ သင်္ဘောကြီးပေါ် သူချစ်ခင်လေးစားတဲ့သူတွေနဲ့ အမှတ်မထင် ကျင်းပခွင့်ရလိုက်တာကို အံ့ဩသလို ပျော်နေခဲ့ပုံပါ။

ပြီးပြည့်စုံတယ်လို့ထင်ရတဲ့ လူတစ်ယောက်ရဲ့ဘဝမှာ မွေးနေ့ကို တစ်ယောက်တည်း မသိသလိုဖြတ်သန်းခဲ့ရတာကြာခဲ့ပြီ။ သူ့ရဲ့ခမ်းနားခြင်း၊ ပညာတတ်ခြင်း၊ စမတ်ကျခြင်းတွေကြားမှာ အထီးကျန်ခြင်းဆိုတာ မရှိနိုင်ဘူးလို့ ထင်ရပေမယ့် အမှန် အထီးကျန်တယ်ဆိုတာ သိရတဲ့အခါ စိတ်ထဲမကောင်း။ ချယ်ရီကိုယ်တိုင်လည်း ဒီလိုပဲ ခံစားခဲ့ရတယ်။ အဲဒီဝေဒနာက တော်တော်ဆိုးပါတယ်။ မိသားစုပါမရှိတော့ ပိုဆိုးတဲ့ခံစားမှုတွေ ရှိမယ်ဆိုတာ စာနာမိပါတယ်။ တစ်ဦးတည်းဖောက်ထွက်ခဲ့ရတဲ့ ဘဝလမ်းကြောင်းပေါ် အောင်မြင်မှုဟာ သူ့အတွက် အထီးကျန်မဖြစ်သင့်ဘူး။ ဒါပေမဲ့လည်း ဘာမှမဆိုင်။ အောင်မြင်မှုဟာ အောင်မြင်မှုသပ်သပ်ဖြစ်ပြီး အထီးကျန်မှုဟာ အထီးကျန်မှုသပ်သပ်ပါပဲ။ ညတုန်းက အခန်းပြန်ရောက်တော့ ဆယ်နာရီလောက်ရှိမယ်။ နိုးနိုးချင်း FB ကလည်း သုံးချင်တာမို့ လိုင်းလည်းရနေတာမို့ ဖွင့်ကြည့်တော့ မနေ့ကမွေးနေ့ပွဲပုံကို ဆရာကတင်ပေးတယ်။ ပျော်ရွှင်ဖွယ် ကိုလင်းမြတ်ရဲ့မွေးနေ့ဆိုပြီး ချယ်ရီက ကူပြီး ဖယောင်းတိုင်ထွန်းပေးနေပုံ၊ ကိတ်မုန့်ပန်းကန်ကိုလှမ်းယူနေပုံ၊ သီချင်းဆိုပေးနေပုံတို့က နှစ်ယောက်တည်းကျင်းပနေသလို။

မျက်လုံးတွေကို မှိတ်ချလိုက်တယ်။ ပင်စည်တော့ စိတ်တိုနေမလား။ ဒီအထဲမှာ ကြည့်ရတာကိုက ဓာတ်ပုံယူတဲ့အနေအထားကြောင့် ထွဲပုံပေါက်နေတယ်။ အုပ်စုလိုက်ပုံက တစ်ပုံတည်း။ ပင်စည်ပြောလာမှာကို အစေးကနေ ပြန်ဖြေရှင်းပြောနေရမှာကို စိတ်ညစ်တယ်။ ညက တင်ထားတာမို့ ပင်စည် like ပေးထားတာတော့ တွေ့ရတယ်။ စာတော့ မတွေ့ရ။

သက်ပြင်းကိုချရင်း ဘယ်လိုမှ မတတ်နိုင်ခဲ့။ သဘောအပေါ်ဆုံးထပ် ရှုခင်းတွေကို ဓာတ်ပုံရိုက်ရင်း နောက်တစ်နာရီလောက်ဆို ရောက်တော့မယ်။ လေအေးတွေက တဝှီးဝှီးတိုက်လို့…။

"ချယ်ရီ မနေ့ညက နည်းနည်းတော့ မူးသွားတယ်၊ စိတ်အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"ဟာ...မဖြစ်ပါဘူး၊ ချယ်ရီတို့လည်း ပျော်ပါတယ်"

"ချယ်ရီ့မွေးနေ့က ဒီဇင်ဘာတစ်ရက်နေ့နော်"

"အဲ...ဘယ်လိုသိလဲ"

"ဩော် မှတ်ပုံတင်တွေ ပို့ထားတယ်လေ"

"ဟုတ်သားပဲ မေ့လို့"

ချယ်ရီမွေးနေ့ကျရင် ကျွန်တော်မြန်မာပြည်မှာ ရှိလောက်မှာပါ"

"ဟုတ်လား"

"ကျွန်တော် လာစရာကိစ္စလေးရှိတယ်၊ ပြန်ဆုံမယ်နော်"

"ဟုတ် ဆုံတာပေါ့"

"ငှက်လေးတွေ သိပ်လှတာပဲ၊ ဓာတ်ပုံရိုက်ပေးမယ်"

သဘော်အထဲမှာသာ သိပ်မသိသာပေမယ့် အပြင်မှာတော့ တော်တော်ခုတ်မောင်းနေတဲ့သဘော်ကြီး ဘေးကနေကြည့်ရင် ရေလှိုင်းဖွေးဖွေးတွေက အိခနဲ အိခနဲ ဘေးကို အလိပ်လိုက်တက်ပြီး ပြန့်သွားတယ်။ ဆံပင်တွေက လေထဲမှာဝဲပျံနေရင်း ဟိုးဝေးဝေးဆီက ရောက်တော့မယ်။ ဒိန်းမတ်နိုင်ငံရဲ့ ကိုပင်ဟေဂင်မြို့တော်ကို ခပ်ရေးရေးလှမ်းမြင်နေရပြီ။

ပင်စည်ရေ ချယ်ရီဖတ်ခဲ့ရတဲ့ပုံပြင်တွေ ကြားခဲ့ရတဲ့ ကမ္ဘာကျော်ပုံပြင်တွေထဲက ကိုပင်ဟေဂင်ကို ရောက်တော့မယ်။ တကယ်တော့ အိပ်မက်လိုပါပဲ။ အဘွားက မြန်မာပုံပြင်၊ ဘုရားဇာတ်တော်တွေ အပြောကောင်းသလို အမေက နိုင်ငံခြားပုံပြင်တွေ အပြောကောင်းတယ်။ ပုံပြင်ကြိုက်သူမို့ ပုံပြင်စာအုပ်တွေလည်း ဝယ်ခဲ့ပေးတယ်။ ချယ်ရီအရမ်းနှစ်သက်ခဲ့တဲ့ ရေသူမ

ပုံပြင်ဇာတ်လမ်းတွေကို ရေးခဲ့တဲ့ ပုံပြင်ပြဇာတ်ဆရာကြီး အန်ဒါးဆင်းက ဒိန်းမတ်နိုင်ငံသားကြီးလေ။

ချယ်ရီ အရမ်းစိတ်ခာတ်တွေကျနေတုန်းမှာ ပင်စည်က 'အန်းဒါးဆင်း'ရဲ့ ပုံပြင်စာအုပ်အထူကြီးကို ပို့ပေးခဲ့တယ်။ စိတ်သက်သာအောင်ရအောင်လို့တဲ့။ ဖတ်ရင်း ဖတ်ရင်းနဲ့ ပုံပြင်တွေထဲ စီးမျောသွားခဲ့တယ်။ တကယ်တော့ အန်းဒါးဆင်းလိုပဲ ချယ်ရီလည်း မျှော်လင့်တာကတစ်ခု၊ ဖြစ်လာခဲ့တာကတစ်ခု ဖြစ်ခဲ့မယ်ထင်တယ်။ လူဆင်းရဲ အညာတရ ရုပ်ဆိုးဆိုးလေးက ကမ္ဘာကျော်ပုံပြင်ဝတ္ထုဆရာဖြစ်လာတော့ နိုင်ငံတိုင်းက လူတွေကသွားလေရာ ချီးကျူးဂုဏ်ပြုခံရတာကို ဖတ်ရတော့ ချယ်ရီရဲ့သိမ်ငယ်မှုဟာ သေးသွားခဲ့တယ်။ ကိုပင်ဟေဂင်မြို့တော်ကိုတက်ပြီး သူ့အိပ်မက်ကို ရအောင်ကြိုးစားခဲ့သလို ချယ်ရီလည်း ကြိုးစားရမယ်ဆိုတဲ့ စိတ်တွေ ခွန်အားတွေရလာတာမို့ စာအုပ်ပေးခဲ့တဲ့ပင်စည်ကို ကျေးဇူးတွေတင်ခဲ့တယ်။

ပင်စည့်ကို ဒါတွေပြောပြချင်သေးတယ်။ တောင်ကုန်းတောင်တန်းတွေမရှိတဲ့ ဒိန်းမတ်နိုင်ငံက လှပသာယာစွာကြိုဆိုခဲ့တယ်။ သင်္ဘောဆိပ်မှာ ကိုလင်းမြတ်ရဲ့သူငယ်ချင်း မောင်နှမတစ်စုက အသင့်စောင့်ကြိုနေခဲ့တယ်။

သန့်ရှင်းသပ်ရပ်လှပလွန်းတဲ့ ကိုပင်ဟေဂင်မြို့တော်မှာ နှစ်ရက်တာလျှောက်လည်မှာဖြစ်ပြီး ဂျာမနီကို ဆက်သွားမှာပါ။ သင်္ဘောကောင်းပြီးချစ်ခင်စရာကောင်းတဲ့ ကိုအောင်မြင့်၊ မခိုင်ခိုင်သူ၊ မနွေးနွေး၊ ကိုဝေ၊ မနှင်းမိုးတို့ မြန်မာအုပ်စုတွေကို တွေ့ရတယ်။ မန္တလေးသူဖြစ်တဲ့ မခိုင်ခိုင်သူအိမ်မှာတည်းဖို့ လုပ်ထားပေးတယ်။

မြန်မာဟင်းကို ပီပြင်စွာချက်ထားတဲ့ မခိုင်ခိုင်သူလက်ရာနဲ့စားသောက်ကြရင်း ဒိန်းမတ်ရဲ့ညကတော့ အပြင်မှာ အအေးပိုလှတယ်။ စောစောအိပ်ရာဝင်ချင်ပေမယ့် ပျော်ရွှင်ဖွယ်ရာစကားဝိုင်းကို လူစုံနေတော့ညဆယ့်နှစ်နာရီလောက်မှ ရုတ်သိမ်းနိုင်ခဲ့တယ်။

တိတ်ဆိတ်အေးချမ်းနေတာမို့ နှင်းစက်ကျသံ တစ်ချက်တစ်ချက် ကြားနေရတယ်။

* * *

မနက်အစောကြီးမှာ ဒိန်းမတ်ရဲ့အထင်ကရ နန်းတော်တွေဆီ ရောက်ခဲ့ကြတယ်။ မနက်စောသေးတာမို့ နန်းတော်ထဲ ဝင်ခွင့်မရသေး။ ရိုမီယိုနဲ့ဂျူးလီယက် ရိုက်ကူးစဉ်ခဲ့တဲ့ရုပ်ရှင်ဇာတ်ကွက်တွေထဲက လှပတဲ့နန်းတော်ကြီး။ အနောက်ကန်ရေပြင်ထဲမှ လှေငယ်လေးစီးတဲ့ချစ်သူစုံတွဲလေး။ ရုပ်ရှင်ထဲက ပုံရိပ်တွေ ပန်းခြံကျယ်ကြီးတွေ၊ အနုပညာလက်ရာမြောက်တဲ့ နန်းတော်ကြီး တွေ၊ ရိုးစ်နန်းတော်ကနေ ဘုရင်မကြီး လက်ရှိနေထိုင်ရာ နန်းတော်။ ဒီနန်းတော်ဝင်းကြီးထဲကို ပြည်သူတွေ စိတ်တိုင်းကျဝင်ကြည့်ရှုနိုင်တယ်။ အစောင့်ကလည်း နန်းတော်အဆောက်အဦရဲ့ရှေ့မှာ ဝတ်စုံပြည့်နဲ့ အစောင့် နှစ်ယောက်ပဲ သေနတ်ကိုင်ပြီး လမ်းအမြဲလျှောက်နေရတယ်။

ဘုရင်မကြီးက သူ့မွေးနေ့ဆို အဆောက်အဦအပေါ်ကနေ မိန့်ခွန်း ပြော နှုတ်ဆက်တယ်။ အဆောက်အဦကြီး နှစ်ခုပုံစံက ခပ်ဆင်ဆင်။ ဘုရင်မကြီးက နှစ်ခုစလုံးမှာ လှည့်လည်နေထိုင်တယ်တဲ့။ ဘုရင်မကြီးနဲ့ ပြည်သူတွေ တစ်သားတည်းကျနေတယ်လို့ ခံစားရတယ်။ ခေါင်းလောင်း ထိုးသံတွေကိုလည်း ကြားရပြီး ဘုရင်မနန်းတော်ကြီးရှေ့က ရုပ်တုမှာ အုပ်စုလိုက် ဓာတ်ပုံရိုက်ကြတယ်။

"နန်းတော်အပေါ်ဆုံးမှာ အလံလွှင့်ထူထားတာက အခုလက်ရှိ ဘုရင်မကြီးက ဒီအဆောက်အဦမှာ နေတယ်ဆိုတဲ့သဘောပဲ ချယ်ရီ"

"ဪ…ဟုတ်လား"

"ခုနက ရို့စ်နန်းတော်မှာလည်း နယူးရီးယား ခရစ်စမတ်ပွဲတွေ ဆိုသွားပြီး ပွဲကျင်းပတယ်၊ လက်ရှိဘုရင်မကြီးရဲ့မိဘဘိုးဘွားနေရာ ဆိုပါတော့"

"အတွင်းဝင်ကြည့်ရင် ဘယ်လောက်ပေးရလဲဟင်"

"ခရီနာ ခြောက်ဆယ်၊ မြန်မာငွေတစ်သောင်းလောက်ကျမှာပေါ့၊ ကြည့်ရတာ အရမ်းတန်တယ်၊ သူတို့ရှေးအသုံးအဆောင်တွေ အကုန်ပြထားတယ်၊ မနက်ဆယ်နာရီကနေ ညနေလေးနာရီထိပဲ ချယ်ရီ"

"သိပ်ကောင်းတဲ့ လက်ရာမြောက်အနုပညာတွေပဲနော်"

"ဒိန်းမတ်နိုင်ငံသားတွေရဲ့ မျိုးချစ်စိတ်၊ ကိုယ့်တိုင်းပြည်ကို ထိန်းသိမ်းချင်တဲ့စိတ်က ရှားတယ်။ ဂျာမနီနဲ့စစ်ဖြစ်မယ်ဆိုတော့ ဒီအတိုင်း အထိန်းသိမ်းခံတယ်၊ စစ်အတိုက်မခံဘူး၊ အဖြစ်မခံဘူး၊ သူတို့နိုင်ငံရဲ့ ရှေးအမွေအနှစ်၊ အလှအပတရားတွေ ပျက်စီးမှာစိုးလို့။ ဂျာမနီကလည်း သိမ်းလိုက်တယ်။ တိုင်းသူပြည်သားတွေ အားလုံး အလုပ်မဆင်းဘဲ ဆန္ဒပြကြတာ၊ နောက်ဆုံး ဂျာမနီတောင် အံ့သြသွားကြရတာ"

"အားကျစရာကောင်းလိုက်တာ ကိုလင်းမြတ်ရယ်၊ နားထောင်ရင် ကြက်သီးတောင်ထပါတယ်၊ ကိုယ့်နိုင်ငံရဲ့အမွေအနှစ်တွေ ပျက်စီးမှာစိုးလို့၊ ညီညွတ်စွာနဲ့ ဂျာမနီလက်အောက် ဝပ်ဆင်း အရှုံးပေးခဲ့တဲ့ ဒိန်းမတ်နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ချီးကျူးစရာပါ၊ ကျွန်မတို့ဆီမှာ နိုင်ငံရဲ့ရှိတဲ့အမွေကို အပိုင်းပိုင်း ခုတ်ဖြတ်စားကြ၊ နောက်ဆုံး မရှိမဖြစ် သွေးကြောဖြစ်တဲ့ ဧရာဝတီတောင် မနေရဘူး"

"ဧရာဝတီကိစ္စကတော့ မြန်မာမှန်ရင် အတတ်နိုင်ဆုံး ကာကွယ်ရမယ့်ကိစ္စပါ၊ မဖြစ်ခင်ဘဲ စဉ်းစားရမှာ။ ဖြစ်ပြီးရင် ဘာမှလုပ်လို့မရဘူး၊ လူ့အသက်တွေ များစွာဆုံးရှုံးပြီး နိုင်ငံကလည်း ဒီထက်ပိုဆိုးနောက်ကျလိမ့်မယ်"

"ဒီမှာ စက်ဘီးတွေပဲ အစီးများကြတယ်နော်"

"သဘာဝပတ်ဝန်းကျင်အတွက် ကြိုတင်ကာကွယ်မှုလုပ်တာ အခြားနိုင်ငံထက်စောတယ်၊ ဘီးတွေကိုလည်း ကြိုက်သလို လမ်းဘေးကနေ ယူစီးနိုင်တယ်၊ ကိုယ်သွားလိုတဲ့နေရာရောက်ရင် ရပ်ထားခဲ့ရင် ရပြီ၊ ဘယ်သူမှလည်း မခိုးဘူး"

"ဩော် အံ့သြစရာပဲ၊ အလေးပင်ခံပြီး ဘယ်သူမှ ယူမှာမဟုတ်ဘူး"

"လမ်းဘေးမှာ ဒီအတိုင်းလေးတွေ ထောင်ထားကြတယ်၊ ကျွန်မ ရုပ်ရှင်ကားတစ်ကားမှာ ကြည့်ဖူးတယ်၊ ယူစီးပြီး ဒီအတိုင်းလေး ထားခဲ့တာ သူသွားချင်တဲ့နေရာရောက်တော့လေ"

"ကိုပင်ဟောဂင်မြို့မှာ သဘာဝထိန်းသိမ်းရေးညီလာခံကို ဒီမှာကျင်းပတာ မဆန်းဘူး ချယ်ရီ၊ သန့်ရှင်းသပ်ရပ်မှုနဲ့ တစ်မြို့လုံး ဘီးစီးနေကြတော့ ကာဗွန်မရှိ လေထုညစ်ညမ်းမှုမရှိ၊ အရမ်းနေလို့ကောင်းပြီး အေးချမ်းတယ်၊ ရှုရတဲ့လေကိုက မတူဘူး"

"အင်း ကိုလင်းမြတ်လည်း ဗဟုသုတတော်တော်စုံတာပဲနော်"

"ကျွန်တော်ကြိုက်တဲ့ မြို့ထဲ နိုင်ငံထဲမှာ ပါတယ်၊ ကိုဝေတို့ရှိတော့ ရောက်ဖြစ်တယ်လေ၊ ပြင်သစ်မှာက ဆုံးသွားတဲ့ဆရာနဲ့ အလုပ်အတူလုပ်လို့၊ မဟုတ်ရင် ကိုပင်ဟောဂင်ကို ရွေးမိမလားပဲ"

"ဟိုဘက်မှာ ရေသူမရှိတယ်၊ အားလုံး ဟိုဘက်သွားရအောင်၊ ဗိုက်ဆာကြပြီလား"

"မဆာသေးပါဘူး၊ ဆရာတော့ နန်းတော်တွေကို သိပ်သဘောကျတာပဲ၊ ကိုဝေ၊ မနွေးတို့လိုက်ရှင်းပြတယ်၊ အရင်ကလည်း စာအုပ်ထဲမှာ ဖတ်ဖူးတယ်၊ ရေသူမကလည်း ဗိန်းမတ်ရဲ့ အသက်ပဲ"

ချယ်ရီတို့တွေ အားလုံး ရေသူမရုပ်တုလေးရှိရာ မြစ်ကမ်းနဖူး ရောက်တော့ လူတွေအများကြီး တိုးကြိတ်နေတာပဲ။ ကျောက်တုံးကြီးကြီး ပေါ်မှာ ရေသူမရုပ်တုလေးက ခပ်ငြိမ့်ငြိမ့်လေးထိုင်နေဟန်၊ အရောင်က အမည်းရောင်အလှစားကြီးတော့ မဟုတ်လှပေမယ့် အထင်ကရမို့ နိုင်ငံခြားသားအများစု အလုအယက် ရေသူမရုပ်လေးရှေ့မှာ ဓာတ်ပုံရိုက်နေကြတယ်။ စောင့်နေရင် လူက ကုန်မှာမဟုတ်တော့လို့ ဒီလိုပဲ အရုပ်လေးရှေ့တိုး ကပ်ရိုက်ခဲ့တယ်။ ပြီးတော့ အပေါ်ပြန်တက်ရတယ်။ လှေကားငါးထစ်လောက်တက်ပြီးရင် ရေသူမ အမှတ်တရအရောင်းဆိုင် The Little Mermaid ဆွဲကြိုးဘူးလေးတွေ ရောင်းချပေးနေတာကို တွေ့ရတယ်။ ပင်လယ်ပြင်ကြီးကိုငေးမောရင်း အမောပြေ ကိုလာတစ်ပုလင်း ကိုလင်းမြတ်လာပေးတာမို့ မော့သောက်ရင်း

"ကျွန်မ ရေသူမရုပ်တုကိုမြင်တော့ ဆရာဒဂုန်တာရာ ရေးထားတာကို သတိရမိတယ်"

"ဘာများလဲ ချယ်ရီ"

ခုံတန်းလေးမှာ အနားယူချိန်မို့ လူတွေစုမိနေတယ်။ မနွေးတို့က အသီးစားရင်း ချယ်ရီ့စကားကို နားစွင့်နေတယ်။

"ရေသူမလေးက သမိုင်းရှိတဲ့ရေသူမဆိုတော့ ဆရာက ဆွီဒင်မှာ ရှိတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးကို တက်ရမှာ။

ကိုင်ရို၊ ဖူးရစ်၊ လန်ဒန်လေကြောင်းနဲ့လိုက်လာပြီး လန်ဒန် လမ်းဆုံးမှာ လန်ဒန်မှာ တစ်ရက်၊ နှစ်ရက်စောင့်ချင်စောင့်ရမယ်၊ အဆင်ပြေရင် ညနေ ဒိန်းမတ်ပြည် ကိုပင်ဟောဂင်ကိုထွက်မယ့် လေယာဉ်နဲ့လိုက်သွားနိုင်တယ်လို့ပြောတယ်...ဆရာက လန်ဒန်လေဆိပ်မှာ သုံးလေးနာရီစောင့်ပြီး ကိုပင်ဟောဂင်ကို နှစ်နာရီထွက်မယ်၊ ကိုပင်ဟောဂင်ကို ဆင်းတော့မယ့်အသံကြားရော ရင်တွေခုန်လာတယ်၊ ဆရာက မှန်ပြတင်းပေါက်ကနေ အောက်ကိုငုံ့ကြည့်တော့ မဟူရာအနက်ရောင်ကြားမှာ စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြားရောင်တွေ ပြိုးပြက်နေတဲ့ လှပတဲ့မြို့မှာ လေဆိပ်ကနေ ဆင်းဆင်းချင်း ဒိန်းမတ်ကဗျာဆရာ အန်းဒါးဆင်း ဖန်တီးခဲ့တဲ့ ရေသူမရုပ်လေးကို ရှာဖွေခဲ့တယ်တဲ့။ ဒါပေမဲ့ ဆရာကြီးဒဂုန်တာရာ တွေ့မသွားရရှာဘူး"

"ဟင် ဘာဖြစ်လို့လဲ ချယ်ရီ"

ဆရာမကိုယ်တိုင် သိလိုဇောနဲ့ လှမ်းမေးတယ်။

"TV တွေကနေ ဒိန်းမတ်သူက လေယာဉ်စတော့ဟုံးကို ထွက်ရှိတော့မှာဖြစ်လို့ ခရီးသည်တွေစောင့်ဖို့၊ ဂျာမန်ဘာသာရော၊ အင်္ဂလိပ်ဘာသာရော ကြေညာနေလို့ ဆရာ့ခင်ဗျာ မတွေ့သွားခဲ့ရရှာဘူး၊ ကျွန်မတို့က ခုလို ရေသူမနဲ့ အေးအေးဆေးဆေးတွေ့၊ ဓာတ်ပုံတွေရိုက်ကြဆိုတော့ စိတ်ထဲမှာ သူ့အရမ်းတွေ့ချင်ပြီး လေယာဉ်ပေါ်မှာ ရင်ခုန်စိတ်လှုပ်ရှားနေတယ်လို့ ဝန်ခံသွားတဲ့ ဆရာဒဂုန်တာရာကို သနားစာနာမိသွားတယ်"

"Story တစ်ခုပဲနော်..."

"ဟုတ်တယ် ကိုလင်းမြတ်၊ ဆရာကြီးက အန်းဒါးဆင်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ကားကိုကြည့်ပြီး သဘောကျခဲ့တာ၊ အဲဒီရုပ်ရှင်ကားထဲက ကိုပင်ဟောဂင်မြို့မှာ ရေသူမရုပ်အထိမ်းအမှတ်လေး လုပ်ထားတယ် ဆိုတော့ ဆရာက အရမ်းရောက်ဖူးချင် တွေ့ချင်ခဲ့တာ"

"ဆရာတောင် အဲဒီဇာတ်လမ်းမသိဘူး၊ အန်းဒါးဆင်းရဲ့ ပုံဝတ္ထု တွေက ရသဆန်တယ်၊ စိတ်ကူးယဉ်ဆိုပေမယ့် လူ့စရိုက်၊ လူ့ သဘာဝတွေကို ကလေး၊ လူကြီးကို အသိစိတ်မှာ ပြုပြင်ပေးတာ ဒါတွေကို ကြိုက်ကြတာ"

"ဟုတ်တယ်ဆရာ၊ ဒါကြောင့်လည်း သူဖန်တီးတဲ့ ရေသူမ အပိုင်း များစွာကြောင့် ဒီရေသူမရုပ်လေးက အထင်ကရဖြစ်လာတာပဲလေ"

"ကျွန်မ တွေးကြည့်တယ်၊ မြန်မာပြည်မှာလည်း ရေသူမရုပ်ရှိတာပဲ၊ ဒါပေမဲ့ သမိုင်းချင်းက ကွာခြားတော့ လူတွေရဲ့တန်ဖိုးထားမှုတွေ ကလည်း ကွာသွားတာပဲ"

"အမှန်ပဲပေါ့ အစ်မချယ်ရီ၊ ကဲ…အခုမှ တကယ့်အန်းဒါးဆင်း ရှိရာကို ခရီးဆက်ကြစို့"

မနွေးက ပြောလိုက်တာမို့ ပုံပြင်တွေထဲကထွက်ပြီး အမောလည်း ပြေ ကားဆီပြန်လျှောက်ခဲ့ကြတယ်။ ကားနှစ်စီးမို့ ချယ်ရီပါတဲ့ကားကိုပဲ ကိုလင်းမြတ်က တက်တယ်။ အလာတုန်းကပေါ့။ အပြန်လည်း ချယ်ရီနဲ့ အတူပဲနေမှာပါ။

ကျေးဇူးပြုပြီး ကျွန်မအပေါ်ကို မလွှမ်းမိုးပါနဲ့ ကိုလင်းမြတ်ရယ်၊ ရှင့်ကို ချယ်ရီ့စိတ်ထဲ သနားစိတ်မဝင်ချင်ဘူး၊ မခံစားစေချင်ဘူး၊ ပင်စည်ကို အမြဲသတိရနေစေဖို့ လိုအပ်တယ်လေ၊ အခု FB ဖွင့်ကြည့်တိုင်း စာကောင်း ကောင်းပို့မထားဘူး၊ ခုချိန်မှာ သူ့ကိုချော့ဖို့လည်း အချိန်ကို မပေးနိုင်သေး။

"ချယ်ရီ"

"ဩော်...ကိုလင်းမြတ်"

"ရော့"

"ဘာလဲဟင်"

"လက်ဆောင်လေ အမှတ်တရ"

လက်ထဲရောက်လာတဲ့ ဘူးဖြူလေး The Little Mermaid ရေသူမဆွဲကြိုးလေး။

"ယူပါနော်၊ ရေသူမလေးကို စိတ်ဝင်စားတဲ့ မြန်မာပြည်က ရေသူမလေးအတွက် လက်ဆောင်ပေးတာ"

"ကျေးဇူးပါ"

"ကျွန်တော် ကားဆီသွားနှင့်မယ်"

ချယ်ရီ့အနားက အပြေးလေးထွက်သွားတဲ့ ကိုလင်းမြတ်ကို ကြည့်ရင်း သက်ပြင်းတစ်ချက် ခပ်ရှည်ရှည်ချလိုက်မိတယ်။ ဗူးလေးကို ပိုက်ဆံအိတ်လေးထဲထည့်လိုက်ရင်း ကားဆီရောက်တော့ သူကိုယ်တိုင်မောင်းမယ့် ကားအဖြူလေးထဲ ဆရာမနဲ့အတူ နောက်ခန်းက ဝင်ထိုင်လိုက်တယ်။ မနွေးလည်း ပါတယ်၊ ဆရာကတော့ ကိုဝေမောင်းတဲ့ကားပေါ် မမိုးနှင်းတို့နဲ့ ပါသွားတယ်။

ကားရှေ့မှန်လေးထဲကနေ နောက်ခန်းက ချယ်ရီကို ခိုးခိုးကြည့်ပြီး ပြုံးနေတဲ့သူ့မျက်လုံးတွေကို မကြာခဏ လွှဲဖို့ကြိုးစားခဲ့ရတယ်။

* * *

ကိုပင်ဟေဂင်မြို့ထဲ မြို့တော်ခန်းမနားက အန်းဒါးဆင်းရုပ်ထုအကြီးစားကြီးရှေ့မှာလည်း ခရီးသွားတွေ အများစု ဓာတ်ပုံရိုက်နေကြတယ်။

လူရှင်းတော့မှ အားလုံး ဝင်ရိုက်ကြတယ်။ စာအုပ်ကိုင်ပြီး ဦးထုပ်နဲ့ထိုင်နေတဲ့ အန်းဒါးဆင်းရုပ်တုရှေ့က ပုံကို ပင်စည်ဆီ သီးသန့်ပို့ပေးမယ်။ အမေ့ကို ကြားခွင့်ရမယ်၊ အမေ့ရဲ့ညအိပ်ရာပုံပြင်ထဲက ရေသူမလေးရှိရာ တိုင်းပြည်ကို ချယ်ရီရောက်ခဲ့ပြီ။

နောက်နေ့ ရောင်စုံအိမ်တွေရှိရာ နေရာနဲ့ရေအားလျှပ်စစ်ထုတ်တဲ့ ဒလက်ဖြူတွေရှိရာ နေရာလေးတွေဟာ ပထမရက် သွားရတဲ့နေရာတွေလောက် စိတ်ထဲမရောက်ဘူးလို့ထင်တယ်။ ဒီနေ့တင်လိုက်တဲ့ပုံလေးတွေကို ကြည့်ရင်း ပင်စည်ကျေနပ်နိုင်ပါစေ။ ခရီးသွားမယ့်ရက်တွေကို လက်ချိုးရေတွက်နေတယ်ဆိုတဲ့ ပင်စည့်ကိုမြင်ယောင်ရင်း သတိရလာတယ်။

ထို့အတူ အိတ်ထဲက ဆွဲကြိုးဘူးလေးကိုတွေ့တော့ ရင်မောလာရပြန်တယ်။

●

## အခန်း (၃၀)

စိတ်မဆိုးပါဘူး၊ ဘာလို့စိတ်ဆိုးရမှာလဲလို့ပြောပေမယ့် ပင်စည် စိတ်ထဲ စိတ်ဆိုးနေတာကို သိလိုက်တယ်။ ချယ်ရီဘက်နဲ့ အဆက်အသွယ် ပြတ်တောက်မှုကလည်း သူ့ကို ပူလောင်စေတယ်ဆိုတာ အမှန်ပါ။ ဂျာမနီ အသွားကားပေါ်မှာ လိုင်းရတုန်း စကားပြောရတော့ ပျော်အောင်နေ၊ လွတ်လွတ်လပ်လပ်နေပါ၊ နားလည်ပါတယ်အပြောနဲ့ ကျန်းမာရေးဂရုစိုက်ဖို့ တတွတ်တွတ်မှာတယ်။

လမ်းတွေ၊ ကားတွေက ကောင်းလွန်းတာကြောင့် အချိန်မကြာဘဲ ဘာလင်ကို ရောက်ခဲ့တယ်။ ဘာလင်မှာတော့ ဟိုတယ် စီစဉ်ပေးထားတယ်။ ဟိုတယ်ခန်းတွေကျယ်ပြီး လွတ်လပ်စွာ အင်တာနက်သုံးစွဲနိုင်တယ်။ မနက် ကတည်းက ဘာလင်ကို အနှံ့လည်ခဲ့တယ်။ ဘာလင်မှာ နှစ်ရက်တာ

လည်လိုက်တာ လူလည်း တော်တော်ပင်ပန်းသွားသလိုခံစားရတယ်။ နှစ်ရက်လုံး ပင်စည်နဲ့အဆက်အသွယ်ပြတ်တောက်နေပြီး ဒီနေတော့ အခန်းထဲမှာ အီးမေးလ်ပို့မယ်လို့ဆုံးဖြတ်လိုက်တယ်။ စာရှည်ရှည်မရေးတော့ စိတ်ထဲအားမရ။ အပြင်ကနေ ထမင်းစားပြီး စောစောလေးပြန်ရောက်လာတာ အချိန်ကောင်းပဲ။

FB ကိုလည်း သူဖွင့်တော့ကြည့်မှာပါ။ ချစ်သူရဲ့စိတ်က တစ်ခါတလေ ကလေးလိုပဲ။ ကိုလင်းမြတ်ပါတဲ့ပုံတွေကို လုံးဝ Like ပေးမထားဘူး။ သိသိသာသာဆန္ဒပြနေတဲ့သဘောပေါ့။

ညနဲ့နေ့ဖြစ်နေတာမို့ သူဘာလုပ်နေလဲ သူ့ကိုယ်သူ အိပ်ပုတ်ကြီးတယ်လို့ပြောတယ်။ နော်ဝေမှာလို သုံးနာရီပဲ နေဝင်တဲ့လတွေဆို ဘယ်လိုလုပ်မလဲဟင်။ သူတို့လို လိုက်ကာတွေချ အိပ်မှာမလား။ အခု ရှင်နိုးလာရင်ဖတ်ဖို့ စာပို့ထားပေးမယ်။ ရက်နည်းနည်းကြာလာတော့ ချယ်ရီ ရှင့်ကိုလွမ်းချင်လာပြီ သိလား။

**ပင်စည်ရေ...**

ချယ်ရီ ဘာလင်ကို ခြေချချိန်မှာတော့ မြန်မာပြည်မှာရှိတဲ့ချစ်သူကို တော်တော်လွမ်းလာပြီ သိလား။ အဲဒီချစ်သူက ချယ်ရီ့ကို စိတ်ကောက်နေတယ်။ တကယ်ပြောတာပါ။ အချိန်မရမှုတွေက သွေးအေးတာမျိုး မဖြစ်စေချင်ဘူးကွယ်။

ချယ်ရီ အခု ခရီးတွေသွားရင်း စာတွေရေးချင်လာတယ်။ ပန်းချီဆွဲချင်တာလည်း လက်ကိုယားနေတာပဲ။ ပင်စည်ကို သီးသန့်ဓာတ်ပုံတွေ ပို့ပေးထားတယ်။ ချယ်ရီနဲ့အတူ ပင်စည်ဘေးနားမှာပါရင် ကောင်းမှာပဲလို့ တွေးမိတယ်။

ဘာလင်မှာတော့ ရထားစီးတာများတယ်။ ဈေးလည်း သိပ်မကြီးဘူး။ ဘာလင်တံတိုင်းအစစ်ရှိတဲ့နေရာကို ညမှာ သွားကြည့်

ဖြစ်တော့ စိတ်ထဲ ခံစားရလိုက်တာ။ ပင်စည်သာပါရင် လက်ကို ဆုပ်ကိုင်ထားမိမှာ။ သေဆုံးသူတွေရဲ့ မှတ်တမ်းသမိုင်းဓာတ်ပုံတွေ အလွယ်တကူဖတ်နိုင်တယ်။ တံတိုင်းကြီးရဲ့အပေါက်လေးကနေ အစ်မအရင်း၊ အမေရင်း၊ ချစ်သူ၊ သူငယ်ချင်းတွေကို ချောင်းကြည့်ခဲ့ကြပြီး ကလေးတွေ အသက် ၁၆ နှစ်လေးတွေ တံတိုင်းပေါ် ညသန်းခေါင် အရှေ့က အနောက်ကို ကျော်တက်တော့ အရှေ့ဘာလင် စစ်သားတွေက သေနတ်နဲ့ပစ်လို့ သေဆုံးခဲ့တာတွေလည်း မနည်းဘူး။ အခု အဲဒီဘာလင်တံတိုင်းဟောင်းတစ်ဝက်က အမှတ်တရရေးခြစ်ရေးမှတ်ရင်း အနုပညာဘာလင်တံတိုင်း ဖြစ်နေပြီ။

ပင်စည်ပြောပြောနေတဲ့ အမှားကို နောက်လူတွေ ရှောင်တိမ်းနိုင်ဖို့ အမှားကို ဝန်ခံတောင်းပန်တော့ သူတို့နိုင်ငံတိုးတက်တယ်ဆိုတာလေ။ ဒီဇာတ်လမ်းကို ချယ်ရီ အိပ်ရာပေါ်မှာရှိနေစဉ်ကာလတွေက ပင်စည်ပြောပြခဲ့တာလေ။ မှတ်မိလား။ ချယ်ရီက မှတ်မိနေပါတယ်။ အမှားကိုပြုပြင်ဖို့ အချိန်က တစ်မိနစ်စာလေးပဲ။ အဓိက စိတ်ပဲဆိုတာလေ။ ဘာလင်က လူမျိုးအချင်းချင်း၊ အမျိုးအချင်းချင်း စစ်မတိုက်ကြတော့ဘဲ။ ငြိမ်းချမ်းတဲ့ ဘာလင်ဖြစ်ခဲ့တယ်။

ချယ်ရီတို့မှာ ငြိမ်းချမ်းရေးငှက်လေး လွတ်ထွက်သွားမှာ စိုးရိမ်စိတ်နဲ့ ရင်ဝယ်ပိုက်ရင်း ဘေးကနေ ပါးစပ်နဲ့ထိုးဆိတ်ဆွဖို့ပဲ စဉ်းစားပြီး မညီညွတ်တဲ့ ကိုယ့်လူမျိုးတွေကို အားမရချင်ခဲ့ဘူး။ သူတို့ နောက်ကြောင်းပြန်မသွားဖို့၊ နောက်လူငယ်တွေ မမှားဖို့အတွက် ဘာလင်တံတိုင်းအပိုင်းအစတွေကို မြို့လယ်က ကော်ဖီ

shop နံရံမှာ ကပ်ထားပေးတယ်။ အသိတရားတစ်ခုအတွက် အမြဲအမှတ်ရနေအောင်ပေါ့ ပင်စည်။

ပင်စည်က ဖုန်းထဲကနေ Wall ဆိုတဲ့ အင်္ဂလိပ်ကဗျာလေး။ ချယ်ရီ့ကို နှစ်ခေါက်တိတိရွတ်ပြခဲ့ဖူးတယ်။ ပင်စည်က စကားစပ်လို့ ပြောပြခဲ့တဲ့ ဘာလင်အကြောင်းဟာ ချယ်ရီ့စိတ်ထဲ စွဲခဲ့တယ်။ ဒီနေရာကို ချယ်ရီ တကယ်ရောက်လာတော့ ပင်စည့်ကို သိပ်သတိရမိတယ်။ စာမဖတ်ချင်အောင်ဖြစ်ပြီး၊ လူ့လောကကို စိတ်ကုန်ပြီးနာကျင်မှုနဲ့ဘာမဟုတ်တဲ့လူတစ်ယောက်အတွက် ထွက်ခွာသွားချင်တဲ့ တန်ဖိုးမဲ့တဲ့ ခပ်နိမ့်နိမ့်အတွေးအခေါ်တွေကို ပင်စည်က ပြောင်းလဲပေးခဲ့တယ်။ စိတ်ထဲမှာ လေးစားခဲ့ရတယ်။ ချယ်ရီ့ကိုလည်း တန်ဖိုးထားစွာချစ်တဲ့လူတစ်ဦးအဖြစ် ရှိနေစေချင်တယ်။ ချယ်ရီလည်း ပင်စည့်လိုပဲ ရှိနေမယ်။

ပထမစာကတော့ ဒီလောက်ပါပဲနော်။ ဒုတိယစာကို မနက်ပြန်ဆက်ရေးပြီး ပို့ထားမယ် ပင်စည်။

**ချစ်ခင်စွာ**
**ချယ်ရီ**

**ချယ်ရီ**

အီးမေးလ်ရပါတယ်၊ အချိန်မရရင် မအားရင် မပို့ပါနဲ့၊ ကိုယ်နားလည်ပါတယ်။ ဖတ်ရတော့လည်း စိတ်ထဲကျေနပ်သွားတယ်။ အမှန်အတိုင်းပြောတာပါ ချယ်ရီသွားနေတဲ့ခရီးတစ်ခုမှာ စိတ်အနှောင့်အယှက်ကင်းပြီး ပျော်မွေ့စေချင်တယ်။ ချယ်ရီ ကိုယ်ပြောခဲ့ဖူးတာတွေ အမှတ်ရနေတဲ့အတွက် ဝမ်းသာပါတယ်။

**ချစ်တဲ့ပင်စည်**

ရိုးရိုးစင်းစင်း ပင်စည်စာလေးကို ဖတ်ပြီး စိတ်လည်း ကြည်လင်လာတယ်။

**ပင်စည်ရေ**

ခါတ်ပုံတွေ အရင်ပို့ထားတယ်။ စာဖတ်ပြီး ပုံတွေကြည့်ရတော့ ပိုအဆင်ပြေတာပေါ့။ ဂျာမနီမှာ ဒုတိယရက်ကတော့ ပင်စည့်ကိုခေါ်ပြီး အသွားချင်ဆုံးနေရာတွေပေါ့။ ချယ်ရီတို့နှစ်ယောက် မရောက်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲနော်။

နံရံဆေးရေးပန်းချီတွေ အိမ်တိုင်းမှာ ခြယ်ထားတဲ့ 'ဘာဗေးရီးယား' ကိုသွားခဲ့ကြတယ်။ လမ်းတွေက ကောင်းတယ်။ မစ်တန်ဘော့မြို့လေးမှာ တယောတွေ လုပ်ကြတာများတယ်။ နှစ်ဒါဇင်လောက်ရှိတယ်။ ဟင်းခတ်အမွှေးအကြိုင်တွေ လုပ်ကြတယ်။

တိုက်နံရံဆေးရေးပန်းချီတွေက ချယ်ရီ့အကြိုက်၊ ပီတာ၊ ပေါလ်တို့ရဲ့လက်ရာတွေကို တွေ့ရတယ်။

ချယ်ရီတို့ တစ်ညကို ဒေါ်လာ ၈၀ ပေးရတဲ့ဟိုတယ်မှာ တည်းတယ်။ အခန်းလေသာဆောင်ကနေ ထွက်ကြည့်ရင် 'အဲလပ်'တောင်တန်းကိုမြင်ရတယ်။ အဲဒီမှာ အခန်ငှားနေလို့လည်း ရတယ်။ အရမ်းသာယာတယ်။ 'ကာဗယ်တန်'တောင်တန်းဆီကို ယူရို ၂၀ တောင်တက်ယာဥ်နဲ့ တောင်ပေါ်တက်ရတယ်။ တောင်ပေါ်ရောက်ရင် 'မစ်တန်ဘော့' ဆိုတဲ့မြို့လေးကို ငုံ့ကြည့်ရသလို ခံစားရတယ်။ ဂျာမနီမှာ အမြင့်ဆုံးတောင်က 'ကာဗယ်တန်' တောင်ပေါ့ ပင်စည်။

တောင်ထိပ်မှာ ဂျာမနီ၊ ဩစတြီးယားတောင်တန်း ဆက်စပ်နေတဲ့ အမှတ်အသားက ခြေလှမ်းတစ်လှမ်းစာပဲရှိတယ်။ တောင်ပေါ်ကို လူကြီး လူငယ်တွေ အများကြီးလာကြတယ်။

ဘာဗေးရီးယားလူမျိုးတွေက ခင်တတ်တယ်။ အမျိုးသား၊ အမျိုးသမီးတွေရဲ့ ရိုးရာဝတ်စုံကိုကြည့်ချင်ရင် ညပါတီတက်ရတယ်။ သူတို့တွေရဲ့ ကြိုးသိုင်းပါတဲ့ဝတ်စုံတွေဝတ်ပြီး ကကြခုန်ကြပေါ့။ ဒူးခေါင်း ပေါ်တာကို မြင်တွေ့ရတဲ့အကလို့ ပြောတာပဲ။

အဲဒီမှာ စာမျက်နှာ ဆယ်မျက်နှာလောက်ရှိတဲ့ မီနူးကြီးကို တွေ့ရတယ်။ ချယ်ရီကတော့ ဘာမှမမှာတတ်ဘူး။ ကိုယ့်ပါးစပ်နဲ့လည်း ခံတွင်းမတည့်ဘူးပေါ့။ အာလူးမုန့်၊ ဆလတ်၊ ဝက်အူချောင်း ပါးပါးလှီးသုပ်တွေပေါ့။ အရည်ကျတော့လည်း ခပ်အီအီ။ ပဲ၊ ပြောင်းဖူး၊ ဆန်တို့နဲ့ ကျိုထားတာပေါ့။

ချယ်ရီကတော့ အဆောက်အဦက တခမ်းတနားပန်းချီတွေကို ငေးမောခွင့်ရတာကို သဘောကျတယ်။ (၁၈) ရာစုက ဆွဲတဲ့ ပန်းချီတွေက အိမ်တိုင်းမှာ တွေ့ရတယ်။ ရှေးဟောင်းပြဇာတ်ရုံလည်း ရှိတယ်။ ပြဇာတ်မှာပါဝင်တဲ့ ဇာတ်ဆောင်တွေရဲ့အင်္ကျီတွေ အသုံးအဆောင်တွေ ပြထားတယ်။

ငှက်မွှေးလေးသောင်းနဲ့ လုပ်ထားတဲ့အင်္ကျီကို ချယ်ရီခြုံကြည့် ဓာတ်ပုံရိုက်ခဲ့သေးတယ်။ ဓာတ်ပုံထဲမှာကြည့်လိုက် ပင်စည်။

မနက်စောစောမှာတော့ ၁၈၆၈ က ဘုရင်လူးဝစ် တည်ဆောက်ခဲ့တဲ့ ကမ်းနားကရဲတိုက်ကို မိုင်ဝက်လောက် လမ်းလျှောက်ဝင်ရတယ်။ ဧည့်သည်တွေ တစ်ရက်ကို ၂၅၀၀၀ လောက် ရဲတိုက်ကို လာကြည့်ကြတယ်။ စိတ်ကူးယဉ်ပြီး ဘုရင်က တည်ဆောက်ခဲ့တဲ့ရဲတိုက်ဟာ စင်ဒရဲလားကားတွေထဲက ရဲတိုက်ပုံစံပါပဲ။ စင်ဒရဲလားရဲတိုက်လို့လည်း ခေါ်ကြတယ်။

အဲဒီရဲတိုက်ကို တည်ဆောက်ခဲ့တဲ့ ဘုရင်လူးဝစ်ကိုယ်တိုင် စိတ်အခြေအနေက သိပ်မမှန်ခဲ့ဘူး။ နောက်ဆုံး အရူးတစ်ယောက်

လို ပြည်သူတွေ ဝေဖန်တာခံရပြီး ရေကန်ထဲမှာ သေဆုံးနေတာကို တွေ့ခဲ့ရတယ်တဲ့။

ချယ်ရီ ရဲတိုက်ကြီးကိုကြည့်ပြီး တွေးမိတယ်။ ဒီလို ကြီးမား ခိုင်ခံ့ခမ်းနားတဲ့ရဲတိုက်ကြီးကို လူအရောက်နည်းလှတဲ့ တောင်ကုန်း ပေါ် ငွေပေါင်းအများကြီးအကုန်ခံပြီးဆောက်ခဲ့တဲ့ ဘုရင်လူးဝစ်က အတ္တကြီးလွန်းတယ်။ ဘုရင်ဆိုပြီး လုပ်ချင်တာလုပ် နောက်ဆုံး ရှူးပြီး ရေကန်ထဲသေရတဲ့အဖြစ်က သူတို့ပြည်သူတွေ သတ်မှတ် သလို အိပ်မက်ဘုရင်ပဲဖြစ်ခဲ့လေသလားပေါ့ ပင်စည်။

ဘာပဲဖြစ်ဖြစ် နောက်လူတွေနဲ့ နိုင်ငံအတွက် ဒီရဲတိုက်က သမိုင်းဖြစ်ခဲ့တာပေါ့။ ကဲ ပင်စည်ရေ နယ်သာလန်ကို ခရီးထွက် ရမှာမို့ နားမယ်နော် ဒီနား။

**ချစ်ခင်စွာ**

**ချယ်ရီ**

●

# အခန်း (၃၁)

တူးမြောင်းလေးပတ်လည်ဝိုင်းပြီး လေးဘက်လေးတန် မော်တော်တွေ၊ သင်္ဘောအသေးစားလေးတွေ တံတားလေးတွေနဲ့ လှပစွာ ဖွဲ့စည်းထားတဲ့ Amsterdam (အမ်စတာဒမ်) ကို ညကျမှ ရောက်ခဲ့ကြတယ်။ ကိုလင်းမြတ်ရဲ့ မိတ်ဆွေဒေးဗစ်က ကားဂိတ်ကို လာကြိုခဲ့တယ်။ မြန်မာပြည်မှာ ခုနစ်နှစ်လောက်နေခဲ့ဖူးတာမို့ မြန်မာစကားကို တော်တော်နားလည်ပြီး သူ့အိမ်မှာ အားနာစရာမလိုတဲ့အကြောင်း ပြောတယ်။

ဒေးဗစ်က မျက်စိအထူးကုဆရာဝန်တစ်ဦးဖြစ်သလို စာတွေလည်းရေးကြောင်း စာအုပ်ထုတ်ဝေပြီး ဝါသနာပါရာ ပန်းချီတွေကိုလည်း စုဆောင်းတယ်။ ရေးလည်း အရမ်းရေးချင်ပေမယ့် အဲဒီဘက်မှာ ပါရမီမပါကြောင်း ရယ်မောရင်းပြောပြတယ်။

အမ်စတာဒမ်မှာ သူ့ရဲ့အိမ်လေးဟာ သုံးထပ်ဖြစ်ပြီး သစ်သားတွေနဲ့ ပေါင်းစပ်ဆောက်လုပ်ထားပြီး နှစ် ၁၀၀ ကျော်ပြီလို့ပြောတယ်။ ချစ်စရာ အိမ်လေးရဲ့လှေကားကျဉ်းလေးကနေ အပေါ်ထပ်ထိ အိတ်တွေဆွဲတက်ရင်း တတိယထပ်မှာ ဆရာမနဲ့ချယ်ရီ့ကို နေရာချပေးတယ်။

ကော်ဇောပေါ်မှာ မွေ့ရာထူထူလေး ခင်းပေးထားပြီး မှန်တင်ခုံ တစ်ခု၊ ရေချိုးခန်းကို အခန်းနဲ့ကပ်လျက် အပြင်မှာလိုက်ပြပြီး သူ့ရဲ့ အလုပ်ခန်း၊ စာရေးခန်းက ဒီအပေါ်မှာပဲဆိုပြီး ချယ်ရီတို့နဲ့ မျက်နှာချင်းဆိုင် အခန်းကို လက်ညှိုးထိုးပြတယ်။

ပန်းချီဝါသနာပါသူပီပီ တစ်အိမ်လုံး ပန်းချီကားတွေ ပြည့်နှက်နေ တယ်။ အမေစုပုံကို ဧည့်ခန်းမှာ ချိတ်ထားတာ တွေ့ရတယ်။ ညစာကို အသင့်ချက်ပြုတ်ထားတဲ့ ထမင်းကြော်ပူပူနွေးနွေးလေးကို စားလိုက်ကြတယ်။ ကိုလင်းမြတ်က နိုင်ငံတိုင်းမှာ မိတ်ဆွေကောင်းတွေများတာကို တွေ့ရတယ်။ ဒေးဗစ်ပုံစံက အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ ဆံပင်က ငွေမှင်ရောင်ဖြစ်ပြီး အသက်လေးဆယ်ဝန်းကျင်လောက်ရှိမယ်။ တစ်ဦးတည်းနေပြီး သူ့အိမ်မှာ တော့ ရှေးဟောင်းပစ္စည်းတွေကိုတွေ့ရတယ်။ ရှေးဟောင်းပစ္စည်းတွေကို မြတ်နိုးပုံရတယ်။ သစ်သားစားပွဲဟောင်း၊ ဗီရိုအဟောင်းကိုတွေ့ရတယ်။

မြန်မာပြည်မှာနေခဲ့ဖူးတာဆိုတော့ ဇော်ဂျီရုပ်သေးရုပ်လေး၊ မင်းသား၊ မင်းသမီးရုပ်သေးရုပ်လေးတွေ ချိတ်ထားတယ်။ ရွှေကျောင်းကြီး ပန်းချီကားကို ထမင်းစားခန်းမှာ ချိတ်ထားတယ်။ မန္တလေးက ပန်းချီဆရာ တစ်ဦးဆွဲထားပုံပါ။ ဆရာကြီး ဦးခင်မောင်ရင်ရဲ့ ဒေါ်အောင်ဆန်းစုကြည် ပုံလက်ရာကို မီးလင်းဖိုအပေါ်မှာ တွေ့ရတယ်။ ဦးခင်မောင်ရင်ရဲ့လက်မှတ်နဲ့ ရေးဟန်ကိုတော့ အလွတ်ရနေပြီးသားမို့ ကြည့်တာနဲ့သိသာတယ်။

"အဲဒီပန်းချီကားက ကျွန်တော် လက်ဆောင်ပေးထားတာ...

ဆရာကြီးမဆုံးခင်လောက်က ဆရာ့ဆီက ပန်းချီတွေဝယ်လွှန်းလို့

မှတ်မိပြီး ခင်နေတာ၊ ကျွန်တော် တအားကြိုက်နေမှန်းသိတော့ ဆရာကြီးက မရောင်းသေးဘူး၊ မပြီးသေးဘူးချည်း ပြောတယ်၊ မပြီးသေးဘူးသာပြောတာ၊ တစ်ခါသွားလည်း ဒါပဲ၊ နှစ်ခါသွားလည်း ဒါပဲ၊ သုံးခါကျမှ မရတော့ဘူးဆရာ ဘာမပြီးသေးတာလဲ၊ ဘာမှလည်း ထပ်ဖြည့်တာမတွေ့ရဘူးဆိုတော့ ငါက ငါ့လက်မှတ် မထိုးရသေးလို့ မပြီးသေးတာလို့ပြောပြီး ရယ်တော့တယ်၊ သုံးရက် မြောက်နေ့မှာ ဝယ်လာပြီး ဒေးဗစ်ကို လက်ဆောင်ပေးခဲ့တာ၊ သူလည်း အရမ်းကြိုက်တယ်"

"ဘာမှမပါဘူး။ ကောက်ကြောင်းအခြစ်တစ်ခုတည်းနဲ့တင် အမေစု ပုံမှန်း သိသာစေတဲ့လက်ရာကို ဆရာ့ကားမှာ တွေ့ရတယ်နော်"

"ဟုတ်တယ် ချယ်ရီ၊ ဆရာက စီးရီးလိုက်ဆွဲတာ...အမေစုပုံကို ဘာဆွဲဆွဲ၊ ဘာရေးရေး စောင့်ဝယ်ကြတာ၊ မင်းသမီးကတဲ့ပုံတွေဆို ဥရောပကလည်း ကြိုက်တာပဲ"

"သူ့အခန်းထဲကျ ဘာကားတွေထားတယ်ထင်လဲ"

"ဟာင့်အင်း"

"ဗင်ဂိုးရဲ့ကား"

"အိုး...ဟုတ်လား"

"............"

"ကြယ်တွေစုံတဲ့ညနဲ့ ဗင်းဆင့်ဗင့်ဂိုးတမ်းချင်း ထူးအိမ်သင်ရဲ့ သီချင်းတွေ အရမ်းအောင်မြင်ခဲ့တယ်၊ ညတွေမှာ အဲဒီသီချင်း နားထောင်ရင် အရမ်းခံစားရတယ်၊ တစ်မျိုးလေး"

"ချယ်ရီကြိုက်ရင် ကျွန်တော်ဆိုပြမယ်"

"တကယ်ဆိုတတ်တယ်ပေါ့"

"ဆိုတတ်တာပေါ့ ကျွန်တော်လည်း အရမ်းကြိုက်တဲ့သီချင်း ထူးအိမ်သင်ရဲ့အသံနဲ့စာသားတွေက အရမ်းလိုက်ဖက်တယ်၊ ဗင်ဂိုးက အဲဒီပန်းချီကားကို သူ့သူငယ်ချင်းတစ်ယောက်အတွက် ဆွဲပေးတာလို့ သိရတယ်၊ ယောကျ်ားလေးလား၊ မိန်းကလေးလား တော့ မသိဘူး"

"ဩော်...ဟုတ်လား"

ဧည့်ခန်းလေးမှာ လူစုံလာတာနဲ့အမျှ စကားသံတွေထဲမှာ စီးမျော လာကြတယ်။ ဆရာရဲ့မှတ်ချက်ကတော့

"ဒေးဗစ်ရေ ကျွန်တော်ကတော့ ဗင်ဂိုးနဲ့ဂေါဂင်ဆို ဗင်ဂိုးကို ပို သဘောကျတာပေါ့၊ သူက ရိုးသားတယ်၊ လမ်းမှန်တယ်၊ အရှိကို အရှိအတိုင်း ပန်းချီဆွဲတာတောင် အမှန်တရားနဲ့ဆင်းရဲသားဘက် က ရပ်တည်လို့ အောင်မြင်ခဲ့တာ"

"Right tomorrow သွားကြမှာမလား၊ ဗင်ဂိုးလက်ရာပန်းချီတွေ က ကြည့်တဲ့သူရဲ့ စိတ်၊ နှလုံးသားထဲ တစ်စက်ချင်း ဝင်လာလိမ့် မယ်"

ဒေးဗစ်က စပျစ်သီးတွေ လာချရင်း ကိုလင်းမြတ်နား ဝင်ထိုင် လိုက်တယ်။

"အလှအပကို ဦးစားမပေးဘူး ခေတ်တစ်ခေတ်ရဲ့သမိုင်းကို ပြနိုင်တဲ့ပန်းချီတွေထားခဲ့တာ သိပ်ကိုကောင်းတယ်"

"အမှန်ပေါ့ ကိုလင်းရာ"

ဆရာက ဗိုင်ခွက်လေးကို မြှောက်ပြီး ရင်းနှီးစွာနဲ့ ကိုလင်းလို့ ခေါ်လိုက်တယ်။

* * *

ဝင်ကြေးဆယ့်နှစ်ယူရိုပေးရပေမယ့် တန်တယ်လို့လည်း ပြောလို့ရပါတယ်။ ဗင်ဂိုးပြတိုက်ကြီးထဲရောက်နေတဲ့ခံစားမှုက အိပ်မက်လိုပဲ။ နာမည်ကြီး ဗင်ဂိုးပုံအကြီးကြီးရှေ့မှာ အမှတ်တရဓာတ်ပုံရိုက်ကြတယ်။ အပြင်ခန်းမှာတော့ ဓာတ်ပုံရိုက်ခွင့်ရှိပြီး အတွင်းမှာတော့ ရိုက်ခွင့်မပေး။ လုံခြုံရေးတွေက စောင့်ကြည့်နေပြီး လက်လေးကာပြတယ်။

ဗင်ဂိုးရဲ့နာမည်ကြီး 'အာလူးစားသူများ' ပန်းချီကားရှေ့မှာ ကြာရှည်ရပ်ပြီး ကြည့်နေမိတယ်။ အာလူးပဲ အာဟာရအဖြစ် စားနေရတဲ့ ဆင်းရဲလှတဲ့ တောင်သူတွေရဲ့မျက်နှာ အဓိကမျက်လုံးတွေက အသက်ဝင်နေစေတာပဲ။ အဲဒီမျက်လုံးတွေထဲကနေတစ်ဆင့် ဘဝတွေကို လှမ်းတွေ့ရတယ်။ အသားအရေတွေ ကြမ်းတမ်းမှု၊ အိုစာမှုတွေက ဆင်းရဲစွာရုန်းကန်မှုကို ပြနေတယ်။ မီးလုံးဝါကျင်ကျင်အောက်က 'အာလူးစားသူများ' ရဲ့ဘဝဟာ ဗင်ဂိုးရဲ့ဘဝပေလား။

"ချယ်ရီ"

"ရှင်"

"အာလူးစားသူများကို ဓာတ်ပုံရိုက်ချင်လား"

"ရိုက်လို့မှမရတာ"

"ကျွန်တော် ရိုက်ပေးမယ်၊ တချို့လည်း ရိုက်နေကြတာပဲ"

"လာတားနေဦးမယ်နော်"

"အတင်းအကြပ်ကြီး မဟုတ်ပါဘူး၊ ဒီလာပြီး ကိုယ်ကြိုက်တဲ့ ပုံလေးတော့ ရိုက်ရမှာပေါ့"

"ဒါဆိုလည်း ရိုက်ပေး"

ကိုလင်းမြတ်က မသိမသာဖုန်းကင်မရာလေး ထုတ်ရိုက်လိုက်တယ်။ တချို့တွေလည်း ရိုက်တော့ရိုက်နေကြတာပဲ။

“ဟိုဘက်မှာ နေကြာပန်းပန်းချီကားရှိတယ်၊ ရိုက်ပေးမယ်”

ချယ်ရီလည်း သူ့နောက်လိုက်ပါရင်း နေကြာပန်းပန်းချီကားကို ခပ်မြန်မြန်ရိုက်လိုက်တယ်။

“ခိုးလုပ်ရတာ ကောင်းတော့မကောင်းဘူးနော်”

“အမှန်တော့ သူတို့တွေ အရမ်းမထိန်းချုပ်ထားပါဘူး၊ ပန်းချီကားတွေ နှစ်ကြာလာတဲ့အခါ ဖုန်း၊ ကင်မရာအလင်းတွေကနေ ပျက်စီးမှာစိုးလို့ အရိုက်မခံတဲ့သဘောပါ”

“မြန်မာနိုင်ငံမှာ ပုဂံဆို ခွာယူတာတောင် ရှိသေးတယ်၊ မထိန်းသိမ်းတော့ ကြာလေ တန်ဖိုးရှိတာနည်းပါးလေပေါ့”

“တကယ်ဆို သက်ဆိုင်ရာတွေက နှစ်ဆ ပိုထိန်းသိမ်းသင့်တယ်၊ ဒီမှာဆို ဗင်ဂိုးရေးခဲ့တဲ့ စာရွက်အပိုင်းအစလေးကစ သူရေးခဲ့တဲ့ မှုရင်းစာလေးတွေကစ အဆက်ဆက်ထိန်းသိမ်းခဲ့လို့ရှိနေတာ၊ ခုဆို မပျက်စီးအောင် မှန်ကောင်တာထဲ ထည့်ထားပြီး ဖတ်နိုင်အောင် ပြသထားတယ်”

“ရှေ့လူတွေက တန်ဖိုးထားတတ်လုပ်ပြခဲ့မှ နောက်လူတွေက ဆက်လုပ် ဆက်သိနိုင်မယ်လေ၊ ချယ်ရီသိတဲ့အတိုင်း ပုဂံမှာ စာတွေပါတဲ့ အုတ်တွေကစ လမ်းခင်းတဲ့ထဲပါနေတာ ဘယ်လိုလုပ်မလဲ၊ နမြောရမှန်း ထိန်းသိမ်းရမှန်းမသိတာ”

“တကယ်ဆို ချယ်ရီတို့ဆီမှာ ခုလိုနိုင်ငံခြားဝင်ငွေရအောင် လုပ်နိုင်ဖို့ အခြေအနေတွေအများကြီးရှိရက်နဲ့ နှစ်ပေါင်းများစွာ အချိုးအဖွဲ့ခံရတော့ အသိဉာဏ်ရော လူတွေရော ပျက်စီးကုန်ကြတယ်”

"အရာရာနှောင့်နှေးမှုတွေ ဖြစ်တာပေါ့၊ ပြောရရင် အများကြီးပါ၊ အပေါ်တက်ရအောင် ဆရာတို့တောင် ဘယ်ရောက်သွားပြီလဲ မသိဘူး"

လူချင်းတွေ ကွဲပြီး အောက်ရောက်မှ ပြန်ဆုံကြတယ်။ ဆရာတို့ကို ခုံတန်းလေးမှာစောင့်ရင်း FB ဖွင့်ကြည့်တော့ 'အာလူးစားသူများ' ပန်းချီကားရှေ့မှာ ငေးကြည့်နေတဲ့ချယ်ရီ့ပုံကိုတင်ပြီး ကိုလင်းမြတ်က Tag တွဲပေးထားတယ်။

"ချယ်ရီ အမှတ်တမဲ့ငေးနေတဲ့ပုံလေး သဘောကျလို့ပါ၊ ညကျရင် ကြယ်တွေစုံတဲ့ညနဲ့ ဗင်ဂိုးတမ်းချင်း သီချင်းဆိုပြမယ်"

ကိုလင်းမြတ်က နွေးထွေးစွာကြည့်ရင်း မျက်လုံးချင်းဆုံသွားတယ်။ ဆရာတို့လည်းထွက်လာတာမို့ နေ့လယ်စာစားဖို့ အာရှတရုတ်ဆိုင်တစ်ဆိုင်ကို ရွေးချယ်လိုက်တယ်။ နေ့လယ် တရုတ်စာထမင်းက ဗိုက်ကို အာသာပြေသွားတယ်။ ချဉ်ချိုလေးပါလို့ ညနေမှာ တူးမြောင်းကိုပတ်တဲ့ဘုတ်ကိုစီးပြီး မြို့တစ်ပတ် ရှင်းပြတာကို နားကြပ်လေးတပ်ပြီး နားထောင်ရုံပဲ။

မြန်မာဝတ်စုံဝတ်ခဲ့တာမို့ သွားလေရာ နိုင်ငံခြားသားတွေ စူးစမ်းတဲ့အကြည့်နဲ့ကြည့်ခံရတယ်။ ဆရာကတော့ ဒီနေ့ကရင်အင်္ကျီဝတ်ထားတယ်။ ဆရာမကလည်း ချင်းထဘီလေးနဲ့ ကိုလင်းမြတ်ကတော့ ဘောင်းဘီရှည် ချည်ထည်၊ ကိုယ်ကျပ်လက်ရှည် ပင်နီရောင်နဲ့။

မနက်ကနေ တောက်လျှောက် အမ်စတာဒမ်တစ်မြို့ လမ်းလျှောက်လိုက်ရသလိုပဲ။ စက်ဘီးပုံစံမျိုးစုံစီးပြီး လှုပ်ရှားသွားလာနေကြတဲ့သူတို့တွေကပေါ့ပါးပြီး ချယ်ရီ့ခြေထောက်တွေ လေးလံလာတယ်။ လမ်းလျှောက်ရင်း တစ်ဖက်ယိမ်းကျသွားတဲ့ခန္ဓာကိုယ်ကို ကိုလင်းမြတ်က လှမ်းဆွဲလိုက်တယ်။ လက်နဲ့ခန္ဓာကိုယ်က သူ့ဘက်ကျသွားပြီး ခြေထောက်ခေါက်သွားတာမို့ နည်းနည်းနာသွားတယ်။

ဆရာမနဲ့နည်းနည်းတွဲလျှောက်ပြီး အိမ်ရောက်တော့ ဆေးမြန်မြန် လူးပြီး ပတ်တီးစီးထားလိုက်တယ်။ ဆေးအပူရှိန်နဲ့ပူပြီး အနာမြန်မြန်သက်သာဖို့ အရေးကြီးတယ်။

ဝါဖန့်ဖန့်အလင်းရောင်နဲ့ ကျယ်ဝန်းပြန့်ပြူးပြီး အောက်ခံ အမွေး ထူထူခင်းထားတဲ့ကောဇောပေါ် တစ်ယောက်တစ်နေရာစီထိုင်ရင်း ဆရာက စကားပြောရင်း ဆိုဖာပေါ်မှာ တစ်ချက်တစ်ချက်ဟောက်သံတောင် ထွက်လာတယ်။ ဆရာမက ဒေးဗစ်ကို ကူညီးမယ်ဆိုပြီး မီးဖိုထဲထွက်သွားတယ်။ ဝရံတာပတ်လည်မှာ ထွန်းထားတဲ့မီးတိုင်ဝါလေးတွေ အလင်းက အခန်းထဲမှာ ဆလိုက်လေးထွန်းထားသလို ကျနေတယ်။

ကိုလင်းမြတ်က ရေနွေးတစ်ခွက်ကို ချယ်ရီ့အတွက် ယူလာပေးရင်း

"ကျွန်တော်ကတော့ ဝိုင်တစ်ခွက်သောက်မယ်၊ ဒီညက ဗင်ဂိုးရဲ့ အနုပညာပိုးတွေ စီးမျောလို့ကောင်းနေတော့ ချယ်ရီ့အနာသက်သာ စေဖို့အတွက် ကျွန်တော် ဒေးဗစ်ဆီ ဂစ်တာသွားတောင်းလိုက် ဦးမယ်"

ပြောပြောဆိုဆိုထသွားတဲ့သူ့ကိုကြည့်ရင်း ပြုံးမိတယ်။ ဆိုပြချင် တယ်ဆိုတဲ့သူကို ဆိုပါလို့ပြောရုံကလွဲလို့ ဘာတတ်နိုင်မလဲ။ ကြယ်တွေ စုံတဲ့ည သီချင်းကို အမှန်တကယ်လည်း နှစ်သက်တာမို့ နားထောင်ချင်စိတ် ဖြစ်မိတယ်။

ကောင်းကင်မှာ ကြယ်လေးတွေများ ရှိမလားလို့ လှမ်းကြည့်မိ တယ်။ ရာသီဥတုအေးတာကြောင့် မှန်တံခါးချပ်လေးတွေ ပိတ်ထားတယ်။ ကောင်းကင်မှာ ကြယ်လေးတွေ သိပ်မများပေမယ့် ရှိတော့ရှိနေတယ်။

ဂစ်တာကိုင်ပြီးထွက်လာတော့ ဆရာလည်း နိုးလာတယ်။

"သီချင်းဆိုမလို့လား"

"ဟုတ်တယ် ဆရာ"

"ဟာ တယ်ဟုတ်ပါလား...လုပ်ပါ အားပေးမယ်"

"ကျွန်တော်တို့က ဒီနေ့ Vincent Van Gogh နဲ့တွေ့ခဲ့တာဆိုတော့ သူ့တမ်းချင်းလေးပေါ့"

ဆရာမနဲ့ဒေးဗစ်လည်း ထွက်လာပြီး

"ok ok I am ready to listen"

လို့ ဒေးဗစ်ကပြောရင်း အောက်မှာဝင်ထိုင်တယ်။ ကိုလင်းမြတ်က ဆိုဖာခုံကို နောက်မှီရင်း ဂစ်တာကို တစ်ချက် နှစ်ချက် အရင်စမ်းတယ်။

"မတီးတာ နည်းနည်းကြာနေလို့လေ"

နှစ်ချက်သုံးချက်တီးအပြီးမှာ သံစဉ်ညီညီလေး ထွက်လာတယ်။ ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင်တီးတတ်မှန်း သိသာလှတယ်။ သူ့လက်ချောင်းတွေက ဖွေးပြီး ကြိုးတွေကို ခပ်သွက်သွက်ဖိလိုက်၊ ကွဲလိုက်၊ တီးခတ်လိုက်နဲ့ သူ့လက်တွေ လှုပ်ရှားနေပုံကို လိုက်ပြီးငေးမောနေမိတာကို သတိဝင်ရင်း ချက်ချင်းမျက်လုံးလွှဲလိုက်ပြီး ကိုယ့်ခြေထောက်က ပတ်တီးကို အကြောင်းမဲ့ငုံ့ကြည့်နေမိတယ်။

'ကြယ်တွေစုံတဲ့ည × ×ထပ်ကြုံရဦးမယ် × ×
ကြယ်တွေ တကယ်စုံတဲ့ည × ×လှနေမှာပေါ့ကွယ် × ×
နေညိုညိုလမ်းလေးထက် နေ့စဉ်စောင့်နေမယ် မျှော်လင့်ခြင်းများရယ် အိမ်ပြန်ချိန်ရောက် × ×'

ကိုလင်းမြတ်ရဲ့သီချင်းဆိုလိုက်မှ ထူးခြားစွာကောင်းနေတဲ့အသံကို အားလုံးအံ့သြသင့်နေကြတယ်။ ဒုတိယတစ်ပုဒ် 'ဗင်းဆင့်ဗန်ဂိုးတမ်းချင်း' ကို ဆက်ဆိုတယ်။

'လူတွေ တကယ်တော့နားမလည်××အို ဒါဟာ တကယ်အမှန်တရား××ဒီကမ္ဘာကို ဗင်းဆင့်အဆုံးထိချစ်သော်လည်း××အားလုံးနားမလည်ခဲ့××ဒုက္ခနဲ့ တုံ့ပြန်ခြင်းသာ ရသွားလည်း ဒီလိုရက်စက်ခဲ့ခြင်းကိုပြန်ပြီး အမှန်တရားအတွက် ဘဝကိုစတေးသွားရှာရင်း ခွင့်လွှတ်ခဲ့လေတယ်××

ကြယ်တွေငိုနေလား××အခန်းလွတ်ထဲမှာ ပန်းချီကားတွေ အဖိုးမဖြတ်ရက်အောင်တန်သတဲ့လေ××ဗင်းဆင့်ရဲ့အနုပညာဟာ ရတနာများ××မသေခင်အချိန်မှာ အပယ်ခံများ မဲ့ရွဲ့ခြင်းသာ ခံခဲ့ရတယ်×× သွေးပျက်သွားအောင် သရော်ကြတယ်××လက်မြှောက်လို့ ဘဝကို ရှောင်ကာပြေးလေတယ်××

ငါလေ တုန်လှုပ်တယ်××ကမ္ဘာကိုပိုင်သမျှ အကုန်ပေးပြီး××တစ်သက်တာ ဒုက္ခချည်းယူသွားရှာတယ်××ဒါဟာ ပါရမီတစ်ခုလေလား××လူတွေအတွက် ဘဝကိုရင်းလို့ စတေးရှာသလား××ဒီည ငါငိုနေပြီ××ကြယ်တွေငိုနေလား××'

သီချင်းဆိုအပြီးမှာ လက်ခုပ်သံတွေကြားရတယ်။

"သိပ်ကောင်းတာပဲကွာ၊ ဆရာ့နားထဲမှာ နားထောင်ရတာ အရသာရှိလိုက်တာ"

"ဟုတ်ပ ကိုလင်းမြတ်ရယ်၊ အသံလည်း အရမ်းကောင်းတာပဲ" ဆရာမ မှတ်ချက်ပေး၏။

"သီချင်းဒီလောက်ဆိုတတ်မှန်းတောင် မသိဘူး။ I don't know" ဒေးဗစ်က ထပြီး လက်ဆွဲနှုတ်ဆက်ရင်း ပြောတယ်။

"ကျေးဇူးပါ တကယ်ကောင်းတယ်၊ ဗင်ဂိုးရဲ့ဘဝကို မြင်လာစေတယ်"

“ကျွန်တော်က ထူးအိမ်သင်ခရေဓိ၊ သဘော်ပေါ်မှာ သူငယ်ချင်းဆီက ဂစ်တာတီးကို အရသင်ပြီး ပျင်းတိုင်း၊ လွမ်းတိုင်း သီချင်းဆိုဖြစ်ကြတယ်၊ အရင်အတိုင်း အခွေထဲက တေးရေးက ဝင်းမင်းထွေးလေ၊ ကျွန်တော်က ထူးအိမ်သင်ကို သီချင်းသာမက သူ့ရဲ့စိတ်ကိုပါ သဘောကျတယ်၊ ရိုးသားတယ်၊ သူ့အင်တာဗျူးတစ်ခုမှာ စကားလုံးမရှိတဲ့အခွေဖြစ်မယ်ထင်တယ်၊ အဲဒီအခွေအတွက် ဂီတဘက်မှာ တော်တော်လေး အဆင့်မြင့်မြင့်နားလည်တဲ့ တေးရေးမြင့်မိုးအောင်ကို ပုသိမ်ထိလိုက်ပြီး ဗွတ်အတင်းခေါ်တယ်၊ သူတို့နှစ်ယောက်က သူငယ်ချင်းတွေပေါ့…တေးရေးမြင့်မိုးအောင်က စာဖတ်နာတဲ့သူဆိုတော့ စကားလုံးတွေ အရမ်းကောင်းတယ်၊ အဲဒီအခွေအောင်မြင်တော့ ထူးအိမ်သင်ကပြောတယ် ‘ကျွန်တော်တစ်ယောက်တည်းကြောင့်မဟုတ်ဘူး၊ မြင့်မိုးအောင်ရဲ့ စကားလုံးရွေးချယ်မှု၊ သီချင်းပုံစံ၊ အားလုံး ဘက်ပေါင်းစုံကောင်းလို့ပေါ့ဗျာ’ လို့ဖြေတာ သိပ်စိတ်ရင်းမှန်တယ်…တချို့ အရမ်းအောင်မြင်တဲ့အဆိုတော်တွေ သီချင်းတစ်ပုဒ်ထဲနဲ့ အအောင်မြင်ဆုံးဖြစ်သွားရင် သူတို့ဆိုတာကောင်းလို့ပဲ၊ နောက်ကွယ်ကလူကို ဘာမှကို ထည့်မပြောတော့ဘူး၊ သဘောထားတွေသေးတာပေါ့၊ အောက်ခြေတွေ လွတ်ကုန်တော့ ကြာကြာမခံဘူး…ထူးအိမ်သင်က မြန်မာပြည် ဗင်ဂိုးလိုပဲ။ ခါးသီးမှုတွေခံရတာကို သူမမေ့ဘူး၊ ဒါပေမဲ့ လူသစ်တွေ သူနဲ့စိတ်ချင်းနီးစပ်သူတွေကို လက်တွဲခေါ်ယူပေးခဲ့တယ်၊ ဂီတသမိုင်းမှာ ကိုငှက် ထူးအိမ်သင် ဆိုတာ ပျောက်ကွယ်သွားစရာ ဘာအကြောင်းမှမရှိဘူး၊ လူသေပေမယ့် သူကျန်ခဲ့တဲ့သမိုင်းက မွေးပြီးလှတယ်”

ထူးအိမ်သင်အကြောင်း၊ ဗင်ဂိုးအကြောင်းတွေ ပြည့်နှက်နေတဲ့ ညလေးမှာ ချယ်ရီခြေထောက်ဒဏ်ရာလည်း အမှန်တကယ်သက်သာခဲ့ပြီး နောက်ဆုံးအနေနဲ့ ပွဲတောင်းသီချင်းကို အင်္ဂလိပ်သံစဉ်တစ်ပုဒ်ဖြစ်တဲ့ Take me to your heart သီချင်းနဲ့ ပွဲသိမ်းခဲ့ပါတယ်။ ဒီသီချင်းလေးမှာ အဓိပ္ပာယ်များစွာပါဝင်နေတာမို့ သေချာရွေးဆိုခဲ့သလား။

Take me to your heart...

Take me to your soul...

Give me your hand...

နယ်သာလန်ရဲ့ပထမညကတော့ ပန်းချီတွေ၊ သီချင်းတွေထဲမှာ စီးမျောနေခဲ့ကြတယ်။ ခြေထောက်နာတာကိုတော့ ပင်စည်ကို ပြောမပြဖြစ်တော့ပါဘူး။

**ပင်စည်ရေ**

Amsterdam အမ်စတာဒမ်မှာတော့ မိတ်ဆွေအိမ်မှာတည်းဖို့ လုပ်ပေးထားတော့ ပိုအဆင်ပြေတယ်။ ဗင်ဂိုးပြတိုက်နဲ့ နေရာစုံအနှံ့ ရောက်ပါတယ်။ ပန်းတွေပွင့်တဲ့ရာသီက ပြီးသွားလို့ ပန်းတွေတော့ မကြည့်ရတော့ဘူးပေါ့။

Red Light ဆိုတဲ့ ထူးဆန်းတဲ့နေရာလေးကို ဒီနေ့ညရောက်ခဲ့တယ်။ အသွားမှာ တစ်လမ်းလုံး ဆေးခြောက်ရှူနေကြတဲ့ ကျား/မ တွေ လမ်းတွေပေါ်မှာ တွေ့ရတယ်။ ဆေးခြောက်အနံ့တွေကိုတောင် ရှူခဲ့ရသေးတယ်။ လမ်းမှာ အနံ့တွေကရနေတာ။

နှစ်ရပ်ကွက်စာလောက်ရှိတဲ့ နေရာမှာ သူတို့နိုင်ငံက ပြည့်တန်ဆာတွေအတွက် သီးသန့်လုပ်ပေးထားတာ။ အနီရောင်မီးချောင်း Red Light တွေထွန်းထားတဲ့ မှန်အခန်းငယ်ထဲကနေ

မိန်းကလေးတွေ သရုပ်ပြနေကြတာပေါ့။ ခေါ်ချင်သူတွေက အပြင်မှာ လိုက်ကြည့်ပြီး သဘောကျရင် ဈေးညှိပြီး အဆင်ပြေသွားရင် အဲဒီအခန်းငယ်ထဲခေါ် လိုက်ပြီး အပြင်က မမြင်ရအောင် လိုက်ကာတွေချလိုက်တယ်။ ပြဿနာတစ်စုံတစ်ခုဖြစ်ရင် ရဲကို အကြောင်းကြားလိုက်ရုံပဲ ချက်ချင်းရောက်လာတယ်။ အဲဒီမိန်းကလေးတွေက အစိုးရကို ထိုက်သင့်တဲ့အခွန်ဆောင်ရတယ်။ သူတို့ ကျေကျေနပ်နပ် ပေးတယ်လေ။

အရင်ကဆို မြို့ထဲ တံတားတွေပေါ် ရစ်သီရစ်သီနေကြ၊ တားဆီးလို့လည်းမရဆိုတော့ ရာသီဥတုက အေးသလို မိန်းမကောင်းတွေနဲ့လည်း ရောထွေးနေတယ်။ မြို့အလှကို ထိခိုက်သလို အခြားသူတွေကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုပြီး သူတို့မြို့တော်ဝန်က ပြည့်တန်ဆာသီးသန့်နေရာ Red Light ကို တရားဝင်လုပ်ခွင့်ပေးခဲ့တယ်။ စောင့်လည်းစောင့်ရှောက်ပေးတယ်။ ဓာတ်ပုံတော့ လုံးဝရိုက်လို့မရဘူး။ သီးသန့်လည်းဖြစ်တော့ နိုင်ငံပေါင်းစုံက ခရီးသွားတွေ ဒီနေရာမှာပဲ လာရှာကြကြည့်ကြပေါ့။ အခြားလူတွေအတွက်လည်း အနှောင့်အယှက်မဖြစ်တော့ဘူး။

သူများနိုင်ငံများကျ ပြည့်တန်ဆာတောင် အပြည့်အဝ လုံခြုံကာကွယ်မှုပေးနိုင်တယ်ဆိုတာ တွေးမိတယ်။ ဒီလိုခံစားရချိန်မှာပဲ FB မှာ အင်းဝစက်ချုပ်ဆိုင်က ညှင်းပန်းနှိပ်စက်မှု၊ သက်ငယ်မုဒိမ်းမှု၊ ကလေးကလီစာတွေထုတ်ယူမှုတွေကို ဆက်တိုက်ကြီးတွေ့ရတော့ ရင်နာမိတယ်။

တရားဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက်လုပ်ဖို့ အရမ်းလိုအပ်နေပြီ ပင်စည်။ ဒါကြောင့် ဥပဒေရေးရာမှာ မှန်ကန်ပြီး ကျွမ်းကျင်တဲ့ ဦးပြည့်တို့၊ ပင်စည်တို့လိုလူမျိုးတွေ မြန်မာနိုင်ငံမှာ

အရမ်းလိုအပ်တယ်နော်။ မှန်ကန်တဲ့တရားဥပဒေကို လက်ကိုင်ပြုပြီး ဆောင်ရွက်ခဲ့တာ အားနည်းခဲ့ကြလို့ ရှေးနှစ်ပေါင်းများစွာကနေ ခုထိ ကမောက်ကမတွေ ဖြစ်ခဲ့ကြတယ်။ နိုင်ငံတော်ရဲ့တရားလွှတ်တော်ရှေ့နေကို သတ်ဖို့ထိ ရက်စက်သွေးပျက်ခဲ့ကြတာ ချယ်ရီတို့နိုင်ငံအတွက် မကောင်းတဲ့ဆိုးကျိုးတွေပါ။

ချယ်ရီမျှော်လင့်တဲ့ ရှေ့နေကောင်းတစ်ဦးကတော့ ပင်စည်ဖြစ်မှာ အသေအချာပါ။ မကြာခင်မှာ ပြန်လာတော့မယ် သတိရလျက်...

ချစ်တဲ့ –

ချယ်ရီ

# အခန်း(၃၂)

ပြင်သစ်နိုင်ငံ ပါရီမြို့ကတော့ ချယ်ရီ့အတွက် တခမ်းတနားပါပဲ။ အနုပညာများစွာ ကြည့်လို့မကုန်အောင် များပြားလွန်းတာမို့ မျက်လုံးတစ်ဖက်တည်းနဲ့ကြည့်ရတာ ဘယ်လိုမှမဝသလို အားမရနိုင်ဘူး။ ပြင်သစ်မှာ သုံးရက်နေမှာဖြစ်ပြီး တည်းခိုရာအိမ်ကတော့ ပါရီမြို့သစ်မှာရှိတဲ့ ကိုလင်းမြတ်အိမ်ပါပဲ။

ခြံဝင်းကျယ်ကျယ် နိုင်ငံခြားပုံစံ နှစ်ထပ်အဆောက်အဦက ပန်းပင်တွေရဲ့အလယ်မှာ သပ်သပ်ရပ်ရပ်။ မြေအောက်မှာ ကားဂိုဒေါင် လျှပ်စစ်တံခါးနဲ့ အဖွင့်အပိတ်။

နယ်သာလန်ကနေ မနက်ဆယ်နာရီလောက်က စီးခဲ့တဲ့ကားက ညရှစ်နာရီခွဲလောက်မှာ ပါရီဝင်တယ်။ ရှစ်နာရီခွဲဆိုပေမယ့် နေရောင်

ဆည်းဆာက ရှိနေသေးတယ်။ ကားတစ်ခါတည်းငှားပြီး ကိုလင်းမြတ်အိမ် ရောက်တော့ ညကိုးနာရီခွဲလောက်ရှိပြီ။ အမျိုးသမီး House made သုံးယောက်ရှိပြီး အချက်အပြုတ်၊ သန့်ရှင်းရေး၊ ခြံတွင်းပန်းပင် ဂရုစိုက်ရေး ဆိုပြီး ခွဲခြားခန့်ထားပုံရတယ်။ သုံးယောက်လုံးက အပြုံးချိုချိုလေးတွေနဲ့မို့ သဘောကောင်းမယ့်သူလေးတွေလို့ ကြည့်တာနဲ့ သိသာတယ်။ ညစာ ထမင်းကို ပူပူနွေးနွေးပြင်ဆင်ပေးထားတယ်။ မြန်မာဟင်းဖြစ်နေတာမို့ ကျေးဇူးတင်မိတယ်။

ဒုတိယထပ်မှာ ဆရာမနဲ့တစ်ခန်း။ ဆရာက တစ်ခန်း။ သူကတော့ အောက်ထပ်မှာ နေတယ်တဲ့။ ဧည့်ခန်းထဲမှာ ချယ်ရီရဲ့ပန်းချီကားတစ်ချပ် ချိတ်ထားတာ တွေ့ရတယ်။ မြန်မာပြည်လာတုန်းက ဝယ်သွားတာ တောင်ကြီးက ရှုခင်းပုံလေးပါ။

မနက်ဖြန် မွန်းလွဲတစ်နာရီမှာ ပန်းချီပြခန်းကို ဖွင့်လှစ်ပြသမှာဖြစ်ပြီး သူ့တပည့်လေးတွေ အားလုံးလုပ်ထားမှာဖြစ်ကြောင်း ယူလာတဲ့ပန်းချီကား တွေကို မနက်စောစောလာယူခိုင်းပြီး သူချိတ်ခိုင်းတဲ့နေရာမှာ ချိတ်ပါလို့ မှာနေသံ ကြားရတယ်။ ထမင်းစားပြီး အွန်လိုင်းကနေ ဖိတ်ကြားရေးတွေကို ခေါင်းမဖော်တော့ဘဲ တောက်လျှောက်အလုပ်လုပ်နေတယ်။

ချယ်ရီတို့က မနက်ဖြန်မှာပြောမယ့်စကားတွေအတွက် အင်္ဂလိပ်လို ရေး ပြင်ဆင်ပြီး သုံးလေးခေါက်ပြန်ဖတ်ပြီး အိပ်ရာဝင်ခဲ့တယ်။

ကိုလင်းမြတ်ကတော့ Good Night နှုတ်ဆက်ပြီး အလုပ်လုပ် ရင်း ကျန်နေရစ်တယ်။ အိမ်တစ်အိမ်လုံးမှာ သီးသန့်ဆန်ပြီး အထီးကျန်ဆန် တယ်ဆိုတာ ဟုတ်မှာပဲလို့ တွေးမိတယ်။ ပြန်လာလို့မှ စကားပြောစရာ တန်းတူမရှိ။ သောကကို နှစ်သိမ့်ပေးမယ့်သူမရှိ။ ပျော်ရွှင်ဝမ်းနည်းခြင်းကို မျှဝေပေးမယ့်သူမရှိ။

အို ဘာတွေတွေးနေမိပါလိမ့်။ ဒီအထိလိုက်တွေးပေးနေစရာ အကြောင်းမှ မရှိတာ အတွေးစကို အမြန်ဖြတ်ရင်း မျက်လုံးကို စွတ်မှိတ် အိပ်လိုက်တယ်။

* * *

တိုင်လုံးဖြူတွေနဲ့ တည်ဆောက်ထားတဲ့ ရှေးဒီဇိုင်းဆန်တဲ့ အဆောက်အဦအဝင်ဝမှာ လှပတဲ့မိန်းမပျိုတယောက်ဟာ တီးနေဟန်ရုပ်ထုနှစ်ခုကို တွေ့ရတယ်။ ပန်းချီကားပေါင်းသုံးဆယ်ကျော်ကို သူ့နေရာနဲ့သူ နေရာလည်း သိပ်မနီးဘဲ ချိတ်ထားတယ်။ ဆရာကားက လေးကား။ ချယ်ရီ့နဲ့ဆရာမက သုံးကားစီး။ ကျန်တာက ကိုလင်းမြတ်ရဲ့မိတ်ဆွေကားတွေနဲ့ တချို့က သူပိုင်တဲ့ကားတွေ။

ဧည့်သည်တွေအတော်များများ စိတ်ဝင်တစားလာကြည့်ကြပြီး အပေါ်ထပ်မှာတော့ စကားပြောရာနေရာနဲ့ စားပွဲအရှည်လေးတွေမှာ ဝိုင်ပုလင်းတွေနဲ့စားစရာအချို့ကို ခင်းကျင်းထားတယ်။ တစ်နာရီတိတိမှာ ဧည့်သည်များရောက်ရှိလာပြီး ဖွင့်ပွဲကိုစတင်ခဲ့ပါတယ်။ မိနစ် ၃၀ လောက် ပန်းချီကားကြည့်ချိန်ပေးထားပြီး အပေါ်ထပ်မှာစုရုံးရောက်ချိန်မှာ ကိုလင်းမြတ်က အမှာစကားကို အင်္ဂလိပ်လိုပြောပြီး ပန်းချီဆွဲသူများနဲ့ အားလုံးကို ရှေ့မှာ မိတ်ဆက်ပေးပါတယ်။ ချယ်ရီတို့သုံးယောက်နဲ့အတူ ပြင်သစ် နိုင်ငံသားနှစ်ဦးအပါအဝင် ငါးယောက်လုံး မိတ်ဆက်ဝမ်းသာစကားများ အသီးသီးပြောကြားကြပါတယ်။

အားလုံးဟာ အနောက်တိုင်းဝတ်စုံတွေနဲ့ ဒီပွဲမှာ ချယ်ရီတို့တွေ အားလုံး မြန်မာဝတ်စုံ ချိတ်ထဘီကို ဝတ်ကြပါတယ်။ ကိုလင်းမြတ်က တိုက်ပုံဆင်စွယ်ရောင်ကို မြန်မာပိုးချည်ဆင်စွယ်နဲ့ ခရမ်းအစပ်လေး ဝတ်

ထားပါတယ်။ ချယ်ရီက အမေထည့်ခိုင်းတဲ့ ငွေမှင်ရောင်ချိတ်။ ဆရာမက အဝါနုရောင်ချိတ်။ ဆရာက တိုက်ပုံအဖြူ ယောပုဆိုးနဲ့ အားလုံးကြားမှာ မြန်မာဝတ်စုံရဲ့ ထင်းပြီးလှပနေမှုကို တွေ့ရတယ်။ ဒီဝတ်စုံတွေအတွက် တွေ့တဲ့သူတိုင်းက ဂုဏ်ယူကြတယ်။ ဓာတ်ပုံတွဲရိုက်ကြတယ်။ ဘာပဲ ဖြစ်ဖြစ် ချယ်ရီတော့ ဂုဏ်ယူတယ်။ မြန်မာအငွေ့အသက်တွေကို ချပြခွင့် ရလို့လေ။

ပန်းချီပြပွဲကို နှစ်ရက်ပြသမှာဖြစ်ပြီး ပထမနေ့မှာတင် သုံးယောက်လုံးရဲ့ပန်းချီကားတွေ ရောင်းရတယ်။ တော်သေးတာက ရောင်းရတယ် ဆိုတော့ ပျော်စရာပါ။ မရောင်းဘဲ ကျန်ခဲ့တဲ့ကားကို ကိုလင်းမြတ်က ယူမှာလို့ပြောတယ်။ ပွဲပုံလေးတွေကို FB တင်လိုက်တယ်။ ပင်စည်က ဒီနေ့ကို မျှော်နေမှာ။ သူလည်း စိတ်ဝင်စားစွာကြည့်ချင်နေမှာ။ ရုပ်သံနဲ့ မဂ္ဂဇင်းအင်တာဗျူးကို အလှည့်ကျဖြေပေးပြီး ဧည့်သည်တွေပြန်သွားချိန်မှာ အားလုံးစိတ်လက်ပေါ့ပါးစွာ အိမ်ပြန်လာကြတယ်။ ချယ်ရီတို့သုံးယောက်ကို ဒရိုင်ဘာတစ်ယောက်နဲ့အိမ်ပြန်ပို့ခိုင်းပြီး သူကတော့ ပန်းချီပြခန်းမှာ နေခဲ့သေးတယ်။

အိမ်ရောက်တော့ ရေချိုး၊ ထမင်းစား။ ညနေစောင်းတဲ့အထိ ကိုလင်းမြတ် ရောက်မလာသေး။ ဒီညနေက မိုးအုံ့တာမို့ အမှောင်နည်းနည်း စောတယ်။ ဆရာမက အီးမေးလ်စစ်ပြီး စာရေးနေတာမို့ အောက်ထပ်က အပြင်ဝရန်တာဘက် ထွက်ခဲ့တယ်။ ထမင်းစားခန်းနဲ့ကပ်လျက် ဝရန်တာဘက်မှာ ကိုလင်းမြတ်ကို ထိုင်ခုံမှာထိုင်နေတာကို တွေ့လိုက်ရတယ်။

"ပြန်ရောက်ပြီလား ကိုလင်း၊ ကျွန်မက ပြန်မရောက်သေးဘူး ထင်နေတာ"

"ရောက်တာ နည်းနည်းနောက်ကျတယ်၊ လုပ်စရာရှိတာလေးတွေ ဖြတ်နေတာ၊ မနက်ဖြန်ကိစ္စတွေအတွက် မနက်ပိုင်းကို ပြတိုက်တွေ လိုက်ပို့မယ်စဉ်းစားထားတယ် ချယ်ရီ"

"ဟုတ်ကဲ့။ ဒီနေ့ အားလုံးအဆင်ပြေပါတယ်နော်"

"ပြေတယ် ချယ်ရီ၊ နောက်ထပ်လည်း ရောင်းရဦးမှာ၊ ပြင်သစ်က အနုပညာသမားများတယ်"

"ကိုလင်းမြတ် ခုလို မြန်မာတစ်ယောက်အနေနဲ့ လုပ်နိုင်တာကို လည်း ချီးကျူးပါတယ်"

"ကျွန်တော့်ဝါသနာဆိုတော့ ပင်ပန်းပေမယ့် ပျော်ပါတယ်၊ ချယ်ရီ ရော ပျော်ရဲ့လား"

"ပျော်ပါတယ် စကားပြောရတာ ရင်လည်းခုန်တယ်"

"အတွေ့အကြုံပေါ့၊ ကျွန်တော်တို့နှစ်ယောက် ဝါသနာတူတယ် နော်"

သူက ဘာကိုရည်ရွယ်ပြီး လွှတ်ခနဲပြောလိုက်မှန်းမသိ။ ချယ်ရီ့ ခန္ဓာကိုယ်ကတော့ မတ်ခနဲဖြစ်သွားသလိုပဲ။

"ချယ်ရီ ပင်ပန်းလို့ အိပ်ချင်ပြီလား"

"မအိပ်ချင်ပါဘူး၊ ရောက်တုန်းက ခဏလေးမှိန်းလိုက်သေးတယ်၊ ဆရာမက အီးမေးလ်စစ်နေလို့ အောက်ဆင်းလာတာ။ စိတ်ထဲမှာ ပြန်မရောက်သေးဘူးထင်နေတာ"

"ကျွန်တော့်အိမ်ထိန်းတွေအပြင် သူစိမ်းတစ်ယောက်အနေနဲ့ ခုလို ပြောတာ ပထမဆုံးအကြိမ် ကြားဖူးတာပဲ ချယ်ရီ"

"ဟင်"

"သြော်...ကျွန်တော်ပြန်လာတာ၊ ပြန်မလာတာကို အာရုံစိုက်ပေးမှု ကို ပြောတာပါ။ ထားပါလေ၊ ပြောချင်တာက ဒီနေ့ ချယ်ရီ အရမ်းကိုကျက်သရေရှိပြီး လှနေတယ်"

"သြော်...အချင်းချင်းကို မြှောက်နေပြန်ပြီ၊ ကိုလင်းမြတ်လည်း မြန်မာဝတ်စုံ ဒီကနေ့ဝတ်ထားတာ အရမ်းကြည့်ကောင်းတယ်၊ ဘယ်သူကများ ဆင်ပေးထားလို့ ဒီလောက်လိုက်ဖက်နေလဲ မသိဘူးလို့ တွေးမိတယ်"

"ဘယ်သူမှမဆင်ပါဘူးဗျာ၊ ကိုယ်တိုင်ကြိုက်တာကို မန္တလေး အမရပူရရောက်တုန်းက ဝယ်ထားတာပါ"

"ဒီတစ်ခါကျရင် လက်ဆောင်ပေးပါ့မယ်"

"ရပါတယ်ချယ်ရီ၊ ပေးတော့လည်း မငြင်းကောင်းဘူးပေါ့၊ ဒါနဲ့ ချယ်ရီ အခုခရီးစဉ်ကို ဘယ်လိုမြင်လဲ၊ ဘာလိုလိုနဲ့ သန်ဘက်ခါ ဆို ပြန်ရတော့မယ်"

"သိပ်ကို ဗဟုသုတရတာတွေရှိခဲ့ပြီး ဥရောပကို ခြေလှမ်းဖို့ဆိုတာ စိတ်ကူးထဲတောင် ဝင်ရောက်မလာတဲ့စိတ်ကူးကို အကောင်အထည် ဖော်ပေးခဲ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ဥရောပ နောက်ခံပန်းချီကားတွေလည်း ဆွဲဖြစ်ဦးမယ်"

"Good...ချယ်ရီ့မှာ နောက်ထပ် အရမ်းဖြစ်ချင်တဲ့ စိတ်ကူးများ ဘာရှိသေးလဲ"

"...အဲဒီလိုကြီးတော့ မရှိပါဘူး၊ ဖြစ်ချင်တိုင်းဖြစ်ခွင့်မရတာတွေ လည်း အများကြီးလေ၊ လောဘတွေတက်ပြီး ဖြစ်ချင်တာများပြီး မဖြစ်ရရင် ကိုယ်ပဲ စိတ်ဆင်းရဲရမှာလေ"

"သေသေချာချာလေး စဉ်းစားဖူးလို့လား ဖြစ်ချင်တာကို"

"ဘဝမှာ အေးအေးချမ်းချမ်း စိတ်ချမ်းသာစွာ နေချင်ခဲ့တယ်၊ အဲဒါဖြစ်ချင်တဲ့ဆန္ဒပဲ ထင်တယ်"

"ချယ်ရီဖြစ်ချင်တဲ့ထဲမှာ ဘဝမှာ အေးဆေးဖို့အတွက် စိတ်ချမ်းသာဖို့အတွက် အဖြစ်ချင်ဆုံးဆန္ဒပြည့်ရင် အဲဒီအရာတွေအားလုံး အလိုလိုပြည့်ပြီးသားဖြစ်မှာပေါ့ ချယ်ရီ"

"ဟုတ်မှာပေါ့ ဒါပေမဲ့ ဘဝမှာ မထင်မှတ်တာတွေပဲ ဖြစ်ခဲ့တယ်၊ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရဖို့ အင်မတန်နည်းပါးခဲ့တယ်၊ အမှန်အတိုင်းပြောရရင် ဆရာဝန်ဖြစ်ချင်ခဲ့တယ်၊ ဖြစ်ချင်တာက မျက်စိအထူးကုသမားတော်ကိုဖြစ်ချင်တာ၊ မဖြစ်ခဲ့ဘူး၊ ကျွန်မတို့တုန်းက ဆရာဝန်လိုင်းတွေက အမှတ်သိပ်မြင့်တယ်"

"ချယ်ရီက ဘာလို့ မျက်စိအထူးကုဖြစ်ချင်တာလဲ"

"ရှင်"

"ရည်ရွယ်ချက်တစ်ခုခုများ ရှိလားလို့ပါ"

"ခန္ဓာကိုယ်မှာ အရေးကြီးဆုံးအစိတ်အပိုင်းတစ်ခုလို့ မြင်လို့ပါ၊ ဒီကုသမှုနဲ့ အခြားသူတွေအပေါ် အမြင်အာရုံကောင်းကောင်း ရစေချင်တယ်"

"ချယ်ရီ"

"ဟုတ် ကိုလင်းမြတ်"

"ကျွန်တော် စကားတစ်ခွန်းလောက်ပြောချင်တယ်"

သူက အဝေးကို လှမ်းကြည့်လိုက်ပြီး ရေနွေးခွက်ကို ယူသောက်လိုက်တယ်။ သူဘာပြောချင်လဲ။ ဘာပြောမှာလဲ။ ရင်တွေ တဒိတ်ဒိတ်ခုန်လာမိတယ်။ သူ့အကြည့်တွေကို လွှဲဖယ်ရင်း ချယ်ရီလည်း ရေနွေးပဲငုံသောက်နေမိတယ်။

"ချယ်ရီ့ကို မြင်မြင်ချင်း ကျွန်တော် အရမ်းသံယောဇဉ်ဖြစ်မိတယ်"

ဘုရား...ဘုရား ဆက်မပြောပါနဲ့လား ကိုလင်းမြတ်ရယ်

"အတိတ်ဘဝက ရေစက်ပါခဲ့လို့ ထင်ပါတယ်၊ ကျွန်တော့်ရဲ့ အထီးကျန်စိတ်တွေ ချယ်ရီ့ကြောင့် ပျော်ရွှင်ခဲ့ရပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကြောင့်လည်း အနေမကြပ်စေချင်ဘူး၊ ချယ်ရီ လွတ်လပ်စွာ စဉ်းစားပါ၊ ကျွန်တော်ကတော့ ဘဝမှာ မငြိတွယ်ဖူးတဲ့ ငြိတွယ်ခြင်း မဖြစ်ဘူးတဲ့ခံစားမှုတွေက ချယ်ရီနဲ့ကျမှဖြစ်ခဲ့ရတယ်၊ ခံစားခဲ့ရတယ်၊ အမှန်အတိုင်းပြောရရင် ခရီးစဉ်အရှည်ကြီးကနေ အတူလာခဲ့ကြပြီး သန်ဘက်ခါဆိုရင် ပြန်တော့မယ့်သူကို ကျွန်တော့်ရင်ထဲမှာ ဟာတာတာကြီးနဲ့ အရမ်းလွမ်းနေတာ၊ မခံစားတတ်ဘူးဖြစ်နေလို့ ဒီမှာလာထိုင်နေတာ ချယ်ရီ...ချယ်ရီ့ကို ကျွန်တော်ချစ်မိနေပြီ"

ကိုလင်းမြတ်က သူ့ခံစားချက်ပြောပြပြီး မျက်လုံးတွေကို မှိတ်လိုက်တယ်။ လက်နှစ်ဖက်နဲ့လည်း မျက်နှာပေါ်အုပ်လိုက်တယ်။

"တကယ်တော့ ကျွန်တော်ပြောချင်တာ နောက်တစ်ခုလည်း ရှိသေးတယ်"

"ဘာများလဲဟင်"

ပူပူနွေးနွေး ရည်းစားစကားပြောခံရသလိုခံစားရပြီး ကိုယ်တိုင်လည်း ဘာပြန်ပြောရမှန်းမသိ။ ရည်းရွယ်ထားသူရှိတယ်လို့ ပြောလိုက်ရမှာလား။ ဟင့်အင်းဆိုပြီး ငြင်းရမှာလား။

"ချယ်ရီရဲ့အဖြစ်ချင်ဆုံးဆန္ဒတစ်ခုကို ကျွန်တော်ဖြည့်ဆည်းပေးပါရစေ"

"ဘာဖြစ်ချင်တယ်လို့ မရှိပါဘူး"

"တကယ်ပဲလား၊ ချယ်ရီမေ့နေတာလား၊ ချယ်ရီ့ရဲ့ညာဘက်မျက်လုံးလေးတစ်ဖက်ကို..."

"ရှင်"

"အဲဒီမျက်လုံးတစ်ဖက်ကို ကုသဖို့ပြောတာပါ"

"ချယ်ရီ...လေ..."

"ကျွန်တော်နားလည်တယ် ချယ်ရီ၊ တွေ့ကတည်းက အနည်းငယ် ရိပ်မိပေမယ့် မသေချာဘူးလေ၊ ဒေးဗစ်က မျက်လုံးအထူးကု ဆိုတော့ သေသေချာချာ ချက်ချင်းသိတယ်၊ မေးတယ်၊ ကိုယ်တို့ တိုင်ပင်ကြည့်တဲ့အခါ ကုသလို့ရနိုင်တယ်တဲ့စမ်းသပ်တာတွေ ဘာတွေလုပ်ရမှာပေါ့၊ ဒါကြောင့် ဒေးဗစ်နဲ့တိုင်ပင်ပြီး ကုပေး ချင်တယ် ချယ်ရီ"

"ဆယ်နှစ်သမီးလောက်က သစ်မြစ်ချွန်နဲ့ထိခိုက်မိပြီး ဖြစ်ခဲ့တာပါ၊ မြန်မာပြည်မှာ မျက်စိဆရာဝန်အတော်များများနဲ့ပြခဲ့ပြီးပါပြီ၊ မရ တော့ လက်လျှော့လိုက်တာ၊ နောက်ထပ်လုပ်ဖို့ကို ကြောက်နေမိ တယ်၊ ကျန်တဲ့တစ်ဖက်ကွယ်ပြီး ထိခိုက်သွားမှာစိုးလို့"

"ချယ်ရီရယ် ဘာဖြစ်လို့လက်လျှော့လိုက်ရမှာလဲ၊ ဒီမှာက နည်း စနစ်တွေ အရမ်းကောင်းတယ်၊ ဒေးဗစ်က အရမ်းတော်တယ်၊ ကြည့်လိုက်တာနဲ့ သူက မှန်းနိုင်ပြောနိုင်တယ်၊ ဒီအတိုင်းကြည့် ရင်းနဲ့ ချယ်ရီ့ကိုမစမ်းသပ်ဘဲနဲ့ မြင်ရနိုင်တယ်လို့ပြောတာပဲ၊ သေချာစမ်းသပ်စစ်ဆေးရင်း ပိုတောင်ပြောနိုင်ဦးမယ်"

ကိုလင်းမြတ်ဆီက ဒီစကားကို အမှတ်မထင်ကြားလိုက်ရတာ ရင်တွေ တဒိတ်ဒိတ်ခုန်လာတယ်။ လက်ဖျားတွေတောင် အေးစက်လာ တယ်။

"ဒီမျက်လုံးလေး ပြန်မြင်ချင်တာ ချယ်ရီ့ရဲ့ အဖြစ်ချင်ဆုံးဆန္ဒလို့ ကိုယ်ကတော့ထင်တယ်"

"ဒါပေါ့၊ ချယ်ရီ့အလိုချင်ဆုံးဆန္ဒက ဒီမျက်လုံးလေး သိပ်ကောင်းချင်ပါတယ်။ နှစ်ပေါင်းများစွာ တစ်ဖက်တည်းနဲ့ကြည့်လာရတာ တကယ်တော့ မောပန်းပါတယ်။ ဒီမျက်လုံးလေးကြောင့် အသိုင်းအဝိုင်းကြားမှာ နှိမ်ခံရမှုကိုလည်း မလိုလားဘူးလေ၊ ကျွန်မအလိုချင်ဆုံးအရာဆိုတာ မှန်ပါတယ်။ ဒီမျက်လုံးလေး ပြန်ကောင်းလာဖို့က ချယ်ရီ့ အဖြစ်ချင်ဆုံးအရာတစ်ခုပါပဲ"

"ဒေးဗစ်နဲ့ တိုင်ပင်ထားလိုက်မယ်၊ ကျွန်တော် ဒီဇင်ဘာကို လာမှာဆိုတော့ ပြန်ရင် ချယ်ရီပါ လိုက်ခဲ့လေ၊ ဗီဇာတစ်ခါတည်းရအောင်လုပ်ပြီး လိုအပ်တဲ့အချိန်ကို ဒေးဗစ်ကိုမေးရမယ်၊ အိမ်က အမေကိုလည်း ပြောပြပါ၊ ကုသမှု ကုန်ကျစရိတ်အားလုံး ကျွန်တော်တာဝန်ယူပါရစေ၊ ချယ်ရီ့ဆန္ဒကို ဖြည့်ဆည်းခွင့်ရသူဖြစ်ချင်လို့ပါ"

နောက်ဆုံး သူ့အစီအစဉ်အားလုံးအောက်မှာ ခေါင်းညိတ်လိုက်တယ်။

ချယ်ရီ့မျက်လုံးလေး ပြန်ကောင်းလာရင် အမေရော ပင်စည်ရော ဘယ်လောက်ဝမ်းသာလိုက်မလဲ။ အမေက သူ့ကြောင့်ဖြစ်တယ်ဆိုပြီး အမြဲနောင်တရနေတဲ့ မိခင်ရဲ့စိတ်သောကကို ဖြေရှင်းပေးနိုင်သလို ပင်စည်နဲ့အတူ အသိုင်းအဝိုင်းမှာလည်း မျက်နှာငယ်မှာမဟုတ်တော့။ ကိုလင်းမြတ်က အမှန်တော့ ငြင်းစရာမရှိတဲ့သူပါ။ ချယ်ရီ့အဖြေတစ်ခုကို ဘယ်လိုမှလည်း ပြောမထွက်ရက်။ သူကပြောတယ်။ အဖြေကို ချက်ချင်းပြောဖို့မလိုပါဘူး စဉ်းစားပါတဲ့။

ချယ်ရီတော့ တော်တော့်ကို အနေခက်သွားပြီ။ လူတစ်ဖက်သားကို လှည့်စားပြီးနေသလိုလည်း မဖြစ်ချင်။ အပူငရဲကျတဲ့ဝေဒနာလည်း မပေးချင်။

ကိုယ့်ကြောင့် ခံစားနေရတာကိုလည်း စာနာသလို၊ သူ့ရဲ့အထီးကျန်မှုကိုလည်း ခံစားနိုင်ခဲ့တယ်။ ချယ်ရီကို အရိပ်လိုချစ်တဲ့ ပင်စည်ရဲ့ သစ္စာတရားကိုလည်း လေးစားယုံကြည်တယ်။ မြန်မာလိုပြောရရင် ခေါင်းနဲ့ပန်းမှာ ခေါင်းအရင်ကျပြီး ဦးခဲ့သူက ပင်စည်ဖြစ်နေတယ်။ ဒုတိယလူ ပန်းကိုပိုင်ဆိုင်တဲ့ ကိုလင်းမြတ်အတွက် ချယ်ရီဘာယ်လိုလုပ်ပေးရမှန်း မသိတော့ပါ။ မျှော်လင့်ပြီး နာကျင်ခံစားရမှာလည်း စိုးရိမ်တယ် ကိုလင်းမြတ်ရယ်...။

"ချယ်ရီလည်း ကျွန်တော့်စကားကြောင့် အနေမကျပ်ပါနဲ့။ ထွက်ပြေးသွားမှာ ကြောက်တယ်။ ကျွန်တော်တွေးနေတာ တစ်ခုရှိတယ်...အမြင်အာရုံကို သိပ်အလေးထားရတဲ့အလုပ်မှာ ချယ်ရီ့မှာ အမြင်အာရုံအားနည်းချက်အဖြစ်ရှိနေခဲ့တယ်။ ဒါပေမဲ့... ချယ်ရီရဲ့ပန်းချီကားတွေမှာကျ မထင်ရလောက်အောင် ကောင်းနေတယ်။ ဘာလို့လဲချယ်ရီ...ကျွန်တော်သိချင်တယ်"

အတွေးများနဲ့ စိတ်ရှုပ်သွားတာကို ကိုလင်းမြတ် ရိပ်မိပြီး စကားကိုချက်ချင်းပြောင်းလဲပစ်လိုက်တဲ့အတွက် အသက်ရှူချောင်သွားသလို ခံစားရရင်း ကိုလင်းမြတ်ရဲ့ တောက်ပနေတဲ့မျက်ဝန်းကို ပြန်ကြည့်ရင်း... စိတ်ထဲမှာတော့ ကျေးဇူးတင်မိတယ်။

"ကိုလင်းမြတ်ရယ်... ချယ်ရီ့မှာ ကြီးကြီးကျယ်ကျယ်ပြောရမယ်ဆိုရင် အင်ဒရူးဝိုင်းယက်လို ဟိုက်ပါရီရယ်လစ်ဇင်ကြီးရေးဖို့ မဆိုထားနဲ့ ရိုးရိုးရီရယ်လစ်ဇင်ကိုရေးဖို့တောင် ကိုယ့်အမြင်အာရုံရဲ့အားနည်းမှုကြောင့် မချင့်မရဲစိတ်ခံစားချက်တွေနဲ့ သိမ်ငယ်မိတယ်။ ချယ်ရီ့အနေနဲ့ ရှုမျှော်ခင်းတစ်ခုကို အများနည်းတူ အဲဒီနေရာမှာသွားရေးမယ်ဆိုရင် ချယ်ရီကိုယ်တိုင်က မျက်လုံးအားနည်းချက်ကြောင့် ပြည့်ပြည့်စုံစုံရပ့ါမလားလို့ စိတ်အားငယ်လာမိတယ်။

ချယ်ရီက ဒီရှုမျှော်ခင်းတွေကိုကြည့်ပြီး အာရုံနဲ့ အနှစ်သာရကို ပြန်မွေးစားယူခဲ့ရတယ်…အဲဒီလို စိတ်ကူးရလာပြီး အာရုံမြင်ဝါဒ ဘက်ကို ပိုအလေးပေးတွေးလာခဲ့တယ်…ဒါကို အပြင်လူတွေ သိနိုင်မယ်မထင်ဘူး…ချယ်ရီ့အာရုံထဲမှာ ခံစားနေရတာက ခုလို ပြောနေတာထက် မြင်နေတာ ထိတွေ့နေတာထက်ကို ပိုတယ်။ ရေးရင်း ရေးရင်း သဘာဝထက်ပိုပြီး ခံစားရေးဖွဲ့ချင်ခဲ့တယ်… Logic တွေ တစ်ခုပြီးတစ်ခု ရလာတယ်။ ဒါကြောင့် စိတ်ကူး အာရုံဘက် ပိုနှစ်မြှုပ်မိတယ်။ စိတ်သွားသလောက် လက်ရောက်ဖို့ ဆိုရင် ဒီလိုရေးချက်က အလိုက်ဆုံးမဟုတ်လား”

“ကျွန်တော် ချယ်ရီ့ရဲ့ Logic စိတ်ကူးကို ပိုအာရုံလာတယ်ဆိုတာ မြင်မိတယ်။ ဘယ်ဘက်ကို တိမ်းနေလဲဆိုတာ သိသာလာတယ်၊ နောက်ပိုင်း ပန်းချီကားတွေဟာ ရှေ့ပိုင်းပန်းချီတွေနဲ့ ကွဲပြားလာ တယ်။ ရှေ့ပိုင်းမှာ ချယ်ရီ ရီရယ်လစ်ဇင်ဘက်ကို တိမ်းတယ်… ဒီမှာလည်း ရှုမျှော်ခင်းတစ်ခုရှေ့ နေပူထဲ ဦးထုပ်တစ်လုံးဆောင်း ပြီး ဒီရှုခင်းကိုရေးတယ်လို့ ထင်ချင်ထင်မယ်။ အမှန်တော့ မဟုတ် ဘူး။ အာရုံထဲမှာထည့်ပြီး ရေးလာကြတာ… Impressionist လို့ ခေါ်တာပေါ့။ ပန်းချီမှာ ခံစားချက်တွေကို Impressionism နဲ့ ပေါင်းစပ်လိုက်တဲ့အခါကျ subject ပုံရိပ်တွေ အဓိကမဟုတ်တော့ ဘူး။ ပန်းချီဆရာအသစ်တစ်ယောက်မွေးဖွားတဲ့ အကြောင်းအရာ အသစ်တွေကို တွေ့ရတယ်။ ဥပမာ ချယ်ရီ့ရဲ့ ခုနောက်ပိုင်းကား တွေမှာ အရုပ်တွေကို တိကျစွာ မမြင်ရတော့ဘူး။ အသစ်ရေးချက် တွေ ဖြစ်လာတယ်…”

“ဟုတ်တယ်…ကိုလင်းမြတ်၊ ပန်းချီမှာတော့ Impressionism အာရုံ မြင်ဝါဒလို့ ခေါ်ကြတာပေါ့လေ။ ဒါကလည်း Nonobjective

ဖြစ်ရာကနေ စလာတာပဲ…တချို့ပုံတွေမှာ Imformation ရနံ့တွေတော့ ပါနေဦးမှာပဲ”

“ဒါပေါ့ ချယ်ရီ့ဆရာကားတွေလည်း ဒီလိုပဲလေ…ဒါကြောင့်လည်း ဆရာနဲ့ အတွေးတူလို့ ချယ်ရီ့ရေးဟန်တွေကို သဘောကျတာဖြစ်မယ်။ ကျွန်တော့်သဘောအရဆိုရင် ချယ်ရီ့ရဲ့ အမြင်အာရုံဝါဒတွေ၊ ခံစားမှုသက်သက်တွေ ဘယ်လောက်ပဲ ကောင်းနေပါစေ ချယ်ရီ့ကို (Abstract Expressionism) ခံစားမှုသက်သက် ဒြပ်မဲ့ပန်းချီအထိတော့ လွတ်မြောက်မသွားစေချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ချယ်ရီ့ရင်ထဲမှာ ထုနဲ့ထည်နဲ့ ကိန်းအောင်းနေတဲ့ မြန်မာ့အလှ သဘာဝတွေကို Impressionist ရေးချက်တွေနဲ့ ကမ္ဘာသိအောင်ပြစေချင်ခဲ့တာ ကိုယ့်ဆန္ဒပဲ။ မြန်မာဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုအတွက် မြန်မာတစ်မျိုးသားလုံးအတွက် ချယ်ရီ့အပေါ် လွှမ်းမိုးထားတဲ့ ကိုယ့်အတ္တလို့တော့ မမြင်စေချင်ဘူး။ ကမ္ဘာမှာ အခုနောက်ပိုင်း Surrealism ဆိုတဲ့ တရားလွန်ပုံဖျက်ပြီး စိတ်ကူးယဉ်တဲ့ပန်းချီကားတွေ သိပ်မရေးကြတော့တာ အဲဒါကြောင့်လို့ထင်တာပဲ။ ဘယ်လူမျိုး ဘယ်ဇာစ်မြစ်ဆိုတာကို မတွေ့ရတော့ဘူး”

“ချယ်ရီလည်း Surrealism တွေကို သိပ်တော့ သဘောမကျလှဘူး။ အရှိတရားပစ္စည်းတွေနဲ့ အင်စတော်လေးရှင်း (Installations) လုပ်ပြတဲ့ ပြကွက်လောက်တောင် စိတ်ထဲ အရသာမတွေ့လှဘူး”

“ချယ်ရီ့ကို ဥရောပအလှကို ခံစားစေချင်သလို ချယ်ရီ့ရဲ့ လက်ရှိအတွေး Logic တွေပေါင်းစပ်ထားတဲ့ မြန်မာ့အလှတွေကိုလည်း ကြိုဆိုချင်တယ်… ဒီနေ့ပြပွဲမှာပါတဲ့ ဥရောပပန်းချီဆရာတွေလည်း subject ကို ထပ်ပြန်တလဲလဲ ရေးလာတဲ့အခါ ရိုးအီလာပြီး

ဒိုင်မဲန်ရှင်းအသစ်ကို ပြောင်းလာကြတယ်။ အဲဒီလိုပြောင်းရင်း (Semi Abstract) တွေဖြစ်လာကြတယ်။ တစ်ခြမ်းတစ်ဝက်လောက် သဘောပါတဲ့ အကြောင်းအရာ သင်္ကေတကိုညွှန်းဆိုတဲ့ ပုံတွေ များလာတယ်။ သူတို့လည်း စစချင်းတော့ (ရီရယ်လစ်ဇင်) ကို ရေးခဲ့ကြတာပဲ။ ချယ်ရီလည်း **အစက** ဒီလိုပဲ။ နောက်ပိုင်း အာရုံစိတ်ကူးတွေဘက် ယိမ်းလာတဲ့အခါ (Semi Abstract) ကို ပိုခံစားရေးဖွဲ့ လာတယ်။ ပြင်ပရှုခင်းတွေဆီ မျက်နှာချင်းဆိုင် ကြည့်ပြီး သွားမရေးတော့ဘူး"

"ပန်းချီဆရာဟာ အခန်းထဲ ပြန်ရောက်လာတယ်။ ဟုတ်တယ် မဟုတ်လား"

"ကိုလင်းမြတ် အရမ်းကြိုက်တဲ့ Cherry Road ပန်းချီကားဟာ ချယ်ရီ အပြင်မှာသွားဆွဲတာ မဟုတ်ဘူး။ အခန်းထဲမှာပဲ အာရုံခံပြီးဆွဲတာ...အာရုံစိတ်ကူးတွေဘက်ကို ယိမ်းလာတဲ့အခါ အလင်းနဲ့ ရာသီဥတုကြောင့် ပြောင်းလဲသွားလေ့ရှိတဲ့ အရောင်တွေရဲ့ (Atmosphere) အက်သ်မောဖီးယားထဲမှာ ဗျာများနေရတာကို မခံစားချင်တော့ဘူး။ အာရုံမှာ ခံစားလာရတာကို ဘာသာစကား တစ်ခုထက်သာအောင် ပန်းချီနဲ့ပြောချင်တယ်။ အရောင်တွေက ချယ်ရီ့ကို လိုရာဆွဲခေါ်သွားတယ်။ အဲဒါကို မခံစားနိုင်ဘူး... အိုင်ဒီယာတစ်ခုကို အမိအရဖမ်းဆုပ်ပြီး ချယ်ရီ့ပန်းချီခန်းထဲ ပြန်ရောက်လာတာများတယ်။ ဆရာကိုမင်းဝေအောင်ရဲ့ ကားတွေက ချယ်ရီ့ကို တစ်ခုသင်ပေးလိုက်တယ်... ဘာလဲသိလား ကိုလင်းမြတ်"

"ကျွန်တော်လည်း ကိုမင်းဝေအောင်ရဲ့ ရန်ကုန်သံလွင်လမ်းထဲက Gallery ကို ရောက်ဖူးတယ်... အကျယ်ကြီးပဲ၊ ဓာတ်လှေကားနဲ့ တောင် တက်ရတယ်... မြန်မာနိုင်ငံရဲ့ ဂုဏ်ယူစရာကောင်းတဲ့

ပန်းချီကားတွေကို တွေ့ရတယ်။ ကျွန်တော်လည်း ဝယ်ခဲ့တယ်။ ပြောကြည့်မယ်...ကိုမင်းဝေအောင်ကားတွေက သူပြောချင်တဲ့ အကြောင်းအရာတွေ အမိအရပါတယ်။ ဘက်ဂရောင်း အက်သ် မောဖီးယားတွေဆီ သိပ်မလိုက်ဘူး။ အရောင်အသုံးတွေ... ဒါတွေ မဟုတ်လား ချယ်ရီ"

"ဟုတ်ပါတယ် အဲဒါတွေကို သိပြီးကတည်းက တဖြည်းဖြည်း ချယ်ရီက Semi-Abstract ဆီမီး အက်ဘ်စထရက်တွေလို ဖြစ်လာတယ်။ တဖြည်းဖြည်းမှ ပြောင်းလဲလာတာပါ"

"ကျွန်တော်ခံစားမိတယ်... ကိုမင်းဝေအောင်က ဥရောပရဲ့ အနုပညာဗဟိုချက်ဖြစ်တဲ့ လန်ဒန်မြို့မှာ ပန်းချီပြပွဲပြတာ ခြောက်ကြိမ် လောက်ရှိပြီ...ကျွန်တော်သွားခဲ့တယ်...အဲဒီမှာ ဒီကနိုင်ငံခြားသား (ဝယ်သူ) တွေက ဘုန်းကြီးမယ်သီလရှင်တွေ ကျောခိုင်းသွားလာနေတဲ့ ထူးခြားတဲ့ဟန်တွေကို သဘောကျပြီးမေးကြတယ်။ ကိုမင်းဝေအောင်ကတော့ လှုပ်ရှားဟန်တွေကို ရိုးရိုးဆွဲခဲ့တာပါပဲ... နောက်ပြန်လှုပ်ရှားဟန်တွေကိုလည်း ပိုနှစ်သက်တဲ့သဘောပေါ့ အခြားဝယ်သူ ကြည့်သူတွေရဲ့ ခံစားချက်မှာကျမဟုတ်ဘူး... မြန်မာ့အတွေးအာရုံနဲ့ ပြန်ပြောကြတယ်။ ရဟန်းသံဃာတော်တွေဟာ လူ့ဘောင်ကို ကျောခိုင်းပြီး နိဗ္ဗာန်ကို သွားနေသလို ခံစားရတယ်ဆိုတဲ့အဖြေကို ခံစားနှစ်သက်ခဲ့ပြီး သူက အဲဒီလို ဒီမှာ ပြန်ပြောပြတော့ နိုင်ငံခြားသားတွေ အရမ်းနှစ်သက်ကြတယ်... ဒီမှာကတော့ မြန်မာ့ဒဿနတွေကို ဘာသာရေးအနေနဲ့ ခံစားတာ မဟုတ်ဘူး... ဒီပန်းချီကားတွေကိုကြည့်လိုက်ရင် သူတို့စိတ်ထဲ အေးသွားတယ်... အေးချမ်းတယ်ဆိုတဲ့ ခံစားချက်ကို ရကြတယ်လို့ ပြောကြတယ်"

"တကယ်လည်း အမှန်ပဲ ကိုလင်းမြတ်...၊ ၉၄ လောက်မှာမှ ပြောင်းလဲရေးဆွဲပြီး ဒီအကြောင်းအရာတစ်ခုကို Focus ယူဆွဲခဲ့

တာ… ကိုမင်းဝေအောင်ကို ကမ္ဘာကျော်စေတဲ့ အတွေးကောင်း တစ်ခု မွေးပေးလိုက်တာပဲ… မျိုးဆက်သစ်တွေအတွက် ကမ္ဘာနဲ့ နိုင်ငံတကာတိုင် ရင်ဘောင်တန်းစေနိုင်မယ့် တွန်းအားတစ်ခုလို ခံစားမိတယ်”

“သိပ်ဟုတ်တာပေါ့… ဒါကြောင့် အတွေးကောင်းတွေရှိတဲ့ ချယ်ရီ့ ပန်းချီတွေကိုလည်း နှစ်သက်လို့ နိုင်ငံတကာကို မြန်မာဆိုတာ စိတ်ဝင်စားဖို့ ချပြတာပေါ့။ ကိုမင်းဝေအောင် ပန်းချီတွေကို နှစ်သက်ပြီး မြန်မာပြည်ကိုလာကြတဲ့ ဥရောပသားတွေ များသလို ချယ်ရီ့ပန်းချီကားတွေကိုကြည့်ပြီးလည်း ဒီလိုပဲဖြစ်လာနိုင်မယ်လို့ ယုံကြည်ပါတယ်”

“ကျေးဇူးပါ ကိုလင်းမြတ် ချယ်ရီကြိုးစားမှာပါ…”

“ဟုတ်ပါပြီ…စိတ်ထဲမှာ ရှိပြီးသားပုံရိပ်တစ်ခုပဲလေ၊ နောက်ပိုင်း မှာ ဆရာလည်း ဘုန်းကြီး သီလရှင် ကိုရင်လေးတွေကိုပဲ ဟန် အမျိုးမျိုးရေးဖွဲ့တာကို သူ့အခန်းထဲမှာတင် မှတ်တမ်းတွေ စိတ်ကူး တွေနဲ့ ပေါင်းစပ်ဆွဲနေတာပဲ…”

“ဟုတ်တယ်။ ဆရာက မြန်မာ့ဟန်တွေကို နောက်ကျောကနေ ရေးရတာတွေကြိုက်တယ်။ on the Road လိုကားမျိုးတွေမှာ အခြေခံလူတန်းစားတွေရဲ့ဘဝကို အပူရောင်ဖြစ်တဲ့ အဝါတစ်ခုထဲ သုံးတယ်။ အနီနဲ့သုံးတာလည်းတွေ့ဖူးတယ်”

“ကိုယ်လည်း ချင်းမိုင်ပြပွဲမှာ တွေ့တယ်။ ထပ်ပြန်တလဲလဲ ကြည့်ရတဲ့ ပန်းချီကားတွေပါ…။ ကိုရင်လေးနဲ့ ခွေးပုံတွေလည်း သိပ်ကောင်းတယ်။ ကဲ…ချယ်ရီလည်း ပင်ပန်းနေရောပေါ့။ ခုလို ကိုယ်တို့နှစ်ယောက်ကြားစကားတွေအကြာကြီး ထိုင်ပြောနေနိုင် တာက အတွေးတူလို့ပါ။ ဝမ်းလည်းသာပါတယ်။ ရှေ့ကပြောခဲ့ တဲ့စကားအတွက် ချယ်ရီ့ဆီကနေ ကိုယ်မျှော်လင့်ပါရစေ။ ချယ်ရီ့

အမြင်အာရုံအတွက်လည်း ကုသဖို့လက်ခံတဲ့အတွက် ကျေးဇူးတင်တယ်"

"ချယ်ရီက ကျေးဇူးတင်ရမှာပါ ... ဒါဆို အပေါ်တက်တော့မယ်နော်"

"Good Night ချယ်ရီ"

"Good Night ကိုလင်းမြတ်"

* * *

Paris ရဲ့ဒုတိယရက်နဲ့တတိယရက်မှာ အထင်ကရနေရာတွေဖြစ်တဲ့ Louve ပြတိုက် အီဖယ်မျှော်စင်၊ ဆိမ်းမြစ်၊ ဆိမ်းမြစ်ကမ်းဘေးက သော့တံတားဇာဆိုင်းနန်းတော်။ ခါးကုန်းကြီးရုပ်ရှင်ကားထဲက နော့သန်ဘုရားကျောင်း။ ခမ်းနားကြီးကျယ်လှတဲ့ လူဝီဘုရင်မျိုးဆက်တွေရဲ့ အထင်ကရနန်းတော်ကြီးတွေ။ ရှေးနှစ်ပေါင်းများစွာက ကျောက်သားတွေနဲ့ ဆောက်လုပ်ထားတဲ့နန်းတော်ကြီးနဲ့ ပန်းပုလက်ရာများ ကြည့်လို့မကုန်နိုင်အောင်များပြားလွန်းလှတယ်။ ခမ်းနားလွန်းလှတဲ့ Paris မှာ ဘုရင်တွေက သူတို့အဆောက်အဦကြီးတွေ နန်းတော်ကြီးတွေကို နောင်လာနောက်သားတွေလက်ထဲ တစ်သက်တာစားပေရော့လို့ နိုင်ငံအတွက် ထားခဲ့ပေးသလိုပဲ။

ပြတိုက်ထဲဝင်ဖို့ တန်းစီစောင့်နေကြတာ အများကြီးပဲ။ ပီကာဆို၊ မိုနေးတို့အနုပညာသမားတွေ ဆုံဆည်းလေ့ရှိတဲ့ မိုးမန့်တောင်ကုန်းတစ်ဝိုက်ကို ရောက်ခဲ့ပြီး ပီကာဆိုထိုင်နေကျ ကော်ဖီဆိုင်လေးမှာ ဆရာတို့က ဘီယာသောက်၊ ချယ်ရီတို့က လာဖျော်ဖြေတဲ့သံစဉ်ကို နားထောင်ရင်း ပြင်သစ်အလှကို ငေးမောခဲ့ကြတယ်။

အဲဒီနေရာလေးမှာ ပန်းချီလာဆွဲသူ၊ အပန်းလာဖြေသူနဲ့ လူစည်ကားလှတယ်။ မြန်မာပြည်က လေထန်ကုန်းလိုနေရာလေးလည်း ရောက်ခဲ့

တယ်။ ပုံတူပန်းချီဆွဲကြတယ်။ အနုပညာရပ်ဝန်းလေးတစ်ခုလို သီးသန့်လေးဖြစ်နေတဲ့ 'မိုးမန့်' တောင်ကုန်းကို သဘောကျတယ်။

သဘာဝဆန်စွာဘဲ အိမ်တွေရဲ့တိုက်နံရံမှာ အမှတ်တရပစ္စည်းလေးတွေ ချိတ်ပြီး ရောင်းချပေးတယ်။ ပင်စည်ကို သတိရမိတယ်။ ဒီနေရာလေးမှာ သူသဘောကျမှာ အမှန်ပဲ။ Paris နဲ့မတူဘဲ ရပ်ကွက်လေးတစ်ခု။ ဆိုင်တွေမှာလည်း ဂစ်တာလေးတီးပြီး ဖျော်ဖြေသူတချို့လည်းတွေ့ရတယ်။ ကိုလင်းမြတ်က သီချင်းဆိုသူတွေကို ဘယ်နေရာပဲဖြစ်ဖြစ် ပိုက်ဆံပေးလေ့ရှိတယ်။

အရေးကြီးဆုံးလူ့အခွင့်အရေးကို ဦးထိပ်ထားတဲ့နိုင်ငံဖြစ်ပြီး ပြင်သစ်ရဲ့အနုပညာတွေက စားပိုးနင့်အောင် အန်ချထားသလားထင်ရတယ်လို့ ပြောလို့ ချယ်ရီရဲ့တင်စားမှုကို သဘောကျစွာ ရယ်ကြတယ်။ ပါရီက မိုနာလီဇာအပြုံးထက်တောင် ပိုလှတယ်လို့ပြောချင်တာ။ အနုပညာဟာ လူတွေရဲ့နှလုံးသားအိမ်မိုးရှင်းကို မြင့်တက်စေခဲ့တယ်။ နပိုလီယန် လူဝီတွေရဲ့ဇာတ်လမ်းတွေတွေနဲ့အတူ အီဂျစ်က သိမ်းပိုက်ခဲ့တဲ့ကျောက်တိုင်ကြီးကို မရရအောင် သယ်ဆောင်လာပုံ၊ သေဆုံးသူတွေကို မီးပူဇော်ထားတဲ့နေရာမှာ နပိုလီယန်အကြောင်းကို ကိုလင်းမြတ်က ရှင်းပြခဲ့တယ်။

ပြင်သစ်ရဲ့အလှဆုံးဖြစ်တဲ့လမ်းမကြီးက အပြန်မှ မီးတွေလင်းထိန်နေတယ်။ တစ်နေကုန်လည်ပတ်ခြင်းရပ်သွားချိန်မှာ လူက နည်းနည်းနားချင်လာတယ်။ မနက်ဖြန်တော့ ဝယ်စရာရှိတာလေးတွေ လက်ဆောင်ပေးဖို့ဝယ်ပြီး ပစ္စည်းသိမ်းမယ်။ ပန်းချီပြခန်းဘက် ခဏသွားပြီး အိမ်မှာနားလိုက်ဖို့ အားလုံးသဘောတူညီကြတယ်။ အပြန်အိပ်ရေးပျက်ဦးမှာမို့ ကိုယ်တိုင်လည်း နားချင်နေတယ်။

ကိုလင်းမြတ်ကတော့ ချယ်ရီမျက်လုံးကိစ္စကို အားလုံးကို ဖွင့်ဟပြောတော့ ဆရာနဲ့ဆရာမကပါ အံ့ဩဝမ်းသာသွားကြတယ်။ ဆရာနဲ့

ဆရာမက ငယ်ကတည်းက ချယ်ရီတို့အကြောင်းကို သိပြီးသားလူတွေ ဖြစ်လို့။ သူကလည်း မကွယ်ဝှက်ထားချင်လို့ ဖွင့်ပြောမယ်ဆိုတာကို သဘောတူခဲ့တယ်။

နောက်တစ်ခေါက် ပြန်လာရမှာဖြစ်လို့ ပြောကိုပြောရမှာလည်း ဖြစ်တယ်။ သူက ဒေးဗစ်ဆီဖုန်းဆက်ပြီး ချယ်ရီ့ကိုပါ စကားပြောခိုင်းတယ်။ ဒေးဗစ်ကတော့ အာမရဲရဲခံတာမို့ မျှော်လင့်ချက်ရှိတဲ့ချယ်ရီ့မျက်လုံးအတွက် မျက်ရည်ဝဲအောင်ထိ ဝမ်းသာပေးကြတဲ့အားလုံးကို အထူးလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ်။ နှုတ်ဆက်ဒင်နာလေးက ပျော်စရာနဲ့ အဆုံးသတ်ခဲ့ကြပါတယ်။

ဖုန်းလေးကို အခန်းထဲရောက်မှကြည့်လိုက်တော့ ပင်စည်ဖုန်းခေါ်ထားတယ်။ မအိပ်ခင် အီးမေးလ်လေးတစ်စောင် ပို့ချင်တယ်။ FB လေးမှာ သူ့ဘက်က မီးစိမ်းနေတာမို့ စာပို့လိုက်တယ်။

"ပင်စည်"

"ဖုန်းက အခန်းထဲ အားသွင်းထားခဲ့လို့ မကိုင်လိုက်ရဘူး၊ မနက်ဖြန် ညနေလေးနာရီလောက်ဆိုင်နော်၊ ရန်ကုန်လေဆိပ်ကို လာကြိုမှာလား"

"လာကြိုမှာပေါ့၊ အရမ်းသတိရနေပြီ"

"အတူတူပဲ"

"ပြင်သစ်မှာရော ဘယ်လိုလဲ၊ ပြပွဲပုံတွေမှာ အရမ်းလှတယ်၊ မြန်မာဝတ်စုံနဲ့ အီဖယ်မျှော်စင်ရှေ့ကပုံလည်း မိုက်တယ်၊ သော့ တံတားကပုံလည်းလှ၊ ကိုယ်ကတော့ အကုန်လှတယ် ချယ်ရီရေ"

"ဟုတ်ကဲ့ပါရှင်"

"Good Night… ချယ်ရီလည်း ပင်ပန်းနေတော့မယ်၊ ဒီမှာတော့ မိုးလင်းတော့မယ်၊ ချယ်ရီ့ပုံတွေ အစအဆုံးပြန်ကြည့်နေတာ"

"Good Night ပင်စည်"

"အရမ်းချစ်တယ်"

"ချစ်တယ်"

ပင်စည့်ဘက်က အသည်းပုံလေးများ တန်းစီပေါ်လာတယ်။ လိုင်းပေါ်ကထွက်ပြီး power ပါပိတ်လိုက်တယ်။ ပင်စည့်ကို မျက်လုံးကုသမယ်ဆိုတာလည်း မပြောချင်သေး။ ခုလိုပြောပြလိုက်ရင် သူ စိတ်မချမှုနဲ့ သောကတွေများနေမှာ အသေအချာပါ။ ချစ်သူက ပြပေးမယ်။ ပြန်စမ်းသပ်ရအောင် မန္တလေးဆရာဝန်တွေနဲ့ပြကြည့်ရအောင်လို့ ပြောတုန်းက ချယ်ရီငြင်းခဲ့ပါတယ်။ ကိုယ့်ရဲ့ကျန်နေတဲ့ မျက်လုံးလေးတစ်ဖက်ပါ ကွယ်သွားမှာစိုးရိမ်စိတ်နဲ့ အောင်မြင်လား၊ မအောင်မြင်လား မသိတဲ့စမ်းသပ်မှုကို မလုပ်ချင်တော့။ မျှော်လင့်ချက်မဲ့မှာကို အရမ်းကြောက်ရွံ့ခဲ့ပြီး နေမြဲအတိုင်းလေးသာ နေချင်ခဲ့တာ။

ခုကျတော့ ချယ်ရီမျက်လုံးအတွက် မျှော်လင့်ချက်ကို ရဲရဲဝံ့ဝံ့အာမခံတဲ့ ဒေးဗစ်နဲ့ကိုယ်တိုင်တွေ့ စကားတွေပြောရတော့ စိတ်ထဲမှာ အရမ်းအားတက်လာခဲ့တယ်။ မျှော်လင့်ချက်မရှိတော့တဲ့အရာတစ်ခု မျှော်လင့်ချက်လေး ရလာခဲ့သလို လက်တွေ့မမြင်ရသေးတာတောင် ချယ်ရီရင်တွေအရမ်းခုန်လာတယ်။ ကိုယ့်ရဲ့အဖြစ်ချင်ဆုံးဆန္ဒကို မေ့နေခဲ့တာလည်း ကြာပါပြီ။ မေ့ထားခဲ့တာလည်း ကြာခဲ့ပြီ။ ဘဝဝဋ်ကြွေးတစ်ခုကိုပေးဆပ်လိုက်ရတယ်လို့ သဘောထားရင်း ဖြေသိမ့်ခဲ့ရတယ်။

ဝမ်းနည်းအားငယ်စိတ်တွေနဲ့ ချစ်တဲ့သူကို တွေ့လာပြန်တော့ ရဲရဲဝံ့ဝံ့ပြန်မချစ်ရဲခဲ့ဘူး။ ပင်စည်က လက်တွေ့ဆန်စွာ ဘာပဲဖြစ်ဖြစ် ချစ်ခဲ့တဲ့သူ။ ကိုလင်းမြတ်ကတော့ ချယ်ရီ့အလိုအပ်ဆုံးအရာကို ဖြည့်ဆည်းပေးချင်သူ။ ကိုလင်းမြတ်ကိုလည်း လေးစားရင်း သူ့ရဲ့ကူညီမှုကို လက်ခံပေးလိုက်တာဟာ တစ်ချိန်မှာ ကျေးဇူးတရားနဲ့ ပြန်လည်တုပ်နှောင်မယ့်သူမျိုး မဟုတ်လို့ပါ။ ကြိုးရှည်ရှည်နဲ့ဆွဲထားတဲ့သူမျိုး မဖြစ်ချင်လို့။ တစ်ချိန်ကျရင် အလိုလိုသိလာနိုင်မယ့်အဖြေတစ်ခုကို ပေးချင်တယ်။

ချယ်ရီက ရက်စက်တတ်သူ မဖြစ်ချင်ဘူး။ ငြင်းစရာနဲ့ပြောစရာ မရှိတဲ့ ကိုလင်းမြတ်အတွက် ချယ်ရီ့အဖြေက သူ့ကို ဓားနဲ့နာနာမွှန်းလိုက်သလို ဖြစ်မှာကိုလည်း အရမ်းစိုးရိမ်တယ်။

* * *

မနက်ပိုင်း ဈေးဝယ်ဖို့ သီးသန့်ထွက်လာခဲ့ကြတယ်။ ပင်စည့်အတွက် ရေမွှေး၊ အမေ့အတွက် မာဖလာ၊ သဲနဲ့ဒေါ်လေးအတွက် နှုတ်ခမ်းနီ၊ မိတ်ကပ်၊ ဦးပြည့်အတွက် ရေမွှေး။ ချယ်ရီကိုယ်တိုင်အတွက်က ပင်စည်နဲ့ဆင်တူ ရေမွှေးတစ်ပုလင်းပဲ ဝယ်ဖြစ်တယ်။

ကိုလင်းမြတ်က သူ့ရဲ့ကဒ်နဲ့ပိုက်ဆံ အတင်းရှင်းပြီး ချယ်ရီ့ကို သူကိုယ်တိုင်ရွေးချယ်လာတဲ့လွယ်တဲ့အိတ်တစ်လုံး ဆရာကိုလည်း မာဖလာ၊ ဆရာမကိုလည်း အိတ်တစ်လုံးလက်ဆောင်ပေးတယ်။ ခပ်သွက်သွက် ရွေးချယ်ပြီး ကောင်တာမှာ ပိုက်ဆံရှင်းတော့မှ သိရတယ်။ ဆရာရော၊ ချယ်ရီတို့ရော ကိုယ်ဝယ်တာကို အတင်းပိုက်ဆံပြန်ပေးရတယ်။

လက်ဆောင်ကိုတော့ ယူမယ်။ အခြားဝယ်တာကိုတော့ မပေးဖို့ အတင်းပြောမှရသွားတယ်။ သူကိုယ်တိုင်ရွေးချယ်ထားတဲ့ brand အကောင်းစားအိတ်လေးရဲ့ဈေးက ကြီးမှာမို့ ချယ်ရီကတော့ နှမြောနေမိတယ်။ သူကတော့ ပြုံးပြီး ဘယ်လိုမှမနေ။ ဘယ်လိုပဲဖြစ်ဖြစ် အားနာမိတယ်။

ပန်းချီပြခန်းကို တစ်နာရီလောက်ဝင်ပြီး ချယ်ရီတို့ပန်းချီကားတွေကို တန်ဖိုးသင့်ပြီး ရှင်းပေးတယ်။ ဆရာနဲ့ဆရာမကား ဒုတိယနေ့မှာ ထပ်ရောင်းရတယ်။ ကိုလင်းမြတ်က ရောင်းရတဲ့ကားဖိုးနဲ့ လက်ကျန်ကားဖိုးတွေကို သူ့လက်ထောက်ကို စာရင်းအတိအကျနဲ့ ငွေသားပါ ရှင်းပေးတယ်။

တိကျသေသပ်တဲ့တံဆိပ်နဲ့ လက်မှတ်ပါတဲ့စာရွက် တစ်စုံစီကို တစ်ယောက်စီ ငွေသားလက်ခံကြောင်း လက်မှတ်ထိုးလိုက်ကြတယ်။ ကိုလင်းမြတ်ကလည်း လက်မှတ်ထိုးပြီး သူ့လက်ထောက်ကို ပြန်ပေးလိုက်တယ်။ စာရင်းသွင်းဖို့ အင်္ဂလိပ်လို လှမ်းပြောလိုက်တယ်။ လက်ထောက်က နယ်သာလန်သားလေး။ ကိုယ့်လူမျိုး မြန်မာတစ်ဦး ခုလိုအောင်မြင်နေတာ မြင်ရတော့ စိတ်ကျေနပ်စရာကောင်းလို့နေတယ်။

ပြခန်းမှာပဲ နေ့လယ်စာကို ဥရောပစာနဲ့ ပြီးဆုံးလိုက်ကြတယ်။ လေဆိပ်ဆင်းရမှာမို့ အိမ်ကို စောစောပြန်နားလိုက်ကြတယ်။ ကားမောင်းရင်း တစ်ချက်တစ်ချက် တော်တော်ငြိမ်သွားတဲ့သူကို မှန်ထဲကနေ မြင်ရတဲ့အခါတိုင်း ကိုလင်းမြတ်ကလည်း မှန်ထဲကနေ ချယ်ရီကို လှမ်းလှမ်းကြည့်တယ်။

အဓိပ္ပာယ်အရမ်းလေးနက်တဲ့အကြည့်တွေဆိုတာ ချယ်ရီ သဘောပေါက်ပါတယ်။ ကားပေါ်က ဆင်းတော့

"ချယ်ရီ"

"ဟင်"

"ကျွန်တော် ချယ်ရီ့မွေးနေ့ အရောက်လာခဲ့မယ်နော်၊ အဲဒီနေ့ ကျွန်တော့်ကို အဖြေတစ်ခုပေးပါလား"

အို...ကိုလင်းမြတ်က အနားကပ်ရင်း ပြောလာတော့ ဘာပြန်ပြောရမှန်းမသိ။ သူ့အနားက မွှေးပျံ့နေတဲ့ရေမွှေးအနံ့နဲ့အတူ ချယ်ရီ အသက်ရှူ

မှားချင်မိတယ်။ ပြတ်ပြတ်သားသားဆိုတဲ့အဖြေကို ဘယ်လိုပေးရမလဲ ဘယ်လိုပြောထွက်ရမလဲ။

"အင်း ချယ်ရီ ဘာမှလည်းပြန်မပြောဘူး၊ ချယ်ရီ့အတွက် အရမ်းခက်ခဲနေလို့လားဟင်...အိမ်ကအမေ့ကိုပြောချင်တယ်၊ တိုင်ပင်ချင်တယ်ဆိုလည်း ပြောပါ...ကိုယ်စောင့်နိုင်ပါတယ် ချယ်ရီ။ ချယ်ရီ့ကို စိတ်ချမ်းသာစေချင်လို့ပါ"

ချယ်ရီ ဘာပြန်ပြောရမလဲ စဉ်းစားနေမိတယ်။

"ခုခရီးက ကိုယ် ဘယ်လိုလူမျိုးလဲဆိုတာကို ချယ်ရီခန့်မှန်းနိုင်မှာပါ၊ ကိုယ်ကတော့ ချယ်ရီ့ကို မြင်မြင်ချင်းချစ်မိတာ။ ဒါကလည်း အံ့ဩစရာရေစက်ပါပဲ၊ ပြီးတော့ ချယ်ရီ့ကို တန်ဖိုးထားမြတ်နိုးတယ်၊ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ခုလိုစကားမျိုးတွေ မပြောဖူးပါဘူး၊ ရှိလည်းမရှိခဲ့ပါဘူး"

"... ... ..."

"မညာတမ်းပြောရရင် ချယ်ရီ့ပုံစံလေးကို ကိုယ့်ရဲ့အိမ်သူနေရာမှာ ခဏခဏစိတ်ကူးယဉ်ကြည့်မိတယ်၊ တစ်ခါတစ်ခါဆို အိပ်မက်တောင် မက်တယ်၊ ချယ်ရီနဲ့ခရီးရှည်ကြီးသွားခဲ့ရတာ ဘယ်တော့မှ မမေ့နိုင်မယ့် ဆုလာဘ်ပါ၊ ထင်လည်းမထားဘူး၊ ချယ်ရီဟာ ထက်မြက်ပြီး ဉာဏ်လည်း ကောင်းတဲ့ မိန်းကလေး၊ ဝတ်စားဆင်ယင်မှုမှာလည်း သူ့နေရာနဲ့သူ လိုက်ဖက်အောင် ဝတ်တတ်နေတတ်တယ်၊ ဟင်းတွေလည်း ဝင်ချက်ပေးတယ်၊ ကူညီချင်စိတ်လည်းရှိတဲ့ ချယ်ရီ့ကို ကိုယ်အရမ်းလွမ်းနေတော့မှာ၊ ဒီဇင်ဘာကို မြန်မြန်ရောက်ချင်လှပြီ၊ နိုဝင်ဘာ လကုန်ထွက်မယ်၊ ချယ်ရီဘက်ကတော့ မသိဘူး၊ ကိုယ်အခုလိုပြောတာနဲ့တင်ကို ရင်တွေအရမ်းခုန်နေတာ"

ခြံထဲကနေ အိမ်ပေါ်မတက်ဘဲ အပင်တွေနား စကားတွေ ပြောဖြစ်နေတဲ့ချယ်ရီတို့နှစ်ယောက်ကြား လိပ်ပြာလေးတစ်ကောင်ပျံဝဲဖြတ်သွားတယ်။ မျက်လုံးနားလေးကနေ ကပ်ပျံသွားတာမို့ ချယ်ရီ့ခေါင်းနောက်ကို ဆုတ်လိုက်တယ်။

"ဒီလိပ်ပြာလေး ကိုယ့်စကားကိုကြားပြီး မနာလိုသွားပြီထင်တယ်၊ ကြားထဲကနေ ဖြတ်ပျံသွားတယ်"

သူ့အတွေးနဲ့သူ သဘောကျစွာပြောနေမယ့် ချယ်ရီကတော့ ပင်စည်မျက်နှာကို ဖျတ်ခနဲမြင်ယောင်လိုက်မိတယ်။

●

# အပိုင်း (၄)

## အခန်း (၃၃)

ကိုယ့်မြန်မာပြည်လေဆိပ်ကိုပြန်ရောက်မှ အမေ့ရင်ခွင်ထဲပြေးဝင်လိုက်ရသလို နွေးထွေးမှုကို ခံစားရတယ်။ လှိုက်လှဲတဲ့အပြုံးနဲ့ မြန်မာလိုမင်္ဂလာပါလို့ပြန်နှုတ်ဆက်ရတာကိုက အရသာရှိနေသလို ခံစားရတယ်။

လေယာဉ်ကွင်းကို ကိုလင်းမြတ်ကိုယ်တိုင်လိုက်ပို့ပြီး သူနေခဲ့ရမယ့်နေရာနားလေးအရောက်မှာ အနားကပ်ပြီး တိုးတိုးလေး

"သိပ်ချစ်တယ် ချယ်ရီ၊ ခရီးစဉ်ချောမွေ့ပါစေ" လို့ ဆုတောင်းလက်ပြရင် ကျန်ခဲ့တယ်"

ခု ပင်စည်ကို လေယာဉ်ကွင်းအထွက် လာကြိုတာ တွေ့တွေ့ချင်း တိုးတိုးလေး ကပ်ပြောတယ်။

"အရမ်းလွမ်းနေတာတဲ့"

ချယ်ရီလည်း လွမ်းတာပေါ့ ပင်စည်။ မျက်နှာလေးတောင် နည်းနည်းချောင်သွားသလိုပဲဆိုတော့ ချယ်ရီလည်း ပင်ပန်းလို့လား

နည်းနည်းပိန်သွားတယ်တဲ့။ တစ်ညတည်းခိုမယ့်ဟိုတယ်ကို ဘိုကင်ကြိုလုပ်ပြီးသားမို့ လိုက်ပို့တယ်။ ဆရာနဲ့ဆရာမက အလိုက်တသိနဲ့ ညစာ ပင်စည်က ကျွေးချင်တယ်ဆိုတာကို လိုက်မစားတော့ဘဲ နေခဲ့တယ်။

ပင်စည်ခေါ်သွားတဲ့ သပ်ရပ်လှပတဲ့ ရှိမန့်တစ်ဆန်တဲ့ ကိုရီးယား အစားအစာဆိုင်လေးထဲမှာ စကားပြောရင်း ပြန်ဆွေးထွေးလာတယ်။ ချယ်ရီက မျက်လုံးကုသဖို့ နောက်တစ်ကြိမ် နိုင်ငံခြားသွားဖို့ အစီအစဉ်ကို မပြောရဲသေးသလို ပင်စည့်စကားသံတွေထဲမှာ ကိုလင်းမြတ်နဲ့ စိတ်မချခြင်းအရိပ်အငွေ့တွေအပြည့် လွှမ်းမိုးနေတယ်။

စားသောက်ဆိုင်လေးအတွင်းမှာ စကားပြောကြတာ နှစ်ဦးသား နီးကပ်အဆင်ပြေသလောက် အပြင်မှာ ကားလျှောက်မောင်းရင် တစ်နေရာအရောက်မှာတော့ ပင်စည်က ကားကိုရပ်လိုက်တယ်။ အင်းယားကန်ဘက် အတက်နားလေးမှာ ပင်စည်မျက်နှာကို ကြည့်လိုက်တော့ တစ်မျိုးဖြစ်နေတယ်။ ပင်စည်ကလည်း ချယ်ရီ့မျက်နှာကို ပြန်ကြည့်တယ်။

"ချယ်ရီ့ကို ပြောစရာရှိတယ်"

"ပြောလေ ပင်စည်"

"ကိုယ်တို့ လက်ထပ်ကြစို့"

"အိုး ...ချက်ချင်းကြီး ...ချယ်ရီ့ကို စိတ်မချလို့လားဟင်"

"အများကြီးပါတာပေါ့"

"မျက်နှာက ဘာလို့ချက်ချင်းမှုန်သွားရတာလဲ၊ ပင်စည်ပြောတော့ ပြန်လာရင် မိဘတွေနဲ့တွေ့ကြမယ်ဆို အိမ်ရောပြောပြီးသွားလို့လား၊ မိဘတွေက ဘာပြောလဲဟင်"

ချယ်ရီ့ကို ပြောရမှာ ပင်စည်က အားနာပြီး ဘယ်လိုက စပြောရမှန်းမသိ။

"ကိုယ်တို့အတွက် အချိန်သိပ်မရှိဘူး၊ ဒါကြောင့် မြန်မြန် လက်ထပ်လိုက်ချင်တာ"

"ပင်စည်မိဘတွေက ဘာပြောလို့လဲဟင်"

"သူတို့က ကိုယ့်ကိုတခြားတစ်ယောက်နဲ့ပဲ သဘောတူနေတာ၊ ဖွင့်ပြောပြီးပါပြီ၊ ကိုယ့်မိဘတွေက ပြောရခက်တဲ့ထဲမှာတော့ မပါပါ ဘူး၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ ချယ်ရီမျက်လုံးကိစ္စကို သိသွားလို့လား"

"မဟုတ်ပါဘူး၊ မသိပါဘူး"

"ဒါဆို ဟိုအမှုကိစ္စကို သိသွားလို့ သဘောမတူတာလား"

"အဲဒါလည်း မဟုတ်ဘူး"

"ဟင်"

"ခုဟာက ကိုယ်လည်း မထင်ထားတဲ့ကိစ္စပါ၊ အမှန်ဆို ခရီးက ရောက်ရောက်ချင်းသာသာယာယာလေးနေချင်တာ၊ မပြောလို့ လည်း မဖြစ်ဘူး၊ ဒါမှ အမြန်နီးစပ်အောင်လုပ်ရမှာ၊ ချယ်ရီလည်း သိထားမှဖြစ်မှာ"

"ဘာတွေလဲ စိတ်ပူလိုက်တာ ပင်စည်"

"ပထမတော့ ပုံမှန်ပြောနေတာပဲ၊ နောက် ချယ်ရီ့မိဘတွေနာမည် နဲ့ အလုပ်ကိုမေးတော့ တောင်ကြီးက ဦးကျော်ကျော်နိုင်သမီး ဆိုတာနဲ့ အဖေက ဒေါသတွေကြီးလာတော့တာပဲ"

"ဟုတ်လား၊ သိနေလို့လား"

"သိရုံတင်ဆို ကောင်းတာပေါ့ ချယ်ရီရယ်၊ ခုဟာက...ဒီလို ချယ်ရီ...အရင်က အဖေက စီးပွားရေး ဒီလောက်မပြေလည်ဘူး၊

အထက်ဘက်က သစ်လုပ်ငန်းလေးထဲမှာ အလုပ်လုပ်တယ်၊ ကိုယ်ကလည်း ငယ်သေးတော့ သိပ်မသိခဲ့ဘူး၊ အမေနဲ့ပဲ နေခဲ့ရတာများတယ်လေ၊ အဲဒီတုန်းက ဘာလုပ်ငန်းမဆို စစ်အစိုးရရဲ့ အုပ်ချုပ်သူလက်အောက်မှာပဲ ကြောက်ကြောက်နဲ့ အလုပ်လုပ်ခဲ့ရတာမဟုတ်လား၊ အဖေက ကြိုးစားပြီး ငွေရှာ၊ ငွေစုပေါ့၊ တရုတ်ပြည်နယ်စပ်အထိလည်း သွားအလုပ်လုပ်ခဲ့တယ်၊ အဖေတို့အလုပ်နဲ့ ချယ်ရီတို့အဖေ အလုပ်နဲ့က အမြဲတမ်း လမ်းတစ်လမ်းပေါ်မှာပဲ ရှိပြီး ရင်ဆိုင်တိုးမိနေကြတယ်၊ ဦးကျော်ကျော်နိုင်တပ်က နာမည်ကြီးတယ်တဲ့... ငြိတာတွေများလာတော့ တစ်နေ့ထိပ်တိုက်ကို ငြိခဲ့ကြတယ်၊ အဖေနဲ့အတူ အခြားဝန်ထမ်းလေးတွေရော ကားပေါ်ကဆင်းခိုင်းပြီး ဖမ်းချုပ်လိုက်တယ်၊ အစာရေစာတွေ အငတ်ထားတယ်၊ ဒဏ်ရာတွေနဲ့ မြေကြီးကျင်းထဲ အိပ်ခိုင်းခဲ့တယ်၊ ဆားနဲ့ မျက်နှာတွေ ပက်တယ်၊ ခွေးလို လေးဘက်ထောက်သွားပြီး အူခိုင်းတယ်၊ ညဆို ကြိုးတွေနဲ့ချည်ပြီး အဲဒီလိုလုပ်ခိုင်းခဲ့တယ်တဲ့"

"အိုး...ရက်စက်လိုက်တာ"

"ချယ်ရီ စိတ်မကောင်းတော့မဖြစ်ပါနဲ့"

"ဆက်ပြောပါဦး ပင်စည်"

"အဖေတို့က တရားမဝင် မှောင်ခိုပစ္စည်းသယ်တာမဟုတ်ဘူး၊ ရှိတာလေးတွေနဲ့ ရှယ်ယာရှာပြီး အမြတ်လေးများကျန်မလားလို့ လုပ်ခဲ့ကြတာ၊ နောက်ဆုံး ကန့်လန့်လုပ်လို့ဆိုပြီး အဖေ့သူငယ်ချင်းတစ်ယောက်ကို ရှေ့တင်သတ်ပစ်ခဲ့တယ်၊ အဖေကတော့ ငါသားနဲ့ မိန်းမရှိတယ်၊ သေလို့မဖြစ်ဘူးဆိုပြီး ညကြီးသန်းခေါင် တောလမ်းထဲကနေ ခိုးပြီးဖြတ်ပြေးခဲ့တယ်၊ ရောက်ချင်တဲ့နေရာရောက်ဆိုပြီး

လမ်းလည်းမသိတော့ဘူး၊ တချို့လူတွေက ထနိုင်တဲ့အားကိုမရှိလို့ ကျန်ခဲ့တယ်။

သူတို့ကလည်း ခွေးတွေနဲ့ကို လိုက်လာကြတာ နောက်ကနေ အဖေက ကြောက်ပြီး အကောင်တွေရှိတဲ့ကျင်းထဲ ပြုတ်ကျပြီး တိတ်တိတ်လေးနေခဲ့ရတယ်၊ မှောင်ကလည်း မှောင်၊ ကြောက် ကလည်း ကြောက်ဆိုတော့ အောက်က အကောင်တွေက ကိုက်တဲ့ တဆစ်ဆစ်နာတာကို မအော်ရဲဘူး၊ ကြိတ်ခံခဲ့ရတယ်၊ တော်တော် လေးကြာမှ မတွေ့တော့ သူတို့ပြန်သွားတဲ့အခါ အဖေ့မှာ ကျင်း ထဲက ပြန်တက်လာတော့ ခြေထောက်က ဆင်ခြေထောက်လို ဖူးရောင်လာပြီး အဆိပ်ကြောင့် လမ်းမလျှောက်နိုင်တော့ဘဲ တောထဲ မှာ မေ့မြောသွားခဲ့တယ်၊ အဖေ့ကို အခြားထင်းကောက်တဲ့သူတွေက တွေ့ပြီးကယ်လိုက်တယ်၊ ခြေထောက်ကအဆိပ်တွေကို ထုတ်ပြီး ဆေးစည်းထားရတာကိုက တစ်ပတ်လောက်ကြာတယ်၊ သက်သာ သွားတော့ သူတို့အကူအညီတွေနဲ့ မြို့ကို မနည်းရောက်အောင် ပြန်ခဲ့ရတယ်။

အဖေ့သူငယ်ချင်းကတော့ အလောင်းတောင် မမြင်ရတဲ့ဘဝ၊ ကျန်တဲ့မိသားစုကို ပြောပြနှစ်သိမ့်ပေးခဲ့ရတယ်၊ အဖေကတော့ သူ့ဘဝမှာ မြင်ခဲ့တွေ့ကြုံခဲ့ရတဲ့အထဲမှာ အခါးသီးဆုံး ဘဝအစိတ် အပိုင်းတွေမို့ ဘယ်သူမှမပြောပြခဲ့ဘူး၊ ကံကောင်းလို့ ပြန်ရောက် လာတဲ့သူ့ဘဝကို နောက်အလုပ်တစ်ခုနဲ့ပဲ အစပြုခဲ့တယ်၊ အဲဒီနှစ် တွေတုန်းက တရားဥပဒေစိုးရင်အုပ်ချုပ်မှု ဘာမှမရှိဘဲ အာဏာရှင် စနစ်ဆိုးအောက်မှာ အဖေအလူးအလဲခံခဲ့ရတာပေါ့ ချယ်ရီ၊ အဲဒါ ကြောင့်ပါ။ အဖေ့ရဲ့အတိတ်က ချယ်ရီ့အဖေနဲ့ ဆက်စပ်နေခဲ့ လိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ မတွေးဖူးဘူး၊ ကိုယ်လည်း အရမ်းဝမ်းနည်းခံစားရတယ်၊ တိုက်ဆိုင်လိုက်တာဆိုပြီးလေ”

"ရင်ထဲမှာ နာလိုက်တာ ပင်စည်ရယ်၊ အဖေ့ကိုယ်စား ချယ်ရီကပဲ ပင်စည်တို့မိသားစု၊ အဖေ့ကြောင့် သေဆုံးသွားတဲ့မိသားစုကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ တောင်းပန်ပါတယ်၊ တစ်ချိန်တုန်းက အဖေ့ရဲ့ခေတ်ပုံ ယူနီဖောင်းဝတ်စုံကိုကြည့်ပြီး ဂုဏ်ယူခဲ့တယ်၊ ငါ့အဖေဟာ တိုင်းပြည်အတွက် အလုပ်လုပ်နေတာပါလားဆိုပြီး ငွေဆိုတာ အလုံအလောက် အဖေ့အိတ်ထဲ အမြဲရှိတယ်၊ အသုံးအဆောင်ပစ္စည်းအားလုံးရှိတယ်၊ အာဏာနဲ့ဂုဏ်တွေကြား မသိနောက်ကွယ်မှာနေခဲ့ရတဲ့ သမီးတစ်ယောက်ရဲ့ဘဝက ပြည့်စုံခဲ့တယ်ဆိုတာ သူတစ်ပါးအသည်းနှလုံးတွေကို ဓားနဲ့ထိုးပြီးမှ မျက်ရည်ကျပြီးမှ ရယူလာတဲ့စည်းစိမ်တွေမှန်း မသိခဲ့ဘူး...ချယ်ရီ့အမေကတော့ တော်ပါတယ်၊ အဖေ့ရဲ့စိတ်ဓာတ်နဲ့လုပ်ရပ်တွေကို အကုန်မသိပေမယ့် ရာထူး၊ အာဏာ၊ ပစ္စည်းတွေအပေါ် မသာယာခဲ့ဘူး၊ မမက်ခဲ့ဘူး၊ ချယ်ရီကမှ လူငယ်စိတ်နဲ့ သာယာချင်ခဲ့သေးတယ်၊ ကြီးလာတော့ နည်းနည်းသိလာခဲ့တယ်၊ နောက် နိုင်ငံရေးအပြောင်းအလဲတွေနဲ့ အဖေ အဖမ်းခံရချိန်မှာ နာမည်လည်း ပျက်ခဲ့တယ်၊ ချယ်ရီတို့ဘဝလည်း အရမ်းယိမ်းယိုင်သွားခဲ့တယ်၊ ဒီကြားထဲ အဖေ တာဝန်မကျေမှုတွေ အပြစ်တွေကြားမှာ လူဖြစ်လာခဲ့ရတဲ့ သဲဘဝက ချယ်ရီ့ထက် ပိုဆိုးခဲ့တယ်၊ နောက်ဆုံး ကိုယ်အသက်ရှင်စဉ် ရာထူးဆိုတာလေး ပိုင်ဆိုင်ထားချိန်မှာ လုပ်ခဲ့တဲ့သမိုင်းဆိုးတွေဟာ အစဉ်အဆက်ထိ ရိုက်ခတ်နေတုန်း၊ နာကျင်နေရတုန်းပဲ၊ ပင်စည့်အဖေနေရာမှာ ချယ်ရီဆိုလည်း ဒီလိုပဲဆုံးဖြတ်မှာပါ... တကယ်လို့သာ ပင်စည့်အဖေဟာ ချယ်ရီ့အဖေကြောင့် တစ်စုံတစ်ခုလည်း အများကြီးဖြစ်သွားနိုင်ခဲ့တာပဲ၊ အဲဒီလိုဆိုရင် မျက်နှာပြရဲစရာတောင်မရှိဘူး၊ ခုလည်း အဲဒီလိုပါပဲ၊ ချယ်ရီ ပင်စည့်အဖေ့ကို မျက်နှာမပြဝံ့ပါဘူး...ပြီးတော့ ပင်စည့်ကိုလည်း..."

ပြောရင်းနဲ့ ရင်ထဲမှာ ဝမ်းနည်းလာမိတယ်။ အသံတွေ ပျောက်လု မတတ်ဖြစ်ပြီး ရင်ဘတ်တွေအောင့်ပြီး နာလာတယ်။ နှာတွေလည်း စီးပိတ် လာတယ်။ ပင်စည်က ချယ်ရီ့ခေါင်းကို အသာအယာဆွဲယူရင်း ရင်ခွင်ထဲ ပွေ့ဖက်လိုက်တယ်။ ခေါင်းလေးကို အသံတိတ်ပွတ်ပေးနေပြီး ကားလေးထဲ မှာ အသံတွေတိတ်ပြီး ရှိုက်သံတွေ တအစ်အစ်နဲ့ မျိုသိပ်ထားတဲ့ကြားက ထွက်လာတယ်။

"မငိုပါနဲ့ ချယ်ရီရယ်...၊ ဒီကိစ္စတွေက ပြီးသွားခဲ့ပါပြီ၊ ကိုယ်တို့ ရှေ့ရေးအတွက် ဘယ်လိုလုပ်မလဲ စဉ်းစားရအောင်၊ တစ်နည်းပဲ ရှိတယ်၊ တရားရုံးမှာ သွားပြီး လက်ထပ်ရအောင်"

"ဟင့်အင်း...ပင်စည်၊ အဲဒီလိုမလုပ်ပါနဲ့ အမေလည်း သဘောတူ မှာ မဟုတ်ဘူး"

"ကိုယ် အမွန်းကို မယူနိုင်ဘူး ချယ်ရီ၊ ကိုယ် ချယ်ရီ့ဆီ ထွက်ခဲ့ မယ်"

"ဟင့်အင်း မလုပ်ပါနဲ့၊ ပင်စည်ကလည်း သားတစ်ယောက်တည်း ဖြစ်သလို ချယ်ရီကလည်း အမေ့အတွက် သမီးတစ်ယောက်တည်း၊ မိဘတွေသဘောတူတာပဲ လိုချင်တယ်"

"သဘောမတူလို့ပြောနေတာပေါ့ ချယ်ရီရယ်"

"အမေ့ကိုလည်း တိုင်ပင်ချင်တယ်"

"ဦးပြည့်ကိုတော့ အကူအညီတောင်းထားတယ်၊ အဖေ့ကို ပြောနိုင် တာ ဦးပြည့်တစ်ယောက်ပဲရှိမှာ"

"ဒီတစ်ခါတော့ လွယ်ပါ့မလား ပင်စည်ရယ်"

"ကြိုးစားကြည့်တာ မရှုံးဘူးလေ၊ ကိုယ့်အချစ်လေးကိုသာ စိတ် ဓာတ်တွေ မကျစေချင်ဘူး၊ မပြောမဖြစ်လို့သာပြောရတာ၊ အမှန်

တော့ ပြောကိုမပြောချင်ဘူး၊ ကိုယ့်စိတ်အလိုအရသာဆိုရင် ဒီနေ့ကို လက်ထပ်ပစ်ချင်တယ်"

"ချယ်ရီ့မှာက မကုန်နိုင်တဲ့အားနည်းချက်တွေ ရှိခဲ့တယ်လေ၊ ဒီအရာတွေကို ဖုံးအုပ်ကာကွယ်နိုင်ဖို့ ကိုယ့်မှာရှိတဲ့တန်ဖိုးလေး တစ်ခုကို ပတ်ဝန်းကျင်အမြင်မှာ နိမ့်ကျမသွားစေချင်ဘူး၊ အများ အလယ်မှာ တန်ဖိုးရှိတဲ့ ပန်းတစ်ပွင့်တော့ဖြစ်ချင်တယ် ပင်စည် ရယ်"

"ချယ်ရီ အဲဒီအားနည်းချက်တွေအကုန် ကိုယ်ကာကွယ်ပေးမယ်၊ ချစ်သူကို စိတ်မဆင်းရဲစေချင်ဘူး၊ ချစ်သူရဲ့ဆန္ဒအတိုင်း ကိုယ် လိုက်လျောမယ်နော်"

"အချိန်တစ်ခုစောင့်ပါ၊ အရာရာကို အချိန်က အဆုံးအဖြတ် ပေးနိုင်မှာပါ၊ အချိန်ဟာ ချယ်ရီတို့အတွက် အခွင့်အရေးကောင်း တွေကို သယ်ဆောင်လာနိုင်ပါစေလို့ ဆုတောင်းပါတယ်"

"ထပ်တူဆုတောင်းပါတယ် အချစ်ရယ်"

မျက်ရည်တွေ ခြောက်သွေ့နေတဲ့ ပါးပြင်ပေါ် ပင်စည်က ခပ်ဖွဖွ သူ့ပါးနဲ့ကပ်ထားရင်း နှစ်ယောက်လုံး ကားထဲကနေ အင်းယားကန်ရေပြင်ကို ငေးကြည့်နေခဲ့မိတယ်။ ရင်ထဲမှာတော့ တင်းကြပ်မောပန်းမှုတွေနဲ့ပေါ့။ စိတ်ခွန်အားတွေ အပြန်အလှန်ပေးရင်း ဒီညလေးကို အဆုံးသတ်လိုက်ပေမယ့် နှစ်ယောက်လုံးအိပ်လို့ပျော်မှာ မဟုတ်ဘူးဆိုတာ ကြိုတင်သိခဲ့ကြပါတယ်။

●

## အခန်း(၃၄)

ကွန်ပျူတာရှေ့ထိုင်ပြီး ခရီးစဉ်က ရိုက်လာတဲ့ပုံတွေကို အမေ့ကို ပြရင်း လျှောက်ကြည့်နေမိတယ်။ မလွင့်ချင်တဲ့စိတ်ကို ထိန်းချုပ်ရင်း အမေနဲ့ အတူ အမေ့ကိုစောင့်ပေးတဲ့ ဦးလေးသမီးနှစ်ယောက်ကို လက်ဆောင်တွေ ပေး၊ အမေချက်ပေးတဲ့ မြန်မာဟင်းကို လွမ်းလွမ်းနဲ့ စားရပေမယ့် ရင်ထဲ အရသာမတွေ့။

အပျော်တွေနဲ့ပြန်လာတဲ့ခရီးစဉ်က ရန်ကုန်အရောက်မှာ ရင်ထဲ နောက်ထပ်ဒဏ်ရာအသစ်တစ်ခုထပ်မံရောက်လာခဲ့တယ်။ အမေ့ကို ဘယ်လို ပြောရပါ့မလဲ။ အမေလည်း ခံစားရမယ်။ မျက်လုံးကသမယ့်အကြောင်း ပြောတော့ အမေမျက်ရည်ကျအောင် ဝမ်းသာတယ်။ အဲဒီဝမ်းသာနေတာ လေးကိုလည်း မဖျက်ဆီးချင်ဘူး။

လောကကြီးက ဘာလို့များ ခက်ခဲတဲ့ပုစ္ဆာတစ်ပုဒ်ကို ရွေးတွက်ခိုင်း ခဲ့ရတာလဲ။ ဒီအတိုင်းဆို ပင်စည်နဲ့ ဝေးရတော့မှာလား…

ဓာတ်ပုံတွေထဲမှာ ဂျာမနီက ဘာဗေးရီးယားအိမ်နံရံတွေမှာ ဆွဲထားတဲ့ပန်းချီတွေက ဘဝရဲ့သင်ခန်းစာတွေကို ပေးတယ်တဲ့။ ပြတင်းပေါက်ပါမကျန် ဆွဲထားတဲ့လက်ရာတွေကိုကြည့်ပြီး သင်ခန်းစာရယူပါတဲ့။

ကြောက်ရွံ့မှုကို ဘယ်လိုတော်လှန်မလဲ။ ကိုယ်ချင်းစာနာမှုသဘောတရားကို ဘယ်လိုထားမလဲ။ ချစ်ခင်စုံမက်ခြင်းကို ဘယ်လိုထိန်းချုပ်မလဲ။ ကြေကွဲနာကျင်ခံစားရမှုကို ဘယ်လိုဖြတ်ကျော်မလဲ အဲဒီခေါင်းစဉ်လိုအဓိပ္ပာယ်ရတဲ့ပန်းချီပေါင်းများစွာက အိမ်နံရံရှေ့တွေမှာ အလွယ်တကူတွေ့နိုင်တယ်။

ခု ချယ်ရီလက်တွေ့ကြုံနေရချိန်မှာ ဒီပန်းချီတွေ ပြန်ကြည့်ရင်းဘယ်လိုကျော်ဖြတ်ရမလဲကွယ်။ မအိပ်ချင်သေးတာနဲ့ ချယ်ရီလမ်းပန်းချီကားလေးကို ဖွင့်ထုတ်ကြည့်ရင်း ဖုန်းထဲကနေ ချယ်ရီလမ်းသီချင်းလေး ဖွင့်လိုက်တယ်။ အိမ်အပြင်မှာလည်း နှင်းတွေ မြူတွေကျနေပြီ။ ဒီနှစ် အအေးပိုတဲ့ဆောင်းကြီးဆောင်းက ရင်ထဲကနွေရာသီကိုတော့ အေးမြမပေးနိုင်ခဲ့ဘူး။

'အိမ်ပြင်မှာ နှင်းစက်တွေ တဖွဲဖွဲကျ × × နှလုံးသားမှာ မအေးစက်နိုင်အလွမ်းရက်တွေ မှုန်းကြုပ်လာလို့ × × နာရီတွေ မိနစ်တွေ စက္ကန့်တွေ နေ့ရက်တွေ တွက်ကြည့်ရင် ငါ့ပြက္ခဒိန် ဖြပမစ်ချင်လို့ × ×

မျှော်နေပြီ × × သူလာမယ်နေ့ အိမ်အပြန်လမ်းမှာ ကြိုနေမယ့်သူ…ချယ်ရီပန်းတွေ × × ရင်ခုန်တဲ့ အကြင်နာအနမ်းတွေ ခြွေနိုင်ဖို့အတွက် ပြင်ဆင်ထားပြီး…'

သီချင်းကို စိတ်ပါလက်ပါ မျက်စိမှိတ်ရင်း လိုက်ဆိုနေမိတယ်။ ပြီးမှ ဖုန်းလေးကို ပိတ်လိုက်တယ်။ အမေက ရေနွေးနဲ့ခေါပုတ်လေးကြော်လာပြီး အနားကခုံမှာ လာချပေးတယ်။

"စားလိုက်ဦး သမီး"

"ဟုတ်ကဲ့"

"ညနေကလည်း ထမင်းသိပ်မစားလို့ သမီးကိုကြည့်နေတာ ဘယ်နှရက်ရှိပြီလဲ…စိတ်တခြား လူတခြားဖြစ်နေသလိုပဲ၊ ဘာတွေဖြစ်နေတာလဲ အမေ့ကို ပြောပြပါလား၊ ရင်ထဲပေါ့သွားအောင်ပေါ့… မနေ့ကဆို ကွန်ပျူတာမီးမပိတ်ခဲ့ဘူး၊ တစ်ခါမှ မမေ့ဖူးတာတွေ မေ့နေတယ်၊ ကိုယ့်ကိုကိုယ်ရောသိလားသမီး"

ချယ်ရီ ခေါင်းညိတ်ပြလိုက်တယ်။

"ပင်စည်နဲ့ အဆင်မပြေဘူးလား"

ချယ်ရီ နဂိုကတည်းက ပြောပြထားပြီးသားမို့ သိနေတဲ့အမေက တန်းမေးတယ်။ ဘယ်လိုဖြေရမလဲ ပင်စည်ရယ်

"အမေ"

"ပြော သမီး"

"ဒီချယ်ရီလမ်းပန်းချီကားကို သမီး ဘယ်လိုအဆုံးသတ်ရမှန်းမသိဖြစ်နေတယ် လိုသေးသလိုလည်း ခံစားရတယ်၊ ဘာလိုမှန်းလည်း ခုချိန်ထိ မသိဘူး၊ ဒီပန်းချီကားဟာ မပြည့်စုံဘူးလို့ အမေထင်လား ဟင်"

"ဒီအတိုင်းကြည့်ရင်တော့ သိပ်ကိုလှပြီး ပြည့်စုံတဲ့ပန်းချီကားပေါ့ သမီးရယ်၊ ဒါပေမဲ့ သမီးစိတ်ခံစားချက်နဲ့ကြည့်ရင်တော့ မပြည့်စုံသေးသလိုဖြစ်နေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

"ဘာလို့တယ်လို့ အမေထင်လဲဟင်"

"သေချာတော့မသိပေမယ့် သမီး စိတ်ခံစားချက်တစ်ခုလိုနေတာလို့ထင်တယ်၊ အဲဒီအရာကိုတော့ အမေလည်း ပုံမဖော်တတ်ဘူး"

"တိမ်တွေလား၊ တိမ်တွေကို ဒီထက် အရောင်ထည့်သင့်သလား။ ဒါမှမဟုတ် ဒီမိန်းကလေးရဲ့ဆံပင်လေးကို လေထဲလွင့်ပေးရမလား။ ဒါမှမဟုတ် လမ်းမကြီးပေါ်မှာ ချယ်ရီပန်းတွေ ဒီထက်ပိုပြီးကြွေပေးရမလား။ မြက်ခင်းလေးတွေ ဒီထက်ရှည်ရမလား၊ ပိုစိမ်းပေးရမလားလို့ အမျိုးမျိုးစဉ်းစားတယ်၊ စိတ်ကူးနဲ့ထည့်ကြည့်တယ် မဟုတ်ဘူး အမေ။ သမီး တစ်ချိန်ကျရင်တော့ အာရုံထဲ ဖျတ်ခနဲပေါ်လာမှာပါ"

ပန်းချီကားကို တစ်ချက်ကြည့်ရင်း အဝတ်အဖြူနဲ့ ပြန်အုပ်ထားလိုက်တယ်။

"အမေ့ကို သမီးပြောစရာရှိတယ်၊ ဒီည သမီးနဲ့အမေ မအိပ်တမ်းစကားပြောကြမယ်လေ"

"ကောင်းတာပေါ့"

အမေ့ပေါင်ပေါ် ခေါင်းချလှဲအိပ်ရင်း အမေ့မျက်နှာကို အနီးကပ်ကြည့်လိုက်တယ်။ အမေ့မျက်နှာကို လက်နဲ့တို့ထိရင်း

"အမေငယ်ငယ်က တော်တော်ချောမှာပဲနော်"

"ကောင်မလေး ဘာတွေပြောနေတာလဲ...ကိုယ့်အမေကိုမြှောက်နေတယ်"

"တကယ်ပါ...အမေ အဖေ့ကိုချစ်လားဟင်"

"ဘာတွေမေးနေတာလဲ သမီးရယ်..."

"ချစ်ခဲ့မှာပါလေ သမီးလည်း အဖေ့ကိုချစ်ပါတယ်၊ သမီး အခု ပြောမယ့်စကားတွေကို သေချာနားထောင်ပေးပါ အမေ၊ မပြော ချင်ပေမယ့်လည်း ပြောရမှာမို့လို့ပါ"

"အင်း…နားထောင်ပေးမှာပေါ့"

အမေ့မျက်လုံးလေးတစ်ချက် ဝင်းလက်သွားတယ်။ ပြီးတော့ ဖျော့တော့သွားတယ်။ နောက်တော့ မျက်ရည်တွေ ပြည့်လျှံလာတယ်။ နောက်ဆုံးတော့ သားအမိနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဖက်ထား ရင်း ငိုလိုက်ကြတယ်။ နာရီက တစ်ချက်တီးကို ဆိုက်ရောက်သွားပေမယ့် အမေ့မျက်ဝန်းတွေရဲလာသလို ချယ်ရီမျက်ဝန်းတွေလည်း မို့အစ်ရဲလာခဲ့ တယ်။ အမေက သနားလိုက်တာ သမီးလေးရယ်တဲ့။ ချယ်ရီ့က အမေ့ကို ပိုသနားတာပါ။ ရိုးသားတဲ့အမေ့နှလုံးသားက အခုချိန်ထိ အဖေ့ရဲ့ နောက်အိမ်ထောင်ရှိမှန်း သမီးတစ်ယောက်ရှိမှန်းတောင် မသိခဲ့ဘူး။ ဒါကိုများ သိရင် အမေဘယ်လိုခံစားရမလဲ။ ကိုလင်းမြတ်အကြောင်းကိုပါ အမေ့ကို ပြောပြလိုက်တယ်။ နောက်ဆုံးတော့ ကိုယ်တိုင်တောင် မဆုံးဖြတ်ချင်တော့ ဘူး။ တစ်ယောက်ယောက်က ဆုံးဖြတ်တာကိုပဲ နာခံလိုက်ချင်တော့တယ်။

"သမီး ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး အမေ"

"သမီးကို အမေ့ဘဝလို မဖြစ်စေချင်ဘူး၊ အချစ်နည်းတဲ့ယောကျ်ား တစ်ယောက်ရဲ့ဥပေက္ခာဟာ အင်မတန်ခါးသီးလွန်းတဲ့ဘဝရဲ့ ဒဏ်ရာတွေပဲ၊ ပင်စည်ကို သမီးချစ်တယ်၊ သူ့နောက်မှာ အရာရာ သည်းခံရမယ့်မိသားစု အသိုင်းအဝိုင်းရှိမယ်၊ စိတ်ချမ်းသာမှု အပြည့်အဝတော့ မရနိုင်ဘူးပေါ့၊ တိုက်ပွဲတစ်ပွဲလို ရင်ဆိုင်ရမယ်၊ သမီးအဖေရဲ့ အရိပ်မည်းက သမီးအပေါ်ကျရောက်နေတယ်။ သားသမီးဆိုးမွေကို မိဘတွေခံစားရသလို၊ မိဘတွေ ဆိုးမွေကို

ငါ့သမီးလေးမမျှအောင်ခံစားရတယ်၊ အမေရဲ့ပေါ့ဆမှုကြောင့် သမီး လူ့ဘဝထဲ မျက်လုံးလေးကြောင့် အားငယ်သိမ်ငယ်စေခဲ့တယ်၊ အခု ဒီမျက်လုံးလေးအတွက် မျှော်လင့်ချက်ရှိလာပြန်တော့ သမီး အဖေကြောင့် ချစ်သူနဲ့သောကရောက်ရတယ်...မောင်လင်းမြတ်က တော့ ဘာမှပြောစရာမရှိတဲ့ လူရည်မွန်တစ်ယောက်၊ သူ့ကို သမီး ရွေးချယ်ရင် ဘယ်လိုဖြစ်မယ်ဆိုတာမျိုးကို သမီးကိုယ်တိုင်ပဲ စဉ်းစားပါ၊ အခုက သမီးကို စိတ်ချမ်းသာစေချင်တယ်၊ ငါ့သမီး ပင်ပန်းလှပြီ”

“ဟုတ်တယ်...သမီး အရမ်းပင်ပန်းနေပြီ အမေ”

အမေ့စကားတွေနားထောင်ရင်း အမေ့ပေါင်ပေါ် အိပ်ပျော်သွားပြီး မျက်ရည်တွေ ပါးပြင်မှာ ခြောက်သွေ့သွားတယ်။ အိပ်မက်လိုလို အမေက နဖူးနဲ့ပါးကို ခပ်ဖွဖွနမ်းလိုက်တယ်ထင်တယ်။ နွေးထွေးလိုက်တာ။ အဲဒီ အထိအတွေ့လေးက ...။

* * *

သံယောဇဉ်ရဲ့အတိုင်းအတာဆိုတာ ခွဲခွာရမှသိတတ်ကြသလို သံယောဇဉ်ဆိုတာ သရုပ်ခွဲကြည့်လိုက်တဲ့အခါ တော်တော်ခိုင်မာသလိုရှိပြီး ချယ်ရီအတွက်ပဲ တစ်ချိန်လုံး စဉ်းစားမိနေတာ ချယ်ရီနဲ့ပတ်သက်ပြီး လွမ်းမိုးမှုနဲ့ အရာရာလိုက်ဖြည့်ဆည်းလုပ်ကိုင်ပေးချင်တာ။ ဒါဟာ သံယောဇဉ်လား။ နောက်တစ်ခုရှိသေးတယ်။ တစ်မိုးအောက်မှာ အတူလက်တွဲနေချင်တဲ့ ဆန္ဒ။

ချယ်ရီပြန်မယ့်နေ့က မပြန်ပါနဲ့ကလေးရယ်ဆိုပြီး သိုင်းဖက်ထားချင်စိတ်ပေါက်တာမျိုး ထူးဆန်းစွာဖြစ်နေခဲ့တယ်။ အသေးအဖွဲတွေကစ လိုက်ပြီးဂရုစိုက်ပေးချင်တဲ့စိတ်၊ ဒါတွေကို ထိန်းချုပ်ရတာ ပင်ပန်းလိုက်တာ။

ဒီတစ်ခေါက် မြန်မာပြည်လာရတာ ရင်ထဲမှာ ခံစားချက်တွေ အများကြီး ပေါ့ ...။

ဒီဇင်ဘာ (၁) ရက်နေ့ဟာ ချစ်တဲ့အမေဆုံးတဲ့နေ့။

ဒီဇင်ဘာ (၁) ရက်နေ့ဟာ ချစ်တဲ့သူရဲ့မွေးနေ့။

ချယ်ရီ့ရဲ့နှစ်ဆယ့်ငါးနှစ်ပြည့်မွေးနေ့ဟာ ဒီနှစ်တော့ ကိုယ့်အတွက် အမှတ်တရဖြစ်နေတယ်။

အမေ့ဇာတိ စစ်ကိုင်းဘက်က ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ် တရားနာလှူဒါန်းပြီး ချစ်သူရဲ့မွေးနေ့အတွက် လက်ဆောင်နဲ့အတူ ချယ်ရီ ကြိုက်တာတစ်ခုခုလုပ်ပေးချင်ခဲ့တယ်။ တကယ်ပဲ တစ်ဖက်သတ်အတွေးနဲ့ ရူးသွားပြီထင်ပါရဲ့။ ချယ်ရီ့ရဲ့ဗီဇာအားလုံး နယ်သာလန်မှာ နေထိုင်ဖို့ရော အားလုံးစီစဉ်ပြီးခဲ့ပြီ။ ချယ်ရီ့ကိုလည်း အီးမေးလ်နဲ့ ပြောပြထားပြီးပြီ။ ဒီဇင်ဘာ ၈ ရက်နေ့ကို ပြန်ထွက်ရမယ်။

မန္တလေးလေယာဉ်ကွင်းကိုဆင်းတော့ ရာသီဥတုက သာယာလှပ နေတယ်။ နေလည်း သိပ်မပြင်း၊ မိုးလည်းမရွာ၊ ကောင်းကင်ကြီးက မိုးပြာ ရောင်၊ ချယ်ရီကို တွေ့ချင်စိတ်၊ အသံလေးကြားချင်စိတ်နဲ့ မှန်းဆက်မိတယ်။ နေကောင်းတယ်ဆိုတဲ့အတွက် ဝမ်းသာရတယ်။ သူငယ်ချင်းက တောင်ကြီး လေယာဉ်ကို ကြိုလုပ်ပေးထားတယ်။ သူ့အိမ်မှာ နားတယ်။ လေယာဉ်ကွင်း မှာ ချယ်ရီနဲ့အတူ ဆရာနဲ့ဆရာမစံပယ်ပါ လာကြိုကြတယ်။ တောင်ကြီးက ချယ်ရီစီစဉ်ပေးထားတဲ့ Hotel မှာနားပြီး ညနေ ဆရာလာကြိုပြီး ချယ်ရီတို့ အိမ်ကို ညစာဒင်နာစားဖို့ ထွက်ခဲ့တယ်။ ချယ်ရီ့အမေ့အတွက် အင်္ကျီစ လက်ဆောင်တချို့ကိုပေးရင်း စကားတွေပြောဖြစ်ခဲ့ကြတယ်။

ကိုယ့်ရဲ့ချယ်ရီကတော့ အထဲဝင်၊ အပြင်ထွက် ဧည့်ခံရင်း အလုပ် ရှုပ်နေတာပေါ့။ ချည်သားဝမ်းဆက်ပန်းရောင်လေးကို ရိုးရိုးရှင်းရှင်း

ဝတ်ထားတဲ့ချယ်ရီ အနားထိုင်ပြီး ဟင်းပန်ကန်တွေချပေးတိုင်း စည်းထားတဲ့ ခေါင်းမှာ ချယ်ရီပန်းသုံးခက်လောက် ထိုးထားတာတွေ့ရတယ်။ ခြံထဲမှာ နှင်းဆီပန်းတွေ ပွင့်နေတာမို့ လေအလာမှာ မွှေးနေတာပဲ။

မြန်မာဆန်တဲ့ရနံ့နဲ့ မြန်မာလူမျိုး အချင်းချင်း မြန်မာဟင်းလက်ရာ တွေနဲ့ အကောင်းဆုံးဗိုက်ဝအောင် အရသာရှိစွာ စားလိုက်ရတယ်။ အားလုံး ကို စုံတုန်းမှာပဲ အမေ့အတွက် လာပြီး အလှူလုပ်တာဖြစ်ကြောင်းနဲ့ ချယ်ရီ့ကို မွေးနေ့လက်ဆောင် ဦးဦးဖျားဖျားမရောက်ခင် ပေးလိုက်တယ်။

အသည်းပုံစိန်ရင်ထိုးလေးက ချယ်ရီနဲ့ အလိုက်ဖက်ဆုံးဖြစ်ပြီး နှလုံးသားနဲ့အနီးစပ်ဆုံး ကိုယ့်အသည်းကို ထားဖို့ပါ။ ဘာပဲပေးပေး အားနာ လို့မပြီးနိုင်ဖြစ်နေတဲ့ ချယ်ရီ့ကို ချစ်တယ်။ ချယ်ရီနဲ့ နှစ်ယောက်တည်း စကားပြောချင်ပေမယ့် ပြောဖို့အခွင့်အရေးက မရခဲ့။ ဆရာက လိုက်ပို့ပေးခဲ့ တယ်။ ဆရာမကို အရင်ပို့ပြီးမှ ဟိုတယ်ရောက်ခဲ့တယ်။

ဆရာ ပြန်သွားတော့ အေးစက်နေတဲ့အပြင်မှာ ပန်းပင်တွေကြား ငါးမိနစ်လောက် ထိုင်နေမိတယ်။

●

**ချစ်တဲ့ချယ်ရီ**

အခက်အခဲအားလုံးကို လွန်မြောက်ကျော်လွှားပြီး ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျနိုင်ပါစေ၊ သံသရာခရီးတစ်လျှောက် ကိုယ့်လက်ကို ထာဝရအတူတွဲလျှောက်ရင်း ပျော်ရွှင်စရာနဲ့ လှပနေတဲ့ မွေးနေ့ပေါင်းများစွာကို ဖြတ်ကျော်နိုင်ပါစေ ...။

**ချစ်တဲ့ပင်စည်**

ပင်စည်ဆီက ညဆယ့်နှစ်နာရီက ပို့ထားတဲ့စာလေးကို ဖတ်လိုက်ရတယ်။ နောက်နှစ်စက္ကန့်အခြားမှာ ကိုလင်းမြတ်ဆီကပို့ထားတဲ့ ဆုတောင်းစာ။

ချယ်ရီ ဘဝမှာ တန်ဖိုးအရှိဆုံး၊ အလိုချင်ဆုံးနေ့ရက်တွေကို ယခုမွေးနေ့ကစပြီး ကြိမ်ဖန်များစွာ ပိုင်ဆိုင်နိုင်ပါစေ ...။

**ချစ်တဲ့သူ**

အသည်းပုံအရုပ်လှလှလေးတွေ၊ ပုံစံမျိုးစုံပို့ထားတယ်။ ကျေးဇူးတင်ကြောင်း နှစ်ယောက်လုံးဆီ စာပြန်ပို့ပြီး FB ကနေ နှုတ်ဆက်ဆုတောင်းပြောထားကြတဲ့ သဲနဲ့သူငယ်ချင်းတွေကိုလည်း ပြန်နှုတ်ဆက်လိုက်တယ်။

မနက်စောစောမှာပဲ ပင်စည်ဆီက ဖုန်းဝင်လာတယ်။ အိပ်ရာထဲတင် နာရီဝက်လောက် ဖုန်းကို ပူနေအောင်ပြောလိုက်ရတယ်။ ပင်စည်မိဘတွေရဲ့တင်းမာမှုကို ထပ်ကြားရပြန်တယ်။ အတတ်နိုင်ဆုံး အချိန်ဆွဲထားပြီး သေချာပြောပြဖို့ အရာရာ ဇွတ်ဘာမှမလုပ်ဖို့မှာရတယ်။

ဖုန်းချပြီး ခဏနေတော့ ကိုလင်းမြတ်ဖုန်း။ ဖုန်းမအားဖြစ်နေလို့ သူစောင့်နေပုံပဲ။ ဒီနေ့ မန္တလေးကို လေယာဉ်နဲ့သွားပြီး စစ်ကိုင်းဘက်မှာ နှစ်ရက်လောက်နေပြီး မိတ်ဆွေတွေနဲ့တွေ့ပြီး ပြန်လာမှာ။ ဖုန်းနဲ့ Happy birthday လှမ်းလုပ်ပြီး အေးဆေးတွေ့ချင်ပေမယ့် အချိန်မရသေးလို့ ပြန်လာမှတွေ့မယ့်အကြောင်း ပြောသွားတယ်။

●

ကားအရှိန်မှာ လေးညှို့မြားထက် မြန်နေတယ်။ အမှန်တော့ တောင်ကြီးကို လာဖို့ဦးတည်ချက်မရှိ။ ဒီကြားထဲ ကျန်းမာရေး နည်းနည်း ချူချာခဲ့တယ်။ ချယ်ရီ့မွေးနေ့ကိုပေးမယ့် လက်စွပ်လေးကို လူကြုံနဲ့က လည်း မပို့ချင်။ အရှမ်းသတိရနေတဲ့စိတ်နဲ့လာခဲ့တာ။ ချယ်ရီ့ကိုတောင် နေမကောင်းတဲ့အကြောင်း လုံးဝဖွင့်မပြောခဲ့။

မိဘနဲ့ ဘယ်တုန်းကမှ အတိုက်အခံမပြောဖူးတဲ့ ဘဝရဲ့ ပထမဦးဆုံးအကြိမ် အတိုက်အခံစကားက အဖေ့ကို နာကျင်စေသလို ကိုယ်တိုင်လည်း နာကျင်ရတယ်။ အဖေရယ် ပြီးခဲ့တာတွေမို့ မေ့လိုက်ပါ တော့လို့ပြောမိတော့ အဖေက ဒေါသတွေ အရှမ်းထွက်ပြီး တစ်သက် မမေ့နိုင်ဆုံးသူဟာ ကျော်ကျော်နိုင်ဆိုတဲ့ကောင်ပဲတဲ့။ ညီအစ်ကိုလိုနေတဲ့ အချစ်ဆုံးသူငယ်ချင်းကို သူကိုယ်တိုင်သတ်ခဲ့တာ။ အဲဒီလူသတ်ကောင်ရဲ့ သမီးနဲ့ ဘယ်တော့မှ သဘောမတူနိုင်ဘူး။ မိဘတွေကို ကျေးဇူးကန်းချင်ရင်၊ အသက်ထွက်တာမြင်ချင်ရင် မင်းကြိုက်တာလုပ်တဲ့...ချယ်ရီ။

ဦးပြည့်လည်း တတ်နိုင်သလောက် ဝင်ပြောပေးပေမယ့် မရဘူး ဖြစ်နေတယ်။ အချိန်တစ်ခုတော့ စောင့်ရမှာပေါ့။ အမွန်းကိုတော့ လက်မထပ်နိုင်တဲ့ အကြောင်းပြောလိုက်တယ်။ သူက နားလည်ပါတယ်။ ချယ်ရီ့အိမ်ရောက်တော့ ကိုယ်ဘာဖြစ်သွားတယ်ထင်လဲ။ ချယ်ရီ့အမေကပြောတယ်။ ချယ်ရီမရှိဘူး။ ခရီးထွက်သွားတယ်တဲ့။ သူလည်း စိတ်တွေ အရမ်းပင်ပန်းနေလို့ အန်တီလည်း ခွင့်ပြုလိုက်တယ်။ သူ့သူငယ်ချင်းတွေနဲ့ သွားတာပါ။ စိတ်ချရတဲ့နေရာတဲ့။ သမီးက ဘယ်သူ့ကိုမှ မပြောပါနဲ့ ပင်စည်လာရင် ဒီစာလေးပေးပေးပါဆိုပြီး ကိုယ့်လက်ထဲကို စာလေးရောက်လာခဲ့တယ်။

**ပင်စည်ရေ...**

ချယ်ရီ့စိတ်တွေ အရမ်းပင်ပန်းမွန်းကျပ်လွန်းလို့ တစ်နေရာကို (၁) လလောက် ခရီးထွက်သွားတယ်။ စိတ်မပူပါနဲ့ ကျန်းမာရေးဂရုစိုက်ပါ။ ချယ်ရီလည်း ဂရုစိုက်ပါမယ်။ ဖုန်းနဲ့ FB လည်း မသုံးဘဲပိတ်ထားမယ်။ ချယ်ရီ့စိတ်လေး အတတ်နိုင်ဆုံး ငြိမ်းအေးရာကို ခဏသွားနေချင်လို့ပါ။ ပင်စည်လည်း အချိန်ယူစဉ်းစားပါ။ ချယ်ရီ့ကိုချစ်မိလို့ ပင်ပန်းနေရပြီ။

ချစ်မိတဲ့အခါတိုင်း နာကျင်မှုတွေ ရနေတာကို ချယ်ရီ မကြားရက်၊ မမြင်ရက်တော့ဘူး။

**ချစ်တဲ့ –**

**ချယ်ရီ**

"ဟင်…အန်တီ…ချယ်ရီ စိတ်ညစ်ပြီး တရားရိပ်သာများ ဝင်သွားတာလား၊ တစ်ခုခုလုပ်သွားတာလား"

"မဟုတ်ပါဘူး သားရယ်၊ စိတ်မပူပါနဲ့၊ သူ့စာထဲကအတိုင်း အန်တီလည်း ပြောခွင့်မရှိဘူးလေ"

"ကျွန်တော်ပြောမိတာတွေ မှားများသွားပြီလား…သူ့ကိုပြောလိုက်မိတာတွေရှိတယ်"

"မမှားပါဘူးသားရယ်၊ အန်တီ့အမျိုးသားအတွက် တောင်းပန်ရမှာပါ"

"ကျွန်တော်ကတော့ စိတ်ထဲသိပ်မထားပါဘူး၊ ပြီးခဲ့တာတွေက ဘာမှလုပ်လို့မှမရတာ"

"မတူဘူး သားရယ်၊ သားအဖေလည်း ခံစားနာကျင်ရမှာပေါ့"

"ချယ်ရီ့မွေးနေ့မှာ ကျွန်တော်နေမကောင်းဖြစ်နေလို့ မလာနိုင်ခဲ့ဘူး၊ ဒီဟာလေးကို မွေးနေ့လက်ဆောင်အဖြစ် သူပြန်လာရင် ပေးပေးပါ၊ ကျွန်တော်လာသွားတယ် ပြောပေးပါ၊ သူ့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မစွန့်လွှတ်နိုင်ဘူး၊ ကြိုးစားမှာပါ၊ သူ့ကိုလည်း နှစ်သိမ့်ပေးပါ အန်တီရယ်၊ ခွင့်ပြုပါနော်"

"အေးပါ သား…ဖြည်းဖြည်းမောင်းနော်"

"မနက်ဖြန်မနက်မှ ပြန်ဆင်းမှာ အန်တီ…အခု ဟိုတယ်ကို သွားတော့မယ်"

"ကောင်းပါပြီ သား"

စိတ်ခါတ်တို့ အမှန်အမှားလို လေထဲပျောက်ကွယ်မတတ် သက်ရောက်မှုတွေ အားလုံးကျိုးပဲ့မတတ်ပါပဲ။ အားနည်းနေတဲ့ခန္ဓာကိုယ်က

## အခန်း(၃၅)

အတိတ်ကံကြောင့်သာ အခုလိုခံစားခဲ့ရတဲ့ဝေဒနာတွေ ရနေတာ ထင်တယ်။ မျက်လုံးတွေဆီမှာ စည်းနှောင်ထားတဲ့ ပတ်တီးလေးဆီ မကြာခဏ ကိုင်ကြည့်နေမိတယ်။ ကိုလင်းမြတ်က စိတ်ချရတဲ့ အမျိုးသမီးနှစ်ယောက် ကို အစစအရာရာလုပ်ပေးဖို့ ပို့ပေးထားတယ်။ သူက ဒေးဗစ်နဲ့ အတူနေပြီး ချယ်ရီနေဖို့ကို ဒေးဗစ်နဲ့ကပ်လျက် အိမ်ခန်းကို ငှားပေးထားတယ်။

ပထမစရောက်ကတည်းက သဘောကျနေချင်စရာကောင်းတဲ့ ဒေးဗစ်အိမ်လေးနဲ့ တစ်ပုံစံတည်း အတွင်းအပြင် အကုန်ဆင်တူပါ။ မှန် တံခါးလေးတွေ၊ ဝရန်တာက မီးတိုင်လေးတွေ မျက်လုံးထဲ မြင်နေရတယ်။ နေရတဲ့အိပ်ခန်းလေးကလည်း အဖြူတွေပဲ ခင်းကျင်းထားတယ်။

အမေနဲ့ဖုန်းပြောဖြစ်တော့ ပင်စည်လာသွားပြီး မွေးနေ့လက်ဆောင် လက်စွပ်လေးလာပေးတယ်။ သမီးစာလေးကို ပေးတော့ မျက်နှာတစ်ခုလုံး

ဖြူဖျော့ပြီး မျက်ရည်တွေ ဝဲသွားတာ အမေဖြင့် သနားလိုက်တာတဲ့။ စိတ်ချဖို့ အမေ့က ပြောလိုက်တယ်။ ပင်စည်ကြည့်ရတာ သိပ်နေကောင်းပုံမရဘူးတဲ့။ နေကောင်းအောင်နေပါ ပင်စည်။ ချယ်ရီလည်း သတိရပါတယ်။

ဒီမှာ အစစအရာရာ အဆင်ပြေပါတယ်။ ကြောက်တဲ့စိတ်တော့ ရှိခဲ့တာပေါ့။ အခြေအနေကောင်းမှာပါဆိုတော့ အားရှိပြီး အရမ်းပျော်ပါတယ်။ အစားအသောက်ကစ ပုံစံအညွှန်းနဲ့ကျွေးတယ်။ ကလေးတစ်ယောက်လို ပြုစုဂရုစိုက်ခံနေရတာမို့ နေတောင်မနေတတ်တော့ဘူး။ ပြီးတော့ အားနာတာပါ။ ကိုလင်းမြတ်ကို ဘယ်လိုမျက်နှာကြည့်ရမှန်းမသိအောင်ပါပဲ။ နေ့ရက်တွေ၊ ပြက္ခဒိန်တွေ မဖြဲဘဲနဲ့ အလိုလိုကုန်ဆုံးသွားပါတယ်။ ဒီဇင်ဘာဆိုတော့ တော်တော်လည်း အေးတယ်။ အပြင်မှာ နှင်းတွေ အုံ့ခဲနေတာပဲတဲ့။ အခန်းတွင်း အနွေးတွေလွှတ်ထားလို့ အနွေးထည်အထူ၊ မာဖလာနဲ့နေလို့ ရတယ်။ ကြားထဲမှာ ကိုလင်းမြတ်က ပြင်သစ်ကို တစ်ခေါက်ပြန်သွားတယ်။

မျက်လုံး စည်းထားရပေမယ့် သူ့အသံ၊ သူ့ပုံရိပ်တွေကို မြင်နေရတယ်။ ဆံပင်အရှည်မထားတတ်ဘဲ ရှည်လာရင်ကို မနေတတ်ဘူးဆိုတဲ့သူက ဆံပင်ခပ်တိုတိုလေး။ မင်စည်ကတော့ သူ့ဆံသားက ခပ်နွဲ့နွဲ့လေး။ ဒါကြောင့် နည်းနည်းလေး ကုတ်ပေါ်မှာ ရှည်တယ်။

"ချယ်ရီ ဆေးသောက်ရအောင်"

"ဟုတ်"

"ဘယ်လိုနေလဲဟင်၊ မျက်လုံးက"

"ဒီအတိုင်းပါပဲ၊ မထူးခြားပါဘူး နာတာ ကိုက်တာလည်း မရှိပါဘူး"

"ကောင်းတာပေါ့၊ ချယ်ရီ စိတ်လှုပ်ရှားနေလား...မနက်ဖြန် ဖြေရတော့မယ်ဆိုတော့..."

"ဘယ်လိုမေးလိုက်တာလဲ ကိုလင်းမြတ်ရယ်...စိတ်မလှုပ်ရှားဘဲ ရှိပါ့မလား...ချယ်ရီ အရမ်းကိုစိတ်လှုပ်ရှားနေပါတယ်ရှင်"

"ကိုလင်းလို့ပဲခေါ်ပါ ကလေးရယ်"

"ဟုတ် ဟုတ်ကဲ့ပါ"

"ကိုယ့်ကို ခုချိန်ထိ တစိမ်းလိုပဲ"

"မဟုတ်ပါဘူး. ကိုလင်းရယ်၊ ချယ်ရီမှာ..."

"ဘာပြောမလို့လဲ"

"ဘာမှမဟုတ်ပါဘူး"

"ကိုယ်လည်း ရင်အရမ်းခုန်တယ်၊ ယုံကြည်ပါတယ်၊ ဆုလည်း တောင်းတယ်"

"ကိုလင်းကို အရမ်းကျေးဇူးတင်ပါတယ်"

သူက ချယ်ရီ့လက်ဖမိုးကို သူ့လက်နဲ့အုပ်မိုးကိုင်ရင်း

"ကလေးရယ် ကိုယ်မင်းကို အရမ်းချစ်တာ သိလား၊ ကျေးဇူး မလိုပါဘူး"

"ကိုလင်းကို ချယ်ရီ သံယောဇဉ်ရှိပါတယ်၊ ကိုလင်းဟာ အပြည့်စုံဆုံး လူကောင်းတစ်ယောက်ပါ"

"အင်း ဒီတော့ ဘာလိုသေးလဲ"

"ချယ်ရီ့မှာ ချစ်သူရှိတယ် ကိုလင်း"

... ... ...

အားယူပြောလိုက်ပေမယ့် ကိုလင်းရဲ့မျက်နှာအပြောင်းအလဲကို ချယ်ရီမမြင်ရ။ အသံတွေတော့ တိတ်ဆိတ်သွားခဲ့တယ်။

"ချစ်သူရှိတာများ အဆန်းမဟုတ်ပါဘူး ချယ်ရီ...ဒီမှာလည်း ဒီလိုပါပဲ။ ကဲ အိပ်တော့နော်၊ အိပ်ပျော်အောင် အိပ်လိုက်ပါ၊ အိပ်ရေးဝမှ လူက လန်းမှာ၊ ဂွတ်နိုက်၊ အိပ်မက်လှလှမက်ပါစေ"

"ဂွတ်နိုက်ပါ"

အကူကို အင်္ဂလိပ်လိုပြောပြီး ချယ်ရီ့ကိုအိပ်ခန်းထဲ လိုက်ပို့ခိုင်းလိုက်တယ်။ ဘယ်ဘက်နှလုံးသားလေးထဲက တဆစ်ဆစ်နဲ့ အမည်ဖော်လို့မရတဲ့ ဝေဒနာတစ်ခုခံစားနေရတယ်။ ခန္ဓာကိုယ်မှာလည်း ရှိသမျှအားအင်တွေကို ဆွဲချလိုက်သလိုပဲ။

ချက်ချင်းတော့ အိပ်မပျော်။ အမှောင်ထဲမှာ အမှောင်ထဲကနေ စိတ်တွေလည်း ငြိမ်သက်သွားမှ အိပ်ပျော်သွားခဲ့တယ်။

* * *

အခန်းထဲမှာ အသံတွေကြားနေရတယ်။ ဒေးဗစ်၊ ကိုလင်း၊ အခြားဆရာမအကူနှစ်ယောက်လောက်အသံ ဆေးနံ့လည်း နည်းနည်းရနေတယ်။ မနက်ကတည်းက ဘုရားကို အာရုံပြု၊ ဂုဏ်တော်တွေကို ရွတ်၊ မေတ္တာပို့ပြီးလာခဲ့တယ်။ အမေ့ကိုလည်း ပြောထားပြီးသားမို့ ဒီအချိန်အမေလည်း ဆုတောင်းပေးနေမှာ အသေအချာ။

ပတ်တီးဖြေတော့မယ်ဆိုတော့ ကိုလင်းက လက်ကို ဆုပ်ကိုင်ပြီး ဘေးကနေပေးတယ်။ ပြတင်းပေါက်တံခါးတွေကို ဆွဲပိတ်သံကြားရတယ်။ လမ်းလျှောက်သံတွေ...၊ ကိုလင်းဆီက ဘော်ဒီရေမွှေးအနံ့ နှာခေါင်းထဲ ခပ်သင်းသင်းဝင်လာတယ်။

ချယ်ရီ့လက်ချောင်းလေးတွေကို ကိုလင်းက ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားတယ်။ သူလည်း ရင်ခုန်နေတယ်။ ပင်စည်ရေ... သစ္စာတွေ တည်ရင် ချယ်ရီ့မျက်လုံးလေး အလင်းပြန်ရပါစေ။

မျက်လုံးပေါ်က ပတ်တီးစကို ဒေးဗစ်က ကပ်ကြေးနဲ့စဖြတ်ပြီး ဖြည်းဖြည်းချင်းခွာတယ်။ တင်းမာမှုကနေ တဖြည်းဖြည်းလျှော့လျှော့လာတယ်။ နောက်ဆုံးတစ်ထပ်မှာ အပြင်လေနဲ့ အေးခနဲခံစားလိုက်ရတယ်။ ညာမျက်လုံးပေါ် အုပ်ထားတဲ့ဂွမ်းစလေးကို ဖြည်းဖြည်းချင်း ခွာယူလိုက်တယ်။

ဒေးဗစ်က Pleace open your eyes.ple…slowly မျက်လုံးတွေကို ကျေးဇူးပြုပြီး ဖြည်းဖြည်းချင်းဖွင့်ပါတဲ့။ မျက်လုံးကို စဖွင့်ဖို့ အားယူရတာ ဒီအချိန်မှာ ရင်တုန်လိုက်တာ။ ကိုယ်တိုင်လည်း ကိုလင်းလက်တွေကို ပြန်ဆုပ်ကိုင်လိုက်မိတယ်။

"ဖြည်းဖြည်းနော် ချယ်ရီ"

ပုံမှန်မြင်နေကျဘက်က ရှင်းလင်းပြီး ညာဘက်က အလင်းရောင် ခပ်ပါးပါးလေး စမြင်ရတယ်။ ခပ်ဝါးဝါးပုံရိပ်လေးတွေက မရှင်း။ မြင်သလို မမြင်သလိုမို့ ဘယ်မျက်လုံးကို လက်နဲ့ပိတ်လိုက်တယ်။

ညာမျက်လုံးထဲက ပုံရိပ်တွေက တဖြည်းဖြည်း အလင်းရောင် မှိန်မှိန်ကနေ သေချာမြင်လာရတယ်။ ကိုလင်း၊ ဒေးဗစ်တို့ ချယ်ရီ့ရှေ့ တည့်တည့်ကနေ စိုက်ကြည့်နေကြတယ်။ စိုးရိမ်မျက်ဝန်းတွေနဲ့ လက်ဝါးလေးတွေ လှုပ်ခါပြကြတယ်။

"မြင်ရလား ချယ်ရီ၊ ဘယ်လိုလဲဟင်"

"မြင်ရပြီ ကိုလင်း၊ ချယ်ရီ သေချာမြင်ရပြီ"

"ဟား the best"

ဒေးဗစ်နဲ့ကိုလင်း လက်ချင်းရိုက်လိုက်ကြတယ်။

"ဝမ်းသာလိုက်တာ ချယ်ရီရယ်၊ ဟား…ဟား…ဟား…ဒေးဗစ် you are best doctor"

"ဝမ်းသာတယ် I am so happy"

"ဒေးဗစ်၊ ကိုလင်း ကျေးဇူးအရမ်းတင်ပါတယ်...ရင်ထဲက အဖြစ်ချင်ဆုံးဆန္ဒအတွက် အရမ်းကျေးဇူးတင်ပါတယ်၊ နှစ်ယောက်လုံးကို ကန်တော့ပါရစေ"

"အိုး...မလုပ်ပါနဲ့ ချယ်ရီ I am doctor လေ"

"ဟုတ်ပါတယ်၊ ခုလို ချယ်ရီဘဝလေးထဲ အလင်းရောင်လေး ပြန်ရအောင် လုပ်ပေးခွင့်ရတာ ကိုယ် အရမ်းကျေနပ်တယ်"

အဲလိုပြောမှ စိတ်ထဲ ငိုချင်လာမိတယ်။ စိတ်ထဲ တစ်ခုခုကိုခံစားနေရတယ်။

"ဩော်...အပျော်တွေလွန်ပြီး မေ့သွားတယ်၊ ချယ်ရီ့အမေ့ဆီ ဖုန်းခေါ်ပေးမယ်နော်"

ဟုတ်သားပဲ အမေရော၊ ပင်စည်ရောသိရင် ဘယ်လောက်ဝမ်းသာမလဲ။

"ဟဲလို...ဟဲလို ကျွန်တော်လင်းမြတ်ပါ အန်တီ၊ ချယ်ရီနဲ့ စကားပြောလိုက်ပါဦး"

ကိုလင်းက ဖုန်းကို ချယ်ရီ့လက်ထဲထည့်တော့ တုန်နေတဲ့အမေ့အသံလေး နားကကြားလိုက်ရတယ်။

"သမီး"

"အမေ့...သမီး...သမီး မျက်လုံးပြန်မြင်ရပြီ"

"အို တကယ်...တကယ်လား သမီး"

"တကယ်ပေါ့ အမေ"

"ဝမ်းသာလိုက်တာ သမီးရယ်၊ ကျေးဇူးတင်လိုက်တာ၊ အမေဘုရားစင်ရှေ့မှာ တရားထိုင်၊ သမီး မွေးရက်လည်း ဒီနေ့ကျတယ်၊ ဆွမ်းကပ်ဆုတောင်းတိုင်တည်တာတွေရော၊ သမီးအတွက် အစစအရာရာ ကူညီပေးတဲ့ မောင်လင်းမြတ်ရော၊ ဒေါက်တာ့ကိုရော ကျေးဇူးတင်ပါတယ်ကွယ်"

အမေက ပြောရင်း ငိုသံတွေ ပါလာတယ်။

"အမေ မငိုပါနဲ့၊ အမေငိုရင် သမီးလည်း ငိုချင်တယ်၊ သမီးက ငိုလို့မရဘူး အမေ၊ ဒါကြောင့် ထိန်းထားရတာ၊ အမေ ဝမ်းသာတယ် မဟုတ်လား"

"ဝမ်းသာရုံ ဘယ်ကမလဲ သမီးရယ်၊ အမေ ဝမ်းသာလွန်းလို့ကျတဲ့မျက်ရည်ပါ"

"ဟုတ် အမေ စိတ်အေးလက်အေးနေတော့နော်၊ အမေလည်း ပင်ပန်းတယ်၊ ခုက ပတ်တီးဖြည့်တဲ့အခန်းထဲမှာပဲ ရှိသေးတယ်၊ အမေ ဝမ်းသာရအောင် ချက်ချင်းလှမ်းပြောတာနော်"

"အေး…အေး သမီးကျန်းမာပါစေ၊ မောင်လင်းမြတ်ကိုလည်း ကျေးဇူးအရမ်းတင်တယ်လို့…နောက်မှ ဖုန်းပြောလိုက်မယ်နော်"

"ဟုတ်…အမေ၊ ဆရာနဲ့ဆရာမကို ပြောပေးပါနော်…"

"ပြောမှာပေါ့ သမီးရယ်၊ ပြောပေးမှာပေါ့… အခု ဖုန်းချချချင်း ဆက်လိုက်မယ်…သမီးကို အမေချစ်တယ်"

"ဟုတ် အမေ…အမေ့ကိုလည်း သမီးချစ်ပါတယ်…ဘိုင့်"

ဘေးနားမှာ ပြုံးကြည့်နေတဲ့ ကိုလင်းလက်ထဲ ဖုန်းထည့်လိုက်တယ်။ ချယ်ရီ့ရဲ့ညာဘက်မှာ ခပ်အုပ်အုပ်အမြဲကျနေတဲ့ ဆံပင်လေးကို ကိုလင်းက ညာဘက်နားနောက်ကြားထဲ ညှပ်ထည့်ပေးလိုက်တယ်။

"မျက်ရည်တွေ စိုလက်လာတဲ့ကလေးမျက်လုံးတွေက အရမ်းလှတာပဲ၊ မငိုနဲ့နော်၊ ညကျရင် ပျော်စရာပါတီလေး လုပ်ပေးမယ်"

စမတ်ကျပြီး သေသပ်တည်ကြည်လှတဲ့ ကိုလင်းလို လူမျိုးတစ်ယောက်ကို ချယ်ရီဘယ်လိုစိတ်နဲ့ ဘယ်လိုပြောရမလဲ။ နေ့စဉ်ထိုင်ရှိခိုးရင်တောင် ကိုလင်းကျေးဇူးတရားက ကြေမှာမဟုတ်။ ဒါကြောင့် ရင်ထဲမှာခံစားရလွန်းလို့ ကိုလင်းကိုကြည့်ရင်း ငိုချင်မိတာပါ။ အဲဒီခံစားချက်က ခုနောက်ပိုင်း မကြာခဏဖြစ်ဖြစ်လာတယ်။

ချည်နှောင်မိတဲ့ သံယောဇဉ်ကြိုးကို ကိုယ်တိုင်ဖြတ်ဖို့ စွမ်းအားယုတ်လျော့နေတာ။ ချယ်ရီ ဘယ်လိုများ လုပ်ရပါ့မလဲ။ နံရံတစ်ချပ်ခြားပြီး ဟိုဘက်ခြမ်း၊ ဒီဘက်ခြမ်း တွယ်တာဖူးတာကို အချစ်လို့ သိသိသာသာ ကင်ပွန်းမတပ်ချင်ပါဘူး။ ဒါဟာ ပင်စည်ကို ချစ်သလို အချစ်မျိုးလည်း မဟုတ်တာတော့ သိပါတယ်။

အချစ်သက်သက်နဲ့ သတိရခြင်း၊ မေ့မရခြင်းဆိုတာထက် မေတ္တာတွေနဲ့ လွှမ်းခြုံတွယ်တာခြင်း သံယောဇဉ်လို့သာ ချယ်ရီအဖြေထုတ်ပါရစေတော့။

လကလည်း ... သာမြဲ ...

ညကလည်း အေးချမ်းမြဲ ...

အချစ် ... ကတော့ ပူလောင်ဆဲ ...

ဘယ်ဘက်ရင်အုံဆီမှ ခပ်စူးစူးနင့်နင့်နာကျင်လာမိတိုင်း မျက်ရည်က အလိုလိုဝဲလာတယ်။ ပျော်ရွှင်ဖွယ်ချယ်ရီအတွက် အိမ်သားတွေနဲ့လုပ်ပေးတဲ့ ပါတီညလေးမှာ တရားဝင်သီချင်းဆိုပြီး ချစ်စကားပြောနေတဲ့ ကိုလင်းအပြုံးမျက်ဝန်းနဲ့ သီချင်းဆိုသံတွေကြားမှာ အားလုံး လက်ခုပ်တီးဝိုင်းပြီး ညဘာပေး စ,နောက်နေကြတယ်။ ဒင်နာမတိုင်မီ အိမ်က Lucy က

ဒီပန်းလေးပန်ပါ လှလွန်းလို့ပါပြောလို့ နှင်းဆီရဲလေးတစ်ပွင့်ကို ပန်းပန်လေ့ပန်ထမရှိပေမယ့် ပန်လိုက်တယ်။ အောက်ထပ်အခန်းမှာ သူတို့ပြင်ဆင်နေခဲ့ကြတယ်။ ဖယောင်းတိုင်ထွန်းသူထွန်း၊ ကိတ်မုန့်နဲ့ဝိုင်တွေ၊ ထမင်း၊ အသားကင်တွေ၊ အသားဟင်းတွေ၊ အသီးအရွက်ကြော်တွေ၊ သစ်သီးတွေ စားပွဲပေါ်အပြည့်။

လူစုံတော့မှ ကိုလင်းက ထပြီး ချယ်ရီ့အတွက် ဝမ်းသာခြင်း အထိမ်းအမှတ်စကားပြောပေးတယ်။ ဒေးဗစ်ကလည်း ပြောတယ်။ ဒေးဗစ်နဲ့အတူ ဆရာဝန်သုံးဦး ဒီဝိုင်းမှာ ပါလာတယ်။ အမျိုးသမီးနှစ်ဦး။ သူတို့ကလည်း ဒေးဗစ်ရဲ့အောင်မြင်မှုနဲ့အတူ ချယ်ရီ့အတွက်ကိုပါ ဝမ်းသာဂုဏ်ပြုစကားဆိုကြတယ်။

နယ်သာလန်မှာပွင့်တဲ့ နှင်းဆီနီနီလေးတစ်ပွင့်ကို ရည်ရွယ်ပြီး သီချင်းတစ်ပုဒ်နဲ့ ဧည့်ခံပါမယ်လို့ ကိုလင်းက ပြောချိန်မှာ ကိုယ့်ခေါင်းမှာပန်ထားတဲ့ နှင်းဆီရဲရဲကို သတိရမိသွားတယ်။ အားလုံးက လက်ခုပ်ဝိုင်းတီးကြတယ်။

စားပွဲထိပ်ကနေ ဂစ်တာကို အကျအနလွယ်ပြီး နာမည်ကြီး မြန်မာတေးတစ်ပုဒ်ကြားမှာ အားလုံး စတင်စီးမျောကုန်ကြတယ်။ မီးတွေကို မှိတ်လိုက်ပြီး စားပွဲပေါ်မှာပဲ ဖယောင်းတိုင်လေးတွေ ထွန်းထားတယ်။

'သူပန်ထားတဲ့ ပန်းနီနီ × ×နေရာခဏလဲချင်သည် × × ကြင်နာသူလေးလှဖို့ အစွမ်းကုန်ကြိုးစားမည် × ×ရင်မှာ ဒီလောကချစ်ပါသည် × × သူပျော်တာ အမြဲတွေ့ချင်သည် × ×သူ့အရိပ်အဖြစ် အမြဲရှိနေတတ်ပြီ × ×'

သီချင်းပြီးသွားတော့ လက်ခုပ်သံတွေမဆဲ။ အဓိပ္ပာယ်ကို ရှင်းပြခိုင်းလို့ ကိုလင်းက ဘာသာပြန်ရှင်းပြခဲ့ရတယ်။ သူတို့အုပ်စုတွေ သီချင်းအဓိပ္ပာယ်ကို သိပ်ကြိုက်သွားပြီး သိပ်ကောင်းတဲ့မြန်မာသီချင်းလို့ ပြောကြ

တယ်။ ကိုလင်းက ဒီသီချင်းက အဆောင်တွေရဲ့လမ်းမတွေပေါ်မှာရော စင်တင်တွေမှာပါ အရမ်းပေါ်ပြူလာဖြစ်တယ်လို့ ရှင်းပြတယ်။

ဒေးဗစ်နဲ့ မားကို(စ်) အင်္ဂလိပ်သီချင်းတစ်ပုဒ်စီ ဆိုပြတယ်။ အားလုံးကို မျက်လုံးတစ်စုံနဲ့ အဝကြည့်ရသလို ခံစားနေရတယ်။ လွတ်လပ်ပျော်ရွှင်မှုနဲ့ခံစားမှု အာလုံးပေါင်းစုံတဲ့ ဒင်နာညလေးကတော့ လှလှပပ အဆုံးသတ်ခဲ့ကြပါတယ်။

●

## အခန်း (၃၆)

ညက ချယ်ရီလမ်းပန်းချီကားကို အဆုံးသတ်လိုက်ပြီ။ ထပ်မံပြင်စရာမလိုသလို ထပ်ဖြည့်စရာမလိုတော့တဲ့ အဆုံးသတ် ပြီးဆုံးသွားတဲ့ ပန်းချီကားအောက်ခြေမှာ အင်္ဂလိပ်လို မှင်အမည်းနဲ့ Cherry ဆိုပြီး လက်မှတ်ထိုးလိုက်တယ်။

စိတ်ထဲမှာ ပန်းချီကားကို ကျေနပ်စွာ ရပ်ကြည့်လိုက်တယ်။

မနေ့က ကိုလင်းကို ဟိုတယ်ပြန်ပို့ပြီး အိမ်ရောက်တော့ ပင်စည် အိမ်ကိုလာသွားတယ်တဲ့။ အမေက ကိုလင်းမြတ်နဲ့ အပြင်ကိုသွားကြတယ်လို့ ပြောလိုက်တယ်တဲ့။

ပင်စည် ဘာဖြစ်လို့ဖုန်းမဆက်ခဲ့တာလဲ။ ချယ်ရီပြန်ရောက်တာ နှစ်ရက်ပဲရှိသေးတယ်။ ပင်စည့်ဖုန်းကို ပြန်ဆက်တယ်။ မကိုင်တော့ဘူး။ စက်ပိတ်လိုက်တယ်။ ချယ်ရီ့ဖုန်းက အချိန်တိုင်းပိတ်ထားတော့ မဆက်

ဖြစ်တော့တာထင်တယ်။ မန္တလေးကိုများ ပြန်ဆင်းသွားပြီလား။ တည်းတတ်တဲ့ ဟိုတယ်တွေ လိုက်စုံစမ်းတော့လည်း မရှိ။ မတည်းပါတဲ့။

ပင်စည် ဘယ်ရောက်နေပြီလဲ။ missed call တွေ အများကြီးဖြစ်ပြီး နောက်ဆုံးတစ်ခါတော့ ဖုန်းစက်ပိတ်ထားတယ်တဲ့။ ဘယ်နှကြိမ်ခေါ်ခေါ် စက်ပိတ်ထားတယ်။ ပြန်ခေါ်ပါလို့ စာပို့ထားတာလည်း ဖုန်းမဖွင့်တော့ သိပုံမပေါ်။

ချယ်ရီ့ကို စိတ်ပျက်သွားပြီလား ပင်စည်။

နှလုံးသားဆိုတာ တစ်ခါချစ်ပြီးရင် အသစ်ဒဏ်ရာပေးရမယ့်အရာ မဟုတ်ပါဘူး။

ချယ်ရီ့ကြောင့် ဒဏ်ရာတွေရနေပြီလား။

အံဆွဲလေးထဲမှာ ဘူးလေးနှစ်ခုက ယှဉ်လျက်။ အသည်းပုံရင်ထိုးလေးနဲ့ စိန်တစ်ပွင့်ပလက်တီနမ်စိန်လက်စွပ်လေး။

နှစ်ယောက်လုံး ချယ်ရီ့ကြောင့် ဒဏ်ရာတွေ မရစေချင်ဘူးကွယ်။

* * *

အတွေးတွေနဲ့ တွေးနေငေးနေရင်း ပိတ်ထားတဲ့ဖုန်းကို ဖွင့်လိုက်တယ်။

ချယ်ရီတွေ ခင်းထားတဲ့လမ်းမကြီးမှာ ဆီးကြိုသူ မရှိခဲ့ပါဘူး။ ဘယ်ဆီသွားလို့ ဘယ်ကိုရောက်နေမှန်းမသိတဲ့ ချစ်သူနဲ့ ပထမဆုံးစတွေ့တဲ့ ဒီလမ်းလေးမှာ ခုတော့ ကိုယ်တစ်ယောက်တည်းပေါ့။ ရင်ထဲမှာ စူးစူးနစ်နစ် ဝေဒနာကို ခံစားရတယ်။

လွမ်းလိုက်တာ ချယ်ရီရယ်လို့ တသသရွတ်ရင်း တမ်းတရင်း ဒီမြို့ ဒီလမ်းဆီကို သွေးပျက်စွာလာခဲ့တာ ဘယ်နှကြိမ်ရှိပြီလဲ။ ချယ်ရီထွက်သွားပြီးနောက်ပိုင်း ဒီတစ်ကြိမ်ဟာ ကိုယ့်မှာ ရှိသမျှအင်အား ကုန်ဆုံး

နေပြီ။ အမေနဲ့အဖေကို ရှိခိုးဦးချ ကိုယ့်ဆန္ဒတွေအတွက် ခွင့်လွှတ်ပေးဖို့ အကြိမ်ကြိမ်တောင်းပန်ခဲ့တယ်။ ဦးပြည့်က ကိုယ့်ဘေးကနေ ရပ်တည်ပြီး အတတ်နိုင်ဆုံး လိုက်ပြောပေးတယ်။ အရင်လောက် မတင်းမာတော့တဲ့ အဖေ့မျက်နှာကိုကြည့်ရင်း သနားလည်းသနားတယ်။ အမေကတော့ သား ဒီလောက်ချစ်ပြီး အဆုံးရှုံးမခံနိုင်မှတော့ မိဘတွေဖြစ်တဲ့ဘက်က လျှော့ရမှာ ပေါ့လို့ လေပြေသွေးတယ်။

ဦးပြည့်က ကိုယ့်ကိုကြည့်ရင်း မျက်စိတစ်ဖက်မှိတ်ပြပြီး ခေါင်းညိတ်တယ်။ ဒီလောက်ဆိုရင် အခြေအနေကောင်းတာမို့ ရှိတဲ့အင်အားတွေစုပြီး လာခဲ့တာ။ တောင်ကြီးမှာရှိမရှိ မသေချာပေမယ့် အချိန်က (၁) လကျော်ပြီ လေ။ ဒီရောက်တော့ ကိုယ့်ရင်ကို အမောမပြေတဲ့စကားက ကိုလင်းမြတ်နဲ့ အပြင်သွားတယ်တဲ့။ စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားတဲ့ ဒေါသကို ချုပ်ထိန်း ရင်း သူတို့ဘယ်သွားလဲ မသိချင်တော့။ ဘာလုပ်နေကြလဲ မသိချင်တော့ လိုက်လည်းရှာဖို့ စိတ်မကူးတော့။

ကိုယ်ချစ်သလောက် ချယ်ရီဘက်ကအချစ်တွေ တုံ့ပြန်မှုမရတဲ့အခါ ရင်ထဲမှာ နာကျင်နေအောင် ခံစားရတယ်။ ဒါကို ချယ်ရီ မင်းတစ်ယောက် ကတော့ ကိုယ့်ရင်ထဲကို မြင်မကြည့်လို့ သိနိုင်မှာမဟုတ်ဘူး။

ချယ်ရီနဲ့ ပထမဆုံး ဆုံတွေ့ခဲ့တဲ့ ချယ်ရီလမ်းလေးမှာ ချယ်ရီတွေ ကြွေတာကိုကြည့်နေတုန်း ဖုန်းမြည်လာတယ်။ ဖုန်းမကိုင်ဘဲ Ring Tone သီချင်းလေးကို နားထောင်နေမိတယ်။

'နောက်ထပ်တို့ရင်ခုန်ဖို့ × ×နောက်ထပ်တို့ကြင်နာဖို့ × ×မင်းဆုံးဖြတ် အရေးပါတယ် × ×နင်စေရင်တော့ကွာ × ×ငါ့အတွက်တော့ အလို အပ်ဆုံး × ×မင်းအချစ်နဲ့ရင်ခုန်ဖို့ × ×အစိုးမရတဲ့မနက်ဖြန်တွေ အတူတူသာရှိချင် × ×ထာဝရ အတူရှိချင် × ×

ချယ်ရီလမ်းလွမ်းသူ ××အရင်လိုပြန်ချစ်ခွင့်ပေးပါဦး ××
ချယ်ရီလမ်းလွမ်းသူ ××တို့နှစ်ယောက်ရဲ့ပျော်စရာအတိတ်တို့
အရင်လို ထုံအီမွှေးဖို့ ××
တစ်နေ့ထက်တစ်နေ့ ပိုကာတိုး ××အထပ်ထပ်ပေါ့ ခြေရာတို့ ××
ချော့သိပ်မယ့်တေးသံချို ××အကြိမ်ကြိမ်ငါဆိုနေတုန်းမို့ ××
မင်းအချစ်နဲ့ ရင်ခုန်ဖို့ ××သံယောဇဉ် ငြိ ခဲ့ သူ ××ဖြေနိုင်စွမ်းမရှိတဲ့
နောက် ××အတူတူသာရှိချင် ××ထာဝရအတူရှိချင် ××
ချယ်ရီလမ်းလွမ်းသူ ××အရင်လိုပြန်ချစ်ခွင့်ပေးပါဦး ××
ချယ်ရီလမ်းလွမ်းသူ ××တို့နှစ်ယောက်ရဲ့ပျော်စရာအတိတ်တို့
အရင်လို ပြန်လည်နွေးဖို့ ××
စောင့်နေဆဲ ××ဒီချယ်ရီလမ်းထက် ××ရင်ခုန်သံတွေရဲ့ အစပြုရာ
××ဒီနေရာလေးဝယ် ××ငါ့အချစ်ရှိရာ မင်းမေတ္တာ ပြန်လာလိမ့်
မယ် ××
ချယ်ရီလမ်းလွမ်းသူ ××အရင်လိုပြန်ချစ်ခွင့်ပေးပါဦး ××
ချယ်ရီလမ်းလွမ်းသူ ××တို့နှစ်ယောက်ရဲ့ပျော်စရာအတိတ်တို့ အရင်
လို ပြန်ရှင်သန်ဖို့ ××စောင့်နေသူ ××စောင့်နေသူ ××ချယ်ရီလမ်း
ဒီလူရှုး ××စောင့်နေသူ ××မင်းနဲ့ဝေးတဲ့နေ့ရက်တိုင်းဟာ
အဓိပ္ပာယ်မဲ့ စိတ္တဇနဲ့ စောင့်နေသူ ဒီလူရူး ××'

ကိုယ့်ခံစားချက်တွေနဲ့ ထပ်တူကျတဲ့သီချင်းလေးမို့ ဖုန်းထဲမှာ ထည့်ထားခဲ့တယ်။ မင်းနဲ့ပတ်သက်ပြီး ခံစားရတိုင်း ဒီသီချင်းလေးကို ကိုယ်အမြဲနားထောင်ဖြစ်တယ် ချယ်ရီ...။

* * *

"ပင်စည်"

"ဟင် ချယ်ရီ"

"ဘာဖြစ်လို့ ဖုန်းတွေပိတ်ပြီး ဒီမှာလာနေနေရတာလဲဟင်"

"ကိုယ် ချယ်ရီရှိတဲ့နေရာကို လာခဲ့ပါတယ်…အကြိမ်ကြိမ် ကိုယ့်ကို ထားခဲ့ပြီး မသိနိုင်တဲ့နေရာကို ထွက်သွားတယ်…ကိုယ့်အပေါ်မှာ ရက်စက်လွန်းတယ်လို့ မထင်ဘူးလား…ကိုယ် ဘယ်လိုခံစား ရမယ်၊ ဘယ်လိုနေမယ်ဆိုတာ မင်းနည်းနည်းလေးမှ ကိုယ်ချင်း မစာဘူး၊ နားလည်မပေးဘူး…အေးလေ ဒါကလည်း ကိုယ်ချစ် သလို မင်းကမှ မချစ်တာ၊ လုပ်ရက်မှာပေါ့…ဒီမှာကတော့ အရှုး တစ်ပိုင်းပဲ…ရောက်လာတော့လည်း မရှိဘူး၊ အပြင်သွားတယ် တဲ့…။ အနားသွားယူတာ အဲဒီလူရောပါတယ်မလား…မင်း အနားယူရာကနေ ပြန်လာတာတောင် ကိုယ်မသိဘူး…ကိုယ့်ကို လည်း မပြောဘူး…မင်း တော်တော်နေနိုင်တာပဲ။ ခုလာခဲ့တာက မင်းပြောခဲ့တဲ့ (၁) လဆိုတဲ့အချိန်ပြည့်လို့ ရောက်များရောက်နေ မလားဆိုတဲ့စိတ်နဲ့ လာခဲ့တာ…မင်းပြောင်းလဲသွားပြီမဟုတ် လား…ကိုယ့်ကို မလှည့်စားပါနဲ့တော့…မင်းက သိပ်ရက်စက် လွန်းတယ်…ငါ မင်းကို အရမ်းစိတ်မချဖြစ်ပေမယ့် မင်းဝါသနာမို့ နားလည်ပေးခဲ့တယ်။ မင်း ငါ့အချစ်တွေကို တန်ဖိုးမထားဘူး။ သိပါပြီ…ကိုယ် အရမ်းပင်ပန်းလွန်းနေပြီ…မင်းကတော့ကွာ… တောက်!"

တောက်တစ်ချက် ပြင်းထန်စွာခေါက်လိုက်သံက ချယ်ရီ့ကျောပြင် တစ်ခုလုံးကို စိမ့်ပြီး တုန်သွားစေတယ်။ စိတ်ဆိုးခံစားနေရတဲ့ ပင်စည့်အသံ တွေ မာပြီး အက်ရှနေတယ်။ မျက်နှာကလည်း ဒေါသကြောင့် နီတဲ့ဘက်

ရောက်နေတယ်။ တစ်ခါမှမကြားဖူးတဲ့ ပင်စည့်အသွေးအသားထဲက ကျထွက်လာတဲ့စကားတွေကို နားထောင်ရင်း စိတ်တွေမကောင်းဖြစ်မိတယ်။ မျက်ရည်တွေက မျက်လုံးနှစ်ဖက်ကနေ ကျလာတယ်။

"ပင်စည်ရယ် ချယ်ရီပြောတာလေး နားထောင်ပေးပါ…မနေ့က အမေပြောတော့ ချက်ချင်းလိုက်ရှာခဲ့ပါတယ်…ဘယ်မှာမှ မတွေ့ခဲ့ဘူး။ စိတ်လည်းပူတယ်…ဖုန်းလည်းပိတ်ထားတယ်"

"မင်းစိတ်ပူတာကလည်း…"

"ချယ်ရီ့မျက်နှာကို တည့်တည့်ကြည့်ပါဦး…အဓိက ချယ်ရီ့မျက်လုံးတွေကိုပေါ့ပင်စည်"

ပင်စည့်မျက်နှာကို လက်နဲ့ ချယ်ရီ့ဘက်ကို ဆွဲလှည့်ပေးလိုက်တယ်။ သူကြည့်နေဆဲ…

"အချစ်ရယ်…ချစ်တဲ့သူ့ရဲ့မျက်လုံးတွေကို သေချာကြည့်ပါဦး"

"ဟင်"

ပင်စည့်မျက်ဝန်းတွေ ပြောင်းလဲသွားတယ်။ ချယ်ရီ့ညာမျက်ဝန်းထဲက ကျနေတဲ့ မျက်ရည်တွေကိုကြည့်ပြီး

"ချယ်ရီ မျက်လုံးပြန်မြင်သွားပြီလား"

"ပြန်မြင်ရပြီ ပင်စည်ရဲ့ ဒီမှာကြည့်"

ဘယ်မျက်လုံးကိုပိတ်ပြီး ညာမျက်လုံးလေးနဲ့ သူ့ကိုကြည့်ပြတော့

"ဟာ…တကယ်၊ ဒါကြောင့် မျက်ရည်တွေကျနေတာကိုး"…

"အနားသွားပူတဲ့ တစ်လက နယ်သာလန်မှာ ကိုလင်းအကူအညီနဲ့ သူ့မိတ်ဆွေ ဒေါက်တာဒေးဗစ်က ကုသပေးခဲ့တယ်၊ ပထမ တစ်ခေါက်ကတည်းက အစီအစဉ်ဆွဲခဲ့တာ"

"ဒီလောက်အရေးကြီးတဲ့ကိစ္စ ဘာလို့မပြောတာလဲ ကိုယ့်ကို"

"ခုလို အံ့သြစေချင်လို့ရယ်၊ နောက်ပြီး အမှန်တကယ်ကောင်းလာနိုင်ဖို့ဆိုတာ ကိုယ်တိုင်သိပ်မယုံရဲခဲ့လို့ပါ၊ မျှော်လင့်ပြီး ဖြစ်မလာမှာလည်း အရမ်းစိုးရိမ်ခဲ့တယ်...ခု ပင်စည် ဘယ်လိုခံစားရလဲ ဟင်"

"ရင်တွေတောင် တအားခုန်နေတယ်...ဒီမှာစမ်းကြည့် အရမ်းပျော်တာပေါ့...စိတ်ထဲမှာ ချစ်သူ အရမ်းအားငယ်နေတဲ့ တစ်ခုတည်းသောအရာလေ...ကိုယ်ကတော့ ဘယ်လိုဖြစ်ဖြစ် ချစ်ပါတယ်"

"ပင်စည်... ကိုလင်းကို အထင်မလွဲပါနဲ့ သူက အရမ်းကူညီပေးခဲ့ပါတယ်"

"အင်းပါ အချစ်ရယ်...ကိုယ်နားလည်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ကျေးဇူးတင်ကြောင်းလည်း ကိုယ်တိုင်တွေ့ပြီးပြောချင်ပါတယ်၊ ပြီးတော့လေ ပြောဦးမယ်၊ ကိုယ့်မိဘတွေအရင်လောက် မတင်းမာ တော့ဘူး၊ အခု မီးက ဝါနေပြီ၊ မကြာခင်စိမ်းပြတော့မှာပါ"

"ဟယ်...တကယ်လားဟင်၊ ဝမ်းသာလိုက်တာ"

"ခုနက ကိုယ်အရမ်းစိတ်ဆိုးလို့ပြောမိတာ ခွင့်လွှတ်ပါ...ကိုယ်လည်း အရမ်းဝမ်းသာတယ်...ထပ်မဝေးချင်တော့ဘူး"

ချယ်ရီပင်ကြီးတွေအောက်မှာ နှစ်ယောက်သား ပွေ့ဖက်လိုက်ကြတယ်။ ချယ်ရီပန်းတွေကတော့ လူနှစ်ဦးခေါင်းပေါ်မှာ တဖြုတ်ဖြုတ် ကြွေလို့ပေါ့။

* * *

ချယ်ရီ့အိမ်ရောက်တော့ ချယ်ရီ့အမေက ကိုယ်အရမ်းနှစ်သက်ခဲ့တဲ့ ပန်းချီကားလေးကို မနေ့ညကပဲ ဆွဲရင်း အဆုံးသတ်လိုက်ပြီဆိုတော့ အရမ်း အံ့ဩသွားပြီး ကြည့်ချင်စိတ်ဖြစ်မိတယ်။

ဧည့်ခန်းနဲ့ကပ်လျက် ပန်းချီဆွဲခန်းထဲ အန်တီက လိုက်ပြတယ်။ ဒေါက်ပေါ်မှာတင်ထားတဲ့ပန်းချီကား။ ချယ်ရီ ညဥ့်နက်ထိအောင် ဆွဲနေခဲ့ တယ်တဲ့။ အရင်က မြင်ဖူးခဲ့သလို ချယ်ရီပင်တွေအောက်မှာ ချယ်ရီပန်း တွေ ကြွေကျနေတဲ့လမ်းမကြီးဘေးမှာ ကောင်မလေးတစ်ယောက်။

ညက ထပ်ပြီး အပြီးသတ်ဖြည့်လိုက်တာ အဲဒီမိန်းကလေးရဲ့ မနီးမဝေးမှာ ယောကျ်ားလေးတစ်ယောက် ဘောင်းဘီနဲ့ အရိပ်လေးတစ်ခု နေရောင်အောက်က ကိုယ်တစ်ပိုင်းအရိပ်လေးတစ်ခုကိုပဲ ထပ်ဖြည့်လိုက်တာ။ ဒါဆို အဲဒီပန်းချီကားထဲမှာ မိန်းကလေးတစ်ယောက်တည်း မဟုတ်ဘဲ ယောကျ်ားလေးတစ်ယောက် ပါနေသေးတဲ့သဘောပေါ့။

ချယ်ရီရဲ့ အဆုံးသတ်ဖြည့်ဆည်းမှုအရိပ်လေးက ဘယ်သူလဲ။

မနေ့က ကိုယ်နဲ့ တစ်နေကုန်နီးပါးရှိပေမယ့် ဖုန်းတွေဆက်ပြီး မိတ်ဆွေတစ်ယောက်ကိုရှာနေတာ စိတ်နဲ့လူနဲ့ မကပ်သလိုဖြစ်နေတာတွေ ကြောင့် စိတ်ထဲ တစ်မျိုးခံစားနေမိတယ်။ မျက်နှာလည်းမကောင်းလှဘူး။ ချယ်ရီ့ချစ်သူများလား။ အတွေးထဲ ဘယ်တုန်းကမှ ရောက်မလာတဲ့အတွေး ကို ခုမှ ဖျတ်ခနဲတွေးမိတော့ ရင်တစ်ခုလုံး ပူလောင်လာတယ်။

ချယ်ရီ့အမေပြောတဲ့စကားထဲမှာ ပါတဲ့အကြောင်းအရာတချို့က ချယ်ရီ့မှာ ချစ်သူရှိတယ်ဆိုတဲ့သဘောလေး။ တိတိကျကျလည်း ပြောတာ မဟုတ်။

ပန်းချီကားထဲကနေရာကို သိတာမို့ ချယ်ရီများ အဲဒီနေရာမှာ ရှိနေမလားဆိုတဲ့အတွေးနဲ့လာခဲ့တာ။ ရင်တွေလည်း ခုန်ရင်းပေါ့။ စိုးရိမ် စိတ်တွေလည်း ရောထွေးနေတယ်။

ဟုတ်တာပေါ့။ ပန်းချီကားထဲကလူနှစ်ယောက် အပြင်မှာ လှုပ်ရှား သက်ဝင်နေတယ်။ တကယ်ကို လှပလိုက်ဖက်နေတာပါ။ ပန်းချီကားထဲက ချယ်ရီ့စိတ်ထဲ အမှန်တကယ်ရှိနေတဲ့ အရိပ်လေးကို ကိုယ်တွေ့ပါပြီ။

ကားစီယာရင် လက်ကိုင်ပေါ်က လက်ပေါ်မှောက်ထားတဲ့ခေါင်းကို ပြန်မတ်ရင်း သက်ပြင်းတစ်ချက်နဲ့အတူ အသက်ဝင်တဲ့ပန်းချီကားတစ်ချပ်ကို နောက်ဆုံးအနေနဲ့ ကြည့်လိုက်မိတယ်။

ချစ်တဲ့သူပျော်ရင် ကျေနပ်ပါတယ်။

ချယ်ရီလမ်းထက်က အရိပ်လေးဟာ ကိုယ်မဖြစ်နိုင်သလို၊ ပန်းချီ ကားကလည်း ကိုယ့်အတွက် မဟုတ်ခဲ့ဘူးဆိုတာ...။

ကားပေါ်ကနေကြည့်ရင်း ခံစားမှုစိတ်နဲ့ စူးလာတဲ့ ဘယ်ဘက် ရင်အုံကိုတော့ လက်နဲ့ အသာဖိကပ်ထားလိုက်တယ်။

လက်လေးတွေ ခိုင်ခိုင်မြဲမြဲတွဲထားတာကို အဝေးကနေ မြင်နေ ရတယ်။ ချယ်ရီတို့နှစ်ဦး လိုက်ဖက်ပါတယ်။

ဘဝမှာ တစ်ခါမှ မခံစားဖူးဘူး၊ မကျဖူးဘူးတဲ့မျက်ရည်တစ်စ ကတော့ ခပ်နွေးနွေးပေါ့ ကလေးရယ်...။

* * *

"ကိုလင်း"

"ချယ်ရီ"

ကားပေါ်ကနေ ဆင်းလာပေမယ့် ဘာစကားပြောရမှန်းမသိအောင် အတွေးတွေ ဝေသီနေဆဲ...၊ ချယ်ရီ့ဘေးရောက်လာတဲ့ လူတစ်ယောက်ကို လက်ကမ်းပေးရင်း

"ကျွန်တော် လင်းမြတ်ပါ ပင်စည်"

"ကိုလင်းမြတ် ကျွန်တော့်ကို သိသလား"

"... ... ... ... ..."

"ချယ်ရီလို မိန်းကလေးရဲ့အချစ်ကိုရတာ သိပ်ကံကောင်းပါတယ်"

"ကျွန်တော် ဘာမှမသိရ ဘာအကူညီမှ မပေးလိုက်ရဘဲ ကမ္ဘာတစ်ဖက်ခြမ်းမှာ ကူညီစောင့်ရှောက်ပေးခဲ့တာ အရမ်းကျေးဇူးတင်ပါတယ်။ ဒီလောက်ပြောရုံနဲ့တော့ မလုံလောက်နိုင်ဘူးဆိုတာ သိပါတယ် ကိုလင်းမြတ်...၊ သူ့မျက်လုံးပြန်မြင်ရဖို့က ကျွန်တော့်ရဲ့ အကြီးမားဆုံးနဲ့ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုပါ...၊ အဲ့ဒီဆန္ဒကလည်း ချယ်ရီအလိုချင်ဆုံးဆန္ဒပါပဲ။ ဒီအတွက် အရမ်းဝမ်းသာစိတ်ချမ်းမြေ့ရပါတယ်"

"ခု ကိုလင်းမြတ် ဘယ်သွားမလို့လဲဟင်"

"ကျွန်တော်လား...ဘာရယ်မဟုတ်ပါဘူး။ ကျွန်တော် အသက်ရှိပန်းချီကားတစ်ချပ်ကို လာကြည့်တာပါ"

ဒီစကားကို ချယ်ရီမျက်နှာလေးကို လှမ်းကြည့်ရင်း တစ်လုံးစီပြောဖြစ်သွားတယ်လို့ထင်တယ်။ ထပ်ပြောဖြစ်တယ်။

"ကျွန်တော် ချယ်ရီဆွဲတဲ့ အသက်ရှိပန်းချီကားတစ်ချပ်ကို လာကြည့်တာပါ...။ ခု အဲ့ဒီပန်းချီကားတစ်ချပ် အသက်ဝင်သွားပါပြီ..."

ဘာမှသိပုံမပေါ်တဲ့ အရိုးသားဆုံး ပင်စည့်မျက်ဝန်းမြင်ရတော့ ပင်စည်ကိုယ်တိုင်တောင် ချယ်ရီလမ်းပန်းချီကားအကြောင်း တစ်စွန်းတစ်စမှ ပေးမသိထားဘူးဆိုတာ ရိပ်မိသွားတယ်...။ ပင်စည်ဆိုတဲ့အမည်ကိုလည်း ချယ်ရီ့အမေပြောတဲ့စကားထဲက သိခဲ့ရတယ်။ နိုင်ငံခြားမှာ ဘာမှဆက်မမေးဖြစ်ခဲ့တဲ့ ချယ်ရီ့ချစ်သူဆိုတာ...။

ချယ်ရီ့မျက်ဝန်းလေးကိုကြည့်ရင်း...

"ချယ်ရီ...မနက်ဖြန် ကျွန်တော်ပြန်တော့မယ်၊ နှစ်ယောက်စလုံးကို နှုတ်ဆက်ပါတယ်"

အဆုံးသတ် လမ်းခွဲမှုနဲ့ ချယ်ရီလမ်းထက်မှာ...

နောက်ဆုံး နှုတ်ဆက်အပြီး...

ချယ်ရီတွေနဲ့ဝေးရာ လမ်းမကြီးဆီသို့ ဦးတည်ရင်း...။

●

♥ နာကျင်မှုတွေရဲ့အဆုံးသတ်ဟာ
ချစ်ခြင်းတရားတွေနဲ့ လှုပစေခဲ့ပြီး
ချစ်ခြင်းတရားတွေရဲ့ အဆုံးသတ်ဟာလည်း
နာကျင်မှုတွေကို ဖြစ်စေနိုင်ခဲ့တယ်...
ကြီးမားတဲ့ ကျေးဇူးဂုဏ်သိက္ခာတန်ဖိုးတွေနဲ့
ပေးဆပ်ခြင်းကို ချယ်ရီလမ်းနဲ့အတူ
အမြဲအမှတ်ရနေမှာပါ။ ။

ချယ်ရီဖူးမေ

♥ သစ္စာတရားဟာ ကိုယ်တစ်ဦးတည်းမဟုတ်ဘဲ
အပြန်အလှန်ခိုင်မြဲစွာ ရပ်တည်ပေးပြီး...
လက်တစ်စုံကို မလွှတ်ခဲ့တဲ့အတွက်
ကျေးဇူး အရမ်းတင်ပါတယ် ချယ်ရီ...
ချယ်ရီ့ဘဝမှာ ကိုယ်သာမရှိခဲ့ဘူးဆိုရင်...
ကိုလင်းမြတ်လိုလူမျိုးကို မချစ်နိုင်စရာ
ဘာအကြောင်းပြချက်မှ မရှိပါဘူး...
ဒီချယ်ရီလမ်းထက်မှာ လူတစ်ဦးရဲ့မျက်ဝန်းထဲက
အချစ်အရိပ်တွေကိုလည်း လေးစားစွာ ဦးညွှတ်လိုက်
ပါတယ်။ ။

ပင်စည်

♥ အချစ်ဆိုတာ…ကိုယ့်အတွက်
တစ်ကြိမ်တစ်ခါမှ
ရယူပိုင်ဆိုင်ခဲ့ခြင်းမရှိခဲ့ဖူးပေမယ့်
အချစ်ကို ဝမ်းနည်းစွာနဲ့ အသေအချာ
စွန့်လွှတ်ခဲ့ရဖူးတယ်
ကိုယ်သိရှိခဲ့ရတဲ့အရာတွေထဲက
ခံစားနာကျင်ရဆုံးနဲ့ သူမအတွက်
ပီတိဖြစ်ပေးနိုင်တဲ့အရာတစ်ခုပါ
အဲဒီအရာက
ကျွန်တော့်အချစ်ဖြစ်ပါလိမ့်မယ်။ ။

လင်းမြတ်

လမ်းတစ်လမ်းဟာ တချို့လူတွေအတွက် ဆုံစည်း ရခြင်းဖြစ်ပေမယ့် လူတချို့အတွက် ခွဲခွာရခြင်းလည်း ဖြစ်နိုင်ပါတယ်…ဒီချယ်ရီလမ်းထက်မှာ…

**ချောအိမာန် ၊မန္တလေး၊**

၁၀.၁၁.၂၀၁၆

7:30 am



ချောဒီမာန်(မန္တလေး)

၁၉၉၉ - ၂၀၀၀ ခုနှစ်မှာ မန္တလေးတက္ကသိုလ်

မြန်မာစာဘွဲ့ရရှိ ။

၁၉၉၈ ခုနှစ် မှ စ၍ မဂ္ဂဇင်းဝတ္ထုတိုများ

စတင်ရေးသားပြီး

"မာန်"စာပေမှ ကိုယ်တိုင် ဝတ္ထုတို ၊ဝတ္ထုလတ်

ကလောင်စုံ စာအုပ် ၉ အုပ်ထွက်ရှိ ။

၂၀၀၈ - ရွှေအမြုတေ ဝတ္ထုတိုဆုကို

"မန္တလေးကိုပျံသွားသလား" ဝတ္ထုတိုရရှိ ။

၂၀၁၆ ရွှေအမြုတေ ပထမ ဝတ္ထုရှည်ဆုကို

"တောင်ကျမြို့တွေဆိုင်းခဲ့ပြီ"ဝတ္ထုရှည်နှင့်ရရှိ ။

"ချယ်ရီလမ်းထက်မှာ"လုံးချင်းမှာ

ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သည် ။